
www.burmeseclassic.com



ပါရဂူ

# မင်းယုဆရာ

Sarpe Media House

www.burmeseclassic.com

www.burmeseclassic.com

ပထမအကြိမ်ပုံနှိပ်ခြင်း - ၁၉၇၈ (အပေါင်းလက္ခဏာစာပေ)
ဒုတိယအကြိမ်ပုံနှိပ်ခြင်း - ၁၉၉၄ (မျိုးမြန်မာစာပေတိုက်)
တတိယအကြိမ်ပုံနှိပ်ခြင်း - ၁၉၉၉ (Same Media House)

**စာမူခွင့်ပြုအမှတ်**
၂၀ / ၉၉ (၁)

**မျက်နှာဖုံးခွင့်ပြုအမှတ်**
၄၄၀ / ၉၉ (၈)

**မျက်နှာဖုံးဝန်းချီ**
ပိုပို

**အတွင်းဖလင်**
ဇေမျှအေး

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**
ဒေါ်သန္တာကျော် (၀၄၃၃၉)
ပေါမန်အော့ဖ်ဆက်
၂၃၆၊ ပြည်လမ်း၊ မြေနီကုန်း၊ ရန်ကုန်။

**ထုတ်ဝေသူ**
ဦးဝင်းမြင့်
ဝင်းမြင့်အောင်စာပေ
အမှတ် ၃၁၅၊ (၂-၁)၊ ယောက်ကြွတိုးချဲ့ ပင်လာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**ဖြန့်ချိသာစာစီ**
***UNITY***
အမှတ် (၂၃၈)၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း။

အုပ်ရေ - (၁၀၀၀)

တန်ဖိုး (၃၀၀) ကျပ်

## Same Media House မှ
## ဆက်လက်ထုတ်ဝေမည့်စာအုပ်များ

| | | |
|---|---|---|
| ၁။ | ၂၁ ရာစု လူမှုဒေါ်ဟာရများ | မောင်ဆုရှင် |
| ၂။ | မြေကမ္ဘာ ကြွေမှာမိုးသူများနှင့် ၂၁ ရာစုကမ္ဘာ | မောင်ဆုရှင် |
| ၃။ | တံလျှပ်ဘုံသား | ကောင်းသာ |
| ၄။ | ၂၁ ရာစု လူမှုဒေါ်ဟာရများ (၂) | မောင်ဆုရှင် |
| ၅။ | မိုမိုဒစ် | နတ်နွယ် |

**အောက်ပါ စာအုပ်များကိုလည်း စီစဉ်လျက်ရှိပါသည်။**

| | | |
|---|---|---|
| ၁။ | ဂါလီဗာဇ်ခရီးစဉ် | မောင်ထင် |
| ၂။ | လမင်းကို ထရံပေါက်ကကြည့်ခြင်း | မြသန်းတင့် |
| ၃။ | ပုဂံရွှေပြည် | ဗန်းမော်တင်အောင် |
| ၄။ | သီဟသေနာပတိ | ပါရဂူ |
| ၅။ | ဗိုလ်ဒသိ | ပါရဂူ |
| ၆။ | ဝိန်ဒေါ်ပွဲ | နတ်နွယ် |
| ၇။ | Innocent Eréndira (G.G Márquez) | ကောင်းသာ |
| ၈။ | House of Sleeping Beauty (Yasunari Kawabata) | ဝန်းဝန်းဦး |
| ၉။ | ဘာသာပြန်ကဗျာများ (တက်ဒ် ဟယူးဇ်၊ ဆီ(လ)ဗီယာ ပလာ့သ်) | ငြိမ်းဝေ၊ ဝေယျာလင်း |
| ၁၀။ | ပိုးအိပ်နှင့် ဂျပန်ဝတ္ထုတိုများ | စာရေးဆရာများ |
| ၁၁။ | The Castle (Franz Kafka) | နတ်နွယ် |
| ၁၂။ | Strait at the Gate (Andre Gide) | ကောင်းသာ |

www.burmeseclassic.com

www.burmeseclassic.com



( ၁ )

ခဲမိုးရွာချနေသည်၊ လေးဘက်လေးတန်မှ ရွာချနေသည်၊ ရှေ့နောက်ဝဲယာမှ ရွာချနေသည်၊ လမ်းပေါ်၌ ဒေါသူပုန်ထနေသော လူစုလူဝေးကြီးသည် ညာသံပေးပြီး စုဝေးရုံးစုလာကြသည်၊ မောင်းအထုတ်ခံရသော အဂ္ဂိဝမ္မာသည် ကြောက်ရွံ့တုန်လှုပ်ခြင်းကြီးစွာဖြင့် တစ်မျိုးတည်းပြေးသည်၊ ပြေးရင်းပြေးရင်း မောဟိုက်လာသဖြင့် အိမ်၏အကွယ်တွင် ခဏရပ်ပြီး ဟောဟဲ ဟောဟဲနှင့် အသက်ရှူသည်၊ သစ်ပင်ကွယ်ပြီး တောင်မြောက်လေးပါးကို လှမ်းကြည့်နေသည်၊ ခဲမိုးက စဲမသွားသေး၊ သူကလည်း အပြေးမရပ်သေး။

ပြေးရင်းပြေးရင်းနှင့် အဂ္ဂိဝမ္မာသည် ဂေါဒါဝရီ မြစ်ကမ်းပါး ရောက်သွားသည်၊ ဂေါဒါဝရီမြစ်ကမ်း၌ စုဝေးနေကြသည့် လူစုလူဝေးကို အတင်းတိုးခွဲဖောက်ထွက်ပြီး ပင်ပန်းနွမ်းရိလှစွာဖြင့် သစ်ပင်တစ်ပင်၏ အောက်တွင် ထိုင်ချလိုက်သည်၊ လူစုလူဝေးကြီးသည် နောက်ဖက်တွင် ကျန်ခဲ့လေပြီ၊ သူတို့၏ အုတ်ခဲ၊ ကျောက်ခဲများသည်လည်း သူ့ထံ မရောက်နိုင်တော့ပေ၊ သူသည် မြို့၏နယ်နိမိတ်အပြင်ဘက်သို့ ပြေးထွက်ရောက်ရှိသွားပြီ၊

အဂ္ဂိဝမ္မာ ဖုံအလိမ်းလိမ်းကပ်နေသည်၊ သူ၏အဝတ်အစားကို ငုံ့ကြည့်သည်၊ အဝတ်အစားများသည် အစိတ်စိတ်အမွှာမွှာ စုတ်ပြဲကုန်ကြပြီ၊ ခြေထောက်မှလည်း သွေးစိမ်းရှင်ရှင် စီးကျနေသည်၊ တခြား အင်္ဂါအစိတ်အပိုင်းများလည်း ပေါက်ပြဲပြီး အကြီးအကျယ် ဒဏ်ရာအနာတရ ဖြစ်ကုန်ကြသည်၊ မျက်နှာပေါ်၌ ချွေးနှင့်ဖုံမှုန့်များ ဒင်းကြမ်းဖြစ်နေသည်၊ နဖူးပြင်ပေါ်မှ တွန့်ကြောင်းများသည် ရုတ်တရက် လျော့သွားကြသည်၊ နှုတ်ခမ်းပေါ်၌ ရှောင်အခင် အပြုံးရိပ် ပေါ်လာသည်၊ အဂ္ဂိဝမ္မာ သက်မချလိုက်လေသည်၊

www.burmeseclassic.com



အခုအခါ၌ နာသိတမြို့သည် နိုးထလာလေပြီ။ နေ့စဉ် လုပ်နေကျ လုပ်ငန်းဆောင်တာတွင် အာရုံစိုက်နေပြီ။ ရောင်စုံအဝတ်အစားကို ဝတ်စား ဆင်ယင်လျက်၊ ရေအိုးများကို သယ်လျက်၊ နေရောင်ခြည်ကို ကြိုဆိုလျက်၊ ရှင်တိုတောင်းလျက်၊ မိန်းမများသည် ရေဆိပ် ဆင်းလာကြသည်။ ထို့နောက် ရေချိုးပြီး အဝတ်အစား ပြုပြင်ဝတ်ဆင်လျက်၊ ရေချိုးဆိပ်လှေကားထစ်များမှ တစ်ထစ်ပြီးတစ်ထစ် ပြန်တက်သွားကြသည်။ အဂ္ဂိဝမ္မာသည် မျက်လုံး မှိတ်ထား လိုက်သည်။

ကျောက်ခဲကိုင်ပြီး အဂ္ဂိဝမ္မာ စဉ်းစားခန်းဝင်နေသည်။ ထိုကျောက်ခဲ သည် သူ၏ခြေထောက်ကို အနာတရဖြစ်စေသည်။ သူ့တို ခိုလှုံခွင့်ပေးခဲ့သော နာသိတမြို့သည် နေ့ချင်းညချင်း သူ့ရန်သူဖြစ်သွားပြီ။ ချစ်ခြင်းမေတ္တာဖြင့် လက်ကမ်းပြီး ဧည့်ခံကြိုဆိုသူသည် ယနေ့ သူ့ကို ခဲဖြင့်ပေါက်ပြီး နှင်ထုတ်နေ သည်။

သက်ပြင်းကြီးစွာရှူလျက် အဂ္ဂိဝမ္မာ မျက်လုံးဖွင့်ကြည့်လိုက်သည်။ ရှေ့ဘက်တွင် ဂေါဒါဝရီမြစ်သည် တဖြတ်ဖြတ်အသံပြုလျက် ပေါ့ပါးသွက်လက်စွာ စီးနေသည်။ မြစ်သည် အချိန်ကာလကဲ့သို့ စီးနေသည်။ ဇာတိနယ်မြေကို စွန့်ခွာလျက် နိယာမသဘောတရား၏ ကွေ့ကောက်သော လမ်းပေါ်၌ မည်သည့်နေရာဌာနသို့ မည်သို့မည်ပုံ စီးဆင်းနေသည် မသိပေ။

ဘိုးဘွားဘီဘင်များသည် မည်သည့်အချိန်ကာလက ဂန္ဓဗ္ဗဒေသမှ ရောက်လာကြသနည်း။ လှိုင်းသံများ၏အကြားတွင် အဂ္ဂိဝမ္မာသည် မြင်းခွာသံ များကို ကြားလာသည်။ လှိုင်းလုံးများသည် ရှေ့သို့တိုးသွားသည်။ မြင်းများသည် ရှေ့သို့တိုးသွားသည်။ သောရဋ္ဌဒေသ ရောက်သောအခါ မြင်းများ၏ ဇက်ကြိုး များသည် လျော့သွားကြသည်။ ဘိုးဘွားဘီဘင်တို့သည် ထိုဒေသ၌ အခြေစိုက် လိုက်ကြသည်။ သောရဋ္ဌက တစ်နေရာ၊ နာသိကမြို့ကတစ်နေရာ။ ပန်းပွင့် တစ်ပွင့်သည် မြစ်ရေစီးကြောင်း၌ လျင်မြန်သွက်လက်သော အရှိန်အဟုန်ဖြင့် မာန်ဝါဝါ မျောပါသွားသည်။

ဘုရင်အသောကလက်ထက်က သောရဋ္ဌ၌ ယဝန (ဂရိ) တို့ စိုးမိုး အုပ်ချုပ်ခဲ့ဖူးသည်ဟုကြားရသည်။ သို့ရာတွင် ယခုအခါ၌မူ အသောကသည် သမိုင်း ဖြစ်သွားလေပြီ။ သောရဋ္ဌသည် ကုံလုံကြွယ်ဝသော နိုင်ငံဖြစ်သည်။ ဆန်ရေစပါး ပေါများသော နိုင်ငံဖြစ်သည်။ ခမ်းနားကြီးကျယ်သော နိုင်ငံ ဖြစ်သည်။ သို့ရာတွင် ငါ့တို့ ထမင်းမကျွေးနိုင်ပေ။ အသက်မွေးဝမ်းကျောင်းမှု မပေးနိုင်ပေ။ အနုပညာရှင်၏ နူးညံ့ပျော့ပျောင်းသော လက်ချောင်းများသည်



သောရဋ္ဌ၌ မာကျောသည့် မြင်းဇက်ကြိုးကို ဆွဲကိုင်နေရသည်။ အာမခံချက် မရှိသော မရေရာသော လူတို့၏ ဘဝသည် မြစ်နှင့်ပမာတူသည်။ တည်ငြိမ်မှု မရှိပေ။ ပြောင်းလဲနေသည်။

အဂ္ဂိဝမ္မာ စဉ်းစားနေသည်။

သူ၏ဖခင်သည် လက်မှုပညာရှင်ဖြစ်သည်။ ကျောက်တုံးတွင် အသက်သွင်းပေးသူဖြစ်သည်။ ကျောက်တုံးသည် သူ့ဖခင်၏လက်ထဲတွင် အသက်ရှူသည်။ သူ့ဖခင်သည် ဖန်တီးသူဖြစ်သည်။ တည်ဆောက်သူဖြစ် သည်။

အဂ္ဂိဝမ္မာ သက်မချလိုက်သည်။

ကျောက်တုံးကျောက်ခဲတွင် အသက်သွင်းပေးသူသည် မိမိကိုယ်တိုင် တို့မှ အသက်ရှင်အောင် မဖန်တီးနိုင်ရှာပေ။ သူ၏သွေးသည် ချွေးဖြစ်ခဲ့လေပြီ။ အသက်ရှင်နေခြင်းသည် သေခြင်း၏ အဖုံးအအုပ် ဖြစ်ခဲ့လေပြီ။

အငတ်ဘေးကြီးဆိုက်လာသည်။ မြစ်ရေသည် ကျိုက်ကျိုက်ဆူနေပြီ။ ထေဝီမြေကြီးသည် ညည်းညူနေပြီ။ နှုတ်ခမ်းဟပြီး မိုးကို တနေရပြီ။ မိုးသည် သနားငဲ့ညှာပြီး မျက်ရည်တစ်ပေါက် နှစ်ပေါက်လောက်ပင် စီးမကျနိုင်ရှာပေ။ ထေဝီမြေကြီးသည် သတိလစ်သွားပြီ။ အသက်ဝိညာဉ်မဲ့သွားပြီ။ ကျောက် တုံးပေါ်၌ လှုပ်ရှားနေသော စူးဆောက် ရပ်တန့်သွားသည်။ လွတ်ကျသွားသည်။ ရုပ်တုကို အသက်သွင်းပေးသော၊ ရုပ်တုကို အသက်ရှင်အောင်လုပ်သော အနု ပညာရှင်သည် သူကိုယ်တိုင် အသက်ဝိညာဉ်မဲ့ ဖြစ်သွားရှာလေပြီ။ သူ့ဖခင် သည် ဤကမ္ဘာလောကမှ စွန့်ခွာထွက်သွားရရှာလေပြီ။

အဂ္ဂိဝမ္မာ၏ အာရုံသည် နာသိကမြို့သို့ ရောက်ရှိသွားသည်။ မိုးစွန် အများ မြင့်မားထိုးထွက်နေကြသည့် ဘုရားကျောင်းများ နတ်ကွန်းနတ်ဗိမာန် များ၏ပြာသာဒ် အထွတ်တို့သည် နံနက်ခင်းနေရောင်ခြည်တွင် ဝင်းလက် တောက်ပနေကြသည်။ ခေါင်းလောင်းသံများ မြည်နေကြသည်။ နတ်ဘုရားနှင့် နတ်ဘုရားမများကို ပူဇော်ဝတ်ပြုနေကြသည်။ အပြီးမသတ်နိုင်ခဲ့သော ထိုတစ် ခိုင်းတစ်စ နတ်ရုပ်တုသည် ဘယ်ဆီဘယ်ဝယ် ရောက်ရှိနေသည် မသိပေ။ အတယ်၍ အပြည့်အစုံ ထုလုပ်ပြီးစီးပါက ထိုရုပ်တုသည်လည်း နတ်ကွန်းနတ် ဗိမာန်တစ်ခုခု၌ အပူဇော်အကန်တော့ခံ နတ်ဒေဝီအဖြစ်ဖြင့် တည်ထားကိုး ကွယ်ခြင်း ခံရမည်မှာ မလွဲပေ။

အဂ္ဂိဝမ္မာသည် ခြေထောက်ဒဏ်ရာဒဏ်ချက်နှင့် ရပ်နေသည်။ သူ၏ လက်ထဲ၌ ယခုထက်တိုင် ယခင်ကျောက်ခဲ ရှိနေတုန်းပင်။ နာသိကမြို့သည်

www.burmeseclassic.com



သွားဆောက် ထိုးတက်နေသည်ဟု ထင်နေရသည်။ နာသိကမြို့ကို စွန့်ခွာပြီး လွတ်ရာ ရှောင်ရာ တိမ်းရှောင်ထွက်ပြေးသွားဖို့ရာလည်း သူ့အဖို့ ဝန်လေးသလိုလို ဖြစ်နေသည်။ သူ၏ဖုတ်စိအာရုံသည် တသွင်သွင် စီးဆင်းနေသည့် မြစ်ရေပြင် ရောက်သွားသည်။ ထို့နောက်တဖန် မှိုင်းညို့ညို့ တောတန်းဆီ ရောက်သွားပြန်သည်။

လူရည်တတ် လယ်ပိုင်ရှင်တစ်ဦးထံ၌ သူ့အလုပ်လုပ်နေစဉ်က သူ၏ အသက်မှာ ဆယ့်ငါးနှစ်မျှသာ ရှိသေးသည်။ မြင်းအကောင်ပေါင်းများစွာကို ထိန်းကျောင်းရသည်။ ဖခင်ထံ၌ လက်မှုပညာ အလေ့ကျင့်ရအောင် လုပ်လိုသည့်ဆန္ဒ ပြင်းပြခဲ့သည်။ သို့ရာတွင် အောင်မြင်ထမြောက်ခြင်းမရှိခဲ့။ အနုပညာရှင်လည်း အမှုတော်ဖို့က အရေးကြီးသေးသည်။ သူ့အတွက် စီးပွားရှာရသေးသည်။

ဇုဒ္ဓိကွန္တိရကပ်သည် ဖခင်ကို ဝါးမျိုပစ်လိုက်သည်။ လယ်ပိုင်ရှင်ကိုလည်း ကိစ္စတုံးပစ်လိုက်သည်။ သူ့မိခင်မှာမူ ဘယ်နေရာထွက်သွားသည်မသိတော့ပေ။ သူ့မိခင်နှင့် ပတ်သက်၍ တစ်ယောက်တစ်ပေါက် ပြောကြသည်။ အချို့က ဟိန္ဒူ မိန်းမပျက်ဟု ပြောကြသည်။ အချို့ကမူ သကလူမျိုး အပယ်ခံ မိန်းမတစ်ဦးဟု ထင်ကြေးပေးကြသည်။ အဂ္ဂိဝမ္မာကမူ သူ့မိခင် ကွယ်လွန်ပြီလား၊ အသက်ရှင်နေသေးသလားဆိုသည်ကိုပင် မသိတော့ပေ။

ခပ်လှမ်းလှမ်း သွားမိသောအခါ အဂ္ဂိဝမ္မာသည် ခြေပြစ်လက်ဖြစ်ပြီး တဖန် ထိုင်ချလိုက်ပြန်သည်။ သူ၏မျက်စိသည် ဂေါဓါဝရီမြစ်၏ တလိမ့်လိမ့် စွေ့လျားနေသည့် လှိုင်းလုံးများဆီ ရောက်သွားပြန်သည်။ လှိုင်းလုံးများသည် နေရောင်ခြည်နှင့် မြူးတူးပျော်ပါး ကစားနေကြသည်။ မြစ်နဒီသည် ရေပုပ်ရေညစ်များကိုလည်း အမွေးအကြိုင်များ ထုံသင်းနေသည့် ရေကောင်းရေသန့်ကို သတ်ခံသည့် ချစ်ခြင်းမေတ္တာမျိုးဖြင့်ပင် လက်ခံသည်။ အဂ္ဂိဝမ္မာ စစ်တမ်းထုတ်ကြည့်သည်။ သို့ရာတွင် လူ့လောက လူ့အဖွဲ့အစည်းသည် မြစ်နဒီမဟုတ်ပေ။ လူ့လောက လူ့အဖွဲ့အစည်းသည်တောင်တန်းနယ်မြေ ဖြစ်သည်။ ယင်း၌ သစ်ပင်ဝါးပင်များသည် နေရာတိုယ်စီ၌ အနိမ့်အမြင့် မညီမညာ ပေါက်နေကြသည်။ လူ့လောက အဖွဲ့အစည်းသည် သူ့မိခင်ကိုလည်း ခိုလှုံခွင့် မပေးနိုင်ခဲ့ပေ။ သူ့ကိုလည်း လဲလျောင်းခွင့် မပေးနိုင်ခဲ့ပေ။

အဂ္ဂိဝမ္မာသည် အိမ်မှ ခြေဦးတည့်ရာ ထွက်လာခဲ့သည်။ သူ့ဘဝသည် ခိုကိုးရာမဲ့နေသည်။ သူ့တွင် ဘာတာဝန်မှ မရှိပေ။ အနုပညာကို အလေ့အကျင့် ပြုလုပ်လိုသည့်ဆန္ဒ ရှိနေသည်။ ဖခင်၏အမွေအနှစ်ကို ဆက်ခံလိုသည့် ဆန္ဒ ရှိနေသည်။ ဖခင်၏ လက်ငုပ်လက်ရင်းကို ထိန်းသိမ်းလိုသည့်



ဆန္ဒ ရှိနေသည်။ နာသိကမြို့က သူ့ကို ဆွဲဆောင်ခေါ်ငင်နေသည်။ နာသိက မြို့၏သတင်းသည် ထက်ဝန်းကျင်တွင် ပျံ့နှံ့ကျော်ကြားနေသည်။ တစ်ချိန်တုန်းက သာတဝါဟန မင်းဆက်ဘုရင်များ ထိုမြို့တွင် စိုးစံခဲ့ဖူးသည်။ ယင်း ဘုရင်ဧကရာဇ်များ၏ တံဆိပ်ခပ်နှိပ်သွန်းလောင်းထားသည့် ငွေဒင်္ဂါးပြားများကို သောရဋ္ဌတိုင်းပြည်ကပင် အသိအမှတ်ပြုရသည်။ ထိုမြို့၌ အနုပညာရှင်ကြီးများ ရှိကြသည်။ လက်မှုပညာသည်ကြီးများ အခြေစိုက်ကြသည်။ အနုပညာရှင်များလည်း ဂုဏ်ပြုခံရသည်။ အဂ္ဂိဝမ္မာသည် လျှပ်စစ်တဲ့သို့ လျင်မြန်သော အဟုန်ဖြင့် ယူဇနာများစွာ ကွာဝေးသည့် ခရီးကို ဖြတ်သန်းကျော်လွှားပြီး နာသိကမြို့သို့ ရောက်လာခဲ့သည်။

ယင်းနာသိကမြို့ကပင် ယနေ့သူ့ကို ခဲများဖြင့်ပေါက်ပြီး မောင်းထုတ်နေသည်။ နာသိကမြို့သည် အနုပညာကို လေးစားမြတ်နိုးမှု ရှိသော်လည်း သူ့ကို နားမလည်ပေ။ သို့သော် လူကို နားလည်သည့်နေရာ ဘယ်မှာရှိ သနည်း။ ကမ္ဘာလောကကြီးသည် အခါခပ်သိမ်းပင် လူပုဂ္ဂိုလ်ကို နှာခေါင်းရှုံ့ချင်သည်။ မျက်မှောင်ကြုတ်ချင်သည်။

ယင်းသို့ စဉ်းစားဆင်ခြင်ပြီးလျှင် အဂ္ဂိဝမ္မာသည် ခနော်ခနဲ့နှင့် လှမ်းနေသော သူ့ခြေလှမ်းကို ရပ်လိုက်သည်။ ရှေ့ဆက်ခြေလှမ်း၍ မရတော့။ ကြာခဏ နာသိကမြို့ဆီ လှမ်းကြည့်သည်။ နာသိကမြို့တွင် တစ်စုံတစ်ခု မေ့ကျန်လာသကဲ့သို့ ဖြစ်နေသည်။ နေလည်း တဖြည်းဖြည်း မြင့်လာပြီ။ နာသိကမြို့ဆီ၌ မြူမှုန်များ၊ အခိုးအငွေ့များ ပျံတက်လွင့်ဝဲနေကြသည်။ နာသိကမြို့သည် အလုပ်ခွင်ဝင်နေသည်။

ဂေါဓါဝရီမြစ်ကလည်း တစ်ပုံစံတည်း ရှိမနေပေ။ ရာသီဥတုအလိုက် ပြောင်းလဲနေသည်။ ဂိမ္ဘဥတုတွင် နေပူမိသဖြင့် ကြုံလှီနေသည်။ ဝဿန ဥတု၌မူ ပေါ့ပါးသွက်လက်သော ကိုယ်လုံးကိုယ်ထည် တောင့်တောင့်တင်းတင်း မိန်းမပျိုကဲ့သို့ ကြွားကြွားရွှားရွှား ဖြစ်နေသည်။ ဟေမန္တဥတု၌ကား အတွင်းအရား ကျင့်ကြံအားထုတ်နေသလားဟု အောက်မေ့ရသည်။ အသတ်ဝိညာဉ် ပြောင်းလဲနေသည် ဖြစ်ပါမူ ကိုယ်ခန္ဓာအနေနှင့်တော မပြောင်းလဲဘဲ ရှိနေနိုင်ပါမည်လား။ နာသိကမြို့၏ အသက်ဝိညာဉ်သည် ဂေါဓါဝရီမြစ်ကဲ့သို့ပင် ပြောင်းလဲနေသည်။

ယခုအခါ နာသိကမြို့၌ သာတဝါဟနဘုရင်တို့၏ အုပ်ချုပ်မှု မရှိတော့ပေ။ နေရာအနှံ့အပြား၌ ငြိမ်းချမ်းမှု ကင်းမဲ့နေသည်။ ဖော်မှု ငြိမ်နေသည်။ မကျေနပ်မှု ပျံ့နှံ့နေသည်။ မကြာခဏ သတလူမျိုးများ ကျူးကျော်ဆီ

www.burmeseclassic.com

www.burmeseclassic.com



ပါးနေကြသည်၊ ပြည်သူလူထုသည် ဝါးအစည်းပြေနေသကဲ့သို့ ဖြစ်နေသည်၊ အုပ်မနိုင်ထိန်းမရ ကမောက်ကမဖြစ်နေကြသည်၊

ဤကာလအတောအတွင်း၌ နာသိကမြို့သည် အပြောင်းလဲကြီး ပြောင်းလဲသွားပြီ၊ အပြောင်းလဲကြီး ပြောင်းလဲနေသည်၊ သို့ရာတွင် အဂ္ဂိဝမ္မာသည် ယခုအခါ၌ နာသိကမြို့တွင် နေရဖို့ လမ်းမရှိတော့ပေ၊ နာသိကမြို့သည် သူ၏မြို့ ဖြစ်သော်လည်း သူသည် နာသိကမြို့၏လူ တစ်ဖန်ပြန်ဖြစ်ဖို့ လမ်းမရှိ သလောက်ပင် ဖြစ်သွားလေပြီ၊ လူစုလူဝေးကြီးသည် သူ့နောက်လိုက်နေသည် ဟု ထင်နေတုန်းပင်၊ အဂ္ဂိဝမ္မာသည်ထပြီး ခရီးဆက်ပြန်သည်၊

ကိုယ်လုံးကိုယ်ထည်က သေးသွယ်သည်၊ အသားကဖြူသည်၊ မျက်နှာပုံပန်းသဏ္ဌာန်ကနှစ်လိုဖွယ်ရှိသည်၊ ဆံကေသာမှာ ရှည်လျားပြီး တွန့်ခွေ လိပ်ရစ်နေသည်၊ အရပ်အမောင်းထွားကြိုင်းသည်၊ အမူအရာ တည်ငြိမ်လေး နက်သည်၊ ယင်းဂုဏ်ထူးဝိသေသတို့၏ပိုင်ရှင် အဂ္ဂိဝမ္မာသည် စုတ်ပြဲနေသော သူ၏ အဝါရောင်အဝတ်ပေါ်က ဖုံမှုန့်များကို ခါရင်းခါရင်းနှင့် တစ်လှမ်းချင်း ရှေ့ဆက်လျှောက်သွားနေသည်၊

" ဟိုရှေ့ကဟာ နာသိကမြို့မှတ်တယ် " အဖိုးအိုတစ်ယောက်က နှိမ့်ချသည့် အမူအရာဖြင့် မေးလိုက်သည်၊

" ဪ . . . ဟုတ် . . . ဟုတ်ပါတယ် " အဂ္ဂိဝမ္မာက အားတက် သရောဝင် ပြန်ဖြေလိုက်သည်၊

" ကဲ . . . နေ့ရက်များစွာ ခရီးထွက်လာခဲ့တာ အခု တို့ရဲ့ခရီး အပြီးသတ်တော့မယ် "

အဖိုးအိုသည် နောက်ဘက်မှ လိုက်ပါလာသည့် မိန်းမကြီးကို လှမ်း ကြည့်လိုက်သည်၊ နာသိကရောက်ဖို့ မဝေးတော့ပေ၊ သူတို့မျက်နှာ ရွှင်လန်း သွားကြသည်၊ နေ့ရက်ပေါင်းများစွာ ကြာပြီးသည့်နောက်၌ သူတို့၏အကြံ အစည်ကြီး ပြည့်ဝအောင်မြင်သွားသကဲ့သို့ ဖြစ်သွားသည်၊ အိမ်ထောင်မိသားစု တစ်စုသည် နာသိကမြို့သို့ ဘုရားဖူးထွက်လာသည်နှင့် တူသည်၊ သူတို့ ဝမ်း ဝန်းတသာ ဖြစ်နေကြသည်ကို တွေ့ရသည့်အခါ အဂ္ဂိဝမ္မာ ပြုံးလိုက်သည်၊

" အဘတို့က ဘယ်ကလာကြတာလဲ "

ယခုတစ်ကြိမ်၌မူ အဂ္ဂိဝမ္မာက မေးလိုက်သည်၊

" ပတိဋ္ဌာနက လာကြတာပါ "

အဖိုးအိုသည် အဂ္ဂိဝမ္မာ၏အမေးကို ပြန်ဖြေရင်း နာသိကမြို့ဘက် ခြေလှမ်းခပ်ကြဲကြဲလှမ်းပြီး ခရီးဆက်သည်၊



" ပတိဋ္ဌာနက ဘယ်နှစ်ရက်လောက် လာရသလဲ "

" ရက်ပေါင်းများစွာ လာရတယ် "

"ဘာဖြစ်လို့ ဒီလာကြတာလဲ၊ ဟိုမှာ အငတ်ဘေး ကြုံနေလို့လား"

" အငတ်ဘေးကြုံနေတာက မောင်တို့ဒေသမှာပါ၊ ပတိဋ္ဌာနမှာ အဝ်ဆိုက်တယ်ဆိုတာ မရှိပါဘူး၊ ဟိုမှာ ဘယ်အခါမဆို ဆန်ရေစပါး ပေါများ နေတာပဲ "

အဂ္ဂိဝမ္မာသည် အတန်ငယ် ရှုံးတိုးရှုန့်တန့် ဖြစ်သွားသည့် တစ်စုံ တစ်ဦးသည် အငတ်ဘေးမကြုံတွေ့ဘဲနှင့်လည်း မိမိအိမ်ထောင်စုကို စွန့်ခွာပြီး အဝ်ရပ်တစ်ကျေး ထွက်ခဲ့နိုင်သည် ဆိုသည်ကို သူ မစဉ်းစားမိခဲ့ပေ၊ နာသိက မြို့သည် ယခုထက်တိုင်ပင် သူ့ကို လက်ယပ်ခေါ်ငင်နေသကဲ့သို့ပင် ထင်နေရ သည်၊ တစ်ရပ်တစ်ကျေး ဝေးဝေးလံလံ ဒေသများမှ တစ်မိုးတရံစံ ခရီးသည် များကိုပင် ကြိုဆိုညှိခံနိုင်သည့် နာသိကမြို့သည် ငါ့ကို ထာဝစဉ် ထုတ်ပယ် ထားပါမည်လား၊ ညနေချမ်းအချိန်ရောက်ပါက နာသိကသည် ငါ့ကို မေ့မေ့ ပျောက်ပျောက် ဖြစ်မသွားနိုင်ဘူးလား၊ အဂ္ဂိဝမ္မာ တွေးတောစဉ်းစားနေသည်၊ ခြေလှမ်းသုံးလှမ်း ရှေ့ဆက်သွားပြီးနောက် ရုတ်တရက် နောက်ပြန်ဆုတ်လာပြီး အဘိုးအို၏ အိမ်ထောင်မိသားစုနှင့် ရောနှောပေါင်းဆုံလိုက်သည်၊ သူ၏ ခြေထောက်၌ အားသစ်အင်သစ်တစ်မျိုး ပေါ်လာသည်၊

နာသိကမြို့သည် လူပေါင်းများစွာကို လက်ခံသည်၊ လမ်းသွား သမ်းလာများကိုလည်း ကြိုဆိုသည်၊ လမ်းမှားလာသူများကိုလည်း ကြိုဆိုသည်၊ သမ်းပေါ်မှ အထင်အရှားလာသူများကိုလည်း ဧည့်ခံသည်၊ ခိုးကြောင်ခိုးဝှက် နှင့် ရောက်လာသူများကိုလည်း လက်ခံသည်၊ နာသိကမြို့တွင်း၌ လူပေါင်းစုံ ရှိသည်၊ ဘုရားတရားကြည်ညိုသူရှိသည်၊ ရသေ့ရဟန်းရှိသည်၊ ပညာရှိ ရှိသည်၊ ပညာမဲ့ရှိသည်၊ လူလိမ်မာရှိသည်၊ လူမိုက်ရှိသည်၊ တရားမျှတသူ ရှိသည်၊ အပြစ်ကျူးလွန်သူရှိသည်၊ ငါ အပြစ်ကျူးလွန်ထားသူ ဖြစ်ပါသလား၊ မွေးဖွားလာစဉ်က အားလုံး တစ်မျိုးတည်း ဖြစ်သည်၊ ယဝန (ဂရိ) လူမျိုးများ သည်း သကလူမျိုးများကဲ့သို့လည်းကောင်း၊ ဗြာတျွကာလူမျိုးများကဲ့သို့ သည်းကောင်း၊ ဖွားမြင်လာကြသူများပင်ဖြစ်သည်၊ ယင်းသို့ ဖြစ်ပါလျက် အဘယ်ကြောင့် ကွဲပြားခြားနားနေရမှာနည်း၊

အဂ္ဂိဝမ္မာသည် တမျှော်တခေါ်ကြီး စဉ်းစားပြီး လျှောက်သွားသည်၊ မြစ်ဆိပ်အနီး ရောက်လာသည်၊ သူ၏အတွေးများသည် မီးတောက်မီးလျှံကဲ့သို့ အရှိန်အဟုန် အားကောင်းနေသည်၊

www.burmeseclassic.com

www.burmeseclassic.com



" ငါ့မှာ ဘာအပြစ်ရှိလို့လဲ " ဆရာသမား ဗြာဟ္မဏရဲ့သမီးပျိုနဲ့ အဆက်အသွယ် လုပ်မိတာဟာ အပြစ်တဲ့၊ ဆရာသမားကို စော်ကားတာတဲ့၊ သားရေပေါ်အိပ် သားရေနားစားတာတဲ့၊ ဒါပေမယ့် ကိုယ့်တပည့်နဲ့ ကိုယ့်သမီးကို လက်ထပ်ထိမ်းမြားခွင့် ပေးတာဟာ ဖခင်တစ်ဦးရဲ့ တာဝန်ဝတ္တရားမဟုတ်ဘူးလား၊ ငါ မေတ္တေယီကို မလှည့်စားချင်ဘူး၊ ဒါပေမယ့် ငါ့ကို သူတို့နဲ့ အတူနေခွင့်ပေးပါမှ ငါ သူ့ကို သစ္စာမဖောက်ဘဲ နေလို့ဖြစ်မှာမဟုတ်လား၊ ငါ့ရဲ့ ချစ်ခြင်းမေတ္တာနဲ့ပတ်သက်ပြီး အမျိုးဇာတ်နဲ့ အနွယ်က ဘာဖြစ်လို့ ဖြသနာ ဝင်ရှုပ်နေရတာလဲ၊ ငါ့အမျိုးဇာတ်ဆိုတာကိုလဲ ငါ သေသေချာချာ သိတာမဟုတ်ဘူး၊ နာသိကမြို့ကလည်း တော်တော်ဆန်းကြယ်တယ်၊ နာသိကမြို့ဟာ သူ့ကို ချစ်ခင်သူ မေတ္တာထားသူကို ခဲနဲ့ပေါက်ထုတ်ပစ်တယ်၊ ငါ ရုပ်ဖျက်ပြီး နာသိကမြို့ကို ပြန်သွားလို့ မရဘူးလား၊ မေတ္တေယီကို ငါနဲ့ တပါတည်း ခေါ်မလာနိုင်ဘူးလား၊ နာသိကမြို့က ငါ့ကို မှတ်မိများသွားမလား "

ယင်းသို့ စဉ်းစားရင်း အဂ္ဂိဝမ္မာသည် အဖိုးအိုမိသားစုနောက်သို့ ခြေလှမ်းကြဲကြဲလှမ်းပြီး လိုက်လေသည်၊

" ဒီမှာ မင်းငါ့ကို မင်းရဲ့ အဝတ်တစ်စုံ ခဏမပေးနိုင်ဘူးလား " အဂ္ဂိဝမ္မာက လုလင်ပျိုအား မဝံ့မရဲ လှမ်းမေးလိုက်သည်၊

" ဘာဖြစ်လို့လဲ "

လုလင်ပျိုက ပြန်မေးသည်၊ အားလုံးပင် အဂ္ဂိဝမ္မာကို လှမ်းကြည့်ကြသည်၊

" ကိစ္စအထူးရှိလို့တော့ မဟုတ်ပါဘူး " အဂ္ဂိဝမ္မာက နှိမ့်ချသော အသံဖြင့် ပြန်ပြောသည်၊

" ဒီကောင် လူဆိုးသူခိုးနဲ့တူတယ်၊ ဒီကောင်မျိုးတွေဟာ မြို့ကြီးပြကြီးတွေမှာ ခရီးသည်တွေရဲ့ နောက်ကလိုက်ပြီး အလစ်သုတ်ဖို့ ချောင်းနေကြတာ၊ ဟေ့ကောင်၊ သွား၊ တို့နား ကပ်လိုက်မလာနဲ့၊ မင်းဘာဖြစ်လို့ တို့နောက်က လိုက်လာရတာလဲ "

အဖိုးအိုက ဟိန်းဟောက်လိုက်သည်၊

အဖိုးအို မိသားစုသည် အတွေးကိုယ်စီနှင့် နာသိကမြို့ဘက် ဆက်လျှောက်သွားသည်၊ အဂ္ဂိဝမ္မာလည်း အားမာန်တင်းပြီး သူတို့နောက်က လိုက်သွားသည်၊ သို့သော်လည်း မရေမရာမသေမချာ ဖြစ်နေသည်၊ ခြေလှမ်းခပ်သုတ်သုတ် လှမ်းလိုက်၊ ရပ်ပြီးနေလိုက်၊ ထို့နောက် ပြေးသွားလိုက်နှင့် သူ၏စိတ်တူးသည် အတက်အကျရှိနေသည်၊ သူ၏စိတ်ဓာတ်သည် တက်လိုက်



...လိုက် ဖြစ်နေသည်၊

ဦးခေါင်းမော့ကြည့်လိုက်သည့်အခါ ရှေ့တွင် မြစ်ဆိပ်ကို လှမ်းမြင်ရသည်၊ လူစုလူဝေးသည် ယခုထက်တိုင် ရှိနေတုန်းပင်၊ အဖိုးအိုမိသားစုသည် ...ဝေးထဲတွင် ပေါင်းဆုံရောနှောသွားလေသည်၊ နာသိကမြို့၌ ဂေါဒါဝရီ ...ဆိပ်တမ်းသည် အခါခပ်သိမ်း လူစည်ကားနေသည်၊ အသွားအပြန် လူတန်း...ကို အမြဲလိုလို တွေ့နေရသည်၊

အဂ္ဂိဝမ္မာသည် ပုန်းလျှိုးကွယ်လျှိုးဖြင့် ရေချိုးဆိပ်၏ နံရံကို ကပ်...ရှေ့သို့ တိုးသွားသည်၊ ထို့နောက် စိုက်ထောင်ထားသည့် သစ်တိုင်ဝါးတိုင်...ာ ရပ်လိုက်သည်၊

ရေချိုးဆိပ်၏ ကမ်းနဖူးပေါ်၌ ရုပ်တုတစ်ခုကို စိစစ်ကြည့်ရှုနေသော ...ဆရာ၏ မျက်လုံးသည် အဂ္ဂိဝမ္မာဆီ ရောက်သွားသည်၊ အဂ္ဂိဝမ္မာကိုမြင်လျှင် ...ချင်း ကျောက်ခဲတစ်ခဲကို ကောက်ယူပြီး ပေါက်လိုက်သည်၊ သူပေါက်သည် ...တွေ့ရသည့်အခါ အခြားလူများကလည်း ကျောက်ခဲကိုယ်စီ ကောက်ယူပြီး ...ဂ္ဂိဝမ္မာအား လှမ်းပေါက်ကြသည်၊ ခဲမိုးရွာချပြန်သည်၊ အဂ္ဂိဝမ္မာသည် လာ...ပြန်လှည့်ပြီး ဖနောင့်နှင့်တင်ပါး တစ်သားတည်းဖြစ်အောင် ထွက်ပြေးလေ...တော့သည်၊

ခရီးအတော်လှမ်းလှမ်း ရောက်သွားသည့်အခါကျမှ အသက်ရှူရသည်၊ သူ၏လက်ထဲတွင် ယခုထက်တိုင် ကျောက်ခဲတစ်လုံး ရှိနေသည်၊ ...ဂ္ဂိဝမ္မာ စဉ်းစားဆင်ခြင်ကြည့်သည်၊

" ထွင်းထုခြင်း မပြုရသေးသည့် ကျောက်ခဲကျောက်တုံးသည် အဘ...နိုးမှ မရှိပါလား "

သူ့လက်ထဲ၌ရှိနေသော ကျောက်ခဲကို ဘယ်ပြန်ညာပြန် ကြည့်သည်၊

" ဤကျောက်ခဲသည် ထွင်းထုပြီးသား ရုပ်တုသာဖြစ်သွားပါက ပူဇော်...ကိတ်ပူဇော်အပ်သည့် အရာဝတ္ထုဖြစ်သွားပေလိမ့်မည် " အဂ္ဂိဝမ္မာသည် ...သူလက်ထဲက ကျောက်ခဲကို မြစ်ထဲလွှင့်ပစ်လိုက်သည်၊ ထို့နောက် ရင်ကော့ပြီး ...လျှောက်သွားသည်၊

" ငါလည်း တစ်စုံတစ်ခုဖြစ်လာမှ တော်မည်၊ ငါ တစ်စုံ...လာအောင် ကြိုးစားမည်၊ ဤအချိန်ဤကာလသည် အစမ်းသပ်...ဖြစ်သည်"

အစော်ကားခံလိုက်ရသည့်အတွက် အသိဉာဏ် ...

www.burmeseclassic.com

www.burmeseclassic.com



သည်။

" အို. . . နာသိကမြို့၊ သင် ကျောက်ခဲမိုးရွာချနိုင်သလောက် ရွာချပါ၊ ကိစ္စမရှိပါဘူး၊ ကျောက်တောင်လဲပဲ မြစ်ရဲ့လမ်းမှာ ကျောက်တုံးကျောက်ခဲတွေ ချတာပါပဲ၊ ဒါပေမယ့် မြစ်ကတော့ အစီးမပျက်ဘူး၊ စီးမြဲစီးနေတယ် "

နာသိကမြို့ဘက်လှည့်ပြီး အဂ္ဂိဝမ္မာ လက်အုပ်ချီ ရပ်နေသည်၊ ထို့နောက် ရုတ်တရက် မျက်နှာတစ်ဖက်သို့လှည့်လိုက်ပြီး မြစ်၏ ကမ်းနံဘေးမှ မြစ်ကဲ့သို့ပင် ဆက်လက်လျှောက်သွားသည်။



( ၂ )

အဂ္ဂိဝမ္မာသည် နောက်ဘက် ပြန်လှည့်မကြည့်တော့ပေ၊ တခါတရံ ခေါင်းကိုငုံ့လျက် လည်းကောင်း၊ တစ်ခါတရံ ရင်ကိုကော့လျက်လည်းကောင်း၊ ဂေါဒါဝရီမြစ်ကမ်းတစ်လျှောက် လျှောက်သွားသည်။ နာသိကမြို့သည် သူ့အတွက် ရုတ်တရက် ရှောင်တခင် ပန်းချီကားတစ်ခု၏ နောက်ခံသဖွယ်မျှ ဖြစ်သွားသည်၊ အဓိကမဟုတ်တော့ပေ၊ သမညမျှ ဖြစ်သွားသည်၊ ထင်းထင်းလင်းလင်း ရှိမနေတော့ပေ၊ ဝိုးတဝါးသာ ဖြစ်သွားသည်၊ နာသိကမြို့သည် သူ့အတွက် လောင်ကျွမ်းနေသော အမှတ်သညာတစ်ခုမျှသာ ဖြစ်နေတော့သည်၊ လောင်ကျွမ်းနေပါက တစ်ချိန်တွင် ပြာဘဝ ရောက်ရပေတော့မည်။

မောကလည်း မောပန်း ဝမ်းဗိုက်တွင်းမှလည်း တကြွက်ကြွက်နှင့် ဆာလောင်နေသည့် အဂ္ဂိဝမ္မာသည် သူရူးတစ်ယောက်၏ အသွင်ဖြင့် လျှောက်သွားနေသည်၊ နာသိကမြို့နှင့် မလှမ်းမကမ်း၌ ရှိနေရခြင်းသည်ပင် ယခုအခါ သူ့အတွက် အော့နှလုံးနာဖွယ် ဖြစ်နေသည်။

အဂ္ဂိဝမ္မာသည် နာသိကမြို့ကို နာကျည်းသွားလေပြီ၊ အဝေး၌ အည်ိုနေသည့် မိုးကုတ်စက်ဝိုင်းတွင် ရည်မှန်းချက်တစ်ခုခုကို တွေ့မြင်နေရသည်၊ ထို၏ အခြားအချပ်လွှာတစ်ခုသည် သူ၏ရှေ့မှောက်တွင် ပွင့်လာသည်၊ ထိုအတယ်၍ တစ်ကြိမ်တစ်ခါ ယောင်ပြီး နာသိကဆီ အာရုံပြန်ရောက်သွားသည် ဖြစ်ပါမူလည်း ချက်ချင်း မိမိကိုယ်ကိုထိန်းလျက် ရှေ့ဆက်ပြီး ခြေလှမ်း ခပ်သွက်သွက် လှမ်းလိုက်သည်၊ သူ၏ခြေလှမ်းသည် ရည်မှန်းချက်မဲ့နေသည့် ခြေလှမ်းမျိုးမဟုတ်တော့ပေ၊ မျှော်လင့်ချက်မဲ့နေသည့် ခနော်ခနဲ့ ခြေလှမ်းမျိုး မဟုတ်တော့ပေ၊

ကျောက်ခဲကို ပစ်ချလိုက်လျှင် ရေပြင်၌ လှိုင်းထသွားသည်၊ လှိုင်းလုံးများသည် တစ်ခုနှင့်တစ်ခု အပြိုင်အဆိုင်ဖြစ်ပြီး တစ်ခုက ကျန်တစ်ခုဆီ ရောက်လာသွားသည်၊ အဂ္ဂိဝမ္မာ၏ စိတ်အတွင်းက အခြေအနေလည်း ထိုသို့သော အဆိုင်းပင် ဖြစ်နေသည်၊ အစော်ကား ခံလိုက်ရခြင်းသည် သူ့ကိုလှုပ်ထိုး ဒွတ်ထိုးနေသည်၊ နှိုးဆွနေသည်၊ ယခုအခါ၌ အဂ္ဂိဝမ္မာသည် ယုံကြည်ခြင်းသော

www.burmeseclassic.com

www.burmeseclassic.com



အဟုန်ဖြင့် တသွင်သွင် စီးဆင်းနေသည့် ဂေါဒါဝရီမြစ်နှင့်အတူ ရှိနေသည်။

အချိန်ကြာမြင့်စွာ မရပ်မနားဘဲ ဆက်တိုက်ခရီးသွားပြီးသည့်အခါ မောပန်းနွမ်းလျလာသည်နှင့် အဂ္ဂိဝမ္မာသည် သစ်ပင်တစ်ပင်အရင်းတွင် ထိုင်လိုက်သည်။ ထိုအချိန်၌ အနောက်ဘက်တွင် ပြုံးတုံးကြီး ဖြစ်နေသည့် နေမင်းသည် မိုးကုတ်စက်ဝိုင်းတွင် အနီရောင်ဆေးမှုန့်များကို ဖြန့်ကျဲနေသည်။

အဂ္ဂိဝမ္မာ၏ မျက်လုံးသည် နာသိကမြို့ဆီ ရောက်သွားသည်။ ထိုအထွတ်အမြတ် ရှေးဟောင်းမြို့တော်၏ မိုးထိနီးပါး မြင့်မားထိုးထွက်နေသည့် နတ်ဗိမာန် နတ်ကွန်းများ၊ ပြသာဒ်ဘုံ အထွတ်များ၊ ရှည်လျားလှသော ရေချိုးဆိပ်ကြီးများသည် လည်းကောင်း၊ ဘုတ်အော်သောင်းတင်း ဖြစ်နေသည့် မြို့သူမြို့သားများသည်လည်းကောင်း အလွန်အလှမ်းဝေးသည့် နေရာတွင် ကျန်ခဲ့လေပြီ။ မှုန်ပျပျ မြင်ရဖို့ပင် မလွယ်တော့ပေ။ သစ်ပင်ကို ဦးခေါင်းနှင့်မှီပြီး မျက်စိမှိတ်လိုက်သည်။ ကျေနပ်အားရစွာဖြင့် အသက်ကိုလည်း တဝရှူလိုက်သည်။

မောဟိုက် ပန်းလျှလွန်းလှသဖြင့် ခြေလက်အင်္ဂါများမှာ ကျောက်သားလို မာကျောနေကြသည်။ အိပ်၍လည်း မပျော်ပေ။ ဆက်လက်လျှောက်ဖို့လည်း ခဲယဉ်းနေသည်။ ဝမ်းဗိုက်တွင်းကလည်း မည်မျှ ဆာလောင်မွတ်သိပ်နေသည် ဆိုလျှင် ဂမ်းဗိုက်တွင်းက ဂေါဒါဝရီ မြစ်ရေသည်ပင်လျှင် ကျိုက်ကျိုက်ဆူနေပြီထု ထင်နေရသည်။

ညည်းရုံမှတပါး ဘာမှမတတ်နိုင်ပေ။ ဆာလောင်မွတ်သိပ်ခြင်းကလည်း တစထက်တစ ပိုမိုပြင်းထန်လာသည်။ လေးဘက်လေးရပ်ကို လှမ်းမျှော်ကြည့်လိုက်သည်။ အနီးအနား ပတ်ဝန်းကျင်တစ်ဝိုက်၌ ရွာ၏ အစအနကိုပင် မတွေ့ရပေ။ ခရီးသွား ခရီးလာလည်း တစ်ယောက်တစ်လေမှ မတွေ့ရပေ။ ခပ်ဝေးဝေးတွင် နွားတစ်အုပ်ကိုတွေ့ရသည်။ နွားများသွားသောကြောင့် ဖုံမှုန့်များထနေသည်။ ညနေစောင်းအချိန်ဖြစ်သည်။ သစ်ပင်တန်းကြီး၏ နောက်ဘက်၌ မီးခိုးများ တက်နေသည်။ ထိုနေရာဆီ၌ ရွာရှိလိမ့်မည်ဟု ခန့်မှန်းရသည်။ သို့ရာတွင် ခရီးမနီးသောကြောင့် စိတ်ပျက်အားလျော့သွားသည်။

တခြားနည်းလမ်း မရှိတော့သဖြင့် အဂ္ဂိဝမ္မာသည် မြစ်ထဲဆင်းပြီး ရေတစ်ဝ သောက်လိုက်သည်။ အဆာပြေသွားသည်ဟု အောက်မေ့ရသည်။ အဆာပြေပြေ မပြေပြေ တင်းတိမ်ရောင့်ရဲမှုကိုတော့ ရသလောက် ရရှိသွားသည်။ ထို့နောက် မြစ်တမ်းပါးမှ ခွာလာခဲ့သည်။ နာသိကမြို့၏ ပတ်ဝန်းကျင်ရှိ စိမ်းလန်းသော လယ်ယာမြေသည် အဆုံးသတ်သွားပြီ။ ယခုအခါ လေးဘက်



လေးရပ်တွင် မြေညီကို မတွေ့ရတော့ပေ။ ကြိုးကြားကြိုးကြားတွင် တောင်ကုန်းများကိုပင် တွေ့ရသည်။ ထိုနေရာ၌ လယ်ယာကို ဟုတ်တိပတ်တိ မစိုက်ပျိုးတော့ပေ။

တဖြည်းဖြည်း အချိန်ကုန်လွန်လာသည်။ ရှေ့တိုးသွားလေလေ မြူမှုန်များ ဆိုင်းလာလေလေ၊ အမှောင်ကလည်း တစ်စတစ်စ တိုးလာသည်။ အဂ္ဂိဝမ္မာသည် ခြေလှမ်းသွက်လာသည်။ ဆာလောင်မွတ်သိပ်ခြင်းနှင့် ထိတ်လန့်ကြောက်ရွံ့ခြင်းသည် သူ့ကို တစ်နေရာရာသို့ ဆွဲဆောင်ခေါ်ငင်သွားသည်။

တောပုန်းဓားပြများ ခိုအောင်းသည့် တောဖြစ်သည်။ သို့ရာတွင် ထိုအချိန်၌ တောပုန်းဓားပြများ မရှိပေ။ ယုန်၊ ဥဒေါင်းစသော တိရစ္ဆာန်တို့သည်သာ လှစ်ခနဲ. . . လှစ်ခနဲ ပြေးသွားနေကြသည်။ တိတ်ဆိတ်ငြိမ်သက်နေသည့် တောအတွင်း၌ ထူးခြားသည့် အသံကို ကြားနေရသည်။ စကားမပြောတတ်သည့် သစ်ရွက်များသည် မပီကလာ ပီကလာနှင့် စကားပြောနေကြသလားဟု အောက်မေ့ရသည်။ အဂ္ဂိဝမ္မာ နှလုံးခုန်မြန်လာသည်။

ငယ်စဉ်အခါကမူ အဂ္ဂိဝမ္မာသည် တောတကာတောတွင် လှည့်လည် ကျက်စားခဲ့ဖူးသည်။ လူသူလေးပါးကင်းပြီး တိတ်ဆိတ်သည့် တောအတွင်း၌ စကားမပြောတတ်သည့် မြင်းများနှင့် အတူတကွ စကားမပြောတတ်သူ တစ်ဦးဖမာ နေခဲ့ရသည်။ သို့ရာတွင် ထိုအချိန်အခါသည် ယခု အတိတ်တွင် တန့်ခဲ့လေပြီ။ ယခုအခါ၌မူ သူ မြို့သားဖြစ်နေပြီ။ မြို့၏အရသာ၊ မြို့၏ အဆင်ပြေမှုများနှင့် ရင်းနှီးနေလေပြီ။ တောအတွင်းက ဆူးပြောင့်ခလုတ် ထုထပ်ပေါများသည့် ခရောင်းမြေသည် သူ့ခြေထောက်ကို သွေးခြေဥစေခဲ့ပြီ။ အဂ္ဂိဝမ္မာသည် ဟစ်၍သာ ငိုလိုက်ချင်သည့် စိတ်ပေါ်လာသည်။ သို့ရာတွင် ခပ်လှမ်းလှမ်း၌ မှိတ်တုတ်မှိတ်တုတ်နှင့် တောက်နေသော မီးရောင်ကို မြင်လိုက်ရသဖြင့် မသယ်ချင်သယ်ချင်ဖြစ်နေသည့် ခြေထောက်ကို အားယူပြီး လှမ်းလိုက်သည်။

တဲနှစ်တဲသုံးတဲတွေ့ရသည်။ တဲ၏ခြံဝင်းမှာ ကျယ်သည်။ ခြံတွင်း၌ နွားများကို ချည်ထားသည်။ တဲအနီး၌ မြင်းလေးငါးခြောက်ကောင်တိုလည်း တွေ့ရသည်။ သစ်ပင်ကြီးများ၏အောက်၌ ဆောက်ထားသည့် တဲသည် အတော်ပင် ကြီးမားသည်။ ထိုတဲကြီးသည် ကြွယ်ဝချမ်းသာသည့် လယ်သမား မိသားစု၏တဲ ဖြစ်ပုံရသည်။ အိမ်၏ လေးဘက်လေးတန်၌ ခြံနွားများ စိုက်ထားသည့် မြင့်မားသော ခြံစည်းရိုးကြီးရှိသည်။ သေးငယ်သော ဝင်းတံခါး အနီး၌ လုလင်တစ်ဦးသည် တုတ်ကိုင်ပြီး အစောင့်တာဝန် ထမ်းရွက်နေပုံ

www.burmeseclassic.com

www.burmeseclassic.com



ရသည်။

အဂ္ဂိဝမ္မာတို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် လုလင်သည်ကျယ်လောင်စွာ ဟစ်အော်လိုက်လေသည်။ တစ်ခဏအတောအတွင်း၌ပင် အနောက်ဘက်မှ မြင်းခွာသံများကြားရသည်။ အမှောင်တွင်း၌ပင် ဖြစ်လင့်ကစား အဂ္ဂိဝမ္မာသည် ခပ်လှမ်းလှမ်းတွင် တဲပေါင်းများစွာကို လှမ်းမြင်ရသည်။ ထိုအခါ အားလည်းရှိသွားသည်။ ကြောက်လည်း ကြောက်သွားသည်။ မြင်းခွာသံများ နီးကပ်လာသည်။

" ဒါဘယ်သူ့အိမ်ပါလဲ " စူးစမ်းလိုသည့် စိတ်ကလည်း ပေါ်လာ၊ မိမိကိုယ်ကိုလည်း ရဲဆေးတင်သည့်အနေဖြင့် အဂ္ဂိဝမ္မာက အစောင့်လုလင်အား မေးလိုက်သည်။

" ရွာသူကြီးအိမ်၊ မင်းကဘယ်သူလဲ " လုလင်က ပြန်မေးသည်။

" ကျွန်တော်. . . ကျွန်တော်. . . ကျွန်တော် ဘယ်သူမှ မဟုတ်ပါဘူး "

မည်သို့မည်ပုံ ပြန်ပြောရမည်ကို အဂ္ဂိဝမ္မာ မတွေးမိပေ။ မျက်လုံးပြူးမျက်ဆံပြူးနှင့် ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။ သူ့ဘေးတွင် မြင်းစီးသမားသုံးလေးဦးသည် မြင်းများကို ဇက်ကြိုးသပ်ပြီး ရပ်နေကြသည်။ မြင်းပေါ်က လူများကို တွေ့ရသည်နှင့် အဂ္ဂိဝမ္မာသည် ဘာကြောင့်မှန်းမသိ၊ သူ့ကိုယ်သူ အပြစ်ရှိသူ တရားခံတစ်ဦးပမာ မှတ်ထင်သွားသည်။ မြင်းစီးသမားများက သူ့ကို စူးစိုက်ကြည့်နေကြသည်။

" ဘယ်ကလာတာလဲ " မြင်းစီးလုလင်တစ်ဦးက မေးလိုက်သည်။

" နာသိတမြို့က လာတာပါ " အဂ္ဂိဝမ္မာ ပြန်ဖြေသည်။

" ဘာဖြစ်လို့ လာတာလဲ "

" ဘာဖြစ်လို့ လာတာလဲ. . . ဟုတ်လား " အဂ္ဂိဝမ္မာသည် မြင်းစီးသောက်တို့၏ မေးခွန်းကိုပင် အံသောင်လိုက်ပြောပြီး လက်နှစ်ဘက်ကို ပွတ်နေသည်။ သူသည် ညှိဖတ်ဖြူမှုကို စောင့်စားနေသူဖြစ်သည်။ ယင်းကဲ့သို့ စစ်ကြောမေးမြန်းမှုကို စောင့်စားနေသူ မဟုတ်ပေ။

" ကျွန်တော် ရွာသူကြီးနဲ့ မတွေ့ရဘူးလား " အတန်ကြာသွားသောအခါ အဂ္ဂိဝမ္မာက အရဲစွန့်ပြီး မေးလိုက်၏။

" မတွေ့ရမှာတော့ မပူနဲ့၊ မင်းကိုဖမ်းပြီး ရွာသူကြီးဆီ ခေါ်သွားမလို့ပဲ"

မြင်းစီးယောက်ျားများသည် အဂ္ဂိဝမ္မာကို ဝင်းတံခါးဝက ဆွဲခေါ်သွား



ကြသည်။ သူတို့အချင်းချင်း စကားပြောသွားကြသည်။ သူတို့အချင်းချင်း ပြောသွားကြသည့် စကားကို ကြားရသည့်အခါ အဂ္ဂိဝမ္မာ ထိတ်လန့်သွားသည်။

သစ်ပင်တစ်ပင်၏ အောက်ရှိ ခုံတစ်ခုပေါ်၌ သမင်ရေကို ဖြန့်ခင်းပြီး အဖိုးအိုတစ်ယောက် ထိုင်နေသည်။ သူ့ဘေးတွင် နွားတစ်ကောင် ချည်ထားသည်။ နွားမှာ အဖြူဖြစ်ပြီး အချိုးအစား ပြေပြစ်ချောမောလှသည်။ နွားသည် သူ့ရှေ့ရှိ စိမ်းလန်းစိုပြေသော မြက်ပင်များကို စားနေသည်။ နောက်ဘက်တွင် အမိုးမိုးထားသည်။ အမိုးထဲ၌ ဆွဲထားသည့် မီးအိမ်မှ မီးရောင်ထွက်နေသည်။ အိမ်တွင်းရှိ မိန်းမများမှာ ထိုအချိန်အထိပင် အလုပ်ရှုပ်နေကြတုန်းပင်။ အချိန်သုပြီး အလုပ်လုပ်နေကြပုံရသည်။

" အဘအိမ်မှာ ကျွန်တော် တစ်ညလောက် တည်းခိုခွင့် မရနိုင်ဘူးလား အဘ "

မြင်းစီးသမားများက သူ့အပြစ်ကို ရွာသူကြီးအား မတင်ပြမီ သူက အရင်ဦးအောင် ပြောလိုက်သည်။ မြင်းစီးသမားများက သူ့ကို မျက်လုံးအပြူးသားနှင့် ဝိုင်းကြည့်နေကြသည်။

" ရပါတယ် " ရွာသူကြီးက ဦးခေါင်းညိတ်ပြောလိုက်သည်။

ထို့နောက် ရွာသူကြီးသည် သူ့တပည့်များဘက်လှည့်ပြီး " သူ့ကို ချုပ်မထားကြပါနဲ့၊ လွှတ်လိုက်ကြ " ဟုပြောပြီး သက်ပြင်းတစ်ချက် ချလိုက်သည်။ ရွာသူကြီးသည် လေးနက်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ သူ့ရသဇ္ဇာရှိသည်။ သြဇာရှိသည်။ တစ်ရွာလုံးအတွက် ထမ်းဆောင်ရသော တာဝန်ကြီးသည် သူ့ပခုံးပေါ်တွင် ပေါ့ပေါ့ပါးပါးပင် ရှိနေသတဲ့သို့ ထင်ရသည်။ သူ၏ ချတ်စိအမြင်သည် အလွန်တစ်ရာ စူးရှသည်။

" ညှိသည်ကို ညှိဝတ်ပြုတာဟာ ငါတို့ရဲ့ တရားဓမ္မဖြစ်တယ်၊ တာဝန်ဝတ္တရားဖြစ်တယ်၊ ဒါပေမယ့် ခေတ်ကာလက ကောင်းတာမဟုတ်ဘူး၊ ခင်း ငါတို့ညှိဝတ်ပြုတာကို ခံထိုက်တဲ့ ပုဂ္ဂိုလ်ဟုတ်မဟုတ် ဝထမသိဖို့ သို့တယ်" ရွာသူကြီးက ဂ္ဂနွေ့ရရ ပြောပြသည်။

" ဟုတ်ပါတယ် သူကြီးမင်း၊ ဒီလူကို အကဲခတ်ရတာ ရိုးမယ်မထင်ဘူး "

မြင်းစီးသမားများက သူတို့ထင်မြင်ချက်ကို ပြောပြကြသည်။ အစောင့်လုလင်သည် တုတ်ခိုင်သည့် သူ့တုတ်ကြီးကို မြေကြီးပေါ် [illegible]သည်။

" သိပ် အချိန်မကြာလှသေးဘူး၊ တို့ရွာကို ညှိသည်တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတယ်။ နောက်နှစ်ရက်လောက်ကြာတော့ သူနဲ့အတူ ဧည့်သည်တွေ နောက်ထပ် ဘယ်လောက်များ ရောက်လာသလဲဆိုရင် ” ရွာသူကြီး၏ လေးနက်တည်ကြည်သည့် မျက်နှာပေါ်၌ အပြုံးရိပ်ကလေး ပေါ်လာသည်။ “ ငါတို့တတွေ အားလုံး ကီစ္စချောကုန်တော့မလို့ သိသိလေးပဲ လိုတယ်။ ရွာမှာရှိတဲ့ တဲအိမ်ပေါင်းများစွာ ပြာပုံဘဝရောက်ကုန်ကြတယ်။ ဘုရားကျောင်းက ရုပ်တုလဲ အစိတ်စိတ်အမွှာအမွှာ ဖြစ်သွားရတယ်။ ငါ့အိမ်တောင်မှ မီးလောင်တဲ့အထဲ ပါသွားတယ်။ အခုတော့ ရွာကို တစ်စုံတစ်ဦး မထိပါးခင် အသက်နဲ့လဲပြီး ကာကွယ်နိုင်အောင် ရွာအပြင်ဘက်မှာပဲ ငါနေတော့မယ်။ ခေတ်က မကောင်းဘူး မဟုတ်လား။ ကဲပြောပါအုံး၊ မင်းက ဘယ်သူလဲ ”

“ ကျွန်တော်. . . ကျွန်တော်. . . ရုပ်တု ” အဂ္ဂိဝမ္မာက ထစ်ထစ်ငေါ့ငေါ့နှင့် ပြောလိုက်သည်။

“ ရုပ်တုထုလုပ်တဲ့လူလား ” ရွာသူကြီးသည် လှိုက်သံပါသည့် အသံကြီးဖြင့် ပြောလိုက်သည်။

“ တလောက လာတဲ့ ငါတို့ဧည့်သည်ကလဲ တိရစ္ဆာန်ဆေးကုဆရာလို့ ပြောတယ်။ သူ့ကြောင့် တိရစ္ဆာန်တွေတင်မကဘူး လူတွေတောင် အများအပြား သေကုန်ကြတယ်။ ဘယ်သူဟာဖြင့် စိတ်ချယုံကြည်ရတယ်၊ ဘယ်သူဟာဖြင့် စိတ်မချမယုံကြည်ရဘူးလို့ ပြောပြဖို့ မလွယ်ဘူး။ အခုအချိန်က လုံခြုံရေး တာဝန်တို ဘုရင့်အပေါ် ပုံချထားပြီး ကိုယ်က လက်ပိုက်ထိုင်နေလို့ရတဲ့ သာတဝါဟနမင်းဆက်တွေ အုပ်ချုပ်တဲ့ခေတ်ကလို မဟုတ်တော့ဘူး ”

အဖိုးအိုသည် အဂ္ဂိဝမ္မာကို ကြည့်နေသော်လည်း သူ့စကားများမှာမူ သူ့ရွာသားများကို ရည်ညွှန်းနေလေသည်။

“ မင်းဘယ်အရပ်ကလာတာလဲ၊ ပုံပန်းကြည့်ရတာကတော့ အနုပညာရှင်နဲ့ တယ်မတူဘူး၊ ဒါမှမဟုတ်ရင်လဲ ဒီခေတ်မှာ အနုပညာရှင်တွေလဲ သွေးစွန်းနေတဲ့ မိမိတို့ကိုယ်ခန္ဓာကို စုတ်ပြဲနေတဲ့အဝတ်နဲ့ ဖုံးထားရတဲ့ အခြေအနေမျိုးရောက်နေကြတာနဲ့ တူတယ် ”

အဘိုးအိုက ပြောလိုက်သည်။ မြင်းစီးယောကျ်ားများသည် တစ်ဦးကို တစ်ဦး ကြည့်ပြီး ပြုံးနေကြသည်။

“ ကျွန်တော် နာသိကမြို့က လာခဲ့တာပါ ” အဂ္ဂိဝမ္မာက အသံကို နှိမ့်ပြီး ပြောသည်။

“ ဘာဖြစ်လို့လဲ ” ရွာသူကြီးက မေးခွန်းထုတ်လိုက်ပြန်သည်။

“ ဘာဖြစ်လို့လဲ ” အဂ္ဂိဝမ္မာသည် သူ့ကိုယ်သူ ပြန်မေးနေသည်။



ယင်းသို့ သူ့ကိုယ်သူ ပြန်မေးနေသည်ကို ရွာသူကြီးက မချေမငံပြုခြင်းဟု အောက်မေ့သည်။ သို့ဖြစ်၍ မျက်လုံးပြူးပြီး ကြည့်လိုက်သည်။ အဂ္ဂိဝမ္မာ တွန့်သွားသည်။

“ ဘာဖြစ်လို့လဲလို့ ငါမေးနေတယ် ” ရွာသူကြီးက ခက်ထန်မာကြောသော အသံဖြင့် မေးလိုက်သည်။

“ ဘာဖြစ်လို့လဲဆိုရင်တော့ နာသိကမြို့က ကျွန်တော့်ကို အလိုမရှိတော့လို့ပါ ”

အဂ္ဂိဝမ္မာသည် တစ်စုံတစ်ရာကို ပြောပြမည် ကြိုးစားသေးသည်။ သို့ရာတွင် ဘာကိုပြောပြမည်နည်း။ ပြောပြသည့်တိုင်အောင် ဤအခြေအနေမျိုး၌ သူ့ကို မည်သူက သက်ညှာထောက်ထား ကရုဏာစိတ်ပွားလာမည်နည်း။

“ နာသိကတောင် အလိုမရှိတာ ငါတို့ရွာက မင်းကို အလိုရှိရမှာလား၊ နာသိကမှာ လူဆိုးလူကောင်း ဘယ်သူမဆိုနေလို့ရတယ်၊ ဗီရွာက နာသိတမဟုတ်ဘူး၊ နာသိကမြို့ရဲ့ ရပ်ကွက်တစ်ခုလဲ မဟုတ်ဘူး ” ရွာသူကြီးသည် သူ၏ ယဇ်ချည်ကြိုးကို ပခုံးပေါ်မှဆွဲချရင်း ခပ်ကြွားကြွားပြောလိုက်သည်။

“ ဟုတ်ပါတယ်၊ ကျွန်တော် ဒီမှာ တစ်ညလောက်ပဲ တည်းခိုချင်တာပါ၊ မနက်မိုးလင်းတာနဲ့ ထွက်သွားပါမယ် ” အဂ္ဂိဝမ္မာသည် အသံတုန်တုန်ယင်ယင်ဖြင့် ပြောသည်။

“ မနက်မိုးလင်းတာနဲ့ သွားမယ်၊ ပြီးတော့ လေးငါးရက်လောက်ကြာတဲ့အခါကျတော့ ကိုယ့်အုပ်စု ကိုယ့်အဖော်အပေါင်းတွေကိုခေါ်ပြီး ထပ်ခါပြန်လာမယ် မဟုတ်လား၊ ရုဒ္ဒဒမနဘုရင် ဘယ်လိုအုပ်ချုပ်နေတယ် မသိဘူး သူ့လက်ထက်မှာ တိုင်းသူပြည်သားတွေဟာ ကိုယ့်ဟာကိုယ် လုံခြုံရေးတာဝန်ယူနေရတယ်၊ ကိုယ့်ဟာကိုယ် ကာကွယ်နေကြရတယ်။ လယ်ကိုလဲ စိတ်ချလက်ချ မလုပ်ရဘူး၊ ကူးသန်းရောင်းဝယ်ရေးကိုလဲ အကြောင့်အကြမရှိဘဲနဲ့ မလုပ်ရဘူး၊ ဘာမှ မပြောပလောက်တဲ့ အကြောင်းအရာကလေးနဲ့ပဲ ရွာကို မြှလှန်ပစ်ချင်ပစ်လိုက်တာပဲ၊ ဖြာဟ္မဏလူမျိုး ဖြစ်နေတာတာပဲ အခြစ်တစ်ခုဖြစ်နေတယ်၊ သူ့ခေတ် ဘယ်တော့ အပြီးသတ်သေဲသေးဘူး မင်းက ဘယ်ကိုသွားမှာလဲ ” အဖိုးအိုက မေးလိုက်ပြန်သည်။

“ ဘယ်ကိုသွားမှာလဲ ” အဂ္ဂိဝမ္မာသည် အဖိုးအို၏ ခေးခွန်းကို အဓိပ္ပာယ်မဲ့ သံယောင်လိုက် ပြောလိုက်ပြန်သည်။

“ လာပြန်ပြီ . . . မင်းရူးနေသလား ” အဖိုးအိုသည် စိတ်ချဉ်တော့သည့်အမူအရာဖြင့် ဟောက်လိုက်သည်။ အဂ္ဂိဝမ္မာသည် ဤသို့ အခေါ်ခံရ

www.burmeseclassic.com

www.burmeseclassic.com



မပေးတတ်တော့ပေ။ တကယ်ရှုံးနေပါက ပို၍ကောင်းမည်ဟု သူတွက်မိနေသလား မသိပေ။

" မင်းဘယ်ကို သွားမလို့လဲ " အဖိုးအိုသည် နှစ်ဆကျယ်လောင်သောအသံဖြင့် သူမေးခွန်းကို ဒုတိယမ္ပိ မေးလိုက်ပြန်သည်။

" ကျွန်တော် ပတိဋ္ဌာနမြို့ကို သွားမလို့ပါ။ ဟိုမှာ သာတဝါဟန "

" ဘယ်လောက်ကြာပြီလဲ၊ ဟိုမှာ သာတဝါဟန မင်းဆက်ဘုရင်တွေ မအုပ်ချုပ်နိုင်တော့တာ၊ သာတဝါဟန မင်းဆက်ဘုရင် အဲဒီကနေပြီး အဝေးကြီး ထွက်ပြေးသွားရပြီး မြေကချွကမှာ ရောက်နေပြီ။ ခရီးသိပ်ဝေးတယ်။ မင်း တစ်ယောက်တည်းလား "

" ဟုတ်ပါတယ် " အင်္ဂုဝမ္မာသည် ပြန်ဖြေရင်း ဦးခေါင်းမော့ပြီး အဖိုးအိုရှာသူကြီးကို လှမ်းကြည့်လိုက်သည်။ အကြောင်းမှုကား အဖိုးအိုအသံပြောင်းသွားသောကြောင့် ဖြစ်သည်။ အဖိုးအိုသည် တစ်စုံတစ်ခု ပြန်လည်စဉ်းစားနေပုံရသည်။ သာတဝါဟန မင်းဆက်ဘုရင်သည် တစ်ခါက သူ၏ထမင်းရှင် ဖြစ်ခဲ့ပုံပေါ်သည်။

" မင်း ဘာလူမျိုးလဲ ၊ ဗြာဟ္မဏလူမျိုးလား " အဖိုးအိုက မေးပြန်သည်။

" ဘာလူမျိုးလဲ . . . အော် . . အော် မေ့သွားလို့ပါ။ ကျွန်တော် ဗြာဟ္မဏမဟုတ် " အင်္ဂုဝမ္မာသည် သွေးစီးများကပ်နေသည့် သူ၏ခြေထောက်ကို လက်ဖြင့် ပွတ်လိုက်သည်။ ခံမိုးရွာချသည်ကို သတိရလာသည်။ သက်ပြင်းတစ်ချက် ရှူလိုက်သည်။

" ဒါဖြင့် ဘာလူမျိုးလဲ "

" ကျွန်တော် သကလူမျိုး . . . အော် . . . မဟုတ်သေးဘူး . သဝနလူမျိုး " အင်္ဂုဝမ္မာသည် မည်မျှ ထိတ်လန့်တုန်လှုပ်နေသနည်းဟူမူ အတွေးတိုလည်း မှန်မှန်မတွေးတတ်အောင် ဖြစ်နေသည်။ စကားကိုလည်း ဖြောင့်ဖြောင့် မပြောနိုင်အောင် ဖြစ်နေသည်။

" ဩော် . . . ဒါနဲ့တောင် မင်း ဒီအခြေအနေမျိုး ရောက်နေရသေးသတိုး။ မင်းတို့လူတွေ မိုးကောင်းနေတဲ့အခါ မဟုတ်လား။ ရုဒ္ဒဒမနဘုရင်က မင်းတို့လူမျိုး မဟုတ်ဘူးလား " အဖိုးအိုက ဆက်တိုက်မေးလိုက်သည်။

" ကျွန်တော်ဘာမှ မသိဘူး၊ ကျွန်တော်က ကျောက်တုံးကျောက်ခဲတွေနဲ့ပဲ အပေါင်းအဖော်လုပ်နေရတဲ့ လူပါ "

" ဟုတ်တာပေါ့၊ မင်းတို့ ရုဒ္ဒဒမနဘုရင် အုပ်ချုပ်တဲ့နိုင်ငံမှာ



သောက်ျားတွေလဲ ကျောက်တုံး ကျောက်ခဲတွေ ဖြစ်နေပြီ "

အဖိုးအို တလွဲ အဓိပ္ပာယ်ကောက်သည်ကိုသိရ၍ အင်္ဂုဝမ္မာက ရုတ်ချင်း ပြန်ပြောလိုက်သည်။ " အဲဒီလိုလဲ မဟုတ်ပါဘူး၊ ကျွန်တော်ဆိုလိုတာက အဲဒီ အဓိပ္ပါယ်မဟုတ်ပါဘူး၊ကျွန်တော်က ကျောက်တုံးကျောက်ခဲတွေကို ရုပ်တုဖြစ်အောင် ထုလုပ်တဲ့လူပါ။ ဘယ်သူဘုရင်၊ ဘယ်သူဘုရင် မဟုတ်ဘူး ဆိုတာ ကျွန်တော် သိကိုမသိပါဘူး "

" ဟုတ်လား၊ မင်းရုပ်တု ကောင်းကောင်းထုလုပ်တတ်သလား "

" ဟုတ်ကဲ့၊ ထုတတ်ပါတယ် "

" မင်းပြောတာ ယုံရမှာလား "

" မယုံရင် နိုင်းကြည့်ပါလား "

အင်္ဂုဝမ္မာက ရုတ်ချည်းပြန်ပြောလိုက်သည်။ သူ၏ ဝန်ထုပ်ဝန်ပိုးကြီးသည် တစ်ဝက်သာသာ လျော့ကျသွားပြီဟု အောက်မေ့နေသည်။

" ကောင်းပြီ မင်း တည်းခိုခွင့် တောင်းတယ်မဟုတ်လား၊ တည်းခိုခွင့်တောင်းတဲ့လူကို ငြင်းပယ်တာဟာ ငါတို့ရဲ့မွေနဲ့ ဆန့်ကျင်ဘက်ဖြစ်တယ်။ မင်းတို့ဆီမှာ တည်းခိုနိုင်တယ်၊ နေနိုင်တယ်၊ အခြေအနေကိုတော့ စောင့်ကြည့်ရအုံးမယ် "

အင်္ဂုဝမ္မာကိုကြည့်ပြီးလျှင် ရွာသူကြီးသည် သူ့တပည့်လက်သားမြင်းစီးယောက်ျားများအား လှမ်းပြောလိုက်သည်။

" သူ့ကို ဧည့်ရိပ်သာ ခေါ်သွားကြ ကြားလား။ သူ့အတွက် အစားအသောက်လဲပေးပါ၊ လဲဖို့အဝတ်အစားလဲပေးကြ၊ တစ်ခုတော့ သတိထားရမယ် သူ ဘယ်မှ ထွက်မသွားစေနဲ့၊ အစောင့်အကြပ် တင်းတင်းကြပ်ကြပ် ချထားရမယ် "

" ကဲ မင်းသွားနိုင်ပြီ "

ရွာသူကြီးက သူ့လူတွေကို အမိန့်ပေးလိုက်သည်။ မြင်းစီးသမားများသည် အင်္ဂုဝမ္မာကို ခေါ်သွားကြသည်။

ထိုခြံနှင့် မနီးမဝေး၌ ဧည့်ရိပ်သာရှိသည်။ ဧည့်ရိပ်သာ၌ ဧည့်သည်မရှိပေ၊ မီးအိမ်လည်း မရှိပေ။ ကြမ်းပြင်ပေါ်၌ ဖုံအထပ်ထပ်ဖြစ်နေသည်။ ဧည့်သည်မှ မနေသည်မှာ ရက်ပေါင်းများစွာ ကြာပြီ။ ဧည့်ရိပ်သာ၏ ဘေးပတ်ပတ်လည်၌ သစ်ပင်ကြီးများရှိသည်။ လရောင်သည် ဧည့်ရိပ်သာတစ်ခု၌ ဖြာကျနေသည်။ အင်္ဂုဝမ္မာသည် စားသောက်ခြင်းကိစ္စ ပြီးသည့်အခါ လှဲလိုက်သည်။ ဤနောက် မတွေ့ဘူးမှာကို အိပ်မက်မက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ( ၃ )

အရှေ့တစ်ခွင်၌ ရောင်နီမပျို့သေးပေ။ သို့ရာတွင် တစ်ရွာလုံးသည် တစ်နေ့တာ လုပ်ငန်းခွင် ဝင်နေကြပြီ။ ဗြာဟ္မဏတို့၏ ရွာဖြစ်သည်။ 'ဗြာဟ္မဏ မုဟုတ္တ' ဟု ခေါ်သည့် နေမထွက်ခင် အချိန်ကပင် နိုးကြားနေသည်။ အဂ္ဂိဝမ္မာ တပူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတုန်းပင် ရှိသေးသည်။ သူ့ကို မနှိုးကြပေ။

သူနိုးလာသည့်အခါ နေရောင်ခြည်သည် လေသာပြတင်းမှ စူးစူးရှရှ ဝင်ရောက်နေသည်။ ပိန္နဲပင်၏ အကိုင်းအခက်အရွက်များသည် ပြတင်းပေါက်မှ အိမ်အတွင်း အရိပ်ထိုးနေကြသည်။ ညက ညင်ညင်သာသာ တိုက်ခတ်နေသည့် လေသည်လည်း ယခုအခါ၌ ရပ်ဆိုင်းသလောက် ဖြစ်သွားပြီ။

အဂ္ဂိဝမ္မာသည် မျက်စိကိုပွတ်ပြီး အိပ်ရာမှ ထလိုက်သည်။ အနီးတွင် မည်သူမျှ မရှိပေ၊ လွန်ခဲ့သည့်ညက သေသေချာချာ မမြင်ရသည့်အိမ်ကို အခု ပြတ်ပြတ်သားသား တွေ့မြင်နေရပြီ။ သေးငယ်ကျဉ်းမြောင်းသည့် အခန်းထဲ၌ ခုတင်တစ်လုံး ချထားသည်။ ခုတင်ပေါ်၌ အိပ်ယာခင်းထားသည်။ အနီးတွင် ခုံတစ်ခုံရှိသည်။ ခုံပေါ်၌ စားစရာအသီး တင်ထားသည်။ နွားချေးကျံထားသည့် သန့်ပြန့်သော မြေညက်အခင်း။ အပြင်အဆင် အမွမ်းအမံမရှိသည့် နံရံများ။ ထောင့်တစ်ထောင့်၌ ခပ်ရှည်ရှည် ရေသဂေါင်းတစ်လုံးရှိသည်။ အဂ္ဂိဝမ္မာသည် အိပ်ရေးမဝသေးပေ၊ ပြန်အိပ်လိုသည့်ဆန္ဒ ရှိနေသည်။ သို့ရာတွင် တစ်စုံတစ်ခု ကို သတိရလာသကဲ့သို့ လူးလဲထလိုက်သည်။

ထို့နောက် အိမ်ပြင်ဘက် ထွက်လာသည်။ အပြင်ဘက်၌ လူတစ်ယောက်မှမရှိပေ။ ပိန္နဲပင်အောက်၌ အိုးခွက်လေးငါးလုံးကို တွေ့ရသည်။ ထို နေရာ၌ ညက မိန်းမ နှစ်ယောက်သုံးယောက် အလုပ်လုပ်နေကြသည်၊ ယခုမူ တိုးတန်းနှစ်ကောင် သုံးကောင်သာ တစ်စုံတစ်ခုကို ကောက်စားနေကြသည်။



ညောင်ပင်အောက်၌ အဖိုးအိုကိုလည်း မတွေ့ရတော့ပေ။ အနီး အနားရှိ အိမ်များမှာ တံခါး အလုံပိတ်ထားကြသည်။ အပြင်ဘက်တွင် ကျွဲ၊ နွားများ ကိုလည်း တစ်ကောင်တစ်လေမှပင် မတွေ့ရပေ။

အဂ္ဂိဝမ္မာသည် စိတ် စနိုးစနောင့်ဖြစ်လာသည်။ ခပ်လှမ်းလှမ်းသို့ ထွက်သည်။ ခပ်လှမ်းလှမ်းတွင်ရှိသော ရွာထဲ၌ ရုတ်ရုတ်သဲသဲ ဖြစ်နေသည်၊ ခုံမှုန့်များ ထနေသည်။ ဝင်းတံခါးဝ၌ ညက သူ့ကို ဟန့်တားသည့် ယခင် အစောင့်လုလင်ကိုလည်း မတွေ့ရပေ။ သူ မျက်လုံး မျက်ဆန် ပြူးလာသည်၊ ထွက်ပြေးသွားဖို့ရန် စိတ်ကူးလိုက်သေးသည်။ သို့ရာတွင် ဘာကို တွေးမိသည် မသိ၊ ထိန့်လန့်ကြောက်ရွံ့သည့်စိတ် ပေါ်လာပြီး အိမ်အတွင်း၊ ပြန်ဝင်သွားပြီး သွင် တံခါးအလုံပိတ်လိုက်လေသည်။

အချိန်မကြာလိုက်ပါ။ မြင်းခွာသံများကို ကြားလာရသည်၊ အဂ္ဂိဝမ္မာ သည် တံခါးကို ဖွင့်ကြည့်ရန် မဝံ့မရဲဖြစ်နေသည်၊ ပြတင်းပေါက်ကြားမှ တိုးဝင် လာသည့် အလင်းရောင်ဆီသို့ မမှိတ်မသုန်ကြည့်ရှုနေသည်၊ မြင်းခွာသံများ အနီးကပ်လာသည်။ အဂ္ဂိဝမ္မာသည် ကြောက်လွန်းလှသဖြင့် ပုန်းနေသည်။ မြင်းများမှာ အရေအတွက် မနည်းပေ။ မြင်းစီးတပ်သားများစွာတို့သည် သူနားလည်သည့် ဘာသာစကားဖြင့် တစ်ဦးနှင့်တစ်ဦး ဟစ်အော် ပြောဆို နေကြသည်၊ အပြင်သို့ ထွက်ကြည့်လိုသည့် ဆန္ဒပြင်းစွာ ပေါ်လာသည်၊ သို့ရာတွင် ထဖို့ရန်ပင် မဝံ့မရဲ ဖြစ်နေသည်၊ မြင်းစီးတပ်သားများ သူ့ကို ဖမ်းသွားမှာ စိုးရိမ်နေသည်၊

တံခါးကိုပင် ဖွင့်မကြည့်ပေ၊ မြင်းများသည် လာရာလမ်းဆီသို့ အဖြည်းဖြည်း ပြန်ထွက်ခွာသွားသည်၊ အဂ္ဂိဝမ္မာသည် တံခါးရွက်ပေါက်မှ ချောင်းကြည့်လိုက်သည်၊ မြင်းပေါ်တွင် တောင့်တင်းသန်မာသည့် မြင်းစီး တပ်သားများ ပါသွားသည်ကို တွေ့ရသည်၊ သူတို့၏ အဆင်အမြင်မှာ တစ်မျိုး ဖြစ်သည်၊ သူတို့နှင့်အတူ ရွာသူကြီးလည်း ကိုယ်ကို မတ်မတ်ထားပြီး လိုက်ပါ သွားသည်ကို တွေ့ရသည်။ ရွာသူကြီးသည် ရွာဝင်းတံခါးအထိ သူတို့နှင့်အတူ လိုက်ပါသွားသည်။ ထို့နောက် မြင်းစီးတပ်သားများသည် မြင်းကို အသော နှင်သွားကြသည်၊

အဂ္ဂိဝမ္မာသည် အိမ်အပြင်ဘက်ထွက်လာပြီး ပိန္နဲပင်တို့ ကိုမှီ၍ မြင်းစီးတပ်သားများ ထွက်ခွာသွားရာဘက် လှမ်းမျှော်ကြည့်နေသည်၊ မြင်း အစ်ထောင်ပေါ်၌ လူနှစ်ယောက်ကိုတွေ့ရသည်။ တစ်ယောက်မှာ မိန်းမ ဖြစ်ဟန်တူသည်၊ ထိုမိန်းမသည် မြင်းစီးတပ်သားလက်ထဲမှာ အထင်းရှုန်းကန်

www.burmeseclassic.com

www.burmeseclassic.com



ရင်း ဝယ်သံပါအောင် အော်သွားသည်၊ မြင်းစီးတပ်သားက သူ့ကို မြင်းဇက်ကြိုး ကိုင်ထားသည့်နည်းတူ မရုန်းနိုင်အောင် မြဲမြဲချုပ်ကိုင်ထားသည်၊

မေတ္တေယီကို တစ်ယောက်ယောက်က အတင်းဖမ်းဆီးခေါ်ဝင်သွား သည်ဟု အဂ္ဂိဝမ္မာ ထင်နေသည်၊ ထိုမိန်းမ၏ ပုံပန်းသဏ္ဍာန်သည် မေတ္တေယီ ၏ပုံသဏ္ဍာန်နှင့် တစ်ထေရာတည်းပင် ဖြစ်သည်၊ အဂ္ဂိဝမ္မာသည် ခြေနှစ်လှမ်းသုံး လှမ်းပင် ရှေ့သို့လှမ်းလိုက်သေးသည်၊ သို့ရာတွင် အဖိုးအိုရွာသူကြီးလာသည်ကို တွေ့ရသည်ဖြစ်၍ ခြေလှမ်းကို ချက်ချင်းရပ်တန့်ပစ်လိုက်သည်၊ ထိုအတော အတွင်း၌ အနီးအနားပတ်ဝန်းကျင်ရှိ အိမ်များတွင်လည်း တံခါးများ ပွင့်လာကြ သည်၊

မိန်းမများသည် သူတို့၏ နံနက်ခင်းလုပ်ငန်းဆောင်တာများကို စကြ သည်၊ ရွာတွင်းရှိအခြား လူငယ်များလည်း စုရုံးလာကြသည်၊ အဂ္ဂိဝမ္မာသည် သူအိပ်နေစဉ်က ရွာထဲ၌ အဖြစ်အပျက်တစ်ခု ထူးထူးခြားခြား ဖြစ်ပေါ်ခဲ့ ပေလိမ့်မည်ဟု သိရှိနားလည်သွားသည်၊ စုရုံးရောက်ရှိလာကြသည့် လူများ၏ မျက်နှာအနေအထားအရ ယင်းအချက်မှာ ထင်ရှားသိသာနေသည်၊

" ဒီကောင်တွေဟာ မင်းလူတွေ မဟုတ်လား "

အဖိုးအိုက အဂ္ဂိဝမ္မာ၏ ကျောကိုပုတ်ပြီး မေးလိုက်သည်၊ အဘိုးကြီး ၏အသံ၌ လွန်ခဲ့သည့်ညက အဂ္ဂိဝမ္မာအား ကြောက်ဖူးတုန်စေခဲ့သည့် လေးနက်မှု တင်းမာမှုမျိုးမရှိတော့ပေ၊

" မဟုတ်ပါဘူး၊ ကျွန်တော် ဒီလူတွေကို လုံးလုံးမသိဘူး " အဂ္ဂိဝမ္မာက ကြောက်ကြောက်ရွံ့ရွံ့နှင့် ပြန်ဖြေသည်၊

" ဒါပေမယ့် ဒီကောင်တွေဟာ မင်းတို့လူမျိုးတွေပဲ၊ ဒီကောင်တွေ ယဝနလူမျိုးတွေဆိုတာ မင်းမသိဘူးလား "

ရွာသူကြီးက သူ့မေးခွန်းကို ဒုတိယမ္ဘိ ထပ်မေးပြန်သည်၊ သို့ရာတွင် သူ၏မျက်လုံးက အဂ္ဂိဝမ္မာအပေါ်တွင် သံသယမရှိတော့ဘူးဆိုသည့် အချက်ကို ပြောပြနေသည်၊ သူ၏နှုတ်ခမ်းပေါ်၌လည်း အပြုံးရိပ်ကလေးပေါ်နေသည်၊

" ကျွန်တော်မသိပါဘူး၊ ကျွန်တော့်ကို ယုံကြည်စိတ်ချပါ၊ ကျွန်တော် ဒီလူတွေကို လုံးဝမသိပါဘူး၊ စစ်သားတွေနဲ့ ကျွန်တော် ဘယ်လိုအဆက်အသွယ် မျိုးမှ မရှိပါဘူး၊ ယုံကြည်စိတ်ချပါ " အဂ္ဂိဝမ္မာသည် လက်အုပ်ချီပြီး တောင်း တောင်းပန်ပန် ပြောပြသည်၊

" ငါတို့ ယုံကြည်စိတ်ချပါတယ်၊ ငါတို့ မင်းကို စစ်ဆေးစမ်းသပ်ကြည့် ပြီးပြီ၊ လာပါ သား . . . လာပါ "



ရွာသူကြီးသည် ချစ်ခင်ကြင်နာစွာဖြင့် အဂ္ဂိဝမ္မာ၏ ကျောကို သပ် သည်၊ ထို့နောက် ညောင်ပင်အောက် သွားထိုင်သည်၊ သူ၏ ပြောင်နေသော အသားအရေသည် နေရောင်တွင် တောက်နေသည်၊ မျက်လုံးကလည်း သတ်နေသည်၊ အသံ၌ကား ချစ်ခင်ကြင်နာသည့်အသံ ပေါ်နေသည်၊ အဂ္ဂိဝမ္မာ၏ ဂဏာမငြိမ် ဖြစ်နေသည့်စိတ်သည် အနည်ထိုင်သွားသည်၊ စစ်သားနှင့် မေတ္တေယီမြင်ကွင်းသည်လည်း သူ၏ အာရုံထဲမှ ပျောက်ကွယ် သွားသည်၊ မိမိကိုယ်ကို နှစ်သိမ့်အားပေးနေသည်၊ " မေတ္တေယီဟာ နာသိက ရွာက ဘယ်မှာ ဒီကိုရောက်လာနိုင်ပါ့မလဲ၊ သူ့ဖခင်က ဘုရင့် သစ္စာတော် ခံပဲ၊ မဟုတ်နိုင်ပါဘူး၊ ငါမျက်စိ အမှတ်မှားတာ ဖြစ်လိမ့်မယ် "

အနီး၌ ရှိနေကြသည့် လုလင်များကလည်း သူ့ကို ကြည့်နေကြသည်၊ သူတို့၏ အမူအရာ၌ ယမန်နေ့ညက တွေ့ကြုံခဲ့ရသည့် ခက်ထန်မာကြောမှုမျိုး မရှိတော့ပေ၊ သူတို့တတွေလည်း ရွာသူကြီးကဲ့သို့ပင် ရုတ်ချည်းပင် အမူအရာ ပြောင်းလဲသွားကြသည်၊ အဂ္ဂိဝမ္မာသည် ယင်းသို့ ရုတ်တရက် အပြောင်း အလဲဖြစ်သွားရခြင်း၏ အကြောင်းရင်းကို ရှင်းရှင်းလင်းလင်း ပြတ်ပြတ် သားသား မသိမမြင်ဘဲ ဖြစ်နေသည်၊

" ငါတို့ မင်းကို စစ်ဆေးစမ်းသပ်ကြည့်ပြီးပြီ "

ရွာသူကြီးက ပြောပြနေသည်၊ အဂ္ဂိဝမ္မာသည် ရွာသူကြီးကို အတဲ ခတ်သည့်အမူအရာဖြင့် ရပ်နေသည်၊ ရွာသူကြီးပြောပြသည့် စကား၏ အဓိပ္ပာယ်ကို မရှင်းမလင်းဖြစ်နေသည်၊ တခြားပုဂ္ဂိုလ်များ၏ မျက်နှာတို့ ကြည့်လိုက်သော်လည်း သူတို့လည်း အဓိပ္ပာယ်နားမလည်သည့် အမူအရာ ဆောင်နေသည်၊ ရွာသူကြီးက ပြုံးနေသည်၊

" အခုလို ကျွန်တော့်ကို တည်းခိုနေထိုင်ခွင့်ပေးတဲ့အတွက် ကျွန် တော် အများကြီး ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်ကို သွားခွင့်ပြုပါရင် . . . "

အဂ္ဂိဝမ္မာသည် သူ့ကို စမ်းသပ်စစ်ဆေးပြီးပြီဖြစ်၍ ထွက်ခွာသွားဖို့ ပြောနေသည်ဟု အောက်မေ့၍ ထိုရွာမှ ထွက်ခွာသွားခွင့်ကို တောင်းလိုက်ခြင်း ဖြစ်သည်၊ သို့ရာတွင် ပြောရင်းပြောရင်း သူ့စကားသည် တစ်ပိုင်းတစ်စနှင့်ရပ် သွားသည်၊ အကြောင်းမှုကား ရွာသူကြီးက ကြားဖြတ်ပြီး ပြောနေသောကြောင့် ဖြစ်သည်၊

" ဒီလိုဆိုရင် မင်းရှုပ်တု မထုလုပ်တော့ဘူးလား "

" ရုပ်တု . . . " အဂ္ဂိဝမ္မာက ရွာသူကြီး၏မေးခွန်းကိုပင် ထပ်ပြီး သံယောင်လိုက်မေးနေသည်၊

www.burmeseclassic.com

www.burmeseclassic.com



" တုတ်တယ်၊ ရုပ်တု၊ ရုပ်တု "

" အခါအခွင့်ရရင် ထုလုပ်ချင်ပါတယ် "

" အခါအခွင့် ဘာဖြစ်လို့ မရရမှာလဲ "

ရှာသူကြီးသည် ရှာဆီသို့ လှမ်းကြည့်လိုက်သည်။ မြင်းစီးတပ်သားများသည် အဝေးသို့ ရောက်သွားကြလေပြီ။ မြင်းခွာနင်းသဖြင့် လွင့်တက်လာကြသော ဖုံမှုန့်များသည်ပင် မိုးကုတ်စက်ဝိုင်းတွင် ပျောက်ကွယ်သွားကြလေပြီ။

" ဘကယ်လို့ မင်း ဒီမှာ နေချင်တဲ့ဆန္ဒရှိရင် စိတ်ချလက်ချ နေနိုင်တယ်၊ ကိုယ့်ဆီကို ဝင်ရောက် ခိုလှုံလာတဲ့လူကို ခိုလှုံခွင့် ပေးတာဟာ ငါတို့ရဲ့ အစဉ်အလာဖြစ်တယ်၊ ခိုလှုံဝင်ရောက်လာတဲ့ လူကို ဧည့်သည် အာဂန္တုလို ပြုစုရတာဟာ ငါတို့ရဲ့ တာဝန်ဝတ္တရားဖြစ်တယ်၊ တရားမွေ့ဖြစ်တယ်၊ ဒါပေမယ့် ဒီစစ်သားတွေက မင်းအကြောင်းဆို့ မေးလို့ရှိရင် ငါ အိတ်သွန်ဖာမှောက် သူတို့ကို ရှင်းလင်းပြောပြလိုက်ဖို့ ဆုံးဖြတ်ထားတယ်၊ ဒါပေမယ့် သူတို့ တစ်ခွန်း တစ်ပါဒမှ မမေးကြဘူး၊ အဲဒါကို တွေ့ရတော့ ငါ စိတ်ချသွားတယ်၊ အဲဒါထက်ပိုပြီး ဒိတ်ချသွားရတဲ့ အကြောင်းကတော့ မင်းတည်းခိုနေတဲ့အိမ်ရဲ့ တံခါးကိုဖွင့်ပြီး အစောင့်ကို တစ်ခြားဖယ်ထားပေမယ့် မင်းသူတို့ကို သွားမတွေ့ဘူး၊ အဲဒါကို တွေ့ရတော့ မင်း ဒီစစ်သားတွေနဲ့ ဘယ်လိုမှ အဆက်အသွယ်မရှိဘူးဆိုတာ ငါ စိတ်ချသွားတယ် "

ရှာသူကြီးသည် ယင်းသို့ပြောပြီး သူ့တပည့်လက်သားလုလင်များရှိရာသို့ လှမ်းကြည့်လိုက်သည်။ လုလင်များသည် အံ့အားသင့်နေကြတုန်းပင်။ ရှာသူကြီး၏ ဆိုလိုရင်းအဓိပ္ပာယ်ကို သဘောမပေါက်ကြသေးသည့်ပုံ ပေါ်နေသည်။ အဂ္ဂိဝမ္မာသည် သူအိပ်ပျော်နေစဉ် သူလုံးဝ မသိလိုက်ရဘဲ သူ့ကို စမ်းသပ်စစ်ဆေးပြီးသွားပြီ ဆိုသည့်အချက်ကို တအံ့တသြ ဖြစ်နေသည်။

" တဲ . . . ဘယ်လောက်မလုံခြုံ စိတ်မချရတဲ့ ပတ်ဝန်းကျင်အနေအထားမှာ ငါတို့ အသက်ရှင်နေကြရတယ်ဆိုတာ မင်းအခု သဘောပေါက်ပြီမဟုတ်လား၊ ဒီတိုင်းနိုင်ငံမှာ တိုင်းသူပြည်သားဆိုတာ ဘယ်လိုလုံခြုံမှုမျိုးမှလဲ မရှိဘူး၊ ဘုရင်တွေ ထီးနန်းကို မက်မောလွန်းအားကြီးတာနဲ့ တိုင်းသူပြည်သားတွေဒုက္ခရောက်နေကြရတယ်၊ ငါတို့လဲ ကိုယ့်နည်းကိုယ်ဟန်နဲ့ အသက်ရှင်နေထိုင်ခွင့်တော့ ရှိရမှာပေါ့ "

ရှာသူကြီးသည် တစ်စုံတစ်ခုကို တွေးတောစဉ်းစားပြီး တစ်စုံတစ်ခုကို ဆုံးဖြတ်ချက်ချလိုက်သည့် ပုံမျိုးဖြင့် ပြောပြနေသည်။

"စစ်သားတွေ ဘာကိစ္စနဲ့ ဒီကို လာကြတာလဲ" လူငယ်တစ်ဦးက



မေးမြန်းစုံစမ်းသည်။

" စစ်သားစုဆောင်းဖို့ လာတာတဲ့၊ ငါက ပြတ်ပြတ်သားသားပဲ ငြင်းလွှတ်လိုက်တယ်၊ ဘုရင်ရုဒ္ဒဒမနဟာ သာတဝါဟနမင်းဆက်ဘုရင်ကို တိုက်ခိုက်ဖို့ အကြံယူနေတယ်လို့ ငါသိရတယ်၊ သာတဝါဟနမင်းဆက်ဘုရင်ရဲ့ ကျေးဇူးခံ ကျေးဇူးစား ဖြစ်နေတဲ့ ဒီရွာကတော့ သာတဝါဟနမင်းဆက်ဘုရင်ကို တိုက်ခိုက်ဖို့ စစ်သားတစ်ယောက်လဲ မလွှတ်ဘူး၊ လက်နက်တစ်ခုလဲ မပေးဘူး၊ ဒါပေမယ့် အဲဒီလို ဘယ်နေ့ ဘယ်ရက်အထိ တင်းခံနေနိုင်မယ် မသိဘူး။ အချိန်အပိုင်းအခြားတော့ ရှိမှာပဲ၊ ဘာပဲဖြစ်ဖြစ် ငါအသက်နဲ့ကိုယ်ခန္ဓာ ဘည်မြဲနေသရွေ့တော့ ဘယ်တော့မှ သူတို့လိုဘာကို မဖြည့်ဘူး၊ သူတို့ ဘယ်လောက်ခြိမ်းခြောက် ခြိမ်းခြောက် ဘယ်လောက်အာဏာပြပြ၊ ငါ့အနေနဲ့ ငါ့ဆုံးဖြတ်ချက်ကို တစ်ရွေးသားမှ အပွန်းအပဲ့ မခံဘူး "

" တစ်ကယ်လို့ ဒင်းတို့တစ်တွေဟာ စစ်တပ်ကိုလွှတ်ပြီး ကျုပ်တို့ရွာဆို ချေမှုန်းဖျက်ဆီးပစ်မယ်ဆိုရင်ကော " ရှာသား အဖိုးကြီးတစ်ယောက်က တောက်ခါငင်ခါ မေးလိုက်သည်။

" အဲဒီလို မဖြစ်နိုင်ပါဘူး၊ ခင်ဗျားတို့ စိတ်အေးလက်အေး ထားပြီး တော့သာ နေကြပါ။ ဘုရင်ရုဒ္ဒဒမနဟာ သူ့မှာရှိတဲ့အားကို အကုန်သုံးပြီး သာတဝါဟနမင်းဆက်ဘုရင်ကို တိုက်ခိုက်ဖို့ စိုင်းပြင်းနေတယ်ဆိုရင် သူ့နိုင်ငံအတွင်းမှာ မငြိမ်မသက် ဖြစ်လာမှာကိုလဲ လိုလားမှာ မဟုတ်ဘူး၊ ပုန်ကန်ခြားနားမှု မီးတောက်မီးပွား ပေါ်လာမှာကိုလဲ လိုလားမှာ မဟုတ်ဘူး၊ ပြီးတော့ အကြောင်းကလဲ ကျုပ်တို့ရွာက နယ်စပ်မှာ ရှိနေတယ်။ ဒင်းတို့တစ်တွေဟာ သွယ်လင့်တကူ ကျုပ်တို့ကို အနှောင့်အယှက် မပေးနိုင်ဘူး၊ ကျုပ်တို့ရွာက ဗြာဟ္မဏရွာ မဟုတ်လား၊ သူတို့ရဲ့ စစ်သားတွေဟာ ဗြာဟ္မဏလူမျိုးကို သတ်ဖြတ်တဲ့ မကောင်းမှုကို ကျူးလွန်ရဲကြမှာ မဟုတ်ဘူး။ ထားပါတော့ ဘတယ်လို့ ကျုပ်တို့ကို မျိုးဖြုတ်ပစ်တဲ့အထိ လုပ်လဲပဲ ကျုပ်တို့တတော့ သာတဝါဟန မင်းဆက်ဘုရင်ကို တိုက်တဲ့နေရာမှာ ဘယ်တော့မှ ဝင်မပါဘူး၊ ဘာတွေ ဖြစ်လာမလဲဆိုတာတော့ စောင့်ကြည့်ရအုံးမယ်၊ ဒါပေမယ့် အခု ပြောခဲ့တာတွေထက်တော့ တစ်ပြားသားမှ အလျှော့မပေးဘူး "

ရှာသူကြီးသည် သူ့စကားကို ရပ်လိုက်သည်၊ သို့ရာတွင် အာခံ အရှိန်ပြေမသွားသေးသည်ဖြစ်၍ ဦးခေါင်းတလှုပ်လှုပ် တရမ်းရမ်းဖြစ်နေသည်။

အဂ္ဂိဝမ္မာသည် အိမ်များကို လှမ်းကြည့်လိုက်သည်၊ တံခါးများ ဖွင့်ထားကြသည်၊ တံခါးများ အဘယ်ကြောင့် စောစောတ အဖုံးပိတ်ထားကြသည်

www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်ကိုလည်းကောင်း၊ အဘယ်ကြောင့် တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်နေသည်ဆိုသည်ကိုလည်းကောင်း နားလည်သွားလေပြီ။

“ တစ်ခုရှိသေးတယ်. . . ” အဂ္ဂိဝမ္မာသည် တစ်စုံတစ်ခုကိုပြောဖို့ ဟန်ပြင်လိုက်သည်။

ထိုအခိုက် ရွာသူကြီးက ချက်ခြင်း သူ့ကို လှမ်းကြည့်ပြီး “ ပြောပါ. . ပြောပါ. . ဘာပြောချင်လို့လဲ ” ဟုမေးလိုက်သည်။

“ စစ်သားတွေဟာ မိန်းမတစ်ယောက်ကိုလဲ ဖမ်းလာကြတယ်ထင်တယ် ”

“ ဟုတ်တာပေါ့၊ ဘုရင့်စစ်သားမဟုတ်လား၊ သူတို့လုပ်ချင်တာလုပ်ကြတာပဲ၊ မိန်းမများရဲ့ ကာယိန္ဒြေဆိုတာတော့ ဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရပါပြီ” ရွာသူကြီးသည် လူငယ်များဘက်လှည့်ပြီး “ မင်းတို့တတွေရဲ့ တာဝန်ဝတ္တရားဟာ ဘယ်လောက် ကြီးမားတယ်ဆိုတာ မင်းတို့ အခု သဘောပေါက်ဖို့တော်ပြီ” ဟု ပြောလိုက်သည်။

ယင်းသို့ပြောပြီး ရွာသူကြီးသည် တစ်စုံတစ်ရာတွေးတောစဉ်းစားနေသည်။ ထိုနေရာ၌ စုရုံးရောက်ရှိနေကြသည့် လူများသည် တည်ငြိမ်ကျန်ရသည့် အမူအရာဖြင့် တစ်ဦးကိုတစ်ဦး ကြည့်နေကြသည်။ အားလုံးပင် နှုတ်ဆိတ်နေကြသည်။ ယင်းထူးခြားသည့် အချိန်သမယ၌ ဖြစ်ပျက်သော ယင်းအဖြစ်အပျက်မှာ အလွန်တရာ ထူးခြားသည့် အဖြစ်အပျက် ဖြစ်သည်။ သူတို့သည် မည်သို့မည်ပုံ ပြုလုပ်ဆောက်ရွက်ရမည်ဆိုသည်ကို မတွေးတတ်အောင် ဖြစ်နေကြသည်။

“ ဒါ စလုံးရေစ ရှိသေးတယ်လို့ ငါထင်တယ်။ တို့ရွာက လူငယ်တွေကို စစ်တပ်ထဲမလွှတ်သမျှ ရုဒ္ဒဒမနဘုရင်ရဲ့ လူတွေဟာ ငါတို့ရွာကို တလာထဲလာနေကြအုံးမှာပဲ။ ဒါပေမယ့် အခုအဆုံးအဖြတ်ဟာ ငါတို့ရဲ့ အပြီးသတ်အဆုံးဖြတ်ပဲ၊ သတိထားပြီးတော့သာ နေကြ။ အရေးကြုံလာရင်လဲ ဓွဲနဲ့၊ သတ္တိနဲ့ အလုပ်လုပ်ရမယ်ဆိုတာ မေ့မနေကြနဲ့ ”

ရွာသူကြီးသည် ယင်းသို့ပြောပြီး ထသည်။ ရွာသူကြီးထသည်ကို တွေ့ရသည့်အခါ အားလုံးပင် ကိုယ်လိုရာသို့ သွားကြသည်။ ပရိတ်သတ် စဲသွားသည်။

ယင်းအဖြစ်အပျက် ဖြစ်ပျက်သည်မှာ အဂ္ဂိဝမ္မာအတွက် အခွင့်ကောင်း ပေါ်လာခြင်းဖြစ်သည်။ သို့မဟုတ်ပါက သူ့ကံကြမ္မာ ဘာဖြစ်လာမည် မသိပေ။ အစပထမတွင် သူ ဤရွာ၌ ဆက်နေလိုသည့်ဆန္ဒ မရှိပေ။ သို့ရာတွင်



ရွာသူကြီး၏ တက်ကြွမှု၊ ရဲဝံ့မှု၊ တိကျပြတ်သားမှုတို့ကို တွေ့ရသည့်အခါ ဤရွာ အခွာပြီး သွားလိုစိတ် ပျောက်သွားသည်။ သူ့အကြောအချဉ်တွင်လည်း သဝနသွေး ရှိနေသည်။ သို့ရာတွင် ယင်းသွေးသည် မှန်တန်သော၊ ရဲဝံ့စွန့်စားရသော လုပ်ငန်းဆောင်တာများကို မျက်ကွယ်ပြုသည်အထိမူ ညစ်ကြေးစွန်းထင်းခြင်း မရှိသေးပေ။

အဂ္ဂိဝမ္မာသည် ယခုအထိ ပြေးနေသူဖြစ်သည်။ သောရဋ္ဌ၊ နာသိက၊ ဓေါ်ဒါဝရိတလျှောက်၌ ပြေးနေသူဖြစ်သည်။ သို့ရာတွင် ပြေးနေသူသည် ခရပ်တန့်ရတော့ဘူးလား။ ပြေးနေသူသည်လည်း ရပ်နားသည့်အခါရှိသည်။ “ ငါဒီရွာမှာ နေမလား ” နာသိက၊ မေတ္တောယီ၊ ရုပ်တု၊ သာတဝါဟန မင်းဆက်ဘုရင်၊ ပတိဌာန၊ အဂ္ဂိဝမ္မာ၊ ဓညကဋက အရာများစွာတို့သည် သူ့ရှေ့မှောက်တွင် လျှင်မြန်သော အရှိန်အဟုန်ဖြင့် စက်လည်နေသကဲ့သို့ လည်နေသည်။ သူ တစ်စုံတစ်ခု မဆုံးဖြတ်နိုင်အောင်ဖြစ်နေသည်။

“ သား ဒီလူငယ်ကို ရွာထဲလိုက်ပြလိုက်ပါ ” ရွာသူကြီးသည် သူ့သားတို့ အမိန့်ပေးလိုက်သည်။ “ သူ့အတွက် အစားအသောက်တို့ ဘာတို့လဲ စီစဉ်ပေးလိုက် ကြားလား ” ရွာသူကြီးသည် ချည်ထားသော သူ့နွားကို ကြည့်နေသည်။ အဂ္ဂိဝမ္မာသည် သူကြီးသားလုလင်နှင့်အတူ ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



( ၄ )

တောင်ကုန်းတစ်ခုပေါ်၌ တည်ထားသည့် ရွာဖြစ်သည်၊ ရွာသမိုင်းရှိသည်၊ တောင်ကုန်းပေါ်၌ ရွာပေါင်းများစွာ တည်ကြသည်၊ ယင်းရွာများသည် အကြိမ်များစွာ မြင်းခွာဖြင့် နင်းချေဖျက်ဆီးခြင်း ခံခဲ့ရသည်၊ ဤရွာကမူ ရပ်တည်နေနိုင်ခဲ့သည်၊ ရွာသူရွာသားများသည် မိမိတို့ရွာ ပျက်စီးမသွားအောင် ထိန်းထားနိုင်ကြသည်၊ ဤရွာကို တည်ထောင်ရာ၌ ရွာသူရွာသားများ၏ ဇွဲနှင့်လုံ့လဝီရိယသည် ထင်ရှားပြတ်သားနေသည်၊

အဂ္ဂိဝမ္မာကို ဆက်ဆံသည့် ရွာသူကြီး၏ ချစ်ခင်ကြင်နာမှုအပြည့်ရှိသော အပြုအမူများကို တွေ့ရသည့်အခါ တစ်ရွာလုံး၏ သဘောထားသည်လည်း ပြောင်းလဲသွားသည်၊ ဘယ်နေရာသွားသွား သူ့ကို ဖက်လဲတကင်း ဖြစ်ကြသည်၊ ပျူပျူငှာငှာ ဧည့်ခံကြသည်၊ တစ်ရွာလုံးက သူ့ကို ပျော်အောင်ထားကြသည်၊ သို့ရာတွင် သူကမူ ထိုရွာ၌ ပျော်လှသည်မရှိပေ၊ စိတ်မတည်မငြိမ် ဖြစ်နေသည်၊ အနာဂတ်သည် သူ့စိတ်ကို ဂဏာမငြိမ်အောင် ဖန်တီးနေသည်၊ ပြုံးရွှင်နေကြသည့် မျက်နှာများ၏အလယ်၌ သူ၏မျက်နှာသည် ညှိုးညှိုးငယ်ငယ် ဖြစ်နေသည်၊

ရွာသူကြီး၏ သားသည် အဂ္ဂိဝမ္မာကို အခြားတစ်ဦး၏လက်ထဲအပ်ပြီး သူကိုယ်တိုင်ကမူ အခြားကိစ္စတစ်ခုဖြင့် တစ်နေရာ ထွက်သွားသည်၊ ရွာသူကြီးသား၏ အမည်မှာ မနုဥယဟု ခေါ်သည်၊ တောင့်တင်းသန်မာသော လုလင်တစ်ဦးဖြစ်သည်၊ မနုဥယသည် သူ၏ဖခင်ကဲ့သို့ အဘယ်ကြောင့် အဂ္ဂိဝမ္မာကို ခင်ခင်မင်မင် မရှိသည် မသိပေ၊ သူ့ဖခင်က အဂ္ဂိဝမ္မာအပေါ် ထောက်ထားကြင်နာမှုပြနေ၍ သူ့အနေနှင့် ဖာသိဖာသာနေလိုက်ခြင်း ဖြစ်ဟန်တူသည်၊

ရွာမှာ မကြီးလှပေ၊ တည်ထောင်၍ပင် အပြီးမသတ်သေးပေ၊ အိမ်များ ဆောက်လက်စတန်းလန်း ရှိနေသေးသည်၊ နေရာပေါင်းများစွာ၌ ဆောက်လုပ်ထားကြသည်၊ အိမ်များမှာ ကြီးကြီးကျယ်ကျယ် မဟုတ်ပေ၊ တော်ရုံတန်ရုံ အိမ်များသာ ဖြစ်သည်၊ အမိုးမှာ သက်ငယ်အမိုး ကောက်ရိုးအမိုးများ ဖြစ်ကြသည်၊ ရွာသူရွာသားများသည် ညစ်ညစ်ပတ်ပတ် မနေကြပေ၊ သူတို့၏ အိမ်များကို သန့်ရှင်းအောင် လုပ်ထားကြသည်၊ မိန်းမများကလည်း တတပ်တအား ဝိုင်းဝန်းကူညီလုပ်ကြသည်၊ အဂ္ဂိဝမ္မာသည် ဧည့်သည် အာဂန္တုဖြစ်နေသဖြင့် ရွာသူရွာသားများအလယ်၌ လူထူးလူဆန်းသဖွယ် ဖြစ်နေသည်၊ သူကိုယ်တိုင်ကလည်း ဆွဲဆောင်မှုရှိနေသည်၊ သူ့ကို တွေ့ရသူမှန်သမျှ ဂရုစိုက်မကြည့်ဘဲ မနေပေ၊



လွန်ခဲ့သည့်ရက်က စစ်သားများလာရောက်ကြသည်၊ ရွာတွင် မှုတ်ရှုတ်သဲသဲ ဖြစ်သွားသည်၊ သို့ရာတွင် ရွာ၏အခြေအနေမှာမူ မည်သို့မျှ ပြောင်းလဲသွားခြင်းမရှိပေ၊ လူကြီးသူမများအနေနှင့်ကား စိုးရိမ်မကင်း ဖြစ်ကောင်းဖြစ်ကြပေလိမ့်မည်၊ သို့ရာတွင် လုပ်နေကျ အလုပ်အကိုင်များမှာမူ ဘာမှ ထိခိုက်ခြင်းမရှိပေ၊ အလုပ်ကို လုပ်မြဲလုပ်နေကြသည်၊ ဘေးအန္တရာယ်အကြောင်းကို စဉ်းစားပင် စဉ်းစားမိကြပုံ မပေါ်ပေ၊ ရွာသူရွာသားများ၏ ယင်းအခြေအနေကို တွေ့ရသည့်အခါ အဂ္ဂိဝမ္မာ အံ့သြသွားသည်၊

ရွာ၏မြောက်ဘက် ထောင့်တစ်ထောင့်၌ တောင်ကုန်း ပို့ပြီးမြင့်မားသွားသည့်နေရာတွင် ကျောက်တုံးကြီးများ ပုံထားသည်ကို တွေ့ရသည်၊ ထိုနေရာ၌ သစ်ပင်တစ်ပင်အောက်တွင် အဖိုးအိုတစ်ဦး ထိုင်နေသည်၊ လက်ထဲတွင် တောင်ဝှေးကိုင်ထားသည်၊ သူ့ရှေ့တွင်မူ လူပေါင်းများစွာတို့သည် အလုပ်ကိုယ်စီ လုပ်နေကြသည်၊ အချို့က ကျောက်တုံးများကို ထွင်းနေကြသည်၊ အချို့မှာ အုတ်ခဲထုနေကြသည်၊ အားလုံး အလုပ်ကိုယ်စီ လုပ်နေကြသည်၊ အဂ္ဂိဝမ္မာသည်လည်း စူးစမ်းလိုသည်နှင့် ထိုနေရာသို့ ရောက်လာသည်၊

“ ဒီမှာ ဘာလုပ်နေကြတာလဲ အဘ ” အဂ္ဂိဝမ္မာက အဖိုးအိုအား မေးလိုက်သည်၊

“ ဘုရားကျောင်းဆောက်မယ်လို့ ”

“ အရင်က ဒီနေရာမှာ ဘာရှိလဲ ”

“ အိမ်သေးသေးတစ်လုံးရှိတယ်၊ အဲဒီအိမ်မှာပဲ ပူဇော်ကြတယ် ဝတ်တက်ကြတယ်၊ စည်းဝေးသဘင်များလဲ အဲဒီအိမ်မှာပဲ ကျင်းပပြုလုပ်ကြတယ် အဲဒီအိမ်ကို ဟိုခွေးမသားစစ်သားတွေ ဖျက်ဆီးပစ်လိုက်ကြတယ် ဒီအိမ်လဲ ဒီပြင်အိမ်တွေလိုပဲလို့ သူတို့ မှတ်ကြတယ်ထင်တယ် ”

“ အခုတော့ ဒီမှာ အုတ်တွေ ကျောက်တွေနဲ့ အခိုင်အမာ ဆောက်တော့မလို့လား ”

“ ဟုတ်တယ်၊ ငါတို့ဘုရားကျောင်းကို မြင့်မြင့်ဆောက်ကြတာဟာ အုန္နဲ့ဒယ်နဲ့ အခိုင်အမာဆောက်ကြတာဟာ ဘုရားသခင် အအေးဒဏ်၊ အပူဒဏ် ခံနေရတဲ့အတွက်ကြောင့် မဟုတ်ဘူး၊ မြင့်မားတဲ့ ဘုံအထွတ်တွေ၊ ပြာသာဒ်တွေ ဆင်တာဟာလဲ ဘုရားသခင်ကို လူ့ယဉ်ကျေးမှုပြလိုတဲ့အတွက်ကြောင့် မဟုတ်ဘူး၊ ခေါင်းလောင်းထိုးတာဟာလဲ ဘုရားသခင် နားပင်းနေတဲ့အတွက်ကြောင့် မဟုတ်ဘူး၊ အဲဒါတွေဟာ ဘုရားကျောင်းကို ထူးခြားအောင် အခြားအဆောက်အအုံတွေနဲ့ မတူအောင် ပြုလုပ်ဖန်တီးထားတဲ့အရာတွေ ဖြစ်တယ်၊ အဲဒီအရာ

www.burmeseclassic.com



အစ္စတွေ အဆောင်အယောင်တွေဟာ လူတွေကို ငြိမ်းချမ်းမှုပေးနိုင်တဲ့ ကောင်းသောအနေအထားတစ်ခုကို ဖန်တီးပေးနိုင်တယ် "

အဖိုးအိုက ရှင်းလင်းပြောပြသည်။

" ဒါပေမယ့်. . ." အဂ္ဂိဝမ္မာတစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်သည်။ သို့ရာတွင် အဖိုးအိုက စကားကို ဆက်နေပြန်သည်ဖြစ်၍ အဂ္ဂိဝမ္မာ အသာနားထောင်နေရသည်။

" ဒါပေမယ့် ငါသိတာကတော့ လူဟာ ဘုရားသခင်အတွက် ဘုရားကျောင်းဆောက်တာ မဟုတ်ဘူး၊ ကိုယ့်အတွက် ဘုရားကျောင်းဆောက်တာ၊ အနုပညာကို တီထွင်ဖန်တီးတာ။ ဒီကမ္ဘာလောက တည်ဆောက်တဲ့ ပုဂ္ဂိုလ်ကို မိမိရဲ့ကည်ဆောက်မှု အပ်နှင်းတာ၊ ကြည်ညိုတဲ့စိတ်ဟာ အနုပညာကို အားပေးလှူဒါန်းမှုပြုတယ်၊ အင်း. . . အဲဒါထားပါဦး၊ မောင်က ဘယ်သူလဲ၊ ပြောပါဦး၊ မောင့်ကို ဒီမှာ တစ်ခါမှ မတွေ့ဘူးပါလား "

အဂ္ဂိဝမ္မာသည် ဆရာသမားအသစ်တစ်ဦးကို တွေ့ရဘိသကဲ့သို့ ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီးလျှင် အဖိုးအိုအား နှုတ်ဆက်ဟန်ဖြင့် ဦးတိုက်လိုက်သည်၊ အဖိုးအို ရှင်းလင်းပြောပြနေသည့် အချိန်အတွင်း အဂ္ဂိဝမ္မာသည် မှင်သက်နေမိသူပမာ ရပ်နားထောင်နေသည်။ မှားသောအားဖြင့် ဆိတ်ဆိတ်သာ နေလေ့ရှိသည့် အဘိုးအိုသည်လည်း အဂ္ဂိဝမ္မာအား အာသွက်လျှာသွက်နှင့် သူ့အယူအဆကို ရှင်းလင်းပြောပြနေသည်၊ ထိုအချိန်၌ အဖိုးဘိုသည် ဘုရားကျောင်းနှင့် ပတ်သက်ပြီး စဉ်းစားတွေးခေါ်နေဟန်တူသည်၊

အဂ္ဂိဝမ္မာက သူ့အကြောင်းကို ပြောပြသည်၊ အဂ္ဂိဝမ္မာ၏ဇစ်မြစ်ကို ကြားရသည့်အခါ ပထမတွင် အဖိုးအိုသည် မျက်မှောင်ကြုတ်လိုက်သည်၊ ထို့နောက်မှ တင်းမာနေသည့် မျက်နှာအမူအရာမှာ ရုတ်တရက် လျှော့သွားသည်။ အပြုံးရိပ်ကလေးပင် မျက်နှာတွင် မသိမသာ ပေါ်လာသည်။

" မင်းနာမည်ကတော့ ဟိန္ဒူလူမျိုးရဲ့ နာမည်ပါလား "

" အမေ အဖေပေးတဲ့ နာမည်ပါ " အဂ္ဂိဝမ္မာက ပြန်ဖြေလိုက်သည်၊ အဖိုးအို၏ အပြုံးသည် ဝါးလုံးကွဲအရယ်အဖြစ် ပြောင်းလဲသွားသည်။

" ဒီလိုဆို မင်းဟာ အနုပညာရှင် တစ်ယောက်ပေါ့ "

" ဟုတ်ပါတယ်၊ ကျွန်တော် အနုပညာရှင်တစ်ယောက်ဖြစ်ဖို့ ကြိုးစားနေတဲ့လူပါ။ မိမိစိတ်နှလုံးထဲက ခံစားချက်ရဲ့ ရုပ်ပုံသွင်ပြင်ကို ကျောက်တုံးမှာ မြင်နေပါတယ်၊ ဒါပေမယ့် တကယ်ရုပ်လုံးဖော်ကြည့်တော့ မရပါဘူး၊ ရသလောက်တော့ ရပါတယ်၊ ဒါပေမယ့် အဲဒီရသလောက်ရတဲ့ ရုပ်လုံးဟာ



ကျွန်တော့်ခံစားချက်ကို ကျပ်ပြည့် တင်းပြည့် ဖော်ထားတဲ့ ရုပ်လုံးဖြစ်မလာပါဘူး"

" မင်း ပညာသင်ကြားဆည်းပူးဖို့ လိုသေးတယ်၊ ဖွဲ့ရှိရင် အလေ့အကျင့်လုပ်ရင် အောင်မြင်မှု ရနိုင်ပါတယ်၊ မင်း ဒီရွာသားတော့ မဟုတ်နိုင်ဘူးလို့ သံသယဖြစ်နေတာ၊ အခုတော့ ငါသံသယဖြစ်တာ မှန်နေတာပေါ့၊ ငါလဲပဲ မင်းလိုပဲ တက်ရပ်တစ်ဂျေးက လူပါပဲ၊ နိုင်ငံတကာ၊ ဒေသတကာတို့ လှည့်လည်သွားလာနေတဲ့ လူဖြစ်တယ်၊ ဒီရွာက ရွာသူကြီးက ခေါ်တာနဲ့ ဒီကို ရောက်လာခဲ့တယ်။ အင်မတန်တော်တဲ့ ပုဂ္ဂိုလ်၊ သူ့ကို တွေ့ပြီးပြီလား "

" တွေ့ပြီးပါပြီ၊ သူပဲ ကျွန်တော့်ကို သူ့ဆီမှာ နေခိုင်းထားပါတယ်၊ ဒီလိုဆိုရင် အဘက ဘယ်အရပ်သားလဲ အဘ "

" ငါ့ဇာတိ ဒေသကတော့ ကလိင်၊ ငါက အရပ်တကာလှည့်နေတဲ့ ခရိုင်ဇ်တစ်ဦး၊ ငါ ဘုရားကျောင်းတွေ၊ နတ်ကွန်းနတ်ဗိမာန်တွေ ဆောက်တယ်၊ ဘုရားကျောင်းတွေ အများကြီးဆောက်ပြီးပြီ၊ ဘုရားကျောင်းတွေ၊ နတ်ကွန်းနတ်ဗိမာန်တွေကို ဘာဖြစ်လို့ တစ်ပုံစံတည်း ဆောက်တယ်လို့ ထင်သလဲ၊ လူတွေဟာ ဘယ်ဘုရားကျောင်း၊ ဘယ်နတ်ကွန်းကို ရောက်သွားရောက်သွား၊ ဘယ်နတ်ကွန်း၊ နတ်ဗိမာန်ကို ကြည့်ကြည့် မြင့်မြတ်စင်ကြယ်တဲ့ စိတ်ဓာတ်မျိုး တညီတညွတ်တည်း ပေါ်လာဖို့လိုတယ်၊ အဲဒီစိတ်ဓာတ်မျိုး ပေါ်လာစေလိုတဲ့ ရည်ရွယ်ချက်နဲ့ နတ်ကွန်း၊ နတ်ဗိမာန်တွေကို တစ်ပုံစံတည်းဖြစ်အောင် ဆောက်လုပ်ခဲ့တာ၊ အခုဆောက်နေတဲ့ ဘုရားကျောင်းဟာ ငါဆောက်တဲ့ နှစ်ဆယ်မြောက် ဘုရားကျောင်းပဲ "

" အခုလို ဘုရားကျောင်းတွေ ဆောက်တဲ့အခါမှာ ဘယ်နှစ်ရက် ဆောက်ကြာမှ အပြီးသတ်ပါသလဲ " အဂ္ဂိဝမ္မာက မေးမြန်းစုံစမ်းကြည့်လိုက်သည်၊

အဖိုးအိုသည် ပထမတွင် ရယ်လိုက်သည်။ နောက်မှ ပြုံးပြီးပြောသည်၊

" အတိအကျ ပြောလို့မဖြစ်ဘူး၊ နှစ်ပေါင်းများစွာ ကြာချင်လဲ ကြာတာပဲ၊ မင်းလဲ အနုပညာရှင်တစ်ယောက်ပဲ၊ ခန့်မှန်းကြည့်လို့ ရပါတယ်၊ အဲ မင်းနဲ့ငါ ထပ်တွေ့ကြသေးတာပေါ့၊ အခု အချိန်ကျပြီ၊ အလုပ်လုပ်တာတွေကို ကြည့်ပြီး ညွှန်ကြားပြောပြရဦးမယ် "

အဖိုးအိုသည် တောင်ဝှေး တဒေါက်ဒေါက်ထောက်ပြီး ထွက်သွားသည်၊ အဂ္ဂိဝမ္မာလည်း အဖိုးအို၏ နောက်က လိုက်သွားသည်။ အဖိုးအိုကို

www.burmeseclassic.com

www.burmeseclassic.com



သူ လေးစားကြည်ညိုနေသည်။ အဖိုးအိုထံမှ ခွဲခွာသွားလိုသည့် စိတ်ပင် ရှိတော့ဟန် မတူပေ။

" ဒီကျောက်တုံးတွေ ဘယ်က သယ်လာတာလဲ အဘ " အဂ္ဂိဝမ္မာက စုံစမ်းကြည့်ပြန်သည်။

" ရေအိုင်ကြီးအနားမှာ ကျင်းကြီးရှိတယ်၊ အဲဒီကျင်းကြီးထဲမှာ ဘုရားကျောင်းဆောက်ဖို့ ကောင်းတဲ့ကျောက်တုံး ကျောက်ခဲတွေ ရှိတယ် "

အဖိုးအိုသည် အဂ္ဂိဝမ္မာ၏ အမေးကို ဖြေရင်း ရှေ့သို့ လှမ်းသွားသည်။ သူတို့နှင့် ပါလာသူတစ်ဦးက ပြောသည်။ "လာ၊ ကျွန်တော်လိုက်ပြမယ်"

" အို. . . ကိစ္စမရှိပါဘူး၊ အခု ကျွန်တော် ရွာအကြောင်းကို သိပြီပဲ၊ လမ်းကိုသာ ပြလိုက်ပါ၊ ကျွန်တော် ကိုယ့်ဘာသာ သွားပါ့မယ် "

အဂ္ဂိဝမ္မာသည် ထိုလုလင်၏ ပခုံးကိုပုတ်ပြီး ပြောလိုက်သည်။ လုလင်သည် ရေအိုင်ကြီးရှိရာသို့ လက်ညှိုးညွှန်ပြလိုက်သည်။ လူပေါင်းများစွာတို့သည် ကြီးမားသည့် အညိုရောင်ကျောက်တုံးကြီးများကို သယ်နေကြသည်။ သန်မာထွားကျိုင်းသော ယောကျ်ားများသည် ကျောက်တုံးကြီးများကို သယ်ပြီး တောင်ကုန်းပေါ် တဖြည်းဖြည်းတက်နေကြသည်။ သူတို့ တစ်ကိုယ်လုံးတွင်လည်း ချွေးများ ရွှဲရွှဲစိုနေသည်။ သူတို့အားလုံးသည် ရွာသူရွာသားများ ဖြစ်ကြသည်။ အလုပ်သမားများ မဟုတ်ကြ၊ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဝိုင်းဝန်းလုပ်အားပေးပြီး ဘုရားကျောင်းဆောက်လုပ်ရာ၌ တစ်တပ်တစ်အား ပါဝင်ကူညီနေကြခြင်းသာ ဖြစ်သည်။

အဂ္ဂိဝမ္မာသည် တစ်စုံတစ်ရာကို စဉ်းစားဆင်ခြင်ပြီး တဖြည်းဖြည်း ရေအိုင်ကြီးရှိရာသို့ လျှောက်လာခဲ့သည်။ ရေအိုင်ကြီးသည် တောင်ကုန်း၏ အောက်ခြေ၌ ရှိသည်။ ဘေးပတ်လည်၌ ရွာများ၊ ဆီးပင်များရှိသည်။ ကျေးငှက်များ အော်မြည်သံကို အဝေးမှပင် ကြားနေရသည်။ ရွာ၏အလှပ အံသာယာဆုံးနေရာသည် ထိုနေရာပင် ဖြစ်ဖို့ရှိသည်။ ထိုနေရာမှစပြီး လယ်ယာမြေစသည်။ ထိုနေရာရှိမြေမှာ စိမ်းလန်းစိုပြည်လှသည်။ စိမ်းလန်းစိုပြည်သော လယ်ယာမြေတို့ ကျော်လွန်သွားသည့် နောက်တွင်ကား ခြောက်သွေ့ရောင်းနေသော မြေတိုသာတွေ့ရသည်။ ကျပ်တီးမြေဖြစ်၍ သီးနှံပင်များလည်း မဖြစ်ထွန်းတော့ပေ။

အဂ္ဂိဝမ္မာသည် တောင်ကုန်းအောက်ဘက် ဆင်းလာသည်။ သူ့ခြေထောက်အောက်ကမြေသည် နောက်ခံသမိုင်း ရှိနေသည့် မြေဖြစ်သည်။ ယင်းမြေပေါ်၌ တချိန်က သာတဝါဟန မင်းဆင်ဘုရင်များ၏ လျှပ်စီးကဲ့သို့ လျှင်



မြန်သော မြင်းများ ပြေးလွှားခဲ့ကြပြီး နောက်တစ်ချိန်၌ကား ရှုဒ္ဒဓမနဘုရင်၏ သေအဟုန်ကဲ့သို့ သွက်လက်သော မြင်းများ ကဆုန်ပေါက်ခဲ့ကြပေလိမ့်မည်။ ယင်းတောင်ကုန်းဒေသအတွက် လူပေါင်းများစွာ အသက်စတေးခဲ့ကြရပေလိမ့်မည်။ သို့ရာတွင် တောင်ကုန်းမြေကား ယင်းအဖြစ်အပျက်အားလုံးကို မေ့မေ့ပျောက်ပျောက် ဖြစ်ပြီး ငုပ်တုပ်ထိုင်နေသည့်အလား ထင်နေရသည်။ စကားမပြောတတ်သည့် ကြီးမားသော ရုပ်တုကြီးကဲ့သို့ ငုပ်တုပ်ထိုင်နေသည်။ အဂ္ဂိဝမ္မာသည် တောင်စဉ်ရေမရ စဉ်းစားစိတ်ကူးနေသည်။

" ဒီအဖိုးကြီးဟာ ငါ့ကို ဘာဖြစ်လို့ ဒါလောက် စိတ်ရှည်လက်ရှည် ရှင်းလင်းပြောပြသလဲမသိဘူး၊ ငါလဲ သူ့လိုပဲ ဒီရွာမှာ နေ့သည် အာဂန္တုတစ်ယောက် ဖြစ်တဲ့အတွက်ကြောင့် ဖြစ်တယ်ထင်တယ်။ ငါ့ကို ရုပ်တုလုပ်နိုင်းဖို့ ရွာသူကြီးကများ သူ့ကို ပြောထားသလား မသိဘူး၊ ဒါမှမဟုတ်ရင် သူဒါတို့ ဒါလောက် ချစ်ခင်ရင်းနှီးစွာနဲ့ ဒါလောက် အကျယ်တဝင့် ရှင်းလင်းပြောပြနေစရာ မလိုဘူး၊ မျက်ကွယ်အရာဝတ္ထုအတွက် စိတ်စောနေတဲ့ ဘုရားတရား ကြည်ညိုသူရဲ့ စိတ်နှလုံးဟာ တစိမ်းတရံစံတစ်ဦးကို မိမိ ချစ်မေတ္တာဖြင့် စေမ့်ထုံ မသွန်းလောင်းနိုင်ဘူးလား။ စိတ်သဘောထားမြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်ပုံရတယ်။ သူနဲ့ အသိအကျွမ်းဖြစ်ရတဲ့အတွက် ငါ့ကံကြမ္မာတို့ အများကြီး ကျေးဇူးတင်ထိုက်တယ်။

" ငါရုပ်တု ထုလုပ်နိုင်ပါ့မလား၊ ငါထုလုပ်တဲ့ ရုပ်တုဟာ ဘုရားသခင်တို့ ကိုယ်စားပြုနိုင်ပါ့မလား၊ ဘုရားတရားကြည်ညိုသူ၊ သဒ္ဓါပွားသူများရဲ့ အကြည်အညို အကန်တော့ခံ ဖြစ်နိုင်ပါ့မလား။ ဖြစ်နိုင်ဖို့ လမ်းမရှိဘူး၊ ငါ့ရုပ်တုတွေဟာ စကားမပြောကြဘူး၊ အသက်မရှိကြဘူး။ ငါ ရုပ်တုထုလုပ်မထားထုလုပ်နိုင်ပါ့မလား၊ ရုပ်တုဟာ အနုပညာလက်ရာဆိုတာတော့ မှန်တယ်။ ဒါပေမယ့် ကြည်ညိုမှု၊ သဒ္ဓါပွားများမှုကသာ ရုပ်တုထဲမှာ အသက်သွင်းပေးနိုင်တယ်။ ငါဟာ လုလင် အရွယ်မျှသာ ရှိသေးတယ်။ ငါ့မှာ ပျိုရွယ်သူတို့ရဲ့ ငါသနာစရိုက်ဖြစ်တဲ့ လောဘတွေရှိတယ်။ ကာမဂုဏ်ခံစားလိုတဲ့ စိတ်တွေရှိတယ်၊ လျှပ်ပေါ် လော်လည်ချင်တဲ့ စိတ်တွေရှိတယ်။ အဲဒီလိုဆိုရင် ငါ ရုပ်တု ထုလုပ်နိုင်ပါ့မလား။ ဒီမှာလဲ နာသိကမှာ ကြုံတွေ့ရတာမျိုး ကြုံတွေ့နေရအုံးမှာလား၊ မဖြစ်နိုင်ဘူး၊ အဲဒီလိုတော့ ဘယ်နည်းနဲ့မှ ဖြစ်နိုင်ဖို့ လမ်းမရှိဘူး "

အဂ္ဂိဝမ္မာသည် တောင်ကုန်းအောက်ခြေသို့ ပြေးသည်။ သူ့မှာတစ်ယောက် အသွင်ကဲ့သို့ ပြေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြေးရင်းပြေးရင်း ရေအိုင်ကြီးအနီး ရောက်သောအခါ နားလိုက်သည်။ ခြောက်သွေ့သော နေရာဖြစ်သည်၊ အနိမ့်ပိုင်း၌သာ ရေရှိသည်။ ရေအိုင်ကြီး၌ မြင့်မားသော လှေကားထစ်ကြီးများကို ပြုလုပ်ထားသည်။ နာသိကမြို့က ရေချိုးဆိပ်ကြီးများနှင့် အလားသဏ္ဌာန်တူသည်။ နေရာ အနည်းငယ်၌သာလျှင် စိမ်းလဲ့ကြည်လင်သောရေ တောက်ပနေသည်ကို တွေ့ရသည်။ ရွာထဲက မိန်းမများသည် ရေအိုးကို သယ်ဆောင်လျက် မာန်ပါပါ ခြေလှမ်းများဖြင့် ရေခပ်ရန် ထိုနေရာသို့ သွားကြလာကြသည်၊ ထိုမိန်းမများကို တွေ့ရသည့်အခါ အဂ္ဂိဝမ္မာသည် သူ၏ စရိုက်ဟောင်း အကျင့်ဟောင်းအတိုင်း ထိုနေရာရှိ ကျောက်တုံးတစ်ခုပေါ်၌ ထိုင်လိုက်သည်။

မိန်းမများသည် မိမိတို့အိမ်တွင် သောက်ဖို့သုံးဖို့အတွက် ရေလာခပ်ကြခြင်းဖြစ်သည်၊ သို့ရာတွင် ရေလာခပ်သည့် မိန်းမတိုင်း ရေတစ်အိုးကျစီ သယ်ပြီး အနီးအနားရှိ ခြုဥယျာဉ် သန့်စွမ်းရေးအတွက် ရေမြောင်းတစ်ခုထဲတွင် ရေခပ်လောင်းကြရန် ရွာသူကြီးက အမိန့်ပေးထားပုံရသည်၊ ဥယျာဉ်မှာကြီးကြီးမားမားတော့ မဟုတ်ပေ။ သစ်ပင်များ သိပ်သည်းထူထပ်စွာ ပေါက်နေသည်။ အရိပ်အာဝါသ အလွန်ကောင်းသည်။

အခြားတစ်ဖက်၌မူ လူနှစ်ဆယ်အစိတ် ကျောက်ကျောင်းကြီးထဲတွင် အလုပ်လုပ်နေကြသည်။ အဂ္ဂိဝမ္မာထိုင်နေသည့် နေရာမှာ ကုန်းမြင့်ဘက်တွင် ဖြစ်၍ အားလုံးကို အပေါ်မှ လှမ်းမြင်နေရသည်။ သို့ရာတွင် ခပ်လှမ်းလှမ်းမှ ကြည့်နေသဖြင့် မြင်ကွင်းမှာ ပြတ်ပြတ်သားသား မရှိလှပေ၊ လူတွေ အော်ဟစ်ဆူညံနေကြသည့်အသံကို ကြားနေရသည်၊ ဤနေရာသည် တောင်ကုန်းဒေသ ဖြစ်သည်၊ အပေါ်ပိုင်း၌ မြေဩဇာကောင်းသည့် မြေရှိသော်လည်း မြေကြီး၏ အောက်လွှာ၌မူ ကျောက်တုံးများလည်း ရှိသည်၊ ယင်းအချက်မှာ အဂ္ဂိဝမ္မာ အနေဖြင့် ရေအိုင်ကြီးထဲက ကျောက်တုံးများကို စုံစမ်းစစ်ဆေးကြည့်သဖြင့် သိရသည့် အချက်ဖြစ်သည်။

အဂ္ဂိဝမ္မာသည် ကျောက်ကျောင်းကြီးကို ကြည့်ရှုရန် တောင်ကုန်းပေါ်မှ ဆင်းလာခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ရေအိုင်ကြီးသို့ ရောက်သည့်အခါ တောင်တွေးမြောက်တွေး တွေးနေမိသည်၊ သူ့ကို တစ်စုံတစ်ခုသောအရာက ဤရွာ၌ နေရန် လှုံ့ဆော်နေသည်ဆိုလျှင် အခြားတစ်စုံတစ်ခုသောအရာက သူ့ကို အဝေးမှ လှမ်းခေါ်နေသည်ဟု ထင်နေရသည်။ နာသိကမြို့ကလည်း တစ်ချက်တစ်ချက် ဝင်နှောင့်နေသည်။ ဤရွာ၌ ရက်ရှည်လများ နေမည်ဆိုသည့် အချက်ကို အတိအကျ ဆုံးဖြတ်ချက်ချပြီးမှ ကျောက်ကျောင်းတို့ သွားရောက်လေ့လာ



…သည်ဖြစ်သည်၊ အဂ္ဂိဝမ္မာသည် ဝေခွဲမရ၍ အကြံအိုက်နေသည်။

ထို့နောက် အတန်ငယ်ကြာသောအခါ ထိုင်ရာမှထလိုက်ပြီး ဥယျာဉ်ဘက် ထွက်သွားသည်။ ထိုနေရာ၌ ကျေးငှက်တိရစ္ဆာန်မှတပါး အခြား မည်သူကိုမျှ မတွေ့ရ၍ စိတ်ချလက်ချ လျှောက်သွားသည်။ ဥယျာဉ်တံခါးဝ ရောက်သောအခါ ရုတ်တရက် ခြေလှမ်းရပ်သွားသည်၊ မမျှော်လင့်သည့် မြင်ကွင်းတစ်ခုကို သွားတွေ့သည်။ အဂ္ဂိဝမ္မာသည် မျက်စိကို တစ်ချက် မှိတ်ထားလိုက်သည်၊ ရွာသူကြီးသား ဓနဥ္စယသည် အချိုးအစား ပြေပြစ်လှပသည့် မိန်းမပျို တစ်ဦးနှင့် မေးကိုတို့ကာ တို့ကာနှင့် စကားနှီးနှောနေသည်။ နှစ်ဦးလုံးပင် ဆီးပင်အောက်က ချုံတစ်ခုထဲတွင် လဲလျောင်းနေကြသည်၊

အဂ္ဂိဝမ္မာ၏ ခြေသံကြားရသည့်အတွက် သူတို့နှစ်ဦး ကျီးကြည့်ကြောင်ကြည့် ဖြစ်သွားကြသည်၊ ဓနဥ္စယသည် အဂ္ဂိဝမ္မာကို မျက်နှာထားတင်းတင်းထားပြီး ကြည့်လိုက်သည်၊ ထို့နောက် မတ်တပ်ရပ်လိုက်သည်၊ သူ၏မျက်လုံးမှ မီးလျှံများ ထွက်နေသလားဟု အောက်မေ့ရသည်၊ အဂ္ဂိဝမ္မာသည် ဘာမှမပြောဘဲ နောက်ဘက်ပြန်လှည့်သည်၊ သစ်ပင် နှစ်ပင် သုံးပင်ကျော်သွားသောအခါ ကျောက်ကျောင်းရှိရာသို့ ပြေးထွက်သွားသည်၊ ဓနဥ္စယသူတို့ မျက်ခြေမပြတ်ကြည့်နေသည်၊ အဂ္ဂိဝမ္မာကမူ နောက်ဘက်ပြန်လှည့်ပြီး ကြည့်ပင် မကြည့်ဝံ့တော့ပေ။ နာသိကမြို့က ဘာသာရေး အစွဲအလမ်းကြီးသူများသည် သူ့နောက်လိုက်ပြီး ယခုထက်တိုင်ပင် ခမိုးရှာချကြတုန်းဝင် ရှိသေးသည်ဟု အထင်ရောက်နေသည်၊

www.burmeseclassic.com

www.burmeseclassic.com



( ၅ )

အဂ္ဂိဝမ္မာသည် စိတ်ဂနာမငြိမ် ဖြစ်နေသည်။ သူ့ကို တစ်ချိန်တည်း၌ အလိုဆန္ဒအမျိုးမျိုးသည် နေရာဌာနအသီးသီးမှ ဆွဲဆောင်နေကြသည်။ သူ၏စိတ်သည် ယခုညနေရာ၌ ရှိနေပြီး နောက်တစ်ချိန်တွင် တခြားနေရာ ရောက်ရှိသွားသည်။ တစ်စုံတစ်ခုကို ဆုံးဖြတ်ချက်မချနိုင်ဖြစ်နေသည်၊ ဇဝေဇဝါ မသေမချာ ဖြစ်နေသည်။

သူကြီးသား ငနဥယတို့ မိန်းမပျိုတစ်ဦးနှင့် တိတ်တဆိတ်ချိန်းတွေ့နေသည်ကို တွေ့ရသည့်အခါ သူလန့်သွားသည်။ ရွာသူကြီးအိမ်သို့ပင် ပြန်သွားလိုစိတ် မရှိတော့ပေ။ သူ့တွင် အပြစ်တစ်စုံတစ်ရာမရှိပေ။ သို့ရာတွင် ငနဥယသည် သူ့ကို ချမ်းသာပေးတော့မည် မဟုတ်ပေ။ အိမ်သို့မပြန်ဘဲ ညောကဋကမြို့သို့ တန်းသွားဖို့ပင် သူစိတ်ကူးလိုက်သေးသည်။ သို့ရာတွင် တစ်ခဏအတော အတွင်း၌ပင် စိတ်ရှုပ်တဲ့သို့ ရွာဘက်ပြန်လှည့်သွားသည်။

တဖြည်းဖြည်းလျှောက်လာရင်း ရွာသူကြီးအိမ် ရောက်လာသည်။ ရွာသူကြီးသည် ညောင်ပင်ရင်းရှိ ခုံပေါ်တွင် ထိုင်နေသည်။ ရွာသူကြီး၏အနီးတွင် ဘုရားကျောင်းတို့ ကြပ်မတ်ပြီး ဆောက်လုပ်နေသည့် အဘိုးအိုကိုလည်း တွေ့ရသည်။ အဂ္ဂိဝမ္မာသည် အဖိုးအိုနှစ်ယောက်ကို တွေ့ရသည့်အခါ လက်အုပ်ချီ နှုတ်ဆက်လိုက်သည်။

" ဘယ့်နှယ်လဲ ကျောက်ကျင်းကို မြင်ခဲ့ပြီလား " အဖိုးအိုက မေးလိုက်သည်။

" ဟုတ်ကဲ့ . . မြင်ခဲ့ပါတယ် "

" ကျောက်က နည်းနည်းတော့ ဆတ်တယ်၊ ဒါပေမယ့် သိပ်ကောင်းတယ်၊ ပွတ်တိုက်လိုက်မယ်ဆိုရင် ကျောက်သလင်းကိုတောင် ပြိုင်ရဲတယ်၊ သဘောကျခဲ့တယ် မဟုတ်လား "



" ဟုတ်ကဲ့ "

အမှန်မှာ အဂ္ဂိဝမ္မာသည် ကျောက်ကို စူးစမ်းလေ့လာခြင်း မပြုလုပ်ခဲ့ပေ။ သို့ရာတွင် အဖိုးအိုကို ယင်းသို့ ပြန်ပြောခြင်းမှတစ်ပါး အခြား မည်သို့ ပြန်ပြောမည်နည်း။

" အချိန်ကောင်းအခါကောင်းမှာ သား ငါတို့ဆီရောက်လာတယ်၊ ငါတို့ မင်းအကြောင်းကို ပြောနေကြတယ်၊ ပြောစမ်းပါဦး၊ တို့ရွာမှာနေရတာ ပျော်ရဲ့လား "

ရွာသူကြီးက မေးလိုက်သည်။

" ဟုတ်ကဲ့ "

" ဒါဖြင့် ဒီရွာမှာ နေမယ်မဟုတ်လား၊ မပျော်ဘူးဆိုရင် ပွင့်ပွင့်လင်းလင်း ပြောသာပြောနော် "

" ဟုတ်ကဲ့ "

အဂ္ဂိဝမ္မာသည် ဦးခေါင်းငိုက်စိုက်ချပြီး တွေးတောစဉ်းစားနေသည်။ တစ်စုံတစ်ခု ဆုံးဖြတ်ချက် မချမီအတွင်း သူ၏နှုတ်မှ ရုတ်တရက် "ဟုတ်ကဲ့" ဟု ထွက်သွားခြင်း ဖြစ်သည်။ " သား " ဟု ခေါ်လိုက်ခြင်းသည် သူ့အပေါ်တွင် ဩဇာအရှိန်အဝါ လွှမ်းမိုးသွားသည်၊ ယင်း ချိုသာအေးမြသည့် ဝေါဟာရစကားလုံးကို သူမကြားရသည်မှာ နှစ်ပေါင်းများစွာ ကြာသွားပြီ၊ ရွာသူကြီးသည် ဩဇာအရှိန်အဝါ ကြီးမားသည်။ သူ့စကားကို တွန်းလှန်ပယ်ဖျက်လိုက်ဖို့ မလွယ်ကူပေ။

" ဒီလိုဆိုရင် ရုပ်တုထုလုပ်တဲ့အလုပ်ကို စပေတော့၊ မင်း နေထိုင်စားသောက်ရေးအတွက် အစီအစဉ်လုပ်ဖို့ ငါ ငနဥယကို ပြောလိုက်မယ်၊ မင်းနေချင်တဲ့နေရာမှာ တဲကလေးအဆောက်ခိုင်း၊ အလုပ်လုပ်ဖို့ အလုပ်သမားတွေကို သဲ ငနဥယက စီစဉ်ပေးလိမ့်မယ်၊ သား ငနဥယကို ငါဆီလွှတ်လိုက်စမ်း "

အဂ္ဂိဝမ္မာသည် ရုတ်တရက် တွန့်သွားသည်။ ငနဥယထံသွားရန် ခဝံ့မရဲ ဖြစ်နေသည်။ သူ အိမ်ပြန်ရောက်လာပြီလား၊ ပြန်မရောက်သေးဘူးလားဆိုသည်ကိုလည်း မသိပေ၊ သို့ရာတွင် ရွာသူကြီး၏ အမိန့်ကိုလည်း မငြင်းဆန်ရဲ၍ အိမ်နောက်ဘက်သွားပြီး ငနဥယအကြောင်း မေးမြန်းစုံစမ်း ကြည့်သည်။ ငနဥယ အိမ်ပြန်ရောက်မလာသေးပေ။ အဂ္ဂိဝမ္မာ စိတ်သက်သာရာရသွားသည်။ ရွာသူကြီးထံ တစ်ဖန်ပြန်သွားပြီး " ငနဥယ အိမ်မှာမရှိဘူး " ဟု အကြောင်းကြားလိုက်သည်။

" ဘယ်သွားသလဲ " ရွာသူကြီးက မကျေမနပ်သည့် အဓူအနေဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။

" တျှန်တော်မသိပါဘူး "

" မင်းနဲ့အတူ ထည့်လိုက်တာပဲ၊ အတူပြန်မလာဘူးလား "

" ဟုတ်တဲ့၊ ပြန်မလာပါဘူး "

" ဒီကောင် အကျင့်တော်တော်ပျက်နေတယ်၊ အခုတလော ဒီကောင့်ကို ကြည့်လို့ကိုမရဘူး၊ ကဲ . . နေပေစေတော့ "

ရွာသူကြီးသည် အတော်မကျေမနပ်ဖြစ်နေပုံရသည်။ အနီးတွင် သူ့ခြေ့သည် အာဂန္တု အဖိုးအို ထိုင်နေသည်ဖြစ်၍ စိတ်ကို ထိန်းထားလိုက်ဟန်တူသည်၊ သို့မဟုတ်ပါက ဖေါသအိုးပေါက်ကွဲကောင်း ပေါက်ကွဲပေလိမ့်မည်။

အဂ္ဂိဝမ္မာသည် နောက်ဘက်အိမ်ထဲ ပြန်ဝင်မသွားတော့ပေ၊ ညောင်ပင်ကြီး၏ နောက်ဘက်အကွယ်တွင်သွားပြီး တစ်ယောက်တည်း တိတ်တဆိတ်ထိုင်နေသည်။ အဖိုးအိုနှစ်ဦးက သူ့ကို မမြင်ရပေ၊ ကွယ်နေသည်၊ သူကလည်း အဖိုးအိုနှစ်ဦးကို မမြင်ရပေ၊ ကြားထဲတွင် ကြီးမားလှသည့် သစ်ပင်ပင်စည်ကြီး ခြားနေသည်၊ ညောင်ပင်၏အနီးတွင် မြင့်မားသည့် ကောက်ရိုးပုံကြီးတစ်ပုံလည်းရှိသည်၊ ချည်ထားသည့်နွားသည် ထိုကောက်ရိုးပုံမှ ကောက်ရိုးကို ဆွဲဆွဲယူပြီး စားနေသည်၊

" သူငယ်ကြည့်ရတာ အလားအလာရှိပုံရတယ် " အဖိုးအိုက ပြောလိုက်သည်။

လူချင်း တစ်ဦးနှင့်တစ်ဦး မမြင်ရသော်လည်း ပြောသည့်အသံကိုမူ ကြားနေရသည်၊ အဂ္ဂိဝမ္မာသည် အဖိုးအိုက သူ့ကို ရည်ညွှန်းပြီး ပြောသည်ဆိုသည်ကို သိသည်ဖြစ်၍ နားစွင့်နေသည်၊

" သူ့ကို အလုပ်လုပ်နိုင်းကြည့်ပြီးပြီလား " ရွာသူကြီးက မေးလိုက်သည်၊

" အလုပ်တော့ လုပ်နိုင်းမကြည့်ရသေးဘူး၊ ရုပ်တုတစ်ခုနှစ်ခု ထုခိုင်းကြည့်ရဦးမယ်၊ လက်ရာမဆိုးဘူးဆိုရင်တော့ သူထုလုပ်တဲ့ ရုပ်တုတွေကို ဘုရားကျောင်းမှာ ထားမယ်လို့ ရည်ရွယ်ထားတယ်၊ သူ့ကို အခွင့်အရေးပေးပြီးတော့ ကြည့်ရမယ် "

" ဆရာကြီးပြောတာ မှန်ပါတယ် "

" ဒီအရွယ်မှာ ဘာမဆို တတ်သိနားလည်ထားပြီး ဖြစ်ဖို့မလိုပါဘူး၊ တတ်သိနားလည်ထားပြီးလဲ မဖြစ်နိုင်ဘူး၊ တတ်သိနားလည်လိုတဲ့ ဆန္ဒနဲ့ လုံ့လဝီရိယစိုက်ထုတ်ပြီး အလုပ်လုပ်တယ်ဆိုရင်ပဲ လုံလောက်ပါပြီ၊ ကျုပ် ဒီလူငယ်နဲ့



စကားပြောကြည့်ပြီးပါပြီ၊ တတ်သိနားလည်လိုတဲ့ဆန္ဒ သူ့မှာ အများကြီးရှိတာတွေ့ရတယ်၊ ဒါပေမယ့် အခုနေအခါမှာ သူ ပညာပြည့်ဝနေပြီလို့တော့ ပြောလို့ရသေးဘူး၊ သူ့အများကြီး အလားအလာရှိတယ်၊ သင်ရင် အများကြီး တတ်သိနားလည်နိုင်တယ်၊ ကျုပ်လဲ ရှိနေတာပဲ၊ ကျုပ် သူ့ကို အကူအညီ အစွမ်းကုန်ပေးနိုင်တယ် "

အဖိုးအိုပြောပြနေစဉ် ခဏ၌ အဂ္ဂိဝမ္မာသည် ထူးထူးခြားခြား စိတ်အားထက်သန်နေသည်။

" မှန်ပါတယ်၊ ဆရာကြီးပြောတာ သဘာဝကျပါတယ် "

" ရုပ်တုထုလုပ်တယ်ဆိုတာ လွယ်တာမဟုတ်ဘူး၊ အချိန်အများကြီးပေးရတယ်၊ အသက်မရှိတဲ့ ကျောက်တုံးကို အသက်ရှိလာအောင် လုပ်ပေးရတဲ့အလုပ်ဖြစ်တယ်၊ ဘုရားကျောင်းကို အကြိမ်များစွာ ဆောက်လုပ်လို့ ရပေမယ့် ရုပ်တုဆိုတာကတော့ စိတ်ရှိတိုင်း ထထုလုပ်လို့ရတာမျိုး မဟုတ်ဘူး၊ ဒါကြောင့်မို့ အခုတစပြီး အလုပ်စရင် ကောင်းလိမ့်မယ်ထင်တယ် "

" ဟုတ်ပါတယ်၊ အစီအစဉ်လုပ်ဖို့ ပြောထားပြီးပါပြီ၊ ကျုပ်တစ်ခု စဉ်းစားမိတယ်၊ ဒီလူငယ်ဟာ လက်ရာတော်တဲ့ အနုပညာရှင်တစ်ယောက် ဟုတ်သလား၊ မဟုတ်ဘူးလားဆိုတာ ကျုပ် နားမလည်ပါဘူး၊ ဒါပေမယ့် အခုနေ အချိန်အခါမှာ လက်ရာတော်တဲ့ အနုပညာရှင်တွေကို ရဖို့ဆိုတာ မလွယ်ပါဘူး၊ စစ်ဖြစ်နေတဲ့အချိန် မဟုတ်လား၊ ဘယ်နေရာမဆို မငြိမ်မသက်ဖြစ်နေတယ်၊ ရှဒ္ဒရဒမန ဘုရင်ဟာ အနုပညာရှင်တွေကို ဆန်းဆန်းပြားပြားအလုပ်တွေ လုပ်ခိုင်းနေတယ်၊ အနုပညာရှင်တွေ အခု သိပ်ရှားနေတယ် ကျုပ်တို့ဆီမှာ ငွေကြေးခနလဲ ဒါလောက်ရှိတာ မဟုတ်ဘူး၊ ဆရာကြီးပြောတဲ့အတိုင်း လုပ်ပါ့မယ်၊ ဆရာကြီးရှိနေရင်တော့ ဒါလောက် စိတ်ပူစရာ မရှိဘူးထင်ပါတယ် "

" ဟုတ်ပါတယ်၊ စိတ်မပူပါနဲ့၊ စိတ်ချလက်ချသာနေပါ "

ရွာသူကြီးနှင့် အဖိုးအိုသည် အတန်ကြာစွာ စကားမပြောဘဲ တိတ်ဆိတ်နေကြသည်။ ထို့နောက် အဖိုးအို ထသွားသည်၊ အဂ္ဂိဝမ္မာသည် စိတ်ပေါ့ပါးသွက်လက်သွားသည့်အလား ဟိုဟိုသည်သည် လှည့်လည်သွားလာနေသည်။ သူကိုယ်တိုင် အဆုံးအဖြတ် မပေးနိုင်သည့်အချက်ကို လူကြီးသူများက ဆုံးဖြတ်ပေးလိုက်သည်၊ ထိတ်လန့်စိုးရွံ့နေသည့်စိတ်တား သူ့တွင် သည်ထက်တိုင် ပျောက်မသွားသေးပေ၊ လွတ်လွတ်လပ်လပ် အလုပ်လုပ်ကိုင်ခွင့်ရတော့မည်ဆိုသည့် အကြောင်းကို သိရသည့်အတွက်လည်း အေးချမ်းသွား၊

www.burmeseclassic.com

www.burmeseclassic.com



နေသည်၊ အဖိုးအို ဆရာကြီးထံမှလည်း အတူအညီရတော့မည်၊ သူ့အနေဖြင့် ညောမျှားစွာ တတ်သိနားလည်နိုင်စရာ အကြောင်းရှိနေသည်၊

လျှောက်သွားရင်း လျှောက်သွားရင်းနှင့် အဂ္ဂိဝမ္မာသည် ရွာဝင်တံခါးဆီ ရောက်သွားသည်၊ ဝင်းတံခါးပေါ်တွင် လက်တင်ပြီး ရွာပြင်ဘက် ငေးကြည့်နေသည်၊ နွားများသည် ရွာဘက် ပြန်လာကြသည်၊ နွားများ၏ နောက်တွင် နွားကျောင်းသားများ လိုက်လာကြသည်၊ နွားများသွားသည့်လမ်း၌ ဖုံတထောင်းထောင်း ထနေသည်၊ ဦးခေါင်းပေါ်တွင် ရေအိုးရွက်ထားသည့် မိန်းမများလည်း မိမိတို့အိမ်ရှိရာသို့ ပြန်လာကြသည်၊

အဂ္ဂိဝမ္မာသည် ယင်းမြင်ကွင်းများကို ရပ်ကြည့်နေသည်၊ ထို့နောက် မကြာမီက ဓနဥ္စယနှင့် ပလူးပလဲလုပ်နေသည်ကို သူတွေ့ခဲ့ရသည့် မိန်းမပျိုလည်း ထိုနေရာမှပင် ဖြတ်ပြန်လာသည်၊ ထိုမိန်းမပျိုကို တွေ့မြင်ရသည့်အခါ ရှတ်တရက် မျက်နှာလွှဲပြီး အိမ်ဘက်ပြန်လှည့်လာသည်၊ ထိုမိန်းမပျိုကမူ သူ့ကိုကြည့်ပြီး ပြုံးပြသွားသည်၊

ထို့နောက် ဓနဥ္စယသည် ပြုံးရွှင်သော မျက်နှာဖြင့် တုတ်ကိုဝှေ့ကာ ဝှေ့ကာ ပြန်လာသည်၊ ဓနဥ္စယရွာတွင်း ဝင်လာချိန်၌ အဂ္ဂိဝမ္မာသည် နွားချည်ထားသည့်နေရာ ရောက်နေပြီ၊ ထိုနေရာ၌ ရွာသူကြီးထိုင်နေသည်၊ ငြိမ်ချက်သားကောင်းလှသည်၊ တစ်စုံတစ်ရာကို တွေးတောစဉ်းစားနေပုံရသည်၊

ဓနဥ္စယကို တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် ရွာသူကြီး ရှတ်တရက် ထလိုက်သည်၊

" မင်း ခုမှပြန်လာသလား၊ ဟိုသူငယ်ပြန်လာတာ ဘယ်လောက်ကြာပြီလဲ၊ မင်း ဘာလုပ်နေတာလဲ " ရွာသူကြီးက မျက်နှာထားနှင့် မေးလိုက်သည်၊

" ကျွန်တော် ဥယျာဉ်ထဲသွားနေတယ် "

ဓနဥ္စယက အဂ္ဂိဝမ္မာကို မျက်စောင်းထိုးကြည့်လိုက်သည်၊ အဂ္ဂိဝမ္မာက နွားပေါက်ကလေးကျောကို သပ်ပေးနေသည်၊

" မင်း . . မရှက်ဘူးလား၊ ငါက စည့်သည်ကို ရွာထဲလိုက်ပြဖို့ ခိုင်းလိုက်တယ်၊ မင်းက ငါခိုင်းတာကို မလုပ်ဘဲနဲ့ ရွာရိုး လျှောက်လည်နေတယ်၊ ဥယျာဉ်ထဲ ဘာသွားလုပ်နေရတာလဲ၊ အိမ်မှာ လုပ်စရာမရှိလို့လား၊ မင်း အကြောင်း ငါအားလုံးသိတယ်၊ မင်း သတိထားနေပါ၊ သွား . . . နွားတွေကို ကြည့် နေရာချထားလိုက် "

ရွာသူကြီးသည် သူ့သားကို အတော်ကလေး ဆူပူကြိမ်းမောင်းလိုက်သည်၊



ဓနဥ္စယ အိမ်နောက်ဖေးထွက်သွားသည်၊ အဂ္ဂိဝမ္မာကမူ စည့်ရိပ်သာဆီ သွားရပ်နေသည်၊ ပို့ပြီး အာယိတ်တာလန့်ဖြစ်နေသည်၊ သူ့ ဟိုမီး ရှိုမီး လုပ်သောကြောင့်သာ ဖခင်က ဆူပူကြိမ်းမောင်းသည်ဟု ဓနဥ္စယ အမှတ်မှားသွားတော့မည်၊ ယင်းသို့တွေးပြီး စိုးရိမ်မကင်းဖြစ်နေသည်၊

ဓနဥ္စယသည် အဂ္ဂိဝမ္မာကို မျက်စောင်းထိုးကြည့်ပြီး အနီးမှဖြတ်သွားသည်၊ မျက်လုံးလည်း ရဲရဲတောက်နေသည်၊ သူ့အမူအရာကို ကြည့်ခြင်းအားဖြင့် " ဒီကောင်ကြောင့် ငါအကြိမ်းခံရတာ " ဟု အခဲမကျေ ဖြစ်နေပုံရသည်၊ အတယ်၍ အဂ္ဂိဝမ္မာသာ ရှိမနေလျှင် သူ့ဖခင်ကို တစ်နည်းတစ်လမ်း လှည့်ပတ်ပြောမှာ သေချာသည်၊ ယခုမူ အခဲမကျေသည့် မျက်နှာထားဖြင့်သာလျှင် နွားများဆီထွက်သွားသည်၊ အဂ္ဂိဝမ္မာလည်း စည့်ရိပ်သာထဲဝင်ပြီး တစ်ဦးတည်း ရှတ်နှာ မကြည်မသာနှင့် ထိုင်နေသည်၊

www.burmeseclassic.com

www.burmeseclassic.com



## ( ၆ )

ဝါခေါင်လ အချိန်ကာလဖြစ်သည်။ တစ်ချိန်လုံးလိုလို မိုးသားတိမ်လိပ်များ ညို့မှိုင်း အုံ့ဆိုင်းနေသည်။ သည်းသည်းမည်းမည်း ရွာသည့်အခါ ရွာလိုက်၊ ဖွဲဖွဲကလေးရွာသည့်အခါ ရွာလိုက်နှင့် မိုးသည် အဆက်မပြတ် ရွာသွန်းနေသည်။ မိုးတောင်းကင်သည် အောက်သို့ နိမ့်ကျလာလိုက်၊ အထက်သို့ မြင့်တက်သွားလိုက် ဖြစ်နေသည်။ သာယာစိုပြည်သော ရာသီဥတုဖြစ်သည်။ စိမ်းလန်းသော စပါးပင်များသည် ယိမ်းနွဲ့လှုပ်ရှားနေကြသည်။ နေရာအနှံ့အပြားတွင် အိုင်များထွန်းနေသည်။ ချောင်းများ၊ မြောင်းများ ရေပြည့်နေသည်။ ကျောက်ကျင်းကြီးထဲတွင်လည်း ရေတင်နေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး အနားယူနေသည်၊ အပန်းဖြေနေသည်။

မိုးရွာသွန်းသောကြောင့် ဘုရားကျောင်းဆောက်သည့် အလုပ်ကိုဝင်ရပ်နားထားကြရသည်။ နံရံများမှာ မြင့်တက်နေကြပြီ၊ အမိုးအောက်တွင်လည်း ကျောက်တုံးကျောက်ခဲ အသစ်များကို မံပြီး အင်္ဂတေကျံပြီးလေပြီ။ သို့ရာတွင် မိုးအဆက်မပြတ် ရွာသွန်းနေသည်ဖြစ်၍ ဘုရားကျောင်း ဆောက်သည့်အလုပ်ကို လုပ်လက်စ တန်းလန်းရပ်ထားရသည်။ မိုးဥတုကာလ မိုးများသည့်အချိန်၌ အလုပ်သမားများ အလုပ်ခွင်လာရောက်ဖို့ မလွယ်ကူပေ။

အဂ္ဂိဝမ္မာအတွက် နေစရာ စီမံပေးထားသည်။ တောင်ကုန်းပေါ်၌ သစ်ပင်များ၏ အရိပ်အာဝါသအောက်တွင် အဂ္ဂိဝမ္မာအတွက် တဲတစ်လုံး ဆောက်ပေးထားသည်။ သူ့တဲဘေးတွင် အဖိုးအိုလည်း တဲတစ်လုံးထိုးပြီး တစ်ကိုယ်တည်း နေထိုင်သည်။ အဂ္ဂိဝမ္မာ၏ တဲထဲတွင် ကျောက်တုံးများကိုလည်း စုပုံပေးထားသည်။ သူနှင့်အတူတတွ အလုပ်သမားသုံးလေးယောက် အမြဲလိုလိုပင် ရှိနေသည်။

မနဥ္စယသည် ဖခင်၏ တာဝန်ပေးချက်အရ အဂ္ဂိဝမ္မာထံ မကြာခဏ လာရောက်လေ့ရှိသည်။ သူ၏အလုပ်မှာ အဂ္ဂိဝမ္မာ၏ နေထိုင်စားသောက်ရေး



အဆင်ပြေ မပြေ ကြည့်ရှုအကဲခတ်ရန် ဖြစ်သည်။ သို့ရာတွင် မနဥ္စယနှင့် အဂ္ဂိဝမ္မာတို့သည် တစ်ယောက်နှင့် တစ်ယောက် ပက်ပင်းတွေ့ကြသော်လည်း စကားကို ဟက်ဟက်ပက်ပက် မပြောကြပေ။ သူတို့နှစ်ဦး၏အကြားတွင် အဘယ့်ကြောင့် ဤမျှ ကွာဟမှု ရှိနေသည်မသိပေ။

မနဥ္စယသည် ရွာထဲတွင် ဂိုဏ်းဖွဲ့ထားသည်၊ အုပ်စုစုထားသည်။ သူကြီးသားဖြစ်သည့်အတွက် သူ့ဩဇာသည် လူငယ်များစွာ၏အပေါ်တွင် စူးရှနေသည်။ သူ မျက်ရိပ်တစ်ချက်ပြလိုက်သည်နှင့် သူ့အလိုကျ လိုက်လုပ်မည့် လူငယ်များမှာ အရေအတွက် မနည်းပေ။ တစ်ခါသော် အဂ္ဂိဝမ္မာသည် တောင်ကုန်းပေါ်မှ ကျောက်ကျင်းဘက် ဆင်းလာသည်။ ထိုအခိုက် တစ်စုံတစ်ဦးက ခပ်လှမ်းလှမ်းမှ သူ့ကို ကျောက်ခဲဖြင့် လှမ်းပစ်လိုက်သည်။ သူ့အနား အနီးကပ်မှ ကျောက်ခဲရှပ်သွားသည်။ သီသီကလေး လွတ်သွားသည်။ အဂ္ဂိဝမ္မာ ထိတ်ထိတ်ပြာပြာ ဖြစ်သွားသည်။ မနဥ္စယ၏ နောက်လိုက်များထဲက တစ်ယောက်ယောက်၏ လက်ချက်ပင် ဖြစ်လိမ့်မည်ဟု သူ သံသယဝင်လာသည်။

တစ်ကြိမ်တွင် အဂ္ဂိဝမ္မာသည် ရွာထဲ ဖြတ်သွားသည်။ သူ့ရှေ့တွင် မိန်းမပျိုတစ်သိုက် ရေအိုးကိုယ်စီရွက်ပြီး ရေအိုင်ကြီးဆီ ဦးတည်သွားနေကြသည်၊ အဂ္ဂိဝမ္မာသည် မိန်းမပျိုတစ်သိုက်ကို စူးစူးစိုက်စိုက် လှမ်းကြည့်လိုက်သည်၊ ယင်းအခွင့်ကောင်းကို ချောင်းနေသည့်ပမာ မနဥ္စယသည် အိမ်တစ်အိမ်ထဲက ဖြုန်းကနဲ ထွက်လာသည်။ သူနှင့်အတူ သူ့အဖော်သုံးလေးယောက်လည်း ပါလာသည်။ သူတို့ အဂ္ဂိဝမ္မာကို ပြောင်လှောင်ကြသည်။ မိန်းမပျို များက နောက်ပြန်လှည့်ပြီး အဂ္ဂိဝမ္မာကို ကြည့်ကြသည်။ အဂ္ဂိဝမ္မာသည် ကြောက်လည်းကြောက်၊ ရှက်လည်းရှက်သွားသည်။ မျက်လုံးပြူးမျက်ဆံပြူးနှင့် ဟိုဟိုသည်သည် လှမ်းကြည့်သည်။ မနဥ္စယတို့ လူသိုက်တအားတိုက် မရပ်သေးပေ။ အဂ္ဂိဝမ္မာသည် သုတ်ခြေတင်ပြီး တစ်နေရာ ထွက်သွားသည်။ ရွာသူကြီးထံသို့လည်း သွားမတိုင်ဝံ့ပေ။ ကြိတ်မှိတ်၍သာ သည်းခံနေရရှာသည်။

အဂ္ဂိဝမ္မာအား လူစွမ်းကောင်းတစ်ယောက်ဟု မဆိုနိုင်ပေ။ ချစ်သူမတွေ့ယံကြောင့် နာသိကမြို့တွင် ကြုံခဲ့ရသည့် အတွေ့အကြုံကို ပြန်ပြောင်းသတိရလိုက်ရုံဖြင့်ပင် သူ ကျောချမ်းသွားသည်။ အလားတူအဖြစ်မျိုး တစ်ခါ ကြုံရပြန်ပါက ထွက်ပေါက်ပြေးပေါက် ရှာကောင်း ရှာလိမ့်မည်။ မိမိကိုယ်နှင့်သာ သူ တိုက်ပွဲဝင်လိုသည်။ သူတစ်ပါးနှင့် ရန်မဖွားလိုပေ၊ အေးအေးဆေးဆေး ငြိမ်ငြိမ်ဆိမ်ဆိမ် နေရသည်ကိုသာလျှင် ကျေနပ်နှစ်သက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ၌မူ ထိုရွာ၌ အဂ္ဂိဝမ္မာအဖို့ အလုပ်ကိုလည်း စတင်လုပ်ကိုင်နေရပြီ၊ မေတ္တေယျိ၏ ဖခင်ထံမှ မရဘူးသည့် အကူအညီမျိုးကိုပင် ယခုအခါ၌ အဖိုးအိုထံမှ ရနေပြီ၊ မေတ္တေယျိဖခင်၏ တစ်ခုတည်းသော သင်ကြားချက်မှာ ဆရာသမားလုပ်သလို လိုက်လုပ်ရန်ဖြစ်သည်၊ ယင်းသင်ကြားချက်အရ တပည့်တစ်ဦးသည် ဆရာသမားလုပ်သလို လိုက်လုပ်တတ်သည်ကား မှန်သည်၊ သို့ရာတွင် မိမိ၏ အစွမ်းအစ လွတ်လွတ်လပ်လပ်ပြည့်ပြည့်ဝဝ ကြီးပွားတိုးတက်ခွင့်ကို ရနိုင်ဖို့ရန်မှာ လမ်းမရှိပေ၊ ယခု အဖိုးအိုကမူ အကြံဉာဏ်ပေးရုံသာပေးသည်၊ ပုံကြမ်းလောက်ကိုသာ ညွှန်ပြသည်၊ အဂ္ဂိဝမ္မာသည် မိမိကိုယ်စွမ်း ကိုယ်စ မိမိနည်း မိမိဟန်ဖြင့်သာလျှင် ရုပ်တုကို ထုလုပ်ရသည်၊

အဂ္ဂိဝမ္မာသည် အလုပ်ကို စတင်လုပ်နေပြီ ဖြစ်သော်လည်း အလုပ်တွင်ကျယ်မှုကား မရှိပေ၊ ရုပ်တုပေါင်းများစွာမှာ အပြီးမသတ်ဘဲ တပိုင်းတစ်စသာ ရှိနေကြသည်၊ အချို့မှာ လက်ကိုသာ ထုလုပ်ထားခြင်းရှိပြီး အချို့မှာမူ ခြေထောက်ပိုင်းကိုသာ ထုလုပ်ထားသည်၊ ဟိုနေရာ သည်နေရာတွင် ကျောက်များကို ဖြတ်တောက်ခွဲစိတ်ထားသည်၊ ပန်းပုဆရာ၊ ပန်းတမော့ဆရာ အဂ္ဂိဝမ္မာသည် ကျောက်တုံးတိုင်းတွင် ရုပ်တုရုပ်လုံးတစ်စုံတစ်ခု မပီမသ မြင်နေရသည်၊ စူးဆောက်၏ အကူအညီဖြင့် ယင်းရုပ်တုရုပ်လုံးကို ကျောက်တုံး တစ်ခုတွင် ရှာဖွေကြည့်သည်၊ ယင်းကျောက်တုံးတွင် တစ်စုံတစ်ခု ပေါ်လာသည့်အခါ သူအားရသည်၊ အခြားကျောက်တုံးတစ်ခုဆီ ရောက်သွားပြန်သည်၊ ပထမအလုပ်ကို တစ်ပိုင်းတစ်စနှင့် ထားခဲ့ပြီး ဒုတိယအလုပ်ကို စပြန်သည်၊ အလုပ်တစ်ခုကို တစ်သမတ်တည်း စူးစိုက်ပြီး လုပ်လိုသည့်ဆန္ဒ မရှိပေ၊ စိတ်မပျံ့လွင့်အောင် ကြိုးစားပြီး ထိန်းသော်လည်း ခဏသာခံသည်၊ မကြာမီ စိတ်မတည်မငြိမ် ဖြစ်လာသည်၊ ငယ်စဉ်က အထုံပါသည့် ဝါသနာကို ဖျောက်ပစ်လိုက်ဖို့ရန် မလွယ်ပေ၊

အလုပ်ထိုင်လုပ်ပြီး ဖင်မှ မနွေးသေးမီ အလုပ်လုပ်ရသည်ကို ငြီးငွေ့လာသည်၊ အလုပ်ကိုထားခဲ့ပြီး စိတ်ဖြေလက်ပျောက် လမ်းလျှောက်ထွက်သည်၊ ကျောက်တျင်းဆီသွားသည့်အခါ သွားသည်၊ ရေအိုင်ကြီးရှိရာ သွားသည့်အခါ သွားသည်၊ ဥယျာဉ်ကို နောက်ခိုင်းပြီး အဝေးတွင်ရှိသော မိုးကုတ်စက်ဝိုင်းကို လှမ်းမျှော်ကြည့်နေသည့်အခါ ကြည့်သည်၊ သူ့တွင် အဖော်အပေါင်း သူငယ်ချင်းမိတ်ဆွေလည်း မရှိပေ၊ ရွာရှိ သက်တူရွယ်တူများမှာ အားလုံးလိုလိုပင် မနဥ္စယ၏ ဘက်တော်သားများသာ ဖြစ်ကြသည်၊ သူ့ကိုမူ ဝိုင်းပယ်ထားကြသည်၊ အပေါင်းအသင်း မလုပ်ကြပေ၊ လူငယ်များက ကြဉ်ထားသည့်



အတွက် လူကြီးများကို အဖော်လုပ်ရအောင်လည်း လူကြီးများနှင့် ဘယ်လောက်အချိန်ကြာကြာ အတူတွဲနေနိုင်မည်နည်း၊ ရွာသူကြီးသည် တခါတရံ သူ့ထံရောက်လာတတ်သည်၊ စကားစမြည် ပြောတတ်သည်၊ သို့သော်လည်း လေးငါးရက်လောက်ကြာမှ တစ်ခါ အနိုင်နိုင် ရောက်လာတတ်သည်၊

ရွာထဲတွင် စိုပြည်စိမ်းလန်းနေသည်၊ မိုးရာသီ၏ တန်ခိုးအာနိသင်ကြောင့် ဖြစ်ဟန်တူသည်၊ ရုဒ္ဒဒမနဘုရင်က သာတဝါဟနမင်းဆက်ဘုရင်တို့ တစ်ကြိမ် အနိုင်တိုက်လိုက်ပြန်ပြီ၊ စစ်မပြေငြိမ်းသေးပေ၊ စေ့စပ်ဆွေးနွေးနေတုန်းပင် ရှိသေးသည်၊ အချို့နေရာများတွင် စစ်တိုက်နေဆဲပင် ရှိသေးသည်ဟု ကြားနေရသည်၊ သို့ရာတွင် စစ်၏ ထိတ်လန့်ကြောက်ရွံ့ဖွယ်တို့မူ မည်သည့်နေရာတွင်မှ မတွေ့ရတော့ပေ၊ စစ်သားများလည်း အလာကျဲသွားပြီ၊ ရွာသူကြီးသည် ယင်းပြောင်းလဲနေသည့် အခြေအနေကို သံသယမကင်း ဖြစ်နေသည်၊ ရွာသူရွာသားများကမူ ပျော်ရွှင်နေကြသည်၊ စိတ် စနိုးစနောင့် ဖြစ်မနေကြပေ၊

အပတ်တိုင်းတွင် ပျော်ပွဲရွှင်ပွဲအစီအစဉ် ရှိသည်၊ ရေအိုင်ကြီးအနီးတွင် ကပွဲလုပ်သည့်အခါ လုပ်သည်၊ တောင်ကုန်းပေါ်တွင်လည်းကောင်း၊ ဘုရားကျောင်းဝင်းထဲတွင်လည်းကောင်း ပြဇာတ်ကသည့်အခါ ကသည်၊ သို့မဟုတ်လျှင်လည်း ရွာသူ မိန်းမပျိုများသည် သီချင်းဂီတများကို သံပြိုင်သီဆိုဖျော်ဖြေကြသည်၊ လယ်ယာထဲတွင် အလုပ်လုပ်စရာ မရှိလှ၍ ထစ်ခနဲဆိုလျှင် လူ စုလာသည်သာ များသည်၊

ယနေ့ မနဥ္စယ၏ ဦးလေးသည် ဥယျာဉ်ထဲတွင် ရွာသူရွာသားများအား ထမင်းစားပွဲ တည်ခင်းကျွေးမွေးသည်၊ သူ့သမီး လက်ထပ်မင်္ဂလာပွဲ အထိမ်းအမှတ်ဖြင့် တည်ခင်းကျွေးမွေးသည့် ထမင်းစားပွဲ ဖြစ်သည်၊ ရွာသူကြီး၏ ညီဖြစ်သည့်အတွက် ရွာတွင် သူ၏ဩဇာအရှိန်အဝါလည်း မသေးပေ၊ ရွာမှာ ဗြာဟ္မဏလူမျိုးတို့၏ ရွာဖြစ်သည်၊ ရွာသူရွာသားများကလည်း တစ်ဦးနှင့်တစ်ဦး တစ်နည်းမဟုတ်တစ်နည်း ဆက်စပ်နေကြသည်ဖြစ်၍ ရွာသူရွာသားများကို အားလုံး ထမင်းစားပွဲ ဖိတ်ကြားထားသည်၊ ထိုအဖိုးအို ဆရာကြီးနှင့် အဂ္ဂိဝမ္မာတို့ကိုလည်း ဖိတ်ထားသည်၊

အနီးအနားရွာမှ သီချင်းသည်နှင့် ကချေသည်များကိုလည်း ထိုပွဲအတွက် ငှားရမ်းခေါ်ငင်ထားသည်၊ ရွာခံ မိန်းမပျိုများလည်း ပွဲသဘင်၌ စုဝေးရောက်ရှိနေကြသည်၊ အနီးအနားရွာများမှ ရွာသူရွာသားများလည်း ထိုပွဲသဘင်သို့ လာရောက်ကြသည်၊ ယင်းပွဲသဘင်သည် ရွာ၏အ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ခုဖြစ်၍ အထူးပင် စည်ကားသည်။ ရွာသူကြီးသည် သစ်ပင်တစ်ပင်အောက်ရှိ ခုံတစ်ခုပေါ်တွင် ထိုင်နေသည်။ သူ့ညီလည်း သူနှင့်အတူ ရှိနေသည်။ သူ့ညီသည် အရွယ်ကောင်းစဉ်က သာတဝါဟနမင်းဆက်ဘုရင်၏ လက်အောက်ခံဘုရင်ခံတစ်ဦး၏ နန်းတော်၌ ပုရောဟိတ်အဖြစ် အမှုထမ်းခဲ့ဖူးသည်ဟု သိရသည်။

ထိုစဉ်က သူကြီးညီသည် ပစ္စည်းဥစ္စာ အမြောက်အမြား စုဆောင်းမိသည်။ ထို့နောက် သာတဝါဟနမင်းဆက်ဘုရင်ခေတ် မှိန်လာသည်။ သာတဝါဟနမင်းဆက်ဘုရင်သည် တစ်မြို့တစ်ရွာ တထီးတနန်းတွင် စိတ်ချလက်ချ မနေနိုင်တော့ပေ။ ရုဒ္ဒဒမန ဘုရင်စစ်တပ်၏ ထိုးနှက်တိုက်ခိုက်ခြင်းကို နေ့ရှိသမျှ တွန်းလှန်ခုခံနေရရှာသည်။ ရွာသူကြီး၏ ညီဖြစ်သူလည်း ဘုရင့်နန်းတော်၌ ဆက်လက်မနေတော့ဘဲ ပုရောဟိတ်ရာထူးကို စွန့်လျက် ကိုယ့်ရွာ ကိုယ်ပြန်လာပြီး အခြေစိုက်နေသည်။ သူ့တွင် မြေယာအမြောက်အမြားရှိသည်။ လယ်ယာလုပ်ငန်းကို အင်တိုက်အားတိုက် လုပ်ကိုင်နေသူဖြစ်သည်။

အဂ္ဂိဝမ္မာကို ရွာသူကြီး၏အနီးတွင် နေရာပေးထားသည်။ ခနဥ္စယသည်း ထိုနေရာ၌ပင် ရပ်နေသည်။ အဂ္ဂိဝမ္မာ ထိုရွာသို့ ရောက်လာသည်မှာ နေ့ရက်များစွာ ကြာသွားပြီ။ ရွာသူရွာသားအားလုံးလိုလိုပင် သူ့ကို သိကြသည်။ သူတမူ ရွာသူရွာသားများထဲက သိသူနည်းသည်။ ရွာမှာ နေရင်းနေရင်းနှင့် ရွာသူကြီးအပေါ် ကြည်ညိုလေးစားသည့်စိတ် တိုးတက်ကြီးထွားလာသည်။ ရွာသူကြီး၏ သိက္ခာသမာဓိသည် သူ့ ပေါ်တွင် ဩဇာအရှိန်အဝါ လွှမ်းမိုးနေသည်။ ရွာသူကြီးသည် သူ့အတွက် နတ်ဒေဝတာနှင့် မခြားပေ။ နတ်ဒေဝတာကို အဝေးမှသာ ပူဇော်ဦးတိုက်ရသည်။ အနီးသို့ ရောက်လာသောအခါ မဝံ့မရဲ ဖြစ်နေတတ်သည်။ ခနဥ္စယတို့ ရန်ညှိုးထားခြင်းသည်လည်း သူ့အတွက် ကောင်းကျိုးမဖြစ်နိုင်ဟု တွက်ထားသည်။

အဂ္ဂိဝမ္မာသည် ရွာသူကြီးအနား သွားထိုင်သည်။ အဂ္ဂိဝမ္မာ သူ့ဖခင်အနား လာထိုင်သည်ကို တွေ့ရသည့်အခါ ခနဥ္စယသည် တစ်နေရာ ရှောင်ထွက်သွားသည်။ ရွာသူကြီးက မေးလိုက်သည်။

" ဘယ်နှယ့်လဲသား၊ အလုပ်လုပ်တာ အဆင်ပြေရဲ့လား "

" ဟုတ်ကဲ့၊ အဆင်ပြေပါတယ် "

" တော်တော် ပြီးပြီလား "

အဂ္ဂိဝမ္မာသည် ဦးခေါင်းငုံ့ပြီး လက်နှက်ဖက်ကို ပွတ်နေသည်။ ရွာသူကြီးက ပြောပြန်၏။



" လူတွေမှာ အကျင့်တစ်ခုရှိတယ်၊ ကိုယ့်မှာ လုပ်စရာတွေ အများကြီးရှိနေရင် အလုပ်လုပ်လို့ သိပ်မပြီးတော့ဘူး။ အလုပ်တိုင်း အလုပ်တိုင်းက သူ့ကို ဆွဲဆောင်ပေမယ့် အလုပ်တစ်ခုခုကတော့ သူ့ကို အာရုံစူးစိုက်လာအောင် ဆောင်နိုင်ဘူး။ အနုပညာနဲ့ ပတ်သက်လာရင် ဇွဲရှိဖို့၊ သမာဓိရှိဖို့ အင်မတန် လိုတယ်။ အနုပညာလောက် ဇွဲရှိဖို့၊ သမာဓိရှိဖို့ဆိုတာ တခြားဘယ်အရာမှာ မရှိဘူး။ ဟုတ်တယ် မဟုတ်လားသား၊ ဘယ်လိုသဘောရသလဲ၊

ရွာသူကြီးသည် အဂ္ဂိဝမ္မာ၏ ကျောကိုသပ်ပြီး မေးလိုက်သည်။

အဂ္ဂိဝမ္မာသည် ရှက်ရွံ့သဖြင့် နှုတ်ပိတ်နေသည်။ နှုတ်ပိတ်မနေ၍ ဘာပြန်ပြောမည်နည်း။ ရွာသူကြီးက အမှန်တရားကို ပြောပြနေသည် မဟုတ်လား။

" ဒီလိုဆိုရင် အတော်တော့ လုပ်လို့ပြီးရောပေါ့ " ရွာသူကြီးက ပြုံးပြီး မေးလိုက်ပြန်သည်။

အဂ္ဂိဝမ္မာကလည်း ပြုံးနေသည်။

" ဟုတ်တာပေါ့၊ စတာတွေကတော့ အတော်ပဲ စပြီးပြီဆိုပါတော့၊ ရုပ်တုဆိုတာ ခုထလုပ် ခုပြီးတာမျိုးမှ မဟုတ်ဘဲ၊ စလုပ်တယ်ဆိုရင် အပြီးတော့ မသတ်ဘဲ နေမှာမဟုတ်ဘူး၊ ဟုတ်တယ် မဟုတ်လား သား "

အဂ္ဂိဝမ္မာ ဘာမှ ပြန်မပြောပေ။ နှုတ်ပိတ်နေသည်။ တစ်စုံတစ်ဦးက သူ့ကို ဘေးကျပ်နံကျပ်ဖြစ်အောင် လုပ်ချင်နေသည်ဟု ထင်နေသည်။ သက်ပြင်းကိုသာ အရှည်ကြီးချချနေသည်။

" ကိစ္စမရှိပါဘူး၊ အနုပညာသည်တွေဆိုတာ တစ်ဦးနဲ့တစ်ဦး တူကြတာမဟုတ်ဘူး၊ တချို့က အလုပ်တစ်ခုကို အစသတ်ပြီးမှ နောက်တစ်ခုကိုင်တယ်၊ တစ်ချို့ကတော့ တစ်ပြိုင်တည်း တစ်ချိန်တည်းမှာ အလုပ်တွေ အများကြီးလုပ်တယ်၊ ကိုယ့်နည်းကိုယ့်ဟန်နဲ့ လုပ်ကြတာချည်းပါပဲ "

အဖိုးအိုသည် အဂ္ဂိဝမ္မာကို ကြည့်နေသည်။ အဂ္ဂိဝမ္မာက ခပ်လှမ်းလှမ်းတွင်ရှိသည့် မိန်းမပျိုတစ်သိုက်ကို လှမ်းကြည့်နေသည်။ မိန်းမပျိုများသည် တဖို့အတွက် ခြေထောက်တွင် ခြေကျဉ်း ဝတ်ဆင်နေကြသည်။

" လူငယ်လူရွယ် မဟုတ်လား၊ အဆင်မပြေမှာတော့ ပူစရာမရှိပါ မတော့ပါဘူး၊ ခုခေတ် လူငယ်လူရွယ်တွေဟာ ဒီလိုချည်းပါပဲ " ရွာသူကြီးက ပြောလိုက်သည်။

ရွာသူကြီးသည် စကားကို အပြီးသတ်လိုပုံ မရသေး။ သို့ရာတွင် ထိုအတောအတွင်းမှာပင် ဗုံတီးသံ စကြားလာရသည်။ သီချင်းသည်များက

www.burmeseclassic.com

www.burmeseclassic.com



လည်း သီချင်း စတင်သီဆိုကြသည်။ ကချေသည်များကလည်း အကစကြသည်။ ယင်းကဲ့သို့သော ပွဲလမ်းသဘင်များ၌ ရွာသူရွာသားများသည် တစ်ဦးနှင့်တစ်ဦး အဆင့်အတန်း ခွဲခြားမှုမရှိဘဲ ပါဝင်ဆင်နွှဲကြသည်။ မိန်းမယောကျ်ားအားလုံးပင် သူထက်ငါ ပျော်ရွှင်နေကြသည်။

လုလင်များသည် လုံမပျိုများ၏ လက်ကိုကိုင်ပြီး ကကြသည်။ သစ်ပင်အောက်တွင် လုလင်နှင့် လုံမပျိုများသည် အစုလိုက် အပြုံလိုက် ကနေကြသည်။ မနဥ္စယလည်း တစ်ခါတုန်းက ဤဥယျာဉ်ထဲတွင် ချစ်တင်းနှီးနှောခဲ့သည့် မိန်းမပျိုနှင့် အတူတွဲပြီး ကနေသည်။ နေရာကွယ်နေသည့်အတွက် သူဖခင်တမူ သူတို့အတွဲကို လှမ်းမမြင်ရပေ။ အဂ္ဂိဝမ္မာ မျက်နှာမထားတတ်အောင်ဖြစ်လာ၍ ထပြီး နောက်ဘက်တွင် ရပ်နေသည်။ အနီး၌ပင် စားဖွယ် သောက်ဖွယ်များကို ချက်ပြုတ်ကြော်လှော်နေကြသည်။ အနံ့တသင်းသင်း ထွက်နေသည်။ အစားအသောက် ချက်ပြုတ်ကြော်လှော်နေသည့် နေရာဘက် ထွက်သွားမည်လုပ်စဉ် ဆိုင်းသံဗုံသံ ဆူညံလာပြန်သည်။ လုလင်ပျို လုံမပျို အတွဲများသည် ဝိုင်းပတ်ပြီး ကနေကြသည်။

မနဥ္စယသည် ထိုမိန်းမပျိုနှင့် တွဲကရင်း ရွာသူကြီး၏ရှေ့မှ ဖြတ်သွားသည်။ ရွာသူကြီးက သူ့သားနှင့် ထိုမိန်းမပျို တွဲကသည်ကို မြင်သွားသည်။ ပြုံးရွှင်နေသော သူ၏မျက်နှာသည် ရုတ်ချည်း တင်းမာသွားသည်။ သို့ရာတွင် ချက်ချင်း မျက်နှာထား ပြင်လိုက်သည်။ တစ်စုံတစ်ခုမနှစ်မြို့သည့်အရာကို တွေ့မြင်သွားသည်ဖြစ်၍ ဒေါသထွက်သွားပြီး ချက်ခြင်း သူ့ဒေါသကို ပြန်ပြီး ဖုံးဖုံးဖိဖိ လုပ်လိုက်သည်နှင့် တူသည်။ သူ့သားနှင့် ထိုမိန်းမပျို တွဲကသည့်အတွက် ရွာသူကြီး စိတ်ဆိုးသွားသည်ဆိုသည့် အကြောင်းကို အဂ္ဂိဝမ္မာ ရိပ်မိလိုက်သည်။ အထူးအားဖြင့် မိမိညီ၏သမီး မင်္ဂလာလက်ထပ် အခမ်းအနား၌ ထိုကဲ့သို့ လုပ်ရမလားဆိုပြီး ဒေါပွနေပုံရသည်။

အဆိုနှင့် အကများ အရှိန်တက်နေကြသည်။ သူတို့တတွေ၏ ဝိုင်းထဲတွင် အဂ္ဂိဝမ္မာ ပါဝင်ဖို့ မလွယ်ပေ။ မနဥ္စယရှိနေသည့်အတွက်ကြောင့်လည်း သူနှင့် မည်သူမျှ တွဲကဝံ့မှာ မဟုတ်ပေ။ အခြားပုဂ္ဂိုလ်များ ပျော်ကြကကြသည်ကို အဂ္ဂိဝမ္မာ ဆက်မကြည့်ချင်တော့ပေ။ ရွာသူကြီးနှင့် အဖိုးအိုဆရာကြီး မမြင်အောင် အသာတွယ်ပြီး ဥယျာဉ်ထဲမှ ထွက်လာသည်။ ထို့နောက် ရေအိုင်ကြီးကိုဖြတ်လျက် ကျောက်တုံးကြီးရှိရာသို့ သွားသည်။ ကျောက်တုံးကြီးတွင် ကျီးနှင့် ဖုတ်ဖုတ်ဖြစ်နေသည်။ အားလုံးပင် ဥယျာဉ်ထဲတွင် စုနေကြသည်။ အဂ္ဂိဝမ္မာသည် ကျောက်တုံးပေါ်၌ ထိုင်ချလိုက်သည်။



ခမ်းလှမ်းလှမ်း လယ်ကန်သင်းရိုးပေါ်မှ လူတစ်ယောက်တို့ အတင်းအဓမ္မဆွဲခေါ်လာသည်ကို လှမ်းမြင်ရသည်။ သူ၏ရှေ့မှ စစ်သားနှစ်ယောက် နောက်မှ စစ်သားနှစ်ယောက်ညှပ်ပါလာသည်။ အဂ္ဂိဝမ္မာသည် ဘယ်သူတွေများ ပါလိမ့်ဟု စုံစမ်းလိုသည့်စိတ် ပေါ်လာသည်။ ခြေလှမ်းနှစ်လှမ်းသုံးလှမ်းဝင်လှမ်းလိုက်သည်။ သို့ရာတွင် စစ်သားများကိုယ်တိုင် ကျောက်ကျင်းဘက်လျှောက်လာကြသည်။ သူတို့လည်း ကျောက်ကျင်းနားတွင် ခေတ္တ နားလိုကြတန်တူသည်။ ကျောက်တုံးပေါ် လာထိုင်ကြသည်။ ကျောက်တုံး၏ နောက်ဘက်တွင် သစ်ပင်တစ်ပင်ရှိသည်။ သစ်ပင်၏ အရိပ်သည် ကျောက်တုံးပေါ်ထိုးနေသည်။

စစ်သားများ ခေါ်ဆောင်လာသူကို တွေ့ရသည့်အခါ အဂ္ဂိဝမ္မာသည် ခေါင်းနပန်းကြီးသွားသည်။ ထိုပုဂ္ဂိုလ်လည်း မျက်စိပျက်မျက်နှာပျက်နှင့် ကျောက်တုံးပေါ်တွင် ထိုင်လိုက်သည်။ ထိုပုဂ္ဂိုလ်ကား မဗ္ဗေယီ၏ ဖခင်ဖြစ်သည်။ အဂ္ဂိဝမ္မာသည် ပထမတွင် ရှောင်ထွက်သွားလိုသည့်ဆန္ဒ ပေါ်လာသည်။ သို့ရာတွင် စူးစမ်းထောက်လှမ်းလိုသည့်စိတ်က သူ့ကို ထိုနေရာမှ ရွေ့လျားခွင့် မပေးပေ။ ဆုံပဲဆုံလွန်းတော့သည်။

“ ခင်ဗျားတို့ သူ့ကို ဘယ်ခေါ်သွားမလို့လဲ ” အဂ္ဂိဝမ္မာက မေးကြည့်လိုက်သည်။

“ ပညာကဋ္ဌကကို ”

“ ဒီလမ်းက ဘာဖြစ်လို့ ခေါ်လာတာလဲ ”

“ သူက ဒီလမ်းက လာချင်တာ မဟုတ်ဘူး။ ရိုးရိုးလမ်းမှာ သူနဲ့ သိကျွမ်းတဲ့လူတွေ အများကြီးရှိတယ်။ သူ့ကို အခုလို အတင်းအဓမ္မ ခေါ်ဆောင်လာတာတွေ့ရင် သူနဲ့ သိကျွမ်းတဲ့ လူတွေ ဆူဆူပူပူ လုပ်မှာစိုးရတယ်။ ဒါကြောင့်မို့ ဒီတောလမ်းက ခေါ်လာခဲ့တာ ” စစ်သားက ပြန်ဖြေသည်။

“ သူက ဘယ်သူလဲ ”

အဂ္ဂိဝမ္မာက မေးလိုက်ပြန်သည်။ သူ့ဆရာသည် သူ့ကို ရုတ်တရက် မျက်လုံးပြူးကြည့်သည်။ သူ့ကို ခြေဆုံးခေါင်းဆုံး ကြည့်နေသည်။ ထို့နောက် ဦးခေါင်းငုံ့သွားသည်။

“ သူလား။ နာသိကမြို့က နာမည်ကျော် အနုပညာရှင်ပေါ့။ သူ့ကို ပညာကဋ္ဌက ခေါ်လာခဲ့ရမယ်လို့ ဘုရင်က အမိန့်ထုတ်ထားတယ် ”

“ ဘာဖြစ်လို့လဲ ”

“ ရုဒ္ဒဒမနဘုရင်က သူ့နန်းတော်ကို မွမ်းမံလိုလို့ဆန္ဒ ရှိနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့နန်းတော်ကို သာတဝါယာန မင်းဆက်ဘုရင်တွေရဲ့ နန်းတော်ထက် မယုတ်လျော့အောင် ဆောက်လုပ်မွမ်းမံလိုတဲ့ ဆန္ဒရှိနေတယ်။ ဒီပုဂ္ဂိုလ်က အသာတကြည်လိုက်ဖို့ ငြင်းဆန်နေတယ်၊ ဒါကြောင့်မို့ ကျုပ်တို့ အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်လာခဲ့ရတာ ”

“ သူက ဘာဖြစ်လို့ မလိုက်ချင်ရတာလဲ ”

“ မိတ်ဆွေကလဲ အ ရန်ကော၊ သူက သမီးဖခင်၊ သူ့သမီးက အချိန်တန်အရွယ်ရောက်နေပြီ၊ ညောင်ရမ်းက လိုက်သွားရရင် သူ့သမီး လက်ထပ်ထိမ်းမြားရေးကို ဘယ်လို စီမံခန့်ခွဲမလဲ၊ မိတ်ဆွေတော လက်ထပ်ပြီးပြီလား ”

“ ဟင့်အင်း ”

“ စစ်ဖြစ်နေတဲ့ အချိန်မှာတော့ လက်မထပ်ဘဲ နေတာပဲ ကောင်းတယ်”

စစ်သားည် ပြောရင်း ပြောရင်း လည်ချောင်းတစ်ဆို့လာသည်။ သူ့မျက်လုံးထဲက မျက်ရည်နှစ်ပေါက်စီးကျလာသည်။ လက်ထပ်ထိမ်းမြားပြီးခါစ စစ်သားဖြစ်ဟန်တူသည်။

“ ကဲ. . . သွားကြစို့ ”

ထိုစစ်သားက ကျန်စစ်သားများအား လှမ်းပြောလိုက်သည်၊ ထိုစစ်သားသည် ခေါင်းဆောင်ဖြစ်ပုံရသည်၊ ထို့နောက် သူတို့သည် ယခင်အတိုင်း ဝင် တန်သင်းရိုးပေါ်မှ လျှောက်သွားကြသည်။

အဂ္ဂိဝမ္မာသည် သူတို့ကို မျက်စိတဆုံး ကြည့်နေသည်၊ မျက်စိအောက်မှ တွယ်ပျောက်မသွားမချင်း ကျောက်ရုပ်ကဲ့သို့ မတုန်မလှုပ် ရပ်ပြီး ကြည့်နေသည်။



( ၇ )

နာသိကမြို့သို့ ပြန်သွားရလျှင် ကောင်းမည်လားဟု အဂ္ဂိဝမ္မာ တွေးနေမိသည်။ ဤအခြေဆိုးအနေဆိုးဖြင့် ညောင်ရမ်းကကို လိုက်ပါသွားရသည်ကို ထောက်လျှင် ဆရာ့သမီးဖြစ်သည့် မေတ္တေယီသည်လည်း အခြေမှဲ့အနေမဲ့ ဖြစ်နေကောင်း ဖြစ်နေရှာလိမ့်မည်၊ သူ့အတွက် မေတ္တေယီသည် ဒုက္ခများစွာ ရောက်ရရှာသည်၊ ဖခင်ဖြစ်သူက စိတ်လိုက်မာန်ပါ လုပ်လိုက်သဖြင့် သမီးဖြစ်သူသည် နေ့ရက်များစွာ ခေါင်းဖော်ရဲရှာလိမ့်မည် မဟုတ်ပေ၊ အရပ်ထဲတွင် သူ့အကြောင်းကိုလည်း သွားပုပ်လေလွင့် ပြောဆိုတော့မည် မဟုတ်ပေ၊ နာခေါင်းဖုတ်ရှိသူ မိန်းမပျိုကို အဘယ်သူ လက်ထပ်ထိမ်းမြားလိုမည်နည်း၊ မိန်းမပျိုနှင့် အနုပညာသည် တစ်မျိုးတည်း တစ်စားတည်း ဖြစ်သည်၊ တစ်ကြိမ်တစ်ခါ ခေါင်းဖက်မိလျှင် သေခြင်းတရားကသာလျှင် ယင်းတို့ကို တွဲတွာအောင် ထုစ်နိုင်သည်။

အဂ္ဂိဝမ္မာ အကြံအိုက်နေသည်၊ ဤရွာ၌ သူ့တွင် တိုင်ပင်ဖော်တိုင်ပင်ဖက်လည်းမရှိပေ၊ စိတ်တူးမုန်တိုင်းသည်သာလျှင် သူ့စိတ်ထဲတွင် ထန်ပြင်းရင်းထန်ရင်း ဖြစ်နေသည်၊ စိတ်ဂနာမငြိမ်ဖြစ်နေ၍ အလုပ်ထဲတွင် ကိုယ့်ကိုယ်ကိုမေ့ပစ်ဖို့ ကြိုးစားသည်၊ သို့ရာတွင် အလုပ်လုပ်လို့လည်း မရပေ၊ မေတ္တေယီဆီသို့သာ စိတ်ရောက်နေသည်။

လက်ထပ်မင်္ဂလာပွဲ ပြီးသည့်နောက်၌လည်း နေ့ရက်ပေါင်းများစွာ အထိ ရွာထဲတွင် ပျော်ပွဲရွှင်ပွဲများ တစ်ခုမဟုတ်တစ်ခု ကျင်းပပြုလုပ်နေသည်၊ မိုးဥတုကာလကလည်း မကုန်ဆုံးသေးပေ၊ ဘုရားကျောင်း ဆောက်လုပ်သည့် အလုပ်ကို ရပ်ဆိုင်းထားသော်လည်း အဂ္ဂိဝမ္မာအတွက် နေရန် တဲတစ်လုံးသေသေသပ်သပ် ဆောက်လုပ်ပေးထားသည်ဖြစ်၍ အဂ္ဂိဝမ္မာသည် တဲထဲတွင်၌ပင် အလုပ်ကို လုပ်နိုင်သည်၊ သို့ရာတွင် အလုပ်မဖြစ်ပေ၊

www.burmeseclassic.com

www.burmeseclassic.com



ဆရာသူကြီးက နှစ်ကြိမ်သုံးကြိမ်ခေါ်ခိုင်းသည်။ သို့ရာတွင် အကြောင်းတစ်ခုခုပြုပြီး မသွားဘဲနေသည်။ အဂ္ဂိဝမ္မာသည် မိမိကိုယ်ကို အပြစ်ရှိသူတစ်ဦးဖြစ်သည်ဟု ထင်နေသည်။ ယင်းအထင်သည် ပျောက်မသွားဘဲ တစ်စထက်တစ်စ ကြီးထွားလျက်သာ နေသည်။ ဆရာသူကြီးသည် သူနှင့်ပတ်သက်ပြီး မေးခွန်းတစ်ခု မေးသည်။ သူ့ထံတွင် ဘာအဖြေမှ မရှိပေ။ မနဥ္စယအကြောင်းကိုလည်း မေးသည်။ သို့ရာတွင် မုသားသုံးလိုက်ရလျှင် ကောင်းမည်လား မကောင်းဘူးလားဟု ဝေခွဲမရဖြစ်နေသည်။ အကယ်၍ ဟုတ်တိုင်းမှန်ရာကို ဖွင့်ပြောလိုက်ပါက မနဥ္စယနှင့် အချည်းနှီး အလဟဿ ရန်ဖြစ်ပွားစရာ အကြောင်း ဖြစ်လာပေလိမ့်မည်။ ဘာမျှမဟုတ်သည့် အကြောင်းအရာမျှသာ ဖြစ်သော်လည်း အဂ္ဂိဝမ္မာသည် မထွေးနိုင် မမြိုနိုင် ဖြစ်နေရှာသည်။

တစ်နေ့တွင် ဆရာသူကြီးကိုယ်တိုင် တောင်ဝှေးတဂေါက်ဂေါက် ထောက်ပြီး သူ့ထံ ပေါက်လာသည်။ ထိုနေ့တွင် တောင်းတင်တခွင်၌ မိုးသားတိမ်လိပ် ကင်းစင်နေသည်။ ရာသီဥတု တောက်ပကြည်လင်နေသည်။ တစ်ဝက်တစ်ပျက်မျှသာ ပြီးသေးသည့် ဘုရားကျောင်းသည် ဆေးကြော သုတ်သင်ထားသည့်အလား ထင်နေရသည်။ ဆရာသူကြီးသည် ဘုရားကျောင်းကို လှည့်ပတ်ကြည့်ရှုသည်။ ကျေနပ်အားရအောင် ကြည့်ရှုပြီးသောအခါ သစ်ပင်တစ်ဝင်အောက် သွားရပ်သည်။ သူနှင့်အတူ အဖိုးတိုလည်း ရှိနေသည်။ မနဥ္စယက သူတို့နောက်တွင် ရပ်နေသည်။ အဂ္ဂိဝမ္မာကို အခေါ်ခိုင်းသည်။

" ဘယ့်နဲ့လည်း မင်းကြည့်ရတာ နေမကောင်းဘူးမှတ်တယ် "

" ဟုတ်ကဲ့ ကျွန်တော်နည်းနည်း "

" ဆေးဆရာကို ပြမကြည့်ဘူးလား "

" ဆေးဆရာကို ပြရလောက်အောင်လဲ . . . "

" အို. . . . ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ၊ လာ ငါနဲ့လိုက်ခဲ့၊ ငါမင်းကို ဆေး ဆရာဆီ ခေါ်သွားမယ် "

ဆရာသူကြီးသည် တောင်ကုန်းပေါ်မှ ရွာဘက် တစ်လှမ်းချင်း ဆင်းသွားသည်။ အဖိုးအိုတမူ ဘုရားကျောင်းအနီးတွင် ကျန်ခဲ့သည်။

" မနဥ္စယကိုလဲ မင်း ရုပ်တုထုလုပ်တဲ့ပညာ ကျောက်ဆစ် ပညာ ပြသပေးစေချင်တယ်။ သူငယ်ငယ်တုန်းက ပန်းချီဆွဲတဲ့ဝါသနာ အင်မတန် ပါတယ်။ သင်ကြားပြသပေးတဲ့ ဆရာမရှိလို့၊ ငါ သူ့ကိုလဲ ပြောပြထားပြီးပြီ၊ ဒီကောင် လေလွင့်နေတာ ငါသိတယ်၊ အလုပ်တစ်ခုခုလုပ်နေရင် စိတ်ငြိမ်ချင် ငြိမ်သွားမှာ၊ ဟုတ်တယ် မဟုတ်လား "



" ကျွန်တော်ကိုယ်တိုင်ကကော ဘယ်လောက်တတ်လို့လဲအဘ၊ ကျွန်တော်ကိုယ်တိုင်က တပည့်တစ်ဦးပဲ ရှိပါသေးတယ်။ သင်ကြားဆည်းပူးနေရတဲ့ အဆင့်ပဲ ရှိပါသေးတယ် " အဂ္ဂိဝမ္မာသည် လက်နှစ်ဖက်ကို ပွတ်ရင်း ပြောသည်။ သူ၏အသံ၌နှိမ့်ချရိုကျိုးမှုလည်း ရှိသည်။ ထိတ်လန့် ကြောက်ရွံ့မှုလည်းရှိသည်။

" ကိစ္စမရှိပါဘူး၊ မင်းသိသလောက် တတ်သလောက်ပဲ သင်ကြားပြသပေးပါ၊ သူ့ထက်တော့ မင်းက တတ်တာအမှန်ပဲ မဟုတ်လား၊ ဒီအကောင် ထယ်ယာလုပ်ငန်းမှာလဲ စိတ်မပါဘူး၊ ကျမ်းဂန်စာပေလဲ ဝါသနာမပါဘူး၊ တစ်ခုခုတော့ သင်နေမှဖြစ်မယ်၊ အခုရာသီက လတ်ယားလတ်ယားနဲ့ ရွာနီးချောက်လည်လို့ ကောင်းတဲ့ရာသီမျိုးလဲ မဟုတ်ဘူး "

ဆရာသူကြီးသည် ပြောလိုသည့် စကားများကို တောက်လျှောက် ပြောပြနေသည်။ သူကြီးသား မနဥ္စယကမူ အဂ္ဂိဝမ္မာကို မျက်ထောက်နီကြီးဖြင့် လှမ်းလှမ်းကြည့်နေသည်။ ဆရာသူကြီး၏ စကားများသည် သူ့ကို မှိုချိုးဖျှစ်ချိုး ပြောသည့် စကားများ ဖြစ်နေသည်။ ဖခင်ကို ပြန်လှန်၍လည်း မပြောဝံ့ပေ၊ အခံရလည်း ခက်နေသည်။ သူ၏လုံ့သည် မြေနိမ့်ရာသို့သာလျှင် လာစိုက်သည်။ အဂ္ဂိဝမ္မာကိုသာ အစိမ်းလိုက် ဝါးစားချင်စိတ် ပေါ်နေသည်။

ဆရာသူကြီးသည် အဂ္ဂိဝမ္မာ၏အဖြေကို မစောင့်တော့ပေ၊ အဂ္ဂိဝမ္မာ၏ သဘောထားကို ရိပ်စားမိနေပုံရသည်။ အမိန့်အာဏာ ပေးသည့်အနေမျိုးဖြင့်သာ ပြောလိုက်သည်။

" ဒီကောင် နက်ဖြန်ခါတစ်ပြီး ဝန်းဝုဝညား ကျောက်ဆစ်ပညာသင်ဖို့ ခင်းဆီလာလိမ့်မယ်၊ တကယ်လို့ ပန်းပုထုတဲ့ အတတ်ပညာကို မသင်ချင်ဘူး ဆိုရင် သူ့ကိုကျောက်တုံးအထုခိုင်းပါ၊ တခြားအလုပ်တွေတို လုပ်ခိုင်းပါ၊ ဒီကောင် ရွာထဲက အကျင့်ပျက်နေတဲ့ မိန်းမတွေနဲ့ ပလူးပလဲ လုပ်နေတာကို ငါ နည်းနည်းမှ ကြည့်လို့မရဘူး၊ ကောင်းပြီ၊ မင်းသွားနိုင်ပြီ "

အဂ္ဂိဝမ္မာသည် ဦးခေါင်းငိုက်စိုက်ချပြီး တောင်ကုန်းပေါ် ခြေလှမ်းလှမ်းချင်းလှမ်းချင်းနှင့် တက်သွားသည်။ သူ့ရှေ့မှောက်တွင် ပြဿနာတစ်ခု ပေါ်လာပြန်၍ ထိတ်လန့်စိုးရွံ့နေသည်။ မနဥ္စယသည် သူနှင့် သက်တူရွယ်တူ ဖြစ်သည်။ ခွန်အားဗလ တုတ်ခိုင်ကြီးမားသူလည်း ဖြစ်သည်၊ ဩဇာအရှိန် အဝါတလည်း မသေးပေ၊ သူကြီးသားလည်းဖြစ်သည်။ မိမိ မနဥ္စယ၏ ဆရာသမား မည်သို့မည်ပုံ ဖြစ်နိုင်မည်နည်း။

အနုပညာဟူသည်မှာ ပေါ်လာသည့်အခါအခွင့်ကို တောက်တော

www.burmeseclassic.com



ဇင်တာ အသုံးချရသည့် ပစ္စည်းကိရိယာမျိုးလည်း မဟုတ်ပေ၊ ဖြေဖျော်စရာ ပစ္စည်းလည်း မဟုတ်ပေ၊ စကားလုံးများဖြင့် မဖော်ပြနိုင်သည့် မပီမသ ခံစားချက်များကို ပီပီသသ ဖော်ပြသည့် ဘာသာစကားမျှသာ ဖြစ်သည်၊

အနုပညာရှင်သည် လက်မှုပညာသည်မျှသာ မဟုတ်ပေ၊ အတွင်းမနောအရ ပြောရလျှင် ကဗျာဆရာလည်း ဖြစ်သည်၊ ကာရံမိအောင် စပ်တတ်ရုံမျှဖြင့် ကဗျာဆရာ ဖြစ်မလာနိုင်ပေ၊

အဂ္ဂိဝမ္မာ၏ စိတ်ထဲတွင် ယင်းတို့သို့သော အတွေးအကြံများသည် ကျောက်တုံးတွင် ဖော်ထားသော ပြတ်ပြတ်သားသား မရှိသေးသည့် အရာကဲ့သို့ ငုပ်လာလိုက် ပေါ်လာလိုက် ဖြစ်နေသည်၊

" ဟင့်အင်း၊ ဒါ မဖြစ်နိုင်ဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး "

အဂ္ဂိဝမ္မာသည် တစ်စုံတစ်ခုကို ဆုံးဖြတ်ချက်ချပြီး ခြေထောက်ကို ဆောင့်နင်းလျှက် ပြောလိုက်သည်၊ ထို့နောက် ခပ်သွက်သွက် ဆက်လျှောက်သွားသည်၊ တစ်ကိုယ်တည်း ရှိနေသည့်အခါ မိမိကိုယ်မိမိ စကားပြောခြင်းသည် သူ့ဝသီဖြစ်နေသည်၊

" ဒါပေမယ့် "

ယင်းသို့ နှုတ်က ထွက်လိုက်လေသည်၊ ထို့နောက် ခြေလှမ်းခပ်မှန်မှန် ခပ်နှေးနှေး ဖြစ်သွားပြီး ဘုရားကျောင်းအနီးရှိ တမာပင်နား ရောက်သွားသည်၊

" ဒါပေမယ့် ဘာဖြစ်သလဲ၊ ဟာ . . ဟ "

သစ်ပင်အကွယ်မှ တစ်စုံတစ်ယောက်က ရယ်လိုက်သည်၊ အဂ္ဂိဝမ္မာ လန့်သွားသည်၊ သစ်ပင်ကွယ်မှ ပုဂ္ဂိုလ်မှာ နေဥယျနှင့် ပူးတွဲပူးတွဲလုပ်နေသည့် မိန်းမပျို ဖြစ်နေသည်၊ မိန်းမပျိုသည် သစ်ပင်ကိုမှီပြီး လက်တစ်ဖက်ဖြင့် ခါးထောက်လျက် ရပ်နေသည်၊ မျက်နှာကလည်း ပြုံးပြုံးကြီး ဖြစ်နေသည်၊ သူ၏ ဝိုင်းစက်ပြူးကျယ်သော မျက်လုံးနှစ်လုံးသည် အဂ္ဂိဝမ္မာကို မျှိုနေသည်၊

မိန်းမပျိုသည် အဂ္ဂိဝမ္မာကို စောင့်နေသည်မှာ အချိန်အတော်ကြာသွားပြီဟု ထင်ရသည်၊ မိန်းမပျိုကို တွေ့ရသောအခါ အဂ္ဂိဝမ္မာသည် ထိုနေရာမှ ထွက်သွားသည်၊ မိန်းမပျိုက နောက်ကလိုက်သည်၊ အနီးအနားတွင် ဘယ်သူမှမရှိပေ၊ အဂ္ဂိဝမ္မာသည် အကြိမ်များစွာ ဘေးပတ်ဝန်းကျင်ကို လှမ်းကြည့်သည်၊ မိန်းမပျိုသည် အဂ္ဂိဝမ္မာနောက်က ကပ်ပါလာသည်၊ အဂ္ဂိဝမ္မာသည် ရှုတ်စိတ်မွှန်ပြီး ခြေလှမ်းမမှန်ဖြစ်နေသည်၊

" ဘယ်နဲ့လဲ ပြောပါဦး၊ ဒါပေမယ့် ဘာဖြစ်သလဲ "

မိန်းမပျိုက စကားစလိုက်ပြန်သည်၊



အဂ္ဂိဝမ္မာက တုတ်တုတ်မှ မလှုပ်၊

" စိတ်ထဲမှာ အကြံအစည်ရှိနေပေမယ့် နှုတ်က ထွက်မလာဘူးလား၊ ပြောပါ၊ ပြောသာ ပြောပါ၊ ပြောလိုက်မှ စိတ်နှလုံး ပေါ့ပါးသွားမှာ "

အဂ္ဂိဝမ္မာ နှုတ်ပိတ်နေတုန်းပင်၊

" ဘယ်နဲ့လဲ၊ ကျောက်တုံးတွေနဲ့ အတူနေရဖန်များလို့ ရှင်လဲပဲ ကျောက်တုံးတွေလို လျှာမရှိတော့ဘူးလား "

" အို . . . မဟုတ်ဘူး၊ ကျောက်တုံးတွေ လျှာမရှိဘူး မဟုတ်ဘူး၊ လျှာရှိတယ် "

အဂ္ဂိဝမ္မာသည် အမှတ်တမဲ့ ပြောလိုက်သည်၊ ပြောပြီးမှ " ပြောလိုက်မိတာ ငါမှားတာပဲ " ဟုနောင်တရနေသည်၊

" အြော် . . ဟုတ်တယ်၊ ဟုတ်တယ်၊ ကျောက်တုံးတွေမှာလဲ လျှာရှိတယ်၊ ကျောက်တုံးတွေလဲ စကားပြောတတ်တယ်၊ ဒါပေမယ့် ရှင်တို့လို အနုပညာရှင်တွေရဲ့ လက်နဲ့ ထိတွေ့ပြီးတဲ့နောက်မှ မဟုတ်လား "

" အင်း . . "အဂ္ဂိဝမ္မာက မိန်းမပျိုကိုကြည့်ရင်း ပြောလိုက်သည်၊

" ပွင့်ပွင့် ပြောစမ်းပါ၊ ရှင့်ကြည့်ရတာ မပွင့်တပွင့်နဲ့၊ ကျွန်မကို စကားပြောတဲ့အတွက် ရှင် သနမသွားပါဘူး၊ ရှင်ပြောဟွအလူမျိုးမဟုတ်ဘူး မဟုတ်လား "

" အင်း. . . "

"ကျောက်တုံးတွေကို စကားပြောအောင် လုပ်တတ်တဲ့သူက သူကိုယ်တိုင်ကျတော့ စကားမပြောတတ်ဘူးလား၊ ကျွန်မ အခုပဲ ရှင့်တဲက ပြန်လာခဲ့တယ် "

" ဟုတ်လား "

နှုတ်မှ ဤမျှသာ ပြောသော်လည်း မျက်လုံးကမူ " ဘာဖြစ်လို့ ကျွန်တဲကိုသွားရတာလဲ " ဟုမေးခွန်းထုတ်နေသကဲ့သို့ ထင်ရသည်၊

" ရှင့်တဲထဲမှာ လက်ရာမြောက်တဲ့ ရုပ်တုတွေ အများကြီး ရှိနေတာတွေ့ရတယ်၊ ရှင့်လက်မှာ လက်ချောင်းတင်မကဘူး၊ ဘုရားသခင်လဲ ရှိနေတယ်ထင်တယ်၊ ' အင်း ' လို့ ပြောပါအုံးလား၊ အဲဒါထက်ပိုပြီး မပြောတော့ဘူးလား "

အဂ္ဂိဝမ္မာ၏ မျက်နှာပေါ်၌ အပြုံးရိပ်ပေါ်လာသည်၊ ထို့နောက် ခပ်သုတ်သုတ်ပင် တဲထဲဝင်သွားသည်၊ သူ့နောက်မှ မိန်းမပျိုလည်း သင်ချုပ် ထိုင်ပါလာသည်၊ အဂ္ဂိဝမ္မာသည် ထိုမိန်းမပျို၏ ရဲတင်းပုံ၊ ကျွမ်းရှင် စေးသာပုံကို

www.burmeseclassic.com



မနှစ်သက်ပေ။ သို့ရာတွင် သူဘာတတ်နိုင်မည်နည်း။ မိန်းကလေးတစ်ယောက်ကို အာတင်းနှင့်ထုတ်၍ သင့်တော်ပါမည်လား။

" ရှင် ဒီမှာ တစ်ယောက်ထဲ ဘယ်လိုလုပ်နေသလဲ၊ မပျင်းဘူးလား"

" အင်း "

" ကျွန်မ ထင်ထားတော့ ရှင်ဟာ . . . "

" မင်းတစ်ယောက်ထဲ ဒီကိုလာတာ မကြောက်ဘူးလား "

အဂ္ဂိဝမ္ဘာသည် မိန်းမပျိုစကားမဆုံးခင် ဖြတ်ပြီး စကားကို လှီးလွှဲပြောလိုက်သည်။ မိန်းမပျို၏နှုတ်မှ ရှက်စရာစကားများ ထွက်လာပါက သူအနေဖြင့် ရှက်နေရဦးမည်ဖြစ်၍ မိန်းမပျို၏ စကားကို ဖြတ်ပြောလိုက်ခြင်းဖြစ်သည်။

" ဟင့်အင်း၊ မကြောက်ပေါင်၊ အပြောတခြား အလုပ်တခြားလုပ်တဲ့ လူတွေသာ ကြောက်ရတာ၊ လက်ထပ်ဖို့ ကြံရွယ်နေတဲ့ လူတွေသာ နာမည်ပျက်မှာ ကြောက်ရတာ၊ ရှင်လဲ စကားပြောတတ်သားပဲ "

ယင်းသို့ပြောပြီး မိန်းမပျိုသည် ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။

" မင်း ခနဥယကို မကြောက်ဘူးလား၊ သူ အခုလေးတင် ဒီကို လာသွားတယ် "

" မကြောက်ပါဘူး၊ သူကသာ သူ့အဖေကို ကြောက်တာ၊ သူ့အနိုင်အယောင်ကို မမြင်ရတာ သုံးရက်ရှိပြီ၊ သူ့အဖေ သိမှာစိုးရိမ်တဲ့အတွက် ရှောင်ဖယ်ရှောင်ဖယ် လုပ်နေတဲ့ ချစ်သူမျိုးကိုတော့ ကျွန်မ အဝေးက ရှောင်ချင်တယ်၊ ခနဥယက တခြားလူ ဘယ်အခြေအနေ ရောက်နေရောက်နေ၊ ဘယ်ဘဝမျိုး ရောက်နေ ရောက်နေ ကိုယ့်အဖေရဲ့ မျက်နှာရိပ်မျက်နှာကဲကို အကဲခတ်နေရတဲ့ လူစားမျိုးပါ၊ အဲဒီလိုလူစားမျိုးအပေါ် ယုံစားမိလို့ရှိရင် ငါးပါးမှောက်ဖို့ သေချာတယ်၊ ရှင့်မှာကော အဖေရှိသလား "

" ဒါပေမယ့် " အဂ္ဂိဝမ္ဘာက တစ်စုံတစ်ခု ပြောပြမည်လုပ်သည်။

" မဟုတ်ပါဘူး၊ ကျွန်မမေးတာ ပြောစမ်းပါ၊ ရှင့်မှာ အဖေရှိသလား"

မိန်းမပျိုသည် သူ့မေးခွန်းကို ထပ်မေးနေသည်။

" မရှိပါဘူး၊ တကယ်လို့ ခနဥယ တွေ့သွားရင် "

" တွေ့သွားရင် ဘာလုပ်မှာလဲ "

" သူက မင်းနဲ့ လက်ထပ်ဖို့ စိတ်ကူးနေတယ် မဟုတ်လား "

" လက်ထပ်မှာ မဟုတ်ပါဘူး၊ လက်ထပ်ရင် သူတို့မျိုးရိုး သနသွားမှာ မဟုတ်လား၊ အဖေမကျေနပ်တာနဲ့ ကျွန်မကို တွေ့ရအောင် မလာနိုင်တဲ့ လူဟာ အဖေ့အလို မတူဘဲနဲ့ ကျွန်မနဲ့ တစ်သက်လုံး အကြင်လင်မယားအဖြစ်



ခေါင်းသင်းနေနိုင်ပါ့မလား၊ ကျွန်မလဲ သူတို့အထဲက လူပါ၊ တကယ်လို့ အဖေသာ ခေါင်းမမာဘူးဆိုရင် ကျွန်မတို့ အခု ဘယ်သောင်ဘယ်ကမ်း ဆိုက်နေမယ်မသိဘူး "

" ဒီလိုဆိုရင် မင်းလဲပဲ ဗြာဟ္မဏအမျိုးဘာနွယ်ပေါ့ "

" ဟုတ်တယ်၊ တစ်ဖက်က ဗြာဟ္မဏမျိုးပါ၊ အဖေက ဗြာဟ္မဏမျိုး ဘယ်နဲ့လဲ အိမ်ရှင်ကြီးရဲ့ ဧည့်သည်ကို ထိုင်ဖို့ဘာဖို့လေး မပြောတော့ဘူးလား"

မိန်းမပျိုသည် အပေါ်လွှမ်းအဝတ်ကို သိမ်းပြီး ထိုင်ဖို့ရန် ဟန်ပြင်သည်။ အဂ္ဂိဝမ္ဘာသည် ထင်းထင်းလင်းလင်း ရှိသွားအောင် တံခါးကို တန်းတန်းအထိ ဖွင့်လိုက်သည်။ သူကိုယ်တိုင်ကမူ တံခါးဝ၌ ထိုင်လိုက်သည်။ မိန်းမပျိုနှင့် စကားပြောနေသည်ကို သူ ရှက်ရွံ့နေတုန်းပင်။

" ရှင့်နာမည် အဂ္ဂိဝမ္ဘာ မဟုတ်လား "

" အင်း "

" ရှင် ဗြာဟ္မဏမဟုတ်ဘူး မဟုတ်လား "

" ဟင့်အင်း "

" ဒါဖြင့် ဘာလဲ "

" လူ " အဂ္ဂိဝမ္ဘာက ပြုံးနေသည်။

" ရှင်လဲ ကျွန်မတို့လို နာသိကမြို့ကပဲထင်တယ် "

" ဟုတ်တယ်၊ နာသိကမြို့မှာ နေခဲ့ဖူးတယ်၊ မင်းလဲ နာသိကမြို့ တလား"

" ကျွန်မတို့မှာ အခြေတကျကျနေခဲ့ရတဲ့ နေရာရယ်လို့ မရှိဘူး ဝတိဋ္ဌာနမှာလဲနေဖူးတယ်၊ ရှုရီပဇ္ဇတမှာလဲ နေဖူးတယ်၊ ပြီးတော့ ဓညကဋကမှာလဲပဲ"

" ဒီလိုဆိုရင် မင်း အဲဒီဒေသတွေအားလုံးကို တွေ့ဖူးခဲ့တာပေါ့ "

" ဟုတ်တယ် "

" မင်း သိပ်ကံကောင်းတယ်၊ မင်းအဖေက ဘယ်သူလဲ "

" ကျွန်မအဖေ အခု ဒီရွာမှာရှိတယ်၊ ရွာသူကြီးနဲ့ သွေးချင်းသားချင်းတော်တယ်၊ ယဇ္ဇဒတ္တလို့ ခေါ်တယ်။ ကျွန်မတို့ဟာ ဒီအရပ်သားတွေ မဟုတ်ဘူး၊ ကျွန်မအဖေက အရင်က ဓညကဋကမှာနေတယ်၊ သာတဝါဟန မင်းဆက်ဘုရင်ရဲ့ ဘုရားကျောင်းမှာ ကပ္ပိယလုပ်တယ်၊ ကျွန်မအမေက ဘုရားတော်ဆိုင်ကျွန်မ။ အခုတော့ သာတဝါဟန မင်းဆက်ဘုရင်ရဲ့ အခြေအနေဟာ အတော်ဝဲ ဆိုးဆိုးရွားရွား ဖြစ်နေတယ်၊ ဒီရွာမှာ ကျွန်မ အဖေရဲ့ လယ်ယာ အနည်းအပါး ရှိတယ်၊ ဆွေမျိုးသားချင်းတွေလဲ ရှိတယ်၊ ကျွန်မအဖေက နောက်အိမ်ထောင်နဲ့

www.burmeseclassic.com

www.burmeseclassic.com



တွန်မကတော့ အခု အပယ်ခံဘဝမျိုး ရောက်နေတယ် ဆိုပါတော့ "

" မင်းနာမည် ဘယ်လိုခေါ်သလဲ "

"ဘာဖြစ်လို့လဲ၊ ကျွန်မကို နာမည်တပ်ပြီး ခေါ်ချင်လို့လား၊ ပုပ္ဖဝလီတဲ့"

"ကျုပ်နာမည်ကို မင်းဘယ်လိုလုပ်သိသလဲ "

" မိန်းမတစ်ယောက်က ယောကျာ်းတစ်ယောက်ကို စိတ်ဝင်စားနေတယ်ဆိုရင် အဲဒီယောကျာ်းရဲ့ နာမည်ကို သိအောင် လုပ်တာဟာ ကြီးကျယ်တဲ့ အကြောင်းမဟုတ်ပါဘူး "

" မင်း ခနဥ္စယနဲ့လဲ တွဲတယ်၊ ပြီးတော့ ဝါနဲ့ . . . "

" ဘာလဲ မကြိုက်ဘူးလား၊ မကြိုက်ရင် အခုထွက်သွားမယ် " ပုပ္ဖဝလီထမည် ဟန်ဆောင်လိုက်သည်။

" မဟုတ်ပါဘူး၊ ထိုင်ပါ၊ ထိုင်ပါ "

ပုပ္ဖဝလီသည် ရှက်သလိုရွံ့သလို ဖြစ်သွားသည်။

" ရှင့်ရုပ်တုတွေဟာ သိပ်လက်ရာမြောက်တာပဲ၊ ရှင်ဟာ မိန်းမတွေကို တွေ့ရင် မိန်းမကို မမြင်ဖူးသလိုပဲ ရှက်ကိုးရှက်ကန်း ဖြစ်နေတယ်၊ ဒါပေမယ့် မိန်းမရုပ်တုကျတော့ မိန်းမတွေ ခေါင်းမဖော်ရဲအောင် ထုလုပ်တယ် " ပုပ္ဖဝလီက ပြောရင်းရယ်သည်။

" မင်း သိပ်စကားပြောတာပဲ "

" ဟုတ်လား၊ စကားပြောတာ ကျွန်မအလုပ်၊ ကျွန်မတို့အိမ် ဇီနားမှာ ရှိပါတယ်၊ ဇီတောင်ကုန်းနားမှာ၊ အလည်လာခဲ့ပါဦး၊ ကျွန်မသွားမယ်၊ အမေ လိုက်ရှာနေလိမ့်မယ် "

ပုပ္ဖဝလီ ထိုင်ရာမှ ထလိုက်သည်။ ထို့နောက် သူ့အိမ်ဘက် ထွက်သွားသည်။ အဝ္ဂိဝမ္မာလည်း ပုပ္ဖဝလီနောက် အတော်လှမ်းလှမ်းအထိ သူ့ရှုအသွင် တွဲသို့ လိုက်သွားသည်။



( ၈ )

ရပ်ဝေးရပ်နီးမှ လူများသည် ရွာထဲတွင် ဝင်ထွက်သွားလာကြသည်။ ယင်းရွာကား အစဉ်အလာရှိသော၊ ဂုဏ်သိက္ခာရှိသော ရွာတစ်ရွာဖြစ်သည်၊ ယင်းရွာကို စံပြရွာတစ်ရွာဟု လူတွေက သတ်မှတ်ထားကြသည်၊

ရွာထဲဝင်ထွက်သွားလာသူများထံမှ မကြာခဏ သတင်းစကားများ ကြားနေရသည်၊ လူ့သတင်း လူချင်းဆောင်လာသည်၊ တစ်ဆင့်စကား တစ်ဆင့်ကြားရသည့် သတင်းများသည် မြို့ရွာအသီးသီး၊ တောတောင် အထပ် ထပ်ဖြတ်ပြီး အလှမ်းဝေးသည့် ခရီးအထိ ရောက်လာကြသည်၊ လမ်းခရီး၌ အားအဖြုန်းခံရသည့် သတင်းများလည်း ရှိသည်၊ နဝယ်အမြီးတပ်ခံရသည့် သတင်းများလည်း ရှိသည်၊ တစ်ဆိတ် တစ်ဖိတ် ဖြစ်သွားသည့် သတင်းများ လည်း ရှိသည်၊ သတင်းနှင့် ကောလဟာလမှာ မထူးခြားလှပေ၊ သို့ရာတွင် ယင်းနည်းလမ်းမှတစ်ပါး သတင်းစကားတို့ ကြားသိရသည့် အခြားနည်းလမ်း မရှိပေ၊

တစ်ခါသော် ရုဒ္ဒဒမနဘုရင်၏ နန်းတွင်း တမန်တော်တစ်ဦး ထိုရွာမှ ထွက်သွားသည်၊ ထိုအခါ ရွာသည် မျက်စိဖွင့် နားစွင့်နေသည်၊ ယင်းတမန် တော်ထံမှ ရုဒ္ဒဒမနဘုရင်သည် သာတဝါဟန မင်းဆက် ဘုရင့်အနွယ်တော် နှင့် စုလျားရစ်ပတ်လက်ထပ်ဖို့ ကြိုးစားနေသည်ဆိုသည့် သတင်းစကားတို့ ကြားသိရသည်၊ ယင်းသတင်းစကားနှင့်ပတ်သက်၍ ရွာထဲတွင် နေ့ရက် အတန်ကြာမျှ ဆွေးနွေးပြောကြားနေကြသည်၊ ရွာသူကြီးက ထိုအချက်ကို သဘောမကျပေ၊ သာ့တဝါဟန မင်းဆက်ဘုရင်သည် ဟိန္ဒူဘာသာတရားတို့ အားပေးအားမြှောက် လုပ်နေသူဖြစ်သည်၊ ယင်းကဲ့သို့သော ဘုရင်တစ်ဦး၏ သမီးကညာကို ဟိန္ဒူဘာသာဝင်မဟုတ်သည့် ဘုရင်တစ်ဦးနှင့် လက်ဆက်ခြင်း သည် လုံးဝမသင့်လျော်ဟု တွက်သည်၊ အမျိုးဇာတ် သေးသော ရောသော

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားမှာ၊ မစင်မကြယ်ဖြစ်သွားမှာ စိုးရိမ်နေသည်။

သို့ရာတွင် ယင်းကဲ့သို့သော သမီးပေး သမီးယူ ဆက်သွယ်မှုမျိုး မလုပ်ဘဲနှင့် ထာဝရ ငြိမ်းချမ်းမှုကို ဘယ်တော့မှ မရရှိနိုင်ဟု တွက်သူကလည်း တွက်ကြသည်။ နှစ်ပေါင်းများစွာကစပြီး စစ်ပွဲဆင်နွှဲလာခဲ့ကြသည်။ တိုင်းပြည် နိုင်ငံတွင် ငြိမ်းချမ်းမှု ကင်းဆိတ်နေသည်။ မင်းမဲ့မှု အုပ်စိုးနေသည်။ ငြိမ်းချမ်းမှုအတွက် သဘောတူစာချုပ် မချုပ်ဆို၍ မဖြစ်။ ချုပ်ကိုချုပ်ဆိုရမည်။ စစ်ဖြစ်နေတာထက်တော့ အမျိုးဇာတ် သောကော ရောကော ဖြစ်သွားတာက ကောင်းသေးသည်။ ယင်းသို့ သူတို့က ယူဆကြသည်။ သို့ရာတွင် ယင်းအယူအဆကို လက်ခံသူများမှာ လူနည်းစုသာဖြစ်သည်။

ရွာသူကြီး၏ ဩဇာအရှိန်အဝါသည် ဘေးဘန်းရွာများပေါ်တွင်လည်း လွှမ်းမိုးနေသည်။

ရွာသူကြီးသည် ဝယဝုဒ္ဓိရှိရုံသာမကပေ။ အမြော်အမြင်လည်း ရှိသည်။ အတွေ့အကြုံလည်း ရှိသည်။ အသိဉာဏ်ပညာလည်း ရှိသည်။ သူတွေးသလို သူလုပ်သလို အခြားရွာသူကြီးပေါင်းများစွာက လိုက်တွေးကြသည်။ လိုက်လုပ်ကြသည်။ သူ့ရွာသည် အခြားရွာပေါင်းများစွာ၏ ရှေ့သွားဖြစ်သည်။ သူသည် အခြားရွာသူကြီးပေါင်းများစွာ၏ ခေါင်းဆောင်ဖြစ်သည်။

ရွာသည် နယ်စပ်တွင် တည်ရှိနေသည်။ ရွာနှင့်ရွာသူကြီး၏ လှုပ်ရှားမှုသတင်းများသည် ဘုရင့်နားအထိ ပေါက်ကြားသွားနိုင်သည်ဆိုသည့် အချက်ကို ခန့်မှန်းနိုင်သည်။ ရွာသည် ရုဒ္ဒဖမနဘုရင်၏ အမျက်ကို ယခင်ကလည်း ခံရဖူးပြီ။

ယင်းတမန်တော်ထံမှပင် သောရဋ္ဌ၌ ပုန်ကုန်ထကြွနေကြသည်ဟူသည့် သတင်းကိုလည်း ကြားသိရသည်။ တိုင်းပြည်၏ မြောက်ဘက်၌လည်း စစ်ဗိုလ်မှူးများသည် တော်လှန်ခြားနားပြီး တသီးတခြား မင်းမှုအုပ်စိုးနေကြသည်။ ရုဒ္ဒဒမန ဘုရင်၏ လက်ယာဘက်လက် အားနေသည်ဆိုလျှင် လက်ဝဲဘက်လက်သည် အလုပ် အင်မတန်ရှုပ်နေသည်။ ဘုရင်သည် ကျွမ်းကျင်မှု၊ ရဲဝံ့စွန့်စားမှုအပြည့်ဖြင့် သူပုန်သတန်များကို နှိမ်နင်းနေသည်။ နှစ်ဖက်စလုံးမှပင် အကျအဆုံး အလွန်များပြားသည်။

ယင်းသတင်းကို ကြားရသည့်အခါ အဂ္ဂိဝမ္မာသည် စိတ်ထိခိုက်သွားသည်။ သောရဋ္ဌသည် သူ့အမိနိုင်ငံဖြစ်သည်။ အညှာအတာမဲ့သော ရက်စက်သော စိမ်းကားသော အမိနိုင်ငံသည် မိမိအပေါ် စေတနာထားသော နိုင်ငံရပ်ခြားထက် မွန်မြတ်သည်။ သောရဋ္ဌမှ ခွေးလေခွေးလွင့် တစ်ကောင်ကဲ့သို့



နှင်ထုတ်ခံခဲ့ရသည်။ သောရဋ္ဌကို သူသံယောဇဉ် မပြတ်ပေ။

ဘုရားကျောင်းသည် ရွာပိုင်ဖြစ်သည်။ ရွာသူရွာသားတိုင်းသည် ဘုရားကျောင်းအတွက် ကိုယ်ဖိရင်ဖိ အလုပ်လုပ်ကြသည်။ ရာသီဥတုလည်း ကောင်းလာလေပြီ။ ရရှိသည့် သတင်းစကားများသည် ရွာသူရွာသားများအား တက်တက်ကြွကြွ ဖြစ်စေခဲ့သည်။ အလုပ်ကို ကြိုးစားလုပ်နေကြသည်။ အဂ္ဂိဝမ္မာလည်း အလုပ်တွင် အာရုံစိုက်နေသည်။

မနဥ္ဇယသည် အဂ္ဂိဝမ္မာထံ လာတော့လာသည်။ သို့ရာတွင် ဘာ အလုပ်မှ မလုပ်ပေ။ တုတ်တစ်ချောင်းကိုကိုင်ပြီး အဂ္ဂိဝမ္မာ၏ တံခါးဝ၌ ရပ်နေတတ်သည်။ မနဥ္ဇယကလည်း အဂ္ဂိဝမ္မာကို စကားမပြောပေ။ အဂ္ဂိဝမ္မာကလည်း မနဥ္ဇယကို စကားမပြောပေ။ မနဥ္ဇယသည် အမြဲတမ်း အပြင်ဘက်ကိုသာ ကြည့်နေသည်။ အပြင်ဘက်၌ မိန်းမများ အလုပ်လုပ်နေသည်။ မိန်းမပေါင်း များစွာတို့သည် ရေအိုးကိုယ်စီနှင့် ရေတိုင်ကြီးမှ ရေခတ်ယူလာကြသည်။ တောင်ကုန်းပေါ်၌ ရေမရှိပေ။ ယောကျ်ားများကား ခက်ခက်ခဲခဲ အလုပ်များကို လုပ်ကိုင်နေကြသည်။ မိန်းမများထဲတွင် ပုပ္ဖဝလီလည်း ပါသည်။ မနဥ္ဇယ၏ မျက်စိသည် ပုပ္ဖဝလီဆီသို့သာလျှင် အမြဲရောက်နေသည်။

မနဥ္ဇယသည် ပုပ္ဖဝလီနှင့် နှစ်ယောက်ချင်း တွေ့ဆုံစကားပြောရန် နှစ်ကြိမ်သုံးကြိမ် ကြိုးစားကြည့်သည်။ သို့ရာတွင် ပုပ္ဖဝလီက လက်မခံပေ။ ပုပ္ဖဝလီသည် မနဥ္ဇယကို စိတ်နာနေသည်။ တစ်စုံတစ်ဦးက ပိတ်ပင်တားမြစ်ထားသည့်အတွက် သူ့ကို ရှောင်ဖယ်ရှောင်ဖယ် လုပ်နေခြင်းကို သူမသဘောနပ်ပေ။ သို့ရာတွင် မနဥ္ဇယကို သစ်စိမ်းချိုးလည်း ချိုးမပစ်သေးပေ။

မနဥ္ဇယကမူ ပုပ္ဖဝလီသည် သူ့ထက် အဂ္ဂိဝမ္မာကို ပိုပြီး တိမ်းညွတ်နေသည်ဟု သံသယဖြစ်နေသည်။ တစ်နေ့တွင် နံနက်ခင်းအချိန် အဂ္ဂိဝမ္မာ၏ တဲသို့လာစဉ် တောင်ကုန်းအောက်မှ အပေါ်သို့ အဂ္ဂိဝမ္မာတက်သွားသည်ကို မနဥ္ဇယ တွေ့မြင်ရသည်။ ယင်းမြင်ကွင်းကို တွေ့ရသောအခါ မနဥ္ဇယသည် ယမ်းပုံမီးကျ ဒေါသဖြစ်သွားသည်။

ရေနှင့် ပျိုရွယ်မှုကို သိမ်းထားဖို့ မလွယ်ပေ။ ရေမှာ အငွေ့ဖြစ်သွားတတ်ပြီး ပျိုရွယ်မှုမှာ သွေ့ဖီသွားတတ်သည်။ အဂ္ဂိဝမ္မာသည် ယင်းသဘောတရား၏ ချွင်းချက် မဖြစ်နိုင်ပေ။ ပုပ္ဖဝလီ၏ ပင့်ဖိတ်ချက်ကို သူလက်မခံဘဲ မနေနိုင်ပေ။ ချစ်တတ်သည့်စိတ်၊ ချစ်ချင်သည့်စိတ်ကလည်း ငုပ်လျှိုးနေသည် မဟုတ်လား။

မနဥ္ဇယသည် ပုပ္ဖဝလီကိုလည်း နိုင်ထက်စီးနင်း ချုပ်နိုင် သေ

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂဝမ္မာကိုလည်း မှိုချိုးမျှစ်ချိုး မပြောနိုင်ပေ။ အခါအခွင့်ကိုသာ စောင့်ကြည့်နေသည်။ ချိုကိုသာ သွေးနေသည်။

ပုပ္ဖဝလီသည် မကြာခဏ အကြောင်းတစ်စုံတစ်ခုပြုပြီး အင်္ဂဝမ္မာ၏ တဲတွင် မနဥယ ရှိနေသည့်ကြားထဲ အင်္ဂဝမ္မာထံ ရောက်ရောက်လာတတ်သည်။ မနဥယသည် ပုပ္ဖဝလီ အဝေးမှလာသည်ကို တွေ့ရသည့်အခါ တုတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်သည်။ သို့ရာတွင် အနီးကပ်ရောက်လာသောအခါ တန်ပန်မပျက် ပြန်ဖြစ်သွားသည်။ ပုပ္ဖဝလီက ပြုံးပြီး တဲအတွင်း ဝင်သွားသည်။ မနဥယ မခံချင်အောင် အင်္ဂဝမ္မာနှင့် စကားပြောသည်။ အင်္ဂဝမ္မာ မခံချင်အောင် မနဥယနှင့် စကားပြောသည်။ ပုပ္ဖဝလီ ကစားနေသည်။

" ကျောက်တုံးနဲ့ စကားပြောတဲ့ ယောကျ်ားမျိုးကို ရှင်တွေ့ဖူးသလား မနဥယ။ စကားပြောတာတော့ ထားလိုက်ပါ၊ ကျောက်တုံးနဲ့ လက်တောင် ထပ်တယ် "

" ကျုပ်က လက်ထပ်ရုံထပ်တယ်၊ မင်းကတော့ ကျောက်တုံးကို နတ်ဒေဝတာလုပ်ပြီး ပူဇော်ပသတယ် မဟုတ်လား " အင်္ဂဝမ္မာက ပြန်ပြောလိုက်သည်။

" ဒါ ကျုပ်တို့ရဲ့ ဘာသာတရားကို စော်ကားတာ "

မနဥယက ဝင်ပြောသည်။

" ရုပ်တုထုလုပ်တာဟာ လက်မှုပညာသက်သက်မျှသာ မဟုတ်ဘူး၊ ရုပ်တုထုလုပ်ဖို့အတွက် ဘာသာတရားကို ယုံကြည်ကိုးစားမှုလဲ လိုတယ်၊ နို့မဟုတ်ရင် အနုပညာလက်ရာသက်သက်သာဖြစ်ပြီး ပူဇော်အပ်၊ ပူဇော်ထိုက်တဲ့ အရာဝတ္ထုရယ်လို့ ဖြစ်မလာတော့ဘူး " အင်္ဂဝမ္မာက ပြောလိုက်ပြန်သည်။

"ယဝနလူမျိုးတစ်ယောက်ကို ဟိန္ဒူဘုရားကျောင်းမှာ တည်ထားကိုးကွယ်ဖို့အတွက် ရုပ်တုထုလုပ်ခိုင်းတဲ့ ကျုပ်အဖေကလဲ အတော့်ကို ထူးဆန်းတဲ့ ပုဂ္ဂိုလ်ပဲ " မနဥယက သရော်လိုက်ပြန်သည်။

" ရုပ်တုထုလုပ်တဲ့ ပုဂ္ဂိုလ် ဘာလူမျိုးလဲဆိုတာ ဘယ်သူသိနိုင်ပါ့မလဲ၊ ရုပ်တုထုလုပ်တဲ့လူရဲ့ အလုပ်က ရုပ်တုထုလုပ်ဖို့ပဲဖြစ်တယ်၊ ရုပ်တုကို ပူဇော်တဲ့လူတွေက ပူဇော်ကြလိမ့်မယ်၊ ချိုးဖဲ့ပစ်တဲ့ လူတွေက ချိုးဖဲ့ပစ်ကြလိမ့်မယ်၊ ရုပ်တုရဲ့ အလှအပကြောင့် ကြည်ညိုတဲ့လူတွေရဲ့ သဒ္ဓါတရားဟာ တိုးတက်လာမှာမဟုတ်ဘူး၊ လျော့လဲသွားမှာ မဟုတ်ဘူး၊ ရှင်တို့ နှစ်ယောက်လုံး မှားနေတယ်၊ ဘာဖြစ်လို့ ဒီအကြောင်းကို ရေးကြီးခွင်ကျယ်လုပ် ပြောနေကြရတာလဲ"

ပုပ္ဖဝလီက မျက်နှာထား ခပ်တည်တည်ဖြင့် ပြောလိုက်သည်။

အင်္ဂဝမ္မာသည် ကျောက်တုံးကို စူးဆောက်နှင့် ထွင်းထုနေရင်းက



ပုပ္ဖဝလီကို လှမ်းကြည့်လိုက်သည်။ ပုပ္ဖဝလီထံမှ ယင်းကဲ့သို့သော စကားများ ထွက်လာလိမ့်မည်ဟု သူမမျှော်လင့်ပေ။

" ကျုပ် တစ်ခုပြောဦးမယ်၊ ရွေ့နေတဲ့ ကျောက်တုံးဟာ ဘယ်မှာမှ မြဲမနေဘူး မှတ်ပါ "

မနဥကယ ' တွက် 'လိုက်ပြန်သည်။ သူ၏ ' ရွေ့နေတဲ့ ကျောက်တုံး' မှာ အင်္ဂဝမ္မာကို ရည်ညွှန်းပြီး ပြောလိုက်ခြင်းဖြစ်သည်။

" ဒါပေမယ့် တစ်ခုလဲ သတိထားပါဦး၊ မြဲနေတဲ့ ကျောက်တုံးလဲပဲ ရွေ့ရတာပါပဲ၊ ပြီးတော့ ရွေ့နေတဲ့ ကျောက်တုံးကလဲပဲ အမြဲတစေ ရွေ့နေတာ မဟုတ်ပါဘူး။ ကျွန်မတို့လဲ မြဲနေတဲ့ ကျောက်တုံးမဟုတ်ပါဘူး၊ အခုတစ်ယောက်ရဲ့ ခြေထောက်နဲ့ အထိခံရပြီး နောက်တစ်ခါကျတော့ အခြားတစ်ယောက်ရဲ့ ခြေထောက်နဲ့ အထိခံရတယ် " ပုပ္ဖဝလီက ရယ်ပြီးပြောသည်။

" ဒီလိုဆိုရင် မင်းအနေနဲ့ ဆုံးဖြတ်ချက်ချပြီးပြီလား " မနဥယက မေးလိုက်သည်။

ပုပ္ဖဝလီသည် အချိန်အတန်ကြာမျှ နှုတ်ပိတ်နေသည်။ ထို့နောက်မှ ပြုံးပြီး ပြောလိုက်သည်။

" ရှင် ရူးနေပြီလား၊ ဒါ ဆုံးဖြတ်ချက်ချစရာလား၊ ရှင်တို့နှစ်ယောက်တာ ဆရာတပည့်လား၊ ဒါမှမဟုတ်ရင် ခွေးနဲ့ကြောင်လား "

ပုပ္ဖဝလီသည် သူတို့နှစ်ဦးကိုကြည့်ပြီး အရွှန်းဖောက်လိုက်သည်။ သူ့စကားကိုကြားလျှင် သူတို့နှစ်ဦး ရယ်ကြလိမ့်မည်ဟု မျှော်လင့်ထားသည်။ သို့ရာတွင် သူတို့နှစ်ဦး၏ မျက်နှာထားမှာ ပိုပြီးတော့တောင် တည်တည်ကြီး ဖြစ်သွားသည်။

" ကဲ. . . ဒါဖြင့် ကျွန်မပြန်တော့မယ် "

ပုပ္ဖဝလီသည် သူ့ရေအိုးကို ကောက်ကိုင်လိုက်သည်။ ထို့နောက် ထွက်သွားသည်။ မနဥယလည်း သူ့တုတ်ကို ကောက်ကိုင်ပြီး ပုပ္ဖဝလီနှင့်အတူ ထွက်သွားသည်။

သူတို့နှစ်ဦး ထွက်သွားပြီးသောအခါ အင်္ဂဝမ္မာသည် အလုပ်ကို အာရုံစိုက်၍ မရတော့ပေ။ ထိတ်လန့်ခြင်းနှင့် မနာလိုဝန်တိုခြင်းသည် အတူပေါင်းပြီး မုန်တိုင်းထန်နေသည်။ ယင်းမုန်တိုင်းထဲတွင် မေတ္တေယီ၏ ရုပ်ပုံသည် ဆောင်ကုန်းတစ်ခု၏ အသွင်သဏ္ဌာန်ကဲ့သို့ မားမားမတ်မတ် ရပ်နေသည်ကို တွေ့မြင်နေရသည်။

အင်္ဂဝမ္မာသည် တံခါးဝ၌ရပ်ပြီး ရေအိုင်ကြီးဆီ လှမ်းကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုပ္ပဝလီသည် သူ့ရေအိုးကို ရေအိုင်ကြီးနားချထားခဲ့ပြီး မနဥ္စယနှင့်အတူ ဉယျာဉ်ထဲ ဝင်သွားသည်။

မျက်စိစုံမှိတ်ပြီး အဂ္ဂိဝမ္မာ စဉ်စားနေသည်။ စီးနေသည့် ရေသည် မည်သူတစ်ဦးတစ်ယောက်၏ အပိုင်မှ မဟုတ်ပေ။ ထို့နောက် မျက်စိပြန်ဖွင့်ပြီး တံခါးဝ၌ ရပ်လျက်ပင် ဉယျာဉ်ဘက် လှမ်းမျှော်ကြည့်နေပြန်သည်။ ကြည့်ရတာ အားမရသေး၍ တမာပင်အထိပင် လှမ်းသွားလိုက်သေးသည်။ ထို့နောက်မှ စဉ်းစားရင်း ပြန်လှည့်လာသည်။ စီးနေသည့် ရေအတွက် ရေကာတာလိုသည်။ ရေစီးလမ်းကြောင်း မလိုပေ။ ပျို့ရွှယ်ချိန်သည် စီးနေသော ရေဖြစ်သည်။

" မဟုတ်ဘူး . . မဟုတ်ဘူး " အဂ္ဂိဝမ္မာသည် နဖူးပေါ်ကချွေးကို သုတ်ပြီးလျှင် ကျောက်တုံးကို ဆောက်နှင့် အဆက်မပြတ် ထွင်းထုနေသည်။ ရုပ်တု၏ ရင်သားပေါ်မှ တဖြတ်ဖြတ်အသံပြုလျက် ကျဉ်းမြောင်းသေးသွယ်သည့် မြစ်သည် စီးနေသည်။ ပန်းပုဆရာ၊ ပန်းတမော့ဆရာ၏ လက်ထဲက စုးဆောက်သည် လှုပ်ရှားနေသည်။



( ၉ )

မနဥ္စယသည် တဆိတ်ကို တစ်အိတ်လုပ်တတ်သည့် ပုဂ္ဂိုလ်များထဲက တစ်ဦးတစ်ယောက်ဖြစ်သည်။ ရွာထဲတွင် သူ့ဘက်တော်သား အများအပြား ရှိသည်။

နောက်တစ်နေ့နံနက်တွင် ရေအိုင်ကြီးအနီး၌ ရွာရှိ လူငယ်လူရွယ်များ စုဝေးကြသည်။ ရုပ်တုကိုးကွယ်မှုကို မယုံကြည်သည့် ဟိန္ဒူလူမျိုးမဟုတ်သူတစ်ဦးက ဘုရားကျောင်း၌ တည်ထားကိုးကွယ်ဖို့အတွက် ရုပ်တုထုလုပ်နေသည်ဟူ၍ မနဥ္စယက သူ့ဘက်တော်သားများအား သွေးထိုးပေးလိုက်သည်။ မနဥ္စယအမှူးပြုသော လူငယ်တစ်စုသည် အဂ္ဂိဝမ္မာ ဆန့်ကျင်ရေးတိုက်ပွဲဝင်ကြမည်ဟု ဆုံးဖြတ်ချက်ချလိုက်ကြသည်။

အလုပ်ခွင် ရောက်သွားကြသောအခါ လူငယ်တစ်စုသည် ဘုရားကျောင်းကို ကြီးမှူးဆောက်လုပ်နေသည့် ဗိသုကာ အဖိုးအိုအား သူတို့၏ဆန္ဒကို ထင်ပြကြသည်။ သို့ရာတွင် အဘိုးအိုက သူတို့၏ ကန့်ကွက်ချက်ကို လက်မခံဘဲ၊ လူငယ်များအား ရှင်းလင်းပြောပြသည်။

'ဘုရားသခင်နဲ့ ပတ်သက်တဲ့ကိစ္စမှာ ကျဉ်းမြောင်းတဲ့အယူအဆ ရှိတာ မကောင်းဘူး၊ ဘုရားသခင်ရဲ့အမြင်မှာ အားလုံး အတူတူချည်းပဲ။ ရုပ်တုတစ်ခုရဲ့ ထူးခြားချက်ဟာ ရုပ်တုလုပ်တဲ့ ပန်းပုဆရာ၊ ကျောက်ဆစ်ဆရာပေါ်မှာ တည်တာမဟုတ်ဘူး။ ရုပ်တု ထုလုပ်တဲ့ လူကြောင့် ရုပ်တု ထူးခြားသောတာမဟုတ်ဘူး။ ရုပ်တုတိုင်းဟာ ကိုယ်ပိုင်ထူးခြားချက် ရှိတယ်။ ဘုရားကျောင်းမှာ တည်ထားကိုးကွယ်လိုက်တဲ့အခါ ဘုရားကျောင်းက ရုပ်တု ဖြစ်သွားတော့တာပဲ၊ ရုပ်တုထုလုပ်တဲ့လူနဲ့ ဘယ်လိုဆက်စပ်မှုမှ မရှိတော့ဘူး။ ဘယ်သူမှလဲ အဲဒီရုပ်ထုအပေါ်မှာ ထူးခြားတဲ့ ပိုင်ဆိုင်ခွင့်မျိုး မရှိတော့ဘူး'

အဖိုးအိုက ဖျောင်းဖျ ပြောပြသော်လည်း လူငယ်များက သဘောပေါက်ကြပေ။ ဖြစ်တောက်ဖြစ်တောက် ပြောနေကြသည်၊ ဆူဆူပူပူလုပ်နေကြသည်။ အလုပ်ကိုလည်း ဟုတ်တိပတ်တိ မလုပ်ကြတော့ပေ။ ဆန္ဒပြနေကြသည်။ အဂ္ဂိဝမ္မာ ဆန့်ကျင်ရေးကို သဲသဲမဲမဲ လုပ်နေကြသည်။ ဆင်းလှုပ်ရှားမှုတွင် မိန်းမပျိုများလည်း လူငယ်များနှင့် ပေါင်းသွားကြသည်။ ဗြာဟ္မဏရွာတစ်ရွာရှိ ဗြာဟ္မဏလူမျိုးတစ်မျိုး၏ ဘုရားကျောင်း၌ ဗြာဟ္မဏ လူမျိုးမဟုတ်သူတစ်ဦး ထုလုပ်သည့် ရုပ်တုကို တည်ထားကိုးကွယ်ရသည့် အဖြစ်ကို မနှစ်သက် မလိုလားကြပေ။ ရေအိုင်ကြီး၏ အနီးတွင် သပိတ်သမားများ ဝတ်သက်ပြီး အဖြင်းအခုန် ပြင်းပြင်းထန်ထန် ဖြစ်ပွားနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းတို့အထဲမှ များစွာမှာ နေဥယနှင့် သွေးသားတော်စပ်သူများ ဖြစ်ကြသည်၊ မိန်းမပျိုပေါင်းများစွာ၏ အပေါ်၌လည်း နေဥယ၏ ဩဇာအရှိန်အဝါ လွှမ်းမိုးနေသည်၊ မိန်းမများထဲတွင် အသက်ငယ်ငယ်ရွယ်ရွယ် မိန်းမများသည်သာ အဂ္ဂိဝမ္မာ ဆန့်ကျင်ရေး လှုပ်ရှားမှုတွင် ပါဝင်ကြသည်။

ပုပ္ဖဝလီသည် မည်သည့် ရည်ရွယ်ချက်ကြောင့်မသိ၊ ယင်း အုံကြွမှု အကြောင်းကို အဂ္ဂိဝမ္မာအား အသိပေးလိုက်သည်၊ အဂ္ဂိဝမ္မာသည် သူရဲကောင်း တစ်ယောက် မဟုတ်ပေ၊ ဘေးကင်းရန်ကင်း နေလိုသူတစ်ယောက်ဖြစ်သည်၊ နွားနို့ကို မှုတ်သောက်သူတစ်ယောက်ဖြစ်သည်၊ ယခုရေထဲတွင် မီးကျီးခဲကို တွေ့နေရသည်၊ ထိတ်လန့်စိုးရွံ့နေသည်၊ သို့ရာတွင် မည်သို့မှ မတတ်နိုင်၊ ထိုနေ့တွင် အဖိုးအိုကလည်း သူ့ကို ဘာမှမပြော၊ နှုတ်ပိတ်၍သာ နေသည်၊ တစ်စုံတစ်ခု တွေးတောစဉ်းစားနေပုံရသည်၊ အဂ္ဂိဝမ္မာကမူ အဖိုးအို စိတ်ဆိုးနေသည်ဟု အောက်မေ့နေသည်၊

နှစ်ရက် သုံးရက်အထိ ဆက်လက်အုံကြွနေသည်၊ ရွာသူကြီးလည်း ယင်းသတင်းကို ကြားသိပြီးလေပြီ၊ ဘုရားကျောင်းကိုပင် နှစ်ကြိမ်သုံးကြိမ် လှည့်ပတ်ကြည့်ရှုပြီးလေပြီ၊ သို့ရာတွင် မည်သူ့ကိုမျှ စကားတစ်ခွန်း မပြောပေ၊ အလုပ်ကို စိတ်မပါတပါနှင့် လုပ်နေကြသူများသည် သူတို့ကို ရွာသူကြီး တစ်ချက်ကြည့်လိုက်ရုံမျှဖြင့် နဂိုအနေအထား ပြန်ဖြစ်သွားကြသည်၊ ရွာသူကြီးသည် အဂ္ဂိဝမ္မာကိုလည်း စကားမပြောပေ၊ သူ မည်သည့်ရည်ရွယ်ချက်ဖြင့် လာသည်ဆိုသည်ကို အဂ္ဂိဝမ္မာမသိပေ၊ ရွာသူကြီးလည်း စိတ်ဆိုးနေသည်ဟူ၍ အဂ္ဂိဝမ္မာထင်လေသည်၊

နောက်တစ်နေ့တွင် မနေဥယကြီးမှူးသည့် အုပ်စုသည် သူတို့ အလုပ် မလုပ်ကြတော့ဘူးဆိုသည့်အကြောင်းကို အဖိုးအို ဗိသုကာဆရာကြီးအား အကြောင်းကြားလိုက်သည်၊ နေဥယလည်း သူတို့အထဲတွင် ပါသည်၊ နေဥယသည် ထိုနေ့မှစပြီ၍ အဂ္ဂိဝမ္မာ၏တဲသို့ မသွားတော့ပေ၊ သို့ရာတွင် ယခင်အတိုင်း အလုပ်လုပ်နေကြသူများလည်း ရှိသည်၊ ထိုပုဂ္ဂိုလ်များ၏ အရေအတွက်မှာမူ လျော့နည်းသွားသည်၊

အဖိုးအိုက သူကြီးအား တိုင်ကြားလိုက်သည်၊ အခြေအနေ အရပ်ရပ်ကိုလည်း ရှင်းလင်းပြောပြသည်၊ သူတို့နှစ်ဦးလုံးပင် ဘုရားကျောင်း အလျင်အမြန် ပြီးမြောက်ရေးကို ကြိုးစားအားထုတ်နေသူများဖြစ်၍ ယခု အုံကြွမှုကို မလိုလားမနှစ်သက်ပေ၊ အတယ်၍ သူတို့ရွာရှိ လူငယ်လူရွယ်များကို ဆူပူကြိမ်းမောင်းပါက အခြေအနေပိုဆိုးလာမှာ စိုးရိမ်နေပုံရသည်၊ အဂ္ဂိဝမ္မာအား ထွက်



သွားဖို့ ပြောပြန်ပါကလည်း အလုပ်ပြီးစီးဖို့ လမ်းမရှိတော့ဘဲ ယခုအတိုင်းဝင်တန်းလန်းသာ ရှိနေပေတော့မည်၊ ထွက်သွားဖို့လည်း ဘယ်လိုလုပ်ပြော၍ ဖြစ်မည်နည်း၊ သူတို့နှစ်ဦးသည် ယခု လူငယ်များသောက်ပြသည့် အကြောင်းအရာများကို မသိမဟုတ်၊ မဆွတပင်သိရှိနားလည်ထားသူများ ဖြစ်သည်၊ မသင့်တော်ဘူးဟု ထင်လျှင် အစတတည်းက အလုပ်မအပ်သင့်ပေ၊ အပ်ပြီးသည့်နောက်မှတော့ လုပ်ငန်းကိစ္စ ပြီးသည့်နောက်ပိုင်းကျမှသာ ရွာသူကြီးအနေဖြင့် အဂ္ဂိဝမ္မာအား လိုရာသွားခွင့် ပေးနိုင်ပေလိမ့်မည်၊

ပြဿနာမှာ မသေးငယ်လှပေ၊ ထိုရွာတွင် ယင်းပြဿနာမျိုး ဘယ်တုန်းကမှ မပေါ်ခဲ့ဘူးပေ၊ ရွာသူကြီးသည် အကြောင်းတစ်ခုတည်းကို ကြည့်၍လည်း လူငယ်လူရွယ်များကို အပြစ်ဒဏ်ပေး၍ မဖြစ်ပေ၊ သို့ရာတွင် ရွာသူကြီးသည် အတွေ့အကြုံရှိသူတစ်ဦးဖြစ်သည်၊ သူ၏အတွေ့အကြုံအရ ပဋိပက္ခ ဖြစ်နေသည့် ဘက်နှစ်ဘက်အနက် တစ်ဘက်ကို အချိန်ကာလအတန်ကြာမျှ တခြား ဖယ်ထားလျှင် ပဋိပက္ခသည် တစ်စတစ်စ ငြိမ်းအေးသွားနိုင်စရာ အကြောင်းရှိသည်ဟု တွက်သည်၊

ရွာသူကြီးက အခေါ်ခိုင်းလိုက်သည်ဖြစ်၍ အဂ္ဂိဝမ္မာရောက်လာသည်၊ ရွာရှိ လူငယ်လူရွယ်များလည်း ရွာသူကြီးက အကြောင်းကြားလိုက်သည် ဖြစ်၍ ရောက်လာကြသည်၊ ရွာသူကြီးသည် သစ်ပင်အောက်ရှိ သူထိုင်နေကျခုံပေါ်ထိုင်နေသည်၊ သူ့အနီးတွင် အဖိုးအို ရပ်နေသည်၊ လေးဘက်ရံ၍ လူငယ်လူရွယ်များ ရှိနေသည်၊ ရွာသူကြီး၏ ရှေ့တည့်တည့်၌တား အဂ္ဂိဝမ္မာသည် အရားခံတစ်ဦးပမာ လက်ပိုက်ရပ်နေသည်၊ ရွာသူကြီးက စကားစလိုက်သည်၊

'အခုဆိုရင် ဘုရားကျောင်းပြီးဖို့ သိပ်မလိုတော့ဘူး ၊ ပုံမှန်အတိုင်း ဆက်လုပ်သွားကြမယ်ဆိုရင် တစ်လ တစ်လခွဲလောက်မှာ အပြီးသတ်နိုင်လိမ့်မယ်၊ ဟုတ်တယ်မဟုတ်လား ဆရာကြီး'

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်'

'အဲဒီလိုဆိုရင် ဘုရားကျောင်းပြာသာဒ်ပေါ်မှာတပ်ဖို့ ထီးလိုလာပြီ၊ အခုနေအခါမှာ ဘယ်တော့စစ်ဖြစ်မယ်၊ ဘယ်တော့အရပ်ပျက်တော့မယ် ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး။ ဘုရားကျောင်း ဆောက်လုပ်တဲ့ကိစ္စမှာ ဘယ်လို အနှောင့်အယှက်၊ ဘယ်လိုအဟန့်အတားမျိုးမှ ဖြစ်ပေါ်လာတာ ငါတို့ မလိုလားဘူး ဒါကြောင့်မို့ အဂ္ဂိဝမ္မာက ပတိဋ္ဌာနမြို့ကိုသွားပြီး ပြာသာဒ်ပေါ်မှာ တင်ဖို့ ထီးတွေ ပစ္စည်းတွေကို ရှာဖွေယူလာစေချင်တယ်၊ ဆရာကြီးသိုယ်တိုင်ထွက်ဖို့ ပထမရည်ရွယ်တယ်၊ ဒါပေမယ့် ဒီမှာဆရာကြီးမရှိရင် မဖြစ်ဘူး

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အင်္ဂဝမ္မာကလွဲပြီး မင်းတို့တစ်တွေထဲက ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွမ်းကျင်နားလည်တဲ့လူလဲ ငါကြည့်မမြင်ဘူး’

မည်သူတစ်ဦးတစ်ယောက်မှ ထင်မြင်ချက်မပြောကြပေ။ အင်္ဂဝမ္မာလည်း နှုတ်ဆိတ်နေသည်။ ခနဥ္စယ၏ ဘက်တော်သားများသည် အောင်ပွဲရသည့်ပမာ တစ်ဦးမျက်နှာ တစ်ဦးကြည့်နေကြသည်။ ပုပ္ဖဝလီက ခနဥ္စယကို ကြည့်နေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

‘ကူဖော်လောင်ဖက်ရအောင် ရွာထဲက လူနှစ်ယောက်သုံးယောက် ငါ အင်္ဂဝမ္မာနဲ့ ထည့်လိုက်မယ်၊ ပတိဋ္ဌာနမြို့က အင်္ဂဝမ္မာအတွက် အသစ်ဖြစ်နေတယ်၊ ဘယ်နဲ့လဲ အင်္ဂဝမ္မာ၊ မင်း ငါပြောတာ လက်ခံတယ်မဟုတ်လား။’

အင်္ဂဝမ္မာ၏ မျက်လုံး၌ မျက်ရည်စို့လာသည်။ ရွာမှာနေရင်းနှင့် ရွာကိုလည်းကောင်း၊ ရွာသူကြီးကိုလည်းကောင်း၊ သံယောဇဉ်တွယ်တာလာသည်။ ရွာသူကြီး၏ အမြော်အမြင်ရှိပုံကိုလည်း စိတ်ထဲကကြိတ်ပြီး ချီးကျူးနေမိသည်။ အဖိုးအိုသည် ပြဿနာတစ်ခုတော့ ရှင်းသွားပြန်ပြီဆိုသည့် သဘောဖြင့် သစ်ပင်ဘက် မျက်နှာလှည့်ပြီး ပြုံးနေသည်။

‘ငါ မင်းနဲ့အတူရှိနေပါတယ်၊ ငါတို့ရွာကလည်း မင်းနဲ့အတူရှိနေပါတယ်၊ မင်းဘာမှ အားငယ်စရာမလိုဘူး၊ သွားသာသွားပါ၊ ခနဥ္စယလဲပဲ မင်းဆီမှာ အလုပ်သင်လာခဲ့တာ ကြာပြီမဟုတ်လား’ ရွာသူကြီးက ပြောလိုက်သည်။

ပထမတွင် အင်္ဂဝမ္မာသည် လက်ခံရမလား၊ ငြင်းဆန်ရမလား ဝေခွဲမရ ဖြစ်နေသည်။ သို့ရာတွင် နောက်ပိုင်း၌မူ ‘ဟုတ်ကဲ့’ ဟု နှုတ်မှထွက်သွားသည်။

‘မင်း ခနဥ္စယကို ရုပ်တုပုံကြမ်းချပေးသွားပါ၊ မင်းမရှိတဲ့အချိန်မှာ သူ ရုပ်တုဆက်ထုနေလိမ့်မယ်၊ အလုပ်အဆက်ဖြတ်ထားလို့ မဖြစ်ဘူး မဟုတ်လား’

ခနဥ္စယ၏ ဘက်တော်သားများသည် ဩဘာလက်ခုပ်တီးကြသည်။ ခနဥ္စယကမူ မျက်နှာအောက်ငုံ့ပြီး ရယ်နေသည်။ ပုပ္ဖဝလီက ရယ်နေသည်။ ထို့နောက် လူစုကွဲသွားသည်။ ကျောင်းဆောက်လုပ်သည့် အလုပ်ကိုလည်း ယခင်အတိုင်း ဆက်လုပ်ကြသည်။



( ၁၀ )

ရေအိုင်ကြီးအနီးရှိ လယ်ကန်သင်းများမှ ဖြတ်ပြီး ပတိဋ္ဌာနမြို့သို့ သွားသည့် လူသွားလမ်းတစ်လမ်း ရှိသည်။ နေ့ရက်များစွာ မတိုင်မီက အင်္ဂဝမ္မာ၏ဆရာကို စစ်သားများ ထိုလမ်းမှပင် ဖမ်းဆီးခေါ်ဆောင်သွားကြသည်။ ယခုအခါတွင်ကား အင်္ဂဝမ္မာကိုယ်တိုင် ထိုလမ်းမှ ခြေမလှမ်းချင် လှမ်းချင်နှင့် လှမ်းသွားသည်။ ခနဥ္စယ၏ နောက်လိုက်များသည် ရွာလူကြီးများက တားမြစ်သော်လည်း အင်္ဂဝမ္မာ၏နောက်မှလိုက်ပြီး သရော်နေကြသည်။ သူတို့ထဲတွင် ခနဥ္စယ မပါပေ။ အင်္ဂဝမ္မာအား ပြည်နှင်ဒဏ်ပေးပြီး တိုင်းပြည်မှ နှင်ထုတ်လိုက်သည်နှင့် တူနေသည်။

ပုပ္ဖဝလီကလည်း ပုန်းလျှိုးကွယ်လျှိုးဖြင့် ရေအိုင်ကြီးသို့ ရောက်လာသည်။ သို့ရာတွင် အင်္ဂဝမ္မာကို စကားမပြောပေ။ စကားပြောရန်အတွက်လည်း စိတ်ပါပုံမရပေ။ မျက်လုံးမှမူ မျက်ရည်နှစ်ပေါက် စီးကျလာသည်။ သို့ရာတွင် အင်္ဂဝမ္မာက မမြင်ပေ။ အင်္ဂဝမ္မာသည် မိမိကံကြမ္မာကို ကြိမ်ဆဲပြီး ခရီးထွက်သွားသည်။ ထိုရွာမှ အားကောင်းမောင်းသန် လူရွယ်နှစ်ဦးလည်း လိုက်ပါသွားသည်။ အင်္ဂဝမ္မာကို သူတို့ အလစ်မပေးကြပေ။ တင်းကျပ်စွာ စောင့်ကြည့်ပြီး လိုက်ပါသွားကြသည်။

ထိုရွာမှနေ၍ ပတိဋ္ဌာနမြို့ရောက်အောင် နှစ်ရက်ကြာမျှ ခြေကျင်သွားရသည်။ အချို့နေရာတွင် မြစ်ကမ်းဘေးက ဖြတ်သွားရပြီး အချို့နေရာတွင်ကား တောင်များကို ဖြတ်သွားရသည်။ လမ်းခရီး၌ တစ်ခါတရံ ခရီးသွားတစ်ယောက်စနှစ်ယောက်စ တွေ့ရသည်မှတပါး ခရီးတစ်လျှောက်လုံး သူသူဆိတ်သုဉ်းနေသည်။

ယခုအခါ၌ ပတိဋ္ဌာနမြို့သည် ယခင်ကလို မဟုတ်တော့ပေ။ တိုးနှင့်ခုတ်ဖုတ် ဖြစ်နေသည်။ စစ်သည်တပ်သား တစ်ဦးတစ်ယောက်မျှ မရှိတော့သည့် ရဲတိုက်ကြီး၊ ခံတပ်ကြီးသဖွယ်ဖြစ်နေသည်။ မြို့တွင်း၌ လှုပ်ရှားသွားလာမှု မရှိတော့ပေ။ လမ်းမကြီးများမှာ တစ္ဆေခြောက်မှာပင် ကြောက်နေရသည်။ အိမ်ကြီးရခိုင်များ၊ တိုက်တာအဆောက်အဦးကြီးများမှာလည်း နေသူ မရှိတော့ပေ။ အချို့နေရာတွင်ကား အိမ်ကြီးများမှာ ပြိုလဲနေကြသည်။ မြို့ပျက်ကြီး ဖြစ်နေသည်။

တစ်ချိန်တုန်းက မိုးစွန်တဖျား ထိလုနီးပါး ဖြစ်နေကြသည့် ဘုရားကျောင်း အဆောက်အဦးကြီးများမှာ ယိုယွင်းပျက်စီးတုန်ကြပြီ၊ [illegible] ၏ခေါက်ပ ဝင်းပြောင်နေသည့် ပြာသာဒ်အထွတ်၊ ပြာသာဒ် [illegible]

www.burmeseclassic.com



ကုန်ကြပြီ၊ အချို့မှာ ကျိုးလုကျိုးခင် ဖြစ်နေကြသည်၊ ဘုရားကျောင်းများ၌ ပူဇော်ဝတ်ပြုသူလည်း မရှိတော့ပေ၊ ခေါင်းလောင်းထိုးမည့်သူလည်း မရှိတော့ပေ၊ ဘုရားကျောင်းများသည် သချိုင်းဇရပ်ပျက်ကဲ့သို့ ဖြစ်နေကြသည်၊

သာတဝါဟနမင်းဆက်ဘုရင်များ စိုးစံခဲ့ကြသည့် နန်းဆောင်များသည်လည်း ရှေးဟောင်းအဆောက်အဦး အပျက်အစီးအယိုအယွင်းများသဖွယ်သာ ဖြစ်နေကြသည်၊ ယင်းနန်းဆောင်များ၌ ယခုအခါတွင် သာတဝါဟနမင်းဆက်ဘုရင်များလည်း မရှိတော့ပေ၊ သူတို့၏ ထီးနန်းကနက္ခဒဏ်လည်း မရှိတော့ပေ၊ ယင်းနန်းဆောင်များသည် ဘုန်းမီးနေလ ထွန်းလင်းတောက်ပပြီး ဝပြောစည်ပင်သည့် ခေတ်တစ်ခေတ်၏ အမှတ်သင်္ကေတအဖြစ်ဖြင့်သာလျှင် ကျန်ရှိနေတော့သည်၊ အားလုံးက စွန့်ခွာသွားကြလေပြီ၊

ပတိဋ္ဌာနမြို့၏ ရောင်းရေးဝယ်တာလည်း လုံးဝ ရပ်ဆိုင်းသွားလေပြီ၊ သိန်းနှင့်သန်းနှင့်ချီပြီး အရောင်းအဝယ်လုပ်သည့် ကုန်သည်ကြီးများ ရောင်းဝယ်ရေး အချက်အချာဌာနများ၌ ယခုအခါတွင် ပြေး၍ရေမှ ဈေးသည် တစ်ယောက်စ၊ နှစ်ယောက်စလောက်သာ တွေ့ရသည်၊ တစ်ချိန်တုန်းက အင်အားတောင့်တင်းကြီးမားသည့် နိုင်ငံတော်၏ အချက်အချာ ဗဟိုဌာန ဖြစ်ခဲ့သော ရှေးဟောင်းမြို့တော်သည် ကောက်ကာငင်ကာ မြို့ပျက်ဘဝ ရောက်သွားရသည်၊

ပတိဋ္ဌာနမြို့၌ ပြင်းထန်ကြီးမားသည့် မြေငလျင်ကြီး လှုပ်သွားသည်ဟု ထင်မှတ်နေရသည်၊ အသက်ဝိညာဉ် မရှိတော့ပြီဖြစ်၍ ဖေါ်ဒွ အခွံအကာလောက်သာ ကျန်ရှိတော့သည်၊ ယင်းကြီးမားကျယ်ပြန့်သော မြို့တော်သည် အနီးအနားပတ်ဝန်းကျင်ရှိ တောင်များ၏ အစိတ်အပိုင်းသဖွယ်သာ ဖြစ်နေတော့သည်၊ ကျောက်ဖြင့် တည်ဆောက်ထားသည့် မြို့သည် ကျောက်တုံးကျောက်တောင်နှင့် ရောနှောသွားလေပြီး ကျောက်တုံးကျောက်တောင်ဘဝ ဖြစ်ရောက်သွားလေပြီ၊

သို့ရာတွင် လက်ဟောင်းအနုပညာရှင်အချို့နှင့် လက်မှုပညာရှင်အချို့ကား ထိုမြို့၌ ရှိနေကြတုန်းပင်၊ သူတို့သည် အလုပ်လည်း မလုပ်ကြရပေ၊ ဝင်ငွေလည်းမရှိကြပေ၊ တစ်ဝမ်းတစ်ခါးအတွက် အကျပ်အတည်းတွေ့နေကြသည်၊ လက်ထဲတွင်ရှိသည့် ရှေးဟောင်းပစ္စည်းများကို ထုခွဲရောင်းချပြီး အသက်မွေးဝမ်းကျောင်းနေရရှာသည်၊ သာတဝါဟနမင်းဆက်ဘုရင်သည် နယ်သစ် ပြည်သစ်တွင် ရောက်ရှိနေသည်ဖြစ်၍ အနုပညာရှင်လက်သစ်များသာ ထောက်ပံ့အားပေးမှု ရရှိနေကြသည်၊



တစ်ခါတုန်းက ဘုရားကျောင်းများတွင် တည်ထားကိုးကွယ်ရန်အတွက် ထုလုပ်ထားသည့် ရုပ်တုများကို ယခုအခါတွင် ကျောက်တုံးတန်ဖိုးအတိုင်း ရောင်းနေကြသည်၊ သို့စဉ်လျက် ဝယ်မည့်သူမရှိ ဖြစ်နေသည်၊ ဘုရားကျောင်းများရှိ လူများပစ်ထားခဲ့သော ရုပ်တုများသည် ဟင်းရွက်ကန်စွန်းလောက်မှ တန်ဖိုးမရှိဖြစ်နေသည်၊ ပြာသာဒ်အထွတ် ပြာသာဒ် ထီးတို့ကိုလည်း ကြေးထည်အဖိုးမျှလောက်ဖြင့်သာ ရောင်းချနေကြသည်၊ ထို့ကြောင့် ရွာသူကြီးသည် အဂ္ဂိဝမ္မာအား ပတိဋ္ဌာနမြို့သို့ ပြာသာဒ်အထွတ် ပြာသာဒ်ထီး အရှာလွှတ်လိုက်ခြင်း ဖြစ်ဟန်တူသည်၊

အဂ္ဂိဝမ္မာသည် ဘုရားကျောင်းများကို ကြည့်ရှုလေ့လာရန် မြို့ထဲထွက်လာခဲ့သည်၊ ဘုရားကျောင်းများကို တစ်ဆောင်ပြီးတစ်ဆောင် လှည့်ပတ်ကြည့်ရှုသည်၊ တောင်ကြောတစ်ခုတွင် ထူးခြားသည့် ဘုရားကျောင်းတစ်ဆောင်ကို တွေ့ရသည်၊ ကျောင်းဆောင်တစ်ဝက်မှာ အပြင်၌ ဆောက်ထားပြီး ကျန်ကျောင်းဆောင်တစ်ဝက်ကို တောင်ခေါင်းတွင် တူးဖော်ပြီး ဆောက်လုပ်ထားသည်၊ ကျောင်းဆောင်မှာ အပြီးမသတ်သေးပေ၊ သို့ရာတွင် ယင်းဘုရားကျောင်း၌ အသုံးပြုထားသည့် ကျောက်တုံးတိုင်း ကျောက်တုံးတိုင်းမှာ အနုပညာအမြင်ဖြင့် ကြည့်လျှင် ပြိုင်ဘက်မရှိ လက်ရာမြောက်နေသည်ကို တွေ့ရသည်၊

အနုပညာရှင်သည် သူ၏ခံစားချက်များကို ရုပ်တုရုပ်လုံးအသွင် ဖော်ထားသည်၊ ယင်းအနုပညာလက်ရာများသည် ရှေးဟောင်းလက်ရာတစ်ခုခုကို ပုံတူကူးချထားသည့် လက်ရာများမဟုတ်ပေ၊ ယင်းအနုပညာလက်ရာများကို ကြည့်ရသည်မှာ ချစ်ခြင်းမေတ္တာ စိမ့်ထုံထားသည့် တေးသွားအဲ့ပုံပြင်တစ်ခုကို ဖတ်ရသည်နှင့် တူနေသည်၊ ယင်းဘုရားကျောင်း၌ ချည်ဆည့်နတ်ရုပ်တုကိုမှ ကိုးကွယ်တည်ထားသည်ကို မတွေ့ရပေ၊ ယင်းဘုရား ကျောင်းသည် မြင့်မြတ်သည့် လူသားတစ်ဦး၏ မြင့်မြတ်သော အတွေးအကြံကို ရုပ်လုံးဖော်ထားသည်နှင့် တူသည်၊ အလွန်တရာ လေ့လာကြည့်ရှုအပ်သည့် နေရာဌာနတစ်ခုဖြစ်သည်၊

အဂ္ဂိဝမ္မာသည် ယင်းကျောင်းဆောင်၏ တိုင်တစ်တိုင်အနီး၌ သူနှင့်ပညာသင်ဘက် သူငယ်ချင်းတစ်ယောက်ကို မမျှော်လင့်ဘဲ သွားတွေ့သည်၊ သူတို့နှစ်ဦးသည် နာသိကမြို့ရှိ ဆရာ့ထံတွင် အတူတွဲပြီး ပညာသင်ကြားဆည်းပူးကြသူများဖြစ်သည်၊ ထိုသူသည် ကျောင်းတိုင်တွင် ဖော်ထားသည့် ရုပ်လုံးများကို ကြိုးကြိုးပမ်းပမ်း ပုံတူကူးယူနေသည်၊ အဂ္ဂိဝမ္မာသည် ...

www.burmeseclassic.com

www.burmeseclassic.com



ချင်းကို တွေ့ရသည့်အခါ ပထမတွင် တအံ့တဩဖြစ်နေသည်၊ ထို့နောက်မှ နှုတ်ဆက်ဖို့ သတိရသည်။

'အလို. . . မင်းဘယ်လိုလုပ် ဒီရောက်နေတာလဲ' အဂ္ဂိဝမ္မာက မေးလိုက်သည်။

'မင်းကကော' ကိတ္တိဝါနက ပြန်မေးလိုက်သည်။

'ငါတို့က အပယ်ခံသမားတွေပါ၊ အပယ်ခံသမားဆိုတော့ အရပ်တကာ လည်နေရတာပေါ့'

'မင်းက အပယ်ခံသမား၊ ငါက ကံဆိုးမှောင်ကျနေတဲ့ လူ၊ တို့ဆရာကို ရုဒ္ဒဒမန ဘုရင့်တပ်သားတွေဖမ်းပြီး မြေတင်္ဂကကို ခေါ်သွားကြတယ်၊ တို့သူ့ကို လိုက်ရှာနေကြတာ'

'အလိုရှင်'

တိုင်၏နောက်ကွယ်မှ သာယာချိုအေးသော မိန်းမသံတစ်သံ ထွက်ပေါ်လာသည်၊ မျက်နှာက အောက်ငုံ့နေသည်၊ မျက်လုံးထဲက မျက်ရည်ပေါက်ကြီးများ တစ်စက်စက် ကျနေသည်၊ ထိုမိန်းမကား မေတ္တေယီဖြစ်သည်။

အဂ္ဂိဝမ္မာ ပါးစပ်အဟောင်းသား ဖြစ်နေသည်၊ ရှေ့ဘက်သို့သာ ဆက်လျှောက်သွားချင်သည်၊ သို့ရာတွင် ခြေထောက်ကမရွေ့၊ ခြေထောက်နှင့် ကြမ်းပြင် တပ်နေသည်၊ မေတ္တေယီကို တစ်ချက်ကြည့်လိုက်သည်၊ တစ်စုံတစ်ခု ပြောချင်သည်၊ သို့ရာတွင် နှုတ်ခမ်းလှုပ်ရုံသာလှုပ်ပြီး စကားထွက်မလာပေ။

'မင်းတို့နှစ်ယောက်တည်း လာကြတာလား' အဂ္ဂိဝမ္မာက မေးလိုက်သည်၊

'ဟုတ်တယ်'

'မင်းတို့နဲ့ တခြား ဘယ်သူမှ မပါဘူးလား'

'ထင့်အင်း မပါဘူး'

'အားမဲ့တဲ့ မိန်းမတွေအတွက်တော့ အားကိုးတစ်ခုခု လိုတာပဲ၊ ရဲရင့်တဲ့ မိန်းမဖြစ်နေတာတောင် ဘာတတ်နိုင်မှာလဲ၊ ကိုယ့်ကိုရင်လဲ သတ်သေမှ၊ ဒါမှမဟုတ်ရင်လဲ တစီမံတံရံစံတစ်ယောက်နဲ့ လက်ထပ်ပြီး တသက်တာလုံး ဒုက္ခနဲ့မျက်ရည် သုတ်နေရုံပဲရှိမယ်'

မေတ္တေယီသည် ပြောရင်းပြောရင်း ရှိုက်လာသည်။

'ကျုပ်မှာ အပြစ်မရှိဘူးထင်ပါတယ်၊ ကျုပ်ကို နာသိကမြို့က မောင်းထုတ်လိုက်တာပါ၊ မင်းလိုက်မယ်ဆိုရင် အတူခေါ်လာခဲ့ပါတယ်၊ အခု လိုက်ခဲ့ပါလား ကျုပ်နဲ့အတူ လိုက်ခဲ့ပါလား၊ နာသိကကို မေ့ပစ်လိုက်ပါ'



အဂ္ဂိဝမ္မာသည် မေတ္တေယီအနီး ကပ်သွားပြီး ပြောလိုက်သည်။ သို့ရာတွင် မေတ္တေယီသည် ထိုတိုင်ကခွာပြီး၊ တခြားတိုင်တစ်တိုင်အနီး ရောက်သွားသည်၊ အဂ္ဂိဝမ္မာ၏ ဆန့်တန်းနေသောလက်သည် နောက်ဘက် ပြန်ရုပ်သွားရသည်။

" ဒါပေမယ့်. . . . ဒါပေမယ့်" မေတ္တေယီသည် နောက်ဘက်ဆုတ်သွားသည်၊

'မင်းမသိသေးပါဘူး' ကိတ္တိဝါန၏ နှုတ်မှ ထွက်လာသည်။

'ငါသိပါတယ်၊ ငါသိပါတယ်'

ပြောပြောဆိုဆို အဂ္ဂိဝမ္မာသည် ရုတ်ချည်းပင် ဘုရားကျောင်းထဲက ထွက်သွားသည်၊ နောက်ဘက် ပြန်လှည့်မကြည့်တော့ပေ၊ ကတ္တိဝါနက ငြိမ်နေသည်၊

မေတ္တေယီသည် တိုင်ကိုမှီရပ်ပြီး မျက်ရည်စီးကျနေသည်၊ ဘုရားကျောင်းထဲက ထွက်သွားသော အဂ္ဂိဝမ္မာကို မျက်စိတစ်ဆုံး ငေးမျှော်ကြည့်နေသည်၊ အဂ္ဂိဝမ္မာ မျက်စိအောက်မှ ပျောက်ကွယ်သွားမှ ထိုင်ပြီး တရှုံ့ရှုံ့ ငိုနေတော့သည်၊ ထို့နောက်တွင် ရုတ်တရက် အမှားတစ်ခုကို ကျူးလွန်လိုက်သည့်အတွက် နောင်တတရားရရှိသွားသည့်အလား သူ့ကိုယ်သူ ပြန်လည်ထိန်းလိုက်သည်၊ ဘုရားကျောင်းဆောင်ထဲဝင်သွားပြီး ရုပ်တုတစ်ခုကဲ့သို့ ခပ်မဆိပ် ထိုင်နေသည်၊ မိုးသက်မုန်တိုင်း အားပါးတရတိုက်ခတ်ပြီးနောက် ငြိမ်သွားသည်နှင့် တူနေသည်၊ ကိတ္တိဝါနကမူ တိုင်အနီးတွင်ထိုင်ပြီး မျှော်ရှိုင် မှိုင်ထိုင်ဖြစ်နေသည်၊

www.burmeseclassic.com



( ၁၁ )

'ယုန်ထောင်ကြောင်မိဆိုတာ အဲဒါပေါ့' ပုပ္ပဝလီသည် မနဥ္ဇယကို ခနဲ့နေသည်။ သူတို့နှစ်ဦး တောင်ကုန်းပေါ်ရှိ တမာပင်ရင်း၌ ရပ်နေကြသည်။ နေ့လယ်ပိုင်း အလုပ်နားချိန်ဖြစ်သည်။ မနဥ္ဇယသည် စိုးရိမ်ပူပန်နေပုံရသည်။

ဘုရားကျောင်းကို ခပ်သုတ်သုတ် ဆောက်လုပ်နေကြသည်။ လုပ်ငန်း အပြီးသတ်တော့မည်ကို တွေ့ရ၍ ဘုရားကျောင်း ဆောက်လုပ်သူများ တက်တက်ကြွကြွ ဖြစ်နေကြသည်။

မနဥ္ဇယ၏ နောက်လိုက် ဘက်တော်သားများလည်း အလုပ်ကြိုးစား လုပ်နေကြသည်။ အောင်ပွဲရနေသည်ဖြစ်၍ မြူးကြွနေသည်။ သီချင်း တကြော်ကြော်နှင့် ကျရာတာဝန်ကို ကြိုးစားလုပ်ကိုင်နေကြသည်။ မနဥ္ဇယ တစ်ယောက်မှု မျက်နှာ သာသာယာယာ မရှိပေ။ ပုပ္ပဝလီသည် သူ့ကို တစ်နည်း မဟုတ် တစ်နည်း အမြဲမပြတ် မခံချင်အောင်ပြောနေသည်။

'ရှင် သတ္တိမရှိဘူးလား၊ ယောကျ်ားတန်မဲ့ လူတစ်ယောက်ကို မောင်းထုတ်ပစ်ရလောက်အောင် ဒါလောက်ပဲ မနာလိုဝန်တိုတဲ့စိတ်တွေ လွှမ်းမိုးနေရသလား'

'မင်း သူ့အကြောင်းကို မပြောနဲ့လို့ ငါဘယ်နှစ်ခါ ပြောရမယ်' မနဥ္ဇယ ပြောလိုက်သည်။

'ဒါလောက်ဖြစ်နေတယ်ဆိုရင် ဟိုနေ့တွေတုန်းကတော့ ဘာဖြစ်လို့ တွေ့ရအောင် မလာသလဲ'

'မင်းကို ငါ အာပေါက်အောင် ပြောပေမယ့် မင်း သဘောမပေါက်ဘူး မိန်းမတွေရဲ့ ဦးနှောက်ဟာ လျှာပေါ်မှာရှိတယ်ထင်တယ်၊ နှလုံးသားကတော့ မှတ်စိမှာ'

'ဟုတ်ပါတယ် ရှင်တတော့ နှလုံးသားနဲ့ လူပါ၊ ပြောတော့ တစ်မျိုး လုပ်တော့တစ်မျိုး၊ အဂ္ဂိဝမ္မာတတော့ အဲဒီလိုလူ ဘယ်တော့မှ မဟုတ်ဘူး'

'သူ့အကြောင်း ပြောပြန်ပြီလား'

'ပြောရမှာပဲ၊ ပြောနေမှာပဲ'

'ပြော. . . ပြော၊ အားရအောင်ပြော'

မနဥ္ဇယသည် မျက်နှာကြီးနီလျက် အဂ္ဂိဝမ္မာ၏တဲဘက်သို့ ဆောင့်ကြီးအောင့်ကြီးနှင့် ထွက်သွားသည်။ တံခါးဝမှ နောက်ဘက် ပြန်လှည့်ကြည့်လိုက်သည်။ ပုပ္ပဝလီ သူ့နောက်လိုက်လာလိမ့်မည်ဟု သူမျှော်လင့်သည်။ သို့ရာတွင် ပုပ္ပဝလီက သူမျှော်လင့်သည့်အတိုင်း သူ့နောက်လိုက်မလာဘဲ



ရေအိုးရွက်ပြီး တခြားမိန်းမဖော်များနှင့်အတူ တောင်ကုန်းအောက် ဆင်းသွားသည်။

အဂ္ဂိဝမ္မာ၏ တဲအခြေအနေသည် အဂ္ဂိဝမ္မာ ထားခဲ့သည့်အတိုင်းပင် ဖြစ်သည်။ တဲထဲတွင်ထားခဲ့သည့် ပစ္စည်းလည်း လက်ရာမယွင်း နေရာမယွင်း ယခင်အတိုင်း ရှိနေသည်။ တဝက်တစ်ပျက် ထုလုပ်ထားသည့် ရုပ်တုများ၌ ဖုန်ဆောက်ပင် တစ်ကြိမ်တစ်ခါ တင်မကြည့်ပေ။ လောင်းထားသည့် ပုံကြမ်းများလည်း ဟိုနေရာ သည်နေရာတွင် ပြန့်ကျဲနေကြသည်။ မနဥ္ဇယသည် ဘယ်ရုပ်တုကိုမှ စူးစောက် တင်မကြည့်ပေ။ ဤရွေ့ ဤမျှမူ လိမ္မာရေးခြားရှိသည်ဟု ဆိုရမည်။

မနဥ္ဇယသည် ရုပ်တုကို မထုလုပ်တတ်သော်လည်း ဖျက်ဆီးပစ်တတ်သည့် အဆင့်၌မူ ရှိသည်။ သို့ရာတွင် ဖျက်ဆီးမပစ်ပေ။ ယင်းသို့ ဖျက်ဆီးပစ်ခြင်းသည်ပင် သူ၏လုံလောက်သော ယိုင်းပင်းကူညီမှုဖြစ်သည်။တစ်နေ့လုံး တဲထဲတွင် ထိုင်နေသည်။ တစ်ခါတစ်ရံ၌သာ ပုပ္ပဝလီနှင့် စကားပြောရအောင် တဲအပြင်ထွက်သည်။ အဖိုးတိုကိုလည်းကောင်း၊ သူ့ဖခင် ရွာသူကြီးကို လည်းကောင်း၊ သူလန့်နေသည်။

တဲထဲတွင် ထိုင်နေသော်လည်း ဘာအကြံမှ ပေါ်မလာပေ။ ရုပ်တုများက သူ့ကို ခြောက်လှန့်နေသလားဟု အောက်မေ့နေရသည်။ ရှေးတောင်းနှောင်းဖြစ်များ စိတ်ထဲဖြစ်ပေါ်လာသည်။ အကြံရကြပ်နေသည်။ စိတ်ဝဏာ ငြိမ်ဖြစ်နေသည်။

ဘုရားကျောင်း အပြီးသတ်တော့မည်။ သို့ရာတွင် ရုပ်တုထုလုပ်သည့် အလုပ်မှာမူ လုပ်စရာများစွာ ကျန်သေးသည်။ အဂ္ဂိဝမ္မာကို ပတိဋ္ဌာနသို့ လွှတ်ပဲထားလျှင် ကောင်းမှာပဲဟုပင် မနဥ္ဇယ အတွေး ပေါ်ပေါက်လာသည်။ အတွေးတစ်ခုငြိမ်းသွားသော်လည်း ထိုထက်ကြီးမားသည့် နောက်ထပ်အပူတစ်ခု ပေါ်လာသည်။ မနဥ္ဇယ နောင်တရနေသည်။

ယခုအခါတွင် သူ့ပခုံးပေါ်တွင် တာဝန်ကြီးတစ်ခု ပုံကျလာပြီ။ ယင်းတာဝန်ကြီးကို ပြီးမြောက်သွားအောင် သူမဆောင်ရွက်ပေ။ ဆောင်ရွက်နိုင်စွမ်းသည်း မရှိပေ။ သူ့ဖခင် ရွာသူကြီးကိုပင် နှစ်ကြိမ်သုံးကြိမ် လိမ်လည်လှည့်ဖြားပြောလာခဲ့သည်။

မနဥ္ဇယသည် အဂ္ဂိဝမ္မာ မြန်မြန်လာပါစေဟုသာ ဆုတောင်းနေသည်။ အဂ္ဂိဝမ္မာ ပတိဋ္ဌာနသို့ ထွက်သွားသည်မှာ အချိန်အတော်ကြာသွားပြီ။ ပတိဋ္ဌာနမြို့သည် ခရီးမဝေးလှ။ သို့ရာတွင် လမ်းကကြမ်းသည်။ မနဥ္ဇယသည်

www.burmeseclassic.com



အဂ္ဂိဝမ္မာကို မျှော်ရင်း မကြာခဏ ရေဇိုင်ကြီးအနီးသို့ သွားသွားထိုင်နေသည်။ ပါးစပ်က အပေါင်းအဖော်များနှင့် ပေါလောပါလော ပြောနေသော်လည်း သူ၏မျက်စိကမူ ပတိဋ္ဌာနသို့သွားသည့် လူသွားလမ်းကလေးပေါ်သို့ ရောက်ရောက်နေသည်။

ခနဋ္ဌယသည် သူနေသည့် တဲအတွင်းသို့လည်း မည်သည့်မိတ်ဆွေ အပေါင်းအသင်းကိုမှ ဝင်ခွင့်မပေးပေ။ သူဘာမှ မလုပ်ဘဲ အငြိမ့်သားထိုင်နေသည်ဆိုသည့်အကြောင်း သူ့ဖခင် ရွာသူကြီးနား ပေါက်သွားမှာ စိုးရိမ်နေသည်။ ဘာအလုပ်ကိုမှ မလုပ်ဘဲ နေ့တခုဝ တဲတံခါးဝနား၌သာလျှင် ထိုင်ပြီး ငေးနေတတ်သည်။

ဘုရားကျောင်း အပြီးသတ်ဖို့ နီးကပ်လာသည့်နှင့်အမျှ သူလည်း ပိုပြီး ဂဏာမငြိမ် ဖြစ်လာသည်။ ပုပ္ပဝလီ၏အိမ်သည် တောင်ကုန်းအောက်နား တွင်သာ ရှိသော်လည်း ပုပ္ပဝလီအိမ်သို့ မသွားရဲပေ။ ပုပ္ပဝလီ မှိုချိုးဖျစ်ချိုး ပြောသည့် စကားများကိုလည်း သူမခံနိုင်ပေ။

ခနဋ္ဌယသည် ခြေကုန်လက်ပန်းကျနေသည်။ အကျပ်အတည်းတွေ့နေသည်။ အားကိုးရာမဲ့နေသည်။ ဂယောင်ချောက်ခြား ဖြစ်နေသည်။ ရုပ်တု ထုလုပ်တတ်သည့် အကြောင်းနှင့် အဂ္ဂိဝမ္မာထံမှ ရုပ်တုထုလုပ်သည့် အတတ်ပညာကို သင်ယူခဲ့ဖူးသည့် အကြောင်းကိုလည်း မည်သူ့ကိုမျှ အသိမပေးပေ။ သောကြွစ်နံကြွစ် ဖြစ်နေသည်။ ပြဿနာကို မည်သို့ ရှင်းမည်နည်း။

ရုပ်တု ထုလုပ်ဖို့အတွက် မျိုးတူဇာတ်တူ ဖြစ်ရုံမျှဖြင့် မလုံလောက်ပေ။ အနုပညာသက်ရာမြောက်ဖို့တလည်း လိုသေးသည်။ မျိုးတူဇာတ်တူ ဖြစ်ရုံမျှဖြင့် လုံလောက်သည်ဆိုလျှင် ကျောက်တုံးတိုင်း ကျောက်တုံးတိုင်းသည် ဝူဇော်ကိုးကွယ်စရာ ဖြစ်နေပေလိမ့်မည်။ ဖိန်းဖလိန်းနတ် ဖမ်းနေသော ခနဋ္ဌယသည် ယင်းအချက်ကို သဘောပေါက်ဟန် မတူပေ။ ယခုထက်တိုင်ဝင် အမျိုးဇာန်၊ ဇာတိဇာန် ယစ်နေတုန်းဝင်၊ အနုပညာ၏ ရှေ့၌ အမျိုးဇာတ်ကို သာ အမြတ်ဆုံး၊ အသာဆုံးတူ ယူဆနေတုန်းပင်။

နေ့ရက်တွေ တုန်ဆုံးကျော်လွန်လာသည်။ ခနဋ္ဌယ၏ အမယ် ဘုတ်တယ် သူ့ချည်ခင်လည်း ရှုပ်သထက်ရှုပ်၊ ထွေးသထက်ထွေးလာလေ သည်။



( ၁၂ )

ရေလယ်ရောက်လာသော်လည်း ရေတော်မြဲ ဇော်နေသည်။ မေတ္တေယိ နှင့် တွေ့လိုက်ရသော်လည်း အဂ္ဂိဝမ္မာ၏ အခြေအနေသည် ထူးခြားမလာပေ။ မေတ္တေယိနှင့် ရှောင်တစ်ခင် ဆုံလိုက်ရသည်။ ကံကြမ္မာသည် လျှပ်စီးကဲ့သို့ အစ်ချက် လက်ခနဲ ပြက်သွားသည်။ သို့ရာတွင် တစ်ဖန် မှောင်မြဲတိုင်း ပြန် မှောင် မိုက်မြဲတိုင်း ပြန်မိုက်သွားသည်။

အဂ္ဂိဝမ္မာသည် ရွာ၌ ဖြေရှင်း၍ မရသည့် ပြဿနာနှင့် ရင်ဆိုင်နေရ သည်ဖြစ်၍ ပတိဋ္ဌာနတာ မပြန်တော့ဟုပင် ဆုံးဖြတ်ချက်ချခဲ့သည်။ သို့ရာတွင် သခုမူ ရွာသို့ ပြန်ပြေးချင်သည့်စိတ် ပေါ်လာသည်။

ပတိဋ္ဌာနမြို့ရှိ ဇည်သည်ရှင်းနေသည့် ဇည့်ရိပ်သာတစ်ခု၌ ဦးနှောက် ပျက်နေသူတစ်ဦးပမာ နှစ်ရက်သုံးရက် ဘယ်နေရာမှမသွားဘဲ အခန်းအောင်း နေသည်။ မေတ္တေယိနှင့် ဆုံခဲ့ရသည့် ဘုရားကျောင်းသို့ သွားလိုသည့် စိတ် အကြိမ်ကြိမ် ပေါ်ခဲ့သည်။ ခရီးအတော် လှမ်းလှမ်းအထိ သွားလည်းသွား ခဲ့သည်။ သို့ရာတွင် ဘုရားကျောင်းမရောက်ခင် ပြန်လှည့်လာသည်။ စိတ်ထဲတ ထုပ်လိုတာက တခြား၊ တကယ်လုပ်သည်က တခြား ဖြစ်နေသည်။ အခြေ အနေမှာ ထူးခြားနေသည်။ ဆန်းကြယ်နေသည်။ မေတ္တေယိနှင့် ဆုံလည်းဆုံချင် သည်။ ခပ်ဝေးဝေး ရှောင်လည်းရှောင်နေချင်သည်။ မိမိကိုယ်ကို ကျိန်ဆဲ နေသည်။ ကံကြမ္မာကို ရေရွတ်နေသည်။

အကယ်၍ မေတ္တေယိနှင့် ကိတ္တိဝါနတို့နှစ်ယောက် ပတိဋ္ဌာနမြို့တွင်း ရှိလမ်းမများက ဖြတ်ပြီး အရှေ့ဘက်သွားသည်ကို မတွေ့လိုက်ရလျှင် အဂ္ဂိဝမ္မာ သည် ပတိဋ္ဌာနမြို့၌ နောက်ထပ် နေ့ရက်အတန်ကြာ နေချင်နေဦးမည်။

အဂ္ဂိဝမ္မာသည် မျက်လုံးမှိတ်ထားလိုက်သည်။ ထည်းခိုရိပ်သာ နောက်ဖက်သွားပြီး ငိုနေသည်။ ထို့နောက် ပြာသာဒ်ထီးကို သယ်ဆောင်ပြီး သူ့မှာအသွင်ကဲ့သို့ ရွာဘက် ထွက်လာခဲ့သည်။ သူနှင့်ပါလာသည့် ရွာသားများ သာ အံ့အားသင့်နေကြသည်။

တောင်ကုန်းပေါ်ရှိ သူ့တဲသို့ ပြန်ရောက်သွားသည့်အခါ သူ့ရုပ်တုများ မပဲ့ မပျက်စီးဘဲ ယခင်အတိုင်း ရှိနေသည်ကို တွေ့ရ၍ ဝမ်းသာသွား သည်။ သူ့ရုပ်တုများကို ဘယ်သူမှမထိပေ။ လက်နှင့်ပင်မတို့ပေ။ အဂ္ဂိဝမ္မာ သည် ရုပ်တုများကိုကြည့်ပြီး ထိုင်လိုက်သည်။

နံနက်စောစော အချိန်ဖြစ်သည်၊ တဲတံခါးမှ နံနက်ခင်း နေအလင်း ရောင် တိုးဝင်လာသည်။ ကြမ်းပြင်ပေါ်၌ ချထားသည့် အညိုရောင်ရုပ်တု

www.burmeseclassic.com

www.burmeseclassic.com



များသည် အရောင်တောက်နေသည်။ သူ၏ လက်ချောင်းများသည် ရုပ်တုများ အပေါ်ရောက်သွားကြသည်။ စုးနှင့်ဆောက်ကို ချက်ချင်းယူပြီး စိတ်မနှံ့သူ တစ်ဦး အသွင်ကဲ့သို့ ရုပ်တုထုလုပ်နေသည်။

ထို့နောက် မကြာမီ ခနဥယပေါက်လာသည်။ မျက်နှာကို အချိုးနိုင်ဆုံး ချိုထားသည်။ လက်ထဲတွင်လည်း တုတ်ပါမလာပေ။ ယခင်ကလို မျက်စောင်းလည်း ထိုးမကြည့်တော့။ ချစ်ခင်ကြင်နာသည့် အမူအရာကိုသာ ပြနေသည်။

'အလို. . . ရောက်မယ်မကြံသေးဘူး၊ အလုပ်ကောက်လုပ်တာပဲလား။ သူငယ်ချင်း ဆွေယူလာတဲ့ ပြာသာဒ်ထီး သိပ်ကောင်းတာပဲ၊ အဖေနဲ့ တွေ့ပြီးပြီလား၊ လာပါ၊ အဖေ့ဆီ သွားကြမယ်လေ'

ခနဥယ ရွှန်းရွှန်းဝေနေသည်။

အဂ္ဂိဝမ္မာက တစ်ခွန်းမှ ပြန်မပြောပေ။ ခနဥယနှင့် ခပ်မှန်မှန် ခပ်တန်းတန်းသာနေရန် ဆုံးဖြတ်ချက်ချထားသည်။

'သူငယ်ချင်းဟာ အင်မတန်လက်ရာမြောက်တဲ့ အနုပညာရှင်တစ်ယောက်ပဲ၊ သူငယ်ချင်းစထားတဲ့ အချိုးအစားကျတဲ့ ရုပ်တုတွေကို ကျုပ်ဖျက်ဆီးမပစ်ချင်ပါဘူး၊ ကိုယ်တိုင်က မထုလုပ်တတ်ပေမယ့် ထုလုပ်တတ်တဲ့လူ ထုလုပ်ထားတဲ့ လက်ရာကိုတော့ အကဲဖြတ်တတ်ပါတယ်၊ လာပါ. . သူငယ်ချင်း'

ထိုအချိန်အထိ အဂ္ဂိဝမ္မာ၏နှုတ်မှ စကားတစ်ခွန်းမှ ထွက်မလာသေးပေ။ ရွာသူကြီးဆီ သွားရအောင် ထလိုက်သည်။ တောင်ကုန်းအောက်ဘက် ဆင်းလာသည်။ လမ်းတွင် ပုပ္ပဝလီတို့၏ အိမ်ရှိသည်။ အဂ္ဂိဝမ္မာသည် ပုပ္ပဝလီတို့၏ အိမ်ဘက်ကို ယောင်၍ပင် မကြည့်ပေ။ ပုပ္ပဝလီကမူ သူ့ကို မျက်တောင်မခတ် ကြည့်နေရှာသည်။

ရွာသူကြီးသည် တည်ကြည်လေးနက်သည့် အမူအရာဖြင့် ထိုင်နေ ရာနေရာတွင် ထိုင်နေသည်။ ရွာသူကြီးသည် တောင်နှင့်ပမာတူသည်။ ရာသီဥတုတို့သည် ရောက်လာပြီး ကုန်ဆုံးကျော်လွန်သွားကြသည်။ လေပြင်း မုန်တိုင်းတို့လည်း ဒလကြမ်းတိုးဝှေ့တိုက်ခတ်လာကြသည်။ သို့ရာတွင် တောင်၏ နဂိုအသွင်ကမူ ဘယ်တော့မှ ဖောက်ပြန်ပြောင်းလဲမသွားပေ။ ရွာသူကြီးလည်း ထိုနည်းအတိုင်းဖြစ်သည်။ သူ၏ တည်ကြည်လေးနက်ခြင်း၌ မေတ္တာမေတ္တာ အပြည့်ရှိသည်။ ဆွဲဆောင်မှု အပြည့်ရှိသည်။

'ဘယ့်နှယ်လဲ အဂ္ဂိဝမ္မာ၊ ပြာသာဒ်ထီး ယူလာခဲ့တာ တော်တော်



ကောင်းတယ်ကြားတယ်၊ ဘုရားကျောင်းထဲမှာပဲ ထားလိုက်တယ်လား'

ရွာသူကြီးက မေးလိုက်သည်။

'ဟုတ်ကဲ့. . ဘုရားကျောင်းထဲမှာပဲ ထားလိုက်ပါတယ်'

'ဒီလိုဆိုရင် သွားကြည့်ရဦးမယ်၊ မင်း ပတိဋ္ဌာနမှာ အတော်ကြာသွားတယ်နော်၊ ပတိဋ္ဌာနမြို့ဟာ လုံးလုံး တိမ်ကောသွားပြီလား'

'ဟုတ်ကဲ့. . . အပျက်အစီး အယိုအယွင်းဘဝ ရောက်သွားရရှာပါပြီ'

'ငါတို့ ငယ်ငယ်တုန်းကဆိုရင် ပတိဋ္ဌာနလိုမြို့ ဘယ်မှာမှမရှိဘူး၊ ပတိဋ္ဌာနမြို့လို ကြီးကျယ်စည်ကားတဲ့ စည်ပင်ဝပြောတဲ့ လှပခမ်းနားတဲ့မြို့ တခြား ဘယ်မှာမှ မရှိဘူး၊ အလှမ်းဝေးတဲ့ ဒေသတွေက ခရီးသည်တွေတောင် ပတိဋ္ဌာနမြို့ကို ကြည့်ရှုဖို့ အလည်လာကြရတယ်၊ အခုတော့ သာတဝါဟန မင်းဆက်ဘုရင်လဲ မရှိတော့ဘူး၊ ဘုရင်နဲ့အတူ မြို့ကျက်သရေလဲ တခြား ရောက်သွားပြီ၊ မြို့ပြဆိုတာ ကြည့်ရှုစောင့်ရှောက်တဲ့ လူမရှိရင် တိမ်ကောသွားတာပဲ၊ ဥယျာဉ်မှူးမရှိရင် ဥယျာဉ်လဲ တောဖြစ်သွားတာပဲ'

ရွာသူကြီးသည် ပြောပြောဆိုဆို ထိုင်ရာမှထပြီး တောင်ကုန်းပေါ် တက်သွားသည်။

ဘုရားကျောင်း ပရိဝုဏ်နား ရောက်သွားသည့်အခါ ရွာသူကြီးက မေးလိုက်သည်။

'ခနဥယ ရုပ်တုတွေကို ဖျက်ဆီးတော့ မပစ်လိုက်ပါဘူးနော်၊ ကြွေးကြော်လောင်းထားတဲ့အတိုင်း သူထုလုပ်နေပါတယ်လို့ ပြောတယ်၊ သူ့အတော် အတန်တော့ တတ်ပြီမဟုတ်လား'

ခနဥယသည် အဂ္ဂိဝမ္မာကို လှမ်းကြည့်လိုက်သည်။ အငိုင်သွား တွန့်သွားသည်။ ရွာတွင်နေထိုင်ရန် ပတိဋ္ဌာနမှ တနေ့ပြန်လာခဲ့သူဖြစ်သည်။ မြစ်ထဲတွင်နေပြီး မိကျောင်းနှင့် ဘယ်မှာ ရန်ဖြစ်နေ၍ ဖြစ်မည်နည်း။ နှုတ်ပိတ်၍သာ နေလိုက်သည်။

'ခနဥယ အလုပ်လုပ်တာ အတော်ကြာသွားပြီ၊ အလေ့အကျင့် အတော်ရလောက်ရောပေါ့'

'ဟုတ်. . . ဟုတ်ကဲ့'

ရွာသူကြီးသည် ဘုရားကျောင်းထဲ ဝင်သွားပြီး ပြာသာဒ်ထီးကို စစ်ဆေးကြည့်ရှုနေသည်။ အဖိုးအိုလည်း ရွာသူကြီးအနီးတွင် ရပ်နေသည်။

'ဘယ်နှယ့်လဲ၊ ဒီပြာသာဒ်ထီး ဘုရားကျောင်းဘုံအသွင်နဲ့ သင့်တော်ရဲ့ လား'

www.burmeseclassic.com



'ဘာဖြစ်လို့ မလိုက်ရမှာလဲ၊ ကျုပ်ကိုယ်တိုင်သွားတောင်မှ ဒါထက် ကောင်းတဲ့ ပြာသာဒ်ထီး ရလာဖို့မလွယ်ဘူး'

အဖိုးအိုက အငွိဝမ္ဘာ၏ ကျောကိုသပ်ပြီး ပြောသည်။ သို့ရာတွင် အငွိဝမ္ဘာကမူ ပြုံးရုံမျှပင်မပြုံးပေ။ မျက်နှာ မကြည်မသာဖြစ်နေသည်။

ရွာသူကြီးသည် ဘုရားကျောင်းကို လှည့်ပတ်ကြည့်ရှုသည်။ ဘုရားကျောင်းသည် ပြီးသလောက် ဖြစ်နေပြီ။ ရုပ်တု တည်ထားကိုးကွယ်ဖို့ရာသာ ကျန်တော့သည်။ ပြာသာဒ်ထီးတင်ဖို့အတွက်လည်း အဘိုးအိုကိုယ်တိုင်ပင် အစီအစဉ် လုပ်နေသည်။

'ကဲ . . လာ၊ ရုပ်တုတွေကို သွားကြည့်ရအောင်၊ ဒီကောင် ဘယ်လောက်များ အစွမ်းအစရှိသလဲဆိုတာ ကြည့်ရဦးမယ်'

ရွာသူကြီးသည် အငွိဝမ္ဘာတဲဘက် သွားသည်။ ရွာသူကြီးနှင့် အဖိုးအို ရှေ့က သွားကြသည်။ အငွိဝမ္ဘာနှင့် ဓနဉ္စယတို့က နောက်ကလိုက်ကြသည်။

'ရုပ်တုတွေကို ကြည့်ရတာ မဆိုးပါဘူး၊ ရုပ်ထုတွေကို ဖျက်ဆီးမပစ်လိုက်တာ တော်ပါပြီ၊ အတော်တော့ တတ်လာပြီ။ ဘယ်နှယ့်လဲ သား ဓနဉ္စယ၊ တို့ဖာသာကိုယ် ဘာဖြစ်လို့ မထုလုပ်သေးတာလဲ'

'ထုမှာပေါ့ အဖေ'

'အငွိဝမ္ဘာ ဒီကောင်ကို အလုပ်များများ လုပ်ခိုင်းပါ၊ ဒီကောင် တော်လာပြီ၊ အလုပ်ကို စိတ်ဝင်စားလာပြီ'

အငွိဝမ္ဘာက တစ်ခွန်းမျှ ပြန်မပြော။ နှုတ်ပိတ်၍သာ နေသည်။

'မင်္ကြည့်ရတာ နေထိုင်မှု ကောင်းရဲ့လား'

'ထုတ်တဲ့၊ ကောင်းပါတယ်'

'အလုပ်လုပ်စရာ သိပ်မကျန်တော့ပါဘူး၊ မကြာခင် အစစအရာရာ ပြီးပါတော့မယ်'

ရွာသူကြီးက သူ့ထင်မြင်ချက်ကို ပြောသည်။ ထို့နောက် တောင်ဝှေး တစ်ခေါက်ခေါက်ထောက်ပြီး တောင်တုန်းအောက်ဘက် ဆင်းသွားသည်။

ဓနဉ္စယသည် အငွိဝမ္ဘာ၏လက်ကိုကိုင်ပြီး ထတာသည်။ အလွန် ပျော်ရွှင်နေသည်။ အငွိဝမ္ဘာသည် လျှို့ဝှက်ချက်ကို ဖော်မပြောခဲ့ပေ။ ရေငုံ၍ သာ နေသည်။ ယခင်အတိုင်း စိတ်တည်တည် စိတ်မှန်မှန်သာနေသည်။

ထို့နောက် အလုပ်ကိုသာ တုပ်၍ လုပ်နေသည်။ နံနက်ချိန်ကျော်လွန် သွားပြီ။ ရွာသူရွာသားများသည် အလုပ်လုပ်ရန် ဘုရားကျောင်းသို့ ရောက်လာသည်။ အငွိဝမ္ဘာ ပတိဋ္ဌာနက ပြန်လာပြီး သူ့တဲထဲတွင် ရောက်နေသည်



ဆိုသည့်အကြောင်းကို သိသွားကြ၍ ရွာသူရွာသားများသည် အုပ်စုဖွဲ့ပြီး အငွိဝမ္ဘာတဲအနီးတွင် ဆူညံဆူညံ လုပ်ကြပြန်သည်။ အငွိဝမ္ဘာအား ရွာထဲက ထွက်သွားရန် အော်ဟစ်ပြောဆိုကြသည်။

သူတို့၏ခေါင်းဆောင် ဓနဉ္စယသည် မနေသာတော့ပေ။ တဲအပြင် ထွက်လာပြီး သူ့လူများကို ဖျောင်းဖျပြောဆိုသည်။ ကိုယ်မွေးသည့်မီးကို ကိုယ်တိုင် ငြိမ်းသတ်ရသည်။

သူ့နောက်လိုက် ဘက်တော်သားများက သူတို့ခေါင်းဆောင် စိတ်ထား ပြောင်းသွားပုံကို တွေ့ရသောအခါ အံ့ဩနေကြသည်။ သို့ရာတွင် သူတို့သည် သူတို့၏ ခေါင်းဆောင်ကို မဆန့်ကျင်ရဲကြပေ။ နှုတ်ပိတ်ပြီး တပ်ပြန်ဆုတ် သွားကြသည်။

ဓနဉ္စယသည် သူ့ဘက်တော်သားများကို တစ်လှည့်ကြည့်လိုက်၊ အငွိဝမ္ဘာကို တစ်လှည့်ကြည့်လိုက်နှင့် အောင်ပွဲရစစ်သူကြီးပမာ ဝမ်းသာ အားရဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



( ၁၃ )

တစ်ရက်ပြီးတစ်ရက်နှင့် နေ့ရက်များ ကုန်ဆုံးကျော်လွန်လာသည်၊ လုပ်စရာ အလုပ်များလည်း ပြီးစီးသလောက် ရှိသွားပြီ၊ သို့ရာတွင် အဂ္ဂိဝမ္မာသည် တမှိုင်မှိုင်တတွေတွေ ဖြစ်နေတုန်းပင်၊ ယခင်ကထက်ပင် စိတ်တွေ ပျံ့လွင့်နေသည်၊ အလုပ်ကိုမူ ကြိုးစားလုပ်နေသည်၊ မနဥ္စယကမူ သူ့ထံလာပြီး သူအလုပ်လုပ်သည်ကို ကြည့်ရှုအကဲခတ်နေသည်၊ မနဥ္စယက တန်ထရိုက်တာ၊ သူက သာမာန် အလုပ်သမားသဖွယ် ဖြစ်နေသည်၊

ဘုရားကျောင်း၏ ပြာသာဒ်၌ ထီး သို့မဟုတ် အထွဋ်တပ်ပြီးသွားလေပြီ၊ လေးဘက်လေးတန်၌လည်း နံရံကာရံပြီးသွားလေပြီ၊ ပရိဝုဏ်အတွင်း၌ သစ်ပင်ပန်းမန်များကို စိုက်ပျိုးထားသည်၊ လှပသန့်ရှင်းနေအောင်လည်း ပြုပြင်စီစဉ်ထားသည်၊ အလုပ်လုပ်သူများ၏ ဦးရေလည်း ယခင်ကလောက် မလိုတော့သဖြင့် လျော့နည်းသွားပြီ၊

ရုပ်တုများကို အရောင်ထွက်အောင် တိုက်ချွတ်နေသည်၊ ယင်းအလုပ်တွင် အဂ္ဂိဝမ္မာအနေဖြင့် အကူအညီမလိုသော်လည်း နဥ္စယက အကူအညီပေးနေသည်၊ မနဥ္စယတသည် အဂ္ဂိဝမ္မာကို မျက်နှာချို သွေးနေသည်၊ စကားကို နိုင်သမျှ ချိုအောင်လုပ်ပြီး ပြောသည်၊ အဂ္ဂိဝမ္မာကို ချီးမွမ်းသည်၊ မြှောက်ပြောသည်။ နည်းမျိုးစုံဖြင့် အဂ္ဂိဝမ္မာကျေနပ်အောင် လုပ်သည်၊

တစ်ညနေတွင် မနဥ္စယသည် အိမ်ကနွားလှည်းကို မောင်းယူလာသည်၊ နွားများကို ပြင်ဆင်ထားသည်၊ ပွဲလမ်းသဘင်တစ်ခုခု သွားမည့်ဟန်မျိုး ပေါ်နေသည်၊ သို့ရာတွင် မည့်သည့်နေရာတွင်မှ ပွဲလမ်းသဘင် မရှိပေ၊ ယယ်ယာထဲတွင်လည်း လုပ်စရာ အလုပ်မရှိပေ၊ မနဥ္စယသည် အဂ္ဂိဝမ္မာအား သူနှင့်အတူလိုက်ခဲ့ဖို့ခေါ်သည်၊ အစပထမ၌ အဂ္ဂိဝမ္မာက ငြင်းဆန်နေသေးသည်၊ သို့ရာတွင် အထင်းမရမတ ခေါ်နေသဖြင့် မနေသာတော့ပေ၊

လှည်းတို မြစ်တမ်းဘေးက လမ်းအတိုင်း မောင်းသွားသည်၊ လွန်ခဲ့သော လအနည်းငယ်ခန့်က အဂ္ဂိဝမ္မာသည် ထိုရွာသို့ ထိုလမ်းမှပင်လာခဲ့သည်၊ ထိုစဉ်က အစာရေစာပြတ်ပြီး ခြေလှမ်းများကို မှန်မှန် မလှမ်းနိုင် မသယ်နိုင် ဖြစ်နေခဲ့သည်၊

လှည်းမောင်းသွားစဉ် ခဏ၌ မြစ်ဘက်မှ အေးမြသောလေ တိုက်ခတ်နေသည်၊ သာယာကြည်နူးဖွယ် အချိန်သမယဖြစ်သည်၊ အဂ္ဂိဝမ္မာသည် ချမ်းမြေ့ကြည်နူးဖွယ်မရှိသည့် သူ့အတိတ်ကို ပြန်လည်တွေးတော စဉ်းစားနေသည်၊



ရွာအပြင်ဘက် လှည်းထွက်လာသည်၊ ပုပ္ဖဝလီသည် ဝမ်းသားအားရ အော်ဟစ်ပြီး သစ်ပင်တစ်ပင်၏အကွယ်မှ ထွက်လာသည်၊ သူ၏ ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းများသည် ပျိုရွယ်မှုကြောင့် စည်ပင်ဖွံ့ထွားနေသည်၊ မည်မျှ စည်ပင်ဖွံ့ထွားနေသနည်းဟူမူ ကြာရွှေရှင်၏ မျက်လုံးသည်ပင် မတာစားဘဲ မနေသည့်အခြေအနေမျိုး ဖြစ်နေသည်၊ ပုပ္ဖဝလီသည် လှည်းပေါ် တက်လာပြီး အဂ္ဂိဝမ္မာနှင့် ကပ်ထိုင်လိုက်သည်၊

မနဥ္စယတ လှည်းကို မောင်းနေသည်၊ ယခင်က အခြေအနေအတိုင်းသာဆိုလျှင် ခုလို ပုပ္ဖဝလီကို အဂ္ဂိဝမ္မာနှင့် ပူးတွဲထိုင်သည်ကို တွေ့ရလျှင် မနဥ္စယသည် မျက်နှာကြီးနီမြန်းပြီး မျက်စောင်းတခဲခဲ မထိုးဘဲ နေမည် မဟုတ်ပေ၊ သို့ရာတွင် ယနေ့အဖို့တွင်ကား အဘယ်ကြောင့် ရွှေဘောတော် ခွေ့နေသည် မသိပေ၊ မျက်နှာမှာ ပျားရည်ဆမ်းထားသလို ချိုနေသည်၊ ယင်းသို့ မနဥ္စယ အမူအရာပြောင်းလဲသည်ကို အဂ္ဂိဝမ္မာက မယုံပေ၊ သင်္ကာမကင်း ဖြစ်နေသည်၊ အကြံအဖန်လုပ်နေသည်ဟူ၍သာ ထင်နေသည်၊

"ရှင် ပတိဋ္ဌာနက ပြန်မှပြန်ပါမလားလို့ ကျွန်မ စိတ်ပူနေခဲ့တာ" ပုပ္ဖဝလီက စကားစလိုက်သည်၊

"သူက စကားမပြောဘူးလို့ ကျိန်ဆိုထားတာ၊ ညည်းက သူ့ကို အာဖြစ်လို့ သွားပြီး စကားပြောအောင် လုပ်နေရတာလဲ" နဥ္စယက ကြားဝင် ဆိုတ်သည်၊

"ရှင်ပြန်လာလို့ တော်သေးတာပေါ့၊ နို့မဟုတ်ရင် ဝေါဝိတာ အမျိုးတွေ ရှုရိကရိရှုဏကို ဒွါရတာလိုက်ပြီး ရှာရလိမ့်မယ်"

"သူမှာ ဝေါဝိကာ အပျိုတွေ ဘယ်လောက်ရှိလို့လဲ" မနဥ္စယက ငှဲ့ ဆိုတ်ပြန်သည်၊

"ရွာက အပျိုတွေကလဲ တစ်မျိုးပဲ၊ သူဒီမှာရှိနေတုန်းတော့ ဘယ်သူမှ သူ့အကြောင်း တစ်ခွန်းမှမပြောကြဘူး၊ ဒါပေမယ့် ဒီမှာ သူ့ကိုလဲ မမြင်ရရော ဆိုတိုးတိုးတိုးနဲ့ ဖြစ်တုန်ကြတော့တာပဲ၊ ဘုရားသခင်က ရှင့်ကို ဘယ်လိုရုပ်မျိုး များ ဖန်ဆင်းပေးထားတယ် မသိဘူး"

အဂ္ဂိဝမ္မာသည် စကားတစ်ခွန်းမျှမပြောဘဲ ဆင်ခြင်စဉ်းစားနေသည်၊ ပုပ္ဖဝလီကို နဥ္စယသည်ပင် အချိန်းအချက်ပြုပြီး ခေါ်လာခဲ့ခြင်းဖြစ်မည်ဟု အဂ္ဂိဝမ္မာတွေးနေမိသည်၊ ပုပ္ဖဝလီသည် အဂ္ဂိဝမ္မာကိုလည်း သံယောဇဉ်ပြုနေမိသည်၊ ပုပ္ဖဝလီက အဂ္ဂိဝမ္မာကို တိမ်းညွတ်သည့် အမူအရာ ပြသည့်အခါမျိုး၌ နဥ္စယသည် ဒိန်းဒလိန်းနတ် ဖမ်းသည်၊ ယင်းသို့ ဖြစ်ပါလျက် မနဥ္စယသည်

www.burmeseclassic.com



ယခု အဘယ်ကြောင့် ပုပ္ဖဝလီကိုခေါ်လာခဲ့ပြီး အဂ္ဂိဝမ္မာအား ပရောပရီလုပ်ခွင့်ပြုထားသနည်း၊ အကြောင်း မည်သို့ထူးသနည်း၊ ယင်းသို့ စဉ်းစားစိတ်ကူးနေတုန်း တွေ့နေကျ မြင်နေကျ မြစ်ကမ်းပါး ရောက်လာသည်။

လှည်းပေါ်ပါလာသည့် လူများလှည်းပေါ်ကဆင်းပြီး မြစ်ကမ်းပါးတွင်ထိုင်လိုက်ကြသည်၊ နွားနှစ်ကောင်ကို သစ်ပင်တစ်ပင်၌ ချည်ထားသည်။ တောင်စဉ်ရေမရလျှောက်ပြောနေကြသည်၊ ပုပ္ဖဝလီက ပတိဋ္ဌာနအကြောင်းပြော ပြနေသည်၊ ငယ်စဉ်က သူပတိဋ္ဌာနတွင် နေခဲ့ဖူးသည်။

" ပြောသံကြားဖူးတယ်၊ ပတိဋ္ဌာနမှာရှိတဲ့ ဘုရားကျောင်းတွေမှာ အရင်တုန်းက ကချေသည်တွေ ကကြတယ်တဲ့၊ အဲဒီလို ကတဲ့အခါမှာ ဘယ်လောက် အကကောင်းသလဲဆိုရင် ကျောက်တုံးကျောက်ခဲကတောင် ထပြီး ဩဘာပေးမလောက်ပဲတဲ့၊ ကျွန်မအမေအမျိုးတွေ ဟိုမှာရှိတယ်၊ ဒါပေမယ့် နောက်ပိုင်းကျတော့ နစ္စ ဂီတ အဆိုအကတွေဟာ ဘုရားကျောင်းနဲ့ မအပ်စပ်ဘူးဆိုပြီး ဘုရားကျောင်းမှာ အကကတာတွေကို ကန့်ကွက်ဆန့်ကျင်တဲ့ ပုဂ္ဂိုလ်တွေ ပေါ်လာတယ်၊ အဲဒီပုဂ္ဂိုလ်တွေထဲမှာ ဘုရားကျောင်း ကပ္ပိယတွေ အတဲဆုံးပဲ၊ အဲဒီတော့ အကကို ပိတ်ပစ်လိုက်ရတယ်၊ ဒါပေမယ့် အကကို တောင်းဆိုတဲ့ လူဦးရေကလည်း နည်းတာ မဟုတ်ဘူး၊ အုပ်ချုပ်မင်းလုပ်တဲ့ ဘုရင်က ဗြာဟ္မဏလူမျိုးကို ဦးစားပေးတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်၊ ဒါကြောင့်မို့ ဗြာဟ္မဏလူမျိုးဘုရား ဇကာတွေ ကပ္ပိယတွေ၊ ပုရောဟိတ်တွေ ကန့်ကွက်တာကို အလေးဂရုမပြုဘဲ မနေနိုင်ဘူး၊ တစ်ပြိုင်တည်းမှာပဲ ပြည်သူပြည်သားရဲ့ စိတ်ဆန္ဒကိုလဲ လျစ်လျူရှုလို့ မဖြစ်နိုင်ဘူး၊ ဒါကြောင့်မို့ မြွေမသေ တုတ်မကျိုးမယ့် နည်းလမ်းဥပါယ်တစ်ခုကို ထွင်လိုက်တယ် "

" ဘယ်လို နည်းလမ်း ဥပါယ်လဲ "အဂ္ဂိဝမ္မာက ကောက်ကာငင်ကာ မေးလိုက်သည်၊

" အစိဗ္ဗာယ်ရှိတဲ့ စကားကို ပြောလာတဲ့အခါကျတော့ ရှင်လဲပဲနှုတ်ပိတ်မနေနိုင်တော့ဘူး မဟုတ်လား၊ အင်း . . နည်းလမ်း ဥပါယ်က တခြားမဟုတ်ပါဘူး၊ ဘုရင်စေတရာဇ်က သူ့လက်မှုပညာသည်တွေကို ဘုရားကျောင်းတ တိုင်ကြီးတွေမှာ ကဟန်ချီနေတဲ့ ရုပ်တုတွေကို ထုလုပ်မွမ်းမံထားရမယ်လို့ အမိန့်ထုတ်လိုက်တယ်၊ ပြည်သူပြည်သားတွေ အနေနဲ့ အကကို မကြည့်ဘဲနဲ့ အကကို အရသာခံစားနိုင်အောင် အဲဒီလို စီမံထားခြင်း ဖြစ်တယ်၊ အဲဒီလို ဘုရားကျောင်းမျိုးတွေကို ရှင်တွေ့ခဲ့တယ် မဟုတ်လား "

" တွေ့ခဲ့ပါတယ်၊ ဒါပေမယ့် အခု အဲဒီ ဘုရားကျောင်းတွေက အနု



ပညာလက်ရာတွေကို ကြည့်တဲ့လူတွေ အရင်ကလောက် မရှိတော့ဘူးနည်းကုန်ပြီ "

" အခုတော့ တကယ့်လူအစစ် ကတာကိုပဲ ကြည့်ချင်ကြတော့တယ် မဟုတ်လား၊ ရှင်ကော အက၊ မကြည့်ချင်ဘူးလား၊ ကျွန်မ ကပြမယ်လေ "

အဂ္ဂိဝမ္မာသည် ရှက်သလိုလို၊ ရွံ့သလိုလို ဖြစ်သွားသည်၊ မနဋ္ဌယသည် အဂ္ဂိဝမ္မာနှင့် ပုပ္ဖဝလီကို ထိုနေရာ၌ နှစ်ယောက်တည်းထားခဲ့ပြီး ရမယ်တစ်ခုရှာလျက် တစ်နေရာသို့ ထွက်သွားသည်။ ပုပ္ဖဝလီသည် အဂ္ဂိဝမ္မာ၏ အနီးလာကပ်ပြီး ထိုင်လိုက်၊ မြူးတူးကခုန်လိုက် လုပ်နေသည်၊ အဂ္ဂိဝမ္မာသည် ကျောက်ရုပ်မဟုတ်ပေ၊ ထို့ပြင် စိတ်လေလွင့်နေသည်မှာ ဘယ်နှစ်ရက်ရှိပြီနည်း၊ ခံစားချက်ရှိနေသော စိတ်နှလုံးသည် မည်မျှကြာကြာ ငြိမ်ဝပ်နေနိုင်မည်နည်း၊ အနာကိုဆွနေလျှင် ကျက်လာဖို့ မလွယ်ပေ၊ အချစ်ဝေဒနာတို ကုစားဖို့ဆေးမှာ အချစ်သာလျှင်ဖြစ်သည်၊ အနာဗဏ်ရာရအောင် လုပ်သူမှာ တစ်ဦးဖြစ်ပြီး၊ ဆေးကုသူမှာ တစ်ယောက်ဖြစ်ချင်ဖြစ်မည်၊ အဂ္ဂိဝမ္မာသည် ပုပ္ဖဝလီနှင့် ပွတ်သီးပွတ်သပ် နေရသည်ကို ပျော်လာသည်၊

အချိန်အတော်ကြီးကြာမှ မနဋ္ဌယပြန်ရောက်သည်၊ မှောင်ရီလည်းသန်းလာပြီ၊ လှည်းတပ်ပြီး ရွာဘက်ပြန်လာကြသည်၊ လှည်းထဲတွင် ပုပ္ဖဝလီသည် မျက်လုံးမှေးပြီး အိပ်နေသည်၊ အိပ်ချင်ယောင်ဆောင်နေတာလည်း ဖြစ်ချင်ဖြစ်နိုင်သည်၊

မနဋ္ဌယက စကားစလိုက်သည်၊

" ရုပ်တုတွေတော့ ထုလုပ်ပြီးပြီနော်၊ နက်ဖြန်သဘက်ဆိုရင် ဘုရားကျောင်းထဲမှာ တည်ထားကိုးကွယ်ရလိမ့်မယ် ထင်တယ် "

" အင်း "

" ဒီရုပ်ထုတွေဟာ သူငယ်ချင်းရဲ့ညွှန်ကြားသင်ပြချက်နဲ့ ကျွှပ်ထုလုပ်ထားတဲ့ ရုပ်တုတွေ ဖြစ်တယ်လို့ လူတွေက ထင်နေကြတယ် "

" ဟုတ်လား "

" ဟုတ်တယ်၊ ဗြာဟ္မဏ မျိုးနွယ်မဟုတ်တဲ့ လူတစ်ယောက်ထုလုပ်တဲ့ ရုပ်တုတွေကို ဗြာဟ္မဏရွာမှာရှိတဲ့ ဘုရားကျောင်းမှာ တည်ထားကိုးကွယ်ရတယ်ဆိုတဲ့ အဖြစ်ကို လူတွေက လုံးလုံးမလိုလားဘူး၊ အဲဒီအခက်အခဲကို ပြေ ရှင်းဖို့အတွက် တစ်ခုတည်းသော နည်းလမ်းကတော့ ဒီရုပ်တုတွေဟာ ကျွှပ်ထုလုပ်တဲ့ ရုပ်တုတွေဖြစ်တယ်လို့ သူငယ်ချင်း လက်ခံအတည်ပြုလိုက်ဖို့ပဲ ဖြစ်ပါတယ်၊ တချုပ်လဲ အစီမံးသက်သက်မဟုတ်တော့ဘူး မဟုတ်ဘူးလား ကျွှပ်ဟာ

www.burmeseclassic.com

www.burmeseclassic.com



မရှိရင် သူငယ်ချင်းရဲ့ ရုပ်တုတွေ တစ်ခုမှ ကျန်မှာမဟုတ်ဘူး၊ သူငယ်ချင်းရဲ့ ရုပ်တုတွေကို ချိုးဖွဲ့ဖျက်ဆီးပစ်ဖို့ လူတွေတစ်ကြိမ်တပ်ချီပြီးတောင် လာကြပြီ၊ ကျုပ်မနည်းတောင်းပန်ထားရတယ်၊ တကယ်လို့ အခုကျုပ်ပြောတာ သူငယ်ချင်း လက်မခံရင် ဒီရုပ်တုတွေကို လူတွေ ချိုးဖွဲ့ ဖျက်ဆီးမပစ်ဘူးလို့ ကျုပ် အာမမခံနိုင်ဘူး ”

“ ဒါပေမယ့် ဒီရုပ်တုတွေကို ထုလုပ်တဲ့လူက ကျုပ်ပဲမဟုတ်လား၊ ဒါကို ခင်ဗျားနားလည်တယ် ”

“ ကျုပ်ဖခင်ကလဲ ကျုပ် ရုပ်တုထုလုပ်တယ်၊ ကျုပ်ထုလုပ်တဲ့ရုပ်တုကိုပဲ ဘုရားကျောင်းမှာ တည်ထားကိုးကွယ်ရမယ်လို့ နားလည်နေတယ် ”

“ ဒါပေမယ့် တစ်ရွာလုံး နားလည်နေကြတာက . . . ”

အင်္ဂဝမှာ တစ်စုံတစ်ရာ ဆက်မပြောမီ မနေ့ဥယက ဖြတ်ပြောလိုက်သည်၊

“ တစ်ရွာလုံး နားလည်နေကြတာက ကျုပ် သူငယ်ချင်းနဲ့အတူ အလုပ်လုပ်နေတယ်ဆိုတဲ့ အချက်ပဲဖြစ်တယ်၊ ရွာထဲမှာ မလိုလားအပ်တဲ့ ဝဋ်ပတွေတွေ ဖြစ်လာလိမ့်မယ်၊ ရွာသူကြီးကလဲ. . . ”

“ ရွာသူကြီးလား၊ ရွာသူကြီးကကော ဘာလုပ်မှာလဲ ”

“ မလုပ်ပါဘူး၊ ကျုပ်က သူငယ်ချင်း စဉ်းစားဆင်ခြင်ဖို့ ပြောပြနေတာပါ ”

အင်္ဂဝမှာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်၊ သူ့ကို ပုပ္ပဝလီနှင့် အတူ မြစ်တမ်းပါး ဘာကြောင့် ခေါ်သွားသည်ဆိုသည်ကို သူ သဘောပေါက်သွားပြီ၊ ယခင်က မရှင်လန်း မချမ်းမြေ့သည့် အမူအရာသည် သူ့မျက်နှာတွင် ထစ်ခနဲဖြစ်ပေါ်လာပြန်သည်၊



( ၁၄ )

အနာဒဏ်ရာရထားသူပမာ အင်္ဂဝမှာသည် တစ်ညလုံးထထိုင်နေသည်၊ ထူးထူးခြားခြား ခံစားနေရသည်၊ ယင်းခံစားမှုမျိုးကို ယခင်ကတစ်ကြိမ်တစ်ခါမျှပင် မခံစားခဲ့ဘူးပေ၊ ခံစားချက်မှာ ခါးသီးလှသည်၊ အခံရ ခက်လှသည်၊ ရင်နင့်ဖွယ်ကောင်းလှသည်၊ အင်္ဂဝမှာသည် ပထမဆုံးအကြိမ် ဝါယမစိတ်ထုတ်ပြီး တစ်ယောက်တည်း ရုပ်တုများကို ထုလုပ်သည်၊ အလုပ်မှာ ဘုရားကျောင်း အလုပ်ဖြစ်သည်၊ သူ၏အလုပ်၌ သဒ္ဓါလည်းပါသည်၊ ဝီရိယလည်း မကင်းပေ၊ ကြိုးစားအားထုတ်ပြီး အလုပ်လုပ်သည်၊ အလုပ်ကိုမူ သူတလုပ်ရသည်၊ နာမည်ယူတော့ တခြားတစ်ဦးက ယူမည်၊ ကောင်းမှုကိုတော့ ရွာသားက လုပ်ရသည်၊ ဘုရားတည်တော့ ရွာသားက တည်ရသည်၊ နာမည်ကျတော့ ‘ သူကြီးဘုရား ’ ဟု တွင်နေမည်၊ ယင်းသို့ ဖြစ်ရခြင်းမှာ မြင့်မြတ်သည်ဟု ခေါ်ဆိုနေကြသည့် အမျိုးဇာတ်တွင် သူ မမွေးဖွားသည့်အတွက်ဖြစ်သည်၊ မြင့်မြတ်သည်ဟု သမုတ်ထားသည့် အမျိုးဇာတ်တွင် မွေးဖွားသည့်အတွက် သူ့ကို ဤသို့ မတရားပြုနိုင်ပါသလား၊

လူသားတစ်ဦးတစ်ယောက်အနေဖြင့် မိမိသည် တရားမှုကို ရယူပိုင်ဆိုင်ခွင့် မရှိနိုင်ဘူးလား၊ မိမိလုပ်သည့် အလုပ်ကို မိမိနာမည်ခံခွင့် မရှိနိုင်ဘူးလား၊ ယင်းအခွင့်အရေးများသည် ဇာတ်မြင့်သူများ၏ ဘိုးဘွားပိုင် ပစ္စည်းဥစ္စာများသာဖြစ်ပါ့မလား၊ ဘုရားသခင်၏ အသွင်အပြင်သည် အမျိုးမျိုးရှိသည်၊ အမည်နာမလည်း အမျိုးမျိုးရှိသည်၊ ကြည်ညိုသဒ္ဓါပွားသူများလည်း အမျိုးမျိုးရှိသည်၊ သို့ရာတွင် စိတ်ကူးထဲက ဘုရားသခင်၏ ရုပ်ပုံကို ကျောက်တုံးမှာ ရုပ်လုံးဖော်နိုင်ခွင့် သူ့မှာ မရှိနိုင်ဘူးလား၊ မိမိတို့သည် တခြားလူများထက် မြင့်မြတ်သည်ဖြစ်၍ မြင့်မြတ်သည့်အခွင့်အရေးများ ပိုင်ရှင်ဖြစ်၏ဟု မိမိကိုယ်မိမိတို့ ထင်ကြသူများနှင့် သူလည်း တန်းတူရည်တူပင် မဟုတ်ဘူးလား၊

ဘုရားသခင်သည် ပူဇော်အပ် ပူဇော်ထိုက်သူဖြစ်သည်၊ ရုပ်တုကိုကိုးကွယ်မှသာ ပူဇော်ဝတ်ပြုမှု အထမြောက်ပါသလား၊ အကယ်၍ ရုပ်တုကို ကိုးကွယ်မှသာ ပူဇော်ဝတ်ပြုမှု အထမြောက်သည် ဆိုလျှင်လည်း ဇာတ်နိမ့်အတ်ညံ့ဟု သမုတ်ခံရသူများလည်း ရုပ်တုကို မကိုးကွယ် မပူဇော်နိုင်ဘူး[illegible] ရုပ်တုကို ကိုးကွယ်ခြင်းမှာ ဘုရားသခင်ကို ပူဇော်သည့် တစ်ခုတည်[illegible] နည်းလမ်း ဖြစ်ပါသလား၊ နေရာအနှံ့ ပြန့်နေသည့် ဘုရားသခင်[illegible] ကျောက်ခဲတွင် စုပေးခြင်းသည် အနုပညာဖြစ်နိုင်သည်[illegible] ယင်းအနုပညာလက်ရာသည် ကျယ်ပြန့်သည့် [illegible]

www.burmeseclassic.com



အခေါ်ကို ဖော်ပြသည့်အရာ ဖြစ်နိုင်ပါသလား။

ငါသည် ဤရုပ်တုများကို ဖခင်တစ်ဦးက သူ၏သားသမီးများကို ချစ်သကဲ့သို့ ချစ်သည်။ မြတ်နိုးသကဲ့သို့ မြတ်နိုးသည်။ ဖခင် တစ်ဦးဦးသည် မိမိ၏ သားသမီးများကို သူတစ်ပါးအား ပေးဖူးပါသလား။ အနုပညာရှင်သည် ဖခင်မှု သာလျှင် မက မိဘနှစ်ဦးလည်း ဖြစ်သည်။ အနုပညာရှင်သည် မျိုးစေ့လည်း ဖြစ်သည်။ မြေယာလည်း ဖြစ်သည်။ အနုပညာရှင်သည် မိခင်ကဲ့သို့ မိမိ၏ လက်ရာများကို မိမိဝမ်းဗိုက်ထဲတွင် ထားသည်။ ချွေးနှင့် ရင်းနှီးပြီး ရုပ်လုံးပေါ် အောင်လုပ်ရသည်။ “ တောင်းပေ့ တောင်းပေ့ ” ဟူ၍ ဩဘာပေးခံရသည့် အချိန်၌ကား၊ အနုပညာရှင်သည် သူ၏ ဖခင်အခွင့်အရေးကို လက်လွှတ်ဆုံးရှုံး သွားရသည်။ ဘယ်လောက်ရက်စက်သည့် မတရားမှုပေနည်း။

အဂ္ဂိဝမ္မာသည် ယင်းသို့ တောင်တွေးမြောက်တွေး တွေးရင်းတဲ အတွင်း၌ ထိုင်လိုက်၊ ထလိုက်၊ လမ်းလျှောက်လိုက်၊ ဂဏာမငြိမ်ဖြစ်နေသည်။ အတန်ငယ်စိတ်အနည်ထိုင်သွားချိန်၌ တဲအပြင်ဘက် ထွက်လာသည်။ ဘုရားကျောင်းကို လှည့်ပတ်သည်၊ ထို့နောက် လက်နှစ်ဖက်ကိုပွတ်ရင်း တဲအတွင်း ပြန်ဝင်လာသည်။ သူ၏အတွေးများ လမ်းပြောင်းသွားကြသည်။

“ ငါတစ်ဦးတည်းသာ ဒီရုပ်တုကို ထုလုပ်သူ ဖန်တီးသူဖြစ်သလား။ ငါနဲ့တခြားလူတွေဟာ တစ်ဦးနဲ့တစ်ဦး ဘာထူးခြားချက်ရှိသလဲ၊ သူတို့ ဘာကြောင့် မထုလုပ်တတ်တာလဲ၊ ငါသာ ဘာဖြစ်လို့ ထုလုပ်လို့ဖြစ်သလဲ၊ တကယ်တော့ ဒီအလုပ်တွေဟာ ငါ့အလုပ်မဟုတ်ဘူး။ ငါက ကရိယာ တန်ဆာပလာမျှ သောတ်သာဖြစ်တယ်။ ဘုရားသခင်ပိုင်တဲ့ ပစ္စည်းဝတ္ထုသာဖြစ်တယ်။ ဒီပစ္စည်းတို့ အခြားတစ်စုံတစ်ဦးက သူ့ဟာဖြစ်တယ်လို့ အကြောတ်အတန်ငြင်းနေတယ် ဆိုရင်သဲ ငြင်းပစေပေါ့။ ဘာဖြစ်သွားမှာလဲ၊ လူဟာ ကိုယ်လုပ်တဲ့အတိုင်း အသီးအပွင့်ကို ရရှိမှာအမှန်ပဲ။”

ယင်းသို့တွေးပြီး အဂ္ဂိဝမ္မာသည် မရှုနိုင်မရှုတ်နိုင်ဖြစ်နေသည်။ သဘောထား ပြောင်းလဲသွားသည်။ ယင်းသဘောထားသည်ပင် အနိုင်အမာ ဖြစ်လာသည်။

“ တပ်ဆိုက်တဲ့အခါမှာ၊ ဘေးအန္တရာယ်ကြုံတဲ့အခါမှာ ဖခင်ရင့်မကြီးလဲပဲ ကိုယ့်သားသမီးတို့ စွန့်လွှတ်လိုက်ကြရတယ်။ ဖခင်နဲ့ သားသမီး တကွဲတပြားစီ နေကြရတယ်။ တစ်ဦးနဲ့တစ်ဦး ခွဲနေကြရတယ် ”

ယင်းသို့ စဉ်းစားပြီး အဂ္ဂိဝမ္မာသည် ရုပ်တုအနီးသွားပြီးထိုင်လိုက်သည်။ သူ၏လည်မျိုသည် တစ်ဆို့သလိုလို ဖြစ်လာသည်။



“ ဒါပေမယ့် ကိုယ့်သားသမီးကို သူတစ်ပါးပေးပစ်တဲ့ ဖခင်ဟာနှလုံးသားရှိတဲ့ ဖခင်မဟုတ်ဘူး၊ အကြွင်နာအသနားဖက်တဲ့ ဖခင်မဟုတ်ဘူး၊ ဒီပစ္စည်းဟာ ဘုရားသခင်က ငါ့ကိုပေးထားတဲ့ ပစ္စည်းဖြစ်တယ်၊ ငါကပစ္စည်းတို့ အခြားတစ်စုံတစ်ယောက်ကို ပေးပစ်လို့ မဖြစ်ဘူး၊ မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဒီပစ္စည်းဟာ အခုလဲ ငါ့ပစ္စည်း၊ နောင်လဲ ငါ့ပစ္စည်း ဖြစ်နေမှာပဲ ”

အဂ္ဂိဝမ္မာသည် ဆုံးဖြတ်ချက်ချလိုက်သည်။ ထို့နောက် မျက်လုံးမှိတ်ထားလိုက်သည်။ မကြာခင် အိပ်ပျော်သွားသည်။

နောက်တစ်နေ့ ဝေလီဝေလင်းတွင် အိပ်ရာမှ ထသည်။ မနဥ္စယတို့လူသိုက် တဲဝရောက်နေကြသည်။ ဆူဆူညံညံ လုပ်နေကြသည်။ လက်ထဲတွင်လည်း တုတ်ကိုယ်စီနှင့်။ အဂ္ဂိဝမ္မာကို ခြိမ်းခြောက်နေကြသည်၊ အဂ္ဂိဝမ္မာက ကျောက်ရုပ်ကဲ့သို့ မတုန်မလှုပ် ထိုင်နေသည်။

“ မင်း ဒီရွာက ထွက်သွားပါ၊ နို့မဟုတ်ရင် . . . ”

အဂ္ဂိဝမ္မာသည် မျက်စိမျက်နှာပျက်နေသည်။ ယခုလောက်မြန်မြန်ဆန်ဆန် ဤသို့ ဖြစ်လာလိမ့်မည်ဟု မျှော်လင့်မထားပေ။

“ အမြန်ထွက်သွားရင် ထွက်သွား၊ ထွက်မသွားရင် မင်းဒုက္ခရောက်သိမ့်မယ် ”

လူငယ်တစ်သိုက်သည် နှစ်ကြိမ်သုံးကြိမ် ဟစ်အော်ပြောဆိုနေသည်။ ထို့နောက် ပြန်ထွက်သွားကြသည်။ မနဥ္စယကမူ တဲဝ၌ ရပ်နေတုန်းပင်၊ သူနှင့်အတူ သူ့အဖော်နှစ်ယောက် သုံးယောက်လည်း ကျန်ခဲ့သည်။

မနဥ္စယတို့ လူသိုက်ထွက်သွားသည့်အခါ အဂ္ဂိဝမ္မာသည် တောင်အောက်ဆင်းလာပြီး သူကြီးအိမ်ဘက် သွားသည်။ မနဥ္စယတို့လူသိုက် အနိုင်ကျင့်ပုံကို သူကြီးဆီသွားပြီး တိုင်တန်းပြောပြလိုသည့်စိတ်ဆန္ဒ ရှိနေပုံရသည်။

သို့သော် မနဥ္စယက လမ်းခုလပ်ကဖြတ်ပြီး ပြောသည်၊

“ သူကြီးဆီ သွားမယ်ကြံရင်တော့ အရိုးတခြားအသားတစ်ခြား ဖြစ်သွားလိမ့်မယ်။ ဒီအကြောင်းကို ဘယ်သူ့မှ မသိပါစေနဲ့၊ သတိပေးလိုက်ပါရစေ”

အဂ္ဂိဝမ္မာ ဘာတတ်နိုင်မည်နည်း။ အလုပ်က အနားယူပြီး စိတ်ပြေလက်ပျောက် အပြင်ဘက် ထွက်လျှောက်သည့်အခါတွင်လည်း မနဥ္စယလူအုပ်စုနောက် တကောက်ကောက် လိုက်နေကြသည်၊

အဂ္ဂိဝမ္မာ ရေအိုင်ကြီးရှိရာသို့ လာခဲ့သည်၊ မနဥ္စယ၏ တပည့်တပန်းအုပ်စုတ်လည်း ထိုနေရာတွင် စုရုံးရောက်ရှိလာကြသည်။

“ လာပါ၊ ငါတို့နဲ့အတူလိုက်ခဲ့ပါ၊ ငါတို့ မင်းတို့ဘာမှမလုပ်ဘူး ”

www.burmeseclassic.com

www.burmeseclassic.com



မနဥ္စယတို့ လူသိုက်က ပြောလိုက်သည်။

အင်္ဂုဝမ္မာကို ကျောက်ကျင်းကြီးရှိရာသို့ ခေါ်သွားကြသည်။ ကျောက်ကျင်းကြီး တစ်ဝိုက်တွင် လူသူတစ်ယောက်မှ မရှိပေ။ ဘုရားကျောင်း ဆောက်လုပ်သည့်အလုပ် အပြီးသတ်သွားပြီဖြစ်၍ ကျောက်တုံးများကို တူးဖော်ဖို့ မလိုတော့ပေ။ ကျောက်ကျင်းထဲတွင် ကျင်းကြီးများချိုင့်ကြီးများ ဖြစ်နေသည်။ အဝေးမှ လှမ်းပြီး မည်သူမှ မမြင်ရပေ။ အင်္ဂုဝမ္မာကို ထိုကျင်းကြီးချိုင့်ကြီးထဲ ခေါ်သွားကြသည်။

" အချိန်ပေးရင် မင်းစဉ်းစဉ်းစားစား လုပ်လိမ့်မယ်လို့ ငါတို့ မျှော်လင့်ခဲ့တယ်၊ ဒါပေမယ့် မင်း သူကြီးကို သွားတိုင်မယ် လုပ်တယ်၊ မင်း ငါတို့ကို အခုပြောပါ၊ မင်း ငါတို့ပြောတာကို နားထောင်မလား၊ နားမထောင်ဘူးလား ဆိုတာ. . "

မနဥ္စယက ဦးဆောင်ပြောသည်။ သူ့လူများကလည်း မနဥ္စယသံယောင်လိုက်ပြီး ဟိန်းဟောက် ခြိမ်းခြောက်ကြသည်။

" ဟင့်အင်း. . . ငါစဉ်းစားပြီးပြီ၊ ငါကိုယ်ပိုင်တဲ့ ပစ္စည်းကို သူတစ်ပါးပိုင်မလုပ်ချင်ဘူး၊ မင်းတို့ ပြောသလို ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး " အင်္ဂုဝမ္မာတ တုန်လှုပ်တွဲအက်သော အသံဖြင့် ပြန်ပြောသည်။

" ပြန်ပြီး စဉ်းစားပါဦး " မနဥ္စယတို့ လူသိုက်က ဒေါသသံဖြင့် ပြောလိုက်ပြန်သည်။

" စဉ်းစားပြီးပါပြီ၊ မင်းတို့ ပြောသလို မဖြစ်နိုင်ပါဘူး၊ မင်းတို့မရှုတ်ဘူးလား တိုယ့်ကိုယ်ကို ဗြာဟ္မဏလူမျိုးလို့ခေါ်ပြီး ဒါယောက်နိမ့်ကျသေးနုတ်တဲ့ အလုပ်ကို လုပ်ရသလား "

အင်္ဂုဝမ္မာ၏ စကားမဆုံးခင်ပင် လေးဘက်လေးတန်မှ သူ့အပေါ် တုတ်ဒိုင်းမွှာချကြသည်၊ အင်္ဂုဝမ္မာသည် အော်ပင် မအော်နိုင်တော့ဘဲ သတိမေ့ပြီး လဲကျသွားသည်။

မနဥ္စယတို့ လူသိုက်ထဲမှ အချို့က အင်္ဂုဝမ္မာအား မယူသွားပြီး မြစ်တမ်းဝါး၌ ချထားပစ်ခဲ့ကြသည်။



( ၁၅ )

သတိပြန်ရလာသည့်အခါ အင်္ဂုဝမ္မာ ရွာဘက်မပြန်တော့။ ပြန်၍သည်း မဖြစ်တော့ပေ။ ဒယိမ်းဒယိုင်နှင့် ပတိဋ္ဌာန သွားသည့်လမ်းအတိုင်း လျှောက်သွားသည်။ ပုံဝတ္ထုအဟောင်းသည် တစ်ကျော့ပြန်လာပြန်သည်။

တစ်ယောက်နှင့် အများဖြစ်ကြသည့် ကိစ္စမျိုး၌ များသောအားဖြင့် တရား၏ မတရား၏ဟု စဉ်းစားဆင်ခြင်လေ့ မရှိကြပေ၊ တရားမှုသည် အရေအတွက်က ဖိထားသဖြင့် ပျောက်သလောက်နီးပါး ဖြစ်သွားရတတ်သည်၊ တစ်ယောက်သည် အများရှေ့တွင် အရှုံးပေးရသည်၊ ဦးညွတ်ရသည်၊ အရှုံးမပေးပါက ဦးမညွတ်ပါက နင်းအချေခံရမည်၊ ယင်းတစ်ယောက်သည် အကယ်၍ ကွယ်လွန်သေဆုံးသွားပါက လွန်လေ့ကသည် နောင်တလျှင်လည်း ရပေမည်၊ သို့မဟုတ် ထိုသူ့ကို အာဇာနည်အဆင့်သို့လျှင်လည်း ပို့ပေလိမ့်မည်။

အင်္ဂုဝမ္မာသည် လုလင်တစ်ယောက်မျှသာ ရှိသေးသည်၊ အတွေးအခေါ်လည်း မရင့်ကျက်သေးပေ၊ ပညာလည်း မစုံသေးပေ၊ အထိုးအနှက်ခံရ ဒဏ်များ၍ အရှုံးပေးသည့် အလေ့အကျင့် ရနေသည်၊ ဦးညွတ်သည့်ဝသီ ပါနေသည်၊ အချိန်အတန်ကြာမျှ ယှဉ်ပြိုင်တိုက်ခိုက်စေကာမူ မကြာမီအတော အတွင်း၌ပင် အလျှော့ပေးသွားတတ်သည်။ လူတို့သည် တစ်ဦးနှင့်တစ်ဦး မတူသေး၊ သဘောကိုယ်စီ ရှိကြသည်။

* * * * *

ယခင်တစ်ခေါက်က မေတ္တေယိနှင့် တိတ္တိဝါနတို့ သူတွေ့ခဲ့သည့် ပတိဋ္ဌာန ဘုရားကျောင်းသည် ယခုတစ်ခေါက်တွင် သူ၏တည်းခိုနားနေရာ ဖြစ်လာသည်၊ ထိုဘုရားကျောင်းအတွင်း၌ နေသည်။ ထမင်းလည်း မှန်မှန်စားရ၊ အချိန်ရှိသမျှ ဆာလောင်မွတ်သိပ်နေသည်၊ တညည်းညည်း တညည်းညည်း ဖြစ်နေသည်၊ စူးဆောက်တို့ မထိမကိုင်တော့ပေ၊ တစ်ခါတစ်ရံ လူသေတစ်ဦး၏ သွေးခုန်နှုန်းကို စမ်းကြည့်နေသကဲ့သို့ ကျောက်တုံးတို့ ကိုင်ကြည့်နေသည်၊

သူ့ကို ရုပ်တုကလည်း မဆွဲဆောင်နိုင်တော့ပေ၊ မထုလုပ်ရသေးသည့် ကျောက်တုံးအရိုင်း၌ ရုပ်တုများ၏ မပီမသမပြတ်မသားသည့် အသွင်သဏ္ဌာန်ကိုလည်း သူမမြင်ရတော့ပေ၊ ကျောက်တုံးသည် ကျောက်တုံးဝင်ဖြစ်သည်၊ ရုပ်တုများလည်း ကျောက်တုံးပင်ဖြစ်သည်၊ တစ်ချိန်တစ်ခါတုန်းကမူ ကျောက်တုံးများသည် သူ့အတွက် ရုပ်တုများဖြစ်သည်၊ ရုပ်တုများသည် သက်ဝင်

www.burmeseclassic.com



လှုပ်ရှားနေသည့် သက်ရှိလူသားဖြစ်သည်။

အဂ္ဂိဝမ္မာသည် အရှုးတစ်ယောက်ပုံ ပေါက်နေသည်။ မိမိကိုယ်ကို လည်း ဂရုမစိုက်တော့ပေ။ သူတစ်ပါးကိုလည်း သတိမပြုတော့ပေ။ ပတိဋ္ဌာန မြို့တွင်းရှိ လူသူဆိတ်သုန်းနေသည့် လမ်းကြီးလမ်းငယ်များထဲတွင် လျှောက် သွားနေသည်။ ကိုယ်ခန္ဓာမှာလည်း မြူမှုန်အလိမ်းလိမ်း ကပ်နေသဖြင့် လူရုပ် မပေါ်တော့ပေ။ တစ်စုံတစ်ဦးက စားစရာပေးလျှင် စားလိုက်သည်။ သို့မဟုတ် ပါက တစ်စုံတစ်ခု ပျောက်နေသူပမာ တစ်စုံတစ်ခုကို ရှာသည့်အနေဖြင့် လမ်းတကာ လှည့်လည်သွားလာနေသည်။ ညအိပ်ချိန်ရောက်မှ ဘုရားကျောင်း ပြန်အိပ်သည်။

ဘဝတွင် မည်သည့်အလျဉ်၊ မည်သည့်အစဉ်မှ မရှိတော့ပေ။ သူ၏ အခြေအနေသည် မရွေ့မလျား သွားလာ၍မရတော့သည့် လှည်းကျိုး လှည်းပျက်နှင့် တူနေသည်။ အစွမ်းအစ မရှိတော့ပေ။ လှံ့လဥဿာဟ ကင်းမဲ့နေ သည်။ မျှော်လင့်ချက် ကုန်ခမ်းနေသည်။

မသိမကျွမ်းသည့် မိန်းများသည်ပင်လျှင် တစ်ကြိမ်တစ်ခါ တွေ့လိုက် ရရုံမျှဖြင့် စွဲလမ်းသွားခဲ့သည့် သူ၏ မျက်နှာပုံပန်းသည် ယခုအခါတွင် အရုပ်ဆိုး အကျည်းတန်နေပြီ။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ဗလပျစ် ဖြစ်နေသည်။ ပါးနှစ် ဖက်တ ခြောက်နေသည်။ မျက်စိကလည်း အရှိန်အဝါမရှိတော့ပေ။ နဖူးပြင်က လည်း ညစ်ထပ်ထပ်ဖြစ်နေသည်။ ပြန့်ကြဲနေသည့် ဆံပင်ကမူ ယခုလည်း ဆွဲဆောင်မှုရှိနေတုန်းပင်၊ သို့ရာတွင် အမှန်တကယ်တော့ ဆွဲဆောင်မှု မဟုတ် ပေ၊ ချစ်မေတ္တာကို ဖြစ်ပွားစေသည် မှန်သော်လည်း အမှန်က ချစ်မေတ္တာ မဟုတ်၊ တရုဏာသာလျှင် ဖြစ်သည်။

တစ်နေ့ပြီးတစ်နေ့ နေ့ရက်တွေ ကုန်ဆုံးကျော်လွန်နေသည်၊ အဂ္ဂိဝမ္မာ သည် မည်သည့်လှုပ်ရှားမှုမျိုးကိုမှ မလုပ်တော့ပေ။ ထုံထုံထိုင်းထိုင်း ဖြစ်နေ သည်၊ တစ်ခါတုန်းက ဥဇ္ဇေနီမြို့သို့သွားရန် အိပ်မက်မက်ခဲ့ဖူးသည်။ သို့ရာတွင် ယခုအချိန်၌ကား မြို့ပျက်ကြီးအတွင်း၌သာ ကိုယ့်ကိုယ်ကို ပျောက် ဆုံးပြီး ထိုင်နေသည်။ တစ်ကြိမ်တစ်ခါတုန်းက မိုးစွန်တဖျား ထိလုနီးပါး ဖြစ်ခဲ့ သည့် သူ၏မျှော်မှန်းချက် မီးတောက်မီးလျှံများသည် ယခုအခါတွင် အရှိန် အဟုန်ကျပြီး ပြာပုံဘဝရောက်နေကြလေပြီ။

အဂ္ဂိဝမ္မာသည် ဆီကုန်ခမ်းနေသည့် မီးခွက်ပမာ ဖြစ်နေသည်။ သူ့ အနေဖြင့် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်၏ ကြင်နာမှုကိုလည်း မရရှိပေ၊ လူလောက လူ့အသိုက်အဝန်း၏ လေးစားမှုကို လည်းမရရှိတော့ပေ။ တိမ်ကောပျက်စီး



သွားသည့် ပတိဋ္ဌာနမြို့၏ အခြေအနေကပင် သူ့ထက်ကောင်းသေးသည်။ ပတိဋ္ဌာနမြို့သည် တစ်ချိန်က ပွင့်လန်းခဲ့သည်၊ သူကမူ မပွင့်လန်းခင်တပင် ပွင့်ချပ်ပွင့်လွှာများ နွမ်းခြောက်ညှိုးလျှော်သွားကြသည်။

* * * * *

တစ်နေ့တွင် တိမ်ကောပျက်စီးသွားပြီဖြစ်သည့် ပတိဋ္ဌာနမြို့၌လည်း ရုတ်တရက် အုတ်အုတ်ကျက်ကျက် ဖြစ်လာသည်။ လူသူဆိတ်သုဉ်းနေသည့် ဘုရားကျောင်း၌ ခေါင်းလောင်းသံများ ဆူညံနေသည်။ မြို့တွင်း၌ ရုတ်ရုတ် သဲသဲဖြစ်နေသည့် အသံများ ပွဲတင်ညံနေသည်။ လူစုလူဝေးများသည် အစုလိုက် အပြုံလိုက် တစ်စုပြီးတစ်စု တစ်အုပ်ပြီးတစ်အုပ် အနောက်ဘက်မှ ရောက်လာကြသည်၊ သူတို့၏ အမူအရာကို ကြည့်ရသည်မှာ အလွန်တရာ သွေးလန့်နေပုံရသည်။

အဘိုးအို၊ အမယ်အို၊ ကလေးသူငယ်၊ မိန်းမယောကျ်ား အိမ်ထောင်မိ သားစုများကို တစ်စုပြီးတစ်စု တစ်နေရာမှ ခါထုတ်ပစ်လိုက်သည်၊ ယင်းဒုက္ခ သည်မိသားစုတို့သည် တစ်သုတ်ပြီးတစ်သုတ် ရောက်လာကြပြီး မြို့ပျက် ပတိဋ္ဌာနတွင် ခိုလှုံနေကြသည်၊ နေ့လည်နေ့ခင်းများတွင် လင်းနို့များ နားနေပြီး ညဘက်တွင် ပိုးမွှားတိရစ္ဆာန်များ ခိုအောင်းသည့် အိမ်ယာများသည် ယခုအခါ များတွင် လူတွေနှင့် စည်စည်ကားကား ဖြစ်လာသည်၊ ညဘက်တွင် မီးရောင် လည်း တစ်လက်လက်ဖြစ်နေသည်။

ဘယ်နေရာကို ကြည့်လိုက် ကြည့်လိုက် ရုတ်ရုတ်သဲသဲဖြစ်နေသည်၊ မျက်ရည်နှင့် မျက်ခွက် ဖြစ်နေသူများသာ များသည်၊ ဒဏ်ရာရနေသူများက လည်း မနည်းပေ၊ လူပေါင်းများစွာတို့မှာ ရောဂါဝေဒနာ ခံစားနေရသည်၊ အချို့မှာ အားအင်ကုန်ခမ်းနေကြသည်၊ အချို့ကား အိပ်ရာပေါ်မှာပင် ဝတ် လက်လဲပြီး သေမည့်ဆဲဆဲ ဖြစ်နေကြသည်၊ သို့ရာတွင် ယင်းဒုက္ခသည်တို့၏ ရုတ်ရုတ်သဲသဲ ဖြစ်နေမှုသည် တိမ်ကောပျက်စီးနေသည့် ပတိဋ္ဌာနမြို့ကို ပြန်လည် အသက်သွင်းပေးနေသည်။

မြို့ထဲတွင် တစ်လမ်းဝင်တစ်လမ်းထွက်နှင့် ခြေဦးတည်ရာ [illegible] လည် သွားလာနေသော အဂ္ဂိဝမ္မာသည် အိမ်ကြီးတစ်ဆောင်ထဲဝင် [illegible] နားသည်၊ အိမ်ကြီးအတွင်း၌ အိမ်ထောင်စုပေါင်းများစွာ [illegible] သည်၊ ခဏကြာသောအခါ အဂ္ဂိဝမ္မာသည် အနောက် [illegible] လွင့်တက်လာသည်တို့ လှမ်းမြင်ရသည်၊ စိတ် [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကျောင်း ပြန်လာခဲ့သည်။

ဘုရားကျောင်းတွင်း ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် မြင်းခွာသံများကို ကြားလာရသည်။ စစ်တပ်တစ်တပ် ချီတက်လာသည်။ မိန်းမများနှင့် ကလေးသူငယ်များသည် စိုကနဲ ညံတနဲ ဖြစ်သွားကြသည်။ စစ်သားများသည် ထိုမြို့ပျက်ကိုပင် ချမ်းသာမပေးပေ။ လုယက်ကြသည်။ ဖျက်ဆီးကြသည်။ ယောကျ်ားတွေကို ရိုက်နှက်သတ်ပုတ်ကြသည်။ မိန်းမတွေကို မတရားပြုကျင့်ကြသည်။ စစ်သားများ၏ လူမဆန်သည့် အပြုအမူများကြောင့် ပတိဋ္ဌာနမြို့၏ လမ်းကြီးလမ်းငယ်ပေါ်၌ သွေးချောင်းစီးသွားသည်။

စစ်သားများသည် မုန်တိုင်းကဲ့သို့ ရောက်လာပြီးလျှင် အရှေ့ဘက် ထွက်ခွာသွားကြသည်။ အရှေ့ဘက် အတန်ငယ်သွားပြီးကြသောအခါ မြောက်ဦးစူးသို့ ချိုးသွားကြသည်။ တစ်စုံတစ်ဦးကို လိုက်လံရှာဖွေရင်း ရှေ့ဘက်ဆက်သွားပြီး တစ်ဖန်ပြန်လှည့်သွားကြသည်ဟု ထင်ရသည်။

ယင်းလူသတ်ပွဲကြီးကို တွေ့ရသည့်အခါ အဂ္ဂိဝမ္မာသွေးဆူလာသည်။ ဒုက္ခသည်များကို အကူအညီပေးရန် ထွက်လာသည်။ ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေရာမှ လှုပ်ရှားလာသည်၊ သွေးကြွလာသည်။

အကူအညီပေးရန်အတွက် သူရောက်သွားသည့် မိသားစုမှာ သူအသိမိသားစု ဖြစ်နေသည်၊ ထိုမိသားစုကို တွေ့ရသည့်အခါ အံ့အားသင့်သွားသည်။ ထိုမိသားစုသည် ရွာသူကြီး၏ အဆွေအမျိုးထဲက ဖြစ်သည်။ ရွာသူကြီး ရွာမှပင် လာသည့် မိသားစုဖြစ်သည်၊ ကံကောင်းထောက်မသဖြင့် သေတံမရောက် သတ်မပျောက်ဘဲ ထိုနေရာရောက်လာသည်။ သူတို့မိသားစုထဲတွင်လည်း ဒဏ်ရာရသူများ ရှိသလို အသက်သေဆုံးသွားသူများလည်း ရှိသည်။

" မင်းဘယ်တုန်းက ဒီရောက်နေသလဲ "

ထိုမိသားစုထဲမှ ပုဂ္ဂိုလ်တစ်ဦးတမေးလိုက်သည်၊ ထိုပုဂ္ဂိုလ်မှာ ထိုအိမ်ထောင်မိသားစု၏ အိမ်ထောင်ဦးစီး ဖြစ်သည်။ သူ့ကိုကြည့်ရသည်မှာ ကျန်းမာရေးလည်း ချွတ်ယွင်းနေပုံရသည်။ သူကလည်း အဂ္ဂိဝမ္မာကို ကောင်းကောင်း မှတ်မိသည်။

" ခင်ဗျားဘာဖြစ်လို့ အဲဒီလိုမေးတာလဲ " အဂ္ဂိဝမ္မာက ပြန်မေးလိုက်သည်။

" သူတို့ ကျုပ်တို့ကို ရွာက မောင်းထုတ်ပစ်လိုက်တယ်၊ နောက်ဘယ်ကိုဆက်ပြီး သွားရမယ် မသိသေးဘူး "

" ဘယ်လိုဖြစ်ကြတာလဲ "



" သာတဝါဟနမင်းဆက် ဘုရင်ကိုတိုက်ဖို့ တာစူနေတဲ့ ရုဒ္ဒဒမန ဘုရင့်စစ်တပ်ထဲမှာ ကျုပ်တို့ရွာကစစ်သား တစ်ယောက်မှ မပါဘူး၊ ရုဒ္ဒဒမန ဘုရင်က ဘယ်လိုဆင့်ဆင့် ကျုပ်တို့ရွာက စစ်သားတစ်ယောက်မှ မပို့ဘူး၊ အဲဒီအကြောင်းကို မင်းသိတယ် မဟုတ်လား၊ အဲဒါကို ရုဒ္ဒဒမနဘုရင်က မမေ့နပ်ဘူး၊ ရန်ညှိုးထားတယ်၊ အခုတော့ စစ်ဖြစ်ခါနီးနေပြီ၊ ကျုပ်တို့ သာတဝါဟနမင်းဆက်ဘုရင်နဲ့ သွားပေါင်းမှာကို ရုဒ္ဒဒမနဘုရင်က စိုးရိမ်နေတယ်၊ ကျုပ်တို့ ရွာသူကြီးက ပြောင်ပြောင်ပဲ ဆန့်ကျင်တယ် မဟုတ်လား၊ အဲဒါကို ကျုပ်တို့ရွာသူကြီးက သူ့ကိုတော်လှန်ဖို့ စက်ပုန်းခုတ်နေတယ်လို့ ရုဒ္ဒဒမနဘုရင်က သက်ာမတင်းဖြစ်တယ်၊ ဒါကြောင့်မို့ သူတို့ ရွာသူကြီးကို ကွပ်မျက်သုတ်သင်ပစ်လိုက်ကြတယ်၊ ရွာသူကြီးကို ကွပ်မျက်သုတ်သင်ပစ်လို့ အားမရကြသေးဘူး၊ ရွာသူကြီးမိသားစုတစ်ခုလုံးကိုပါ ရက်ရက်စက်စက် သတ်ပစ်ကြတယ်၊ အဲဒါနဲ့တောင် သူတို့ ရန်အညှိုးမပြေသေးဘူး၊ တစ်ရွာလုံးကို မြေလှန်ပစ်ကြတယ် "

" တစ်ရွာလုံးကို မြေလှန်ပစ်လိုက်တယ် ဟုတ်လား "

" ဟုတ်တယ်၊ အခု အဲဒီမှာ ဘာမှ မကျန်တော့ဘူး "

" တစ်ရွာလုံး ဟုတ်လား "

" ဟုတ်တယ် . . . ဟုတ်တယ်၊ တစ်ရွာလုံး "

" အသစ်ဆောက်ထားတဲ့ ဘုရားကျောင်းကော "

" ဘုရားကျောင်းကော ဘာခံနိုင်ပါ့မလဲ၊ ဘုရားကျောင်းမှာ ရုပ်တုဘည်ထားကိုးကွယ်ပြီးလို့မှ အချိန်သိပ်မကြာသေးဘူး၊ ဒေါသူပုန်ထနေတဲ့ စစ်သားတွေရောက်လာပြီး ဘုရားကျောင်းကို ဖျက်ဆီးပစ်လိုက်ကြတယ်၊ ရုပ်တုတွေကိုလဲ ချိုးဖွဲ့ပြီး တခြားလွှင့်ပစ်လိုက်တယ်၊ သူတို့က ဟိန္ဒူလူမျိုးမဟုတ်ဘူး မဟုတ်လား၊ ကျုပ်တို့ရဲ့ နတ်ဒေဝီ ဒေဝတာတွေကို သူတို့ ဘာဝရှုစိုက်မှာလဲ "

" ဘုရားကျောင်းကိုလဲ ဖျက်ဆီးပစ်လိုက်ကြပြီ ဟုတ်လား "

ယင်းသို့မေးရင်း အဂ္ဂိဝမ္မာ၏ မျက်နှာသည် ပိုပြီး ညိုးသွားသည်၊ ပြီးနောက် သူ့မေးခွန်းကို တစ်ဖန် ထပ်မေးနေပြန်သည်။

" ဟုတ်တယ် . . . ဟုတ်တယ်၊ ဘုရားကျောင်းတိုလဲ ဖျက်ဆီးဝစ်လိုက်ကြပြီ "

တစ်ခဏမျှဆိုင်းငံ့နေပြီးနောက် အဂ္ဂိဝမ္မာက မေးလိုက်ပြန်သေးသည်။

" အခု ရွာသူကြီးမရှိတော့ဘူး ဟုတ်လား၊ ရုပ်တုတွေကိုလဲ ဖျက်ဆီးပစ်လိုက်ပြီ ဟုတ်လား "

ယင်းသို့ပြောနေစဉ် သူ၏ ညိုးနွမ်းနေသည့် မျက်နှာသွင် အသယ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အပြုံးရိပ်ကလေး သန်းလာသည်မသိပေ၊

" အဖိုးအိုတော အသက်ခံရသေးသလား "

" ဩော် . . . အဖိုးအိုဆရာကြီးလား၊ သူကံကောင်းတယ်၊ လွတ်သွားတယ်၊ ကျုပ်တို့နဲ့အတူ သူ ဒီကိုပြေးလာတယ်၊ ဒါပေမယ့် သူက ဒီမှာ နားမနေဘူး၊ ရှေ့ဆက်သွားတယ်၊ စစ်သားတွေ သူ့နောက်လိုက်သွားတယ်၊ ရှေ့မှာ ဘာတွေ ဖြစ်ကြတယ်ဆိုတာတော့ မသိဘူး "

ထိုပုဂ္ဂိုလ်က နောက်ထပ် တစ်စုံတစ်ခု ဆက်ပြောမည်လုပ်စဉ်မှာပင် အဂ္ဂိဝမ္မာသည် စောင့်နားမထောင်တော့ဘဲ အရှုံးတစ်ယောက်၏ အသွင်ကဲ့သို့ အရှေ့ဘက် အတင်းပြေးထွက်သွားသည်၊

ဖွက်နေသောယာဉ်သည် ရုတ်တရက် ပြန်လည်တောင်းသွားသည်၊ ညှိုးခြောက်နွမ်းလျနေသော ပွင့်ချပ်ပွင့်လွှာတို့သည် ပြန်လည် ပွင့်လန်းလာသည်၊ လမ်းပျောက်နေသူသည် လမ်းစကို ပြန်လည်တွေ့ရှိလာသည်၊ အသက်ရှင်နေလိုသည့် စိတ်ဆန္ဒသည် ပြန်လည်အားကောင်းလာသည်၊ ကျောက်တုံးတို ရုပ်တုဖြစ်အောင် ထုလုပ်လိုသည့် အာသီသလည်း ပြန်လည် အသက်ဝင်လာသည်၊ အဂ္ဂိဝမ္မာသည် အရှေ့ဆီသို့ နေထွက်ပြုလာသည့်ဘက်သို့ ထွက်သွားလေသည်၊



( ၁၆ )

ပတိဋ္ဌာနမြို့ လွန်သွားသည့်လမ်းမှာလည်း ပတိဋ္ဌာနမြို့ကို လာသည့်လမ်း၏ အခြေအနေအတိုင်းဖြစ်သည်၊ ဖြေညီလမ်းမဟုတ်ပေ၊ နိမ့်လိုက် မြင့်လိုက် ဖြစ်နေသည်၊ ကျောက်ခဲ၊ အုတ်ခဲ၊ ခင်းကြမ်းဖြစ်နေသည်၊ ဆူးခြောင့်ခလုတ်တွေ နေရာအနှံ့ရှိနေသည်၊ ခပ်လှမ်းလှမ်းအထိမှ ခရီးသွားခရီးလာကိုပင် မတွေ့မြင်ရပေ၊ လမ်းကလည်း ကောက်ကွေ့လွန်းလှသည်၊ အဂ္ဂိဝမ္မာသည် သတိထားပြီး သွားနေရသည်၊

ခရီးအတော်ပေါက်သွားပြီး လမ်းဘေးရွာများကို တစ်ရွာစ နှစ်ရွာစ တွေ့ရသည်၊ သို့ရာတွင် ယင်းရွာများအားလုံးပင် အသက်ဝိညာဉ် ချုပ်ငြိမ်းနေကြသကဲ့သို့ပင် ဖြစ်နေသည်၊ ရွာနေလူများ တစ်နေရာသို့ ထွက်ပြေးသွားကြလေပြီ၊ ကျွဲနွား တစ်ကောင်စ နှစ်ကောင်စလောက်သာလျှင် ဟိုနေရာသည်နေရာ၌ စားမြုံ့ပြန်နေသည်ကို တွေ့ရသည်၊ နယ်မြေတစ်ခုလုံးသည် လူသူဆိတ်သုဉ်းနေသည်၊ ယာခင်း၊ လယ်ခင်းများလည်း ပြောင်တလင်းခါနေကြပြီ၊ ကြောက်စရာ လန့်စရာ မြင်ကွင်းရှုကွင်းကြီး ဖြစ်နေသည်၊

အရှေ့ဘက် မိုးကုတ်စက်ဝိုင်းဆီ၌ ဖုန်မှုန့်မြူမှုန်များ တောင်းတင်တွင်ထတ်နေသည်ကို တွေ့ရသည်၊ ယင်း လွင့်တက်နေသည့် ဖုန်မှုန့်များတသာလျှင် ဆိုနေရာဆီ၌ လူသူရှိနေသည်ကို ညွှန်ပြနေသည်၊ ထိုခရီးသွားများမှာ ...ည်သူတွေနည်း၊ မည်သည့်အတွက် သွားနေကြသနည်း၊ ယင်းပြဿနာ... အဖြေကို အဂ္ဂိဝမ္မာ မရရှိဘဲဖြစ်နေသည်၊

ရှေ့ဆက်သွားသည်၊ အဖိုးအိုကိုရှာသည်၊ ဘယ်... ...ဆို့ရာတွင် မြေကမ္ဘာမြို့သည် ယခုအခါတွင် သူ့အစို့ ...

www.burmeseclassic.com



သူ့ဘဝတွင် ကဏ္ဍအသစ်တစ်ခု စတင်လာလေပြီ၊ သူ့အတွက် ဇာတာစန်းလဂ် ပွင့်လာပြီဟု သူထင်နေသည်၊ သူ မိမိ၏ပစ္စည်းဟု မပြောလိုက်ရသည့်ပစ္စည်းသည် မည်သူ့ပစ္စည်းမှ ဖြစ်မသွားသည်ကို သူ ပီတိဖြစ်နေသည်၊ စိတ်ဖျက်အားလျော့နေရခြင်း၏အကြောင်းသည် သူ့အလိုလို လွင့်ပါး ပျောက်ကွယ်သွားလေပြီ၊ အားသစ်အင်သစ်ရလာသည်၊ ကိုယ်ခန္ဓာ၌ အင်အား ကုန်ခန်းနေသော်လည်း ခြေလှမ်းများသည် ဖျတ်ဖျတ်လတ်လတ် ဖြစ်လာသည်၊

တောင်ကြောတစ်ခုကို ဖြတ်ကျော်ပြီးနောက် အဂ္ဂိဝမ္မာသည် တောချမ်းဖွယ်ကောင်းသည့် တောကြီးတစ်ခုအတွင်းရောက်သွားသည်၊ ယင်းတောကြီးအတွင်း၌ သူ့ရှေ့မှ တုန်နှေးတုန်နှေးနှင့် သွားနေသည့် အမယ်အိုတစ်ယောက်ကို လှမ်းမြင်နေရသည်၊ အမယ်အိုမှာ အဖော်မပါ တစ်ဦးတည်းသာ ဖြစ်သည်၊ ခါးကလည်း ကုန်းနေသည်၊ ဝတ်ထားသည့် အဝတ်မှာလည်း ညစ်နွမ်းစုတ်ပြတ်နေပြီ၊ တခေါင်းလုံး ဖွေးဖွေးဖြူနေပြီ၊ ဦးခေါင်းလှုပ်ကာ လှုပ်ကာနှင့် တောင်ဝှေးတဒေါက်ဒေါက် ထောက်ပြီး သွားနေသည်၊ အမယ်အိုသည် ခြေလှမ်းသုံးလေးလှမ်း လှမ်းလိုက် တစ်ဖန် ကျောက်တုံးပေါ်တွင်ဖြစ်စေ သစ်ပင်ရင်း၌ဖြစ်စေ နားလိုက်နှင့် နားနားနေနေ သွားနေသည်၊

ထိုနေရာ၌ လမ်းဖြောင့်တန်းနေသည်၊ အဂ္ဂိဝမ္မာသည် အမယ်အိုကို ခပ်လှမ်းလှမ်းမှပင် လှမ်းမြင်နေရသည်၊ တောကြီးမျက်မည်းတွင် ခရီးသွားဖော် တစ်ယောက် ရတော့မည်၊ အမယ်အိုပင်ဖြစ်စေကာမူ အဖော်တစ်ဦးပင် ဖြစ်၍ အားတတ်သွားပြီးလျှင် မောဟိုက်ပင်ပန်းနေသော်လည်း ခြေလှမ်းခပ်မြန်မြန် ခပ်သုတ်သုတ် လှမ်းသွားသည်၊

အဂ္ဂိဝမ္မာသည် အမယ်အိုကို မှီလာသည်၊

" ဘယ်သွားမလို့လဲ အဘွား "

အဂ္ဂိဝမ္မာက အားတတ်သရော မေးလိုက်သည်၊ အစပထမကွင်မှု အမယ်အို လန့်သွားသည်၊ ထို့နောက်မှ ပြန်ပြောသည်၊

" အဘွားဆီမှာ ဘာမှ မရှိပါဘူးကွယ်၊ မယုံရင်ကြည့်ပါ၊ ရှိတာ တလေးတွေ သူတို့ လုယူသွားကြပါပြီ "

" ကျွန်တော် ဓားပြ မဟုတ်ပါဘူး "

" ဓားပြမဟုတ်ရင် မင်း ရုဒ္ဒဒမနဘုရင်ရဲ့ စစ်သား . . . "

" ကျွန်တော် စစ်သားလဲမဟုတ်ဘူး၊ အဘွားလို ခရီးသွားတစ်ယောက် ဖြစ်ပါတယ် "



" ဘုရားမလို့ ငါ့လိုကံဆိုးတဲ့ ခရီးသွားမျိုးမဖြစ်ပါစေနဲ့တော်၊ ဘယ်တို သွားမလို့လဲ သား "

" ခုညတရှုတကို သွားမလို့ထွက်လာတာပဲ "

" သိပ်ဝေးတာပဲ၊ မင်းကြည့်ရတာ သိပ်ရိုးအပုံရတယ်၊ စစ်ဖြစ်နေတယ် ဆိုတာ မသိဘူးလား၊ စစ်သားတွေကို မတွေ့ဘူးလား "

" တွေ့ပါတယ်၊ အဘွားဘယ်သွားမလို့လဲ "

" အိမ်မှာ မနေရဘူးဆိုပြီး နှင်ထုတ်ပစ်လိုက်ကြတယ်၊ အိမ်မှာဘယ် သူမှနေလို့ မရဘူး၊ ရွာကို မြေလှန်ပစ်လိုက်ကြတယ်၊ အသက်မသေဘဲ ကျန်နေ တဲ့လူ အင်မတန်မှ ရှားတယ်၊ အားလုံးလိုလို အသတ်ခံရတယ်၊ ဘယ်ရောက် ရောက် ရောက်ချင်ရာရောက်ဆိုပြီး ထွက်လာခဲ့တာပဲ "

" အိမ်ထောင်မိသားစုတစ်စု ဖိလမ်းကသွားတာ အဘွားတွေ့သလား"

" အိမ်ထောင်မိသားစုတစ်စု မဟုတ်ဘူး၊ အိမ်ထောင်မိသားစု အမြောက်အများ ထွက်ပြေးသွားကြတယ်၊ သူတို့ ရှေ့က တောင်ပေါ်လမ်း ရောက်နေကြရော့မယ် "

" ဒီလိုဆိုရင် စစ်ဖြစ်နေပြီပေါ့၊ ဘယ်ဘုရင်နဲ့ ဘယ်ဘုရင် စစ်တိုက် နေကြတာလဲ "

" . . . သာတဝါဟန မင်းဆက်ဘုရင်က ရုဒ္ဒဒမန ဘုရင်ကို အလုံး အရင်းနဲ့ ပြန်တိုက်နေတယ်၊ ဖါကြောင့်မို့ သာတဝါဟန မင်းဘက်ပါတဲ့ ရွာတွေ ကို ရုဒ္ဒဒမနဘုရင် စစ်တပ်က အားလုံးမြေလှန်ပစ်တယ်၊ အဘွားတို့က သာတ ဝါဟနမင်းဆက်ဘုရင်ဘက်က ဖြစ်ခဲ့တယ် မဟုတ်လား၊ ပြောရင်း ပြောရင်း မောလာပြီ၊ ခဏထိုင်ပြီး နားဦးမယ် သား "

အမယ်အိုသည် တောင်ဝှေးကို ထောက်ပြီး ထိုင်လိုက်သည်၊ ချောင်း ဆလည်း တဟွတ်ဟွတ်ဆိုးနေသည်၊ အဂ္ဂိဝမ္မာသည် ရှေ့ဆက်သွားလိုသည်၊ ခြေလှမ်းနှစ်လှမ်းသုံးလှမ်းပင် ရှေ့ဆက်သွားလိုက်သေးသည်၊ သို့ရာတွင် အမယ်အိုတစ်ယောက်တည်း ကျန်ခဲ့သည်ကို တွေ့ရ၍ ပြန်လှည့်လာသည်၊

" သားက ဘယ်သူ့ကို လိုက်ရှာနေတာလဲ "

" ကျွန်တော်လား၊ ကျွန်တော် . . . ကျွန်တော့်ဆရာကို လိုက်ရှာ နေတာပါ၊ သူလဲ အဘွားပြောတဲ့ရွာမျိုးမှာ နေခဲ့တဲ့ ပုဂ္ဂိုလ်ပါ၊ သူ ဒီအ[illegible] ထွက်လာတယ်လို့ ကြားရတယ် "

" ကောင်းတယ်၊ ကောင်းတယ်၊ ဆက်သွား သား [illegible] သချိုင်း ခြေတစ်ဖက်လှမ်းနေပြီ၊ ဒီနေ့မရောက်လဲ နက်ဖြန် [illegible]

www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့မှာပဲ၊ သားက ဗိုလ်တုန်းရွယ်တုန်း ရှိပါသေးတယ်၊ သွားပါ၊ ရှေ့ဆက် သွားပါ "

အကယ်၍ အမယ်အိုက ယင်းသို့မပြောလျှင် အဂ္ဂိဝမ္မာသည် ခေတ္တ ခဏစောင့်ပြီး ရှေ့ဆက်သွားမည် အမှန်ဖြစ်သည်။ အမယ်အိုတွင် ခင်မင်တွယ် တာစရာ တစ်စုံတစ်ခုရှိသည်ဆိုသည့် အချက်ကို သူသိမြင်လာသည်။ အမယ် အိုကို ထားခဲ့ပြီး သွား၍ မသင့်တော်ဟု သဘောပေါက်လာသည်။ သူကလည်း အဖော်တစ်ဦးတစ်ယောက်ကို အလိုရှိနေသူဖြစ်သည်။ ခရီးသွားဖော် တစ် ယောက်လောက်တွေ့ရလျှင် ကောင်းမှာပဲဟု ခပ်လှမ်းလှမ်းမှပင် စဉ်းစားလာခဲ့ သည်။ ယခုအမယ်အိုသည် သူ့အတွက် အဖော်ကောင်း တစ်ဦးသဖွယ် ဖြစ်နေ ပြီ။

" သားက တစ်ယောက်တည်းလား၊ တခြားဘယ်သူမှ မပါဘူးလား" အမယ်အိုက မေးလိုက်သည်။

" ဟင့်အင်းမပါဘူး၊ ကျွန်တော် တစ်ယောက်တည်းပဲ "

" သတိဝီရိယနဲ့သွားပါ၊ ရှဒ္ဒဒမနဘုရင် စစ်သားတွေ ဒီလမ်းမှာ ဘသွားအလာ များနေတယ်၊ အဲဒီလိုသွားရင်း လာရင်းနဲ့ သူတို့ဟာ သူတို့ဓားကို သွေးသွေးသွားကြတယ်၊ သားကြည့်ရတာလဲ လုံးလုံးခြေမှဲ့ လက်မှဲ့ပဲ "

" ဟုတ်ပါတယ် "

ထို့နောက် သူတို့နှစ်ဦးထပြီး ခရီးဆက်သွားကြသည်၊ ခပ်စောစောက အဝေးတွင် လှမ်းမြင်ရသည့် တထောင်းထောင်းထနေသော ဖုတ်မှုန်မြူမှုန်များ သည် တဖြည်းဖြည်း နီးကပ်လာသည်။

" သားက ဘာလူမျိုးလဲ " အမယ်အိုက မေးလိုက်သည်။

" တစ်ချို့က ကျွန်တော့်ကို သကလူမျိုးလို့ခေါ်ကြတယ်၊ တချို့လဲ ယာဝနလူမျိုးလို့ ခေါ်ကြတယ်၊ ကျွန်တော်ဘာလူမျိုးဖြစ်တယ်ဆိုတာတော့ ဘုရား သခင်မှ သိမှာပဲ "

" ဒီစစ်သားတွေလဲ အဲဒီလူမျိုးတွေပဲ၊ သူတို့သားကို ဒုက္ခလာပေးကြ မယ်မတုတ်ဘူးထင်တယ် "

အမယ်အိုပြော၍ မဆုံးမီ အဂ္ဂိဝမ္မာက ဖြတ်ပြောလိုက်သည်။

" ဒါပေမယ့် ကျွန်တော့် မျက်နှာ ပုံပန်းသဏ္ဌာန်က သူတို့ကိုယ့်လူမျိုး လို့ထင်လို့ မရတဲ့ ပုံပန်းသဏ္ဌာန်မျိုးဖြစ်နေတယ်၊ သူတို့က ကျွန်တော့်ကို ဗြာဟ္မဏလူမျိုးလို့ပဲ အောက်မေ့နေကြတယ် "

" ဟုတ်လား " အမယ်အိုက အံ့ဩနေသည်။



လမ်းသည် ချောင်းတစ်ခုကို ဖြတ်သွားသည်။ ထိုချောင်း၌ တစ်ချိန် တုန်းက တံတားထိုးထားသော်လည်း ယခုအခါတွင် ကျောက်တုံးကြီးများသာ ကျန်တော့သည်။ အနီးအနားတစ်ဝိုက်တွင်လည်း အရိပ်အာဝါသ ကောင်းသည့် သစ်ပင်ကြီးများရှိသည်။ ကျေးငှက်ကလေးများ တကျီကျီနှင့် အော်မြည်နေကြသည်။ သို့ရာတွင် လူသူကိုမူ တစ်ယောက်တစ်လေမှပင်မတွေ့ ရပေ။ ချောင်းထဲ ခြေချပြီး အဂ္ဂိဝမ္မာသည် ကျောက်တုံးတစ်တုံးပေါ်၌ ထိုင် လိုက်လေသည်။ အမယ်အိုလည်း အနီးရှိ သစ်ပင်တစ်ပင်ရင်း၌ လှဲလိုက်သည်။

တစ်အောင့်လောက်ကြာသွားသောအခါ ရှေ့ဘက်မှ မြင်းခွာသံများ ကို ကြားရသည်။ မြင်းခွာသံမှာ ကျယ်လောင်စူးရှလာသည်။ စစ်သားတွေများ ဖြစ်နေမလားဟု အဂ္ဂိဝမ္မာ သတိမကင်းဖြစ်၍ အမယ်အိုကို အတင်းထူမလိုက် သည်။ ထို့နောက် သစ်ပင်အကွယ်တွင် ပုန်းကွယ်နေရန် ထွက်ပြေးစဉ် နောက် ဘက်မှ ခက်ထန်သည့် အသံတစ်သံ ပေါ်လာသည်။

" မပြေးနဲ့ "

www.burmeseclassic.com

www.burmeseclassic.com



( ၁၇ )

အဂ္ဂိဝမ္မာနှင့် အမယ်အိုသည် ထိုညအဖို့ ထိုချောင်းငယ်၏ ကမ်းပါး၌သာ အချိန်ကုန်ကြသည်၊ ဒဏ်ရာမှာ မသေးလှပေ၊ အဂ္ဂိဝမ္မာသည် အနာဒဏ်ရာက နာလွန်းလှသဖြင့် ညည်းနေရှာသည်၊ ထိုနောက် အိပ်ပျော်သွားသည်၊ အမယ်အိုကမူ အဂ္ဂိဝမ္မာကို ပြုစုနေရသဖြင့် တစ်ညလုံး တစ်မှေးမှ မအိပ်ရပေ၊

နံနက်မိုးလင်း၍ အဂ္ဂိဝမ္မာအိပ်ရာမှ ထသောအခါ နေထန်းတစ်ဖျားရောက်နေပြီ၊ အမယ်အိုက သူ့အနီးတွင် ငုတ်တုတ်ထိုင်နေသည်၊

" အနာသက်သာသွားပြီလား " အမယ်အိုက မေးလိုက်သည်၊

" သက်သာ သက်သာ၊ မသက်သာ မသက်သာ၊ ရှေ့ဆက်သွားမှ ဖြစ်လိမ့်မယ်၊ ဒီမှာ ဘာမှရမှာ မဟုတ်ဘူး၊ ပြီးတော့ စစ်သားတွေနဲ့လဲ ရင်ဆိုင်ပြီးမှပဲ"

သူတို့နှစ်ဦး ထော့နင်းထော့နင်းနှင့် ရှေ့ဆက်လှားကြသည်၊ နေကလည်းပြင်းလာသည်၊ ဝမ်းဗိုက်ထဲကလည်း တကြုတ်ကြုတ် မြည်နေသည်၊ ခရီးသွားရသည်မှာ မတွင်ပေ၊ အမောပြေသဘောနှင့် စကားပြောရအောင်လည်း ဝါးစဝ်တိုဝင် မလှုပ်ချင်တော့ပေ၊ အမယ်အိုသည် မကြာခဏ ဟင်းခနဲ သက်ပြင်းချချနေသည်၊ အဂ္ဂိဝမ္မာသည် သူ့ဘာကြောင့် သတိလစ်ပြီး လဲကျမသွားသေးသနည်းဆိုသည်ကို တအံ့တသြ ဖြစ်နေသည်၊

တလှုပ်လှုပ်နှင့် သွားကြရာ ရွာတစ်ရွာအနီးသို့ ရောက်လာကြသည်၊ ရွာထဲတွင် လူအချို့ကိုတွေ့ရသည်၊ သို့ရာတွင် ထိုလူများသည် ထိုရွာမှ ရွာခံလူများ ဟုတ်ကြဟန်မတူကြ၊ တခြားနေရာများမှ လာရောက်စုရုံးနေကြဟန်တူသည်၊ ရွာအပြင်ဘက်၌ ရှုဒ္ဒမနဘုရင် စစ်တပ်မှ စစ်သားများ၏ ယာယီရွက်ဖျင်တဲများကို တွေ့ရသည်၊ ဟိုနေရာ သည်နေရာများတွင် မြင်းများ အစာစားနေကြသည်၊ ယာယီတဲများအတွင်း၌ကား သေရည်မူးနေကြသည့် စစ်သားများသည် ဟောင်ဖွာ ဟောင်ဖွာနှင့် စကားပြောနေကြသည်၊



အဂ္ဂိဝမ္မာသည် ယာယီတဲများကို ရှောင်ကွင်း၍မသွားပေ၊ ရှောင်တွင်းသွား၍လည်း မရပေ၊ တခြားသွားလမ်းမရှိပေ၊ ရှောင်ကွင်း၍သွားရဲသည့် သတ္တိလည်း သူ့တွင်မရှိပေ၊ ပထမတစ်ကြိမ် ထွက်ပြေးမိ၍ လှလှကြီးခံလိုက်ရလေပြီ၊ တည်းခိုရိပ်သာရှိရာသို့ ဦးခေါင်းကလေး အသာငုံ့ပြီး ခပ်ကုပ်ကုပ်သာလာခဲ့သည်၊ အမယ်အိုသည် ထိုရပ်ထိုရွာနှင့် အစိမ်းသက်သက် မဟုတ်ပေ၊ ယခင်က ရောက်ဖူးသိဖူးသည်၊

ထိုခရီးစခန်းသို့ သူတို့ယမန်နေ့ကပင် ရောက်ရမည်ဖြစ်သည်၊ ခရီးသည်ပေါင်းများစွာတို့သည် နံနက်စောစောက ထပြီးရှေ့ခရီးစခန်းသို့ ထွက်သွားကြလေပြီ၊ လူအချို့ကိုလည်း စစ်သားများကလယ်ယာများလုပ်ရန်အတွက် မောင်းထုတ်လိုက်ကြပြီဟု သိရသည်၊

ထိုနေရာ၌ အဂ္ဂိဝမ္မာသည် အသိအကျွမ်းထဲက တစ်ယောက်မှ မတွေ့ပေ၊ သူလိုက်လံရှာနေသည့် အဖိုးအိုသည် ရှေ့ကိုများထွက်သွားပြီလား၊ အဖိုးအို ဘယ်ကိုများ သွားနေသနည်း၊ ဘယ်ဆီများ ရောက်နေသနည်း၊ အသက်နှင့်ကိုယ်မှ ရှိသေးရဲ့လား၊ ယင်းသို့တွေးတောပူပန်ပြီးလျှင် အဂ္ဂိဝမ္မာသည် တိုင်တစ်တိုင်ကိုမှီပြီး ခြေကိုဆန့်လျက် ထိုင်လိုက်သည်၊ အမယ်အိုလည်း သူ့အနီးတွင် ထိုင်လိုက်သည်၊

ဧည့်ရိပ်သာ၌ တည်းခိုနေထိုင်ကြသူများထဲတွင် အမယ်အို၏ အသိအကျွမ်း အတော်များများ ပါသည်၊ သူ့ရွာက ဖြစ်ဟန်တူသည်၊ အချို့မှာ နှစ်ရက်အလွန်က သူနှင့်အတူ ခရီးထွက်လာခဲ့ကြပြီး ခရီးအတော်သွားမိသောအခါ သူ့ကို တစ်ယောက်တည်း နောက်ချန်ထားခဲ့သည့်လူများ ဖြစ်ကြသည်၊ ယင်းခရီးသည်များကိုမြင်ရသည်နှင့် အမယ်အိုသည် ပထမတွင် မျက်နှာထား ခပ်တည်တည်ဖြစ်သွားသည်၊ နောက်မှ ပြုံးလိုက်သည်၊ ထိုနောက် အဂ္ဂိဝမ္မာ၏ပခုံးကို နှိပ်ပေးသည်၊ အဂ္ဂိဝမ္မာသည် အမယ်အိုနှိပ်ပေးသည်ကို ခံရသောအခါ ယားသလိုလိုရှိလာ၍ ပြုံးမိသည်၊

အမယ်အိုသည် သူ့အသိအကျွမ်းများအား အဖိုးအိုအကြောင်း စုံစမ်းကြည့်သည်၊ အဖိုးအို၏ပုံသဏ္ဌာန်ကို အမယ်အို သိထားနှင့်ပြီးလေပြီ၊ အဖိုးအိုနှင့်ပတ်သက်ပြီး တစ်ယောက်တစ်ပေါက်ပြောကြသည်၊ သို့ရာတွင် ထိုသူသည် သတင်းမှန်ကိုမူ မည်သူ့ထံကမှ မရရှိပေ၊

အမယ်အိုသည် အဂ္ဂိဝမ္မာ၏ အနာဒဏ်ရာကို [illegible]

www.burmeseclassic.com



ပတ်တီးစည်းပေးသည်၊ အမယ်အိုကိုယ်တိုင်ဆေးမီးတို နားလည်ဟန်တူသည်၊ လက်ပြကြီးထဲတွင် ဆေးဆရာကို ရွာထဲမှာ ဘယ်လိုလုပ်ရှာမည်နည်း၊ အမယ်အိုသည် ဟိုစပ်စပ် သည်စပ်စပ် လိုက်လံစုံစမ်းကြည့်သည့်အခါ ဤနေရာ၌ စစ်သားများ ထိန်းထိန်းသိမ်းသိမ်း လုပ်ကြသည်ဆိုသည့် အကြောင်းကို သိရှိရသည်၊ တပ်မှူးများက စစ်သားများကို အလစ်မပေးကြပေ၊ တင်းတင်းကြပ်ကြပ် ထိန်းချုပ်ကွပ်ကဲထားကြသည်၊

အဂ္ဂိဝမ္မာသည် ညွှန့်ရိုပ်သာ၌ အိပ်ပျော်သွားသည်၊ ရက်ဆက်ဆက်တိုက် အအိပ်ပျက် အစားပျက် ဖြစ်နေရသဖြင့် မောပန်းနွမ်းလျနေသည်၊ အိပ်ရာမှထလိုက်သည့်အခါတွင်ကား ညွှန့်ရိုပ်သာ၌ တည်းခိုသူ တစ်ယောက်မှ မရှိတော့ပေ၊ ခရီးသည်များသည် အုပ်စုလိုက် အုပ်စုလိုက် ရှေ့ခရီးဆက်ရန် ထွက်သွားကြလေပြီ၊ ညွှန့်ရိုပ်သာ၌ တည်းခိုနားနေရန် နောက်ထပ်ခရီးသည် အသစ်များလည်း ရောက်မလာသေးပေ၊ ညွှန့်ရိုပ်သာသည် ရွာနှင့် ခပ်ကွာကွာတွင်ရှိသည်၊ ညွှန့်ရိုပ်သာအနီး၌ ဥယျာဉ်ရှိသည်၊ ဥယျာဉ်အလွန်တွင် ယာယီတပ်စခန်းရှိသည်၊

လသာသောညဖြစ်သည်၊ အဂ္ဂိဝမ္မာသည် တိုင်ကိုမှီပြီး အပြင်ဘက် ဥယျာဉ်ဆီ လှမ်းမျှော်ကြည့်လိုက်သည်၊ စစ်သားများသည် စိတ်လွတ်ကိုယ်လွတ် ပျော်နေကြသည်၊ စစ်သားအချို့ သစ်ပင်အောက်တွင် ထိုင်နေကြသည်၊ မိန်းမနှစ်ယောက် သုံးယောက် ပုံတီးသံလိုက်ပြီး ကနေကြသည်၊ အခြားမိန်းမ သုံးလေးယောက်လည်း ရှိသည်၊ ယင်းမိန်းမ သုံး လေးယောက်ကား စစ်သားများနှင့် ဟေးလားဝါးလား လုပ်နေကြသည်၊

" ဒါလောက်ကြည့်ချင်ရင် အပြင်ဘက်က ကုန်းမြင့်ကလေးပေါ် သွားပြီး အေးအေးဆေးဆေး ထိုင်ကြည့်ပါလား၊ အဲဒီကဆိုရင် ကောင်းကောင်း မြင်ရတယ်၊ ဒီမှာ စစ်သားတွေ အမေတို့ကို ဒုက္ခမပေးနိုင်ပါဘူး၊ သားက လူငယ် လူရွယ်ပဲဟုတ်လား၊ သွားကြည့်ပါလား "

အမယ်အိုက အဂ္ဂိဝမ္မာကို လှမ်းပြောလိုက်သည်၊

အဂ္ဂိဝမ္မာသည် ရုတ်တရက် မျက်လုံးပြူးသွားသည်၊ စစ်သားများဆီသို့ တစ်ဖန် မျက်စိပွတ်ပြီး စူးစိုက်ကြည့်လိုက်ပြန်သည်၊ ပုပ္ပဝလီလိုလို မိန်းမပျိုတစ်ယောက်ကို စစ်သားများကြားထဲတွင် တွေ့မြင်နေရသည်၊ ထပ်မံအာရုံစိုက်ပြီး ကြည့်ပြန်သည်၊ ပုပ္ပဝလီ၏ အလုံးအပေါက်၊ ပုပ္ပဝလီ၏ ဟန်အမူအရာ၊ ပုပ္ပဝလီ ဝတ်နေကျ အဝတ်အစားမျိုးကိုပင် တွေ့နေရသည်၊ အဂ္ဂိဝမ္မာသည် မမှိတ်မသုန် ဆက်ကြည့်နေသည်၊ ထိုမိန်းမပျိုသည် စစ်သားတစ်ဦးနှင့်



စကားပြောရင်း ဟားတိုက်ရယ်မောနေသည်၊ အဂ္ဂိဝမ္မာသည် အကြီးအကျယ် အံ့သြငေးမောနေမိသည်၊

ညွှန့်ရိုပ်သာတွင် ပုပ္ပဝလီ၏အမေကို တွေ့လိုတွေ့ငြား အဂ္ဂိဝမ္မာ လှမ်းကြည့်သည်၊ သို့ရာတွင် ညွှန့်ရိုပ်သာ၌ ပုပ္ပဝလီအမေနှင့် တူသူကို တစ်ယောက်တစ်လေမျှပင် မတွေ့ရပေ၊ အဂ္ဂိဝမ္မာသည် ကုန်းမြင့်ကလေးပေါ်မှ ဆင်းပြီး ဥယျာဉ်နား သွားရပ်လိုက်သည်၊ ထိုမိန်းမပျိုကို အနီးကပ်ကြည့်သည်၊ ထိုအခါ သူတွေ့နေရသည့် မိန်းမပျိုမှာ ပုပ္ပဝလီ တကယ်ဖြစ်နေသည်ဆိုသည့် အချက်ကို သံသယရှင်းသွားသည်၊

ပုပ္ပဝလီကလည်း သူ့ကိုလှမ်းမြင်သည်၊ မှတ်လည်းမှတ်မိသည်၊ စစ်သားကိုခေါ်ခဲ့ပြီး ပုပ္ပဝလီသည် သူ့အနီးသို့လာသည်၊ စစ်သားသည် ဖဲဟား ဟားနှင့် ရယ်နေသည်၊ ပုပ္ပဝလီကလည်း စစ်သား၏လည်ပင်းကိုဖက်ပြီး ရယ်နေသည်၊ စစ်သားသည် သေရည်အရှိန်တက်နေပုံရသည်၊

အဂ္ဂိဝမ္မာသည် ပုပ္ပဝလီ၏ နန့်ပုံ၊ မျှံပုံကို ယခင်ကတည်းက သိထားပြီးဖြစ်သည်၊ သို့ရာတွင် ယခုလို စစ်သားနှင့် ဖက်လဲတကင်း လုပ်နေသည်ကို တွေ့ရှိသည့်အခါ ရုတ်တရက် ဒေါသထွက်သွားသည်၊ သို့ရာတွင် ပုပ္ပဝလီထံမှ သူ သိလိုကြားလိုသည့် သတင်းကြားသိနိုင်သည်ဖြစ်၍ လှည့်ထွက်မသွားဘဲ ရပ်မြဲရပ်နေသည်၊

" ရှင်ဗီရောက်နေတယ် ဟုတ်လား၊ ရှင်မသေသေးဘူးနော် " ပုပ္ပဝလီက မေးလိုက်သည်၊

"မင်းမြင်တဲ့အတိုင်းပဲ၊ ကျုပ်မင်းကို မေးစရာတစ်ခုရှိနေတယ်၊ ကျုပ်တို့ရဲ့ဆရာကြီး အဖိုးအို ဘယ်မှာလဲဆိုတာ မင်းသိသလား"

"ကျွန်မတို့နဲ့ အတူထွက်လာတာပဲ၊ ဒါပေမယ့် . . ."

"ဒါပေမယ့် ဘာဖြစ်သလဲ"

"ဒါပေမယ့် လမ်းမှာ အသတ်ခံသွားရရှာတယ်"

"အသတ်ခံရတယ် ဟုတ်လား"

"ဟုတ်တယ်"

"တကယ့်ကို"

"ဩော် တကယ်ပြောနေတာပဲ"

"နို့ မနဥ္စယတော"

"မနဥ္စယကတော့ ရွာမှာပဲ တိစ္စတုံးသွားတယ်၊ [illegible] ကျောက်တုံးကြီးတွေရဲ့အောက်မှာ ပိပြီး သေသွားတယ်၊ [illegible]

www.burmeseclassic.com

www.burmeseclassic.com



သွားရတာပေါ့။ တကယ့်ကို ပြောတာ၊ ရှင့်မှာ အစွမ်းသတ္တိရှိတယ်။ သူတစ်ပါး ကျိန်စာသင့်အောင် လုပ်နိုင်တဲ့ အစွမ်းသတ္တိမျိုး ရှင့်မှာရှိတယ်။"

"ကဲ. . . သွားမယ်" စစ်သားသည် ပုပ္ပဝလီလက်ကို အတင်းဆွဲပြီး ဥယျာဉ်ဘက် သွားဖို့ခေါ်နေသည်။

"ရှင် ဒီမှာနေဦးမယ်နော်"

"ဟင့်အင်း. . . ဟင့်အင်း. . . အင်း. . . အင်း"

အဂ္ဂိဝမ္မာ ကြောင်တောင်တောင်ဖြစ်နေသည်။

စစ်သားက ပုပ္ပဝလီကို အတင်းဆွဲခေါ်သွားသည်။

စိတ်နှလုံး ထိခိုက်နာကျင်ဖွယ်ဖြင့် အဂ္ဂိဝမ္မာသည် ညှို့ရိပ်သာ ပြန်လာခဲ့သည်။ ဥယျာဉ်ထဲတွင် ဆိုင်းသံဗုံသံ ညံနေသည်။ မိန်းမတစ်သိုက်လည်း မမောနိုင် မဝန်းနိုင် ကနေကြသည်။ အဂ္ဂိဝမ္မာ မျက်စိဖွင့်ထားသည်။ သို့ရာတွင် ဘာကိုမျှ မမြင်တွေ့ရပေ။ နားကိုစွင့်ထားသည်။ သို့ရာတွင် ဘာကိုမှ မကြားရပေ။ အခြားကမ္ဘာတစ်ခု ရောက်နေသလိုဖြစ်နေသည်။



( ၁၈ )

နံနက် အရုဏ်မတက်တတက် အချိန်၌ပင် အဂ္ဂိဝမ္မာသည် ရွှေဆတ်ရန် ညှို့ရိပ်သာမှထွက်လာခဲ့သည်။ အမယ်အိုလည်း သူနှင့်အတူ ပါလာသည်။ အဂ္ဂိဝမ္မာသည် အမယ်အိုနှင့် အတူနေရ၊ အတူသွားရသည့် ကျင့်သားရနေပြီ၊ အမယ်အို တုန့်နှေးတုန့်နှေး သွားနေသည်ကို မည်သို့မျှ အပြစ်မမြင်တော့ပေ။ သူလည်း အမယ်အို ခြေလှမ်းသလို ခြေလှမ်းလှမ်းပြီး အမယ်အိုတို သူနှင့်တပါတည်း စောင့်ခေါ်သွားသည်။

အကယ်၍ ပုပ္ပဝလီနှင့်သာ မဆုံလျှင် အဂ္ဂိဝမ္မာသည် ထိုရွာ၌ အေးအေးဆေးဆေး နားနားနေနေ နေချင်နေဦးမည်၊ အဖိုးအို ဆရာကြီး အကြောင်းကိုလည်း အတိအကျသိရပြီဖြစ်၍ သူ့အနေဖြင့် အဖိုးအိုဆရာကြီးကို လိုက်လံရှာဖွေဖို့ မလိုတော့ပေ။

အဖိုးအိုကွယ်လွန်သွားပြီဆိုသည့်အကြောင်းကို သိရှိရသည်ဖြစ်၍ အဂ္ဂိဝမ္မာသည်အကြီးအကျယ် စိတ်ထိခိုက်သွားသည်။ သူ၏အိပ်မောကျနေသည့် အသိဉာဏ်ပညာနိုးကြားထကြွလာခြင်းမှာ ထိုပုဂ္ဂိုလ်ကြီး၏ လှုံ့ဆော်မှုအားပေးမှုကြောင့်သာဖြစ်သည်၊ ထိုပုဂ္ဂိုလ်ကြီးသည် ဘာသာရေးပုဂ္ဂိုလ်ကြီးဖြစ်သည်၊ သို့ရာတွင် အခြားပုဂ္ဂိုလ်များတွင် တွေ့ရတတ်သည့် ဘာသာရေးအယူသည်းမှုမျိုး ဖာတ်ခွဲခြားမှုမျိုး ထိုပုဂ္ဂိုလ်ကြီးတွင်မရှိပေ၊ စိတ်သဘောထားအလွန်မွန်မြတ်သည်၊ ကိုယ်ချင်းစာနာ ငဲ့ညှာထောက်ထားမှု ရှိသည်၊ သူတစ်ပါးကို မထေမဲ့လေးစားလုပ်လိုသည့်ဆန္ဒ အလျဉ်းမရှိပေ၊ ထို့ကြောင့် အဂ္ဂိဝမ္မာသည် ထိုပုဂ္ဂိုလ်ကြီးအား ဤမျှ လေးစားမြတ်နိုးမှု ထားနေခြင်းဖြစ်သည်၊

www.burmeseclassic.com

www.burmeseclassic.com



လမ်းခရိုးမှာ ဆိုးသည်ထက်ဆိုးလာသည်။ အမှောင်ကလည်း ဖယ်ရှားမသွားသေးပေ။ သို့ဖြစ်လင့်ကစား သွားကြလာကြသည့် ခရီးသွားများကို အတော်များများပင် တွေ့နေရသည်။ နွေဥတုကာလဖြစ်သည်။ ခရီးသွားများသည် နေမပြင်းခင် ခရီးစခန်းတစ်ခုရောက်အောင် နေမထွက်မီကပင် စတင်ခရီးထွက်ကြသည်။ နေပူနှင့်လေပူမမိအောင် ယင်းသို့ နေနံချိန်တွင် ခရီးပြင်း နှင်ကြခြင်းဖြစ်သည်။

ထိုနေရာမှ ရှေ့သို့သွားသည့်လမ်းမှာ ဖြောင့်ဖြောင့်တန်းတန်းမရှိပေ။ တောင်ကြားများမှ ဖြတ်သွားသည့်လမ်းများမှာ မြွေသွားသကဲ့သို့ တွန့်လိမ်ကောက်ကွေးနေသည်။ ပတ်ဝန်းကျင်တစ်ခွင်၌မူ တိတ်ဆိတ်ငြိမ်သက်နေသည်။ ရွာအပြင်ဘက်ရှိ ဥယျာဉ်အလွန်မှစပြီး တောတန်းငယ်လေးကို တွေ့ရသည်။ ထိုတောတန်း၌ နွားများကိုလည်း ကျောင်းထားကြသည်။ နွားများ၏ လည်ပင်းတွင် တပ်ထားသည့်ခြူများ၊ ခလောက်များမှ ထွက်ပေါ်နေသည့် အသံများမှာ ဘုရားကျောင်းတစ်ကျောင်းမှ ဝတ်ပြုနေချိန် ပေါ်ထွက်နေသည့် ခေါင်းလောင်းသံများလားဟု အောက်မေ့နေရသည်။

အဂ္ဂိဝမ္မာသည် ခြေလှမ်းမှန်မှန်လျှောက်နေသည်။ အနာဝဏ်ရာကလည်း နာတုန်း တိုက်တုန်းပင်။ ပတ်တီးကိုလည်း မဖြည်ရသေးပေ။ သို့ရာတွင် သူ၏မျက်နှာ အမူအရာ၌ ကြောင့်ကြမှု၊ ပူပန်မှု လျော့နည်းသွားသည်။ အမယ်အိုလည်း အဂ္ဂိဝမ္မာနှင့်အတူပင် တစ်လှမ်းချင်း တိတ်တဆိတ် လှမ်းနေသည်။ အမယ်အိုသည် ခရီးဆက်သွားချင်သည့်ဆန္ဒ ရှိပုံမပေါ်တော့ပေ။ သို့ရာတွင် မသွားဘဲနေ၍မဖြစ်ပေ။ မသွားချင်သွားချင်နှင့် သွားနေရသည်။ မလှမ်းချင် လှမ်းချင်နှင့် လှမ်းနေရသည်။

သူတို့နှစ်ဦးသည် ဥယျာဉ်အနီးမှဖြတ်ပြီး တောတန်းထဲသို့ ဝင်သွားကြသည်။ ထိုအခိုက် နံဘေးတောင်တုန်းတစ်ခုမှ မိန်းမပျိုတစ်ဦး ရုတ်တရက် ပေါ်လာပြီး သူတို့နှင့် လာပေါင်းသည်။ မိန်းမပျို၏မျက်နှာတွင် အဝတ်ဖုံး အုပ်ထားသည်။ ထိုနေ့ထိုရက်များက ထိုကဲ့သို့ ပုန်းလျှိုးကွယ်လျှိုး ခရီးသွားကြသည်မှာ အဆန်းမဟုတ်ပေ။ အလေ့အထတစ်ခုသဖွယ် ဖြစ်နေသည်။ များသောအားဖြင့် မည်သူကမှလည်း မည်သူ့အကြောင်းကို စပ်စပ်စုစု လုပ်လေ့မရှိကြပေ။

သူတို့သည် ရှေ့ခရီးဆက်ကြသည်။ အရှေ့တစ်ခွင်၌ ရောင်နီဖျိုးလာပြီ။ အမိုက်မှောင်လည်း တခြားရောက်သွားပြီ။ ကန့်လန့်ကာကြီးတစ်ခု ပွင့်သွားသည်နှင့် တူသေးတော့သည်။ ရွာနှင့် အတော်လှမ်းလှမ်း ရောက်လာ



ကြသည်။ အဂ္ဂိဝမ္မာသည် ခရီးသည်အသစ်ကို ဂရုတစိုက် ကြည့်လိုက်သည်။ ထိုခရီးသည်တား အခြားမဟုတ်၊ ပုပ္ဖဝလီဖြစ်နေသည်။

အဂ္ဂိဝမ္မာသည် ရှေ့ဆက် ခြေမလှမ်းတော့ဘဲ ရုတ်တရက် ရပ်လိုက်သည်။ ထို့နောက် အနီးရှိ ကျောက်တုံးတစ်ခုပေါ် သွားထိုင်လိုက်သည်။ ရှေ့ဆက်မသွားတော့ဟု ပိုင်းဖြတ်လိုက်သည်နှင့် တူသည်။ အဂ္ဂိဝမ္မာနှင့် အမယ်အို နှစ်ဦးလုံးပင် ပုပ္ဖဝလီကို မျက်တောင်မခတ် စိုက်ကြည့်နေကြသည်။ အတယ်၍ မိမိက စကားမဟသည့်တိုင် မိန်းမချင်းဖြစ်သည့် အမယ်အိုက ပုပ္ဖဝလီကို စကားမဆိုပဲ နေမည်မဟုတ် ဟူသည့်အချက်ကို အဂ္ဂိဝမ္မာမတွက်မိ။

"မင်း ခုချက်ချင်း ပြန်သွားပါ၊ တို့နဲ့ လိုက်လာတာ မင်းမရှက်ဘူးလား"

အဂ္ဂိဝမ္မာက ခပ်ထန်ထန် ခပ်မာမာပြောလိုက်သည်။

"မရှက်လို့ လိုက်လာတာပေါ့" ပုပ္ဖဝလီက ရယ်ပြီးပြောသည်။

"မင်းလိုမိန်းမမျိုး ဘယ်တော့မှ စိတ်မချရဘူး၊ တစ်နေ့တစ်ယောက် တွဲချင်တဲ့မိန်းမမျိုး၊ ဒီကနေ့ ကျုပ်နဲ့တွဲရင် နက်ဖြန်ကျတော့ နောက်တစ်ယောက်နဲ့ တွဲမယ်၊ သဘက်ခါကျတော့ ဒီပြင် စစ်သားတစ်ယောက်ကို ပုံအပ်မယ်"

"ရှင် ကျွန်မကိုသတ်ချင်လို့ ဒီစကားတွေကို ပြောနေတာလား၊" ရွာမြေလှန်ခံရတယ်၊ အမေ အသတ်ခံရတယ်၊ ခနဥယလဲ မရှိတော့ဘူး၊ ရှင့်အားကိုးဖို့ကလည်း ရှင်က ဘယ်ဆီရောက်နေတယ်မသိဘူး၊ ကျွန်မ ဘာလုပ်မလဲ၊ မိန်းကလေး ငယ်ငယ်ရွယ်ရွယ်နဲ့ အသက်ရှင်နေနိုင်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူး၊ မတတ်နိုင်ဘူး၊ မလုပ်ချင်တာတွေ လုပ်လာရတယ်၊ ရှင်ဟာ အခုလဲ အရင်ကလို ကပ်တီးကပ်ဖဲ့ လုပ်ချင်တုန်းပဲလား၊ နည်းနည်းလေးမှ စဉ်းစားဆင်ခြင် မကြည့်တော့ဘူးလား"

"ဘာစဉ်းစားဆင်ခြင် ကြည့်ရမှာလဲ"

"ကျွန်မ စစ်သားတွေနဲ့နေတာ ရှင်မကြိုက်ဘူး မဟုတ်လား၊ ကျွန်မ သူတို့ဆီက အခုထွက်ပြေးလာခဲ့တယ်၊ အဲဒါ ရှင်က ကျွန်မကို သူတို့ဆီ ပြန်ပို့မလို့လား"

"မင်း ကျုပ်ဆီ လာတာကိုလဲ ကျုပ်မကြိုက်ပါဘူး"

"မကြိုက်ဘူးလား"

အဂ္ဂိဝမ္မာ နှုတ်ပိတ်သွားသည်။ ပုပ္ဖဝလီ ဘာများလုပ်လိုက်မည်နည်းဟု တွေးတောစိုးရိမ်နေပုံရသည်။

"ရှင်မကြိုက်ပေမယ့် ကျွန်မကြိုက်တယ်"

ပုပ္ဖဝလီသည် တိုယ်ကို မတ်မတ်ထားပြီး ဆက်ပြောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ တပြိုင်တည်းမှာ ဘယ်နှစ်ယောက်နဲ့ပဲတွဲတွဲ၊ အဲဒါတွေဟာ အားလုံး သရုပ်ဆောင်တာချည်းပဲ၊ ဟန်ဆောင်တာချည်းပဲ။ ကျွန်မ တကယ်ကြိုက်တာ တကယ်ချစ်တာကတော့ ရှင်ပဲ၊ သိပလား"

"အဲဒါလဲ၊ သရုပ်ဆောင်တာ ဟန်ဆောင်တာ ဖြစ်မှာပဲ "

"ရှင့်တို့ ရှင်းပြရတာ သိပ်လက်ဝင်တာပဲ"

"ရှင်းပြမနေပါနဲ့ ပြန်မှာသာပြန်ပါ၊ မင်းကို လိုက်ရှာရင်းနဲ့ စစ်သားတွေ တို့နောက် လိုက်လာလိမ့်မယ် ၊ ပြီးတော့ တို့ကို ညှင်းပန်းနှိပ်စက်လိမ့်ဦးမယ်၊ တစ်ကြိမ်ခံခဲ့ရတာတောင် အနာဒဏ်ရာ မကျက်သေးဘူး၊ မင်းပြန်သွားရင် ကောင်းလိမ့်မယ်"

"ကိုယ့်ကိုယ်ကို ယောကျ်ားလို့ခေါ်ပြီး ဘေးဒုက္ခရောက်နေတဲ့ မိန်းတလေးတစ်ယောက်ကို အကူအညီမပေးနိုင်ဘူးလား၊ စစ်သားတွေကို ကြောက်တယ်ဟုတ်လား ၊ ကိစ္စမရှိဘူး၊ ကျွန်မသူတို့နဲ့ ရင်ဆိုင်ရဲတယ်"

"ဒီလိုဆိုရင် မင်းကျုပ်တို့နဲ့ ဘာဖြစ်လို့ လိုက်လာတာလဲ"

"လိုက်ချင်လို့ လိုက်လာတာပေါ့"

"လိုက်ချင်လို့ ဟုတ်လား၊ ဘယ်လို အကြံညာဏ်နဲ့ လိုက်လာတာမှန်းမှ မသိဘဲ "

"မကောင်းတဲ့ ဘယ်လိုအကြံညာဏ်မှ မရှိဘူး၊ ဟိုတစ်ခါတုန်းက မနေ့ညသ ရှင့်ကို မလိမ့်တစ်ပတ်လုပ်ဖို့ ကျွန်မကိုပါ ခေါ်သွားတယ်ဆိုတာ ကျွန်မ သိတိုမသိဘူး၊ တကယ်ပြောတာပါ၊ ယုံပါ"

"ဟုတ်လား" အဂ္ဂိဝမ္မာသည် တအံ့တသြ ငေးမောကြည့်နေသည်။

"ကျွန်မတစ်ယောက်တည်း မနေနိုင်သလို ရှင်လဲပဲ တစ်ယောက်တည်း မနေနိုင်ဘူး၊ ရှင်စိတ်မကောင်းဖြစ်နေရမယ်၊ ငိုနေရမယ်၊ ကျွန်မ ရှင့်အကြောင်းတို တောင်းတောင်းသိပါတယ်"

"သိရင် ပြန်သွားပါ"

"ပြန်သွားရမယ် ဟုတ်လား၊ တကယ်လို့ ရှင့်ကျောက်တုံးတွေနားမှာ ကျွန်မငိုရင် ရှင့်ကျောက်တုံးတွေတောင် အရည်ပျော်သွားနိုင်စရာရှိတယ်၊ ရှင့်တို ဘုရားသခင်က နှလုံးသားပေးထားတယ်၊ ရှင်ကိုယ်တိုင်လဲပဲ နှလုံးသားကို လုပ်တတ်တယ်၊ ရှင် နောင်တ ရနေလိမ့်မယ် သိလား"

ပုပ္ပဝလီသည် မျက်ရည် မထိန်းနိုင်တော့ပေ။ ငိုချလိုက်သည်၊ ထို့နောက် အဂ္ဂိဝမ္မာ ထိုင်နေသည့်နေရာ၌ လာထိုင်သည်။



ပုပ္ပဝလီလာထိုင်သည်နှင့် အဂ္ဂိဝမ္မာက ထသွားသည်။ ပုပ္ပဝလီတသည်း ချက်ချင်းထပြီး အတူလိုက်သွားသည်။ အမယ်အိုသည် အဖြစ်အပျက်တို အစအဆုံး တအံ့တသြ ငေးမောကြည့်ရှုနေသည်။

"ပြန်သွားလို့ ကျုပ်ဘယ်နှစ်ခါပြောနေရမလဲ"

"မပြန်ဘူး၊ ရှင်ပိုင်တဲ့လမ်း မဟုတ်ဘူး၊ ရှင်ပိုင်တယ်ဆိုရင် ကျွန်မလဲ ပိုင်တာပဲ"

ပုပ္ပဝလီသည် ခြေလှမ်းမှန်မှန် နင်းသွားသည်။ အခုပင် မျက်ရည်ဖြိုင်ဖြိုင် စီးကျနေသည့် သူ၏မျက်နှာသည် ချက်ချင်း ပြုံးချိုချိုဖြစ်လာသည်။ အမယ်အိုသည် ယင်း မီးစတစ်ဖက် ရေမှုတ်တစ်ဖက်ဇာတ်လမ်းကို သဘောမပေါက် ဖြစ်နေဟန်တူသည်။

"ဒါပေမယ့်" အဂ္ဂိဝမ္မာကစဉ်းစားနေသည်။

"'ဒါပေမယ့်. . . ဘာဖြစ်သလဲ၊ လိုက်ပါစေ သား၊ အမေ နားလည်ပါပြီ၊ ကိစ္စမရှိပါဘူး၊ ဒီလိုမိန်းတလေးမျိုးဆိုတာ သူ့ဟာဝါဟာရယ်လို့ မရှိပါဘူး၊ အခါခပ်သိမ်း စင်ကြယ်သန့်ပြန့်နေပါတယ်၊ သူ့ခများ သနားစရာ ဘယ်သွားရမှာလဲ"

အမယ်အိုကပြောလိုက်သည်၊ ပြောပြောဆိုဆို အမယ်အိုသည် ပုပ္ပဝလီကိုကြည့်ပြီး ပြုံးသည်။ မိမိ ယခုလိုပြောလိုက်သည့်ခဏ၌ ပုပ္ပဝလီသည် တစ်စုံတစ်ခု ပြန်ပြောလိမ့်မည်ဟု အမယ်အို မျှော်လင့်သည်။ သို့ရာတွင် ပုပ္ပဝလီသည် ခပ်မဆိတ်သာနေသည်၊ အဂ္ဂိဝမ္မာကလည်း စကားတစ်ခွန်းမှ ထပ်မပြောတော့ပေ၊ သုံးဦးသား ခရီးဆက်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



( ၁၉ )

အမယ်ဖိုသည် ဆက်တိုက် ခရီးမသွားနိုင်ပေ။ နားနားနေနေသွားနေရသည်။ မောသည့်အခါထိုင်ပြီးနားနေသည်။ ယင်းသို့ အမယ်ဖိုနားလိုက် သွားလိုက် လုပ်နေသည်ကို ပုပ္ဖဝလီက မကျေနပ်။ ခပ်မြန်မြန် ခပ်သုတ်သုတ် သွားပြီး ရှေ့ခရီး အတော်ပေါက်သွားဖို့ စိတ်စောနေသည်။ အပြင်ဘန်း၌မူ မမှုသလိုလို ဟန်ဆောင်နေသော်လည်း အတွင်းစိတ်၌မူ သူလည်း စစ်သားများကို ထိတ်လန့်ကြောက်ရွံ့နေသည်။ သို့ရာတွင် နှုတ်ကမူ မကျေနပ်ကြောင်းမည်သို့မျှ ဖွင့်မပြောပေ။ အကြောင်းမူကား အမယ်ဖိုထိုင်လျှင် အဂ္ဂိဝမ္မာကလည်း လိုက်ထိုင်နေသောကြောင့် ဖြစ်သည်။

"နားနားပြီးသွားရင် ပိုပြီးမောတယ်" ပုပ္ဖဝလီက စကားစလိုက်သည်။

"ဟုတ်ပါတယ်၊ လျှောက်နိုင်သွားနိုင်တဲ့ လူတွေအဖို့တော့ သမီးပြောသလို နားနားပြီးသွားရင် ပိုပြီးမောတယ်လို့ ထင်ရတယ်၊ ဒါပေမယ့် မလျှောက်နိုင် မသွားနိုင်တဲ့လူတွေအဖို့ရာတတော့ ဒီလိုပဲ နားလိုက်သွားလိုက်လုပ်ရတာပဲ၊ သမီးတို့အရွယ်တုန်းတတော့ အမေလဲ အခုလိုဘယ်ဟုတ်မလဲ၊ ခရီးဘယ်လောက်သွားသွား နားတယ်လို့ ဘယ်ရှိမလဲ၊ အခုတော့ အိုမင်းမစွမ်းဖြစ်နေပြီ။ ဇရာထောင်းလာတယ်ဆိုရင် ဘာတစ်ခုမှ အသုံးမကျတော့ဘူး။ ဝဝလင်လင် မစားရတာကလဲ ဘယ်နှစ်ရက်ရှိပြီလဲ"

အမယ်ဖိုသည် ပါးစပ်က ဟောဟဲ ဟောဟဲနှင့် ပြောပြနေသည်။ ပုပ္ဖဝလီလည်း မနေသာတော့ဘဲ အမယ်ဖိုထိုင်သလို ထိုင်လိုက်သည်။

အမယ်ဖိုက ဆက်ပြောနေသည်။

"သားတို့ သမီးတို့ သွားကြလေ၊ အမေ့ကိုငဲ့ပြီး ဘာဖြစ်လို့ အသက်အန္တရာယ်နဲ့နီးအောင် လုပ်နေကြတာလဲ၊ သွားပါသား၊ အမေ့ကို



ငဲ့မနေပါနဲ့၊ အမေ့ထိုက်နဲ့ အမေ့ကံ ထားခဲ့ပါ"

အဂ္ဂိဝမ္မာ ဘာမှ မပြောပေ။ ပုပ္ဖဝလီကသာ အမယ်ဖိုကို စပ်စုနေသည်။

"အမေ ထမင်းဝဝလင်လင်မစားရတာ အတော်ကြာပြီလား"

"ဟုတ်တယ်၊ ထမင်းဝေတ်တလှည့် ပြတ်တလှည့် ဖြစ်လာခဲ့တာကြာပြီ၊ ဒီသူငယ်က ဘယ်သူ့ဆီမှလဲ တောင်းတာရမ်းတာမဟုတ်ဘူး၊ သူကိုယ်တိုင်လဲ ရအောင် ရှာဖွေတာမဟုတ်ဘူး၊ ကဲ. . . ဒါဖြင့် လာကြ သွားကြမယ်၊ အမေလဲ သားတို့ သမီးတို့နဲ့ဘဲ အတူလိုက်ပါတော့မယ်၊ ဒီသူငယ် ဘာလူမျိုးဖြစ်ဖြစ် အရေးမကြီးပါဘူး၊ အမေက ပြာဟ္မဏလူမျိုး အမယ်ဖိုပါ၊ ယုတ်စွအဆုံး တောင်းနိုင်ရမ်းနိုင်တဲ့ အခွင့်အရေးတော့ ရှိပါသေးတယ် "

"အမေက ပြာဟ္မဏ လူမျိုးလား"

အဂ္ဂိဝမ္မာသည် အံ့ဩသည့် အမူအရာဖြင့် မေးလိုက်သည်။

အမယ်ဖို ရှေ့နှစ်လှမ်းသုံးလှမ်းလောက်လည်း ကျော်သွားသည်။

"ဟုတ်တယ်လေ၊ သားက ဘာဖြစ်လို့ အံ့ဩနေရတာလဲ၊ သာတဝါဟနမင်းဆက်ဘုရင်တွေ့ရဲ့ လက်ထက်မှာတုန်းကဆိုရင် မိန်းမတွေရဲ့ အမျိုးဇာတ်ကိုပဲ မေးလားမြန်းလား လုပ်ကြတယ်၊ အခုလဲ ဒီလိုပါပဲ "

" အဲဒါ လိမ္မာပါးနပ်တဲ့လူတွေ လုပ်တဲ့အလုပ်ပေါ့၊ သားသမီးရဲ့ အမျိုးဇာတ်ဟာ မိခင်ရဲ့ အမျိုးဇာတ်သာဖြစ်သင့်တယ်၊ ဖခင်နဲ့ ပတ်သက်လို့ကတော့"

ပုပ္ဖဝလီ စကားမဆုံးခင်မှာပင် အမယ်ဖိုက ပြောလိုက်သည်။

"သမီး ဒါလောက်အရှုတ်နည်းတာကတော့ မသင့်လျော်ပါဘူး"

အဂ္ဂိဝမ္မာကမူ အမယ်ဖို ပြာဟ္မဏ အမျိုးဇာတ်ဖြစ်သည်ဆိုသည်ကို အံ့ဩမဆုံးဖြစ်နေတုန်းပင်။ "အမယ်ဖိုဟာ တကယ့် ပြာဟ္မဏ လူမျိုးဟုတ်ရဲ့လား " ယင်းသို့ပင် စိတ်ထဲတွင် ဝေခွဲမရဖြစ်နေသည်။

" အမေ ပြာဟ္မဏလူမျိုး ဟုတ်တယ်နော် "

အဂ္ဂိဝမ္မာသည် သူ၏သံသယနှင့် ဥဿာဟကို ဖိနှိပ်မျိုသိပ်မထားနိုင်ပေ။

" ဟုတ်တယ်သား၊ အမေပြာဟ္မဏ လူမျိုးအစစ်ပါ၊ သားမယုံဘူးလားပြာဟ္မဏမှ တကယ့်တကယ်မြင့်မြတ်တဲ့ ပြာဟ္မဏမျိုးနွယ်ထဲက၊ အဲဒါသွားလိုက်ပါတော့၊ အတိတ်ကအကြောင်းအရာတွေပါ၊ တစ်ချိန်သန်းသရွှေထီးဆောင်းခဲ့တာတွေကို ပြန်ပြီး စားမြုံ့ပြန်နေလို့ကော ဘာအကျိုး[illegible] အခုအချိန်မှာတော့ အမေ့အခြေအနေဟာ ရွှေနေတဲ့ တော[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဆိုးနေသေးတယ် ”

“ အဲ့ဒီလို ပြည်ဖုံးကားချမပစ်ပါနဲ့ဦးလေ ”

အဂ္ဂိဝမ္မာသည် မကျေနပ်သေးပေ။ ဆက်လက်စုံစမ်းနေပြန်သည်။ သိလိုကြားလိုသည့် ဆန္ဒတိုးတက်လာသည်။ စကားပြောရင်း လမ်းလျှောက် လမ်းလျှောက်ရင်းစကားပြောနေသည်။ “ အမေ့အကြောင်းပြောပြပါဦး”

အဂ္ဂိဝမ္မာက အမယ်အိုအား “အမေ အမေ” ဟူ၍ခေါ်ပြီးပြော သည်။

အမယ်အိုက သူ့ကိုအမေဟုခေါ်သည့်အတွက် ကြက်သီးထခမန်း ဝမ်းပန်းတသာ ဖြစ်မိသည်။

“သား အမေ့ကို အမေလို့ ခေါ်တဲ့ အသံမျိုး အမေမကြားရတာ ခေတ်တစ်ခေတ်လောက် ကြာသွားပြီလို့ ထင်တယ်။ တစ်ချိန်တုန်းကတော့ အမေ့မှာလဲ သားတွေသမီးတွေရှိတယ်။ လင်သားလဲရှိတယ်၊ အိမ်ယာလဲရှိတယ်။ ပစ္စည်းဥစ္စာ လယ်ယာဘာမဆိုအကုန်ရှိတယ်။ အခုတော့ အမေ့မှာ ဘာတစ်ခုမှ မကျန်တော့ဘူး။ တစ်ကောင်ကြွက်လုံးလုံးဖြစ်နေပြီ။ ဘယ်လောက် အံ့သြစရာ ကောင်းတဲ့ ကံကြမ္မာလဲလို့”

“အဲဒီလိုဖြစ်သွားရတာ ဘယ်လိုအကြောင်းကြောင့်လဲ အမေ” အဂ္ဂိဝမ္မာက မေးလိုက်ပြန်သည်။

“နားထောင်သား၊ ဘယ်ဟာကိုမဆို လုပ်လိုကလုပ်နိုင်ပါတယ်။ ဒါပေမယ့် သစ္စာဖောက်ကဲ့အလုပ်ကိုတော့ ဘယ်တော့မှ လုပ်မယ်မကြံနဲ့သား ဘယ်လိုအပြစ်မျိုးဖြစ်ဖြစ်၊ အာပတ်ဖြေလိုက်ရင် ပြေပျောက်သွားနိုင်တယ်။ ဒါပေမယ့် သစ္စာဖောက်တဲ့ အပြစ်ကတော့ ဘယ်တော့မှ ဖြေလို့မရဘူး။ အမေ့ရဲ့ယောကျ်ားဟာ သာတဝါဟနမင်းဆက် ဘုရင့်နန်းတော်မှာ သူကောင်း မြှောက်ရတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်တယ်။

“ဘုရင်မင်းကြီးက သူ့ကို အတော်လေးစားတယ်၊ ဘယ်ကိစ္စမျိုးမှာ မဆို သူ့အကြံဉာဏ်ကိုမယူဘဲ လုပ်လေ့မရှိဘူး။ အဲဒီတုန်းက သာတဝါဟန မင်းဆက် ဘုရင်တွေရဲ့ နေပြည်တော်က အခု သားတို့လာခဲ့တဲ့ ပတိဋ္ဌာနမြို့ ပေါ့၊ အမေတို့ခေတ်တုန်းကတော့ မပြောပါနဲ့တော့၊ စည်းစိမ်ဂုဏ်သိန် ဘာမှ လိုလေသေးမရှိဘူး။ အဲဒီအချိန်က မြောက်ပိုင်းမှာ သာတဝါဟနမင်းဆက် ဘုရင်ကို ဆန့်ကျင်တိုက်ခိုက်ဖို့ဆိုပြီး အင်အားစုနေကြတယ်။ ရုဒ္ဒဒမန ဘုရင်က လဲပဲ အဲဒီလူတွေနဲ့ သွားပေါင်းတယ်”

အဂ္ဂိဝမ္မာသည် မျက်လွှာအောက်ချပြီး အမယ်အိုပြောသည့် စကားကို



နားစိုက်ထောင်နေသည်။ အမယ်အို၏အသံ၌ လေးနက်မှုရှိနေသည်။

“မင်းခစားဆိုတာ တမ်းနားသစ်ပင်ဆိုမဟုတ်လား၊ ဘုရင်တွေရဲ့ စိတ်နေစိတ်ထားကိုလည်း သားတို့အသိပဲ၊ ခုစာတလေးကြော်၊ ခုဆီထမင်း၊ အပြောင်းအလဲက အင်မတန်မြန်တယ်။ သဘောတော်ကျတယ်ဆိုရင် ခုချက် ချင်းပဲ၊ အမျက်တော်ရှရင်လဲ သိပ်ဆိုင်းနေတာမဟုတ်ဘူး။ တစ်နေ့ကျတော့ ဘုရင်က အမေ့ခင်ပွန်းအပေါ် ဘာအမျက်ထားတယ်မသိဘူး၊ အမေ့ခင်ပွန်းနဲ့ ပြိုင်ဘက်ပုဂ္ဂိုလ်တစ်ဦးကို အမေ့ခင်ပွန်းရဲ့ရာထူးထက် သာတဲ့ရာထူး ပေးလိုက်တယ်။ အဲဒါ အမေ့ခင်ပွန်းက တော်တော်ပဲနာကျည်းသွားတယ်။ အမေ အတန်တန်တားပါရဲ့၊ ဘုရားပေးတာလောက်နဲ့ပဲ ကျေနပ်ပါ၊ ထံပေးသမျှနဲ့ပဲ တင်းတိမ်ပါလို့ အမေနားချပါသေးတယ်။ ဒါပေမယ့် သူ နားမ ထောင်ဘူး၊ သူနဲ့ပြိုင်ဘက်ပုဂ္ဂိုလ်ကို မကောင်းကြံဖို့အတွက် ဘုရင် မျက်စီးရာ ဖျက်စီးကြောင်းကို လုပ်တော့တယ်။ ဒီပြင်ဟာတော့ လုပ်တာမဟုတ်ဘူး၊ ဆန့်ကျင်ဘက်ရန်သူကို နန်းတွင်းက လျှို့ဝှက်ချက်တွေ ပြောပြလိုက်တယ်၊ အဲဒီတော့ ရန်သူရဲ့အင်အားဟာ တောင့်တင်းသွားတာပေါ့၊ ရန်သူဘက်က အင်အားကောင်းလာတဲ့အခါကျတော့ သာတဝါဟန မင်းဆက်ဘုရင်ဟာ ရန်သူကို ခုခံတိုက်ခိုက်နိုင်တဲ့အခြေအနေ မရှိတော့ဘူး၊ နေပြည်တော် ပတိ ဋ္ဌာနကိုစွန့်ပစ်ပြီး အရှေ့ဘက်ထွက်ပြေးရတယ်၊ အခု အမေတို့လာတဲ့ လမ်းကပဲ ပြေးမှာပဲ ”

“ ရှေ့ ဘယ်လိုဆက်ဖြစ်သေးလဲ ”

“ ရက် သိပ်မကြာလိုက်ပါဘူး၊ ရုဒ္ဒဒမနဟာ ပတိဋ္ဌာနမြို့ကို ဝင်လာ တော့တာပါဘဲ၊ ဒါပေမယ့် ရုဒ္ဒဒမနဟာ ပတိဋ္ဌာနမြို့မှာ ကြာကြာမနေဘူး၊ ရှေ့ဆက်ပြီး ချီတက်သွားတယ်၊ အမေ့ခင်ပွန်းက ရုဒ္ဒဒမနဘုရင်က သူ့ကို မြှောက်စားလိမ့်မယ်လို့ မျှော်လင့်ထားတယ်၊ ဒါပေမယ့် ရုဒ္ဒဒမနဘုရင်က သူ့ကို သေဒဏ်ပေးလိုက်တယ်၊ ကိုယ့်ကျေးဇူးခံ ကျေးဇူးစားဖြစ်တဲ့ အရှင်သခင်ကို တောင်မှ အခုလို သစ္စာဖောက်တယ်ဆိုရင် တခြားလူကိုလဲ သစ္စာမဖောက်ဘဲ နေမှာမဟုတ်ဘူးလို့ ရုဒ္ဒဒမနဘုရင်က တွက်ပုံရတယ်၊ အမေတို့ရဲ့ စည်းစိမ်ဥစ္စာ လယ်ယာတွေကို အကုန်လုံးသိမ်းယူတယ်၊ အမေတို့ သူတောင်းစားဘဝ ရောက်တော့တာပါပဲ၊ သားသမီးတွေတော့ ကျန်ပါတယ်၊ သားသမီးတွေရဲ့ ...စာနဲ့ အမေ အသက်ရှင်နေခဲ့ရတယ်၊ နောက်ပိုင်းကျတော့ သားသမီး တွေလဲ တစ်ယောက်မကျန် အသက်ခံကြရတယ်၊ အခုတော့ အမေတစ်ယောက်ထဲ ကျန်နေခဲ့တယ်၊ အမေဘာဖြစ်လို့ ကျန်နေရတယ်မသိဘူး ...

www.burmeseclassic.com

www.burmeseclassic.com



ခါးစည်းခံရဖို့အတွက် အသက်မသေဘဲ ကျန်နေရတာနဲ့ တူတယ် ”

အမယ်အိုသည် ပြောပြောဆိုဆို ငိုလေတော့သည်။ ထို့နောက် လျှောက်နေရာမှ တစ်ဖန် ထိုင်လိုက်ပြန်သည်။ အဂ္ဂိဝမ္မာနှင့် ပုပ္ဖဝလီတို့လည်း ထိုင်လိုက်ကြသည်။ သုံးဦးလုံး တိတ်နေကြသည်။ အဂ္ဂိဝမ္မာသည် အမယ်အိုအား အားပေးစကားပင် မပြောနိုင်အောင်ဖြစ်နေသည်။

ရွာနှင့် အလှမ်းဝေးသွားလေလေ လမ်းခရီး၌ လူသူအသွားအလာ ပြတ်လေလေဖြစ်သည်။ စစ်သားများ၏ ရန်ကိုကြောက်ရွံ့သောကြောင့် ပြည်သူပြည်သားများသည် ခရီးအသွားအလာ ကျဲနေခြင်းဖြစ်ဟန်တူသည်။

“ တဲ . . . ဒီမှာ စိတ်အေးလက်အေးထိုင်နေလို့ ဘာမှအကျိုးမရှိဘူး၊ ရှေ့အဝေးကြီးသွားရဦးမယ်၊ အခုအမေပြောတဲ့ သာတဝါဟန မင်းဆက်ဘုရင် မရှိတော့ဘူး။ အခုရှိတဲ့ သာတဝါဟနမင်းဆက်ဘုရင်ကို အမေတို့ရဲ့အဖြစ် ပြေရာပြေကြောင်း တောင်းပန်လိုတဲ့ ရည်ရွယ်ချက်ရှိနေတယ်၊ အဲဒီလို တောင်းပန်ပြီးတဲ့နောက်တော့ အမေ့ကို ဒီကမ္ဘာလောကထဲက ခေါ်သွားပါတော့လို့ ဘုရားသခင်ကို တိုးလျှိုးတောင်းပန်ရလိမ့်မယ်၊ ကဲထ. . . သား၊ သွားမယ် ”

အမယ်အိုသည် ထိုင်နေရာမှ ထပြီး ဆက်လျှောက်သည်၊ အဂ္ဂိဝမ္မာသည် မထသေးဘဲ ငေးတေးတေး ငိုင်တိုင်တိုင် ဖြစ်နေသည်။

“ ထလေ သား၊ ရှေ့မှာ ရွာတစ်ရွာရောက်ဖို့ သိပ်မဝေးတော့ဘူး ဒီတောင်ကိုကျော်သွားရင် ရှေ့မှာတောင်ကြား တစ်ခုရှိတယ်၊ အဲဒီတောင်ကြားမှာ ဗြာဟ္မဏရွာတစ်ရွာရှိတယ်၊ အဲဒီရွာရောက်မှ နားကြမယ်၊ နေလဲပြင်းလာတော့မယ် ”

အမယ်အိုက ပြောလိုက်သည်၊

“ ဗိုက်လဲအတော်ဆာလာပြီ ” ပုပ္ဖဝလီက ညည်းလိုက်သည်။

“ ဒီသူငယ်တတော့ တောင်းမှာရမ်းမှာ မဟုတ်ဘူး၊ တောင်းတတ်ရမ်းတတ်မှာလဲ မဟုတ်ဘူး၊ လာကြဝါ၊ အမေကျွေးပါ့မယ်၊ သားတို့ သမီးတို့ကို ကျွေးဖို့ အမေ့တာဝန်ဖြစ်လာပါပြီ ”

အမယ်အိုက စိတ်ပါလက်ပါ ပြောပြနေသည်။ ပုပ္ဖဝလီက အမယ်အိုကို လှမ်းကြည့်နေသည်၊

“ ကျွန်မဆီမှာ ငွေစနည်းနည်းရှိပါတယ် ” ပုပ္ဖဝလီက ပြောလိုက်သည်၊

အမယ်အို၏ မိခင်မေတ္တာကို တွေ့မြင်ရသည့်အခါ အဂ္ဂိဝမ္မာ၏ မျက်လုံး၌ မျက်ရည်စို့လာသည်၊ အဂ္ဂိဝမ္မာသည် သူ၏ဘဝတစ်လျှောက်၌



ရည်သည့်အခါကမှ ချစ်မေတ္တာကို ခံယူရရှိခြင်း မရှိခဲ့ပေ၊ အကယ်၍ ခံယူရရှိသည်ဟုဆိုလျှင်လည်း တံလျှပ်ကဲ့သို့သော ချစ်မေတ္တာမျိုးကိုသာလျှင် ခံယူရရှိခဲ့ခြင်းဖြစ်ပေလိမ့်မည်၊ ယခု အမယ်အိုထားသည့် မေတ္တာမျိုးနှင့်မူ၊ မိခင်မေတ္တာမျိုးနှင့်မူ အဂ္ဂိဝမ္မာသည် အစဉ်ထာဝရ ကင်းကွာခဲ့သည်၊

“ အလို ငိုနေတယ်လား၊ သားကလဲ တယ်ခက်ပါလား၊ ကံကြမ္မာရဲ့ သက်ရာကို ဘယ်သူဖျက်ပစ်လို့ရပါ့မလဲ၊ အမေခံသလို တခြားသူတွေ မခံရဘူးလို့ မပြောနိုင်ဘူး၊ အမေ့ဒုက္ခမျိုးကို တခြားလူတွေလဲ ခံချင်ခံရတာပဲ၊ ဒါပေမယ့် ဘယ်သူတစ်ဦး တစ်ယောက်မှ ဒီလိုဒုက္ခမျိုးကို မခံရပါစေနဲ့လို့တော့ ဘုရားသခင်ကို ဆုတောင်းချင်တယ် ”

အမေအိုသည် စကားကို ဆက်ပြောနေသည်၊ အဂ္ဂိဝမ္မာ ဘာကြောင့် ငိုနေသည်ဆိုသည်ကို သူမသိပေ၊ အဂ္ဂိဝမ္မာသည် အမယ်အို၏ နှလုံးသားဖြည့်ဝမှုကြောင့် ပီတိလှိုင်း လုံးထနေခြင်းသာဖြစ်သည်၊ မျက်နှာပြင်တွင် ချက်ရည်စီးကျနေသည်၊ သို့ရာတွင် ယင်းမျက်ရည်များကို သုတ်မပစ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



( ၂၀ )

မြစ်ငယ်တစ်စင်းဖြစ်သည်။ မြစ်ကမ်းဘေး၌ရွာတည်ထားသည်။ ရွာအလွန်၌ တောင်ရှိသည်။ မြစ် ဤမှာဘက်ကမ်း၌လည်း တောင်တန်းတစ်ခုရှိသည်။ တောင်ပေါ်၌ ပျက်စီးယိုယွင်းနေသည့် ခံတပ်တစ်ခုရှိသည်။ မြစ်တွင် တံတားထိုးထားသည်။ သို့ရာတွင် ယင်းတံတားကို ယခုအခါတွင် အသုံးမပြုတော့ပေ။ ရွာကားဇရာမရွာကြီးဖြစ်သည်။ သို့ရာတွင်ရွာနေလူထုမှာ အလွန်တရာမှ အရေအတွက်နည်းပါးသည်။ စည်စည်ကားကားလည်း မရှိတော့ပေ။ ရွာပျက်ကြီးတစ်ခုသဖွယ်ဖြစ်နေသည်။

ဤရွာ၌လည်း ဧည့်ရိပ်သာကြီးတစ်ခု ရှိသည်။ သို့ရာတွင် ဧည့်သည် အာဂန္တုဟူ၍ တစ်ဦးတစ်ယောက်မှ မရှိပေ။ အခန်းသုံးလေးခန်း၌ ကျွဲနွားများကို ချည်ထားသည်၊ အုတ်တံတိုင်းများမှာလည်း ပြိုကျနေကြပြီ၊ ဧည့်ရိပ်သာ၏ ဘေး၌ သစ်ဝင်လေးငါးပင် ပေါက်နေသည်။ သစ်ပင်များမှာလည်း စိမ်းစိမ်းလန်းလန်းမရှိပေ၊ ခပ်ခြောက်ခြောက်ပင်ဖြစ်သည်၊ သစ်ပင်များအပေါ်၌ ငှက်များ အသိုက်လုပ်ထားကြသည်၊ အုတ်သမံတလင်းများမှာလည်း ပဲ့ရွဲ့ပျက်စီးနေကြတုန်ပြီ၊ နံရံများမှာမူ တစ်ဖက်သို့ ယိမ်းယိုင်ပြိုကျနေကြပြီ၊ ရွာပျက်တစ်ခု၏ ဧည့်ရိပ်သာပျက်ကြီးတစ်ခုပင် ဖြစ်သည်။

အမယ်အိုသည် ထိုရွာကို ရောက်ဖူးသည်၊ အမယ်အိုကပြောပြသည်၊ သာတဝါဟနမင်းဆက်ဘုရင်များ လက်ထက်တုန်းက ဤရွာသည် အလွန်တရာ စည်ကားသော ရွာတစ်ရွာဖြစ်သည်၊ လုပ်ငန်း ကိုင်ငန်းလည်း ကောင်းသည်၊ ဤရွာ၌ စစ်တပ်လည်း ချထားသည်၊ သာတဝါဟန မင်းဆက် ဘုရင်၏ခေတ် မှေးမှိန်ကျဆုံးသွားသည့်အခါ ဤရွာလည်း ဘုရင့်ကံကြမ္မာ၏ သားကောင်ဖြစ်ရရှာသည်၊ ရွာသူရွာသားများသည် နာသိကမြို့သို့ ထွက်ပြေးကြ



သူများက ထွက်ပြေးကြသည်၊ ဥဇ္ဇေနီသို့သွားပြီး အခြေစိုက်သူများက အခြေစိုက်ကြသည်၊

အဂ္ဂိဝမ္မာနှင့် ပုပ္ဖဝလီကို ဧည့်ရိပ်သာတွင် ထားခဲ့ပြီးလျှင် တောင်ဝှေးထောက်ကာ ထောက်ကာနှင့် အမယ်အိုသည် ရွာထဲ ထမင်းဟင်း အတောင်းထွက်သွားသည်၊ ယင်းကဲ့သို့ အမယ်အို ထမင်းဟင်း အတောင်းသွားသည်ကို အဂ္ဂိဝမ္မာကမကြိုက်ပေ၊ အမယ်အိုသည် ဤနေရာ ဤဒေသသို့ ရောက်အောင် ဝင် ခဲခဲယဉ်းယဉ်း လာခဲ့ရသူဖြစ်သည်၊ ဤနေရာသို့ ရောက်ပြန်တော့လည်း နားနားနေနေ မနေရသေးဘဲ ရွာရိုးလျှောက်ပြီး ထမင်းဟင်း တောင်းရရှာပြန်သည်၊ အမယ်အိုသည် 'ဘိက္ခံဒေဟိ. ဘိက္ခံဒေဟိ' (ထမင်းလေးဟင်းလေး စွန့်ကြကြပါ) ဟုအော်ပြောရင်း ရွာထဲလျှောက်ပြီး ထမင်းဟင်း အလှူခံသည်၊ ရွာသူရွာသားများက ထမင်းတစ်ဆုပ်ရေတစ်မှုတ် ပေးကြသည်၊

အဂ္ဂိဝမ္မာနှင့် ပုပ္ဖဝလီတို့သည် ဧည့်ရိပ်သာထဲတွင် နှစ်ယောက်တည်း ကျန်ခဲ့ကြသည်၊ လွယ်လင့်တကူ တက်ကြွလှုပ်ရှားလာသည့် ပျိုရွယ်မှု၏ အရှိန်အဟုန်ကြောင့် အဂ္ဂိဝမ္မာသည် အားလုံးကို မေ့မေ့ပျောက်ပျောက်ထားလိုက်ပြီး ပုပ္ဖဝလီအား စကားစပြောရန် မကြာခဏ ကြိုးစားကြည့်သေးသည်၊ သို့ရာတွင် နှုတ်ကမထွက်ပေ၊ ပုပ္ဖဝလီကလည်း အဂ္ဂိဝမ္မာအား နည်းအမျိုးမျိုးဖြင့် စကားမပြောပြောအောင် လှုံ့ဆော်နေသည်၊

"အခုလို အခြေအနေ ရောက်လာတာတောင်မှ ဘာဖြစ်လို့ စကားမပြောရသေးတာလဲ" ပုပ္ဖဝလီက ဆွပေးပြန်သည်၊

အဂ္ဂိဝမ္မာသည် လမ်းမဘက် ငေးကြည့်နေသည်၊

"အခုအခြေရောက်မှတော့ နှင်ထုတ်လဲမသွားဘူး" ပုပ္ဖဝလီက ထပ်တွန့်လိုက်ပြန်သည်၊

"မင်းကို ဘယ်လိုလုပ် စိတ်ချလို့ ဖြစ်ပါ့မလဲ၊ ဒီနေ့ ကျုပ်နဲ့၊ နက်ဖြန်ကျတော့ နောက်တစ်ယောက်နဲ့"

"လူတွေအများကြီးနဲ့ အတူနေခဲ့ရလို့ ငြီးငွေ့လှပြီ၊ ဒါကြောင့်မို့ တစ်ယောက်တည်းနဲ့ပဲ အတူနေတော့မယ်"

"ဘယ်လိုလုပ် ယုံကြည်ရမှာလဲ"

"မယုံကြည်လဲ မတတ်နိုင်ဘူး၊ ကျွန်မကတော့ ရှင့်ကို [illegible] တောက်ထောင်မပြနိုင်ဘူး၊ မိန်းမတစ်ယောက်ဟာ ကိုယ်ကြိုက်တဲ့[illegible] ရတဲ့အချိန်ကာလအထိသာ မကောင်းမှုကို ကျူးလွန်တယ်ဆို[illegible] တော့ ရှင်စဉ်းစားကြည့်စေချင်တယ်၊ ကျွန်မလို မိန်းမမျိုး[illegible]

www.burmeseclassic.com

www.burmeseclassic.com



ပြောပြနေတာပါ၊ တကယ်လို့ ရှင်ကကျွန်မတို လက်မခံတဲ့အတွက် ကျွန်မပိုပြီး ပျက်စီးသွားမယ်ဆိုရင် မှင့်တာဝန်သာဖြစ်တယ်၊ အဲဒီလို ဖြစ်တာမျိုးကို ရှင်သဘောကျသလား "

အဂ္ဂိဝမ္မာသည် စကားပြန်မပြောဘဲ လေးလေးနက်နက် စဉ်းစားနေသည်၊

" ဒီနေရာဟာ ကျွန်မတို့ရပ်ရွာလဲ မဟုတ်ဘူး၊ ထောက်ထားရမယ့် လူကြီးသူမများလဲမရှိဘူး၊ စောင့်စည်းရမယ့် လောကဝတ်ဆိုတာတွေကို ဂရုစိုက်ရမယ့် နေရာမျိုးလဲမဟုတ်ဘူး၊ ဒီမှာ ဘာမှ ထိန်းချုပ်နေစရာမလိုဘဲ စိတ်ထဲရှိတဲ့အတိုင်း လွတ်လွတ်လပ်လပ် ပြောနိုင်တယ်၊ ဆက်ဆံနိုင်တယ်လို့ ကျွန်မထင်တယ်၊ ကျွန်မတော့ အဲ့ဒီအတိုင်းဆုံးဖြတ်ချက်ချထားတယ် "

" ဘယ်လိုပဲဆုံးဖြတ် ဆုံးဖြတ် မင်းဟာ လေတိုက်ရာ ယိမ်းတဲ့ ပြောင်းတဲ့ မိန်းမဖြစ်တယ်၊ မျောနေတဲ့ သစ်တုံးဟာ မျောနေဖို့လောက်ပဲ သိတယ်၊ လမ်းထွင်ဖို့ လမ်းဖောက်ဖို့ သိတာမဟုတ်ဘူး "

" ကျွန်မ မျောနေတဲ့ သစ်တုံးမဟုတ်ဘူး "

ပုပ္ဖဝလီက ရယ်လိုက်သည်၊ ထို့နောက် အဂ္ဂိဝမ္မာကို လှမ်းဖက်လိုက်သည်၊ အဂ္ဂိဝမ္မာ၏ပါးကို လက်ချောင်းကလေးများဖြင့် မထိတထိရိုက်နေသည်၊ အဂ္ဂိဝမ္မာသည် သူ့ပါးကို ပွတ်ကြည့်နေသည်၊ ပုပ္ဖဝလီက မတ်တပ်ရပ်လိုက်ပြီး ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်၊

အဂ္ဂိဝမ္မာ တဂ်ထစ်လျှော့သွားသည်၊ မျက်နှာတွင် ပြုံးယောင်ယောင်ဖြစ်လာသည်၊ လူသူဆိတ်သည့်နေရာ၌ နှစ်ယောက်တည်းလည်း ရှိနေသည်၊ အာသဝေါတုန်ခန်းသည့် ရဟန္တာလည်း မဟုတ်ပေ၊ လေလွင့်ပျက်စီးနေသည့် လုလင်တစ်ယောက်သည် ကြံရာမရဖြစ်ပြီး တော်၏မတော်၏ဟု မချင့်ချိန် မစဉ်းစားတော့ဘဲ မိန်းမပျိုတ်အိမ်ရောက်သွားသည်၊ အဂ္ဂိဝမ္မာလည်း ထိုနည်းအတိုင်းဖြစ်သွားသည်၊

အဂ္ဂိဝမ္မာသည် လဲလျောင်းနေရင်းက အိပ်ပျော်သွားသည်၊ ပုပ္ဖဝလီသည် အဂ္ဂိဝမ္မာ၏ အင်္ကျီစုတ်များကို အထုပ်ထဲမှထုတ်ပြီး ချုပ်သည်၊ ချုပ်ပြီးသောအခါ မြစ်ဆိပ်သွားပြီး ရေချိုးသည်၊ မိမိအဝတ်အစားများကိုလည်း လျှော်ဖွတ်သည်၊ အဂ္ဂိဝမ္မာ၏ အဝတ်အစားများကိုလည်း လျှော်ဖွပ်ပေးသည်၊ ပုပ္ဖဝလီသည် ဆိုင်းမဆင့်ဗုံမဆင့် အိမ်ထောင်ရှင်မကြီးတစ်ဦး ဖြစ်သွားလေပြီ၊

အမယ်အို ပြန်လာသည့်အချိန်၌ အဂ္ဂိဝမ္မာသည် အိပ်မောကျပြီး ဟောက်နေသည်၊ ဆာကလည်းဆာ ပန်းကလည်းပန်း၊ ပြီးတော့. . . အမယ်



အိုက ချစ်ခင်ကြင်နာစွာဖြင့် အဂ္ဂိဝမ္မာကို နှိုးသည်၊ ထို့နောက် သူ တောင်းလို့ ရမ်းလို့ ရလာသည့် ထမင်းဟင်းများကိုကျွေးသည်၊

" အမေ အခုလို ရွာရိုးလျှောက်ပြီး လှည့်လည်သွားလာနေရင်တော့ အမေ့ကို ရုဒ္ဒဒမနဘုရင်ရဲ့ စစ်သားတွေ၊ မင်းချင်းယောကျ်ားတွေ သိကုန်ကြတော့မှာပဲ၊ ပြီးတော့ ဘာတွေဖြစ်လာမယ်ဆိုတာ မပြောနိုင်ဘူး "

အဂ္ဂိဝမ္မာက မျက်နှာ မသာမယာဖြင့် ပြောလိုက်သည်၊

" အမေ့ကို ဒီလိုအသွင်အပြင်နဲ့ ဘုရားသခင်တောင် မှတ်မိမှာမဟုတ်ဘူး၊ ဒီကောင်တွေ သိဖို့တော့ ဝေးပါသေးရဲ့ "

" တကယ်လို့ အမေ့ကို ဥဇ္ဇေနီကသွားတဲ့ ခရီးသည်မှန်းသိသွားရင်"

" ဥဇ္ဇေနီကကိုသွားတာလဲ အပြစ်ကြီးတစ်ခုလား "

" ဘာပဲဖြစ်ဖြစ် အခု စစ်ဖြစ်နေတယ်၊ ပိတ်ပင်ထားမြစ်မှုလုပ်မှာတော့ သေချာတယ်၊ ကျွန်တော်တို့ဟာ အခု ရုဒ္ဒဒမန ဘုရင့်ပိုက်နက် နယ်မြေမှာပဲ ရှိသေးတယ်၊ ဒီကနေ ဥဇ္ဇေနီမြို့ ဘယ်လောက် ဝေးသေးသလဲအမေ "

" အမေ တစ်ခေါက်မှ မရောက်ဖူးဘူး၊ အနည်းဆုံး တစ်လ ကိုးသီတင်းလောက်တော့ သွားရလိမ့်ဦးမယ်ထင်တယ်၊ ဟိုရောက်အောင်သွားဖို့ သိပ်မလွယ်ဘူး၊ ဒါပေမယ့် သွားပါများရင် ခရီးရောက်ပါလိမ့်မယ်၊ အခုပဲ ကျော်ဖြတ်ခဲ့ရတဲ့ မလွယ်လှတဲ့ လမ်းပန်းတွေကို ဘယ်လောက်ကျော်ဖြတ်လာခဲ့ကြပြီလဲ၊ သမီးအလေ. . . သမီးလဲ တစ်ခါတည်းစားပါလား "

အမယ်အိုသည် အဂ္ဂိဝမ္မာကို ကျွေးရင်းနှင့် ပုပ္ဖဝလီကိုလည်း လှမ်းခေါ်လိုက်သည်၊

" သူ့ကို အရင်ကျွေးပါ၊ သမီးတို့နှစ်ယောက် နောက်မှစားမယ် "

ပုပ္ဖဝလီက ပြန်ပြောသည်၊ ပုပ္ဖဝလီသည် အမယ်အို၏နောက်ဘက်တွင် ရပ်ပြီး အဂ္ဂိဝမ္မာအား မျက်စောင်းတစ်ချက် ထိုးကြည့်ပြီး ရယ်နေသည်၊

" စစ်ဖြစ်နေတယ် မဟုတ်လား အမေ၊ ဥဇ္ဇေနီကမှာလဲ မငြိမ်သက်ဖြစ်နေမှာပဲ၊ ဟိုမှာ ကျွန်တော်တို့ အလုပ်အကိုင်တစ်ခုခုတော့ ရတောင်းရဲ့၊ စစ်ကလဲ ဘယ်တော့မှ အပြီးသတ်မယ် မသိဘူး "

" အခုနေအခါမှာ ဘယ်နေရာသွားသွား ဘာမှလုပ်လို့တိုင်ယို့ အဝေါက်အလမ်းတည့်မှာ မဟုတ်ဘူး "

" ကျွန်တော်က သန်တုန်းမြန်တုန်း လူငယ်လူရွယ်ပါ၊ အခုလို တုန်တုန်ချိချိနဲ့ ရွာရိုးလျှောက်ပြီး ထမင်းဟင်း လည် ကျွန်တော် မကြည့်ရက်ပါဘူး၊ ကျွန်တော် လက်မှုပညာ

www.burmeseclassic.com

www.burmeseclassic.com



ရာရာမှာတော့ အလုပ်ရမှာပါပဲ "

" ဒီရွာပျက်မှာတော့ အလုပ်ဘယ်မှာ လုပ်လို့ရမှါမလဲ "

" ဒါပေမယ့် အမေအခုလို ကျွန်တော်တို့နှစ်ယောက်အတွက် အိမ်တကာလည်ပြီး ထမင်းဟင်း တောင်းနေလို့ မဖြစ်ဘူး "

" ကျွန်မတို့က လေသင့်ရာ ယိမ်းနေတဲ့ ပြောင်းလဲနေတဲ့လူတွေ ရှင်ကတော့ ကျောက်တုံး ကျောက်ခဲ၊ ယိမ်းတယ်ပြောင်းတယ်လို့ မရှိဘူး ညောင်ရွာကို သွားမယ်ဆိုတဲ့ ဦးတည်ချက်နဲ့ ထွက်လာခဲ့တာပဲ မဟုတ်လား ခေတ်တ မီးစဥ်ကြည့်တနေရတဲ့ခေတ်၊ ဒီကွေ့မှာ ဒီတက်နဲ့ လှော်နေရပေမယ့် ဟိုကွေ့ ကျတော့ ဘယ်တက်နဲ့ လှော်ရမယ်ဆိုတာ သိတာမဟုတ်ဘူး "

ပုပ္ပဝလီက ပြောပြီးရယ်သည်။

" ကျုပ်လဲစဥ်းစားနေတယ်၊ ဆုံးဖြတ်ချက်ကို အနည်းအကျဥ်း ပြောင်းလဲပစ်လိုက်ရရင် ကောင်းမလားလို့ "

အဂ္ဂိဝမ္မာက လေးလေးနက်နက် စဥ်းစားဆင်ခြင်ပြီး ပြောသည်။

" အမေကတော့ အမယ်အိုဖြစ်နေပြီ၊ ဆန္ဒတစ်ခုတည်းပဲရှိတယ် စစ်ဖြစ်နေနေ၊ နှင်းမုန်တိုင်းကျကျ၊ လေမုန်တိုင်းတိုက်တိုက် အမေ့ခရီးကို ရပ်မထားဘူး၊ သွားနေမှာပဲ၊ စစ်ပြီးတဲ့အထိ စောင့်နေရင် အမေလဲလူ့ဘဝမှာ ရှိတော့မှာ မဟုတ်ဘူး "

" ဒီလို မပြောပါနဲ့ အမေ၊ အမေ့ဆန္ဒပြည့်ဝရပါစေ့မယ် "

အဂ္ဂိဝမ္မာက အမယ်အိုအား အားပေးလိုက်လေသည်။



( ၂၀ )

မြစ်ကမ်းဘေး တစ်လျှောက် ဖောက်ထားသည့် လမ်းဖြစ်သည်။ နေပူ ချိန်ဖြစ်သော်လည်း ရေထဲတွင် ငုပ်ပြီး တိုက်ခတ်လာသော လေကြောင့် အအေး ဓာတ်ရနေသည်။ လမ်းဘေးတွင်လည်း သစ်ပင်များပေါက်နေကြသည်။ အမယ် အိုသည် အားသစ်ဖင်သစ် ပြည့်လာသည်။ ပထမက သူ့တွင် အဂ္ဂိဝမ္မာတွေ့ခဲ့ သော စိတ်ပျက်အားလျော့မှုသည် အတော်ပင် နည်းပါးသွားလေပြီ။ ခေတ်ဆိုး ကြီးထဲတွင် အားကိုးတစ်ခုရနေပြီ ဖြစ်သည်အတွက် ယခုတဲ့သို့ ရွှင်ရွှင်လန်းလန်း ဖြစ်နေဟန်တူသည်။ အဂ္ဂိဝမ္မာလည်း ကြောင့်ကြပူပန်မှု ယခုသောတ်မရှိ တော့ပေ၊ ပုပ္ပဝလီနှင့်အတူ တွဲနေရသဖြင့် ကြည်နူးနေသည်။

ခရီးအတော်ပေါက်သွားပြီ ဖြစ်သော်လည်း အမယ်အိုသည် ဝင်ဝန်း နွမ်းလျသည့် လက္ခဏာကို မပြသေးပေ၊ စကားကိုပင် တတွတ်တွတ် ပြောနေ သေးသည်။ သို့ရာတွင် သူပြောပြနေသည့် အကြောင်းအရာများကို အဂ္ဂိဝမ္မာက သည်းနားမထောင်၊ ပုပ္ပဝလီကလည်း စိတ်မဝင်စား၊ သူတို့နှစ်ဦးကမူ အခြည် ဆိုက်နေကြသည်၊ တစ်ဦးနှင့်တစ်ဦး မျက်လုံးဖြင့် စကားပြောနေကြသည်၊ တစ်ဦးနှင့်တစ်ဦး တပ်လာလိုက်၊ တစ်ဦးနှင့်တစ်ဦး တွန်းထိုးပြီး ခွာသွားလိုက်နှင့် သုံးနေကြသည်၊ အဂ္ဂိဝမ္မာသည် ကမ္ဘာသစ်တစ်ခုထဲ ရောက်နေသည်၊ အမိုအို ဆရာကြီးအတွက် ကြောင့်ကြပူပန်မှုလည်း သူ့တွင်မရှိတော့ပေ၊ အကယ်၍ ခုံးတအနာသာ လုံးဝပျောက်ကင်းသွားမည်ဆိုလျှင် ခုန်ပေါက်ပြေးလွှားပြီး သွားမည်လား မပြောတတ်ပေ။

www.burmeseclassic.com



ယခုအခါတွင် အဂ္ဂိဝမ္မာသည် ညောကန္ဒကမြို့သို့ ရောက်ဖို့ရန် ယခုလောက် အလျှင်စလို မရှိတော့ပေ။ ထိုရွာ၌သာလျှင် နေ့ရက်အတန်ကြာ အေးအေးဆေးဆေး နားနေလိုသည့် ဆန္ဒရှိနေသည်။ ပုပ္ဖဝလီလည်း ထိုနည်းအတိုင်းပင်။ သို့ရာတွင် အမယ်အိုက ညောကန္ဒကသို့ အလျင်အမြန်ရောက်ရန် အားသန်နေသည်။ အမယ်အို စိတ်မကောင်းဖြစ်သွားမှာ စိုးရိမ်သည်ဖြစ်၍ အဂ္ဂိဝမ္မာသည် အမယ်အို၏ဆန္ဒကို လိုက်လျောလိုက်သည်။ သို့ရာတွင် အမယ်အိုကို ဤတစ်ကြိမ်တော့ ထမင်းဟင်းလိုက်ကောင်းခွင့် မပေးတော့ဟု ဆုံးဖြတ်လိုက်သည်။ ပုပ္ဖဝလီ၏ငွေစကို သုံးမည်။ ပုပ္ဖဝလီကလည်း သူ့ငွေစကို သုံးစွဲရန် အနူးအညွတ် ခွင့်ပြုထားသည်။

နေ့လယ် မွန်းတည့်ချိန်ရောက်လာပြီ။ သူတို့အားလုံးပင် မောပန်းနွမ်းလျလာပြီဖြစ်၍ ခြေလှမ်းမှန်မှန် မလှမ်းနိုင်ကြတော့ပေ။ အနီးအနား၌ ခရီးတစ်ထောက်နားစရာ စခန်းလည်းမရှိပေ။ တသွင်သွင်စီးဆင်းနေသည့် မြစ်တွင်းက ရေမှတစ်ပါး အခြားစားစရာ သောက်စရာဟူ၍လည်း ဘာတစ်ခုမျှမရှိပေ။

ထိုအခိုက် ချုံများ၏ နောက်ကွယ်မှ ခြေသံလိုလိုကြားရသည်။ အဂ္ဂိဝမ္မာသည် ချက်ချင်း ပုပ္ဖဝလီကို လက်ဆွဲပြီး သစ်ပင်အကွယ်တွင် သတိနှင့် သွားရပ်နေသည်။ စစ်သားတွေများ ဖြစ်နေမည်လားဟု စိုးရိမ်သွားသည်။ ထိုအခိုက် အသံပေါ်လာသည်။

" သွားစမ်း ဖေ့သား "

ထို့နောက် မကြာမီ ကျောက်ခဲများ ကျောပေါ်တွင် ပိုးထားသည့် မြည်းတစ်ကောင် လမ်းပေါ်ရောက်လာသည်။ ထိုမြည်းနောက်တွင် နောက်ထပ် မြည်းနှစ်ကောင် သုံးကောင် လိုက်လာသည်။ မြည်းများ၏ နောက်မှလူနှစ်ယောက်သုံးယောက်ပါလာသည်။ ထိုအခါကျမှ အဂ္ဂိဝမ္မာအလုံးကြီးကျသွားသည်။ ပုပ္ဖဝလီကမူ အသံထွက်အောင်ရယ်လိုက်သည်။

ပုပ္ဖဝလီရယ်နေသည်ကို တွေ့ရသည့်အခါ ထိုနှစ်ယောက်၊သုံးယောက်သည် သူတို့ကိုယ်သူတို့ မလုံမလဲဖြစ်နေကြပြီး တစ်ယောက်နှင့် တစ်ယောက် ကျီးကြည့်ကြောင်ကြည့် ကြည့်နေကြသည်။

အမယ်အိုက ရင်ဘတ်တီးပြီး ပြောလိုက်သည်။

" အမယ်လေး. . . ခုမှ စိတ်အေးရတော့တယ်၊ ဟဲ့. . ဒီအနီးအနားမှာခရီးတစ်ထောက်နားဖို့ စခန်းလေးဘာလေးမရှိဘူးလား၊ မင်းတို့ဘယ်ကိုသွားကြမှာလဲ "

" ကျွန်တော်တို့ ကိုယ့်ရွာကိုယ်ပြန်ကြမလို့ပါ " ထိုလူများက ပြန်ဖြေ



ကြသည်။

" မင်းတို့ရွာက ဒီကနေဘယ်လောက် ဝေးသလဲ၊ လမ်းပေါ်မှာပဲလား"

" မဝေးတော့ပါဘူး၊ ဒါပေမယ့် လမ်းပေါ်မှာတော့ မဟုတ်ဘူး၊ သမ်းကနေ နည်းနည်းသွားရသေးတယ် "

" မင်းတို့ရွာမှာ စားစရာ သောက်စရာ ရနိုင်ပါ့မလား၊ မင်းတို့ရွာက ဗြာဟ္မဏရွာမှ ဟုတ်ရဲ့လား "

" ဟုတ်ပါတယ်၊ ကျွန်တော်တို့ရွာမှာ စားစရာသောက်စရာ ဘာမဆို ရနိုင်ပါတယ် "

မြည်းများ၏ အမြီးကို လှမ်းပွတ်ပေးရင်း တစ်ယောက်က ပြန်ဖြေသည်။

" ဘယ်လမ်းကခွဲသွားရသလဲ၊ ပြပါဦး၊ တို့က ဒီအရပ်ဒေသကမဟုတ်ဘူးကွယ့် " အမယ်အိုက ပြောလိုက်ပြန်သည်။

" ကျွန်တော်တို့နောက်ကသာ လိုက်ခဲ့ပါ "

" ဒီကျောက်ခဲတွေ ဘယ်ကို ယူသွားမလို့လဲ " အဂ္ဂိဝမ္မာကမေးလိုက်သည်။

"ရွာကိုယူသွားမလို့၊ ကျွန်တော်တို့ရွာမှာ ဘုရားကျောင်းတစ်ဆောင် ဆောက်နေတယ် "

ထိုလူက အကျိုးအကြောင်းရှင်းလင်းပြောပြသည်။ အဂ္ဂိဝမ္မာနှင့် ပုပ္ဖဝလီအပြင် အမယ်အိုပါ မရှင်းလင်းမပြတ်သားသည့် အကြည့်မျိုးဖြင့် တစ်ဦးနှင့်တစ်ဦးကြည့်နေကြသည်။

" ဒီမှာမိတ်ဆွေ . . . တခြားနေရာတွေမှာ ဆောက်လုပ်ပြီးသား ဘုရားကျောင်းတွေကိုတောင် ဖျက်ဆီးဖြိုချပစ်နေကြတယ်၊ မိတ်ဆွေတို့ကတော့ ဘုရားကျောင်းအသစ် ဆောက်နေကြတယ်၊ စစ်ဖြစ်နေတယ်ဆိုတာ မိတ်ဆွေတို့ မသိကြဘူးလား "

" သိပါတယ်. . . သိပါတယ်၊ ဒါပေမယ့် ရုဒ္ဒဒမနဘုရင်က ကျုပ်တို့ကို အကျိုးမဲ့ မလုပ်ပါဘူး၊ ကျုပ်တို့ရွာက သူ့သစ္စာတော်ခံပါ၊ သူကိုယ်တိုင် ဘုရား ကျောင်းဆောက်လုပ်ဖို့ ငွေကြေး လှူဒါန်းသားတာပါ "

" ဒီလိုဆိုရင် ရုဒ္ဒဒမန ဘုရင်ဟာ ဟိန္ဒူလူမျိုးတွေရဲ့ [illegible] ရာပျက်စီးကြောင်းကို မလုပ်ဘူးဆိုတဲ့ အဓိပ္ပါယ်ပေါ့၊ သူက [illegible] မြေလှန်ပစ်ဖို့ အမိန့်ပေးတာဖြစ်လိမ့်မယ်၊ သူ့စစ်သားတွေက [illegible] ရှက်တဲ့အခါမှာ ဘုရားကျောင်းကိုပါ ချန်မထားတော့ဘဲ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကြတာနဲ့တူတယ်၊ ရွာသူကြီးက ရုဒ္ဒဒမန ဘုရင်ကိုဆန့်ကျင်တယ်၊ သူ့ကြောင်း အနီးအနားမှာရှိတဲ့ ရပ်ကွက်တွေလဲ ဘုရင်ကို ပုန်ကန်ခြားနားချင်တဲ့ စိတ်တွေ ဝင်လာကြတာ မဟုတ်လား၊ ဒါကြောင့်မို့ ဘုရင်က ရွာသူကြီးနဲ့အတူ သူ့အပေါင်းအပါ ရွာတွေကို အားလုံးမျိုးဖြုတ်ပစ်လိုက်တာ မဟုတ်လား "

အဂ္ဂိဝမ္မာက ပုပ္ဖဝလီကို လှမ်းမေးနေသည်။

" ရှင်ကလဲ ဒီအကြောင်းကို အဆန်းလုပ်နေပြန်ပြီ၊ ရှင်းနေတဲ့ အကြောင်းကို ထပ်ပြီးရှုပ်အောင် ရှင်က. . . "

ပုပ္ဖဝလီ စကားအဆုံးမသတ်ခင်မှာပင် အဂ္ဂိဝမ္မာက ပုပ္ဖဝလီကို မျက်နှာထားဖြင့် လှမ်းကြည့်လိုက်သည်။

ထိုအချိန်၌ မြည်းများနှင့် မြည်းပိုင်ရှင်များသည် ထိုလမ်းကခွာပြီး တခြားလမ်းပေါ် တက်သွားကြသည်။ ခပ်လှမ်းလှမ်းတွင်ရှိသော တောင်ကုန်း တစ်ခုပေါ်၌ တဲ လေး ငါး ခြောက်လုံးကို တွေ့မြင်နေရသည်။

ထိုလူတွေ ခွဲထွက်သွားသောလမ်းမှာ ကုန်းမြင့်သို့ တက်သွားသည့် လမ်းဖြစ်သည်။ တောင်ကုန်းဘေး၌ ကွင်းပြင်တစ်ခုကိုမြင်ရသည်။ မြေ၏ အရောင်မှာ နီကျင်ကျင်ဖြစ်နေသည်။ မွန်းတည့်နေကလည်း လောလောပူသော သံပူတုံသို့ ပူခြစ်လှသည်။ မြေထောက်တွေ ကျွတ်ကုန်တော့မည်။ လမ်းမပေါ်၌ အုတ်ခဲ ကျောက်ခဲများ နေရာအနှံ့အပြားရှိနေသည်။ မြည်းများသည်ပင် ခြေထောက် ခနော်ခနဲ့ဖြစ်နေကြသည်။

မြည်းများသည် တောင်ကုန်းပေါ် ရောက်သွားသောအခါ ရပ်သွားကြသည်။ ပရိဝုဏ်ကြီးတစ်ခုကို တွေ့မြင်ရသည်။ လေးဘက်လေးတန် အုတ်တံတိုင်းကာရံထားသည်။ ဘုရားကျောင်း၏ နံရံများမှာ အဝေါ်သို့ အတော်ပင် တက်နေလေပြီ။ ဘုရားကျောင်း၏ အကျယ်အဝန်းမှာ ပတိဋ္ဌာနမြို့ရှိ တောင်ကုန်းပေါ်တွင် တည်ဆောက်ထားသည့် ဘုရားကျောင်း၏ အကျယ် အဝန်း ပမာဏလောက်ပင်ရှိသည်။ အနီးအနားတစ်ဝိုက်၌ တဲများရှိသည်။ အဂ္ဂိဝမ္မာ စိတ်ဓာတ်တက်ကြွလာသည်။ သို့ရာတွင် အလွန်တရာ ဆာလောင် မွတ်သိပ်နေသည်ဖြစ်၍ ထိုနေရာသို့ ရောက်သည်အထိ ခြေကို မသယ်ချင် အောင် ဖြစ်နေသည်။ ထိုအတွင်း မြည်းများသည် သူတို့ကျောပေါ်က ဝန်ထုပ် ဝန်ပိုး ချလိုက်ပြီးဖြစ်၍ ပေါ့ပါးလွတ်လပ်စွာ သူတို့အိမ်ရှိရာသို့ ပြေးထွက် သွားကြသည်။

" အမေ ကျွန်တော်ဒီမှာ အလုပ်ရနိုင်တယ်၊ ကျွန်တော် ဘုရား ကျောင်းဆောက်လုပ်တတ်တယ် "



အဂ္ဂိဝမ္မာက အားတက်သရော အမယ်အိုအား ပြောလိုက်သည်။ ထို့နောက် သူ့အထုပ်ကို သူ့လက်ဖြင့် စမ်းကြည့်သည်။ အထုပ်ထဲတွင် စားသောက် မရှိတော့ပေ၊ ရုတ်တရက် မျက်နှာပျက်သွားသည်။

" စားသောက်ရဖို့တော့ ခဲယဉ်းမှာ မဟုတ်ဘူး၊ ခေတ္တခဏ ငှားရင် နိုင်ဖို့ ရှိပါတယ် "

အဂ္ဂိဝမ္မာက အားမလျှော့သေးဘဲ ပြန်ပြောလိုက်ပြန်သည်။

" ဒါပေမယ့် ရှင့်ပခုံးက ကောင်းသေးတာ မဟုတ်ဘူး မဟုတ်လား"

ပုပ္ဖဝလီက စိုးရိမ်တကြီးပြောလိုက်သည်။

" အနာကျက်ပါစေဦး၊ အဲဒါအသာထားပါဦး၊ အခုအရေးကြီးတာက ဗိုက်ထဲတစ်ခုခု ဖြည့်ဖို့လိုတယ် "

အမယ်အိုက သတိပေးလိုက်သည်။

အမယ်အိုသည် ဤရွာကို မရောက်ဖူးပေ။ ဤရွာ၌ ဆွေမျိုးရှိသလည်း ရှိတန်မတူပေ။ သစ်ပင်တစ်ပင်အောက်ရှိ နတ်ကွန်းပျက်တစ်ခုထဲတွင်ခဏတစ် ထောက်နားရန် ထိုင်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



(၂၂)

အဂ္ဂိဝမ္မာသည် နံနက်စောစောထပြီး တောင်တုန်းပေါ်တက်သွားသည်၊ ဘုရားကျောင်းဝင်းကို လေးဘက်လေးတန်မှ ဝတ်ကြည့်သည်၊

မိုးစင်စင်မလင်းသေးပေ၊ ဘုရားကျောင်းထဲဝင်ကြည့်ဖို့ မတော်သေးပေ၊ လမ်းလည်းပိတ်ထားသည်၊ ထိုနေရာ ဌာနကားသူ့အတွက် အစိမ်းသက်သက်၊ အသိအကျွမ်းတစ်ယောက်မှ မရှိ၊ အလွယ်တကူဖြင့်ပင် သူခိုးဟု ယိုးစွပ်နိုင်သည်၊

ဝါသနာဓာတ်ခံ တက်ကြွလာသည်ဖြစ်၍ အဂ္ဂိဝမ္မာသည် ကျောက်တုံးများကို တိုင်တွယ်စမ်းသပ်ကြည့်သည်၊ အုတ်တံတိုင်းကို လေ့လာကြည့်သည်၊ စိတ်ဓာတ်တက်ကြွလာသည်၊ အလုပ်လုပ်ချင်လွန်းလှသဖြင့် လက်ယားနေသည်၊

ထို့နောက် မြစ်ဘက်ထွက်လာခဲ့သည်၊ မြစ်ထဲတွင် ကိုယ်လက်သန့်စင်ပြီးသောအခါ လွှလသစ် ဥသဟာသစ်ဖြင့် ဘုရားကျောင်းသို့ တစ်ဖန်ပြန်လှည့်လာသည်၊ ထိုအချိန်၌ ဘုရားကျောင်းတွင် နေ့စဉ်လုပ်နေကျ လုပ်ငန်းများကို စတင်လုပ်ကိုင်နေကြလေပြီ၊

အဂ္ဂိဝမ္မာသည် မရဲတရဲ ဘုရားကျောင်းထဲ ဝင်သွားသည်၊ ဘုရားကျောင်းရှေ့ဘက်တွင် မည်သူမှမရှိပေ၊ ဘုရားကျောင်းနောက်ဘက် အရိပ်အာဝါသကောင်းသည့် သစ်ပင်များ၏ အောက်၌ တဲတစ်တဲရှိသည်၊ ထိုတဲထဲဝင်သွားသည်၊ တဲထဲတွင် သူ့ကိုကျောပေးထိုင်နေသည့် လူတစ်ယောက်ကို တွေ့ရသည်၊

အဂ္ဂိဝမ္မာက ထိုလူကို နှုတ်ဆက်လိုက်သည်၊

ထိုသူက လှည့်ကြည့်သည်၊ အဂ္ဂိဝမ္မာမျက်လုံးပြူးသွားသည်၊ ထိုသူကား တခြားမဟုတ်၊ ကိတ္တိဝါနဖြစ်နေသည်၊ အဂ္ဂိဝမ္မာ ရှေ့မတိုးသာ နောက်မဆုတ်သာနှင့် ကြောင်တောင်တောင် အမ်းတမ်းတမ်း ဖြစ်နေသည်၊ ဘုရားကျောင်းကို ပတိဌာနမြို့က ဘုရားကျောင်းပုံစံအတိုင်း ဘာကြောင့် ဆောက်လုပ်သည်ဆိုသည်ကို အဂ္ဂိဝမ္မာ ချက်ချင်း နားလည်သဘောပေါက်သွားသည်၊

အဂ္ဂိဝမ္မာသည် အလုပ်တောင်းမည်ဟူသောရည်ရွယ်ချက်ဖြင့် လာခဲ့ခြင်းဖြစ်သည်၊ သို့ရာတွင် အလုပ်အကြောင်းကို မပြောတော့ဘဲ ပြန်ဖို့ရန်ဟန်ပြင်လိုက်သည်၊ ဤမျှကြီးကျယ်သည့် လုပ်ငန်းတာဝန်ကြီး ကိတ္တိဝါနလို လူမျိုး၏ လက်ထဲ ရောက်နေသည်ကို အံ့ဩမဆုံး ဖြစ်နေသည်၊ ယင်းအချက်ကို စိတ်ကူးထဲတွင်ပင် ထည့်မကြည့်ခဲ့ဘူးပေ၊ အဂ္ဂိဝမ္မာသည် ကိတ္တိဝါနကို အနုပညာရှင်တစ်ယောက်ဟူ၍ပင် မထင်မှတ်ပေ၊ ကိတ္တိဝါနအောက်တွင် သူဘယ်လို



အလုပ်လုပ်မည်နည်း၊

" အလို. . . အခုပဲလာတယ်၊ ခုပဲမြန်တော့မလို့လား [illegible] မင်းအခုပတိဌာနက လာတာဟုတ်လား " ကိတ္တိဝါနက မေးလိုက်သည်၊

" အင်း "

" မင်းတို့ဘုရားကျောင်း အပြီးသတ်သွားပြီလား "

"အင်း. . . . "

"ဒီဘုရားကျောင်းကို မင်းကြည့်ပြီးပြီလား"

" အခုပဲကြည့်တယ်၊ ဒီဘုရားကျောင်းကို မင်းဆောက်တာလား "

" ဟုတ်တယ်၊ ဒီရွာက လူတွေ ငါ့ကို ဒီအတင်းခေါ်လာကြတယ်၊ သူတို့ ငါ့ကို သိပ်လေးလေးစားစား ရှိကြတယ်၊ ရှဋ္ဌဓမန ဘုရင့်လူတွေဖြစ်တယ် "

" ရှဋ္ဌဓမနဘုရင်က သိလို့လား "

" အစကတော့ မသိပါဘူး၊ ဒီရွာက လူတွေက ငါ့အကြောင်းပြောပြကြတယ် "

အတန်ကြာမျှ နှစ်ဦးစလုံး တိတ်နေကြသည်၊ ကိတ္တိဝါနလူပါးလူနပ်ဖြစ်သည် ဆိုသည့်အကြောင်းကို အဂ္ဂိဝမ္မာသိထားသည်၊ ကိတ္တိဝါနသည် မိမိ၏ အတတ်ပညာ၊ မိမိ၏စွမ်းအားဖြင့် လုပ်မရသည့်အခါမျိုး၌ သူ့အလိုလိုက်၊ သူ့အကြိုက်ပြောပြီး မိမိအလုပ်ကိစ္စအောင်မြင်ပြီးစီးအောင် လုပ်တတ်သူဖြစ်သည်၊ နာသိကမြို့၌ သူ့ကို ' ကပ်ပါးယပ်ပါး ' အဖြစ် အသိအမှတ်ပြုထားကြသည်၊ အနုပညာရှင်ဟူသည်မှာလည်း ရွှေကြိုးလို ဘုရားတန်ဆောင်းကတပ်ဝံ့ယလို ပုဂ္ဂိုလ်မျိုးသာဖြစ်၏ဟု သူက တွက်ထားပုံရသည်၊ သို့ရာတွင် သူ့လိုလူမျိုးကိုသာ ကံကြမ္မာက ပါစားပေးထားသည်၊ သူ့ကိုသာ တတယ့် လူတော်လူတတ်ဟု အသိအမှတ်ပြုထားကြသည်၊

" မင်းဘယ်သွားမလို့လဲ " ကိတ္တိဝါနက မေးလိုက်သည်၊

" ညောကရှုကကို . . . "

" ဘုရင်က ခေါ်လို့လား " ကိတ္တိဝါနက သရော်သလိုလိုနှင့် မေးလိုက်သည်၊

" မဟုတ်ပါဘူး "

ကိတ္တိဝါနက ဟားတိုက်ရယ်လိုက်သည်၊ ပြင်းပြင်းထန်ထန်ရယ်ပြီး ဟြားရ၍ မေတ္တာယီ အခန်းထဲက ထွက်လာသည်၊ အပြင်[illegible]

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါဝမ္မာကို မမျှော်လင့်ဘဲနှင့် ပက်ဝင်းပါတွေ့နေသည်။ နှစ်ဦးလုံးပင် ကြက်သေသေနေကြသည်။ မတ္တေယျီ၏ မျက်လုံး၌ ချက်ချင်း မျက်ရည်စို့လာသည်။ အင်္ဂါဝမ္မာ၏ပခုံး၌ ယခုထက်တိုင်ပင် ပက်တီး မဖြုတ်ရသေးပေ၊ မတ္တေယျီသည် ပက်တီးစည်းထားသည့် နေရာကိုသာလျှင် ကြည့်နေသည်။ အင်္ဂါဝမ္မာကမူ မတ္တေယျီကို တစ်လှည့်၊ တိတ္ထိဝါနကို တစ်လှည့် ကြည့်နေသည်။ ဂရုမမရလည်း ဖြစ်နေသည်။

" ခဏာထိုင်ပါဦး၊ ကျွန်မ အခုလာမယ်၊ နံနက်သရေစာလေး ဘာလေး စားသွားပါဦး "

ယင်းသို့ ပြောပြီး မတ္တေယျီသည် အိပ်ခန်းထဲပြန်ဝင်သွားသည်။

သို့ရာတွင် အင်္ဂါဝမ္မာသည် မတ္တေယျီ ပြန်ထွက်လာသည့်အထိ စောင့်မနေနိုင်တော့ပေ၊ သူ့အနေဖြင့် လောကဝတ်ကို ဂရုပြုနေစရာ မလိုသည့် အခြေအနေတွင်လည်း ရောက်နေသည်။ အကြင်မိန်းမပျိုအတွက် သူ ကျောက်ခဲ အုတ်ခဲနှင့် အပေါက်ခံပြီး မောင်းအထုတ်ခံခဲ့ရသည်။ ထိုမိန်းမပျိုသည် အခြားယောကျ်ားတစ်ဦးနှင့် လိုက်ပြေးလာခဲ့သည်။ အကြင်မိန်းမပျိုကို မိမိ၏ ကြင်ယာဇနီးအဖြစ် ပေါင်းသင်းလက်ထပ်ရန် သူရည်မှန်းထား၏။ ထိုမိန်းမပျိုသည် အခြားယောကျ်ားတစ်ဝါး၏ ဇနီးမယား ဖြစ်သွားလေပြီ။

သူ၏ နှလုံးသားထဲက အနာဟောင်းသည် အသစ်တစ်ဖန် ပြန်ထလာသည်။ ဘာပဲဖြစ်ဖြစ် မတ္တေယျီကို သူ စွဲလမ်းတုန်းပင် ရှိသေးသည်။ သို့ရာတွင် တစ်စုံတစ်ဦး၏ ကာမပိုင်မယားကို ခိုးပြေးဖို့ရန် အစွမ်းသတ္တိလည်း သူ့တွင် မရှိပေ၊ ယင်းသို့ ခိုးပြေးလိုသည့်ဆန္ဒလည်း မရှိပေ၊ ကံကြမ္မာက သူတို့ မတ္တေယျီနှင့် မယ်တစ်ရွာ မောင်တစ်မြို့ ခွဲခြားထားလိုက်သည်။ ယခုတစ်ဖန်လာပြီး သူ့ချစ်သူဟောင်းနှင့် ပြန်ဆုံဆည်းရသည့်အခါတွင်မူ တစ်နည်းတစ်ဖုံအားဖြင့် ဝမ်းသာသလို ဝမ်းနည်းသလိုလို ဖြစ်နေသည်။

အင်္ဂါဝမ္မာသည် မိမိကိုယ်တို ပျောက်ဆုံးနေသလို ဖြစ်နေသည်။ ယင်းအသိ၊ ယင်းအတွေး မီးညွန့်မီးလျှံများသည် သူ့ကို လောက်မြိုက်နေသည်။ ဆိုင်းမနေတော့ဘဲ ထိုင်ရာမှ ထသွားသည်။ မတ္တေယျီလည်း ဘာဖြစ်သွားသည် မသိ၊ အရှက်ကို မငဲ့တော့ဘဲ အင်္ဂါဝမ္မာနောက် အတင်းလိုက်သွားသည်။ အင်္ဂါဝမ္မာကို ထွက်မသွားရန် တောင်းပန်နေသည်၊ တိတ္ထိဝါနကမူ အော်ကျယ်ဟစ်ကျယ် လုပ်နေသည်။ မာန်မဲကြိမ်းမောင်းနေသည်။

အင်္ဂါဝမ္မာသည် ဘုရားကျောင်း ပရိဝုဏ်အပြင်ဘက် ထွက်သွားသည်။ မတ္တေယျီက အင်္ဂါဝမ္မာ၏လက်ကိုဆွဲပြီး နောက်မှ လိုက်တောင်းပန်နေသည်။



သူတို့နှစ်ဦးနောက်မှ တိတ္ထိဝါနက မကြားဝံ့မနာသာ ဆဲနေသည်။

' ဟဲ့ . . . မိန်းမပျက်၊ ယောကျ်ားတစ်ပါးနဲ့ အခုလို လိုက်သွားတာ မင်းမရှက်ဘူးလား၊ ပြန်လာမှ အကြောင်းပြလိုက်ရဦးမယ် "

တိတ္ထိဝါန၏ ဆဲသံဆိုသံကိုကြားရသည်ဖြစ်၍ အနီးအနား ပတ်ဝန်းကျင်မှ လူတစ်သိုက် ဝိုင်းလာကြသည်။

ထိုအခိုက် ပုပ္ဖဝလီလည်း အလန့်တကြားနှင့် ရောက်လာသည်။ သူ၏ မျက်လုံးမှာ အိပ်ချင်မူးတူးဖြစ်နေသည်။ အိပ်ပျော်နေရာမှ အူယားဖားယား ထပြေးလာဟန်တူသည်။ သူ့ဘေးတွင် အင်္ဂါဝမ္မာကိုမတွေ့ရသည့်အတွက် ဘယ်များပျောက်သွားပြီလဲဟု စိုးရိမ်တကြီးဖြစ်ပြီး ကမန်းကတန်း ထလိုက်လာခြင်း ဖြစ်သည်။

ပုပ္ဖဝလီက အင်္ဂါဝမ္မာ၏ ပခုံးကိုကိုင်ပြီး ပြောသည်။ " အနာက အချိန်မယ်မှ မကြဲသေးဘူး၊ ရှင် အလုပ်လုပ်ဖို့ ထွက်လာတယ် ဟုတ်လား၊ သာ . . . ပြန်ဝါ "

ပုပ္ဖဝလီသည် အင်္ဂါဝမ္မာကို ကြင်ဘက်ဇနီးမယားတစ်ဦး၏ ချစ်ခင်ကြင်နာမှုမျိုးဖြင့် ခေါ်သွားသည်။

မတ္တေယျီသည် တစ်ခဏမျှ သူတို့ကို ကြည့်နေသေးသည်။ ထို့နောက် ရုတ်တရက် ချုန်းမဲချငိုလေတော့သည်။ အင်္ဂါဝမ္မာသည် အသက်ဝိညာဉ်မဲ့နေသူ ကဲ့သို့ ဖြစ်သွားသည်။ စက်ရုပ်တဲ့သို့ ပုပ္ဖဝလီခေါ်ရာ ပါသွားသည်။ မတ္တေယျီသည်မျက်ရည်ကို သုတ်ပြီး ဘုရားကျောင်းဘက် ပြန်သွားသည်။ နံရံအနီး၌ ရပ်နေသည့် တိတ္ထိဝါနသည် ယမ်းပုံမီးကျ ပေါက်ကွဲနေသည်။ အင်္ဂါဝမ္မာသည် သူတို့ဘက် လှည့်၍ပင် မကြည့်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



( ၂၃ )

ဝုပ္ပဝလီသာ အတူရှိမနေလျှင် အဂ္ဂိဝမ္မာသည် အရဲစွန့်ပြီး မေတ္တေယျ တို့ ခေါ်လာကောင်း ခေါ်လာခဲ့ပေမည်။ ကိတ္တိဝါနနှင့် စာရင်းပေါင်း ရှင်းပင် ကောင်း ရှင်းပစ်ပေလိမ့်မည်။ အကယ်၍ ပုပ္ပဝလီသာ အတူရှိမနေလျှင် ယင်းသို့ လုပ်ဖို့ရန်ပင် လိုမည်မဟုတ်ပေ။ မေတ္တေယျကိုယ်တိုင်ကပင် တစ်ရွာလုံးထားတား။ အဂ္ဂိဝမ္မာနောက် မလိုက်ဘဲနေမည် မဟုတ်ပေ။

အကယ်၍ ယင်းအဖြစ်အပျက်သည် လေးငါးဆယ်ရက်မတိုင်မီ လောက်တသာ ဖြစ်ပျက်ခဲ့ပါမူလည်း ယခုလောက် ဦးနှောက်ရှုပ်စရာ ဖြစ်နေမည်မဟုတ်ပေ။ လွန်ခဲ့သည့် လေးငါးဆယ်ရက်လောက်ကမှစပြီး ပုပ္ပဝလီ အပေါ်၌ ထားသည့် အဂ္ဂိဝမ္မာ၏ သဘောထား ပြောင်းလဲလာခြင်းဖြစ်သည်။ ပုပ္ပဝလီတလည်း စိတ်ထားလုံးဝပြောင်းလဲသွားပြီ။ ယခုအခါတွင် ပျံတန်တန် တလက်တက်တက် မိန်းမပျက် မဟုတ်တော့ပေ။ တကယ့် အိမ်ထောင်ရှင် မိန်းမသားဖြစ်ဖို့ရန် တာစူနေပြီ။

အဂ္ဂိဝမ္မာသည် တောင်စဉ်ရေမရ လျှောက်တွေးနေသည်။ ပုပ္ပဝလီက သူ့အနီးတွင် ထိုင်နေသည်။ ရွာထဲက ပေါးလားဝါးလားသမားများက သူတို့ကို ဝိုင်းပြီးဝိုင်းတောင်းရတ်နေကြသည်။ သူတို့ကို ရယ်စရာလုပ်နေကြသည်။ အနှောက်အယှက်ပေးနေကြသည်။ ရွာထဲတွင် သူဆက်နေလျှင် ဘာဖြစ်မည် မသိပေ။ မေတ္တေယျတိုလည်း တွေ့နေရဦးမည်။ အလုပ်လည်းမရှိပေ။ နေစရာ လည်း မယ်မယ်ရရမရှိပေ။ ထို့ကြောင့် ရှေ့ခရီးကိုသာလျှင် ဆက်သွားချင်သည့် ဆန္ဒ ဖြင်းပြလာသည်။

အမယ်အိုသည် တောင်ဝှေး တခေါက်ခေါက်ထောက်လျက်၊ တဟောင်းဟင်း ညည်းလျက်၊ တဟွတ်ဟွတ်ချောင်းဆိုးလျက် ပြန်လာသည်။ ယမန်နေ့က ခရီးဖြင်းဖြင်းသွားလိုက်သဖြင့် အမယ်အိုခြေထောက် ဖူးယောင်လာသည်။ ခြေသည်းများမှလည်း သွေးများ ယိုစီးထွက်နေသည်။ ယင်းကဲ့သို့ မသက်မသာ ဖြစ်နေသည့် ကြားထဲက အမယ်အိုသည် ခွက်လက်စွဲပြီး ရွာထဲ ထမင်းဟင်း အတောင်းထွက်သည်။ အကယ်၍ ပုပ္ပဝလီသည် အဂ္ဂိဝမ္မာတိုသာ အရှာမသွားရလျှင် တစ်ခုခုဝယ်လာဖို့ ရည်ရွယ်ရင်းရှိသည်။

ပြန်ရောက်လာသည်နှင့်တစ်ပြိုင်နက် အမယ်အိုသည် သစ်ပင်ကို မှီပြီး ထိုင်ချလိုက်သည်။ ထို့နောက် ထိုင်၍ပင် မနေနိုင်တော့ပေ၊ လှဲချလိုက်သည်။ အဂ္ဂိဝမ္မာသည် အမယ်အို၏မျက်နှာပေါ် ရေစက်ဖြန်းပေးသည်။ အမယ်အိုတို အရိပ်ထဲရွှေ့ပေးသည်။ အမယ်အို ထထိုင်သည်။ ထို့နောက် ပြန်လှဲပြန်



သည်။ နေက ပူပြင်းလှသည်။ လေပူကလည်း အဆက်မပြတ် တိုက်နေသည်။

အမယ်အို၏ကိုယ်သည် ချစ်ချစ်တောက်ပူနေသည်။ လေပူမိတာတု ပြောသည်၊ ပန်းလည်းပန်းနေရှာသည်။ အဂ္ဂိဝမ္မာသည် နဖူးကို စမ်းကြည့်လိုက် သည်။ နဖူးပြင်သည် မီးဖိုပေါ်က အိုးကင်းကဲ့သို့ ပူနေသည်။ အဂ္ဂိဝမ္မာ ထိတ်ထိတ် ပျာပျာဖြစ်သွားသည်။

အမယ်အိုကို မချီပြီး ဖျက်စီးယိုယွင်းနေသည့် နတ်ကွန်းထဲတွင် အသာချထားလိုက်သည်။ ပုပ္ပဝလီက တမာခက်ကလေးတစ်ခု ချိုးပြီး အမယ်အို ့ ယပ်ခတ်ပေးနေသည်။ အဂ္ဂိဝမ္မာသည် အမယ်အို၏ နဖူးပေါ်တွင် ရေဆွတ် ထားသည့်အဝတ်ဖြင့် သုတ်သုတ်ပေးနေသည်။

" သား. . . သားတို့ ခရီးအဝေးကြီး သွားရဦးမှာ၊ သွားကြတော့လေ၊ အမေ့ကို ငဲ့မနေကြနဲ့၊ အမေ့ရဲ့ ကိုယ်ခန္ဓာ အတ္တဘောကတော့ မြေကြီးဖြစ်ဖို့ နီးနေပြီထင်တယ် "

" အဲဒီလိုမပြောပါနဲ့၊ အားတင်းပါ အမေ " အဂ္ဂိဝမ္မာက အားပေး သည်။

" အမေလိုလားနေတာ တစ်ခုပဲရှိတယ် "

" ပြောပါအမေ၊ အမေလိုလားတာကို ကျွန်တော် မဖြစ်မနေလုပ်ပါ့ မယ် "

" သား . . . ဖြစ်ပေါ်လာမယ့် အကြောင်းအရာတို့ ကြိုတင်မြင် ခြင်ပေမယ့် သေမင်းကိုတော့ အဝေးကြီးက လှမ်းမြင်နေရတယ် "

အဂ္ဂိဝမ္မာနှင့် ပုပ္ပဝလီတို့သည် အမယ်အိုကို မျက်တောင်မခတ် စိုက် ကြည့်နေကြသည်။ အမယ်အိုကမူ ရှိသမျှအားကို ညှစ်ထုတ်ပြီး ဆက်ပြောပြ နေသည်။

" တစ်သက်လုံး သူ့အကြောင်းကို မပြောတော့ဘူးလို့ ပိုင်းဖြတ်ထား တယ်၊ အခု သူ့အကြောင်းကို ဘယ်လိုလုပ်ပြောရမလဲ မသိဘူး၊ ဒါပေမယ့် မတတ်နိုင်ဘူး၊ မပြောဘဲနေလို့ သားတို့ နားလည်မှာမဟုတ်ဘူး၊ ထုတ်ပြောရ လိမ့်မယ်၊ တကယ်လို့ သား ဓညကဋကကို ရောက်ရင် သာတဝါဟနမင်းဆက် ဘုရင်ကို ပြောပြလိုက်ပါ၊ သူ့ သူ့မိဘအိုးအွားတွေကို သတိရပါလိမ့်မယ်၊ ပြော လိုက်ပါ. . .၊ ဖေဝဝလ္လဘရဲ့ဇနီးဟာ အရှင်မင်းကြီးကို တောင်းနေမယ့် သာတာ လမ်းခုလပ်မှာ . . . "

" အမေဘာတွေ ပြောနေတာလဲ၊ အာဝန္တအဖျားသင့်နေလို့ အနေ ပျောက်သွားမှာပါ " အဂ္ဂိဝမ္မာက အားပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အမယ်အို တိတ်သွားသည်၊ အသက်ရှူပြင်းလာသည်၊ ထို့နောက် မျက်စိမှိတ်သွားသည်၊ အဂ္ဂိဝမ္မာသည် သွေးစမ်းကြည့်သည်၊ သွေခုန်နေတုန်းပင်၊ အမယ်အို အိပ်ပျော်သွားသည်၊

အဂ္ဂိဝမ္မာသည် ဆေးဆရာခေါ်ရန် ထွက်သွားသည်၊ ပုပ္ပဝလီလည်း အဂ္ဂိဝမ္မာနောက် လိုက်သွားသည်၊ အဂ္ဂိဝမ္မာကို စိတ်မချပေ၊ ဘုရားကျောင်းသွားပြီး ဟိုလူများနှင့် ကတောက်ကဆ ထပ်ဖြစ်မှာ စိုးရိမ်နေပုံရသည်၊

" ဒီရွာစုတ်ရွာသိမ်မှာ ဆေးဆရာ ဘယ်မှာလာရှိပါ့မလဲ "

ပုပ္ပဝလီက အဂ္ဂိဝမ္မာကို ပြောပြလိုက်သည်၊ သူတို့နှစ်ဦးသည် နတ်ကွန်းပျက်ထဲမှ ထွက်လာကြသည်၊ ပုပ္ပဝလီသည် ကိုယ့်အရေးကိုသာ တွေးနေမိသည်၊ မိမိဆန္ဒကို အဂ္ဂိဝမ္မာကို ထုတ်ပြောချင်သည်မှာ လျှာယားနေသည်၊ အတော်ပင် ထိန်းချုပ်ထားရသည်၊ မေတ္တေယီအကြောင်းကို သူဘာမှမသိပေ၊ အဂ္ဂိဝမ္မာနှင့် မေတ္တေယီ ဘယ်လိုအဆက်အသွယ် ရှိခဲ့သည်ကိုလည်း မသိပေ၊

အဂ္ဂိဝမ္မာသည် အနီးအပါးရှိ တဲများသို့သွားပြီး ဆေးဆရာ မေးမြန်းစုံစမ်းကြည့်သည်၊ သို့ရာတွင် အကြောင်းမထူးပေ၊ ဆေးမီးတိုလေး ဘာလေးနားလည်သည့် လူတစ်ယောက်တော့ ရှိကြောင်း၊ သူလည်း အခု ခရီးထွက်နေကြောင်းလောက်ကိုသာလျှင် သိရှိခဲ့ရသည်၊

ပုပ္ပဝလီက အဂ္ဂိဝမ္မာအား သူ့ဆန္ဒကို ဖွင့်ပြောလိုက်သည်၊

" ဒီ အမယ်အိုကြီးကို ထားလိုက်ပါတော့၊ ကနေ့မဟုတ် နက်ဖြန်ခြေကြီးဖြစ်တော့မှာပဲ၊ ရှင် ကိုယ့်အချိန်ကို ဘာဖြစ်လို့ အလဟဿ ဖြုန်းနေတာလဲ၊ ရှင် အနုပညာရှင်မဟုတ်လား၊ အနုပညာဆိုတာ ဘုရင်တေရာဇ်တွေရဲ့ အမြှောက်အစားခံရမှ ကြီးပွားတိုးတက်တာ၊ ဒီ တောခေါင်ခေါင်မှာ ဘယ်သူမှလဲ အနုပညာအကြောင်းကို မပြောဘူး၊ ဘယ်သူမှလဲ အနုပညာရှင်ကို အသိအမှတ်မပြုဘူး၊ ပုံတူနိုးချတဲ့ လူတွေသာ ဒီမှာစေတ်စားမှာ "

အဂ္ဂိဝမ္မာသည် ပုပ္ပဝလီကို လှမ်းကြည့်လိုက်သည်၊ အံ့ဩလည်းအံ့ဩသွားသည်၊ ဒေါသလည်း ဖြစ်သွားသည်၊ သူ ပုပ္ပဝလီကို နားလည်အောင် အကြင်မျှလောက် ကြိုးစားကြည့်သည်၊ ထိုမျှလောက်ပင် ပုပ္ပဝလီသည် ရှုပ်ရှုပ်ထွေးထွေးနှင့် ပဟေဠိဖြစ်နေသည်၊ ပုပ္ပဝလီသည် အမယ်အိုအား ယောက္ခမလိုများ မှတ်နေသလား မသိပေ၊

" ဒီမှာတတော့ အလုပ်ရဖို့ထားပါဦး၊ ထမင်းစားရဖို့တောင် မလွယ်ဘူး " ပုပ္ပဝလီက ပြောလိုက်ပြန်သည်၊



" ဒါပေမယ့် " အဂ္ဂိဝမ္မာသည် ပုပ္ပဝလီကို လှမ်းကြည့်ပြီး စကားဆက်ဘဲနေသည်၊

" ဒါပေမယ့် လုပ်မနေပါနဲ့၊ ခရီးဆက်သွားဖို့သာ စိတ်ကူးပါ "

အဂ္ဂိဝမ္မာသည် ထိုရွာမှ အမြန်ဆုံးထွက်ခွာသွားလိုသည့် အာသီသရှိနေသည်၊ သို့ရာတွင် အမယ်အိုကြောင့် စိတ်မဖြောင့် ဖြစ်နေသည်၊ အမယ်အိုဆိုင်းပြီး ထိုရွာ၌ သောင်တင်နေရခြင်းဖြစ်သည်၊

မှောင်ရီသန်းလာပြီ၊ အမယ်အို အဖျားအနည်းငယ် ကျသွားသည်ဟု ထင်ရသည်၊ စကားလည်း အတော်အတန် ပြောလာသည်၊ သို့ရာတွင် တောင်ဝှေးအကူအညီဖြင့် ရှေ့တစ်စခန်းအထိရောက်အောင် သွားနိုင်သည့်အင်အားမှု မရှိပေ၊ ခဏထထိုင်နေလိုက် ထို့နောက် ပြန်လှဲလိုက်နှင့် နေမထိ ထိုင်မသာ ဖြစ်နေရှာသည်၊

ထို့နောက် အတန်ငယ်ကြာသွားသောအခါ ယိမ်းယိုင်ပျက်စီးနေသည့် နတ်ကွန်း၏ ပြုတ်ကျနေသည့် တံခါးအတွင်းမှ အပြင်ကြည့်လိုက်သည့်အခါ တိတ္ထိဝါနက မေတ္တေယီကို အတင်းဆွဲခေါ်ပြီး တစ်နေရာ ထွက်သွားသည်ကို လှမ်းမြင်ရသည်၊ ကိတ္တိဝါနနှင့်အတူ အခြားရွာသားများကိုလည်း တွေ့ရသည်၊ ထိုရွာသားများသည် ကိတ္တိဝါနကို အကူအညီပေးနေပုံရသည်၊

အဂ္ဂိဝမ္မာသည် ထိုသူများထံ ထသွားရန် ဟန်ပြင်သည်၊ ပုပ္ပဝလီက ပခုံးကို လှမ်းဆွဲပြီး အတင်းထိုင်ခိုင်းထားသည်၊ အဂ္ဂိဝမ္မာခမျာ ထိုနေရာတရွေ့၍မရပေ၊ ဒေါသထွက်လွန်းလှသဖြင့် အသားတဆတ်ဆတ် တုန်နေသည်၊

ထိုညတွင် အဂ္ဂိဝမ္မာ အိပ်မပျော်ပေ၊ ဘယ်စောင်းလိုက် ညာလှည့်လိုက် ဖြစ်နေသည်၊ အမယ်အိုသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်၊ ပုပ္ပဝလီကမူ အိပ်လည်းမပျော် နိုးလည်းမနေပေ၊

နံနက်မိုးမလင်းမီ အဂ္ဂိဝမ္မာနှင့် ပုပ္ပဝလီတို့သည် သူခိုးကျင့်သူခိုးကြံဖြင့် ချွတ်နင်းပြီး အမှောင်မပျောက်ခင် အမယ်အိုကိုထားခဲ့ပြီး ထိုရွာမှ ထွက်ခွာသွားကြသည်၊ အမယ်အိုက သူတို့ထွက်လာသည်ကို မြင်သလား မမြင်ဘူးလား မပြောတတ်ပေ၊

www.burmeseclassic.com

www.burmeseclassic.com



( ၂၄ )

အဂ္ဂဝမ္မာသည် ထိုရွာမှ ထွက်တော့ထွက်သွားသည်။ သို့သော် သူ၏ စိတ်နှလုံးကို ထိုရွာ၌ ထားပစ်ခဲ့သည်ဆိုလျှင် မှားမည်မဟုတ်ပေ။ အမယ်အိုကို သတိရပြီးရင်း ရရင်း ဖြစ်နေသည်။ မိမိကိုယ်ကို အပြစ်တင်နေသည်။ နောင်တ ကြီးစွာရနေသည်။ သို့သော်လည်း ပုပ္ဖဝလီကို ပစ်ထားခဲ့ပြီး နောက်ကြောင်း ပြန်သွားနိုင်သည့် အခြေအနေလည်းမရှိပေ။

အဂ္ဂဝမ္မာသည် ခရီးသွားရင်း အမယ်အိုနှင့် လမ်းမှာ ဆုံခြင်းမျှသာ ဖြစ်သည်။ သို့ရာတွင် သူတို့နှစ်ဦးသည် တစ်လှေထဲစီး တစ်ခရီးထဲ သွားကြ သူများဖြစ်ကြပြီး တစ်ဦးနှင့်တစ်ဦး တိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ဖြစ်လာခဲ့ကြသည်။ သာချကြောထိုက်သည့် အချိန်ကာလအတောအတွင်း၌ပင် အမယ်အိုသည် မိခင်စိတ်ဖြင့် သူ့ကို သွေးရင်းသားရင်းတစ်ဦးအဖြစ် ဖန်တီးလိုက်သည်။ အမယ်အို၏ မိခင်မေတ္တာကိုသာ မခံယူမရရှိလျှင် ဤမျှ ခရီးပေါက်အောင် ဘယ်မှာ လာနိုင်မည်နည်း။ ကြင်နာထောက်ထားအပ်သည့် ယင်းအမယ်အိုကို သူ သူခိုးကျင့် သူခိုးကြံနှင့် တစ်ယောက်တည်း ပစ်ထားခဲ့ပြီး တိတ်တဆိတ် ထွက်လာခဲ့သည်။

ခရီး တစ်စခန်းပြီး တစ်စခန်း ကျော်လွန်လာခဲ့သည်။ ရှေ့ခရီး အဝေး ကြီးဆက်ရဦးမည်။ လမ်းသည် တစ်ခါတစ်ရံ တောနက်ကြီးများထဲက ဖြတ်သွား ရသည်။ တစ်ခါတစ်ရံမူ မြင့်မားသည့် တောင်များပေါ်က ကျော်သွားရသည်။ တခါတရံ၌ကား သာယာလှပသည့် ကျေးရွာဇနပုဒ်များကို ကျော်ဖြတ်သွားရ သည်။ နွေဥတုကုန်ဆုံးသွားပြီး မိုးဥတု အစပျိုးလာသည်။

လမ်းတွင် စစ်သားများနှင့် အကြိမ်များစွာ ဆုံသည်။ ဆုံသည့်အကြိမ် တိုင်း၌ စစ်သားအသစ်များကိုသာ တွေ့ရသည်။ စစ်သားများသည် ပုန်းလျှိုး ကွယ်လျှိုးသာ သွားလာနေကြသည်။ အဂ္ဂဝမ္မာ၏ ညွှန်ကြားချက်အရ ပုပ္ဖဝလီ လည်း ယောက်ျားလေးလို ဝတ်ထားသည်။



နွေဥတု ကုန်သွားသည်နှင့် တစ်ပြိုက်နက် တိုက်ပွဲများလည်း အတော် တလေး အေးစက်စက်ဖြစ်သွားသည်။ မိုးတွင်းတွင် စစ်ပွဲဖြစ်စရာအလားအလာ မရှိပေ။ သို့ရာတွင် သာတဝါဟန မင်းဆက်ဘုရင့် တပ်သားများနှင့် ရုဒ္ဒဒမန ဘုရင့်တပ်သားများသည် တစ်ဦးနှင့်တစ်ဦး စောင်နေကြသည်။ အကြိတ် အနယ် တိုက်ရန်အတွက် ပြင်ဆင်နေကြသည်ဟူသော သတင်းများသည် တစ်ဆင့်စကား တစ်ဆင့်နား ကြားပြီး ပျံ့လွင့်လာသည်။

ညေကင့ကမြို့ ကပ်လာလေလေ လမ်းခရီး၌ ရွာများ ဇနပုဒ်များကို တွေ့ရလေလေ ဖြစ်သည်။ ယင်းရွာများ ဇနပုဒ်များသည် စည်ပင်ဝပြောကြပုံရ သည်။ အလုပ်အကိုင်ရဖို့ရန်အတွက်လည်း ခဲယဉ်းမည်မဟုတ်ပေ။ မည်သည့် အရာဝတ္ထုမှ လုံခြုံမှုမရှိသည့် မင်းမဲ့အခြေအနေလည်း ယင်းရွာများ၊ ဇနပုဒ် များ၌ ရှိဟန်မတူပေ။ ဇာတ်စနစ်၊ ဇာတ်ထုံးစံရှိသော်လည်း သည်လောက် တောင်းကျပ်ပေ။ စစ်ဖြစ်နေသည့် အတောအတွင်း ဖြစ်သောကြောင့် သူစိမ်း တရံဆံကို လေးလေးစားစား ဆက်ဆံကြသည်။

အဂ္ဂဝမ္မာသည် သောရဋ္ဌမှ လာခဲ့သူဖြစ်သည်။ သာတဝါဟန မင်းဆက်ဘုရင် အုပ်ချုပ်သည့် တိုင်းပြည်သို့ရောက်အောင် ဘယ်နှစ်တိုင်း ဘယ်နှစ်ပြည်ကိုဖြတ်ပြီး လာခဲ့ရသည်မသိပေ။ သူ့ခရီးသည် ဂုဏ္ဍိယနိုင်ငံ တစ်ဖက်စွန်းမှ အခြားတစ်ဖက်စွန်းသို့ လာရသည့် ခရီးဖြစ်သည်။

မိုးသည်းထန်စွာ ရွာသွန်းနေသောကြောင့် အဂ္ဂဝမ္မာနှင့် ပုပ္ဖဝလီတို့ သည် ခရီးဆက်မသွားနိုင်ဘဲ ရက်အကြာကြီး နားနေရသည့်အခါလည်း မနည်းတော့ပြီ။ ထိုအချိန်မျိုး၌ ဧည့်ရိပ်သာများ၌ တည်းခိုနေကြရသည်။ ပုပ္ဖဝလီသည် မီးဖိုချောင်အလုပ်ကိုလုပ်သည်။ အဂ္ဂဝမ္မာတို ဖြုစုသည်။ တရား ဝင်လက်ထပ်ထိမ်းမြားခြင်း မပြုလုပ်သော်လည်း သူတို့နှစ်ဦးသည် အကြင်ယင် ယောက်ဖြစ်နေကြပြီ။ အဂ္ဂဝမ္မာသည် အိမ်ထောင်ထိမ်းသိမ်းရေးတာဝန်တို မိမိ တာဝန်ဟု သတ်မှတ်ယူဆထားသော်လည်း ယင်းတာဝန်တို ကျေကျေပွန်ပွန် ဆောင်ရွက်နိုင်ပေ။ ယင်းအတွက် စိတ်ပျက်နေသည်။ ပုပ္ဖဝလီတွင် ပါလာ သည့် ငွေကြေးအနည်းငယ်မှာလည်း ကုန်လုနီးပါးဖြစ်နေပြီ။

ပုပ္ဖဝလီသည် အဂ္ဂဝမ္မာ စိတ်ရွှင်ရွှင်ပျပျရှိအောင် နည်းမျိုးစုံဖြင့် ကြိုးစားအားထုတ်သည်။ အဂ္ဂဝမ္မာ၏ စိတ်နှလုံးထဲတွင် မေတ္တေယီကို စွဲလမ်းနေ သည်။ နှလုံးထဲတွင် အမြစ်တွယ်နေသည့် မေတ္တေယီကို ဖယ်ထုတ်ပစ်ဖို့ရာ လွယ်ကူပေ။ သို့ရာတွင် ပုပ္ဖဝလီသည်လည်း ယခုအခါ၌ အဂ္ဂဝမ္မာ၏ စိတ် နှလုံးထဲတွင် အလားတူနေရာမျိုး ရရှိနေပြီ။ လူ့သဘောသဘာဝသည် သန့်ကြွယ်

www.burmeseclassic.com

www.burmeseclassic.com



သည်၊ အနီးတွင်ရှိသည့် အရာဝတ္ထုကိုမှ ဂရုမပြုဘဲ အဝေးက အရာဝတ္ထုအတွက် အာသာတငမ်းငမ်း ဖြစ်နေတတ်သည်၊ ပုပ္ပဝလီသည် မေတ္တာယ်အကြောင်းကို တစ်စွန်းတစ်စမျှပင် အဂ္ဂိဝမ္မာထံမှ မသိရပေ၊

ပုပ္ပဝလီသည် ပျို့ရွယ်မှု၏ အဖူးအငုံမဟုတ်တော့ပေ၊ ပွင့်အာပြီးနေပြီ၊ တားတားစွင့်စွင့်ပွင့်ပြီးသည့် ပန်းပွင့်သည် အချိန်မကြာခင် ညှိုးသွားတတ်သည်၊ မည်သို့ပင်ဖြစ်စေ အဂ္ဂိဝမ္မာနှင့် ပေါင်းသင်းနေထိုင်ရန် ဆုံးဖြတ်ချက်ချထားသည်၊ သူတို့နှစ်ဦးသည် သက်တူရွယ်တူဖြစ်ကြသည်၊ ပုပ္ပဝလီက နှစ်နှစ်၊ သုံးနှစ် ကြီးချင်ကြီးပေမည်၊ ဘေးဒုက္ခသည် သူတို့နှစ်ဦးအား တစ်ဦးနှင့်တစ်ဦး ကပ်သွားအောင် တွန်းပို့လိုက်သည်၊ ယခုအခါတွင် သူတို့နှစ်ဦး ခွဲ၍မရတော့ပေ၊

ညေ့ရိပ်သာတစ်ခုတွင် သူတို့ တည်းခိုနေကြသည်၊ ညေ့ရိပ်သာ၏အနီး၌ ဘုရားကျောင်းတစ်ဆောင်ရှိသည်၊ ဘုရားကျောင်း ပရိဝုဏ်တွင်း၌ ပွဲတနေသည်၊ ရွာထဲက လုလင်လုံမငယ်များ ကနေကြခြင်းဖြစ်သည်၊ ဖိုးစည်ပုံးမောင်းများလည်း တီးနေကြသည်၊ ပွဲသဘင်တစ်ခုခု ကျင်းပနေကြခြင်းဖြစ်သည်၊

ပုပ္ပဝလီ ရိုးတိုးရွတဖြစ်လာသည်၊ ဝင်ပြီး နွဲ့လိုက်ချင်သည့်စိတ်ပေါက်လာသည်၊ နှစ်ကြိမ်သုံးကြိမ် ခြေလှမ်းလှမ်းကြည့်သေးသည်၊ လက်ဖျောက်တီးပြီး စည်းလိုက်နေသည်၊ ဦးခေါင်း လှုပ်လိုက်ရမ်းလိုက် ဖြစ်နေသည်၊ အသာငြိမ်ငြိမ် ထိုင်မနေနိုင်တော့ပေ၊ အဂ္ဂိဝမ္မာကို ပြုံးပြီး ကြည့်လိုက်သည်၊ ထိုနောက် သူတို့နှစ်ဦးလုံးပင် ဘုရားကျောင်းသို့ သွားကြသည်၊

အကာဝါသနာကို ပယ်ဖျောက်လိုက်ဖို့ရန်မှာ ပုပ္ပဝလီအဖို့ မလွယ်ပေ၊ သို့ရာတွင် ယခင်ကဘဝအရေခွံကို ခွာချလိုက်ပြီ၊ ပြည့်တန်ဆာလည်း အိမ်ထောင်ရှင်မ ဖြစ်နိုင်သည်ဆိုသည့်အချက်ကို ယခု သက်သေထူနေသည်၊ ပုပ္ပဝလီလုံးလုံးပြောင်းလဲသွားပြီဟု ဆိုသည်ကို အဂ္ဂိဝမ္မာသိသည်၊ လူတို့သည် အဖြစ်အပျက်များကို လိုက်ပြီး ပြောင်းလဲတတ်သည်၊ မိန်းမများကမူ အဖြစ်အပျက်ဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ အသက်ကိုလိုက်ပြီး ပြောင်းလဲတတ်ကြသည်၊

ပုပ္ပဝလီသည် ခြေထောက်လေးလာသည်၊ မကြာခဏ ပျို့နေသည်၊ အန်နေသည်၊ အစားအသောက်လည်း ကောင်းကောင်းမစားနိုင်၊ အချိန်ရှိသမျှမှိုဆာလောင်နေသည်၊ ပွင့်နေသည့်ပန်း၌ မျိုးစေ့ဖြစ်ထွန်းလာပြီ၊ ပုပ္ပဝလီဝမ်းသာနေသည်၊ အဂ္ဂိဝမ္မာကမူ ဝမ်းမသာနိုင်၊ အနာဂတ်အတွက် ခေါင်းခဲနေ



သည်၊ ဖခင်တာဝန်ကြီးကလည်း သူ့အပေါ်တွင် စီးပိုးလာလေပြီ၊

ခရီးတင့်ကမြို့သည် ဆယ်ကောသ ဆယ့်တစ်ကောသ ခရီးလောက်သာရှိတော့သည်၊ သို့ရာတွင် ပုပ္ပဝလီ၏ အခြေအနေမှာ ဆိုးလာသည်၊ အဖျားဝင်လာသည်၊ ဤအခြေအနေဖြင့် ခရီးဆက်ရန်မသင့်ဟု လူကြီးသူမအချို့တပြောကြသည်၊ သို့ရာတွင် မတတ်နိုင်ပေ၊

သူတို့နှစ်ဦးသည် ကရိရှနာမြစ်ကမ်းပါးက လျှောက်သွားကြသည်၊ ရှေးရွာကြီးတစ်ရွာ တွေ့သည်၊ ရှေးရွာတစ်ရွာဖြစ်သော်လည်း တခြားရှေးရွာများလို တိမ်ကောပျက်စီးမနေပေ၊ စိုစိုပြေပြေ သာသာယာယာ ရှိသည်၊ ရွာသူရွာသားများမှာလည်း ကြင်နာစိတ်ရှိကြသည်၊ လုပ်ငန်းကိုင်ငန်းလည်း အဆင်ပြေစရာရှိသည်၊ သူတို့နှစ်ဦးသည် ထိုရွာ၌ ခေတ္တနေကြရန် ဆုံးဖြတ်လိုက်ကြသည်၊

ရွာသူကြီး ကူညီသည့်အတွက် တဲထိုးနေရန် မြေနေရာအနည်းငယ်ရရှိကြသည်၊ အဂ္ဂိဝမ္မာသည် ထန်းလက်တဲတစ်လုံး ဆောက်လိုက်သည်၊ တဲကလေးမှာ သေသပ်လှပနေသည်၊ ထိုရွာ၌ ယင်းတဲငယ်၏ ပုံသဏ္ဌာန်မှာ အခြားတဲအိမ်များနှင့် မတူဘဲ တစ်ဘာသာဖြစ်နေသည်၊ ထိုတဲကို လူတွေလာကြည့်ကြသည်၊ လူတော်တော်များများက အဂ္ဂိဝမ္မာအား ထိုတဲမျိုးအဆောက်ခိုင်းကြသည်၊ ယင်းသို့အားဖြင့် အဂ္ဂိဝမ္မာတို့၏ နေရေးစားရေးလည်း အဆင်ပြေလာလေသည်၊

သူတို့ဘဝ၏ အခန်းကဏ္ဍသစ်သည် တဖြည်းဖြည်း အစပျိုးလာသည်၊

www.burmeseclassic.com

www.burmeseclassic.com



( ၂၅ )

" ရှင် ဒီလောက် ခရီးအဝေးကြီးကို လာခဲ့တာ တဲဆောက်တဲ့အလုပ် လုပ်ဖို့ဟုတ်လား "

ပုပ္ဖဝလီသည် တဲအပြင်ဘက်ရှိ ခြံကလေးထဲတွင် မြေဖို့နေရင်းက အဂ္ဂိဝမ္မာအား လှမ်းပြောလိုက်သည်။ အဂ္ဂိဝမ္မာက မလှမ်းမကမ်း၌ မြံစီးရိုးတာ နေသည်။

နောက်ပိုင်းနေ့ရက်များ၌ ပုပ္ဖဝလီသည် ပိုပြီး ပြောင်းလဲလာသည်။ တဲအတွင်းက အပြင်ထွက်သည် မရှိပေ။ ယခင်က နတ်ဒေဝတာများကို ဝတ်ကြွယ် မဆည်းကပ်ပေ။ ယုံလည်း ယုံဟန်မတူ။ သို့သော် ယခုအချိန်၌ကား အနီးရှိ ဘုရားကျောင်းသို့ အချိန်မှန်မှန်သွားပြီး ပူဇော်ဝတ်ပြုသည်။ သူ မိခင် တစ်ဦး ဖြစ်ရတော့မည်။

" ညေကာင်ရှကာတ ဝေးတော့တာ မဟုတ်ဘူး၊ ညေကာင်ရှကတသွားပြီး အလုပ်လေးဘာလေး ရှာပါလား "

ပုပ္ဖဝလီက ထပ်ဆင့်ပြောလိုက်ပြန်သည်။

" နို့ . . မင်းကဘာယ်လိုလုပ်မှာလဲ "

အဂ္ဂိဝမ္မာက ပြုံးပြီး မေးလိုက်သည်။ သူတို့နှစ်ဦးသည် အချိန်ရှိသမျှ ပူးတွဲပူးတွဲသာ နေကြသည်။ တစ်နေရာသို့ အလုပ်ကိစ္စနှင့် သွားရသည့် တိုင်အောင် အဂ္ဂိဝမ္မာသည် နောက်ဆံတင်းတင်းနှင့် အိမ်ပြန်ဖို့သာ စိတ်စော နေသည်။ စိတ်လှုပ်ရှားတတ်သည့် သဘာဝရှိသူတစ်ယောက် ဖြစ်သည် မဟုတ်လား။ ထိုကဲ့သို့သောလူမျိုး မိန်းမမှိုင်းမိနေပါက မိန်းမအနားက တစ်ဖဝါးမှ မခွာရက်နိုင်တော့ပေ။ တစ်မိနစ်၊ တစ်စက္ကန့် ခွဲနေရသည်ကိုပင် တစ်ကမ္ဘာ ခြားနေသည်ဟု ထင်နေသည်။



" ဒီအခြေအနေကြီးနဲ့ ကျွန်မကိုပါ ခေါ်သွားချင်လို့လား။ တော့်သားကို ဒီဇနပုဒ်သား အာတိလို့ ပြောမရအောင် လုပ်ချင်လို့လား "

နှစ်ဦးသား တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး ရယ်ကြသည်။

" ညေကာင်ရှကာတ သိပ်ဝေးတာမှတ်လို့၊ နှစ်ရက်သုံးရက်လောက်နဲ့ ပြန်လာနိုင်တာပဲ၊ မြို့ကို တစ်ခေါက်လောက်သွားကြည့်ပါလား "

ပုပ္ဖဝလီက ပြောလိုက်ပြန်သည်။

" တကယ်လို့ ဒီအတောအတွင်းမှာ . . . "

အဂ္ဂိဝမ္မာသည် သူ့စကားဝါကျကို အဆုံးမသတ်ပေ။ အဆုံးသတ်စရာ လည်းမလိုပေ။ ပုပ္ဖဝလီ နားလည်သွားသည်။

" ရှင် ဒီမှာရှိနေကော ဘာလုပ်တတ်တာမှတ်လို့ "

ပုပ္ဖဝလီသည် ယင်းသို့ ပြောလိုက်ပင်ပြောလိုက်သော်ငြားလည်း သူ၏အသံ၌မူ သူ့ကို ပစ်ပြီးမသွားပါနှင့်ဟူသော တောင်းပန်တိုးလျှိုးသည့် အနက်အဓိပ္ပါယ် ပေါ်နေသည်။

" မင်းက ကျုပ်ကို အိမ်ပစ်သွားဖို့ ပြောနေတာလား "

ပုပ္ဖဝလီသည် အချစ်ရည်လျှမ်းနေသည့် မျက်လုံးကြီးများဖြင့် အဂ္ဂိဝမ္မာကို လှမ်းကြည့်နေသည်။ ထို့နောက် တစ်ခဏကြာသွားသောအခါ ပြောလိုက်ပြန်သည်။

" ရှင်ပစ်မသွားနိုင်ဘူးဆိုတာ သိပါတယ်၊ ဒါပေမယ့် လုပ်စရာရှိတာ အခု အတိုးချလုပ်ထားမှ၊ နောက်ကျရင် ခုလို အခွင့်မျိုး ရတော့မှာမဟုတ်ဘူး "

အဂ္ဂိဝမ္မာက တစ်စုံတစ်ရာ ပြန်ပြောမည်လုပ်လိုက်သည်။ သို့ရာတွင် ထိုအတွင်း အိမ်နီးနားချင်းက မိန်းမတွေ ပုပ္ဖဝလီကို သတင်းမေး ရောက်လာ ကြသည်။ ပုပ္ဖဝလီတဲအတွင်း ဝင်သွားရသည်။ အဂ္ဂိဝမ္မာတာမူ အပြင်ဘက်မှာသာ ထိုင်နေသည်။

" အလို ညည်း ဦးနှောက်မှကောင်းသေးရဲ့လား၊ ဗိုပေါက်ပြားကို ကိုင်ပြီး ညည်း ခြံထဲမှာ ဘာလုပ်နေတာလဲ "

ရွာထဲက အမယ်အိုက ပုပ္ဖဝလီကို ကြိမ်းမောင်းလိုက်သည်။ ထို အမယ်အိုကပင် အခြားအမယ်အိုတစ်ဦးကို ခေါ်လာသည်။ အိမ်တွင် မိန်းမများ တစ်ယောက်ပြီးတစ်ယောက် ပေါက်လာကြသည်မှာ အရေအတွက် အတော်များလာသည်။ အဂ္ဂိဝမ္မာသည် အိမ်တွင် ထိုင်မနေတော့ပေ။ ရှောင်ထွက်သွားရတော့သည်။

ထိုင်ရာမှထပြီး မြစ်ကမ်းပါးလျှောက်သွားသည်။ အချိန်ကြာမြင့်စွာ

www.burmeseclassic.com

www.burmeseclassic.com



လမ်းဘေး၌ ထိုင်နေသည်။ သဲထဲတွင် တစ်စုံတစ်ခုကို ရေးခြစ်နေသည်။ ထို့နောက် လက်ပေါ် မေးတင်ပြီး သစ်ရွက်များ၏ကြားထဲမှ ဝေးရာကောင်းကင်သို့ လှမ်းမျှော်ကြည့်နေသည်။ အတန်ကြာသောအခါ အိမ်ဘက်ပြန်လာသည်။ အိမ်တွင် ကြောင်တောင်တောင် အမ်းတမ်းတမ်း ဖြစ်နေသည့်အခါ ရွံ့ရှာပြီး ကလေးကစားစရာအရုပ် လုပ်နေသည်။

သုံးလေးရက် ဤအချိုးအတိုင်း ဆက်သွားနေသည်။ နေ့စဉ်နေ့တိုင်း အိမ်တွင် မိန်းမတွေ တစ်စုတစ်ဝေး ဖြစ်နေသည်။ ဘာလုပ်ကြသည် မသိပေ။ ပုပ္ဖဝလီသည် နေမထိထိုင်မသာဖြစ်နေသည်။ တညည်းညည်း တညူတညူ ဖြစ်နေသည်။ အိမ်ထဲမဝင်ရသည်ဖြစ်၍ အဂ္ဂိဝမ္မာသည် အိမ်အပြင်ဘက်၌သာ ဟိုသွားသည်သွားနှင့် စိတ်ချောက်ချားနေသည်။

ဆည်းဆာကြယ်ထွက်ပြူလာပြီ၊ အမှောင်ထုရောက်လာတော့မည်။ ဘုရားကျောင်းထဲ၌ သီချင်းဂီတကို သီဆိုနေကြသည်။ လယ်သမားများသည် ညနေ အလုပ်နားပြီး အိမ်သို့ပြန်လာကြပြီ၊ အဂ္ဂိဝမ္မာသည် မြစ်ကမ်းနံဘေးမှ အိမ်သို့ ပြန်လာကြသည်၊ အိမ်ရောက်သည့်အခါ အမယ်အိုတစ်ဦးက သူ့လက်ထဲ ကလေးပေါက်စလေး ထည့်လိုက်သည်။ အဂ္ဂိဝမ္မာသည် ဝမ်းသာလွန်းလှသဖြင့် တုန်သွားသည်၊ ပီတိမျက်ရည်များလည်း စီးကျလာသည်။ ကလေးကို မျက်စိမှိတ်ပြီး ကြည့်သည်။

“ ဖခင် လုပ်တဲ့လူ သိပ်ကြည့်လို့ မတော်ဘူး၊ မိန်းကလေးတော့. . . မိန်ကလေး ”

အမယ်အိုသည် မိန်းမတစ်ဦး၏ လက်ထဲ ကလေးကိုပေးပြီး အခန်းထဲ လွှတ်လိုက်သည်။

“ ဘုရားသခင် ဂုဏ်ကျေးဇူးကြောင့် အားလုံးချောချောမောမောပဲ မအေလဲ အခြေအနေကောင်းတယ်၊ ကဲသွား . . . သူကြီးကို မိန်းကလေးမွေးတယ်ဆိုတဲ့အကြောင်း သတင်းပို့လိုက် ”

အဂ္ဂိဝမ္မာ၏ ခြေလှမ်းသည် လျှပ်စီးတဲ့သို့ အရှိန်အဟုန်သွက်နေသည်။ ကလေး၏ အသွင်အပြင်သည် သူ့မျက်စိထဲတွင် ခဏခဏ ပေါ်လာသည်။ ဝိုင်းဝိုင်းစက်စက်မျက်နှာ၊ ပြူးပြူးကျယ်ကျယ်မျက်လုံး၊ သွယ်တန်းနေသည့်နှာတံ၊ တကယ့်ကို အမေ့တူကလေး၊ ဘယ်လိုနာမည် မှည့်ရပါလိမ့်။ ရှုရိဝယီ၊ ဟင် . . . . မကောင်းဘူး၊ ယသဒါ၊ ဒါလည်း မကောင်းသေးဘူး၊ တိတ္တိပဘာ၊ ဟာ. . . ဒါလည်းမကောင်းသေးဘူး၊ တိတ္တိဝါနက တိတ္တိဆိုတဲ့ စကားလုံးပါနေတယ်၊ မေတ္တေယီက ဘယ်လိုများ အောက်မေ့မယ်မသိဘူး၊



သူကော ဘယ်ဆီရောက်နေပါလိမ့်၊ ဘယ်လိုများ နေရှာပါလိမ့်၊ မဟုတ်သေးဘူး၊ အခုချိန်ဟာ အဲဒီအကြောင်းတွေကို တွေးတော စဉ်းစားရမယ့် အချိန်အခါ မဟုတ်ဘူး၊

“ ပုပ္ဖဝလီက သားကလေးကိုလိုချင်တာ မဟုတ်လား၊ မွေးတော့ မိန်းကလေး၊ သမီးကလေးကိုလဲ သူ အဆိုအက သင်ပေးမလားမသိဘူး၊ ဘာဖြစ်လို့ မသင်ပေးရမှာလဲ၊ အမေတူသမီး ဖြစ်လာရမှာပေါ့၊ ဟင့်အင်း. . . ဟင့်အင်း. . မဟုတ်သေးဘူး၊ အဲဒီလိုဆိုရင် ဘာလုပ်မှာလဲ၊ သမီးလဲပဲ အဖေ့လို ကျောက်တုံးတဒေါက်ဒေါက်ထုမှာလား၊ ဟင့်အင်း. . ဟင့်အင်း . . မသိဘူး. . . . မသိဘူး”

တောင်စဉ်ရေမရ လျှောက်တွေးရင်းနှင့် အဂ္ဂိဝမ္မာသည် သူကြီးအိမ် ရောက်သွားသည်၊ သူကြီးကလည်း ကိုယ့်အိမ်မှာ သမီးမိန်းကလေး မွေးဖွားသကဲ့သို့ပင် ဝမ်းသာအားရဖြစ်သွားသည်၊ သူကြီးသည် ရွာ၏ဖခင်သဖွယ်ပင် ဖြစ်သည်၊ မွေးခါစ သမီးကလေးကို ကြည့်ရှုရန် အဂ္ဂိဝမ္မာနှင့် အတူလိုက်လာသည်၊

ထိုနေ့၌ သူကြီး၏အမိန့်ဖြင့် ဘုရားကျောင်းတွင် တူရိယာဂီတများကို တီးမှုတ်ကြသည်၊ ရွာသူရွာသားများအားလည်း စားစရာ မုန့်ပဲသရေစာများ ဝေငှသည်၊

သူတို့နှစ်ဦးကို ရွာက လင်မယားဟုပင် နားလည်ထားသည်၊ ဧည့်သည် အာဂန္တုအဖြစ်ဖြင့် သူတို့ကို အလေးပေးကြသည်၊ ထိုနေ့ည၌ အဂ္ဂိဝမ္မာလည်း အိပ်မပျော်ပေ၊ ပုပ္ဖဝတီလည်း အိပ်၍မရပေ၊ နှစ်ဦးစလုံးဝင် ဝမ်းသာလှိုက် ဆို့နေကြသည်၊

www.burmeseclassic.com

www.burmeseclassic.com



( ၂၆ )

အဂ္ဂိဝမ္မာသည် နေ့ရက်အတန်ကြာမျှ မိုးမမြင်လေမမြင် ဖြစ်နေသည်။ တမ္ပာကြီးကိုလည်း မမှုတော့ပေ။ အလုပ်အကိုင်ကိုလည်း ဂရုမစိုက်တော့ပေ။ ပုပ္ပဝလီနှင့် သမီး၏အနားက တစ်ဖဝါးမှ မခွာတော့ပေ။ ပုပ္ပဝလီ၏ ပျံတန်တန် နန့်တန့်တန့်ဘဝသည် မိခင်ဘဝအဖြစ် ပြောင်းလာသည်။ သို့ရာတွင် အဂ္ဂိဝမ္မာ၏ ကလေးဆန်ဆန်ဘဝမှာမူ တစ်ဖန်ပြန်ပေါ်လာသည်။

ပုပ္ပဝလီက အတန်တန်ပြောသည်ဖြစ်၍ အဂ္ဂိဝမ္မာသည် တစ်နေ့တွင် နံနက်အချိန်၌ ဓညကဋကသို့ ထွက်သွားသည်။ မြစ်ကမ်းပါးလမ်းက သွားသည်။ ရှေ့သို့ ခရီးဆက်လေလေ မြစ်ကြောင်းကျယ်လာလေလေဖြစ်သည်။ ခရီးသွားများ ဥဒဟို သွားလာနေကြသည်ကိုလည်း တွေ့ရသည်။

အဂ္ဂိဝမ္မာသည် အိပ်မက်တစ်ခု မက်နေရင်းက ရုတ်တရက် မျက်စိဖွင့်သွားပြီး အိမ်မက်မဟုတ်ဘဲ တကယ့်အဖြစ်အပျက်ဖြစ်နေသည်ကို တွေ့နေရသလို ဖြစ်နေသည်။ အဝေးမှပင် ဓညကဋကမြို့၏ တိုက်တာအဆောက်အအုံများ၊ ဘုံဗိမာန်များ၊ အိမ်များကို တောင်၏နောက်ခံ၌ လှမ်းမြင်နေရသည်။ တစ်ဖက်တွင် တသွင်သွင် စီးဆင်းနေသည့် ကရိရှနာမြစ် ရှိနေသည်။ အခြားတစ်ဖက်၌မူ ဦးခေါင်း ငုပ်လျှိုးနေသည့် ရှရီပဗ္ဗတတောင်တန်း ရှိနေသည်။

မြစ်ကမ်းပါး၌ မြင့်မားစွာ ဆောက်လုပ်ထားသည့် ဘုရားတန်ဆောင်းဝူကျောင်း ပြာသာဒ်များရှိသည်။ အချို့ဘုရားကျောင်းများမှာ နာသိကမြို့က ဘုရားကျောင်းများကဲ့သို့ပင် မိုးစွန်တစ်ဖျား မြင့်မားစွာထိုးထွက်နေကြသည်။ မကိုင်ရှိသရဖူသဏ္ဌာန် ဘုံအထွတ်များဖြင့် တင့်တယ်လှပနေကြသည်။ အချို့ဘုရားကျောင်းများမှာမူ ပုံစံတစ်မျိုး ဖြစ်သည်။ ပရိဝုဏ်၏အလယ်က ဝင်းတံခါး၊ ကျောက်ခင်းထားသည့် နတ်လမ်း၊ ဘုရားကျောင်းက ယယ်ဝယ် ရင်ပြင်ကကျယ်ကျယ်။ အဂ္ဂိဝမ္မာသည် ဘုရားကျောင်းတစ်ခုထဲ ဝင်သွားသည်။ ကျောက်လက်ရာများကို တစ်ခုစီတစ်ခုစီ အသေးစိတ် လေ့လာကြည့်ရှုနေသည် ဖြစ်၍ တခြားလူများက သူ့ကို တအံ့တဩ ကြည့်ကြသည်။



သူ၏ အသွင်အပြင်မှာ ထူးခြားသည်။ သူ၏အရောင်အသွေးတလည်း တစ်မျိုးဖြစ်နေသည်။ ထိုအရပ်ဒေသက လူများမှာ သူ့လောက် အသားမဖြူကြ၊ သူ့လို ကိုယ်ကာယအချိုးအစား ပြေပြစ်လှပခြင်းလည်း မရှိကြ၊ ဓညကဋကက လူများသည် အသားအရေညိုသည်။ အရပ်အမောင်း ထွားကျိုင်းသည်။

ဓညကဋကမြို့ကအရာဝတ္ထုမှန်သမျှကို ကြည့်ပြီး အဂ္ဂိဝမ္မာ တအံ့တဩ ဖြစ်နေသည်။ စစ်ဖြစ်နေသော်လည်း နေပြည်တော်ကို မွမ်းမံတည်ဆောက်နေသည်။ မြို့ထဲဝင်ရန် မြို့တခါးကြီးတစ်ခုရှိသည်။ လက်နတ်ကိုင် တံခါးမှူးများကို မြို့တံခါးကြီးတွင် အစောင့်ချထားသည်။ သို့ရာတွင် တံခါးမှူးများသည် မည်သူ့ကိုမျှ မြို့ထဲမဝင်ရန် မတားဆီးမပိတ်ပင်ကြပေ။ တံခါးမကြီးကို ကျော်သွားသည့်အခါ စစ်သည်တပ်သားများနေသည့် တပ်စခန်းနေရာရှိသည်။ စစ်သည်တပ်သားများ များစွာချထားသည်။ စစ်ဖြစ်နေသည်။ ဓညကဋကက လူများသည် အားလုံးလိုလိုပင် မျက်စိကိုဖွင့်နားကိုစွင့်နေကြသည်။

စစ်သားများကို ကျော်လွန်သွားသည့်အခါ မြင်းများ တန်းစီရပ်နေကြသည်ကို တွေ့ရသည်။ အဂ္ဂိဝမ္မာသည် မြင်းများကို စိတ်ပါလက်ပါ ကြည့်နေသည်။ မြင်းများ၏ ကြားထဲတွင် ကြီးပြင်းလာသူဖြစ်၍ မြင်းများသည် သူ့ကို အထူးပင် ဆွဲဆောင်နေကြသည်။

ပန်းပဲဆရာ၊ လက်သမားဆရာများသည် ခေါင်းမဖော်နိုင်လောက်အောင်ပင် အလုပ်များနေကြသည်။ တဒေါင်ဒေါင် တဒိုင်းဒိုင်းနှင့် လက်နက်များနှင့် စစ်အတွက် အသုံးဝင်မည့် အခြားပစ္စည်းများကို လုပ်နေကြသည်။ ဈေးဆိုင်ကန္နားများ၌ ပစ္စည်းအမျိုးမျိုး ရောင်းချနေကြသည်။ အဂ္ဂိဝမ္မာအစည်နာမ မကြားဖူး မသိဖူးသည့် ပစ္စည်းများလည်း အများအပြားရှိသည်။ ဓညကဋကမြို့သည် ရပ်ဝေးဒေသများနှင့် ရောင်းဝယ်ဖောက်ကားမှု ပြုသည်ကိုမူ အဂ္ဂိဝမ္မာသိထားသည်။ သို့ရာတွင် ဓညကဋကမြို့ ဤမျှ ကြီးကျယ်ပြီး ဤမျှ စည်ကားသိမ့်မည်ဆိုသည်ကို သူ ဘယ်တုန်းကမှ မတွေးမိခဲ့ပေ။

အဂ္ဂိဝမ္မာသည် အရာဝတ္ထုတစ်ခုစီကို သေသေချာချာကြည့်သည်။ လမ်း၏အဆုံး၌ မြင့်မားသည့် တံတိုင်းကြီးရှိသည်။ ကျောက်တောင်ကြီးသဖွယ်မြင့်နေသည်။ တံတိုင်း၏အလယ်၌ ဝင်းတံခါးကြီးတစ်ခု ရှိသည်။ တံခါးတိုဖွင့်ထားသည်။ တံခါးအလယ်မှ လှမ်းကြည့်လိုက်သည့်အခါ မြူဆွေနေသည့် နန်းတော်ဆောင်ကြီးကို မြင်ရသည်။ သာတဝါဟနမင်းဆက်ဘုရင်သည် ထိုနန်းတော်၌နေသည်။ အဂ္ဂိဝမ္မာသည် ဝင်းထဲသို့ပင် သွားရည်ထုတ်သည်။

www.burmeseclassic.com



သို့ရာတွင် တံခါးမှူး တံခါးစောင့်များက တားထားကြသည်။

အဂ္ဂိဝမ္မာသည် နန်းတော်ဝင်းကြီးကို လှည့်ပတ်ကြည့်သည်။ လေးဘက်လေးတန် ကာရံထားသည့် တံတိုင်းကြီး၏ အပြင်ဘက်၌ စံနန်းတစ်ဆောင် လုပ်ထားသည်။ အဆောက်အအုံပုံသဏ္ဌာန်မှာ အခြားအဆောက်အအုံနှင့် မတူပေ၊ တစ်မူထူးခြားနေသည်။ ဘုရင်သည် ထိုနန်းဆောင်သို့လာပြီး ဗိုလ်ရှုခံလေ့ရှိသည်။ ပြည်သူပြည်သားများလည်း ထိုအချိန်၌ ဘုရင်ကို တွေ့မြင်ခွင့် ရရှိကြသည်။ ထိုစံနန်းဆောင်မှ စောင်းတန်းလှေကားတစ်ခု ဖောက်ထားသည်။ ယင်းစောင်းတန်းလှေကားသည် ကရိရှုန၏ ကြည်လင်သန့်ရှင်းသည့် ရေစပ် အထိ ဆင်းသွားသည်။ ဤမြို့၌ရှိသည့် ကရိရှုနမြစ်၏ သာယာကြည်နူးဖွယ် သည် နာသိတမြို့၏ ဂေါဓါဝရီမြစ်ထက်ပင် ပိုသေးသည်။

အဂ္ဂိဝမ္မာသည် မြို့၏အလှကို မည်မျှ မိန်းမောနေသနည်း၊ မည်မျှ စိတ်ဝင်စားနေသနည်းဆိုလျှင် သူလာရခြင်း၏ ရည်ရွယ်ချက်ဖြစ်သည့် အလုပ် အကြောင်းကိုပင် မမေးမြန်း မစုံစမ်းဖြစ်တော့ပေ၊ လှေကားထစ်ပေါ်တွင် ထိုင်ရ လိုက်သည်။ မြို့သူမြို့သားများသည် အဝတ်အစားအမျိုးမျိုးကို ဝတ်စား ဆင်ယင်ပြီး ပျားဝန်းခတ်မျှ သွားလာလှုပ်ရှားနေကြသည်၊ အချို့က ခြေလျင် သွားကြသည်၊ အချို့က မြင်းနှင့်သွားကြသည်၊ အချို့က ဝေါနှင့်သွားကြသည်။ လမ်း ခရီးတစ်လျှောက်၌ မြို့ပျက်များကို အများအပြား တွေ့မြင်လာခဲ့ရသော အဂ္ဂိဝမ္မာသည် ဓညကဋကမြို့၏ ဝပြောစည်ကားပုံကို တွေ့ရသောခါ တအံ့တသြ ဖြစ်နေသည်။

နန်းတော်ဝင်း၏ နောက်ဘက်၌ ဥယျာဉ်ကြီးတစ်ခု ရှိသည်။ ယင်း ဥယျာဉ်ကြီးထဲတွင် မြို့သူမြို့သားများသည် အပန်းလာဖြေတတ်ကြသည်။ အချို့နေရာများ၌ သစ်ပင်များ ထူထပ်စွာပေါက်နေသဖြင့် တောသဖွယ် ဖြစ်နေ သည်။ မြို့သူမြို့သား လုလင် လုံမငယ်များသည် လမ်းလျှောက်ပြီး လေညှင်း ခံနေကြသည်။ ပတ်ဝန်းကျင်အခြေအနေမှာ အလွန်သာယာကြည်နူးဖွယ် ဖြစ်နေသည်။ အဂ္ဂိဝမ္မာသည် ယင်းအခြေအနေမျိုးကို ယခင်က တစ်ခါမှ မတွေ့ဖူးသေးပေ၊ သူ့အဖို့ အံ့သြပြီးရင်း အံ့သြရင်း ဖြစ်နေသည်။

ဥယျာဉ်ကြီး၏အလွန်၌ ဧည့်ရိပ်သာ မဏ္ဍပ်သာလာကြီးတစ်ခုရှိသည်။ အသွင်အမျိုးမျိုး ဝတ်စားဆင်ယင်ထားသည့် လူပေါင်းစုံတို့ ဤရိပ်သာ၌ တည်း ခိုနေကြသည်။ တုန်သည်၊ ရသေ့ရဟန်း၊ စစ်သား၊ လယ်သမား နေရာဒေသ အသီးသီးမှ လူမျိုးစုံ ရောက်ရှိနေကြသည်။ အစောင့်စစ်သားများလည်း ထို ဧည့်ရိပ်သာ၌ စောင့်ကြပ်နေသည်ဟု ထင်နေရသည်။



အဂ္ဂိဝမ္မာသည် ဧည့်ရိပ်သာသွားပြီး အပန်းဖြေသည်။ ဓညကဋက မြို့ ရောက်လာချိန်မှစပြီး သူ့ဆရာသမားများကို အထူးသတိရသည်။ ဤမြို့က ဘုရားကျောင်းတစ်ခုခုမှာ သူ့ဆရာသမားများ ရှိနေပေလိမ့်မည်။

နောက်ဆုံးတွင် အဂ္ဂိဝမ္မာသည် မနေနိုင်တော့ဘဲ လူတစ်ယောက် အား သူ့ဆရာ၏ ပုံပန်းသဏ္ဌာန်ကို ပြောပြပြီး သူ့ဆရာအကြောင်း မေးမြန်း စုံစမ်းသည်။ သူ မေးမြန်းစုံစမ်းသူမှာ မြို့ခံလူဖြစ်ပုံရသည်။ အဂ္ဂိဝမ္မာ၏ စကား ကို ကြားသည်နှင့် တစ်ပြိုင်နက် ထိုပုဂ္ဂိုလ်သည် အဂ္ဂိဝမ္မာအား ပြူးတူးပြဲတဲနှင့် ကြည့်သည်။ တစ်ကြောင်းမှာ သူစုံစမ်းမေးမြန်းသည့်အကြောင်း ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် အဂ္ဂိဝမ္မာ မေးမြန်းသည့်အကြောင်းကို ထူးသလိုလို ဆန်းသလိုလို ထင်နေသည်။ နောက်တစ်ကြောင်းမှာ အဂ္ဂိဝမ္မာ၏ ဘာသာစကားဖြစ်သည်။ အဂ္ဂိဝမ္မာပြောသည့် စကားမျိုးကို ဤဒေသ၌ မပြောပေ၊ အဂ္ဂိဝမ္မာ ပြောသည့် စကားမှာ အနောက်က စကားဖြစ်သည်။ ဤဒေသ၌ စကားတစ်မျိုးကို ပြော သည်။ ဤဒေသ၌ ပြောသည့်စကားကို အဂ္ဂိဝမ္မာသည် ရွာတွင် အနည်းအကျဉ်း သင်ထားသည်။ သို့ရာတွင် အသံထွက် မပီကလာ ပီကလာဖြစ်နေသည်။ သူ့ရုပ်ရည်နှင့် သူ့စကားသည် သူ အနောက်မှလာသူ ဖြစ်ကြောင်းကို ပြောပြ နေသည်။

ထိုပုဂ္ဂိုလ်သည် သက်မကင်းဖြစ်သွားသည်။ အဂ္ဂိဝမ္မာအား စကား တစ်ခွန်းမှ ပြန်မပြောဘဲ ထိုနေရာမှ ထသွားသည်။ အဂ္ဂိဝမ္မာအဖို့မှာမူ ဧည်သို့မှ နားမလည်အောင် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



( ၂၉ )

မည်သည့်နေရာ၌မဆို အလုပ်လုပ်နေကြသည်၊ အဂ္ဂိဝမ္မာကမူ အလုပ်ရှာနေတုန်းရှိသေးသည်၊ အားလုံးအလုပ်ရှုပ်နေကြသည်၊ အဂ္ဂိဝမ္မာကား ရှာရိုးလျှောက်တုန်း ရှိနေသေးသည်၊

နောက်တစ်နေ့တွင် ယမန်နေ့က မရောက်ရသေးသည့် နေရာများသို့ သွားသည်၊ နန်းတော်ဝင်းအနီး၌ စစ်တန်းလျားများရှိသည်၊ စစ်တန်းလျား အလွန်တွင် လမ်းမကြီးတစ်ခုရှိသည်၊ လမ်းမကြီး၏ တစ်ဖက်၌မူ ညောင်ရမ်းတမြို့၏ အကြီးဆုံးဈေးကြီးရှိသည်၊ ထို့နောက် မြို့သူမြို့သားများ၏ အိမ်ဂေဟာများကို တွေ့ရသည်၊ အိမ်များမှာ အရွယ်အစားစား၊ အချို့က ခနော်ခနဲ့၊ အချို့က ဟိန်းနေသည်၊ မြို့၏ ဤရပ်ကွက် ဤအစိတ်အပိုင်းသည် အခြား တွယ်ဝသည့် မြို့ကြီးများအတိုင်းဖြစ်သည်၊

အိမ်ခြေများ၏ တစ်ဖက်၌မူ တောင်များကို တွေ့ရသည်၊ တောင်များပေါ်၌ တိရစ္ဆာန်မွေးသမားများသည် ကျွဲနွားများနှင့် သိုးဆိတ်များကို ကျောင်းနေကြသည်၊ တောင်ပေါ်တွင် ဟောကောင်းကောင်းလည်း မရှိပေ၊ စိမ်းစိမ်းစိုစို မြက်ပင်များလည်း မရှိလှပေ၊ ခစ်ခြောက်ခြောက် တောင်များသာ ဖြစ်သည်၊ တောင်များ၏တစ်ဖက်ရှိ မြေပြန့်တွင် မြင့်မားသည့် တံတိုင်းကြီး တစ်ခုရှိသည်၊ ယင်းတံတိုင်းမှာ မြို့၏နယ်နိမိတ်ဖြစ်သည်၊

အဂ္ဂိဝမ္မာသည် ခြေဦးတည့်ရာ သွားလာနေသည်၊ လူတွေက သူ့ကို စိတ်မနှံ့တမြူပြီး အလုပ်ပေးရလောက်အောင်လည်း နာမည်ကျော်ကြားနေသူ တစ်ယောက် မဟုတ်ပေ၊ သူ့ကို ပြည်တွင်းပြင်ပ နေရာအနှံ့အပြား ထင်ရှား ကျော်ကြားသွားစေသည့် လုပ်ငန်းမျိုးတစ်ခုခုကိုလည်း လုပ်ထားခဲ့ဖူးသူ မဟုတ် ပေ၊ လုပ်ခဲ့သမျှမှာလည်း ပြီးပြီးချင်းပင် မြေကြီးဘဝ ပြန်ရောက်သွားကြသည်၊ သို့ရာတွင် သူသည် တစ်စုံတစ်ဦးထံတွင် လက်ဖြန့်ပြီး အလုပ်တောင်းခံလိုသည့် စိတ်မရှိပေ၊ စိတ်ထဲရှိသမျှ အရာအားလုံးသည် စိတ်ထဲမှာပင် ကပြောင်းကပြန် ဖြစ်နေကြသည်၊ ကျောက်တုံးတွင် ဖော်ပြလိုသည့် ခံစားချက်များသည် မနေ့အတွင်း၌သာလျှင် တစ်ခုနှင့်တစ်ခု တိုးခွေ့တိုက်ခိုက်နေကြသည်၊

သူသည် အိမ်ထောင်ရှင်ဖြစ်လာပြီ၊ တာဝန်အသစ် ပိလာပြီ၊ ထမင်း ပြဿနာသည် သူ့ရှေ့တွင် ရောက်လာပြီ၊ ငါ့အလုပ်ရှာနေတာ မဟုတ်လားဟု ကိုယ့်ကိုယ်ကို အားပေးသည်၊ သို့ရာတွင် အလုပ်ဆိုတာ ဒီလိုရှာရတာ မဟုတ် ဘူးဟူ၍လည်း တစ်စုံတစ်ခုသောအရာက သူ့ကိုသတိပေးနေသလို ထင်ရ သည်၊



အဂ္ဂိဝမ္မာသည် လမ်းတကာလမ်း၊ အရပ်တကာအရပ်၊ ဈေးတကာ ဈေး၊ ဆိုင်တကာဆိုင်သို့ ခြေဦးတည့်ရာ လျှောက်သွားနေသည်၊ ယမန်နေ့က ညီရိပ်သာ၌ သူတွေ့ခဲ့သည့်ပုဂ္ဂိုလ်သည် သူ့နောက် အရိပ်ပမာ နောက်ယောင် ခံလိုက်နေသည်၊

အဂ္ဂိဝမ္မာအား ယင်းကဲ့သို့ လှည့်လည်သွားလာနေသည်ကို တွေ့ရ သည့်အခါ ထိုပုဂ္ဂိုလ်သည် သက်ာမကင်းဖြစ်လာသည်၊ အဂ္ဂိဝမ္မာအပေါ် မယုံသင်္ကာဖြစ်လာသည်မှာ မယုံသင်္ကာဖြစ်လာသူ၏ အလွန်မဟုတ်ပေ၊ သန်မာထွားကြိုင်းသည့် ထိုပုဂ္ဂိုလ်သည် ရင်ကိုကော့လျက် သံတုတ်တစ်ချောင်း ကိုင်ပြီး အဂ္ဂိဝမ္မာနောက် မယောင်မလည်နှင့် လိုက်နေသည်၊ သူ့ကိုကြည့်ရ သည်မှာ မင်းမှုထမ်းတစ်ဦးဖြစ်ပုံရသည်၊

အဂ္ဂိဝမ္မာသည် မောပန်းလာသည်ဖြစ်၍ နန်းတော်အောက်ဘက်ရှိ ရေဆိပ်သို့လာပြီး ထိုင်လိုက်သည်၊ မြစ်ထဲတွင်သွားလာနေကြသည့် လှေနာဝါ များကို စိတ်ပါဝင်စားစွာ ကြည့်နေသည်၊ ထိုပုဂ္ဂိုလ်လည်း သူ့အနီးအနားတွင်ပင် ထိုင်လိုက်သည်၊ ညီရိပ်သာမှာ အနီးတွင်ရှိသည်ဖြစ်၍ သူလည်း မြစ်၏ ရှုခင်းကို လာရောက်ကြည့်ရှုခြင်းဖြစ်လိမ့်မည်ဟု အဂ္ဂိဝမ္မာက တွက်သည်၊ ထိုပုဂ္ဂိုလ်သည် အဂ္ဂိဝမ္မာအား စကားမပြောပေ၊

အဂ္ဂိဝမ္မာသည် အနုပညာရှင်တစ်ဦး ဖြစ်သည်၊ ငုပ်တုတ်ထိုင်နေ၍မရ ပေ၊ လက်ဝါးတစ်ဖက်ကို ဖြန့်ပြီး ယင်းလက်ဝါးပေါ်၌ အခြားလက်တစ်ဖက်ဖြင့် စိတ်ကူးထဲပေါ်လာသည့် ရုပ်ပုံတစ်ခုခုကို အခြောက်တိုက် ရေးဆွဲနေသည်၊ တစ်ခါတစ်ရံ လှေနာဝါများဘက် လက်ညှိုးထိုးပြီး ရေတွက်နေသလို လုပ်နေ သည်၊ ထိုပုဂ္ဂိုလ်သည် အဂ္ဂိဝမ္မာအား အကဲခတ်နေသည်၊

ရှုခင်းကို ဘယ်အချိန်အထိ ထိုင်ကြည့်နေနိုင်မည်နည်း၊ အဂ္ဂိဝမ္မာ သည် ထိုနေရာမှထလာပြီး မြစ်ကမ်းတစ်လျှောက် လျှောက်သွားသည်၊ ညောင်ရမ်းတသို့ ရောက်လာသော်လည်း သူမလုပ်ချင်သည့် အလုပ်မျိုး လုပ်နေ လျှင် ညောင်ရမ်းတလာသည့်အတွက် ဘာအကျိုးကျေးဇူး ရှိမှာနည်း၊ သူစဉ်းစား ကြည့်သည်၊ တစ်မြို့လုံးကို ပတ်ကြည့်လာခဲ့ပြီ၊ ဘယ်နေရာမှာမှ ဘုရားကျောင်း ဆောက်လုပ်နေသည်ကို မတွေ့ရပေ၊ ဘာအလုပ် သွားလုပ်ရမည်နည်း၊

ဘုရားကျောင်းထဲသွားပြီး ခေတ္တထိုင်နေသည်၊ ထိုနေ့သည် [illegible] ကျောင်းကို အသေးစိတ်လေ့လာသည်၊

နံရံများ၌ ရုပ်တုများ ထုလုပ်ထားသည်၊ အဂ္ဂိဝမ္မာသည် [illegible] ဘုရားကျောင်းရင်ပြင်၌ ရုပ်ပုံတစ်ခုကိုဆွဲသည်၊ ထိုနေ့သည် [illegible]

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ နှာခေါင်းရှုံ့လျက် နံရံပေါ်က ရုပ်တုများနှင့် ပတ်သက်ပြီး စိတ်ပျက်သည့်အမူအရာပြသည်။ ဘာသာစကား အခက်အခဲရှိသည်ဖြစ်၍ မည်သူနှင့်မှ စကားစမြည်မပြောပေ။ ယခင်ပုဂ္ဂိုလ်သည် အဂ္ဂိဝမ္မာ၏ အမူအရာကို မျက်တောင်မခတ် အကဲခတ်နေသည်။ ထိုအချိန်၌ သူ့အဖော်နှစ်ဦးပင် သူ့ထံ လာရောက်ပေါင်းဆုံကြသည်။ သူ့အဖော်နှစ်ဦးက သူ့ထက်ပင် ပို၍ သတိထားနေကြပုံရသည်။

အဂ္ဂိဝမ္မာသည် ဓညဝတီကကို လည်ပတ်ကြည့်ရှုပြီးလေပြီ။ သူလုပ်ချင်သည့်အလုပ်ကို မရသော်လည်း စိတ်ကုန်မသွားပေ။ ဤမြို့တွင် တစ်ချိန်သောအခါ၌ မိမိလုပ်လိုသည့်အလုပ်ကို လုပ်ရမည်မှာ မလွဲပေ။ စစ်ကာလအတွင်းဖြစ်သည့်အတွက် ဤသို့ အဆင်မပြေဖြစ်ရခြင်းဖြစ်သည်။ စစ်ပြီးသွားသည့်အခါ အားလုံး အဆင်ပြေသွားမည်မှာ ကေန်မုချဖြစ်သည်။ အဂ္ဂိဝမ္မာသည် သူ့ကိုယ်ကို ဤသို့အားပေးသည်။

ဘုရားကျောင်းထဲက ပြန်ထွက်လာခဲ့သည်။ တံခါးဝ၌ ပုဂ္ဂိုလ်တစ်ဦးကို တွေ့ရသည်။ ထိုပုဂ္ဂိုလ်သည် ဘုရားကျောင်း စီမံအုပ်ချုပ်သူတစ်ဦး ဖြစ်ဟန်ရှိသည်။ အချိုးအစား အဆင်အပြင်ကို ကြည့်ရသည်မှာလည်း လူကြီးလူကောင်းတစ်ဦး ဖြစ်ပုံရသည်။ အဂ္ဂိဝမ္မာသည် အရဲစွန့်ပြီး မေးလိုက်သည်။

"ဒီမှာ ဘုရားကျောင်း မဆောက်ကြဘူးလား ခင်ဗျာ"

"မဆောက်ပါဘူး။ မောင်က . . . "

ထိုပုဂ္ဂိုလ်က တစ်စုံတစ်ခု ပြောပြနေစဉ်မှာပင် အဂ္ဂိဝမ္မာသည် နားမထောင်တော့ဘဲ ရှေ့ဆက်လျှောက်သွားသည်။ အဖြေကို နဂိုကပင် သိထားသလား မပြောတတ်ပေ။

အဂ္ဂိဝမ္မာသည် ဘုရားကျောင်းထဲက ထွက်လာခဲ့ပြီး ရွာဘက် တန်းပြန်သွားသည်။ ဇနီးနှင့် သမီးက သူ့ကိုအော်ခေါ်နေသည်ဟု အထင်ရှိနေသည်။ ခပ်သုတ်သုတ် ခြေလှမ်းလှမ်းပြီးသွားသည်။ သူ့နောက်မှ လူနှစ်ယောက် သူသွားသည့်လမ်း လိုက်လာသည်ကို သူသတိမထားမိပေ။



( ၂၈ )

အိမ်ပြန်ရောက်လာပြီးနောက် အဂ္ဂိဝမ္မာသည် တစ်လတစ်လခွဲလောက်အထိ ဘာမှ မည်မည်ရရ အလုပ်အကိုင်မရှိဘဲနှင့် နေရသည်။ မည်သူကမှလည်း သူ့ကိုအလုပ်မပေးပေ။ သူလုပ်သည့် အလုပ်တစ်ခုခုကို လက်ညှိုးညွှန်ပြပါဆိုလျှင် တောထဲသွားပြီး ထင်းခွေထင်းကောက်သည့်အလုပ်သာ ဖြစ်သည်။

ဓညဝတီကမှ ပုဂ္ဂိုလ်နှစ်ဦးသည် ထိုရွာအထိ လိုက်လာကြသည်။ အဂ္ဂိဝမ္မာ၏တဲကို တစေ့တစောင်း ကြည့်ကြသည်။ ထို့နောက် ဓညဝတီ ပြန်သွားကြသည်။ ထိုအကြောင်းကို အဂ္ဂိဝမ္မာ ဘာမှ မသိလိုက်ပေ။

အဂ္ဂိဝမ္မာသည် အလုပ်အကိုင် မည်မည်ရရမရှိသဖြင့် စိတ်အကြီးအကျယ် ညစ်နေသည်။ တစ်ကြိမ်နှစ်ကြိမ် သေရည်သောက်သည့်အထိဝင်ဖြစ်လာသည်။ တစ်ညလုံး အိမ်မပြန်ဘဲ အဆိုအကပိုင်းတွင် အချိန်ကုန်အောင်နေသည်။ ပုပ္ဖဝလီက မေးသားမြန်းလား လုပ်သည့်အခါ ပုပ္ဖဝလီကို ကြိမ်းမောင်းလားလုပ်သည်။

ပုပ္ဖဝလီကိုယ်တိုင်က အနုပညာညဉ်ရှိသူ တစ်ယောက်ဖြစ်နေသည်။ အဆိုအကပိုင်းတွင် အဂ္ဂိဝမ္မာ တစ်နေကုန်တစ်နေခန်း နေသည်ကို ခွင့်လွှတ်သလောက် ခွင့်လွှတ်ထားသည်။ ပြောလည်း အကြောင်းမထူးသဖြင့် ဘာမှ သည် ဘာသိဘာသာ နေလိုက်လေတော့သည်။ ဤနည်းအတိုင်း နေ့ရက်များကုန်ကြာသွားသည်။

ရွာထဲက လူဝယ်များသည် စစ်ထဲဝင်သွားကြသည်။ ထယ်ယာအလုပ်

www.burmeseclassic.com



ကို လုပ်တိုင်ဖို့အတွက်ပင် လူအလုံအလောက်မရှိတော့ပေ၊ မြစ်တမ်းပါးတသစ်ပင်အောက်ထိုင်ပြီး ရွှေး ဘိုးဘေးဘီဘင်တို့၏အကြောင်းကို မြိန်ရှေယှက်ရေ ပြောလေ့ရှိသည့် ရွာထဲက အဘိုးအဘွား အရွယ်များသည် တံစဉ်တိုကိုင်ပြီး တုန်တုန်ချိချိနှင့် လယ်ခင်းယာခင်းထဲ ဝင်နေကြရသည်၊

တစ်ကြိမ်တွင် ဘုရင့်နန်းတော်လွှတ်ရုံးမှ အမိန့်စာချွန်တော်တစ်ခုရောက်လာသည်၊ ကျေးရွာများမှ ဆန်စပါးများကို စစ်တပ်အတွက် နေပြည်တော်အရောက် ပို့ရမည်ဟူသော အမိန့်စာချွန်တော်ဖြစ်သည်၊ ရွာသားတိုင်း ရွာသားတိုင်းသည် မိမိ မိသားစု စားသုံးရန်အတွက် ဖယ်ပြီး ကျန်ဆန်စပါးတိုဘုရင်အား ဆက်သကြရသည်၊ ဆန်စပါးများကို နေပြည်တော်သို့ သယ်ဆောင်သွားဖို့ရာကလည်း လွယ်ကူသော ကိစ္စမဟုတ်ပေ၊ လှည်းရှိသော်လည်း လှည်းမောင်းသူမရှိပေ၊ စစ်ကာလအတောအတွင်း၌ စွန့်ရဲသူရှားသည်၊ ထိုကိစ္စကိုရွာသူကြီးကိုယ်တိုင် ဆောက်ရွက်ရမည်၊

ရွာသူကြီးသည် အဂ္ဂိဝမ္မာကိုလည်း သူနှင့်အတူ ဧညကၡက လိုက်ဖို့ခေါ်သည်၊ အဂ္ဂိဝမ္မာ ဧညကၡကမြို့သို့ သွားလိုစိတ်မရှိပေ၊ ဧညကၡကသည် သူ့တို မက်လုံးပေးနေသည်၊ သူကလည်း ဧညကၡကကို စွဲနေသည်ဖြစ်၍ ဧညတၡတသို့ရောက်ပြီးမှ စိတ်ပျက်ပြီး ပြန်လာရသည့်အဖြစ်မျိုးကို မလိုလားပေ၊ အခြေအနေ ပြောင်းလဲလာမည့်အချိန်ကိုသာ စောင့်နေချင်သည်၊ ထို့ကြောင့် သူကြီးကခေါ်သောအခါ အင်တင်တင်လုပ်နေသည်၊

" ဘာဖြစ်လို့ မသွားချင်ရတာလဲ "

ပုပ္ဖဝလိတ မကျေနပ်သည့်အမူအရာဖြင့် မေးသည်၊ အစွမ်းအစရှိသူအဂ္ဂိဝမ္မာတစ်ယောက် ယောင်ခြောက်ဆယ်ဘဝ ရောက်နေသည်ကို ပုပ္ဖဝလိအား ထိုက်ထိုက်တန်တန် မည်မည်ရရအလုပ်ကို လုပ်ဖို့ နားချသည်၊ သို့ရာတွင် အောင်မြင်မှုမရရှိပေ၊

" သွားပြီး ဘာလုပ်မှာလဲ "

" အိမ်မှာပဲ ထဘီဝတ်ပြီး ထိုင်နေချင်သလား "

" အင်း. . . မင်းနားမှာ တစ်ဖဝါးမကွာ နေရဖို့အတွက် ထဘီဝတ်ရမယ်ဆိုရင် ဝတ်တန်ဝတ်ရမယ် သိလား "

အဂ္ဂိဝမ္မာက ပြုံးပြီး ပြန်ပြောလိုက်သည်၊ ပုပ္ဖဝလိ စိတ်ကောက်သွားသည်၊ ကလေးကို တောက်ချိပြီး ပါးစပ်က ဖြစ်တောက်ဖြစ်တောက်ပြောလျက်အိမ်နီးနားချင်း အိမ်တစ်အိမ် ထွက်သွားသည်၊ အဂ္ဂိဝမ္မာတ လှမ်းတားသော်လည်းမရပေ၊ ထို့ကြောင့် စိတ်ပျက်လက်ပျက်နှင့် အိပ်ရာပေါ် ပစ်လှဲလိုက်ပြီး



ဘယ်လိုမှ်ညာလူးနှင့် အိမ်ရှင်မ ပြန်အလာကိုသာ စောင့်မျှော်နေသည်၊

ရွာသူကြီးသည် ညနေချမ်းအချိန်၌ သူကိုယ်တိုင် လှည်းမောင်းပြီးရောက်လာသည်၊ ပုပ္ဖဝလိသည် နှုတ်ခမ်းစူပြီး အဂ္ဂိဝမ္မာနားကပ်လာသည်၊

" ဒီရွာမှာ အခုလိုပဲ မရေမရာနဲ့ သောင်တင်နေဖို့အတွက်တော့ ဒါလောက်ဝေးဝေးခရီးကို စွန့်ပြီးလာဖို့ ဘာလိုသလဲ၊ ရှင်ဟာ အနုပညာရှင်တစ်ယောက်ဆိုတာ ကျွန်မသိတယ်၊ ရှင်အခုလို အိမ်မှာပဲထိုင်ပြီး ခြင်ခြောက်ဆင်ခြောက်နေတဲ့ အလုပ်လောက်ပဲ လုပ်နေတာကို ကျွန်မ မကြည့်ချင်ဘူး၊ ဘယ်သူကမှ ရှင့်ကို ပင့်ပြီးတော့ အလုပ်မပေးဘူး၊ ဘယ်သူမဆို အလုပ်ကိုကြိုးစားပမ်းစား ရှာလုပ်ရတာချည်းပဲ "

" ကျုပ်နားလည်ပါတယ် " အဂ္ဂိဝမ္မာက ခပ်ဆတ်ဆတ် ပြန်ပြောလိုက်သည်၊

" နားလည်ရင် ဒီမှာ ဘာဖြစ်လို့ထိုင်နေသလဲ၊ ဒီကိုလာပြီးတော့ရှင့်ကို ဘယ်သူမှ အလုပ်မပေးဘူး၊ ဘုရားသခင်က ရှင့်ကို ကိုယ်စွမ်းကိုယ်စပေးထားတယ်မဟုတ်လား "

" အဲဒီ ကိုယ်စွမ်းကိုယ်စနဲ့ လှည်းမောင်းဖို့ မင်းကပြောနေတာလား"

" လှည်းမောင်းဖို့ ပြောနေတာ မဟုတ်ဘူးတော့၊ ရွာသူကြီးနဲ့ ဧညကၡတလိုက်သွားဖို့ ပြောနေတာ၊ ရွာသူကြီးက သူ့အသိအကျွမ်းတွေနဲ့ ရှင့်ကို မိတ်ဆက်ပေးလိမ့်မယ်၊ သူ့အကြောင်း ကိုယ့်အကြောင်း သိလာတဲ့ တစ်နေ့ကျတော့ သမ်းစမပေါ်ဘဲ နေမှာမဟုတ်ဘူး "

" အနုပညာရှင်ရဲ့အလုပ်ဟာ ရွာရိုးလျှောက်ပြီး ကြော်ညာမောင်းခတ်နေရတာမျိုး မဟုတ်ဘူး၊ အနုပညာကို မြတ်နိုးတဲ့လူ၊ လိုလားတဲ့လူရှိရင် လာသိမ့်မယ်၊ ခေါ်လိမ့်မယ်၊ လာမခေါ်ရင်လဲ ဗိုက်မှောက်နေလိုက်ရုံပဲရှိတယ် "

" လာခေါ်ဖို့ဆိုတာကလဲ အကြောင်းသိဦးမှတိုရှင့် "

" သူ့ဟာသူ တစ်နေ့သိလာလိမ့်မယ်၊ ငတ်သေချင်သေပေစေ၊ ဘယ်သူ့ဆီမှသွားပြီး အောက်မကျို့ဘူး၊ အိမ်မှာပဲ ထိုင်ပြီးရုပ်တုထုနေမယ်၊ တစ်နေ့နေ့ကျရင်တော့ အကြောင်းသိလာမှာပဲ "

" အိမ်မှာပဲ ထိုင်ပြီး ရုပ်တုထုနေမယ်ဆိုရင် ဒါလောက်အပင်ပန်းခံအဆင်းရဲခံပြီး ဧညကၡကကိုလာဖို့ ဘာလိုသလဲ၊ အိမ်မှာပဲ ရှင် တံခါးပိတ်ပြီး ထုနေရင်တော့ ရှင့်ကိုလာပင့်မယ်လူတွေ မလာခင် ကျွန်မတို့အရင်ထမင်းငတ်သေလိမ့်မယ် "

" မင်းဘယ်တုန်းက ဗေဒင်ဟောနည်း သင်လိုက်သလဲ "

www.burmeseclassic.com

www.burmeseclassic.com



" အကောင်းပြောနေတာ၊ အနုပညာဆိုတာ တောပန်းလိုပွင့်တာ မဟုတ်ဘူး၊ ဘုရင့်ဥယျာဉ်တော်မှာသာ ပွင့်တာ၊ ကျွန်မတောင်းပန်ပါရစေ ဧညာတရှကကို သွားပါ "

" မသွားဘူး "

" ရှင်မသွားရင် ကျွန်မသွားမယ်၊ ဘုရင့်ရှေ့သွားပြီး ငိုပြောမယ် ရှင့်အကြောင်းကို ပြောမယ်၊ ရှင့်အစွမ်းအစကို သိအောင်လုပ်မယ် "

ပုပ္ပဝလီသည် ကလေးငယ်ကို ခုတင်ပေါ်ဆောင့်ချလိုက်သည်။ ထို့နောက် ထမီကိုပြင်ဝတ်ပြီး အိမ်အပြင်ဘက် ထွက်သွားသည်။

အဂ္ဂိဝမ္မာသည် အတန်ကြာရပ်နေသည်။ ထို့နောက် ပုပ္ပဝလီကို လှမ်းခေါ်သည်။ ပုပ္ပဝလီသည် ဖြစ်တောက်ဖြစ်တောက်ပြောပြီး ပြန်လာသည်။

" အဖျင်းဆုံး ဟိုအမယ်အိုမျော မှာလိုက်တာကိုတော့ ဘုရင့်နား အရောက် မပို့သင့်ဘူးလား "

ပုပ္ပဝလီက ပြောလိုက်သည်။

အဂ္ဂိဝမ္မာသည် ချက်ချင်း လှည်းများဆီ ထွက်သွားသည်။ နောက်သို့ ပြန်လှည့်မကြည့်တော့ပေ။ ဦးခေါင်းငိုက်စိုက်ချထားသည်။ ပုပ္ပဝလီသည် ကလေးကိုချီလျက် တံခါးတိုမှီပြီး အဂ္ဂိဝမ္မာထွက်သွားရာသို့ ငေးမျှော်ကြည့်နေသည်။ သူ၏ချက်လုံးမှ ကျေနပ်ခြင်းနှင့် ဝမ်းနည်းခြင်း 'ဂင်္ဂါယမုနာ' မျက်ရည် နှစ်မျိုး စီးကျနေသည်။



( ၂၉ )

အဂ္ဂိဝမ္မာအပြင် ရွာသူကြီးနှင့်အတူ အခြားနှစ်ဦးသုံးဦးလည်း ပါသေးသည်။ ခရီးသွားအုပ်စုလေးတစ်စုသည် ဧညာကရှုတမြို့ဆီ ဦးတည်သွားနေကြသည်။ လူတစ်ဦးစီတစ်ဦးစီသည် လှည်းနှစ်စီးသုံးစီးကို တာဝန်ယူရသည်။ ရွာသူကြီး တာဝန်ယူရသည့် လှည်းများက ရှေ့ဆုံးမှသွားသည်။ ထို့နောက် အဂ္ဂိဝမ္မာ၏ လှည်းများက လိုက်သည်။ အဂ္ဂိဝမ္မာ၏နောက်မှ အခြားလူများ၏ လှည်းများ လိုက်သည်။

ညဉ့်အချိန်၌ လမ်းမှာပင် သူတို့ နားကြသည်။ နံနက်မိုးလင်းချိန် ခရီးဆက်သည်။ လမ်းကကြမ်းသည်။ လှည်းများကို မြန်မြန်မောင်း၍မရပေ။ နေပူရှိန်ကလည်း စူးရှလှသည်။ ခရီးမတွင် ဖြစ်နေသည်။ နွားများက လူတွေ ထက်ပင် အီလေးဆွဲနေကြသည်။

ဧညာကရှုတမြို့ဘက်၌ လေမုန်တိုင်းကျလာသလိုလို ထင်နေရသည်။ တစ်ချုန်းလျက်ရှိသော မိုးသားတိမ်လိပ်များ သူတို့ဘက် သိမ့်လာသလိုလို အောက်မေ့ရသည်။ သူတို့ ထိတ်လန့်တုန်လှုပ်သွားကြသည်။ အချိန်ကြာမြင့် အတောအတွင်းမှာပင် မြင်းစီးတပ်သားများ သူတို့ဘက် ချီတက်လာကြသည်။ ရန်သူကို ချေမှုန်းရန် လက်နက်ကိုယ်စီနှင့်၊ မြင်းစီးတပ်သားများသည် တစ်ယောက်ပြီးတစ်ယောက် ပေါ်လာကြသည်။ စစ်သည်တပ်သားများ၏ ဦးရေမှာ မနည်းပေ။

စစ်တပ်ကိုတွေ့ရသည့်အခါ နွားများ လန့်သွားကြသည်။ ရွာသူကြီး၏ လှည်းသည် မမှောက်ရုံတမည် ဖြစ်သွားသည်။ ရွာသူကြီးတို့သိတိုင်ဝင် အသက်ဘေးက သီသီကလေးလွတ်သွားသည်။ အဂ္ဂိဝမ္မာ၏ နွားများလည်း တောထဲ အတင်းစွပ်ပြေးကြသည်။ လှည်းနှစ်စီး သုံးစီးမှာမူ မှောက်သွား

www.burmeseclassic.com

www.burmeseclassic.com



ကြသည်၊ တခြားနွားများလည်း ဖရိုဖရဲဖြစ်တုန်ကြသည်၊ လှည်းထဲမှ စပါးများ ပြန့်ကျဲကုန်သည်၊

ရွာသူကြီးနှင့် ပါလာသူများသည် အားလုံးပင် ရပ်ပြီး ကြက်သေသေ နေကြသည်၊ စစ်တပ်ကား မှန်မှန်ချီတက်နေသည်၊ မောက်တိုမောက်ရှည် ဆောင်းပြီး ဓားကို ကိုင်ထားသည့် စစ်သည်သူရဲများသည် မြင်းတိုယ်စီနှင့်၊ မြင်းခွာသံများသည် နားကွဲလုမတတ် ဆူညံနေသည်၊ မြင်းများ လွန်သွားသော အခါ လှည်းများကို တွေ့ရသည်၊ လှည်းများပေါ်တွင် လက်နက်စားနပ်ရိက္ခာ အပြည့်တင်လာသည်၊ လှည်းများနောက်တွင် နောက် မြင်းတပ်တစ်တပ်၊ တပ်စခန်းတစ်ခုလုံး အနောက်ဘက် ချီတက်နေသည်၊

စစ်တပ်လွန်သွားသည်ကို စောင့်နေရသည်မှာ တစ်ခေတ်လောက် ကြာသွားသလားဟု အောက်မေ့နေရသည်၊ နဂိုက ပြေပြေချောချောမရှိသည့် လမ်းသည် ပိုပြီး အခြေအနေဆိုးသွားသည်၊ လူနှစ်ယောက်က တောထဲ ထွက်ပြေးသည့်နွားများကို သွားမသည်၊ အဂ္ဂိဝမ္မာနှင့် ရွာသူကြီးက ပြန့်ကျဲနေ သည့် စပါးများကို ကြုံးပြီး လှည်းပေါ်ပြန်တင်သည်၊

အနီးအနားတွင် သစ်ပင်ကြီးကြီးမရှိပေ၊ ခြုံပုတ်လေးတစ်ခုစ နှစ်ခုစ သာရှိသည်၊ ကျောက်တောင်တုန်းတလေးများလည်းရှိသည်၊ ရွာသူကြီးသည် လှည်းပေါ်တ လိမ့်ကျသည့်ဒဏ်ရာကြောင့် အတော်ပင် အနေရအထိုင်ရ ဆိုး နေသည်၊ အဂ္ဂိဝမ္မာမှာလည်း နဖူးတချွေး ခြေမကျပြီး ဟောဟဲ . . ဟောဟဲနှင့် ဖြစ်နေသည်၊

လှည်းများပေါ်တွင် ပစ္စည်းများအားလုံး ပြန်တင်ပြီး သွားသည်၊ သို့ရာ တွင် ချက်ချင်းမထွက်နိုင်ကြသေးပေ၊ သူတို့အားလုံး မောပိုက်နေကြသည်၊ ဝမ်းဗိုက်ထဲကလည်း တကြုတ်ကြုတ် ဖြစ်နေသည်၊ နေဝူရှိန်ကလည်း ပြင်းလာ သည်၊ ချုံပုတ်ဘေးတွင်ထိုင်ပြီး ပါလာသည့် အစားအစာကို စားကြည့်လေ သည်၊ နွားများကိုလည်း မြတ်ကျွေးကြသည်၊

" စစ်တပ်အနောက်ဘက် ချီတက်သွားတယ်၊ တိုက်ပွဲပြင်းထန်လာ မယ့် လက္ခဏာရှိနေတယ် " ရွာသူကြီးက ပြောလိုက်သည်၊

" ဟုတ်လား " အဂ္ဂိဝမ္မာက ထမင်းတစ်လုတ် ဝလုတ်ပလောင်းနှင့် စားပြီး ပြန်ပြောသည်၊

" စစ်ဖြစ်နေတာကတော့ ကြာပါပြီ၊ ဒါပေမယ့် အရင်က မီးညွန့်မီးလျှံ လောက်ရှိတာ၊ အခုတော့ တောမီးဟုန်းဟုန်းထတောက်ပြီ " အဖိုးကြီးတစ် ယောက်က ရွာသူကြီးအား ပြောလိုက်သည်၊



" ဒီတစ်ကြိမ်တော့ ယဇသီရိကများ အနိုင်ရနေမလားမသိဘူး " အဂ္ဂိဝမ္မာက သူ့ထင်မြင်ချက်ကို ပြောပြသည်၊

" အဲဒီလိုပဲ ခန့်မှန်းရတာပဲ၊ ဘုရင်ယဇသီရိက သာတဝါဟန မင်းဆက်ရဲ့ အင်အားကို တောင့်တင်းခိုင်မာလာအောင် ပြန်စုစည်းလိုက်တယ်၊ တိုယ့်နိုင်ငံရဲ့ အကျယ်အဝန်းကို ချဲ့ထွင်ဖို့ အမြဲမပြတ် ကြိုးစားနေတယ်၊ ရုဒ္ဒဒမနဘုရင်တတော့ ပွဲတိုင်းအောင်နေတာနဲ့ မာန်ယစ်ပြီး ငါဘုရင်ဆိုပြီး ထင်တာလုပ်နေတယ်၊ တိုင်းသူပြည်သားတွေ သူ့ဘက်မပါတော့ဘူး၊ တိုင်းသူ ပြည်သားတွေ့ရဲ့ ထောက်ခံအားပေးမှုမရရင် ဘုရင်ကော ဘာလုပ်နိုင်မှာလဲ၊ ဘုရင်ယဇသီရိရဲ့ တိုင်းသူပြည်သားတွေကတော့ သူတို့ဘုရင်အတွက် အသက်စွန့်လိုက်ဖို့ ဝန်လေးတာမဟုတ်ဘူး၊ ဘုရင်ယဇသီရိအတွက်က သူ့ အမျိုးအနွယ်ရဲ့ သေရေးရှင်ရေးပြဿနာ ဖြစ်နေတယ်၊ အနိုင်ရလိမ့်မယ်လို့ မျှော်လင့်ချက်မထားရင် စစ်ပွဲထဲ ဝင်လာမှာ မဟုတ်ပါဘူး "

" ဒါပေမယ့် " ရွာသူကြီးကပြောနေစဉ်မှာပင် အဂ္ဂိဝမ္မာက သူ့သံသယ ကို တစ်ပြုံမည်လုပ်သည်၊

" ဘာ. . ဒါပေမယ့်လဲ၊ ရုဒ္ဒဒမနဘုရင်နဲ့ သာတဝါဟနမင်းဆက် ဘုရင်တို့ သမီးပေး သမီးယူ လုပ်နေတဲ့အတွက် စစ်ပွဲတွေ ပြင်းထန်လာမယ့် လက္ခဏာ မရှိဘူးလို့ မောင်က ပြောချင်တာမဟုတ်လား၊ စိတ်သာချ၊ အဲဒီလို သမီးပေး သမီးယူ လုပ်နေတဲ့အတွက် စစ်ပွဲ မတင်မကျဖြစ်နေမှာတော့ မဟုတ် ဘူး၊ သူနိုင်ငါနိုင် တိုက်ကြမှာ ကျိန်းသေတယ် "

အဂ္ဂိဝမ္မာက တစ်စုံတစ်ရာ ထပ်မပြောတော့ပေ၊ ပါလာသူတစ်ဦးက ပြောသည်၊

" ဒီလိုသာ စစ်တပ်ချီတက်နေရင်တော့ ကျုပ်တို့ ရှေ့ဆက်သွားဖို့ လွယ်မှာမဟုတ်ဘူး "

" စစ်တပ်ချီတက်သွားပြီးမှပဲ "

ရွာသူကြီးက ပြန်ပြောသည်၊

" နောက်ထပ် ချီတက်မလာဘူးလို့ ဘယ်သူပြောနိုင်သလဲ [illegible] လာတယ်ဆိုရင်တော့ တပ်ဖွဲ့တစ်ခုပြီးတစ်ခု ချီတက်လာဖို့ [illegible]"

အဂ္ဂိဝမ္မာက သူ့ထင်မြင်ချက်ကို ပြောပြသည်၊

" ဒါပေမယ့် ကျုပ်တို့ပြန်သွားလို့တော့ မတော်ဘူး [illegible]အခိန့်နဲ့ ကျုပ်တို့လာခဲ့ရတာ၊ စစ်ပွဲမှာ ကျုပ်တို့အနေနဲ့လဲ တစ်တပ်[illegible] ပါဝင်တာ ပဲ၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့ နောက်ပြန်ဆုတ်လို့ မဖြစ်ဘူး ရှေ့ဆက်သွားရလိမ့်

www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ကဲ. . ထကြ၊ သွားကြစို့ ”

လှည်းများသည် လမ်းပေါ်၌ တအိအိနှင့် သွားနေကြပြန်သည်။ ထို့နောက် အတန်ငယ်ကြာသောအခါ လှည်းတန်းကြီးသည် ပိုပြီးရှည်လာသည်။ ပတ်ဝန်းကျင်အနီးအနားရွာများမှ ရွာသားများလည်း ဘုရင့်အမိန့်အာဏာအရ လှည်းများပေါ်တွင် စပါးတင်ပြီး ထိုလမ်းမှပင် ဧညာကရကသို့ သယ်ယူသွားကြသည်။

ဧညာကရကသို့ သွားသည့်လမ်းသည် တစ်နေ့ခရီးမျှသာ ဖြစ်သည်။ သို့ရာတွင် လှည်းများမှာ ခပ်လေးလေး ခပ်မှန်မှန်သာ သွားနေသဖြင့် နှစ်ရက်ကြာမှ ဧညာကရကရောက်သွားကြသည်။

ဧညာကရက ရောက်သွားသောအခါ ဧည့်ရိပ်သာတွင် တည်းခိုကြသည်။ ဆန်စပါးများကို မင်းမှုထမ်းများအား ပေးအပ်လိုက်ကြသည်။

စစ်ကာလဖြစ်သည်။ ရွာတွင် သူကြီးရှိနေမှ ဖြစ်မည်။ သူကြီးသည် ထိုနေ့၌ပင် လှည်းများကိုမောင်းပြီး ရွာသို့ပြန်သွားသည်။ အင်္ဂဝမ္မာအား သူ၏ တောင်းပန်ချက်အရ ဧညာကရကမြို့၌ပင် ထားခဲ့သည်။ အင်္ဂဝမ္မာ မောင်းလာသည့်လှည်းများကိုလည်း ရွာသူကြီးက တာဝန်ယူပြီး ပြန်မောင်းသွားသည်။



( ၃၀ )

ဧညာကရကမြို့၌ အသိအကျွမ်းတစ်ယောက်မှ မရှိသော်လည်း အင်္ဂဝမ္မာသည် ယခုတစ်ခေါက်တော့ ဘုရင့်ရှေ့မှောက် အရောက်မရောက်ဘဲ မပြန်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။

ဘုရင်ဆိုသည့် ပုဂ္ဂိုလ်မှာ ဘယ်လိုပုဂ္ဂိုလ်မျိုးနည်း။ မိမိကို နန်းတော်တွင်း သွားခွင့်ပေးပါမည်လား။ ဘုရင့်ရှေ့မှောက် အခစားသွားရောက်ရန်အတွက် ဘယ်လို ဓလေ့ထုံးစံမျိုးကို လိုက်နာကျင့်သုံးရသနည်း။ ဘုရင်အား အမယ်အို ပြောပြသည့်စကားကို တစ်ဆင့် သံတော်ဦးတင်လို့ ဖြစ်မှဖြစ်ပါမည်လား။ တကယ်လို့ ဘုရင်က သူ့ကိုပါ မယုံသင်္ကာဖြစ်လာလျှင် ဘယ်လိုလုပ်မည်နည်း။ ပြဿနာပေါင်း သောင်းခြောက်ထောင်သည် သူ့စိတ်ထဲတွင် တစ်ခုပြီးတစ်ခု ပေါ်လာသည်။

အင်္ဂဝမ္မာသည် တစ်ကြိမ် နန်းတော်အထိ ရောက်သွားခဲ့သည်။ စစ်သည်တပ်သားများကို မြင်ရသည်ဖြစ်၍ လန့်ပြီး ပြန်လာခဲ့ခြင်း ဖြစ်သည်။ ယခုတစ်ဖန် ဘုရင့်ရှေ့တော်မှောက် ရောက်အောင် မည်သို့သွားမည်နည်း။ နည်းလမ်းရှာမရ ဖြစ်နေသည်။

အင်္ဂဝမ္မာသည် စိတ်ပျက်ပျက်နှင့် မြစ်ကမ်းပါး လျှောက်သွားသည်။ မြစ်ကမ်းတွင်လူတွေ ကြိတ်ကြိတ်တိုးနေကြသည်။ နန်းတော်၏ အစိတ်အပိုင်းတစ်ခုသည် ကမ်းစပ်သို့ ဖြာထွက်လာပြီး ရေစပ်အထိ ရောက်လာသည်။ ထိုနေရာ၌ ရေချိုးဆိပ်ဖြစ်နေသည်။ အင်္ဂဝမ္မာသည် ထိုနေရာကိုလှမ်းကြည့်နေသည်။ ဘုရင်သည် နေ့စဉ်နေ့တိုင်း ယင်းရေချိုးဆိပ်၌ ရေဆင်းချိုးပြီး နေကိုရှိခိုးလေ့ရှိသည်။ ထိုအချိန်၌ ဘုရင်နှင့်အတူ ပြည်သူပြည်သားများလည်း ရောနှောပြီး ဝှဲဇော်လေ့ရှိကြသည်။

အင်္ဂဝမ္မာသည် ထိုနေရာ၌ ရပ်လိုက်သည်။ သူ့ရွာအထိ သူ့နောက်နောက်ယောင်ခံလိုက်ကြသည့် သူများသည် သူ ဧညာကရက ရောက်နေသည်ဆိုသည့်သတင်းကို ရရှိသွားကြပြီဖြစ်လိမ့်မည်။ ထိုလူရှိုယ်များသည် သူ့နောက် တရပ်နေကြသည်။ ယခင် မုတ်ဆိတ်မွေးနှင့် ထုတ်ထုတ်ခိုင်ခိုင်သူ့ရှိုင် ပါသောသည်ကိုမူ တွေ့ရပေ။

ဘုရင်သည် စင်မြင့်ပေါ် ရောက်ရှိလာသည်။ လူအုပ်ကြီးက ဘုရင့်ကို ဦးညွှတ်အရိုအသေပြုလိုက်သည်။ ဘုရင်ကလည်း ပြည်သူပြည်သားများအား ပြန်လည် အရိုအသေပြုသည်။ အင်္ဂဝမ္မာလည်း ရုတ်တရက် လက်အုပ်ချီလိုက်သည်။ ဘုရင်၏ ဥပဓိရုပ်ကို ကျေနပ်အားရသွားသည်။ နုငယ်မှောင်သောဆံပင်

www.burmeseclassic.com

www.burmeseclassic.com



မြင့်မောက်ကျယ်ပြန့်သော မဟာနဖူး၊ သိပ်သည်းသည့် မျက်ခုံး၊ သွယ်တန်းသော နှာတန်၊ ဖားလျားကျနေသည့် မုတ်ဆိတ်၊ ကြည်လင်သည့် မျက်နှာအမူအရာ၊ ကျယ်ပြန့်ကားထွက်နေသည့် ရင်အုပ်၊ တောင့်တင်း ခိုင်မာသည့် အရပ်အမောင်း ဘုရင်ကိုတွေ့လိုက်ရသည်နှင့် တပြိုင်နက် အဂ္ဂိဝမ္မာသည် ဘုရင်၏ရုပ်တုကို စိတ်ကူးထဲ ထည့်ကြည့်လိုက်သည်။

ပြည်သူပြည်သားများက ဘုရင်အား လေးစားကြည်ညိုကြောင်း ပြောသည်ကို တွေ့ရသည်နှင့် အဂ္ဂိဝမ္မာသည် ဘုရင်အား ညာဏထောက်ထားတတ်သူ၊ သဘောကောင်းသူတစ်ယောက် ဖြစ်လိမ့်မည်ဟု တွက်လိုက်သည်။

သူ၏အမူအရာကို ကြည့်ရခြင်းအားဖြင့်လည်း ဘုရင်သည် ကြို့ကြို့ ရှို့ရှို့ နေတတ်သူ ဟုတ်ဟန်မတူသော်လည်း၊ မာန်မာနကြီးသူ၊ ရက်စက်ကြမ်းကြုတ်သူ မဟုတ်ကြောင်းမှာမူ ထင်ရှားနေသည်။

ဘုရင်သည် နေကို ရှိခိုးပြီးသောအခါ နန်းတော်သို့ ပြန်လည်ကြွသွားသည်။ ဘုရင်ထွက်ခွာသွားသည်နှင့် တစ်ပြိုင်နက် လူအုပ်ကြီးလည်း စဲသွားသည်။ အဂ္ဂိဝမ္မာသည် အရဲစွန့်ပြီး ဘုရင့်နန်းတော်ဘက် သွားသည်။ သူ့ကို အတဲခတ်နေသည့် ပုဂ္ဂိုလ်နှစ်ဦးလည်း သူ့နောက်က ထပ်ချပ်ပါသွားသည်။ နန်းတော်ဝင်းတံခါး အဂ္ဂိဝမ္မာရောက်သွားသည်နှင့် တစ်ပြိုင်နက် ထိုပုဂ္ဂိုလ်နှစ်ဦးအနက် တစ်ဦးကမေးလိုက်သည်။

" ဟေ့... ဒီမှာ မင်း ဒီ ဥဇ္ဇေနက ကလား "

" မဟုတ်ပါဘူး " အဂ္ဂိဝမ္မာက ကြောက်ကြောက်လန့်လန့်နှင့် ပြန်ဖြေသည်။

" ဒီ... မင်းဘယ်ကလဲ "

အဂ္ဂိဝမ္မာသည် ရုတ်တရက် အဖြေပြန်မပေးနိုင် ဖြစ်နေသည်။ အထိတ်အလန့်ဖြစ်ပြီး ဟိုဟိုသည်သည် ကြည့်နေသည်။

" ပြောလေ.. မင်းဘယ်ကလဲ " ထိုလူနှစ်ယောက်က ခြိမ်းခြောက်လိုက်ပြန်သည်။

အဂ္ဂိဝမ္မာအတွက် အဖြေပြန်ပေးစရာပင် လိုမည်မဟုတ်ပေ။ သူ့ရုပ်ရည်၊ သူ့ပုံသဏ္ဌာန်က သူ ဤအရပ်သား မဟုတ်ပါဆိုသည့် အကြောင်းကို ပြောပြနေသည်။ စစ်ကြောင့် လူတို့သည် အလိုလိုနေရင်းက စိတ်ကြမ်းကိုယ်ကြမ်း ဖြစ်နေကြသည်။ စစ်သားများသည် မျက်စိဖွင့် နားစွင့်နေကြရသည်။ မင်းမှုထမ်းများလည်း အမြဲ သတိထားနေကြရသည်။ တစ်ရပ်တစ်ကျေးက လူများ၊ တစ်ပြည်ရပ်ခြားက လူများ၏ အသွားအလာကို မျက်စိဒေါက်ထောက်



ကြည့်နေကြရသည်။

" ပြောလေ... မင်းဘယ်ကလဲ " ပုဂ္ဂိုလ်တစ်ဦးက သူ့ပခုံးကိုကိုင်၍ အော်ငေါက်မေးနေသည်။ အဂ္ဂိဝမ္မာအား ခြိမ်းခြောက်ဟိန်းဟောက်ပြီး မေးမြန်းစုံစမ်းနေသည်ကို တွေ့ရသည်ဖြစ်၍ ထိုနေရာသို့ လူတွေ ဝိုင်းအုံလာကြသည်။

" ဘယ်ကလဲဆိုတာ မင်းမပြောဘူးလား "

" နာသိက... " အဂ္ဂိဝမ္မာ၏နှုတ်မှ ရုတ်တရက် ထွက်သွားသည်။

" နာသိက ဟုတ်လား၊ နာသိကဟာ ရုဒ္ဒဒမနရဲ့ ပိုင်နက်နယ်မြေပဲ၊ ဘယ်တုန်းက ဒီကိုလာသလဲ "

'ကြာပြီ' အဂ္ဂိဝမ္မာသည် အဖြစ်မှန်ကို ပြောမပြနိုင်လောက်အောင် ဝင် တုန်လှုပ်ကြောက်ရွံ့နေသည်။

" မင်း ဘာအလုပ်လုပ်သလဲ "

အဂ္ဂိဝမ္မာ ဘာပြန်ပြောမည်နည်း။ သူတတ်ထားသည့် ပညာက တစ်မျိုး၊ လုပ်နေရသည့် အလုပ်ကတစ်မျိုး၊ သူအနုပညာရှင်တစ်ဦးဖြစ်သည် ဆိုသည့် အကြောင်းကို ပြောမပြလိုသည့် မာန်မာနကလည်း ရှိနေသည်။ ဘာမှပြန်မပြောဘဲသာ နေလိုက်သည်။

" မင်း လမ်းပေါ်လျှောက်နေတဲ့အလုပ်ပဲ လုပ်သလား။ မင်း ဘာလူမျိုးလဲ၊ မင်းဘယ်သူလဲ "

အဂ္ဂိဝမ္မာသည် ယင်းပြဿနာမျိုးကို အကြိမ်များစွာ အမေးခံခဲ့ရပြီး သို့ရာတွင် အဖြေပြန်မပေးနိုင်ခဲ့ပေ။ ယခုလည်း အဖြေမပေးနိုင်၊ ဝါးစဝ် အပေါင်းသားနှင့်သာ ရပ်နေသည်။ လူအုပ်ကလည်း တစ်စထက်တစ်စ များလာသည်။

" ဒီကို ဘာလုပ်လာသလဲ "

ဘုရင်နှင့်တွေ့ဆုံရအောင် လာသည်ဟု ပြောလိုက်လျှင် ပိုပြီး ပြဿနာရှုပ်သွားလိမ့်မည်ဟု အဂ္ဂိဝမ္မာ စိုးရိမ်နေသည်၊ ထို့ကြောင့် " ဘာမှ ကိစ္စမရှိပါဘူး၊ ဒီလိုပဲလာခဲ့တာပဲ " ဟုသာ ပြန်ဖြေလိုက်သည်။

ထိုပုဂ္ဂိုလ်နှစ်ဦးသည် မေးမြန်းစစ်ဆေးသည့်အလုပ်ကို ရပ်လိုက်ပြီး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်၊ စကားဖြင့် ထုတ်ဖော်ပြောဆိုခြင်းမရှိဘဲ ဘယ့်နှယ့်လုပ်ကြမလဲဟု မေးသည့်နှယ်၊ ထိုအခိုက် လူအုပ်ထဲက နှစ်ယောက်သုံးယောက်က တစ်ပြိုင်နက်တည်း မေးလိုက်ကြသည်။

" မင်းဘယ်သူလဲ "

www.burmeseclassic.com

www.burmeseclassic.com



" ကျွပ်. . ကျွပ်. . " အဂ္ဂိဝမ္မာ အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေသည်။

" ယဝန လူမျိုးနဲ့တူတယ်၊ ရုဒ္ဒဒမနလည်း ယဝန လူမျိုးပဲ၊ နာသိက မြို့ကလို့ပြောတယ် " လူအုပ်ကြီး လှုပ်လှုပ်ရွရွဖြစ်လာသည်။

" မင်း ယဝနလူမျိုး မဟုတ်လား "

" ဟုတ်တယ်. . . ဟင့်အင်း၊ မဟုတ်ဘူး " အဂ္ဂိဝမ္မာ အယောင်ယောင်အမှားမှား ဖြစ်နေသည်။

' ယဝနလူမျိုးဟုတ်ဟုတ် မဟုတ်ဟုတ် ဒီလူ ရုဒ္ဒဒမနရဲ့ သူလျှိုဖြစ်ရို သေချာတယ်၊ စုံစမ်းထောက်လှမ်းရအောင် လာတာဖြစ်မှာပဲ၊ ဟေ့ သူ့ကို ချမ်းသာ မပေးကြနဲ့ "

တစ်ယောက်က ပြောလိုက်သည်၊ ထိုသူသည် ပြောပြောဆိုဆို အဂ္ဂိဝမ္မာကို ခဲနှင့်ပေါက်သည်၊ ထို့နောက် လူအုပ်ကြီး ရုတ်ရုတ် ရှတ်ရှတ် ဖြစ်လာပြီး အချို့က ခဲနှင့်ပေါက်ကြသည်၊ အချို့က ကျောက်ခဲနှင့် ပစ်ကြသည်၊ အချို့က ဖိနပ်နှင့် ပစ်ကြသည်၊ အဂ္ဂိဝမ္မာသည် အသက်ဖက်နှင့်ထုပ်ပြီး ပြေးလေတော့သည်၊ လူအုပ်ကြီးက အော်ဟစ်ပြီး သူ့နောက်လိုက်သည်၊ ခဲမိုးလည်း ဖြိုင်းထန်လာသည်၊ အဂ္ဂိဝမ္မာက မြစ်ကမ်းပါးက ပြေးသည်၊ ဘုရားကျောင်း ချောင်ကြိုချောင်ကြားထဲ ဝင်ပြီး ထိုမှတစ်ဆင့် တောထဲ အတင်း ဝင်ပြေးသည်၊ ထိုအခါကျမှ နောက်မှလိုက်လာသည့် လူအုပ်ကြီးလည်း ရုတ်ခြည်းပြတ်သွားသည်၊ သူ့နောက် ဆက်မလိုက်ကြတော့ပေ။

အဂ္ဂိဝမ္မာသည် တစ်နေ့လုံး တညည်းညည်း တညူညူနှင့် တောထဲက သစ်ပင်အောက်တွင် ထမင်းလည်းငတ် ရေလည်း ပြတ်ပြီး လဲနေသည်၊ သူ၏ ကိုယ်မှ သွေးများ ဒလဟော စီးထွက်နေသည်၊ အသက်ပျောက်မသွားသည်မှာ တော်ပေသေးသည်၊ ဉာဏဒူတကလည်း သူ့ကို တစ်ချိန်တုန်းက နာသိက မြို့က ကန်ထုတ်လိုက်သလိုပင် ကန်ထုတ်လိုက်သည်၊ သို့သော် အခြေခံ အကြောင်းရင်းမှာမူ တစ်ဦးနှင့်တစ်ဦး မတူပေ။



( ၃၀ )

အဂ္ဂိဝမ္မာသည် လူမြင်မခံဘဲ ပုန်းလျှိုးကွယ်လျှိုးနှင့် လာခဲ့ရာ သုံးလေးရက်ကြာသောအခါ ရွာပြန်ရောက်လာသည်၊ ဒဏ်ရာများမှ ထွက်သောသွေးများသည် တစ်ကိုယ်လုံးတွင် စီးတပ်နေသည်၊ အဆစ်များလည်း အလွန်ကိုက်ခဲနာကျင်နေသည်၊ အခြေအနေမှာ အတော်ပင်ဆိုးနေသည်။

အဂ္ဂိဝမ္မာသည် ခရဲတရဲနှင့်လာခဲ့ရာ ရွာနားရောက်လာသည်၊ ရေတွင်း၌ ရေခတ်သည့် မိန်းမများစု ရုံးနေကြသည်၊ ထိုမိန်းမများသည် တိုက်တိုက်ဆိုင်ဆိုင် အဂ္ဂိဝမ္မာအကြောင်း ဆွေးနွေးပြောဆိုနေကြသည်၊ " သူ သူလျှိုဖြစ်လိမ့်မယ်ဆိုတာ ကျွပ် တွေးတောင် မတွေးမိဘူး၊ လူကြည့်တော့ နုံရိုးပန်းနဲ့ " မိန်းမတစ်ယောက် ပြောလိုက်သည်။

" သူ့ဘာကြောင့် ဉာဏဒူတကကို ကူးချည်သန်းချည် လုပ်နေတယ်ဆိုတာ အခုသိရပြီ မဟုတ်လား "

" သူ့အနေအထားကို ကြည့်ပါလား၊ ဘယ်သူ့ကိုမှ စကားတစ်ခွန်း မပြောဘူး၊ တခြားလူတွေ ပြောတာကိုတော့ အားလုံး ဝရုစိုက်နားထောင်တယ်"

" ဒါပေမယ့် ခက်တာက သူက ညှိုသည်အနေနဲ့ လာနေတာ၊ ညှိုသည်ကို တုတ်တပြတ် ဓားတပြတ် လုပ်တာတော့ မသင့်လျော်ဘူး "

" ဒီသူလျှိုတွေ ရှိနေပေမဲ့ ကျွပ်တို့ဘုရင်ပဲ အပြီးသတ်ကျတော့ အနိုင်ရမှာပဲ " အဂ္ဂိဝမ္မာအကြောင်း တစ်ယောက်တစ်ပေါက် ပြောနေကြသည်၊ စကားအခွန်းတိုင်း အခွန်းတိုင်း ရင့်သီးလှသည်၊ နာသာခံခက်ရှိလှသည်၊ အခြေအမြစ်မရှိသည့် စကားများသာ များသည်၊ အဂ္ဂိဝမ္မာအဖို့ နားမထောင်ရဲအောင် ဖြစ်နေသည်၊ ကြောက်ဆုတ်ကြောက်ဆုတ်နှင့် သယ်ခင်းထဲမှ ဖြတ်ပြီး ရွာသူကြီးအိမ် လာခဲ့သည်၊ လမ်းတွင် အသိနှစ်ယောက်သုံးယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့သည်၊ သို့ရာတွင် ထိုပုဂ္ဂိုလ်များသည် သူ့ကို မည်သူမှ နှုတ်မဆက်ကြ၊ စကားမပြောကြ၊ သူက စကားပြောသော်လည်း စကားပြန်မပြောကြ၊

ရွာသူကြီးအိမ်ရောက်သွားသည်၊ ရွာသူကြီးသည် သူ့ကို ထိုင်စရာ နေရာမျှတိုင်ဝင် မပေးပေ၊ သူ တံခါးဝလာရပ်သည်ကို တွေ့ရသည့်အခါ ရွာသူကြီးသည် အိမ်ထဲဝင်သွားသည်၊ အဂ္ဂိဝမ္မာအား စကားလက်ခံပြောရဲသည့်သတ္တိ ရွာသူကြီးတွင်မရှိပေ၊ အဂ္ဂိဝမ္မာသည် စိတ်လည်းပျက်၊ ထိတ်လည်း ထိတ်လျက် ရွာသူကြီးအိမ်မှ ပြန်လာခဲ့သည်၊

လမ်းကြားထဲက ပြန်လာခဲ့သည်၊ လမ်းဆုံလမ်းခွ၌ " ကျုပ်သူလျှို မဟုတ်ဘူး၊ ကျုပ် အနုပညာရှင် " ဟု အော်ပြောလိုက်ချင်သည်၊ သို့ရာတွင် မပြောရဲပေ၊ နှုတ်ပိတ်၍သာပြန်လာခဲ့သည်၊

ရွာထဲတွင် သူနှင့်တွေ့သူများက သူ့ကို ရှောင်သွားကြသည်၊ ကလေးသူငယ်များကအစ သူ့ကိုမြင်လိုက်လျှင် ဦးခေါင်းငိုက်စိုက်ချပြီး ခပ်မှန်မှန် ခပ်တည်တည် လျှောက်သွားကြသည်၊ တစ်ရွာလုံးက သူ့ကို ကျဉ်ထားသည်၊ ဝိုင်းပယ်ထားသည်၊ ရွာသူကြီး၏ အမိန့်နှင့် သူ့ကို ယင်းသို့ သပိတ်မှောက်ထားကြခြင်း ဖြစ်တန်တူသည်၊

အိမ်အနီးရောက်သွားသောအခါ အိမ်ဝတွင် စစ်သားနှစ်ယောက်ကို တွေ့မြင်ရသည်၊ သူ ထိတ်လန့်တုန်လှုပ်သွားသည်၊ စစ်သားများသည် သူ့ကို ဘာမှမပြောပေ၊ သူတို့ဘာသာ သူတို့သာ ဟားတိုက်ရယ်နေကြသည်၊

အဂ္ဂိဝမ္မာ သူ့အိမ်သူ ပြန်ရောက်လာသည်၊ အိမ်တံခါး အလုံပိတ်ထားသည်ကို တွေ့ရသည်၊ ညနေချမ်းအချိန်ဖြစ်သည်၊ ခေါင်းနဘမ်းကြီးသွားသည်၊ ပုပ္ပဝလီတို့များ ဖမ်းသွားကြပြီလား၊ သမီးငယ်လေး ဘယ်လိုများဖြစ်နေသနည်း၊ ဘယ်များ ရောက်နေသနည်း၊ ခရီးရောက်မဆိုက် အိမ်ထဲဝင်သွားလို့ တော်ပါမည်လား၊ ယင်းသို့တွေးတောပြီး အဂ္ဂိဝမ္မာရပ်နေသည်၊

ထိုအခိုက် တံခါးဖွင့်ပြီး သခင် မုတ်ဆိတ်နှင့် ပုဂ္ဂိုလ်သည် အိမ်အပြင်ထွက်လာသည်၊ ထိုအချိန်၌ကား မုတ်ဆိတ်နှင့်ဆရာသည် မင်းမှုထမ်းအဝတ်အစားနှင့် ဖြစ်နေသည်၊ အဂ္ဂိဝမ္မာတ သူ့ကိုမသိပေ၊ မှတ်လည်း မမှတ်မိပေ၊ မိမိကို ဖမ်းဆီးရန် လာသောသူများသာ ဖြစ်လိမ့်မည်ဟု မှန်းဆကြည့်သည်၊ ထိုမင်းမှုထမ်းနှင့်အတူ ပုပ္ပဝလီသည် ရယ်ကာမောကာနှင့် စကားပြောနေသည်၊ မင်းမှုထမ်း၏ မျက်နှာလည်း သတာလောင်းထားသည့်အလား ချိုနေသည်၊ အပြင်ဘက်ထွက်လာရင်း မင်းမှုထမ်းက ပုပ္ပဝလီ၏ပါးကို ဆွဲလိုက်သည်၊ အိမ်တံခါး ဘာကြောင့်ပိတ်ထားသည်ဆိုသည်ကို အဂ္ဂိဝမ္မာသိသွားသည်၊



အဂ္ဂိဝမ္မာသည် သူရူးအသွင်ကဲ့သို့ စွပ်မိစွပ်ရာ အတင်းထွက်ပြေးသည်၊ ပါးစပ်ကလည်း အော်ဟစ်သည်၊ သို့သော် အနီးရှိ စစ်သားများက သူ့ကို အတင်းဖမ်းဆွဲထားကြသည်၊ သူ့ကို တခြားသွားခွင့်မပေးပေ၊ စစ်သားများသည် သူ့ကို သူ့အိမ်ဝ အတင်းဆွဲခေါ်လာကြသည်၊

မင်းမှုထမ်းသည် ခြံဝ၌ရပ်လျက် စစ်သားများအား "လွှတ်လိုက်ကြ" ဟု အရိပ်အမြွက်ပြလိုက်သည်၊ ထို့နောက် မင်းမှုထမ်းသည် ပြုံးပြီး မုတ်ဆိတ်မွေးသပ်လျက် ခြေလှမ်းကျဲကျဲဖြင့် ထွက်သွားသည်၊ စစ်သားများသည် အဂ္ဂိဝမ္မာအား သူ့အိမ်ထဲထားခဲ့ပြီးလျှင် အပြင်မှ ခြံတံခါးကို ပိတ်ပြီး ထွက်သွားကြသည်၊

ပုပ္ပဝလီသည် အဂ္ဂိဝမ္မာကို တွေ့ရသည့်အခါ မျက်ရည်စီးကျလာသည်၊ ကလေးငယ်သည် အိမ်ထောင့်တစ်ထောင့်တွင် အနီးနှင့် လုံးထွေးရစ်ပတ် ဖြစ်နေပြီး ငိုနေသည်၊ အဂ္ဂိဝမ္မာသည် ဒေါသထွက်လွန်းလှသဖြင့် တဆတ်ဆတ်တုန်နေသည်၊ ကိုယ့်ကိုယ်ကို ဘယ်မှာ ထိန်းချုပ်ထားနိုင်မည်နည်း၊

" သူတို့ ရှင့်ကို ဖမ်းမလို့ လာကြတယ်၊ ရှင့်ကို သူတို့က သူလျှိုအောက်မေ့နေကြတယ်၊ ရှင့်ကိုဖမ်းပြီး ဘာလုပ်မယ်ဆိုတာ မပြောနိုင်ဘူး၊ ကျွန်မကိုခွင့်လွှတ်ပါ "

အဂ္ဂိဝမ္မာသည် ပုပ္ပဝလီကို မကြည့်ပေ၊ မျက်နှာလွှဲပြီး ရပ်နေသည်၊ အံကိုလည်း ကြိတ်ထားသည်၊

" ရှင့်ကိုဖမ်းပြီး ထောင်ထဲထည့်မှာ ကျွန်မစိုးရိမ်တယ်၊ ပြီးတော့ထဲ ရှင့် အနုပညာရှင်ဘဝ မပွင့်ခင်က နင်းအချေခံရမှာ ကျွန်မ သိပ်စိုးတယ်၊ ကျွန်မဆီမှာ တခြားဘာနည်းလမ်းမှမရှိဘူး၊ မိန်းမတစ်ယောက်အနေနဲ့ အခြားဘာလုပ်တတ်မှာလဲ၊ ကျွန်မ တန်ဖိုးအများကြီး ပေးလိုက်ရတယ်၊ ဒါပေမယ့် ရှင် အဖမ်းမခံရတော့ဘူး၊ လွတ်လွတ်လပ်လပ်ရှိသွားပြီ " ပုပ္ပဝလီက ရှိုက်ရှိုက်ပြီး ပြောသည်၊

" ကျွန်မ တစ်ခုပဲ နားလည်တယ်၊ ကျွန်မ ဟိုတကျာရှူဆိတ ရှင့်လွတ်လပ်ရေးကို ဝယ်ယူလိုက်တယ် "

" ပါးစပ်ပိတ်ထားစမ်း၊ နင် မိန်းမရွှင်ဇာတိ ပြန်ပေါ်တာမဟုတ်လား "

" ကျွန်မရဲ့အမြင်၊ ကျွန်မရဲ့အသိမှာ တော်ဝင်ဇနီးမယား တစ်ယောက်အနေနဲ့ လုပ်တယ်လို့ ထင်တဲ့အရာကိုပဲ ကျွန်မလုပ်တယ်၊ ကမ္ဘာပေါ်တစ်ကြီးထဘာပဲ အောက်မေ့အောက်မေ့ ကျွန်မလုပ်တာ ရှင့်အတွက်ပဲ ရှင့်ထောင်းအိုး အတွက်ပဲ "

www.burmeseclassic.com

www.burmeseclassic.com



" နင်မရှက်ဘူးလား၊ တော်ဝင်ဇနီးမယားဆိုတာ ကိုယ့်ကိုယ်ကို ဘယ်တော့မှ-ရောင်းမစားဘူး၊ တစ်ခုတော့ရှိတယ်၊ ငါကိုယ်တိုင်တလဲ နင့်ကို လက်ထပ်ယူထားတာမှ မဟုတ်ဘဲ "

အဂ္ဂိဝမ္မာ စကားမဆုံးခင် ပုပ္ဖဝလီ သတိမေ့လဲကျသွားသည်၊ အချိန်အတန်ကြာသည့်တိုင်အောင် သတိမေ့နေသည်။ နောက်ဆုံးတွင်မူ အဂ္ဂိဝမ္မာသည် သတိမေ့နေသည့် မယား၏မျက်နှာပေါ် ရေစက်ဖြန်းမပေးနိုင် လောက်အောင်မူ မရက်စက်နိုင်ပေ။ လင်မယားနှစ်ယောက်သည် တစ်ညလုံး တခြားစီခွဲအိပ်ကြသည်၊ လင်ကလည်း ဘာမှမပြောပေ၊ မယားကလည်း ဘာမှမပြောပေ၊ ကြားထဲက ကလေးငယ်ကသာလျှင် တစ်ညလုံး ငိုနေသည်၊ ငိုနေသည့်ကလေးကိုလည်း ဘယ်သူမှ လှည့်မကြည့်ပေ၊

နံနက်မိုးလင်းသောအခါ အဂ္ဂိဝမ္မာသည် လုပ်နေကျအလုပ်ကို လုပ်ရန်ထွက်သွားသည်၊ ထွက်သွားပြီးနောက် အိမ်ပြန်မလာတော့ပေ၊ တောထဲသွားပြီး တောထဲကတစ်ဆင့် တစ်နေရာ ထွက်သွားသည်၊ ဝုပ္ဖဝလီကမူ သူ့ယောက်ျားကို တမျှော်မျှော်နှင့်၊



( ၃၂ )

အဂ္ဂိဝမ္မာတွင် ဘာလမ်းမှမရှိပေ၊ ဘာရည်ရွယ်ချက်မှ မရှိပေ၊ ဘာဦးတည်ချက်မှ မရှိပေ၊ ဘာရည်မှန်းချက်မှ မရှိပေ၊ ဦးတည်ရာသွားနေသည်၊ ရွာများနှင့် ဝေးအောင်၊ ဇနပုဒ်များနှင့် ဝေးအောင် ဘုရင့်စစ်သည်ဟပ်သားများ၊ မင်းမှုထမ်းများနှင့် ဝေးအောင်၊ လူတွေနှင့်ဝေးအောင် သွားနေသည်၊ သူ့အိမ်၊ သူ့မယား၊ သူ့သမီးသည် သူ့အဖို့ ကျိုးပဲ့ပျက်စီးသွားပြီဖြစ်သည့် ရုပ်တုများသဖွယ် ထင်နေသည်၊

ကွယ်လွန်သူ မိဘနှစ်ပါးသည် သူ့ကို ဆူမှန်ပေးနေသတဲ့သို့ အောက်မေ့နေရသည်၊ သော့ရှင်၊ အင်္ဂတ်ဘောကြီး၊ နာသိတမြို့ ရှောင်တခင်လှမ်းခန်းနှင့် အဆုံးသတ်လိုက်ရသည့် ရှည်လျားသည့် အခန်းတဏှာကြီးတစ်ခုသည် သူ့ရှေ့ပေါ်လာသည်၊ မေတ္တေယိက သူ့ကို စိုက်ကြည့်နေသည်ဟု ထင်လာသည်၊ မေတ္တေယိလည်း ပုပ္ဖဝလီလုပ်သလိုပင် လုပ်ခဲ့သည်မဟုတ်လား၊ စက်ဆုပ်ဖွယ်ကောင်းသည့်အလုပ်၊ ယုတ်ညံ့သေးသိမ်သည့်အလုပ်၊

မေတ္တေယိ ယခုဘယ်ရောက်နေပြီနည်း၊ တိတ္တိဝါနက သူ့ကို ဘာလုပ်မည်မသိပေ၊ သူ အခု တိတ္တိဝါနနှင့် ရှိမှရှိသေးရဲ့လား၊ သို့မဟုတ် သူ့လိုပင် ရပ်တကာရွာတကာ လှည့်လည်သွားလာများ နေရသလား၊ ဟင့်အင်း . . . ဟင့်အင်း . . . ငါမလုပ်ဝံ့ဘူး၊ ငါဟိုတုန်းကတည်းက ဆန့်ကျင်ခဲ့ဖို့ ကောင်းတယ်၊ ငါ မြင်းလိုပြေးဖို့ပဲ နားလည်တယ်၊ အခုလဲ ပြေးနေတာပဲ၊ ငါ့လက်ထဲမှာ မြင်းဇက်ကြိုးလဲ မရှိဘူး၊ အဂ္ဂိဝမ္မာသည် ကိုယ်တွင်းမှ မီးလျှံများ နှုတ်ခမ်းကို ထွက်မြိုက်နေသလားဟု အောက်မေ့နေသည်၊ နှုတ်ခမ်းကိုဟပြီး ဟောဟဲ . . . ဟောဟဲ ဖြစ်နေသည်၊ သွား၍လည်း မရတော့ပေ၊ သစ်ပင်တစ်ပင်အောက်၌ ထိုင်ချလိုက်သည်၊

www.burmeseclassic.com

www.burmeseclassic.com



ညောင်ပင်၊ ရွာသူကြီး၊ နွားပေါက်ကလေး၊ တဲအိမ်ကလေး၊ တမာပင်၊ အဖိုးအို၊ ကွယ်လွန်သွားပြီဖြစ်သည့် အဖိုးအို၊ ဖခင်နှင့်တူသည့် အဖိုးအို၊ ဘုရားကျောင်း၊ ရုပ်တုများ၊ အရာဝတ္ထုများစွာတို့သည် သူ့မျက်စိရှေ့၌ ချားရဟတ်ပမာ လည်နေကြသည်။ ရွာသူကြီး၏ သူတော်ကောင်းစိတ်ဓာတ်ကြောင့်၊ ရွာသူကြီး၏ကျေးဇူးကြောင့် ဘဝ၏ဒုတိယကဏ္ဍတစ်ခု ပွင့်လာခဲ့သည်။ ထိုကဏ္ဍမှာလည်း အလွမ်းအဆွေးနှင့်သာ အဆုံးသတ်ခဲ့သည်။ အဂ္ဂိဝမ္မာသည်သူ့စိတ်ကူး သူ့အတွေးများနှင့် ဝေးအောင်ဝင် ပြေးချင်လာသည်။ ထိုင်ရာမှတစ်ဖန်ထပြီး လျှောက်ပြန်သည်။

ဘုရားကျောင်းကို ဆောက်လုပ်ခဲ့သည်။ ရုပ်တုများကို ထုလုပ်ခဲ့သည်။ ယင်းဘုရားကျောင်းနှင့် ရုပ်တုများသည် ယခုမရှိတော့၊ အထည်ဖြစ်မပေါ်သေးသည့် စိတ်ကူးစိတ်သန်းများ အထည်ဖြစ်ပေါ်ခဲ့သည်။ အကောင်အထည်ပေါ်ခဲ့သည်။ ထို့နောက် တစ်ဖန် မထင်မရှားပြန်ဖြစ်သွားသည်၊ အထည်မဲ့၊ ဖြပ်မဲ့၊ အကောင်အထည်မဲ့ ပြန်ဖြစ်သွားသည်၊ လုပ်အား၏ အကျိုးအာနိသင်မှာ အချည်းနှီး အလဟဿ ဖြစ်သွားရသည်၊ အလုပ်လုပ်သူက တခြား၊ နာမည်ရသူက တခြား၊ နေဦးလ၊ တိတ္တိဝါန၊ အဂ္ဂိဝမ္မာ ရှတ်တရက်ရပ်လိုက်သည်။

တောတ်သေးဘူး၊ ဒီလိုဖြစ်လို့ ဘယ်ရမလဲ၊ ဘုရားသခင်က အားလုံးကို မြည့်နေသည်၊ လူ့ဘဝတိုင်းမှာ ရည်မှန်းချက်ရှိသည်၊ ဘဝဟူသည် သူ့အလိုလို ပွင့်သည့် ဝန်းအတိုင်းဖြစ်သည်၊ တစ်နေ့ပွင့်ရမည်ဖြစ်သည်၊ ထို့နောက် သတ်မှတ်ထားသည့်အချိန်၌၊ သတ်မှတ်ထားသည့် ရာသီဥတု၌ ညှိုးနွမ်းသွားမည်ဖြစ်သည်၊ ဆီနှင်း၊ ပျားပိတုန်း၊ ဥယျာဉ်မှူး၊ ဘုရားကျောင်း၊ အားလုံး သူ့အခါသမယနှင့်သူ ရှိနေသည်၊ အားလုံးအဆင်ပြေရမည်၊ အဂ္ဂိဝမ္မာသည် သက်ပြင်းတစ်ချက် ရှူလိုက်ပြီးလျှင် ခါးကို ဆန့်တန်းလိုက်သည်၊ ရင်ကို ကော့လိုက်သည်။

ထို့နောက် ချက်ချင်း ဦးခေါင်းငိုက်စိုက် ကျသွားသည်၊ တောင်စဉ်ရေမရ အတွေးအခေါ်များ ပြန်ပေါ်လာပြန်သည်။

မဟုတ်သေးဘူး၊ ငါဟာ လူယုတ်မာတစ်ယောက်ဖြစ်သည်၊ မကောင်းမှု၏အတိုးကို ငါခံစားရမှာပဲ၊ မေတ္တာယိုသည် ငါ့ကိုယုံကြည်ကိုးစားခဲ့သည်၊ သို့သော်လည်း ငါ သူ့ကိုပစ်ထားခဲ့သည်၊ အမယ်အိုသည် ငါ့ကို သားရင်းတစ်ယောက်လို သဘောထားသည်၊ သို့သော်လည်း ငါ သူ့ကို တစ်ပတ်ရိုက်ပြီး ထွက်လာခဲ့သည်၊ သူ့ခမျာ ဘယ်ဆီများ ရောတ်နေရှာသည် မသိပေ၊ ညောကရုတကို ရောက်မှ ရောတ်လာရဲ့လား၊ ပြီးတော့ ပုပ္ပဝလီ၊ သူ့နာမည်ကို



တော့ ဝါးစပ် သနသည်၊ မပြောတော့ဘူး၊ သို့သော်လည်း သမီးလေးက ရှိသေးသည်၊ သမီးငယ်လေးသည် ဘာများ မကောင်းတာ လုပ်ခဲ့သနည်း၊ သမီးလေး ပစ်ထားခဲ့ပြီး ထွက်လာခွင့် ငါ့မှာ ရှိပါသလား၊ မရှိဘူး. . မရှိဘူး၊ အဂ္ဂိဝမ္မာသည် ဒယိမ်းဒယိုင်နှင့် ထိုင်လိုက်ပြန်သည်၊ အနီး၌ ချောင်းငယ်တစ်ခုသည် တဖျတ်ဖျတ် စီးဆင်းနေသည်၊ ချောက်ကမ်းပါးရှိ သစ်ပင်တစ်ပင်အောက်၌ လှဲလိုက်သည်၊ ထို့နောက် အတန်ငယ်ကြာသောအခါ မှေးခနဲ အိပ်ပျော်သွားသည်၊ ချောင်းကလေး စီးဆင်းနေသည်၊ သို့ရာတွင် တဖျတ်ဖျတ် ရေစီးသံသည် သူ၏နားထဲ ရောက်မလာတော့ပေ၊

အိပ်ရာက နိုးလာသောအခါ နေအတော်စောင်းသွားပြီ၊ ထိုအတောအတွင်း မှောင်ရိုသန်းလာသည်၊ ထိုနေရာတစ်ပိုက်သည် သူ့အတွက် အစိမ်းသက်သက်ဖြစ်သည်၊ သို့ရာတွင် သူသည် ထိတ်လန့်ကြောက်ရွံ့ခြင်း မရှိပေ၊ အပူပင် အကြောင့်ကြ မရှိတော့သလို ထင်နေရသည်၊

အဂ္ဂိဝမ္မာသည် ကရိရှနာမြစ်ဘက် ခပ်သုတ်သုတ်သွားသည်၊ မြစ်ကြောင်းသည် ထိုနေရာ၌ မကျယ်လှပေ၊ တောင်ငယ်လေးနှစ်လုံး၏ အကြားတွင် စီးဆင်းနေသည်၊ မြစ်တစ်ဖက်ကမ်း၌ ရှုရိပဗ္ဗတတောင်တန်းရှိသည်၊ ထိုတောင်တန်း၌ ရသေ့ရဟန်းများ နေထိုင်ကြသည်၊ သခ်မ်းကျောင်းများ ရှိသည်၊ တသင်ကျောင်းများရှိသည်၊ ထိုနေရာသို့ စစ်၏ အနိုးအငွေ့ မရောက်ပေ၊ ထာဝစဉ် ငြိမ်းအေးနေသည်၊ သီးခြားကမ္ဘာတစ်ခု ဖြစ်နေသည်၊ ယင်းအချက်များကို အဂ္ဂိဝမ္မာ သိထားသည်၊

မြစ်ထဲတွင် ရေနည်းနေသည်၊ အချို့နေရာများ၌ သောင်များ၊ ကျွန်းများပင် ပေါ်နေသည်၊ မြစ်ရေသည် ကျောက်တုံးကျောက်ဆောင်များကို တိုက်ပြီး စီးဆင်းနေသည်၊ အဂ္ဂိဝမ္မာ ရေထဲဆင်းလိုက်သည်၊ သူ၏မျက်စိသည် တစ်ဖက်ကမ်းရှိ ရှုရိပဗ္ဗတတောင်ပေါ် ရောက်နေသည်၊ နိမ့်လျှောဆင်းနေသည့် ကြိုးတန်းကြီးကဲ့သို့ ယင်းတောင်တန်းကြီးသည် နိမ့်လိုက်မြင့်လိုက်နှင့် အနောက်တောင်ဘက် တန်းသွားသည်၊

ခြေထောက်ထောက်ပြီး သွား၍ရသည့်နေရာအထိ ခြေထောက်နှင့် သွားသည်၊ မသွားနိုင်သည့်နေရာသို့ ရောက်သောအခါ ရေကူးသွားသည်၊ ကျွန်းပေါ် သောင်ပေါ်တွင် တအောင့်နားသည်၊ ထို့နောက် ကူးသည်၊ မြစ်ရေသည် သူ၏ဒဏ်ရာများကို ကျွတ်အောင် လုပ်ပေးနေသတဲ့သို့ ဖြစ်နေသည်၊

မြစ်တစ်ဖက်ကမ်း ရောက်သွားသောအခါ အဂ္ဂိဝမ္မာသည် [illegible] အောင်တွင် အချိန်အတန်ကြာ နားနေသည်၊ ခတ်ခတ်ခဲခဲ [illegible] [illegible]

www.burmeseclassic.com

www.burmeseclassic.com



လုံခြုံစိတ်ချရသည့် ရဲတိုက်ကြီးထဲ ရောက်သွားသကဲ့သို့ ထင်နေသည်။ တိတ်ဆိတ်ငြိမ်သည့်နေရာ၌ အဖော်မပါ တစ်ဦးသာ ဖြစ်နေသော်လည်း ထိတ်လန့်ကြောက်ရွံ့ခြင်း အလျှင်းမရှိပေ။

ဤနယ်မြေသည်လည်း သာတဝါဟနမင်းဆက်ဘုရင်၏ ပိုင်နက်နယ်မြေသာ ဖြစ်သည်ဆိုသည်ကိုမူ အဂ္ဂဝမ္မာသိသည်။ ဧည့်ကဍကမြို့သည် မြစ်ဟိုဘက်ကမ်း၌ ကျန်ခဲ့ပြီ၊ စိတ်အေးလက်အေး ဖြစ်သွားသည်။ ခမိုးသည် သူ့နောက် လိုက်မရှာတော့ပေ။ လူသူတင်းရာဝေးရာ၌သာ နေချင်သည့်စိတ် ပေါ်နေသည်။

ညနေချမ်းအချိန်၌ အဂ္ဂဝမ္မာသည် စမ်းတဝါးဝါးသွားရင်းနှင့် တစ်နေရာသို့ ရောက်လာသည်။ ထိုနေရာ၌ တောင်သည် အတန်ငယ်မြင့်သွားသည်။ တောင်ထိပ်၌ မြေညီမြေပြန့်နေရာတစ်ခုကို တွေ့ရသည်၊ တစ်ဖက်တွင် တောင်ခြေမြေနီပြင်ရှိသည်။ ထိုနေရာ၌ ရှာသုံးလေးရွာတည်ထားသည်။ အခြားတစ်ဖက်၌ကား တည်ငြိမ်ကျွမ်းရနေသည့် ပြာလဲ့လဲ့ ကရိရှနာမြစ်။

အဂ္ဂဝမ္မာသည် ထိုနေရာကို အထူးသဘောကျနေသည်။ လိုက်လံရှာဖွေသည့်အခါ လိုဏ်ခေါင်းတစ်ခုကို တွေ့ရသည်။ နက်လည်းမနက်လှပေ။ တိရစ္ဆာန်များလည်း ခိုအောင်းမနေပေ။ ကျောက်တုံးကြီးတစ်ခု သူ့ ပင်မနေရာက ရွေ့သွားပြီး နေရာလပ်တစ်ခု ဖြစ်နေခြင်းဖြစ်သည်၊ ထိုနေရာ၌ ခြုံတ်ဝင်များ၊ သစ်ပင်များပင် ပေါက်နေကြပြီ၊ ကျောက်တုံးကြီးသည် ခပ်တွာတွာ၌ ရောက်နေသည်၊ လိုဏ်ခေါင်းကို အကာအကွယ်ပေးထားသည်နှင့် တူသေးတော့သည်။

အဂ္ဂဝမ္မာသည် လိုဏ်ခေါင်းထဲ ဝင်သွားသည်၊ ထို့နောက် နေရာကို သန့်ပြန့်သွားအောင် လှဲကျင်းပြီး ကျောဆန့်လိုက်သည်၊



( ၃၃ )

ယင်းလိုဏ်ခေါင်းငယ်ကလေးသည် အဂ္ဂဝမ္မာအား ခိုလှုံမှုပေးသည်၊ နေပူမမိအောင်၊ မိုးမမိအောင် အကာအကွယ်ပေးသည်။ ဧည့်ကဍက သွားလိုသည့် ပြင်းထန်သော အာသာဆန္ဒသည် ဖူးရောင်ပြီး ပေါက်ကွဲသွားလေပြီ၊ သို့ရာတွင် သူ၏လက်ချောင်းကလေးများသည် ယခုထက်တိုင် အလုပ်အကိုင်လုပ်ကိုင်ဖို့ရန်အတွက် တလှုပ်လှုပ်တရွရွ ဖြစ်နေတုန်းပင်၊ လှုပ်ရှားမှုမပြုနိုင်သည့် ခန္ဓာ၏ စိတ်နှလုံးသည် ပို၍ပင်လှုပ်ရှားသေးသည်၊

အဂ္ဂဝမ္မာသည် တမလွန်လောကအကြောင်းနှင့် ရုပ်လွန်သဘောတရားကို စဉ်းစားဆင်ခြင်သည့် အတွေးအခေါ်သမား မဟုတ်ပေ၊ အာသာဆန္ဒကို စွန့်ပယ်ထားသည့် တရားသမားလည်း မဟုတ်ပေ၊ ဖျိုရွယ်မှု၏ တက်ကြွလှုပ်ရှားမှုသည် ပွက်ပွက်ဆူနေသည့် နို့နှင့်တူသည်၊ ရေထည့်လိုက်လျှင် တစ်ခဏမျှမူ ငြိမ်သွားသည်၊ သို့သော်လည်း မကြာခင် ပွက်ခြံ ပြန်ပွက်လာသည်၊

အဂ္ဂဝမ္မာ၏ အခြေအနေမှာလည်း ထိုအတိုင်းပင်ဖြစ်သည်၊ အလုပ်လုပ်ချင်သည်၊ သို့ရာတွင် လုပ်စရာအလုပ်လည်း မရှိပေ၊ လုပ်စရာဝစ္စည်းတရိယာ တန်ဆာပလာလည်း မရှိပေ၊ သူ၏ခန္ဓာသည် ကြုံလှီလာသည်၊ ကိုယ်ပေါ်က အဝတ်လည်း ဆွေးမြေ့စုတ်ပြတ်ကုန်ပြီ၊ အရွက်ဖုံးရုံ လုံရုံလောက်သာ ကျန်တော့သည်၊ အနီးအနားရှိ တောအတွင်း၌ သစ်ဥ သစ်ဖုများကိုသာ သူ ရှာစားနေသည်၊

တစ်ခါတစ်ရံ အောက်ဘက်ရွာများဆီ ဆင်းကြည့်လိုသည့် စိတ်ဆန္ဒ ဖြစ်ပေါ်လာသည်၊ သို့ရာတွင် ကြောက်စိတ်မတုန်သေးသဖြင့် ဆင်းဖို့ မဝံ့ရဲ ဖြစ်နေသည်၊ မင်းမှုထမ်းများ သူ့နောက် လိုက်နေကြတုန်းပင် ရှိသေးသည်ဟု အထင်ရှိနေတုန်းပင်၊ အဝတ်အစား ဟုတ်တိပတ်တိ ဝတ်မထားရသော်လည်း သူ့ကိုယ်လုံးကိုယ်ပေါက်နှင့် အသွေးအရောင်မှာ တခြားလူများနှင့် မတူပေ

www.burmeseclassic.com



တစ်ဘာသာဖြစ်နေသည်၊ ထိုဒေသက ဘာသာစကားကိုလည်း သူ တောင်းတောင်း နားမလည်၊

သရဒဥတု အချိန်ကာလဖြစ်သည်၊ တစ်နေ့တွင် တောင်ထိပ်ပေါ်ရှိ မြေညီမြေပြန့်နေရာ၌ အဂ္ဂိဝမ္မာ ထိုင်နေသည်၊ နေရောင်ခြည်သည် သူ၏ ကိုယ်ခန္ဓာကို အနွေးဓာတ်ပေးနေသည်၊ အဂ္ဂိဝမ္မာသည် တောင်အောက် ငုံ့ကြည့်နေသည်၊ ရွာဆီ၌ လှုပ်လှုပ်ရွရွလ ဖြစ်နေသည်၊ အဝါရောင် အလံကြီးများကိုကိုင်ပြီး လူအများသည် စုဝေးရုံးစုနေကြသည်၊ ခပ်လှမ်းလှမ်းမှလည်း လူပေါင်းများစွာတို့သည် တောင်ကြားလမ်းများမှ အုပ်ဖွဲ့ပြီး လာနေကြသည်၊ တူရိယာများကို တီးမှုတ်နေကြသည်၊ တောင်ခြေဒေသတစ်ခုလုံးသည် အသံအမျိုးမျိုးဖြင့် ပဲ့တင်ညံနေသည်၊ အနီး၌ရှိသည့် ကရိရှနာမြစ်သည်ပင် ယင်းပဲ့တင်သံများကို နားစိုက်ထောင်နေသလို ထင်နေရသည်၊

ပွဲလမ်းသဘင်တစ်ခုခု ကျင်းပနေပုံရသည်၊ နေမြင့်လာလေလေ ပွဲသဘင်၏ အသွင်သဏ္ဌာန် ပြောင်းလာလေလေဖြစ်သည်၊ လူစုလူဝေးလည်း ပိုများလာသည်၊ အဂ္ဂိဝမ္မာသည် ထိုနေရာသို့ သွားလိုသည့်ဆန္ဒ ဖြစ်ပေါ်လာသည်၊ ခြေနှစ်လှမ်း၊ သုံးလှမ်းပင် အောက်သို့ဆင်းလိုက်သည်၊ သို့ရာတွင် နောက်မှ ခြေလှမ်းတို့တန့်ပြီး ပြန်လှည့်လာသည်၊

နောက်ဆုံးတွင်ကား အဂ္ဂိဝမ္မာ မနေနိုင်တော့ပေ၊ အရဲစွန့်ပြီး တောင်အောက်ဆင်းလာသည်၊ အရပ်ဒေသ၊ ပွဲသဘင်၊ လူစုလူဝေး အားလုံးပင် သူ့အတွက် တစိမ်းသက်သက် ဖြစ်သည်၊ သူ့ကို မည်သူသိမည်နည်း၊ ရသေ့ရဟန်းများ၊ ဝရဗိုဇ်များလည်း လူစုလူဝေးထဲတွင် ပါဝင်သည်၊ ရသေ့ရဟန်းများ၊ ဝရိဗိုဇ်များက သူ့ကို မိမိတို့နှင့် အလားတူ ပရဗိုဇ်တစ်ဦးပင် ဖြစ်မည်ဟုသာ ထင်ကြပေလိမ့်မည်၊ ယင်းသို့တွေးပြီး အဂ္ဂိဝမ္မာသည် မိမိကိုယ်ကို အားပေးသည်၊

လိုဏ်ခေါင်းထဲ အောင်းနေရသည်မှာ နေ့ရက်များစွာ ကြာသွားပြီ၊ လမင်းသည် အကြိမ်များစွာပင် မိမိ၏ ပြည့်ဝသော အသရေဖြင့် ထွန်းပပြီးလျှင် တစ်ဖန်ပြန်ပြီး ဆုတ်ယုတ်သွားသည်၊ သို့ရာတွင် ယင်းအဖြစ်အပျက်မှာ လဲတျရင်း၊ လဲတျရင်းနှင့်လည်း ကုန်းထနိုင်သည်၊ နိမ့်တျရင်း နိမ့်တျရင်းလည်း မြင့်မားတိုးတက်လာနိုင်သည်ဟူသည့် အဓိပ္ပာယ်ကို ပြနေဟန်ရှိသည်၊ လသည် သေးငယ်ရာမှ ပြန်ကြီးမားလာသည်၊ ဆုတ်ယုတ်သွားရာမှ ပြန်ထိုးတက်လာသည်၊ နေ့ရက်များ ကုန်ဆုံးကျော်လွန်သွားကြသည်၊ တောတိရစ္ဆာန်များသည်ပင် တောမှာနေရတာ ငြီးငွေ့ပြီး တစ်ခါတစ်ရံ ရွာနီးချုပ်စပ် ချဉ်းကပ်လာတတ်ကြ



သည်၊ အဂ္ဂိဝမ္မာသည် ကိုယ့်ကိုယ်ကို အားပေးစကားပြောကြားနေသည်၊

တောင်ပေါ်မှ မဝံ့မရဲနှင့် ဆင်းလာရာ လမ်းပေါ်ရောက်လာသည်၊ လမ်းပေါ်တွင် လူအုပ်ကြီးသည် အဆက်မပြတ် သွားနေသည်၊ လူတွေပြောသည့် စကားအရ ဗုဒ္ဓဘာသာဝင်များ၏ ပွဲသဘင်တစ်ခု ကျင်းပပြုလုပ်နေကြောင်းသိရှိရသည်၊ ယင်းပွဲသဘင်၌ ပါဝင်ဆင်နွှဲရန်အတွက် ရပ်ဝေးရပ်နီးမှ လူများ လှိမ့်လာကြခြင်းဖြစ်သည်၊ အဂ္ဂိဝမ္မာ အတန်ငယ် စိတ်အေးသွားသည်၊ ယင်းပတ်ဝန်းကျင်အခြေအနေ၌ သူ့ကို မယုံသင်္ကာဖြစ်မည့်သူ ရှိမည်ဆိုလျှင်လည်း အင်မတန်မှ နည်းပေလိမ့်မည်၊

လူများက သူ့ကို ဂရုတစိုက်ကြည့်ကြသည်၊ ရှေ့ကသွားနေသူများသည်ပင် သူရှိရာ နောက်ဘက် သမင်လည်ပြန် လှည့်ကြည့်လိုက်ကြသည်၊ သို့ရာတွင် သူတို့၏အကြည့်၌ မယုံသင်္ကာဖြစ်သည့် အရိပ်အရောင် မတွေ့ရပေ၊ ကြည်ညိုလေးစားသည့် အမူအရာသာ ရှိနေသည်၊ သူ့ကို ရသေ့ရဟန်းသို့မဟုတ် ပရိဗိုဇ်တစ်ဦးဟု ထင်မှတ်နေကြပုံရသည်၊ အဂ္ဂိဝမ္မာတမူ ထိုအကြောင်းကို မရိပ်မိပေ၊ သူ့ကို ယုံမှားသင်္ကာ မဖြစ်ခြင်းသည်ပင်လျှင် သူ့အတွက် ကျေနပ်အားရဖွယ် ဖြစ်နေသည်၊

အဂ္ဂိဝမ္မာသည် တောင်ခြေရောက်လာသည်၊ လူစုလူဝေးထဲ ဝင်ရောက်ပေါင်းဆုံလိုက်သည်၊ မဏ္ဍပ်ကြီးတစ်ခုထိုးထားသည်၊ မဏ္ဍပ်ထဲတွင် စေတီငယ်လေးတစ်ဆူရှိသည်၊ ယင်းစေတီငယ်၏ ပတ်ပတ်လည်၌ အဝါရောင် သင်္ကန်း ဝတ်ရုံထားသည့် ရဟန်းများ ထိုင်နေကြသည်၊ ရဟန်းအချို့တမူ ရွတ်ဖတ်သရဇ္ဈာယ်နေကြသည်၊ အပြင်ဘက်၌ လူများစွာတို့သည် တူရိယာများတို တီးမှုတ်ပြီး ကခုန်နေကြသည်၊ အဂ္ဂိဝမ္မာသည် ဘာတကြည့်ရင်း ထိုနေရာ၌ ရပ်နေသည်၊ သူလည်း လူထု၏ အစိတ်အပိုင်းတစ်ခု ဖြစ်သွားလေပြီ၊

နေဝင်သွားလေပြီ၊ အမှောင်ရောက်လာသည်၊ လူစုလူဝေးလည်း နည်းသွားသည်၊ ဧည့်သည်များ တည်းခိုနေထိုင်ဖို့ အထူးတလည် စီမံမထားပေ၊ အချို့မှာ သစ်ပင်များအောက်၌ နားနေကြသည်၊ အချို့တ အိမ်များတွင် တည်းခိုနေကြသည်၊ ရွာထဲက အိမ်တိုင်းအိမ်တိုင်း လူအပြည့်၊ ဧည့်ရိပ်သာ ဇရပ်သာလာ၌လည်း နေရာလပ် မရှိပေ၊

အဂ္ဂိဝမ္မာသည် သူ့လိုဏ်ခေါင်း ပြန်မသွားလိုပေ၊ ပွဲသဘင်တို့အပေါ် စိတ်ဝင်စားနေသည်ဖြစ်၍ ခပ်လှမ်းလှမ်းရှိ သစ်ပင်တစ်ပင်အောက် သွားသည်၊ ထိုနေရာ၌လည်း လူအတော်များများ အိပ်သူတအိပ်၊ လျောင်းသူတလျောင်းနေကြသည်၊ သူရောက်သွားသောအခါ လူတွေက နေရာဖယ်ပေးကြသည်၊ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



ရလေ့ရဟန်းတစ်ပါးဟု ထင်မှတ်နေကြသလားမသိပေ။

အဂ္ဂိဝမ္မာသည် နောက်တစ်နေ့တွင် နံနက်စောစောထသည်။ ပွဲသဘင်၏ ထိုနေ့အစီအစဉ် စနေပြီ၊ ပွဲသဘင်ရှိရာသို့ မသွားသေးဘဲ ရွာအနေအထားကို ကြည့်လိုသည့်အတွက် ရွာထဲထွက်လာသည်။ ရွာမှာ မကြီးလှပေ။ အိမ်လည်း ကျိုးတိုးကျဲတဲပင်၊ တောင်သူလယ်သမားများ၏ အိမ်လည်း မဟုတ်ပေ၊ အိမ်အတော်များများ၌ လူငယ်လူရွယ်များကို တွေ့ရသည်။ ကျောင်းသားများဖြစ်ပုံရသည်။ မိန်းမများမှာမူ အတော်ပင် အရေအတွက်နည်းသည်။

ရွာအပြင်ဘက်၌ အိမ်နှစ်အိမ် သုံးအိမ်ရှိသည်။ အိမ်များမှာ ယိမ်းယိုင်ပြိုလဲလုမတတ် ဖြစ်နေသည်။ ယင်းအိမ်များကို ကျော်သွားသည့်အခါ ဥယျာဉ်တစ်ခုကို တွေ့ရသည်။ ဥယျာဉ်ထဲတွင် ပရိသတ်တွေ ရုံးစုရုံးစု ဖြစ်နေကြသည်၊ အိမ်များတွင် လက်သမားဆရာနှင့် ပန်းပဲဆရာများနေကြသည်၊ ပန်းပဲဆရာတစ်ယောက်သည် အိမ်အပြင်ဘက်၌ အလုပ်လုပ်နေသည်။

အဂ္ဂိဝမ္မာသည် ရှတ်တရက် အကြံတစ်ခုရလာသည်။ တတ်သမျှမှတ်သမျှ ဘာသာစကားဖြင့် ပန်းပဲဆရာကို ပြောကြည့်သည်၊ နားလည်မှုရသွားကြပုံရသည်။ ကြောမိဝင် အဂ္ဂိဝမ္မာသည် တဖေါင်ဖေါင်နှင့် တူထုနေလေတော့သည်၊ တစ်ခါတစ်ရံ ဖားဖိုကို လေမှုတ်ပေးသည်၊ တစ်ခါတစ်ရံ ပန်းပဲဆရာ၏ တခြားအလုပ်များကို ကူညီလုပ်ကိုင်ပေးသည်၊

အဂ္ဂိဝမ္မာ အလုပ်လုပ်နေသည်ကို တွေ့ရသည့်အခါ လူစုလူဝေးသည် ဝိုင်းအုံလာကြသည်၊ အဂ္ဂိဝမ္မာကို တအံ့တဩ ကြည့်ကြသည်၊ တစ်ယောက်တပြောသည်၊

" တရားပေါက်နေတဲ့ လူနဲ့တူတယ်၊ ပန်းပဲဆရာဆီမှာ လာပြီး ဝမ်းရေးအတွက် အလုပ်လုပ်နေတယ် "

နောက်တစ်ယောက်က ထောက်ခံသည်၊

" တရားပေါက်တဲ့လူတွေ အကြောင်းတော့ မပြောနဲ့၊ ဘာမဆို အကုန်လုပ်တယ်၊ ဘာမဆို လုပ်နိုင်တာ လုပ်တတ်တာကလဲ တရားအကျင့်တစ်ခုပဲ"

အဂ္ဂိဝမ္မာသည် တစ်ခွန်းမှ ပြန်မပြောဘဲ သူ့အလုပ်သူ လုပ်နေသည်၊ စိတ်ထဲကမူ ရယ်ချင်နေသည်၊



( ၃၄ )

ပန်းပဲဆရာထံတွင် အဂ္ဂိဝမ္မာသည် နေ့ရက်အတန်ကြာ အလုပ်လုပ်နေသည်၊ တစ်ဝမ်းတစ်ခါးအတွက် မပူရမပင်ရတော့ပေ၊ ပွဲသဘင်တားပြီးသွားလေပြီ၊ အလုပ်ပါးသွားသည်မှာ မှန်သော်လည်း လူနှစ်ယောက်အတွက် လုပ်ရုံလောက်မူ ရွာထဲတွင် အလုပ်မရှားပေ၊

အဂ္ဂိဝမ္မာသည် ထိုရွာ၌ နောက်ထပ် နေ့ရက်များစွာ နေလိုက နေနိုင်သေးသည်၊ စစ်ပွဲ အပြီးမသတ်သေးပေ၊ နှစ်နေရာသုံးနေရာ၌ ယဇသိရိဘုရင်ဘက်မှ အနိုင်ရနေသည်၊ ရုဒ္ဒဒမနဘုရင်လည်း စစ်မျက်နှာတစ်ခုတွင် အနိုင်ရရှိသည်၊ သို့ရာတွင် ရုဒ္ဒဒမနသည် နောက်ပြန်ဆုတ်သွားသည်၊ ရွာထဲတွင် နေရသည်မှာ စစ်သတင်းကို မကြာခဏ ကြားကြားနေရသည်၊ အဂ္ဂိဝမ္မာသည် ရွာထဲတွင်ဆက်ပြီး နေချင်သည့်စိတ် မရှိတော့ပေ၊ စူးဆောက်များကိုယူပြီး တောင်ပေါ် ပြန်တက်သွားသည်၊ သရဒဥတု ကုန်ဆုံးသွားလေပြီ၊ အဂ္ဂိဝမ္မာသည် သူ့အတွက် စူးဆောက်နှစ်ခုသုံးခု ဝယ်ယူလာသည်၊

လိုဏ်ခေါင်းထဲတွင် မြက်ပင်များ ထူထပ်စွာ ပေါက်နေကြသည်၊ သို့ရာတွင် လိုဏ်ခေါင်းမှာမူ အပျက်အစီးမရှိပေ၊ သူ့ ပင်ကိုယ်အတိုင်းသာ ရှိနေသည်၊ လိုဏ်ခေါင်းနေရာကို ချဲ့ရန်အတွက် အဂ္ဂိဝမ္မာသည် အားသွန်ခွန်စိုက် အလုပ်စလုပ်လေတော့သည်၊ စူးဆောက်များကို အသုံးချသည်၊ တူကိုလည်း အနားမပေးပေ၊ ကျောက်တုံးကျောက်ခဲကြီးများမှာ မွှန်မွှန်ညက်ညက် ကြေသွားကြသည်၊ လိုဏ်ခေါင်းသည် လိုဏ်ဂူအဖြစ် ပြောင်းလဲသွားသည်။ ယခုအခါ၌ အဂ္ဂိဝမ္မာသည် စစ်အကြောင်းကိုလည်းကောင်း၊ မင်းမှုထမ်းများ အကြောင်းကိုလည်းကောင်း တွေးတောစဉ်းစားချိန် မရတော့ပေ၊ အတိတ်သည် အဝေးတွင် ကျန်ခဲ့လေပြီ၊

ရွာသူရွာသားများလည်း သူနေသည့်နေရာကို သိသွားကြလေပြီ၊ ရဟန်းများစွာတို့သည် ဤတောင်တွင် နေထိုင်ကြသည်၊ သူ့ကိုလည်း ရသေ့ရဟန်းတစ်ဦး ထင်မှတ်ကြသည်၊ တစ်ခါတစ်ရံ သူ့ကိုလာကြည့် လာဖူးသူများဝင်ရှိသည်၊ လာသည့်အခါ၌လည်း လက်ချည်းမလာကြပေ၊ ဝေးကမ်းလှျှင်ခါန်းရန် သစ်သီး သို့မဟုတ် တခြားစားဖွယ် ပစ္စည်းဝတ္ထု တစ်ခုခု ယူဆောင်လာကြသည်၊ သစ်ဥသစ်ဖုများကိုမူ အလွယ်တကူ ရရှိနေသည်၊ သစ်ဥသစ်ဖုများမှာ သူ၏ ပင်တိုင်အစားအစာဖြစ်သည်၊ သူသည် စကားမပြောပေ၊ ဆိတ်ဆိတ်နေသည့်အကျင့်တရားကို ဆက်လက်ကျင့်သုံးနေသည်၊ သို့ရာတွင် တစ်ခါတစ်ရံ ညအခါ လူခြေတိတ်ချိန်၌ သီချင်းညည်းနေတတ်သည်၊

www.burmeseclassic.com

www.burmeseclassic.com



လိုဏ်ဂူ၏ နံရံများမှာ တောက်ပြောင်လာသည်၊ နေရောင်ခြည်သည် လိုဏ်ဂူတွင်း အတော်လှမ်းလှမ်းအထိ ဝင်ရောက်နိုင်သည်၊ လိုဏ်ဂူတွင်း၌ အိမ်တစ်အိမ်သဖွယ် ဖြစ်နေသည်၊ အပေါ်တွင်လည်း ကျောက်၊ ဘေးတွင် လည်းကျောက်၊ အောက်တွင်လည်းကျောက်၊ အဂ္ဂိဝမ္မာသည် လူတွေ တင်းကြမ်း ဖြစ်နေသည့် မြို့၌ နေရသကဲ့သို့ပင် ထိုကျောက်ဂူထဲတွင် နေသည်၊ နံရံများ၌ လူစုလူဝေးအုပ်ဖွဲ့ပြီး စီတန်းလှည့်နေကြသလို ထင်နေရသည်၊ မိုးစွန်တဖျား မြင့်မားထိုးထွက်နေသည့် ဘုရားကျောင်း အဆောက်အအုံများ၊ ကြီးကျယ် မြင့်မားသည့် ဗိမာန် ပြာသာဒ်များ၊ အမျိုးမျိုးအစားစားသော မျက်နှာဖုံးပုံပန်း များ၊ အထွေထွေအပြားပြားသော ကိုယ်ဟန်အနေအထားများ၊ အားလုံးပင် မပြတ်မသား မထင်မရှား၊ အဂ္ဂိဝမ္မာသည် တစ်စုံတစ်ခုသော အရာဝတ္ထုကို ယခု အသွင်တစ်မျိုးဖြင့် မြင်ရပြီးနောက် မကြာခင်ပင် အခြားအသွင်တစ်မျိုး ဖြင့် မြင်နေရသည်၊

လိုဏ်ဂူ၏နံရံကျောက်သားပေါ်တွင် အဂ္ဂိဝမ္မာသည် ထူးခြားသော ရုပ်တုရုပ်လုံးများ ထွင်းထုသည်၊ ထိုရုပ်တုရုပ်လုံးများကို ထွင်းထုသည့် အလုပ် သည် တစ်နေ့တည်း တစ်ရက်တည်း မဟုတ်ပေ၊ ရက်ဆက်ဖြစ်သည်၊ လနှင့်ချီ ပြီး အချိန်ကြာသွားသောအခါ နံရံပေါ်၌ လှသော ချစ်စရာကောင်းသော ကလေးငယ်မလေးတစ်ဦး၏ ရုပ်လုံးပေါ်လာသည်၊ ကလေးငယ်မသည် လေး ဘက် တွားသွားနေသည်၊ တစ်စုံတစ်ဦး၏ ခြေထောက်ကို ထိကိုင်နေသည်ဟု ထင်ရသည်၊ ထိုခြေထောက်သည် လှပသော ခြေထောက်၊ နူးညံ့သော ခြေထောက်၊ ရှက်စနိုးဖြစ်နေသည့် မိန်းမပျိုတစ်ဦး၏ ခြေထောက်ဖြစ်သည်၊ ကလေးငယ်မလေး၏ ရုပ်ပုံမှာ သူ့သမီးငယ်၏ ရုပ်ပုံဖြစ်သည်၊ အဂ္ဂိဝမ္မာသည် မိန်းမပျို၏ရုပ်တုကို ခြေထောက်ပိုင်းမှစ၍ ထွင်းထုနေသည်၊

ထိုနေ့ထိုရက်များ၌ ထူးခြားသည့်အဖြစ်အပျက်တစ်ခု ဖြစ်ပျက် သည်၊ အဂ္ဂိဝမ္မာ စိတ်လှုပ်ရှားနေသည်၊ ဂနာမငြိမ်ဖြစ်နေသည်၊ တစ်နေ့လုံး အလုပ်လုပ်နေသည်၊ ညဉ့်အချိန်၌လည်း အိပ်၍မရပေ၊ ကျေးငှက်များ စိမ်းစို သည့် သစ်ပင်များပေါ်၌ နားပြီး နွေဦးကို ကြိုဆိုနေကြသည်၊ ပတ်ဝန်းကျင် တစ်ခွင်၌ စိမ်းလန်းစိုပြည်နေသည်၊ သူသည် ယခင်အချိန်များက ဤနေရာ ဤရာသီဥတုတွင် ဘာမှ မထူးခြားသလို နေထိုင်ခဲ့သည်၊ သို့ရာတွင် ယခုအခါ ၌ကား စိတ်လှုပ်ရှားနေသည်၊ တစ်စုံတစ်ခုသော အရာဝတ္ထုက သူ့ကို တွဲဆွဲ နေသလို ထင်ရသည်၊ ကိုယ့်ကိုယ်ကို တုပ်နှောင်ထားသလိုလည်း ထင်နေရသည်၊

တစ်နေ့တွင် မိန်းမတစ်ယောက်သည် ထင်းတောက်ရင်းနှင့် သူ၏



လိုဏ်ဂူရှေ့ ရောက်လာသည်၊ မိန်းမ၏အရွယ်မှာ အလယ်အလတ်ဖြစ်သည်၊ နုပ်ရည် သနားကမားထဲကလည်း မဟုတ်ပေ၊ မိန်းမသည် အဂ္ဂိဝမ္မာ အလုပ် လုပ်နေသည်ကို တအံ့တဩ ကြည့်နေသည်၊ အဂ္ဂိဝမ္မာသည် ဣန္ဒြေမဆောင် နိုင်တော့ပေ၊ ပြုံးတူးပြဲတဲ ဖြစ်သွားသည်၊ မိန်းမကလည်း လန့်အော်ပြီး ထွက်ပြေးသွားသည်၊ သို့သော် သူ့ကို ထူမပေးမည့်သူ မရှိပေ၊ ထို့နောက်မှ မိန်းမသည် ပုံမှန်အတိုင်း ပြန်ဖြစ်သွားပြီးလျှင် သူဟာသူ ဖုတ်ဖက်ခါပြီး ထသည်၊ မျက်နှာတွင်ကား ရှက်ပြုံးပြုံးနေသည်၊ မိန်းမမှာ ဇာတ်နိမ့် ဆင်းရဲသား မိန်းမတစ်ဦးဖြစ်သည်၊

မိန်းမ လှည့်ပြန်သွားသည်၊ မိန်းမပြန်သွားပြီးသည့်နောက်တွင် အဂ္ဂိဝမ္မာသည် သူ့လိုဏ်ဂူထဲတွင် မနေရဲတော့ပေ၊ ရွာထဲကလူတွေ တုတ်တွေ ဓားတွေနှင့် သူ့ဆီလာပြီး ရိုက်နှက်ကြတော့မည်၊ ခုတ်ထစ်ကြတော့မည်ဟု အထင်ရှိနေသည်ဖြစ်၍ အနီးအနားရှိ လိုဏ်ဂူခေါင်းတစ်ခုထဲ သွားပုန်းနေ သည်၊ နှစ်ရက်သုံးရက်ကြာသွားသည်၊ မည်သူတစ်ဦးတစ်ယောက်မှ ရောက် မလာပေ၊ ထိုအခါကျမှ သူ အကြောက်ပြေသွားသည်၊ စိတ်ချသလောက်လည်း ရှိသွားသည်၊

သုံးလေးရက် ကြာသွားသောအခါ ထိုမိန်းမသည် တစ်ယောက်တည်း လိုဏ်ဂူသို့ ရောက်လာပြန်သည်၊ ယခုတစ်ကြိမ်၌ကား ထိုမိန်းမသည် အကြောက်အရွံ့မရှိတော့ဘဲ အဂ္ဂိဝမ္မာနှင့် မေးတစ်ခွန်း ပြောတစ်ခွန်းဝင် ဆုပ်လာသည်၊ အဂ္ဂိဝမ္မာအတွက် စားစရာများကိုပင် ယူလာသည်၊ အဂ္ဂိဝမ္မာ အံ့ဩသွားသည်၊ မေးမြန်းစုံစမ်းကြည့်သည့်အခါ မိန်းမမှာ မုဆိုးမတစ်ဦး ဖြစ်ကြောင်း၊ ထင်းရောင်းပြီး အသက်မွေးဝမ်းကျောင်း နေရသူဖြစ်ကြောင်း သိရှိသွားသည်၊

နောက်ပိုင်းတွင်ကား ထိုမိန်းမလာလျှင် အဂ္ဂိဝမ္မာသည် ပျော်သလိုလို ရှိလာသည်၊ ယခင်အတိုင်းပင် အလုပ်ကိုလည်း အာရုံစိုက်ပြီး လုပ်နေသည်၊ သို့ရာတွင် ထိုမိန်းမ အလာစိပ်သောအခါ အဂ္ဂိဝမ္မာ ငြီးငွေ့သလိုလို ဖြစ်လာ သည်၊ စိုးရိမ်မတင်းပင် ဖြစ်လာသည်၊

ခြေထောက်တစ၍ ထွင်းထုသော ရုပ်လုံး ရုပ်တုသည် တဖြည်းဖြည်း တစ်စတစ်စ မျက်နှာအထိ ရောက်ရှိလာသည်၊ သွယ်တန်းသော ခြေထောက် အားထွက်နေသော တင်ပါး၊ သေးသွယ်နေသည့်ခါး၊ ဖွံ့ထွားနေသည့် ရင်သား နှင့် မိန်းမပျိုတစ်ဦး၏ ရုပ်တုဖြစ်ပုံရသည်၊ မျက်နှာပုံပန်းသဏ္ဌာန်မှာ မေတ္တာသီ ၏ မျက်နှာပုံပန်းသဏ္ဌာန်အတိုင်း ဖြစ်သည်၊ နှစ်ရှည်လများ သူ၏ အသည်းထဲ

www.burmeseclassic.com

www.burmeseclassic.com



တွင် စွဲနေသည့် ပုံသဏ္ဌာန်သည် သူ၏ဖန်တီးတည်ဆောက်မှုစွမ်းရည်ကြောင့် ရုပ်လုံးရုပ်သွင် ဖြစ်လာသည်၊ အဂ္ဂိဝမ္မာသည် မိမိမရနိုင်သည့်အရာကို ကြိုးစားပမ်းစား ဖန်တီးနေသည်၊ အောင်မြင်မှုမရှိသော ကြိုးပမ်းချက်ကို အောင်မြင်မှုရှိသော အိပ်မက်အဖြစ် သရုပ်ဖော်နေသည်၊

ရုပ်တု ပြီးသွားပြီ၊ ထိုရုပ်တု၏ နံဘေး၌ပင် နောက်ထပ်ရုပ်တုတစ်ခု ထွင်းထုပြန်သည်၊ ပထမရုပ်တုနှင့် ဆန့်ကျင်ဘက် ဦးခေါင်းငုံ့နေသည်၊ ခါးကိုင်းနေသည်၊ မျက်နှာတွန့်နေသည်၊ မျက်လုံးချိုင့်ဝင်နေသည်၊ အားကုန်ခန်းနေသည်၊ ဇရာဖိစီးနေသည်၊ တောင်ဝှေးစွဲကိုင်ထားသည်၊ စုပ်ပြဲနေသည့် အဝတ်ဖြင့် အရှက်လုံရုံ ဖုံးထားသည်၊ ယင်းရုပ်ထု၏ပုံသဏ္ဌာန်မှာမူ သူ ပစ်ထားခဲ့သည့် သူ့ကို သားလိုချစ်သော်လည်း သူ သစ္စာဖောက်လာခဲ့သည့် အမယ်အို၏ ပုံသဏ္ဌာန်နှင့် ချွတ်စွတ်တူသည်၊

ထို့နောက် ထိုရုပ်တု၏နံဘေးရှိ မြေပြင်လိုနေရာ၌ ကျောက်ဆောင်လိုလို ခပ်မို့မို့ နေရာတစ်ခုကို ထွင်းထုထားပြန်သည်၊ အဂ္ဂိဝမ္မာသည် ဘဝ၏ အဓိကအစိတ်အပိုင်းလေးခုကို၊ အချိန်ကာလ၏ လုပ်ငန်းစဉ်လေးရပ်ကို ရုပ်လုံးဖော်ထားသည်၊ သူငယ်၊ အပျိုရွယ်၊ သူအို၊ သူသေ သို့မဟုတ် ဇာတိ၊ ယုဝ ဇရာ၊ မရဏ၊

ဝန်းပုဆရာ၊ ကျောက်ဆစ်ဆရာသည် ယခင်က မျက်ကွယ်ဖြစ်သည့် နတ်ဒေဝတာရုပ်များကိုသာ ထုလုပ်ခဲ့သည်၊ နမူနာပုံကြမ်းတစ်ခုခုကို ကြည့်ပြီး ထုလုပ်ရသည့် အရုပ်များကိုသာ ထုလုပ်ခဲ့သည်၊ သို့သော် ယခုလက်ရာများကား ယင်းလက်ရာအမျိုးအစားထဲက မဟုတ်ပေ၊ ယင်းလက်ရာအမျိုးအစားနှင့် မတူသည့် သူ၏လက်ရာသစ်များထဲတွင် ယခုလက်ရာသည် အဦးဆုံးဖြစ်သည်၊ ပန်းတမော့ဆရာသည် မိမိကိုယ်တိုင် တွေ့ကြုံသိရှိ ခံစားလာခဲ့သည့် အတွေ့အကြုံတို့ ခံစားချက်ကို အနုပညာ၏ ရုပ်ဝတ္ထုဘာသာစကားဖြင့် ဖော်ပြထားသည်၊ သူ၏စိတ်နှလုံးပေါ်မှ ကျောက်တုံးကျောက်ခဲကြီးကို ဖယ်ရှားပစ်လိုက်သလို ဖြစ်သွားသည်၊

ယင်း ရုပ်တုရုပ်လုံးများ ထွင်းထု၍ ပြီးသွားသည့်နေ့၌ အဂ္ဂိဝမ္မာသည် တရိရှနာမြစ်ထဲသွားပြီး နာရီများစွာ ရေစိမ်ချိုးနေသည်၊ ပိတိဖြစ်လွန်းမထ ဖြစ်သဖြင့် အရူးတစ်ပိုင်း ဖြစ်နေသည်၊



( ၃၅ )

တစ်နေ့တွင် အဂ္ဂိဝမ္မာသည် လိုဏ်ဂူရှေ့ဘက်ရှိ မြေညီပေါ်တွင် ထိုင်ပြီး အဝန်းမြေနေသည်၊ တောင်ခြေ၌ တစ်ဖန် လူတွေ လှုပ်လှုပ်ရှရှ ဖြစ်နေကြပြန်သည်၊ ယခုတစ်ခါ၌မူ တူရိယာဂီတ တီးမှုတ်ကြသည်ကို မတွေ့ရပေ၊ လူသွားလမ်းများပေါ်၌ ခရီးသွားများ အုပ်ဖွဲ့ပြီး တစ်သီကြီး တစ်တန်းကြီး သွားနေကြသည်ကိုလည်း မတွေ့ရပေ၊ ရဟန်းများ စုစုဝေးဝေး လုပ်နေကြသည်ကိုလည်း၊ မတွေ့ရပေ၊ ရာသီဥတုမှာ သာသာယာယာဖြစ်နေသည်၊

တောင်၏ ခါးစည်းကြိုးသဖွယ် အရှေ့ဘက်မှ ကွေ့ပတ်လာသည့် လမ်းကျယ်ကြီးပေါ်၌ မြင်းစီးတပ်သားများ ချီတက်လာကြသည်ကို တွေ့ရသည်၊ မြင်းစီးတပ်သားများ၏နောက်မှ အဆင်တန်ဆာ ဇွါဒရာဆင်ထားသည့် ဆင်ကြီးတစ်ကောင် ပါလာသည်၊ ဆင်၏နောက်မှ ဝေါများ၊ ထို့နောက် ခြေလျင်တပ်သားများ။ တပ်ကြီးတစ်တပ် စစ်ရေးပြနေသည်နှင့် တူနေသည်၊

အဂ္ဂိဝမ္မာသည် စူးစိုက်ကြည့်နေသည်၊ အခြေအနေကို ကြည့်ရသည်မှာ ဘုရင် သို့မဟုတ် ပဒေသရာဇ်တစ်ဦးဦး အခြံအရံအဆောင်အယောင်နှင့် တိုင်းခန်းလှည့်လည်လာသည်ဟု ခန့်မှန်းရသည်၊ သူတို့ ဘယ်ဆီဘယ်နေရာ သွားကြမည်နည်း၊ ဤကျေးလက်တောရွာ၌ ဘုရင်သို့မဟုတ် ပဒေသရာဇ် အတွက် ဘယ်လိုအလုပ်ကိစ္စမျိုး ရှိနိုင်မည်နည်း၊ ဤဘုရင် သို့မဟုတ် ပဒေသရာဇ် သည် မည်သူဖြစ်မည်နည်း၊ ဤလမ်းသည် ဘယ်အထိ ရောက်သွားသနည်း၊ အဂ္ဂိဝမ္မာသည် သူ့ဟာသူ မေးခွန်းများစွာ ထုတ်နေမိသည်၊

လိုဏ်ဂူ၏ နံရံသုံးဘက် ကျန်သေးသည်၊ ယင်းနံရံများတွင်လည်း ရုပ်လုံးရုပ်တု ထွင်းထုရန် ရည်ရွယ်ချက်ရှိသည်၊ ရင်ထဲတွင် အတွေးတွေ၊ ခံစားချက်တွေ ပြွတ်သိပ်နေသည်၊ လုပ်ငန်းမစမီ ဝန်းပုဆရာ၊ ဝန်းတမော့ဆရာသည် အချိန်အတန်ကြာ အပန်းဖြေနားနေလိုသည့် ဆန္ဒလည်း ရှိနေသည်၊

တောင်ပေါ်မှ ကြည့်နေရင်းပင် စီတန်းလှည့်လည်သူများသည် ရွာထဲ ရောက်လာကြသည်၊ ထို့နောက် ရွာထဲမှဖြတ်ပြီး တောင်တစ်တောင်၏ အောက်ခြေရှိ လွင်ပြင်ဘက် ထွက်သွားပြီးလျှင် ထိုနေရာရှိ စိမ်းစိမ်းစိုစို သစ်တောတစ်ခု ထဲတွင် ပျောက်ကွယ်သွားသည်၊ တစ်ယောက်မှ မတွေ့ရတော့ပေ၊

အဂ္ဂိဝမ္မာသည် ဘာများပါလိမ့်ဟု သွားပြီး ကြည့်လိုစုံစမ်းလိုသည့် ဆန္ဒ ဖြစ်လာသည်၊ သို့ရာတွင် သွားလည်း မသွားရဲပေ၊ လူတွေ၏ အဆောင် အယောင် အချိုးအစားတို့ ကြည့်ရသည်မှာ မင်းမှုထမ်းများ ဖြစ်နေကြသည် လား၊ စစ်၏အခြေအနေ ဘယ်လိုများ ပုံစံပြောင်းသွားပြီလဲ၊ သူတို့များ ဖမ်းဆီး

www.burmeseclassic.com

www.burmeseclassic.com



သွားကြမည်လား။ ယင်းသို့ တွေးတောပြီး ကိုယ့်နေရာက မသွားရဲ မရွှေ့ရဲအောင် ဖြစ်နေသည်။

သူနေရာမှာ လူသူကင်းသည့်နေရာဖြစ်သည်။ တစ်ခါတစ်ရံမှသာ လမ်းမှားပြီး တစ်ယောက်စနှစ်ယောက်စ ရောက်လာတတ်သည်။ အဂ္ဂိဝမ္မာသည် သတင်းမေးမြန်းစုံစမ်းကြည့်လိုသဖြင့် လူတစ်ယောက်ယောက်အလာကို မျှော်နေသည်။ သို့ရာတွင် တစ်ယောက်မှ ပေါ်မလာ။ ဟိုမုဆိုးမှာမူ တစ်လနှစ်ခေါက် သုံးခေါက်လောက်တော့ လာတတ်သည်။ သို့သော် ထိုမိန်းမမှာ သိတာ နားလည်တာ အင်မတန် နည်းသည်။

အဂ္ဂိဝမ္မာသည် သိလိုကြားလိုသည့် စိတ်ဆန္ဒ ပြင်းထန်နေသော်လည်း အောင့်အီးသည်းညည်းခံနေသည်။ အပြင်ဘက်တွင် ထိုင်နေရာမှ ထလာသည်။ လှိုဏ်ဂူတွင်းဝင်ပြီး ထိုင်နေပြန်သည်။ ထို့နောက် ကြောက်သလိုလို လန့်သလိုလို ဖြစ်လာပြန်၍ အနီးရှိ လိုဏ်ခေါင်းထဲ သွားနေသည်။ ပုန်းနေလိုသည့်အခါ တိုင်းပင် ထိုလိုဏ်ခေါင်းထဲ သွားနေလေ့ရှိသည်။

အဂ္ဂိဝမ္မာသည် တစ်ခါတစ်ရံ " အနုပညာ လက်ရာဆိုတာ တောပန်းမဟုတ်" ဟူသော ပုဏ္ဏဝလီ၏ စကားကို သတိရလာတတ်သည်။ ပုဏ္ဏဝလီကို ကြိုးစားပြီး မေ့အောင် သူလုပ်သည်။ ယခုလောက် အချိန်ကြာလာခဲ့ပြီဖြစ်သော်လည်း ပုဏ္ဏဝလီကို မတွေးနိုင်မချမ်းနိုင် ဖြစ်နေတုန်းပင်။ မေ့အောင်လုပ်သော်လည်း မရပေ။ တစ်ကိုယ်တည်း နေသည့်အခါ ပြန်ပြန်ပေါ်လာသည်။ သမီးလေးကိုလည်း သတိရနေသည်။

နှစ်ရက်လောက်ကြာသွားသောအခါ မုဆိုးမသည် မယောင်မလည်နှင့် ရောက်လာပြန်သည်။ ယခုတစ်ကြိမ်၌မူ အဝတ်အစားသစ်များကို ဝတ်ထားသည်။ မျက်နှာတွင်လည်း ရွှင်လန်းအားတက်နေသည့် အမူအရာ ပေါ်နေသည်။ အဂ္ဂိဝမ္မာက မမေးခင်ပင် သူကပင် အားတက်သရော ပြောသည်။

" ဘုရင်မင်းကြီးကျုပ်တို့ရွာကိုလာတယ် "

" ဘယ် ဘုရင်မင်းကြီးလဲ "

" ညောင်ရမ်းက ဘုရင်မင်းကြီး ယဇသီရိပေါ့ "

" ဘာဖြစ်လို့ လာတာလဲ "

" စစ်ပွဲမှာ သူက အနိုင်ရရှိသွားတယ်လေ၊ နေပြည်တော်မှာ အောင်ပွဲခြိမ့်ခြိမ့်သဲ ကျင်းပနေတယ်ကြားတယ်၊ ဒီကကျောင်းသားတွေလဲ နေပြည်တော်ကို အများကြီးသွားကြတယ် "

" ဘုရင်မင်းကြီးက ဒီကို ဘာဖြစ်လို့ လာတာလဲ "



" ကျုပ်ဘယ်သိမလဲ၊ သူ့ဆရာသမားကို ဖူးမျှော်ကန်တော့ဖို့ လာတယ်လို့တော့ ပြောကြတာပဲ "

" သူ့ဆရာသမားက ဘယ်သူလဲ "

" နာမည်တော့ ကျုပ်မသိဘူး ဘုန်းကြီးတစ်ပါးပဲ၊ သူ့မှာ တပည့်တပန်းတွေလဲ အများကြီးပဲ၊ ခရီးအဝေးကြီးက လူတွေ သူ့ကို ဖူးတွေ့ဖို့လာကြရတယ်၊ ရှင်မသိဘူးလား "

" ဟင့်အင်း. . . . . မသိဘူး၊ သူက ဘယ်မှာနေတာလဲ "

" ရွာတစ်ဖက်မှာရှိတဲ့ ဥယျာဉ်ကြီးကို ကျော်သွားတဲ့အခါမှာ တွေ့ရတဲ့ တောင်ရဲ့ အောက်ခြေမှာနေတယ် "

" ဟုတ်လား "

အဂ္ဂိဝမ္မာသည် လူစုလူဝေးကြီး စီတန်းလှည့်လည်လာသည့် မြင်ကွင်းကို ရုတ်တရက် သတိရသွားသည်။

" ဒီလိုဆို စစ်ကြီး ပြီးသွားပြီပေါ့ "

" အင်းလေ၊ ဒီမှာကြည့်ပါလား၊ အဝတ်သစ် အစားသစ်။ အဝတ်သစ် အစားသစ်တွေ ဝေပေးတယ်။ ကျုပ်တို့ အစားအသောက်တွေ စားနေရတာလဲ သုံးရက်တောင်ရှိသွားပြီ၊ တချို့ ဘွဲ့တံဆိပ်တွေ ရကြတယ်။ အချို့ နာမည်တောင်းလက်မှတ်တွေ ရကြတယ်၊ တချို့က မြေကွက်တွေတောင် ရကြတယ်။ ကျုပ် မသိပါဘူး၊ ကြားတာ ပြောရတာပဲ၊ ကျုပ် ရှင့်ဖို့လဲ စားစရာတွေ ယူလာတယ် "

" ဒီလိုဆို စစ်ကြီး ပြီးသွားပြီပေါ့နော် "

အဂ္ဂိဝမ္မာသည် ဦးခေါင်းကို ညိတ်ပြီး တစ်ဖန် မေးလိုက်ပြန်သည်။ သစ်ကြိမ်မေးရုံး သိရုံမျှနှင့် အားမရ မကျေနပ်သေးသည့် အဓိပ္ပာယ်ပင်။

" ပြီးသွားပါပြီလို့ ပြောပြီးမှပဲ၊ ရှင် နားမကြားဘူးလား "

အဂ္ဂိဝမ္မာသည် ပီတိလှိုင်းလုံးကြီးများ ဆို့တက်လာသည်။ မုဆိုးမကို သိမ်းဖက်ပြီး "တောနေဘဝ ကျွတ်ပြီ။ လွတ်ပြီ" ဟု အော်လိုက်သည်။ မုဆိုးမသည် ဘာမှ နားမလည်ဘဲ အဂ္ဂိဝမ္မာအား ကြောင်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



( ၃၆ )

မိုးဥတုကာလဖြစ်သည်၊ တခြားနှစ်တွေနှစ်တွေကထက် ယခုနှစ်သည် မိုးတောင်းလွန်းနေသည်၊ တရိရှုနာ၏ စိမ်းလဲ့ညိုပြာသော ရေသည်ပင် ညစ်ညမ်းသွားလေပြီ၊ လှိုင်းတံပိုးကြီးများ ထကြွနေသည်၊ မြစ်ပြင် ကျယ်လာသည်၊ မြစ်ရေ လျှံလာသည်၊

အဂ္ဂိဝမ္မာသည် လိုဏ်ဂူ၏ ဒုတိယနံရံ၌ ရုပ်တုရုပ်လုံးများကို တစ်သီတတန်းကြီး ထွင်းထုထားသည်၊ ခုန်ပေါက်ပြေးလွှားနေသည့် မြင်းများသည် တော့ဖုံနေကြပြီး တစ်ကောင်၏ခြေထောက်ကို တစ်ကောင်က ထိနေကြသည်၊ အချို့မြင်းများမှာ ဦးခေါင်းကို မော့ထားသည်၊ အချို့မြင်းများက ဟီနေကြသည်၊ အချို့မြင်းများမှာမူ ဦးခေါင်းကို ငုံ့ထားကြသည်၊ ကျောက်ပြားတွင် မြင်းရုပ်ထွင်းထုသည့်အလုပ်မှာ မလွယ်ပေ၊ လှုပ်ရှားပြေးသွားနေသည့် မြင်းရုပ်ကို ထုလုပ်ဖို့ရန်မှာမူ ပိုပြီး ခဲယဉ်းသေးသည်၊ သို့သော်လည်း အဂ္ဂိဝမ္မာသည် ယင်း မြင်းရုပ်များကို သဘာဝကျကျ ထွင်းထုထားသည်၊

တတိယနံရံတွင် ထွင်းထုနေပြန်သည်၊ မည်သည့်ရုပ်လုံးရုပ်ထုများကို ထုလုပ်နေသည်ကိုမူ ယခု မထင်ရှားမပြတ်သားသေးပေ၊ ရုပ်ပုံတစ်ခုနှလိုလို ထင်နေရသည်၊ တောင်ကုန်းတစ်ခု၊ တောင်ကုန်းပေါ်၌ တစ်ပင်တည်းသော သစ်ပင်၊ ထို့နောက် နေရာလပ်တစ်ခု၊ အပေါ်ဘက်၌ ဘုရားကျောင်းတစ်ခုခု၏ မပြီးဆုံးသေးသော ဘုံအထွတ်၊ တောင်ကုန်း၏ အောက်ဘက်၌ တဲအိမ်နှစ်လုံး၊ အားလုံး တစ်ခုမှ အပြီးမသတ်ပေ၊ တစ်ပိုင်းတစ်စသာ ဖြစ်နေကြသည်၊



အဂ္ဂိဝမ္မာသည် လိုဏ်ဂူကို ပစ်ထားခဲ့ပြီး တခြားသွားနေမည်ဆိုတနေနိုင်သည့် အခြေအနေတွင် ရှိနေသည်၊ သို့ရာတွင် လိုဏ်ဂူထဲတွင် လပေါင်းများစွာ ဤရွေ့ဤမျှသော အလုပ်များကို ကြိုးစားပမ်းစား လုပ်ထားသည်ဖြစ်၍ လိုဏ်ဂူကိုပစ်ပြီး သွား၍မရတော့ပေ၊ သွားသည်ထားဦး၊ တစ်ပိုင်းတစ်လက်စ အလုပ်များကို ထားခဲ့ပြီး ဘယ်ကိုသွားမည်နည်း၊

သူသည် ရုပ်တုပေါင်းများစွာ ဘုရားကျောင်းစသော အဆောက်အအုံပေါင်းများစွာကို တွေ့ဖူးကြုံဖူးသည်၊ သို့ရာတွင် ဤလိုဏ်ဂူနံရံများ၌ လနှင့်ချီပြီး ခဲခဲယဉ်းယဉ်း ပင်ပင်ပန်းပန်း ထွင်းထုထားသည့် လက်ရာမျိုးကိုမူ မည်သည့်နေရာမှာမှ မတွေ့ဘူး မကြုံဘူးပေ၊ ယင်းလက်ရာများမှာ အသစ်အဆန်းဖြစ်သည်၊ ယင်းလက်ရာအသစ်အဆန်းများကို တပိုင်းတစနှင့် ထားခဲ့ပြီး တခြားသွားလိုစိတ် မရှိပေ၊

တစ်နေ့တွင် အဂ္ဂိဝမ္မာသည် စိတ်ပြေလက်ပျောက် အောက်ဘက်ရွာဆီ ဆင်းလာသည်၊ လူတွေ အသွားအလာများသောကြောင့် ယခုအခါတွင် ချုံပုတ်များကြားထဲတွင် လူသွားလမ်းတစ်ခု ဖြစ်နေပြီ၊ သူ ရွာထဲရောက်သွားသောအခါ မိုးရွာချသည်၊ ပန်းပဲဆရာ၏အိမ်ထဲ မိုးဝင်ခိုသည်၊ မိုး စဲမသွားသေးပေ၊ တဖွဲဖွဲရွာနေသည်၊ အနီးရှိခြံဥယျာဉ်ထဲ၌ ရဟန်းသံဃာအချို့သည် သစ်ပင်များ၏အောက်တွင် ရပ်နေကြသည်၊ တစ်ကိုယ်လုံး မိုး ရွှဲရွှဲစိုနေသဖြင့် ခိုက်ခိုက်တုန်နေကြသည်၊

ပန်းပဲဆရာ၏ အိမ်၌လည်း ရဟန်းတစ်ပါး ရပ်နေသည်၊ ထိုရဟန်းသည်၊ မိုးရွှဲရွှဲစိုနေသည်၊ အသက်အရွယ် ကြီးပုံမရသေးပေ၊ ကိုယ်ပေါ်၌ အဝါရောင်သင်္ကန်း ဝတ်ရုံထားသည်၊

“ ဒီပုဂ္ဂိုလ်တွေ ဘာဖြစ်လို့ အိမ်တစ်အိမ်အိမ်ထဲ မိုးဝင်မခိုကြတာလဲ”

အဂ္ဂိဝမ္မာက နားမလည်သည့် အစီဗွာယ်ဖြင့် မေးလိုက်သည်၊

ထိုရဟန်းသည် အဂ္ဂိဝမ္မာကို လှည့်ကြည့်သည်၊ ထို့နောက် မျက်နှာအစ်ဖက်လွှဲသွားသည်၊ နှုတ်ပိတ်ပြီး ဆိတ်ဆိတ်နေသည့်အကျင့်ကို ကျင့်သုံးနေသည့်ပုံ ပေါ်နေသည်၊

“ သစ်ဝင်အောက်မှာ မိုးအစိုခံနေလို့ ဘာအကျိုးကျေးဇူးရှိမှာလဲ ”

အဂ္ဂိဝမ္မာသည် အဖြေရလိုသည့်အတွက် သူ၏မေးခွန်းကို ပုံစံပြောင်းပြောင်းလိုက်သည်၊

“ အိမ်ရာကို စွန့်ခွာပြီး ရသေ့ရဟန်းလုပ်နေတဲ့ ပုဂ္ဂိုလ်တွေဟာအိမ်ကို ဘယ်လိုလုပ်သွားမလဲ၊ ဒီမှာရသေ့ ရဟန်းတွေ သိတင်းသုံးနေတဲ့

www.burmeseclassic.com



ကျောင်းတိုက်လဲမရှိဘူး ”

“ ဒီလိုဆိုရင် ”

အဂ္ဂိဝမ္မာသည် ရဟန်း၏စိုက်ကြည့်နေသည့် သတ်နှန်းကိုကြည့်ပြီး တစ်စုံတစ်ခု ပြောလိုက်မည်လုပ်သည်၊ သို့ရာတွင် ရိုင်းရာကျသွားမှာ စိုးသည့်အတွက် မပြောဘဲ ချုပ်တီးနေလိုက်သည်၊

“ ကျုပ်က စည်းကမ်းကိုချိုးဖောက်တာ ” ထိုရဟန်းသည် ပြောရင်း ပြောရင်းပြုံးလာသည်၊ “ ဒါပေမယ့် ဒါ အိမ်ထောင်သည်တစ်ဦးဦးရဲ့ အိမ်ဝေယာဇဟုတ်ပါဘူး၊ ပန်းပုဆရာရဲ့ ဆိုင်သာဖြစ်ပါတယ်၊ ကျုပ်တို့ ရဟန်းတွေဟာ အမြဲတစေ လှည့်လည်သွားလာနေကြတယ်၊ မိုးဥတုအခါမှာ တော့ သွားလို့ လာလို့ မလွယ်ဘူး မဟုတ်လား၊ ဒါကြောင့်မို့ ကျုပ်တို့ဟာ မိုးဥတုအခါမှာ ကျောင်းတစ်ကျောင်းမှာရင်လဲ နေကြတယ်၊ ဒါမှမဟုတ်ရင်လဲ တစ်နေရာရာမှာ အဖေးနဲ့အပူ ကာကွယ်မယ့် နေရာမျိုး တစ်ခုခု ဖန်တီးပြီး နေကြတယ် ”

“ နို့ . . . အစားအသောက်ကကော ”

“ သင်တို့တတွေ လုပ်တဲ့ကိုင်တဲ့အထဲက တစ်စိတ်တစ်ဒေသကို ကျုပ်တို့လဲရကြတယ် ”

“ ကျုပ်တို့ လုပ်တဲ့ကိုင်တဲ့ အထဲက ”

“ ဘာလဲ . . . သင်လဲပဲ ရသေ့ရဟန်းလား ”

ရဟန်းသည် အဂ္ဂိဝမ္မာကို စူးစိုက်ကြည့်ပြီးမေးလိုက်သည်၊ အဂ္ဂိဝမ္မာသည် အဝတ်အစားတစ်ခုခုကို မည်မည်ရရ ဝတ်စားမထားပေ၊ တော်ရုံ ရော်ရုံ အဝတ်တစ်ခုဖြင့်သာ ကိုယ်ကို ပတ်ထားသည်၊

“ ကျုပ် ရသေ့ ရဟန်း မဟုတ်ပါဘူး ”

အဂ္ဂိဝမ္မာ က ရယ်ပြီး ပြန်ပြောလိုက်သည်၊ ထိုအခိုက် မိုးလည်း အနည်းငယ် စဲသွားသည်၊ အဂ္ဂိဝမ္မာသည် သူ၏ စူးဆောက်များကိုယူပြီး သွားမည့်ဟန်ပြင်သည်၊ ရဟန်းကိုလည်း ပြောလိုက်သည်၊

“သင် စိတ်ဆန္ဒရှိရင် ကျုပ်နဲ့လိုက်ပြီး နေနိုင်တယ်၊ ကျုပ် အိမ်ထောင်သည် တစ်ဦးလည်း မဟုတ်ဘူး၊ အိမ်တစ်အိမ်မှာ နေတဲ့လူလည်း မဟုတ်ဘူး”

“ သင်က ဘယ်မှာနေလို့လဲ ”

“ တောင်ပေါ်က လိုဏ်ဂူထဲမှာ၊ သင်လိုက်ကြည့်လိုက လိုက်ကြည့်နိုင် ပါတယ်၊ မဝေးပါဘူး ”

အဂ္ဂိဝမ္မာသည် ပြောပြောဆိုဆို ထွက်သွားသည်၊ ရဟန်းသည် ပထမ



ခွင် တစ်ခဏမျှ စဉ်းစားနေသေးသည်၊ ထို့နောက် ဘာစိတ်ကူးရသည်မသိ၊ အဂ္ဂိဝမ္မာနှင့်အတူ လိုက်သွားသည်၊ လိုဏ်ဂူရောက်သွားသည့်အခါ သူတို့ နှစ်ဦးလုံး ရွှဲရွှဲစိုကုန်ကြသည်၊ ခိုက်ခိုက်တုန်အောင်လည်း ချမ်းနေကြသည်၊ လိုဏ်ဂူ၏ ထောင့်တထောင့်၌ ကျောက်ခွက်ကြီးတစ်ခွက်၏ အနီးတွင် ကျောက်ခုံ တစ်ခုရှိသည်၊ ရဟန်းသည် ကျောက်ခုံပေါ်၌ထိုင်ပြီး သူ့သတ်နှန်းကို ခြောက် အောင်လုပ်နေသည်၊

“ သင့်နာမည် ဘယ်လိုခေါ်သလဲ ” ရဟန်းက မေးလိုက်လေ၏၊

“ အဂ္ဂိဝမ္မာ ”

“ သင် အနုပညာရှင်လား ”

“ မဟုတ်ပါဘူး၊ ဒီလိုပဲ အပျော်လုပ်ကြည့်နေတာပါ ”

“ ဒါ အပျော်လုပ်တာလား၊ ကျုပ် တစ်နိုင်ငံလုံးကို လှည့်ကြည့်လာခဲ့ပြီ၊ ဒီလို အမှီအခိုတင်းတင်းနဲ့ လွတ်လွတ်လပ်လပ် ထုလုပ်ထားတဲ့ ကိုယ်ပိုင် သတ်ရာမျိုး ကျုပ် ဘယ်မှာမှ မတွေ့ဖူးဘူး၊ သင့်ကြည့်ရတာ ဒီဒေသကတော့ ဆုတ်ဟန်မတူဘူး ”

“ ဟုတ်ပါတယ်၊ ဒီဒေသက မဟုတ်ပါဘူး ”

အဂ္ဂိဝမ္မာသည် ပြောပင်ပြောလိုက်သော်လည်း ပြောပြီးမှ ရိုးရိမ်သလိုလို ဖြစ်သွားသည်၊ အကြောင်းအရာကို ပြောင်းပစ်လိုသည့်အတွက် “ တစ်ခုခု စားပါဦးလား ” ဟုပြောပြီး လိုဏ်ဂူတွင်းတွင် တစ်နေရာမှ သစ်သီးအနည်းငယ် ယူလာသည်၊

“ ကျုပ်နာမည်က ရေဝတလို့ ခေါ်တယ် ” ရဟန်းက သူ့အကြောင်းကို ပြောပြသည်၊ “ ကျုပ် ဒီဒေသက ဆရာအရှင် နာဂါဇုနဆီမှာ ပညာသင်ကြား ပယ်လို့ ရည်ရွယ်ထားတယ်၊ သင် သူ့ကို တွေ့ဖူးသလား ”

“ ဟင့်အင်း . . . မတွေ့ဖူးဘူး၊ ဒီအနီးအနားမှာ ရဟန်းတစ်ပါး နေ တယ်ဆိုတာတော့ ကြားဖူးတယ်၊ လူကိုယ်တိုင်တော့ တစ်ခါမှ မတွေ့ဖူးဘူး ”

“ အဲဒီရဟန်းဟာ နှယ်နှယ်ရရ ရဟန်းမဟုတ်ဘူး၊ သိပ်ပညာရှိတယ်၊ အိပ်ကြီးကျယ်တဲ့ ဆရာအရှင်မြတ်တစ်ဦးဖြစ်တယ်၊ ပညာအရာမှာ သူ့ကိုမှီတဲ့လူ အခုအချိန်မှာ ဘယ်မှာမှမရှိဘူး၊ သူ့ကိုဖူးတွေ့ဖို့ ရဟန်းတွေ ပရိဗိုဇ်တွေ ခရီးအဝေးကြီးက လာကြတယ်၊ သင်က ဒီအနားမှာနေပြီး သူ့ကို တစ်ခါမှ မတွေ့ဖူးဘူးလား ”

“ ဟင့်အင်း . . . မတွေ့ဖူးဘူး ”

“ သဘောလဲ ကောင်းတယ်၊ ဘုရင်မင်းကြီးကိုယ်တိုင် သူ့ဆီက အကြံ

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ယူရတယ်၊ သူ့ရှေ့မှာဆိုရင် ဘုရင်မင်းကြီးဟာ ကျိုးနွံတဲ့ တပည့်တစ်ဦး အတိုင်းပဲ၊ ဘုရင်မင်းကြီးလဲ ဗီတိုလာတယ်၊ ဘုရင်မင်းကြီးကို သင်ပေး လိုက်ရရဲ့လား ”

“ ဟင့်အင်း. . . ”

“ အင်း. . . ဟုတ်ပေမှာပဲ၊ အနုပညာရှင်ဆိုတာကတော့ ကိုယ့်ကမ္ဘာ ကိုယ့်လောကနဲ့ နေတာပဲထင်တယ် ”

“ သင် ဘာပြောတယ်၊ ဘုရင်မင်းကြီးက သူ့တပည့် ဟုတ်လား ”

“ ဟုတ်တယ်၊ နာဂါဇုန ဆရာအရှင်ဟာ ဘုရင့်တာဝန်နဲ့ ပတ်သက် တဲ့ ကျမ်းတစ်စောင်ကိုတောင် ဘုရင်မင်းကြီးအတွက် ရေးပေးခဲ့တယ် ”

“ ဟုတ်လား ” အဂ္ဂိဝမ္မာသည် တဖွဲ့တခြားဖြစ်နေသည်။

“ ဟုတ်တယ်၊ သူလဲပဲ ဗိဒေသက မဟုတ်ပါဘူး၊ သူ့ဇာတိက ဝိဒဋ္ဌ”

“ ဗြာဟ္မဏဘာသာဝင်တော့ မဟုတ်ဘူးထင်တယ် ”

“ အရင်က ဗြာဟ္မဏဘာသာဝင်ပေါ့၊ ဒါပေမယ့် အခုတော့ ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်နေပြီ၊ သာမန်ဗုဒ္ဓဘာသာဝင်တစ်ဦးမျှသာမဟုတ်ဘူး ဗုဒ္ဓဘာသာဝင်တွေထဲက တကယ့်ဆရာအရှင်တစ်ဆူဖြစ်နေပြီ ဗုဒ္ဓဘာသာဝင်တွေ အတွက် ဇာတ်စနစ်၊ ဇာတ်ထုံးစံဆိုတာ ဘာမှ အဓိပ္ပါယ်မရှိဘူး၊ ဗုဒ္ဓဘာသာဝင် တွေဟာ ဗြာဟ္မဏဘာသာဝင်တွေလို မဟုတ်ဘူး၊ ဇာတ်ကွဲပြားခြားနားတာကို ယတ်မခံကြဘူး ”

အဂ္ဂိဝမ္မာသည် လိုဏ်ဂူ၏အမိုးကို ရုတ်တရက် လှမ်းကြည့်လိုက်သည်။ အရာဝတ္ထုအသစ်တစ်ခုခုကို တွေ့မြင်သိရှိသွားသလို ထင်လိုက်ရသည်။



( ၃၃ )

ရဟာန်းရေဝတသည် ကရိရှုနာမြစ်တွင် ရေသွားချိုးသည်။ အဂ္ဂိဝမ္မာက ရွာဘက်ဆင်းသွားသည်။ သူတို့နှစ်ဦးသည် လိုဏ်ဂူထဲတွင် စိတ်အေး လက်အေး နေကြသည်။

ရွာထဲရောက်သွားသောအခါ အဂ္ဂိဝမ္မာသည် သတင်းမျိုးစုံ ကြားရ သည်။ ကရိရှုနာမြစ်ရေကြီးသည့်အတွက် ဥေလကဍ္ဍကမြို့၏ တစ်ချို့တစ်ဝက်မှာ ရေထဲမျောပါသွားကြကုန်ပြီ၊ အိမ်ကြီးအိမ်ကောင်းများ အများအပြား ပြိုလဲ ကုန်ကြသည်။ နန်းတော်၏ အချို့အစိတ်အပိုင်းများပင် ကျိုးပဲ့ ပျက်စီးကုန်ကြ သည်၊ အရပ်ပျက်လုမတတ် ဖြစ်နေသည်။

အဂ္ဂိဝမ္မာသည် နဂိုကတည်းက ဥေလကဍ္ဍကမြို့သို့သွားလိုသည့် အာသာဆန္ဒရှိလာခဲ့သူဖြစ်သည်။ ယခုယင်းသတင်းများကို ကြားရသည့်အခါ သခင် မြှုံနေသည့် အာသာဆန္ဒသည် တစ်ရှိန်ထိုး တိုးတက်အားကောင်းလာ သည်၊ လိုဏ်ဂူတွင် သူမရှိလျှင်လည်း ကိစ္စမရှိ၊ သူ့လက်ရာများကို ရေဝတ ရဟာန်းက စောင့်ရှောက်ထားနိုင်သည်။

အဂ္ဂိဝမ္မာသည် ဉာဏ်ရှေ့ဉာဏ်မှုသော အချိန်ကာလအထိ အပယ်ခံနေရ သည့် လူတစ်ဦးလို ဖြစ်နေသည်။ နှင်ဒဏ်ခံထားရသည့် လူတစ်ဦးလို ဖြစ်နေ သည်၊ ယခု စစ်ကြီးပြီးဆုံးသွားပြီ၊ မိမိ၏ဘဝကို အစက ပြန်တောက်လိုသည့် စိတ်ဆန္ဒ ပေါ်လာသည်၊ ယင်းစိတ်ဆန္ဒဖြင့် ဥေလကဍ္ဍကမြို့သို့ ထွက်သွားသည်။

လျှံနေသည့်ရေသည် အသင့်အတင့် ကျသွားပြီ၊ သို့ရာတွင် မြစ်ရေ ဘက်နေတုန်းပင် ရှိသေးသည်၊ မြစ်ကမ်းပါးရှိ ရွာပေါင်းများစွာတို့မှာ ဓမ္မိစရဲ ဖြစ်သွားကြလေပြီ၊ စပါးဝင် တောက်ပင်များလည်း အားလုံး ဖျက်စီးကုန်ကြပြီ၊ မြစ်ကမ်းဘေးတစ်လျှောက် အောက်ဘက်သွားသည့် လမ်းအတိုင်း အဂ္ဂိဝမ္မာ လျှောက်လာသည်၊ လမ်းတွင် ထိတ်လန့်ဖွယ် အနိဋ္ဌာရုံများကို အများအပြား တွေ့ရသည်၊ ရေကြီးသဖြင့် တပ်ဆိုက်နေကြသည်၊ ဆန်စပါး စိုက်ပျိုးသည့် တောင်သူလယ်သမားများသည် ဆန်စပါးအတွက် ဗျာများနေကြရရှာသည်၊ အိမ်ထောင် မိသားစုပေါင်းများစွာတို့မှာ အိုးမဲ့အိမ်မဲ့ ဖြစ်ကုန်ကြပြီ၊ လူပေါင်း များစွာတို့သည် အလုပ်ရလိုရငြား ဥေလကဍ္ဍကမြို့သို့ သွားကြသည်။

အဂ္ဂိဝမ္မာသည် တစ်ကိုယ်တည်း ထွက်လာခဲ့သော်လည်း မြစ်ကိုဖြတ် ကူးရန် ကူးတို့ဆိပ် ရောက်လာသောအခါ အမိုးအိုး အမယ်အိုများ၊ ခလေးသူငယ် များ၊ အိုးမဲ့အိမ်မဲ့များ ကူးတို့ဆိပ်တွင် ဝင်းကြမ်းဖြစ်နေသည်ကိုတွေ့ရသည်။ မြစ်တစ်ဖက်ကမ်းက ဥေလကဍ္ဍကမြို့၏ မိုးစွန်တစ်ဖျား မြင့်မားထိုးထွက်

www.burmeseclassic.com

www.burmeseclassic.com



နေသည့် ပြာသာဒ်ဗိမာန်များသည် သူ့ကို လက်ယပ်ခေါ်ငင်နေသလို ထင်နေရသည်။

ညေတင္ရကမြို့နှင့် သူ၏အကြားတွင် မြစ်တာဆီးထားသည်။ ရေစီးသန်သည့် မြစ်ဖြစ်သည်။ လှေများသည် ခဲခဲယဉ်းယဉ်း သွားနေရသည်။ လှေပေါင်းများစွာတို့မှာ မျောပါသွားကြသည်။ လှော်၍ခတ်၍ရနေသေးသည့် လှေများကိုလည်း ရင်တမမနှင့် လှော်ခတ်နေကြရသည်။ မြစ်ဆိပ်တွင် လှေဆိုက်မည် ကြံတာရှိသေး၊ လူတွေအများကြီး လှေပေါ် လုတက်ကြသည်။ ပြုတတ်ကြသည်။ လှေလူးနေသည်။ မှောက်မည့်တဲတဲ ဖြစ်နေသည်။

ဆိပ်ကမ်းတွင် လူတွေလည်း တစထက်တစ များလာသည်။ လူဆယ်ယောက် တစ်ဖက်ကမ်းကူးသွားလျှင် လူဆယ်ယောက်၏နေရာတွင် အယောက်နှစ်ဆယ် ထပ်ရောက်လာသည်။ ဘုရားတပြီး လိုက်ပါလာရာ အဂ္ဂိဝမ္မာသည် တစ်ဖက်ကမ်းရှိ ညေတင္ရကမြို့သို့ ရောက်လာသည်။ ကံကောင်းထောက်မသဖြင့် လှေမှောက်မသွားပေ။ အဂ္ဂိဝမ္မာသည် ညေကင္ရကသို့ ချောချောမောမော ရောက်လာသည့်အတွက် ဘုရားသခင်ကို ကျေးဇူးတင်နေသည်။

ညေတင္ရကမြို့သည် သူ့အတွက် အစိမ်းသက်သက် မဟုတ်တော့ပေ။ ခြေလှမ်းကြဲကြဲလှမ်းပြီး ဘုရားကျောင်းများရှိရာသို့ သွားသည်။ ဘုရားကျောင်းတစ်ကျောင်း၏ ဝရိဝက်ထဲတွင် ရေတက်ချိန်က လျှံလာသည့် ရေများ စိုင်ထွန်းနေသည်။ ဘုရားကျောင်း တစ်ကျောင်းမှာမူ ဗုတ်ပုံကျောက်ခဲပုံမျှသာ ကျန်တော့သည်။ တစ်ကျောင်းလုံး မီးလောင်ထားသည်။

ဘုရားကျောင်း အဟောင်းများနှင့် ခပ်ကွာကွာနေရာ၌ ဘုရားကျောင်းအသစ်တဆောင် ဆောက်လုပ်နေသည်။ လူတွေ ရာပေါင်းများစွာ အလုပ်လုပ်နေကြသည်။ ဘုရင်သည် လူတွေအလုပ်ရစေလိုသည့် ရည်ရွယ် ချက်ဖြင့်သာလျှင် ဘုရားကျောင်းကို ဆောက်လုပ်ခြင်းဖြစ်သည်။ ဘုရားကျောင်းမှာ အသစ်ဖြစ်သော်လည်း ဆောက်ပုံဆောက်နည်းနှင့် ပုံစံအနေအထား စသည်တို့မှာ ဘုရားကျောင်းအဟောင်းအတိုင်းဝင် ဖြစ်သည်။ အဂ္ဂိဝမ္မာသည် ယင်းဘုရားကျောင်း၏ အနုပညာလက်ရာကို စိတ်မဝင်စားပေ။

လှည့်ပတ်ကြည့်ရှုရင်းနှင့် အဂ္ဂိဝမ္မာသည် ညေတင္ရကမြို့ဘက် လာခဲ့သည်။ ရှေ့ခြေ နှစ်လှမ်းသုံးလှမ်း တိုးသွားပြီးသည့်နောက်မှ နောက်ပြန် လှည့်ကြည့်သည်။ နောက်ယောင်ခံပြီး သူ့နောက် မည်သူတစ်ဦးတစ်ယောက်မှ လိုက်မလာသည်ကို တွေ့ရမှ စိတ်ချလက်ချ ရှေ့ဆက်သွားသည်။ ညေတင္ရကမြို့သည် စစ်နိုင်နေပြည်တော် ဖြစ်လာသည်။ သို့ရာတွင် မြို့၏ အပြင်ပန်း



အဆောင်အယောင်၌မူ ဘာမှ ထူးထူးခြားခြား ပြောင်းလဲလာခြင်းမရှိပေ။ မြို့နေလူဦးရေမှာ တကယ်ဝင် တိုးပွားများပြားလာသည်။ ညစ်ထေးစုပ်ပြဲနေသည့် အဝတ်အစားများ ဝတ်ထားသည့် ဒေသအသီးသီးမှ လူများသည် မြို့ထဲတွင် ဥဒဟို သွားလာနေကြသည်။ ရှဋ္ဌဗမန၏ တိုင်းပြည်မှ လာရောက်ကြသူများလည်း အများအပြားရှိသည်။

တစ်ပြည်ရပ်ခြားက ရောက်လာသူများကို တွေ့ရသည့်အတွက် အဂ္ဂိဝမ္မာ အားတက်သွားသည်။ စိုးရိမ်ထိတ်လန့်ခြင်း တင်းစွာဖြင့် ကြီးမားသည့် နန်းပြာသာဒ်ဆောင်ကြီး၏ ဘေးပတ်လည်၌ လှည့်လည်သွားလာနေသည်။ ထောင့်တိုင်းထောင့်တိုင်း၌လည်းကောင်း၊ ဝင်းတံခါးဝ၌လည်းကောင်း၊ အစောင့်စစ်သားများ စောင့်နေကြသည်။ အဂ္ဂိဝမ္မာသည် နန်းတော်အတွင်းသို့ မဝင်ဝံ့ပေ။ သူ၏နားထဲတွင်တား အမယ်အိုး၏ နောက်ဆုံးစကားသည် ပဲ့တင်ညံနေတုန်းဝင်။

မြို့ကို လှည့်လည်ကြည့်ရှုပြီးနောက် တောင်ပေါ်သို့ သွားသည်။ တောင်၏အခြေအနေမှာ မထူးခြားပေ။ တောင်ခြေ၌ ဘုရားကျောင်းတစ်ဆောင် ဆောက်နေသည်။ ဘုရားကျောင်းအနီး၌ အဆောက်အအုံတစ်ခုကို ဆောက်လုပ်ပြီးသွားလေပြီ။ အဆောက်အအုံမှာ ဧည့်ရိပ်သာ မွေသာလာအဆောက်အအုံဖြစ်သည်။ ယင်းဧည့်ရိပ်သာ၌ လူပေါင်းများစွာ တည်းခိုနေကြသည်။ မြို့တံခါးအားလုံး၏အနီး၌ ဧည့်ရိပ်သာကြီးများ ဆောက်ထားသည်။ ယင်းဧည့်ရိပ်သာမှာမူ မြို့တံခါးအနီး၌ ဆောက်ထားသည့် ဧည့်ရိပ်သာ မဟုတ်ပေ။ ယင်းဧည့်ရိပ်သာ၏အနီး၌ မည်သည့် မြို့တံခါးမှ မရှိပေ။ စေ့စေ့စပ်စပ် ကြည့်သောအခါ ယင်းဧည့်ရိပ်သာမှာ ဘုရင်ဆောက်လုပ်ထားသည့် ဧည့်ရိပ်သာမဟုတ်ဘဲ မြို့ပေါ်က သူဌေးကြီးများ ငွေစုဆောင်းပြီး ဆောက်ထားသည့် ဧည့်ရိပ်သာဖြစ်ကြောင်း သိရသည်။ သူတို့လည်း သူတို့တတ်နိုင်သလောက် အလုပ်လက်မဲ့များအား ယင်းနည်းဖြင့် အကူအညီပေးကြခြင်း ဖြစ်သည်။

အဂ္ဂိဝမ္မာသည် ဘုရားကျောင်းအနီးသို့ ရောက်သွားသည်။ ဘုရားကျောင်းတွင် အလုပ်လုပ်နေကြသည်။ ဘုရားကျောင်းမှာ နှစ်ပေါင်းများစွာ အရင်က သူ ပတိဋ္ဌာနတွင် တွေ့ဖူးခဲ့သည့် ဘုရားကျောင်းပုံစံမျိုးဖြစ်၍ အံ့ဩသွားသည်။ ခြေလှမ်းခပ်သွက်သွက်လှမ်းပြီး ဘုရားကျောင်း၏ ရှေ့မှာတ် လှည့်ပတ်ကြည့်သည်။

ထိုနေရာ၌ အလုပ်သမားများအား စေခိုင်းပြီး အလုပ်ပို ဦးစီးလုပ်နေသော ကိတ္တိဝါနကို သွားတွေ့သောအခါ အဂ္ဂိဝမ္မာသည် ဝမ်းမြောက်အံ့ဩ

www.burmeseclassic.com



အုံ့ဩသွားသည်။ မမြင်ချင်ယောင်ဆောင်ပြီး ပြန်ထွက်သွားမည် စိတ်ကူးလိုက်သေးသည်။ သို့သော် ကိတ္တိဝါနမြင်သွားသည်။ " အလို့ ; သူငယ်ချင်း၊ တမ္ဘာမြေကြီး လုံးတယ်နော်၊ ဒီမှာလဲ သူငယ်ချင်းကို တွေ့ရပြန်ပြီ " ကိတ္တိဝါနက ခင်မင်ရင်းနှီးဟန် ပြုလိုက်သည်။ အဂ္ဂိဝမ္မာသည် ဘာမပြော ညာမပြော မျက်စိစွေကြည့်နေသည်။

" သူငယ်ချင်း၊ အခုဘာလုပ်နေသလဲ၊ အလုပ်လုပ်ချင်ရင်တော့ လာသာလာခဲ့ပါ၊ ကျုပ် ဘုရားကျောင်းတွေအများကြီး ဆောက်လုပ်ပြီးပြီ၊ ဒီမြို့က သူဌေးတွေက ကျုပ်ကို အလုပ်အပ်ကြတယ်လေ "

ကိတ္တိဝါနက အော်ကျယ်ဟစ်ကျယ် ပြောပြနေသည်။

" ဘုရားကျောင်းတွေ အားလုံး ဒီပုံစံ အတိုင်းချည်း ဆောက်တာ မဟုတ်လား "

အဂ္ဂိဝမ္မာက မေးလိုက်သည်၊ အဂ္ဂိဝမ္မာ၏ မေးခွန်းသည် ကိတ္တိဝါနအား ထိသွားသည်။ ကိတ္တိဝါနသည် ထိနိုက်အနာတရ ဖြစ်သွားသူအလား အဂ္ဂိဝမ္မာအား မျက်လုံးပြူးကြည့်နေသည်။

" ဝတ်ဋ္ဌာနက ကျောက်တွေတောင် ဒီဘုရားကျောင်းတွေ ဆောက်တဲ့ အထဲမှာ ထည့်ဆောက်ထားတယ် ထင်တယ် " အဂ္ဂိဝမ္မာသည် ကိတ္တိဝါန၏ အနားတွင် ဆားပက်လိုက်ပြန်သည်။

" သေတာတောင် မလျှော့သေးဘူးလား " ကိတ္တိဝါနက ပြန်သရော်လိုက်သည်။

" လျှော့လဲမလျှော့ဘူး၊ သေလဲ မသေဘူး "

အဂ္ဂိဝမ္မာသည် ပြောပြောဆိုဆို ထွက်သွားသည်။

" သူငယ်ချင်းရဲ့ မေတ္တေယီလဲ ဒီမှာရှိတယ်လေ " ကိတ္တိဝါနက ဆွပေးလိုက်ပြန်သည်။

" ဘယ်မှာလဲ "

" သူ့လို မိန်းမမျိုးတွေ နေတဲ့နေရာမှာပေါ့ "

အဂ္ဂိဝမ္မာအပေါ်တွင် မိုးကြိုးပစ်ချသလို ဖြစ်သွားသည်။ ကိတ္တိဝါန ပြောလိုက်သည့် စကားအဓိပ္ပာယ်ကို သူကောင်းကောင်းနားမလည် ဖြစ်နေသည်၊ စဉ်းစားဆင်ခြင်ကြည့်လိုက်သည်၊ အတိတ်က အကြောင်းအရာများသည် သူ၏နှလုံးထဲတွင် တစ်ပြိုင်နက်တည်း စုပြုံပေါ်လာကြသည်၊



( ၃၈ )

ညအချိန်ရောက်လာပြီ ဖြစ်သော်လည်း အဂ္ဂိဝမ္မာ အိပ်၍မပျော်ပေ၊ ဧညကဋ္ဌကမြို့၏ လမ်းကြိုလမ်းကြားများတွင် လှည့်လည်သွားလာနေသည်၊ အနောက်ဘက် တံခါး၏အနီး၌ စစ်သားများ၏ တန်းလျား ရှိသည်၊ ထိုနေရာ အနီး၌ပင် ပြည့်တန်ဆာဝေဟာလည်းရှိသည်၊ အဂ္ဂိဝမ္မာသည် ထိုနေရာသို့ ရောက်သွားသည်၊ အပြင်ဘက်တွင် တံခါးစောင့်ကို မေးကြည့်သည်၊ ဘာမှ အကြောင်းမထူးပေ၊ လမ်းပေါ်မှနေပြီး ပြတင်းပေါက်များဆီ လှမ်းကြည့်နေသည်၊ သို့ရာတွင် မေတ္တေယီကို အစအနမျှပင် မတွေ့ရပေ၊

ပြည့်တန်ဆာဝေဟာသည် အတော်ပင်ကြီးသည်၊ စစ်သားများသာ ထိုပြည့်တန်ဆာဝေဟာ အလာအသွားများသည်၊ ပြည့်တန်ဆာဝေဟာ၌ အစောင့်လည်း ချထားသည်၊ စစ်ပွဲတွင် ကျေးကျွန်အဖြစ် ဖမ်းဆီးခေါ်ဆောင်လာခဲ့သည့် မိန်းမများသာ ထိုပြည့်တန်ဆာဝေဟာ၌ အများအပြားရှိကြသည်၊ မေတ္တေယီကို ကျေးကျွန်အဖြစ် ဖမ်းဆီးခေါ်ဆောင်လာခဲ့သလား၊ ကိတ္တိဝါနကမူ လွတ်လပ်ခွင့်ရနေသည်၊ အဂ္ဂိဝမ္မာ မတွေးတတ်အောင် ဖြစ်နေသည်၊

အဂ္ဂိဝမ္မာသည် စိတ်တည်ငြိမ်မှုမရသဖြင့် သွားမိသွားရာ သွားနေလေရာ ဘုရားကျောင်းဆောက်လုပ်နေသည့် နေရာဆီသို့ ရောက်သွားပြန်သည်၊ မြို့သည် ထိုနေရာဆီ တိုးချဲ့သွားသည်၊ နှစ်နှစ် သုံးနှစ် အတောအတွင်း၌ပင် ထိုနေရာတစ်ဝိုက်၌ အိမ်တွေ တစ်ဆောင်ပြီးတစ်ဆောင် ဖြစ်လာသည်၊

အဂ္ဂိဝမ္မာသည် တခြား ပြည့်တန်ဆာဝေဟာတစ်ခုရှေ့ ရောက်သွားသည်၊ ထိုနေရာ၌ လူနှစ်ယောက်သုံးယောက် ရပ်နေကြသည်၊ ပုံပန်းကြည့်ရသည်မှာ လူကြီးလူကောင်းများ ဟုတ်ပုံမပေါ်၊ ထိုလူများကိုလည်း မေးမြန်းစုံစမ်းကြည့်သည်၊ သို့ရာတွင် မေတ္တေယီအကြောင်း ဘာမျှမသိကြပေ၊

အဂ္ဂိဝမ္မာသည် လျှောက်ရင်းနှင့် ဘုရားကျောင်းအနီး ရောက်သွားသည်၊ အချိန်လည်း အတော်လင့်သွားပြီ၊ အိမ်တစ်အိမ်တွင် မီးလင်းနေတုန်းပင် ရှိသေးသည်၊ ပြတင်းပေါက်က ခန်းဆီးကိုလှစ်ထားသည်၊ ပြတင်းနားတွင် မိန်းမတစ်ယောက်၏ မျက်နှာရိပ် ရုတ်တရက်ပေါ်လာသည်၊ အဂ္ဂိဝမ္မာ အံ့အားသင့်သွားသည်၊ အိမ်တွင်းသို့ စူးစိုက်ကြည့်လိုက်သည်၊ ခေါင်းနပန်းကြီးသွားသည်၊ မိန်းမ၏ပုံသဏ္ဌာန်မှာ မေတ္တေယီနှင့် ချွတ်စွပ်တူနေသည်ကို တွေ့ရသည်၊ အဂ္ဂိဝမ္မာသည် အိမ်ထဲဝင်မည်လုပ်သည်၊ သို့ရာတွင် ဝင်ခွင့်မရပေ၊ ခွန်အားဗလ တောင့်တင်းသန်မာသည့် လူတစ်ယောက်က သူ့ကို အပြင်ဘက် တွန်းထုတ်ပစ်လိုက်သည်၊

www.burmeseclassic.com



စိတ်ပျက်လက်ပျက်ဖြစ်ပြီး၊ လမ်းနှင့်ကပ်နေသည့် အခြားအိမ်တစ်အိမ်၏ လှေကားပေါ် သွားထိုင်ပြီး တောင်စဉ်ရေမရ လျှောက်တွေးနေသည်၊ တစ်ကြိမ်တွင်မူ မေတ္တာယီ၏ မျက်နှာကို မကြည့်တော့ဘဲ ထိုင်နေရာမှ ထသွားဖို့ရန်ပင် စိတ်ကူးလိုက်မိသေးသည်၊ ထို့နောက် တစ်မျိုးအကြံ ပေါ်လာပြန်သည်၊ သည်လောက် ကြိုးစားပမ်းစား လာပြီးသည့်နောက်မှတော့ မတွေ့ရဘဲနှင့် ပြန်သွား၍ မသင့်လျော်ပေ၊ ထို့ပြင် မေတ္တာယီထံမှ အမေ့ယ်အို၏ သတင်းကိုလည်း မေးမြန်းစုံစမ်းကြည့်နိုင်သည်၊

အဂ္ဂိဝမ္မာသည် ထိုင်နေတုန်းပင် ရှိသေးသည်၊ နောက်ထပ် အတွေးတစ်ခု ပေါ်လာပြန်သည်၊ ထိုအတွေးသည် တဖြည်းဖြည်း ကျယ်လာသည်၊ မည်မျှ ကျယ်လာသနည်းဆိုလျှင် မျက်စိကိုမှိတ်ပစ်ရသည်အထိ ဖြစ်သည်၊ အခြားအကြောင်းကို ကြိုးစားပြီးတွေးသည်၊ သို့ရာတွင် ယင်းအတိတ်အကြောင်းသည်သာလျှင် စိတ်နှလုံးထဲတွင် တဝဲလည်လည် ဖြစ်နေသည်၊ သူ့တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူလာသည်ဟု အောက်မေ့နေရသည်၊

ပြည့်တန်ဆာဝေဟာ၌လည်း မီး တစ်တိုင်ပြီးတစ်တိုင် ငြိမ်းသွားကြလေပြီ၊ ညလူများသည် လမ်းပေါ်တွင် သီချင်းတကြော်ကြော် သီဆိုပြီး ကိုယ့်အိမ်ရှိရာ ပြန်သွားကြလေပြီ၊ အဂ္ဂိဝမ္မာသည် ယခင် ပြတင်းပေါက်ရှိရာသို့ လှမ်းမျှော်ကြည့်နေသည်၊ အတန်ငယ်ကြာသောအခါ ထိုအခန်းတွင်လည်း မီးငြိမ်းသွားသည်၊

ထို့နောက် မိန်းမတစ်ယောက်သည် အိမ်အပြင်ဘက် ထွက်လာပြီးလျှင် လမ်းနားကပ်လာလျက် တစ်စုံတစ်ခုကို စောင့်မျှော်နေသည့်အလားရပ်နေသည်၊ အဂ္ဂိဝမ္မာသည် အရဲစွန့်ပြီး ထိုမိန်းမ၏အနား တိုးသွားသည်၊ ထိုမိန်းမမှာ မေတ္တာယီဖြစ်နေသည်၊ ယခင်က အလွန်တရာ လှသည့် မျက်နှာ၌ ယခုအခါတွင် မျက်လုံးကိုသာလျှင် တွေ့ရတော့သည်၊ ပါးနှစ်ဖက်မှာ ချိုင့်ဝင်သွားကြပြီ၊ နဖူးရည်လည်း တွန့်နေပြီ၊

မေတ္တာယီက အဂ္ဂိဝမ္မာကို ရုတ်တရက် မမှတ်မိပေ၊ နှစ်ပေါင်းများစွာကြာသွားပြီး မဟုတ်လား၊ အဂ္ဂိဝမ္မာကိုယ်တိုင်ကလည်း အရင်တနှင့် မတူတော့ပေ၊ အပြောင်းအလဲကြီး ပြောင်းလဲနေသည်၊

" ကျုပ်ကို မမှတ်မိတော့ဘူးလား၊ ကျုပ် အဂ္ဂိဝမ္မာလေ " အဂ္ဂိဝမ္မာသည် သူ့ကိုယ်သူ မိတ်ဆက်လိုက်ရသည်၊

မေတ္တာယီသည် အဂ္ဂိဝမ္မာအား ရုတ်ခြည်း လှမ်းဖတ်မည်လုပ်သည်၊ သို့ရာတွင် အဂ္ဂိဝမ္မာသည် ဘာကြောင့်မှန်းမသိ နောက်ဆုတ်သွားသည်၊ မေတ္တာယီ



လည်း ကြောင်သွားပြီး နောက်ပြန်ဆုတ်လိုက်သည်၊ ထူးထူးခြားခြား ကိုယ့်ကိုယ်ကို ပြန်ကြည့်နေသည်၊ မိမိသည် အဂ္ဂိဝမ္မာနှင့် မတော်တော့ဟု ထင်မှတ်သွားသလားမသိပေ၊

" ဘယ်သူ့ကို စောင့်နေတာလဲ " အဂ္ဂိဝမ္မာက မေးလိုက်သည်၊

" သူ့ကိုပေါ့၊ သူ နေတိုင်း ဒီကိုလာခေါ်တယ်လေ "

" ကိတ္တိဝါနကိုလား "

" ဟုတ်တယ် "

" ဒါဖြင့် သူနိုင်းလို့ ဒီအလုပ် လုပ်ရတာပေါ့ "

" ဘယ်လိုပြောရမလဲမသိဘူး၊ ဒီအတိုင်းပဲ မယားဟာ လင်ကြိုးဆွဲရာ တရတဲ့ ရုပ်သေးရုပ်ဖြစ်နေတယ်၊ တကယ်လို့ အပြစ်တင်ခံရမယ်ဆိုရင်တော့ မယားရဲ့ အခြေအနေဟာ ကျွန်ထက်တောင် ဆိုးသွားဦးမယ်၊ ရုပ်သေးရုပ်တတ,ရုံ က,ရတယ်၊ ကျွန်မကတော့ ဘာတွေလုပ်ရတယ်ဆိုတာ ဘုရားသခင်ပဲသိမှာပဲ "

" သိပ်ယုတ်တဲ့လူပဲ၊ ကိုယ့်မယားကိုတောင် ရောင်းစားတယ် "

" အသက်မသေအောင်တော့ လုပ်ရမယ် မဟုတ်လား၊ သာတဝါဟာနမင်းဆက်ဘုရင်ရဲ့ တပ်သားတွေက ရွာကိုဝိုင်းပြီး မြေလှန်ပစ်ကြတယ်၊ လက်ချည်း ထွက်ပြေးလာကြရတယ်၊ စစ်သားတွေကို ရောင်းမစားဘဲနဲ့ အသက်ရှင်နေနိုင်ဖို့ လမ်းမမြင်တော့ဘူး "

" သူက အလုပ်မလုပ်ဘူးလား "

"ဟင့်အင်း"

"အခုတော့ အလုပ်လုပ်နေတယ် မဟုတ်လား"

"ဟုတ်တယ် . . . . အလုပ်က အခုမှရတာ၊ ရတာကလဲ ကျွန်မကြောင့်ပါ၊ ဒါပေမယ့် ဘယ်လိုလဲမသိဘူး၊ သူအခုထက်ထိ ကျွန်မကို ညှင်းနေတုန်းပဲ ရှိသေးတယ်"

"သူ လူမဟုတ်ဘူးလား"

" အဲဒါတွေထားလိုက်ပါတော့၊ တကယ်လို့ ဟိုတုန်းက ရှင်ကျွန်မတို့နာသိကကိုခေါ်သွားရင်၊ ဒါမှမဟုတ်ရင်လဲ ဟိုရွာက ခေါ်လာရင် ဒါတွေ ဖြစ်စရာဘာမှ အကြောင်းမရှိဘူး "

" ဒီလိုဆိုရင် ကျုပ်မှာ အပြစ်ရှိတာပေါ့ "

" အို. . . ဒီလိုလဲ မဟုတ်ပါဘူး၊ ကျွန်မဆိုလိုတာက. . "

" နေပါဦး. . မင်းကို တစ်ခုမေးရဦးမယ်၊ ကျုပ်တို့နဲ့အတူ ရွာကို

www.burmeseclassic.com

www.burmeseclassic.com



ဝါလာတဲ့ အမယ်အိုတစ်ယောက်ရှိတယ်မဟုတ်လား၊ မင်းအဲဒီအမယ်အိုကိုတွေ့သလား ”

အင်္ဂဝမ္မာသည် အကြောင်းအရာကို ပြောင်းပစ်လိုက်သည်။

“ တွေ့သားပဲ. . ဧည့်ကဇရတလာတဲ့လမ်းမှာ တစ်ခါတွေ့လိုက်တယ် ”

“ တွေ့လိုက်တယ် ဟုတ်လား ”

“ ဟုတ်တယ် ”

အင်္ဂဝမ္မာသည် ရှေ့ဆက်စကားပြောမနေတော့ဘဲ ရုတ်တရက် လှည့်ထွက်သွားသည်။ မေတ္တေယီက အင်္ဂဝမ္မာ၏လက်ကို ဖမ်းဆွဲပြီး ပြောလိုက်သည်။

“ ကျွန်မလဲ ရှင်နဲ့အတူ . . . ”

“မင်းထက်တော့ ပုပ္ပဝလီက တော်သေးတယ်၊ တာဝန်ဝတ္တရားကို ကြည့်ပြီး တော်၏ မတော်၏ဆိုတာကို မေ့ထားတဲ့ မိန်းမတွေဟာ တကယ် စိတ်ဆုပ်စရာ ကောင်းတယ် ”

“ ဒါပေမယ့် . . . ” မေတ္တေယီက အသနားခံသည့် သဘောဖြင့် ပြောသည်။

“ ဒါပေမယ့် မင်းစောင့်မျှော်နေတာက တစ်ခြားတစ်ယောက် မဟုတ်လား ငါ မင်းမျက်နှာကို မြင်ရဖို့အတွက် ဟိုနေရာက မောင်းထုတ်တာတို့ ဒီနေရာကို တွန်းထုတ်တာတို့ကိုခံရတာ အရှုံးလိုဖြစ်နေပြီ၊ တော်ပြီ. . .၊ မင်းမျက်နှာကိုလဲ မကြည့်ချင်တော့ဘူး၊ ဖယ်. . . ကျုပ်သွားမယ် ”

“ ဒါပေမယ့် ”

“ ဘာ . . . ဒါပေမယ့်လဲ ” ကိတ္တိဝါန ရုတ်တရက်ရောက်လာပြီး မေတ္တေယီ၏ပုခုံးကို ဆွဲထားလိုက်သည်။ “ အခု အသက်ရှင်နေနိုင်သေးတယ်၊ သူ့ကို အနားကပ်ခွင့်ပေးလိုက်ရင် အသက်ရှင်နေဖို့တောင် လွယ်မှာမဟုတ်ဘူး နားလည်လား ”

“ အသက်ရှင်ရှင်. . မရှင်ရှင် ”

မေတ္တေယီသည် ကိတ္တိဝါန၏ လက်ထဲက အတင်းရုန်းထွက်ပြီး အင်္ဂဝမ္မာနှင့် အတူလိုက်သွားရန် ကြိုးစားသည်။ အင်္ဂဝမ္မာကမူ နောက်ဘက် ပြန်လှည့်မကြည့်တော့ဘဲ သုတ်ခြေတင်သွားသည်။



( ၃၉ )

အင်္ဂဝမ္မာသည် ဧည့်ကဇရကသို့ ပြေးလာခဲ့သည်။ ထိုရာတွင် နှလုံးသောမယာဖြင့် လှည့်ပြန်ရပြန်သည်။ မေတ္တေယီနှင့်သာ မဆုံလျှင် ဧည့်ကဇရကမြို့၌ နောက်ထပ် နေ့ရက်အတန်ကြာမျှ နေချင်နေပေလိမ့်ဦးမည်။ ကျောက်သားပေါ်၌ ထာဝစဉ် တည်မြဲအောင် ပြုပြင်ဖန်တီးထားသော သူ၏ကိုယ်ပမက်ကို မေတ္တေယီက ဖျက်ဆီးပစ်လိုက်လေပြီ။

မေတ္တေယီသည် ကျိုးပဲ့ပျက်စီးသွားသည့် ပန်းကန်ခွက်ယောက် တစ်ခုကဲ့သို့ ဖြစ်နေရှာသည်။ အပယ်ခံနေရသည်၊ အစော်ကားခံနေရသည်၊ နှင်းခြေခံနေရသည်။ ယင်း ပန်းကန်ခွက်ယောက် အကျိုးအပဲ့၏ အစအနများသည် အင်္ဂဝမ္မာအား ဒဏ်ရာအနာတရဖြစ်အောင် ပြုလုပ်လိုက်သည်။ ဘဝ၏ ရှည်ကြာလှသည့် ကြိုးပမ်းအားထုတ်မှုကြီးသည် ရုတ်တရက် ရှောင်တခင် နိဂုံးချုပ်သွားလေပြီ။ အင်္ဂဝမ္မာသည် ရှေ့ဆက် ဘာလုပ်ရမည် မသိတော့ပေ။

သူ၏ စိတ်အခြေအနေမှာ တစ်ချိန်တုန်းက အကြောင်းတစ်ခုခုကြောင့် ကျက်သွားသောအနာ တစ်ဖန်ပြန်ထလာသည်နှင့် တူနေသည်။ သူသည် ပုပ္ပဝလီကို ယောင်၍မျှပင် သတိမရခဲ့ပေ။ သို့ရာတွင် ယခုအခါ၌ ပုပ္ပဝလီသည် သူသွားနေသည့်လမ်းတွင် သူ့ကို ရှေ့က တားဆီးပြီး ခွက်ထိုးခွက်လန် ရယ်မောနေသည်ဟု ထင်လာသည်။

အနောက်တံခါးမှ ထွက်လာပြီးလျှင် အင်္ဂဝမ္မာသည် ဧည့်ကဇရကမြို့မှ တလှမ်းချင်းလှမ်းပြီး ပြန်လာခဲ့သည်။ တစ်နေရာရာတွင် အမယ်အိုကို တွေ့ချင်တွေ့လိမ့်မည်ဟု သူအထင်ရှိနေသည်။ ဘဝအလျဉ်းကား ဆန်းကြယ်လှသည်။ သည်လူ သည်ပုဂ္ဂိုလ်များပင် တစ်ခါနှင့်တစ်ခါ မတူသည့် အခြေအနေ၌ တစ်ကြိမ်နှင့်တစ်ကြိမ် မတူသည့် နေရာများတွင် တွေ့ကြုံဆုံဆည်း ရကြရသည်။ အားလုံးပင် တစ်ခရီးတည်းသွားကြသည့် ခရီးသွားများ ဖြစ်သည်ဟု ထင်ရသည်။ ရှေ့ကသွားရသည့်အခါ သွားရ၊ နောက်တလိုက်ရသည့်အခါ လိုက်ရ၊ ဤမျှသာ ထူးခြားသည်။

www.burmeseclassic.com

www.burmeseclassic.com



အမယ်အိုတစ်ယောက်ယောက် တောင်ဝှေးထောက်သွားသည်ကို မြင်ရလျှင် အနီးကပ်ပြီး သေသေချာချာကြည့်သည်၊ အမယ်အို၏ ဝှံပန်းသဏ္ဌာန်ကို မေ့သွားပြီ၊ အမယ်အိုကို သတိရသည့်အတွက် လိုဏ်ဂူ၏နံရံ၌ ထွင်းထုထားသည့် အမယ်အို၏ ပုံသဏ္ဌာန်ကိုသာလျှင် သိနေသည်၊ သို့ရာတွင် လိုဏ်ဂူထဲက အမယ်အို၏ရုပ်နှင့် အစစ်အမှန် အမယ်အို၏ရုပ် မည်မျှတူသည် ဆိုသည်ကိုလည်း သူမဆုံးဖြတ်နိုင်တော့ပေ၊

အဂ္ဂိဝမ္မာသည် အမယ်အိုကို ဘယ်မှာမှ မတွေ့၊ ပိုက်စိပ်တိုက်လိုက် ရှာသည်၊ ရှိလိမ့်မည်ထင်သည့် နေရာဟူသမျှသို့ ရောက်သည်၊ သို့ရာတွင် မောရုံသာ အဖတ်တင်သည်၊ အမယ်အိုကို မတွေ့ရပေ၊

ဘုရားကျောင်းများတွင်လည်း အမယ်အိုကိုရှာသည်၊ လူပေါင်းများစွာကို တွေ့သည်၊ အဖိုးအို၊ အဘွားအို၊ ကလေး၊ လူကြီး၊ မိန်းမ ယောကျ်ား အားလုံးကိုတွေ့သည်၊ သို့ရာတွင် သူရှာနေသည့် အမယ်အိုကိုမူ အရိပ်အယောင်မျှပင် မတွေ့ရပေ၊ အမယ်အိုသည် လမ်းခရီးတစ်နေရာရာ၌ မြေကြီးဖြစ်သွားဟန်ရသည်ဟုသာ နောက်ဆုံး၌ တွက်လိုက်သည်၊

ဘုရင်မင်းကြီးထံသွားပြီး သူ့ကို တာဝန်ပေးလိုက်သည့်အလုပ်ကို လုပ်ရန် စိတ်ကူးလိုက်သေးသည်၊ သို့ရာတွင် တစ်စုံတစ်ရာကို စဉ်းစားမိပြီး ထိုအကြံကို လက်လျှော့လိုက်သည်၊ တစ်နေ့နေ့တွင်မူ ဘုရင်မင်းကြီးနှင့် တွေ့ရမည်ဟု အထင်ရှိနေသည်၊

အဂ္ဂိဝမ္မာသည် ဘုရားကျောင်းမှ ထွက်လာပြီးလျှင် မြစ်ကမ်းပါးတစ်လျှောက် လျှောက်သွားသည်၊ တစ်နေ့သောအခါက သူသည် ဧည့်သည်တာဝန်ဖြင့် ညှိလမ်းအတိုင်း အသက်ဖက်နှင့်ထုပ်ပြီး တောအတွင်း ဝင်ပြေးခဲ့ရသည်၊ ထိုအဖြစ်အပျက်ကို တွေးကြည့်လိုက်ရုံမျှနှင့် ခေါင်းနဘန်းကြီးသွားသည်၊ ရပ်ရပ်ပြီး အကြိမ်များစွာ နောက်ထပ်လှည့်ကြည့်သည်၊ ဘယ်သူ့ကိုမှ မတွေ့ပေ၊ ထိုအခါတျမှ စိတ်ချလက်ချ လျှောက်သွားသည်၊

အလုပ်က အလုပ်လုပ်သူကို လိုက်ရှာသည့် အချိန်တစ်ချိန်လည်း ရောက်မလာဘဲ နေမည်မဟုတ်ပေ၊ ငါ့ခေတ်ငါ့အခါ ရောက်မလာဘဲ နေမည်မဟုတ်ပေ၊ ဇမ္ဗူဒိပ်တစ်နိုင်ငံလုံးတွင် ငါ့လက်ရာမျိုးမရှိဟု ထိုရဟန်းပြောတာ မမှန်ဘဲနေမည်မဟုတ်ပေ၊ ငါအလုပ်လုပ်နေရမည်၊ လက်ရာကောင်းလက်ရာမွန်မှန်လျှင် အရပ်ဝန်းကျင်မှလူများ လာမကြည့်ဘဲ နေမည်မဟုတ်ပေ။ အဂ္ဂိဝမ္မာသည် ယင်းသို့ အမျှင်မပြတ် တွေးတောနေမိသည်၊



ကရိရှနာမြစ်ထဲတွင် ရေကျသွားလေပြီ၊ အဂ္ဂိဝမ္မာသည် လာလမ်းအတိုင်း မြစ်ကို လှေနှင့်ဖြတ်ကူးပြီး နာရီအတန်ကြာသွားလိုက်လျှင် သူ့လိုဏ်ဂူသို့ ရောက်သွားနိုင်သည်၊ သို့ရာတွင် ယင်းလမ်းက မသွားဘဲ မြစ်ညှိမှာဘက်တမ်း လူသွားလမ်းမှသာ သွားလိုသည့်ဆန္ဒ ဖြစ်လာသည်၊ သူ့ကို တစ်ခါတုန်းက တရင်းတနှီး ဧည့်ခံပြုစုလိုက်သည့်ရွာကို တစ်ခါတစ်ခေါက် ဝင်ကြည့်ချင်သည့်စိတ် ပေါက်လာသည်၊ ထိုရွာသို့ ရောက်ပါက ပုပ္ဖဝလီနှင့် သမီးလေးအကြောင်းကိုလည်း စုံစမ်းလိုက စုံစမ်းနိုင်သည်၊

သွားရင်းသွားရင်းနှင့် အဂ္ဂိဝမ္မာသည် ရွာနားရောက်သွားသည်၊ တစ်ချိန်တုန်းက ကောက်ပင်စပါးပင်များ အပြည့်ရှိခဲ့သည့် လယ်ယာများထဲတွင် ယခု ဘာတစ်ခုမှ မရှိတော့ပေ၊ ထန်းပင်များသည်ပင် သစ်ပင်ငုတ်တို ဖြစ်နေကြသည်၊ သူဆောက်လုပ်သည့် တဲပုံစံ တဲများကိုမူ အများအပြားတွေ့ရသည်၊

အဂ္ဂိဝမ္မာ မယောင်မလည်နှင့် ရေတွင်းနား ရောက်သွားသည်၊ ရွာကိုကြည့်ရန်အတွက် ညှိမျှဝေးသည့်ခရီးကို လာခဲ့သော်လည်း ရွာစည်းရိုးရောက်သည့်အခါ ရွာထဲဝင်ရကောင်းမလား မကောင်းဘူးလား ချီတုံချတုံ ဖြစ်နေသည်၊

ရေတွင်းတွင် မိန်းမများ စုနေကြသည်၊ ရေခပ်ရင်း တစ်ဦးနှင့်တစ်ဦး စကားပြောနေသည်၊ အဂ္ဂိဝမ္မာကို တစ်ယောက်မှ မမှတ်မိကြ၊ သူကိုယ်တိုင်ကလည်း ပုပ္ဖဝလီအကြောင်း မေးကြည့်ဖို့ မဝံ့မရဲဖြစ်နေသည်၊ စကားလုံးများသည်မျိုရောက်လာပြီးမှ တစ်လစ်ကြီး ဖြစ်နေသည်၊

မျက်လုံးတွင် မျက်ရည်လျှံလာသည်၊ တုန်တုန်ယင်ယင် ဖြစ်လာသည်၊ ထိုနေရာ၌ ကြာကြာရပ်မနေနိုင်တော့ပေ၊ မျက်ရည်ကိုသုတ်လျက် တစ်ချိန်တုန်းက ပုပ္ဖဝလီကို ပစ်ထားခဲ့ပြီး ထွက်သွားသည့် အရပ်မျက်နှာဆီသို့ ထွက်သွားသည်၊ ထိုနေရာ၌ မြစ်ပြင်သည် ကျဉ်းသည်၊ အဂ္ဂိဝမ္မာသည် မြစ်ကို ဖြတ်ကူးသည်၊ ထို့နောက် သူ့လိုဏ်ဂူရှိရာသို့ သုတ်ခြေတင်သည်၊ လိုဏ်ဂူရောက်သွားသည့်အခါ ရေဝတရဟန်းက တခြားရဟန်း သုံးလေးပါးကို လိုဏ်ဂူပြနေသည်ကို တွေ့ရသည်၊ အဂ္ဂိဝမ္မာကို တွေ့ရသည့်အခါ ရဟန်းများသည် လေးလေးစားစား နှုတ်ဆက်ကြသည်၊ အဂ္ဂိဝမ္မာအား ဆရာသမား တစ်ဦးပမာ အထင်မှတ်နေကြသည်၊

www.burmeseclassic.com

www.burmeseclassic.com



( ၄၀ )

" သင်ရဟန်းရဲ့ ဆရာအရှင်က ဘုရင်မင်းကြီးကို သိတယ်ဟုတ်လား"

အဂ္ဂိဝမ္မာသည် ညက တစ်ညလုံးတွေးတောစိတ်ကူးခဲ့သည့် အကြောင်းကို နံနက်စောစောတွင် ရေဝတရဟန်းအား မေးလိုက်သည်။

" ဟုတ်တယ်၊ ဘုရင်မင်းကြီးက သူ့ မိတ်ရင်းဆွေရင်း တကာရင်းပဲ"

" သူ့နာမည် ဘယ်လိုခေါ်တယ်၊ မေ့သွားလို့ပါ "

" နာဂါဂုန ဆရာအရှင် "

"ကျုပ် သူ့ကိုတွေ့လို့ရမလား၊ ကျုပ်ဟာ ဗြာဟ္မဏတစ်ဦးလဲ မဟုတ်ဘူး၊ ဘုရားသခင်ကို ကိုးကွယ်သူလဲ မဟုတ်ဘူးဆိုတာတော့ ကြိုတင်ပြီး ပြောထားပါရစေ "

" သူနဲ့တွေ့ဖို့ ဗြာဟ္မဏတစ်ဦးဖြစ်ဖို့လဲ မလိုဘူး၊ ဘုရားသခင် ကိုးကွယ်တဲ့လူ ဖြစ်ဖို့လဲမလိုဘူး၊ ဆင်းရဲချမ်းသာမရွေး ဘယ်သူပဲဖြစ်ဖြစ် ဘယ်ဘာသာတရားကို ကိုးကွယ်ဆည်းကပ်တဲ့လူပဲ ဖြစ်ဖြစ်၊ သူ့ကို အခါး အတားမရှိ တွေ့နိုင်တယ်။ ဗုဒ္ဓဘာသာမှာ လူလူချင်း ခွဲခြားတာမျိုး မရှိဘူးလို့ ကျုပ် သင့်ကို ပြောပြထားတယ် မဟုတ်လား "

ရေဝတရဟန်းက အဂ္ဂိဝမ္မာအား ရှင်းလင်းပြောပြနေသည်၊ အဂ္ဂိဝမ္မာ သည် ရေဝတရဟန်း ပြောပြနေသည်ကို နားထောင်ရင်း လိုဏ်ဂူ၏ ရုပ်လုံး ရုပ်တုများကို တမာရွက်များဖြင့် အညစ်အကြေးစင်သွားအောင် သုတ်ပေး နေသည်၊

" သူဘယ်မှာ နေသလဲ "

" ဘုရင်မင်းကြီးက ပိတုံးတောင်ပေါ်မှာ သူနေဖို့ ကျောင်းတစ်ဆောင် ဆောက်ပေးထားတယ်။ ဒါပေမယ့် အဲဒီကျောင်းမှာနေတဲ့အခါ အင်မတန် နည်း ပါတယ်၊ ကျောင်းရှေ့က သစ်ပင်အောက်မှာပဲ အနေများတယ် "

" ဘာဖြစ်လို့လဲ "

" တစ်ခြားရဟန်းတွေနေဖို့ လုံခြုံတဲ့နေရာ မရှိဘူးမဟုတ်လား။ ဒါကြောင့်မို့ သူ့ကျောင်းကို တခြားရဟန်းတွေ နေဖို့ ပေးထားပြီး သူကတော့ ကျောင်းအပြင်ဘက်မှာ တော်ရုံရော်ရုံပဲနေတယ်။ ဘုရင်မင်းကြီးက ကျောင်း ဆောက်ပေးမယ်လို့တော့ ပြောထားပါတယ်။ ဒါပေမယ့် ဒီအတောအတွင်းမှာပဲ စစ်ဖြစ်လာတဲ့အတွက် ကျောင်းဆောက်တဲ့အလုပ်ကို ဆိုင်းငံ့ထားလိုက်ရတယ်"

" ဘုရင်မင်းကြီးက ဆောက်ပေးမယ်လို့ ကတိပေးထားတယ် မဟုတ် လား၊ အခု စစ်ပြီးသွားပြီပဲ ဆောက်ပေးပါ့မလား "



" ဘာဖြစ်လို့ ဆောက်မပေးရမှာလဲ "

" ကျုပ်ကို အဲဒီခေါ်သွားနိုင်ပါ့မလား၊ ပိတုံးတောင်ဆိုတာ ဒီက ဘယ် လောက်ဝေးသလဲ "

" သင် ဒီမှာ နှစ်ရှည်လများ နေလာခဲ့တာ ပိတုံးတောင်ကို မသိဘူး လား၊ ဒီမှာ ကလေးသူငယ်ကစပြီး ပိတုံးတောင်ကို သိကြတယ်၊ ဒီရွာ ဟိုဘက်က တောင်သေးသေးဟာ ပိတုံးတောင်ပေါ့၊ ဒီကလဲ မြင်နေရသားပဲ "

" ဒီလိုဆိုရင် ပြောနေတာကြာတယ်၊ အဲဒီပိတုံးတောင်ကို သွားကြရ အောင် "

အဂ္ဂိဝမ္မာသည် ရဟန်း၏ စကားပြန်ကိုပင် မစောင့်တော့ပေ၊ လိုဏ်ဂူ ထဲမှ ထွက်လာခဲ့သည်၊ ရဟန်းရေဝတကလည်း သူ့နောက် ထလိုက်လာသည်၊ အဂ္ဂိဝမ္မာသည် ခပ်သုတ်သုတ် လှမ်းသွားသည်၊ ရဟန်းက မှီအောင်မလိုက် နိုင်ပေ၊ အဂ္ဂိဝမ္မာသည် ရှာလွန်သွားသောအခါ ရပ်ပြီး ရဟန်းကို စောင့်နေသည်၊

သူ့ကို မှီလာသောအခါ ရဟန်းက ရှေ့တက်ပြီး သူက ရဟန်းနောက်က လိုက်သည်၊ အဂ္ဂိဝမ္မာသည် ခြေလှမ်းခပ်မှန်မှန် ဖြစ်သွားသည်၊ တစ်စုံတစ်ခုကို စဉ်းစားပြီး ခြေလှမ်းလှမ်းနေသည်၊

" ကျုပ် လက်ချည်းသွားတဲ့အတွက် ဆရာအရှင်က အဆိုးတော့ ဆင်မှာမဟုတ်ပါဘူးနော် " အဂ္ဂိဝမ္မာက သူ့သံသယကို တင်ပြလိုက်သည်၊

" အို . . ဒါ အဆိုးထင်စရာ မဟုတ်ပါဘူး "

" ဆရာအရှင်က ပန်းပုပညာ၊ ကျောက်ဆစ်ပညာတို့ စိတ်ဝင်စား သလား "

" သေသေချာချာတော့ မသိဘူး၊ စိတ်ဝင်စားသိမ့်မယ် ထင်တယ်၊ သူ့တပညာရှိပဲ "

အဂ္ဂိဝမ္မာသည် ဦးခေါင်းထောင်ပြီး ရဟန်းကို လှမ်းကြည့်လိုက်သည်၊ ရဟန်း၏အဖြေကို မျှော်လင့်ထားပုံမရပေ၊

ရှေ့တွင် ရဟန်းပေါင်းများစွာတို့ကို တွေ့မြင်ရသည်၊ အဝါရောင်နှင့် အညိုရောင် သင်္ကန်းများကို ဝတ်ရုံထားကြသည်၊ လမ်းဘေး၌ တဲ နှစ်သုံး ဆုံးလုံးကိုလည်း တွေ့ရသည်၊ ရေကန်တစ်ကန် ရောက်သွားသည့်အခါ လမ်းဆုံးသွားသည်၊ လေးဘက်လေးတန်၌ သစ်ပင်များသည် သိပ်သည်း ထူထပ်စွာ ပေါက်နေကြသည်၊ တစ်ဖက်တွင် ငှက်ပျောပင်များ ဝါးပင်များ ရှိသည်၊ သစ်ပင်များ၏ အောက်တွင်လည်း အဆောက်အအုံများ ရှိသည်၊ ထိုနေရာ၌ ရဟန်းဦးရေ ပိုများသည်၊ အားလုံးပင် တစ်စုံတစ်ရာသော အလုပ်တို့

www.burmeseclassic.com

www.burmeseclassic.com



စူးစိုက်လုပ်ကိုင်နေကြပုံရသည်၊ ထိုရဟန်းများထဲတွင် ယမန်နေ့က အဂ္ဂိဝမ္မာ၏ လိုဏ်ဂူကိုကြည့်ပြီး ပြန်လာသည့် ရဟန်းများလည်းရှိသည်၊ ထိုရဟန်းများက အဂ္ဂိဝမ္မာကိုတွေ့ရသည့်အခါ ပြုံးနေကြသည်၊

ရေတန်ကြီး၏အနီး၌ လမ်းကျဉ်းကလေးတစ်ခုရှိသည်၊ တောင်အတွေ့၌ မြေညီမြေပြန့်ရှိသည်၊ ထို့နောက် ချုံပုတ်များကိုတွေ့ရသည်၊ သစ်ပင်ကြီးတစ်ပင်အောက်ရှိ ခုံမြင့်ပေါ်၌ ဖန်ရည်သက်န်းဝတ်ရုံထားသည့် ရဟန်းကြီးတစ်ပါး ထိုင်နေသည်၊ သူ့ရှေ့တွင်ကား ရဟန်းနှစ်ပါး သုံးပါး စာတက်နေကြသည်၊

အဂ္ဂိဝမ္မာ ရပ်လိုက်သည်၊ ခုံမြင့်ပေါ်၌ ထိုင်နေသည့် ရဟန်းကြီးမှာ နာဂါဇုနဆရာအရှင် ဖြစ်ကြောင်းကို ရဟန်းရေဝတက အရိပ်အမြွက်ပြပြီး ပြောလိုက်သည်၊

ရဟန်းရေဝတသည် အဂ္ဂိဝမ္မာကို ထိုနေရာ၌ထားခဲ့ပြီး နာဂါဇုနဆရာအရှင်ထံ ကပ်ပြီး ခွင့်တောင်းသည်၊ ဆရာအရှင်၏ အမိန့်အရ ရှေ့တွင် ထိုင်နေကြသည့် ရဟန်းများသည် နေရာဖယ်ပေးကြသည်၊ အဂ္ဂိဝမ္မာသည် ဆရာအရှင်၏ အနီးသို့ တပ်လာပြီး ဦးညွတ်အရိုအသေ ပြုလိုက်သည်၊

" ထိုင်ပါ ထိုင်ပါ " နာဂါဇုန ဆရာအရှင်က ဖိတ်မန္တက ပြုလိုက်သည်၊

"မှန်ပါ တပည့်တော် အနုပညာရှင်တစ်ဦးပါ ဘုရား"

အဂ္ဂိဝမ္မာသည် လမ်းတွင် မောင်းတင်လာခဲ့သည်၊ နာဂါဇုနဆရာအရှင်နှင့်တွေ့လျှင် အကြီးအကျယ် လျှောက်ထားပြောပြမည်ဟု စိတ်ကူးလာခဲ့သည်၊ သို့ရာတွင် တကယ်တွေ့သည့်အခါ၌ကား စကားတစ်ခွန်းနှစ်ခွန်းတောင် အနိုင်နိုင် ပြောနေရသည်၊ ဆရာအရှင်၏ လေးနက်မှုနှင့် နှိမ့်ချမှုသည် သူ့ကို အအ လုပ်ထားလိုက်သည်၊

" ဪ . . . အင်း . . ကျုပ်ကို ရဟန်းရေဝတပြောဖူးတဲ့ အနုပညာရှင်ဟာ မင်းကို၊ တခြားရဟန်းသုံးလေးပါးလဲ လိုဏ်ဂူကို ကြည့်လာခဲ့ကြတယ်၊ တခြားလက်ရာများကိုတော ထုလုပ်ခဲ့ဖူးသေးသလား "

" ထုလုပ်ခဲ့တာတွေတော့ အများကြီးပါပဲ၊ ဒါပေမယ့် အခုတော့ ထုလုပ်ခဲ့တဲ့ ရုပ်တုလဲ မရှိတော့ဘူး၊ ဘုရားကျောင်းလဲ မရှိတော့ဘူး " အဂ္ဂိဝမ္မာက မရဲတရဲ ပြန်ဖြေသည်၊

" မင်း ဟိန္ဒူလူမျိုးလား "

" မဟုတ်ပါဘူး၊ တပည့်တော် ရုပ်တုထုလုပ်တဲ့ လူတစ်ယောက်သာ



ဖြစ်ပါတယ် "

" မင်း ရုပ်တုကို မယုံကြည် မကိုးကွယ်ဘူးလား "

အဂ္ဂိဝမ္မာသည် မည်သို့မှ အဖြေမပေးတတ်အောင် ဖြစ်နေသည်၊ ဆရာအရှင်က ငြိမ်သက်တည်ကြည်သော အကြည့်ဖြင့် သူ့ကိုကြည့်နေသည်၊

" အင်း . . မင်းက အနုပညာရှင် တစ်ဦးကို "

" မှန်ပါတယ်၊ တကယ့်တကယ် အနုပညာရှင်တော့ မဟုတ်သေးပါဘူး၊ အနုပညာရှင်ဖြစ်ဖို့ ကြိုးစားနေတဲ့ လူတစ်ယောက်လို့ဆိုရင် ပိုမှန်ပါလိမ့်မယ် "

" မင်း ထွင်းထုထားတယ်ဆိုတဲ့ ရုပ်တုတွေကို ကျုပ် မကြည့်ရဘူးလား"

" ကြည့်နိုင်ပါတယ်၊ တပည့်တော်ရဲ့လက်ရာများကို အရှင်ဘုရား ကြည့်ချင်တယ်လို့ ကြားသိရတာ တပည့်တော်အတွက် အင်မတန် ကုသိုလ်ထူးတဲ့အချက်ပဲလို့ပဲ ထင်မှတ်ပါတယ်၊ တပည့်တော်ရဲ့ လိုဏ်ဂူ မဝေးပါဘူး၊ ဆက်ဆက်ကြွပြီး တပည့်တော်ရဲ့ လက်ရာတွေကို ကြည့်ရှုအကဲခတ်တော်မူပါ"

အဂ္ဂိဝမ္မာသည် လက်အုပ်ချီပြီး အားရဝမ်းသာ လျှောက်ထားလိုက်လေသည်၊

" မင်း လိုဏ်ဂူသွားတဲ့လမ်းကို ရဟန်းရေဝတ သိတယ်မဟုတ်လား၊ လာခဲ့ပါမယ်၊ စိတ်သာချ "

အဂ္ဂိဝမ္မာသည် နာဂါဇုန မထေရ်မြတ်အား ရှိခိုးဦးချပြီး နောက်ဆုတ်ပြန်ဆုတ်သွားသည်၊ မထေရ်မြတ်၏ရှေ့တွင် ထိုင်နေကြသည့် ယခင် ရဟန်းများသည် ယခင်အတိုင်း ပြန်ရောက်လာကြသည်၊ မိမိလိုဏ်ဂူသို့ အပြန်လမ်း၌ အဂ္ဂိဝမ္မာသည် အများအပြား လျှောက်ထားပြောပြမည်ဟု မဲတင်းပြီး သွားခဲ့သော်လည်း ဘာတစ်ခုမှ လျှောက်ထားပြောမပြခဲ့ရပါတလားဟု တွေးနေမိသည်၊ မထေရ်မြတ်၏ ကိုယ်အမူအရာ နှုတ်အမူအရာတို့ တအံ့တဩ ဖြစ်နေသည်၊

အဂ္ဂိဝမ္မာသည် လမ်းမှ သရက်ရွက်များကို ခူးလာသည်၊ သရက်ခက် သရက်ရွက်များဖြင့် လိုဏ်ဂူဝ၌ မုခ်ဦးသဏ္ဍာန် ပြုလုပ်ထားသည်၊ လိုဏ်ဂူကို သုတ်သင်ပြီး ပြင်ဆင်ထားသည်၊ အနီးအနားတစ်ဝိုက်၌လည်း အမှိုက်သရိုက်များကို ရှင်းလင်းသုတ်သင်ထားသည်၊ ထို့နောက် နာဂါဇုန မထေရ်မြတ်ကြွအလာကို စိတ်အားထက်သန်စွာ စောင့်စားမျှော်လင့်နေသည်၊

www.burmeseclassic.com

www.burmeseclassic.com



( ၄၀ )

နောက်တစ်နေ့ နံနက်စောစောတွင် နာဂါဇုန မဟာထေရ်သည် အဂ္ဂိဝမ္မာ၏ လိုဏ်ဂူကိုကြည့်ရှုရန် ထွက်လာခဲ့သည်။ နံနက်နေမထွက်ခင်ကပင် အဂ္ဂိဝမ္မာသည် ရေမိုးချိုးပြီး တောင်ကုန်းပေါ်၌ ဆရာအရှင်မြတ်အလာကို စောင့်မျှော်နေသည်။

ရွာဆီမှ ရဟန်းသံဃာတစ်သိုက် လာနေသည်။ ရှေ့ဆုံးမှ ရဟန်းရေဝတ၊ ရဟန်းရေဝတ၏နောက်တွင် အသက်အရွယ်ကြီးရင့်နေပြီဖြစ်သည့် နာဂါဇုနမဟာထေရ်၊ မဟာထေရ်၏နောက်မှာမှ တခြားရဟန်းများနှင့် ပရိုဗိုဇ်များ ပါလာကြသည်။ နေ၏ ရောင်ခြည်နုနုသည် ရဟန်းများ၏ အဝါရောင်သင်္ကန်းများပေါ်၌ တောက်နေသည်။ ရဟန်းများ ကြွလာသည်ကို တွေ့မြင်ရသောအခါ အဂ္ဂိဝမ္မာ ထခုန်မတတ် ဝမ်းသာအားရ ဖြစ်သွားသည်။

နာဂါဇုန မဟာထေရ် လိုဏ်ဂူရှေ့ရောက်သောအခါ အဂ္ဂိဝမ္မာသည် မဟာထေရ်အား ဦးညွတ်ရှိခိုးလိုက်သည်။ အဂ္ဂိဝမ္မာသည် သည့်အရင်က ဘယ်တုန်းကမှ ဘယ်သူ့ကိုမှ ရှိမခိုးခဲ့ပေ။ ဘာကြောင့်ဆိုသည်ကိုမူ သူကိုယ်တိုင်လည်း ပြတ်ပြတ်သားသား မသိခဲ့ပေ။ မဟာထေရ်က အဂ္ဂိဝမ္မာကို ဆုမွန်ပေးလိုက်သည်။ တခြားရဟန်းများသည် လိုဏ်ဂူတံခါးဝ၌ ရပ်နေကြသည်။ နာဂါဇုနမဟာထေရ်သည် လိုဏ်ဂူထဲဝင်ပြီး ခုံတစ်ခုပေါ်၌ ထိုင်လျက် ရုပ်တုများကို သေသေချာချာ ကြည့်ရှုသည်။

" ဒီရုပ်တုတွေဟာ ဘုရားသခင် ရုပ်တုတွေလည်း မဟုတ်ပါလား" မဟာထေရ်က မေးလိုက်သည်။

"မထင်ရှား မပြတ်သားသူတွေရဲ့ ရုပ်တုကို ဘယ်မှာ ထုလို့ဖြစ်ပါ့မလဲ ဒါတွေက ထင်ရှားပြတ်သားသူတွေရဲ့ ရုပ်တုဖြစ်ပါတယ် " အဂ္ဂိဝမ္မာက ပြန်ဖြေလိုက်သည်။

နာဂါဇုန မဟာထေရ် ပြုံးသွားသည်။ အဂ္ဂိဝမ္မာ၏ အဖြေကို သဘောကျသွားသည့်လက္ခဏာရှိသည်။

" ဒါပေမယ့် မထင်ရှား မပြတ်သားသူကိုလဲ စိတ်ကူးနဲ့ မှန်းဆပြီး ရုပ်တုထုနိုင်တယ် မဟုတ်လား "

မဟာထေရ်သည် အဂ္ဂိဝမ္မာကို အကဲစမ်းလိုသည့်အတွက် မေးခွန်းထုတ်လိုက်ပြန်သည်။

" ထုလုပ်နိုင်ပါတယ်၊ ဒါပေမယ့် ဖန်တီးတည်ဆောက်တဲ့နေရာမှာ ထိန်းချုပ်မှုဆိုတာ ရှိရပါတယ်၊ စိတ်ကူးရုပ်တုကို ထုလုပ်ဖို့အတွက် ထိန်းချုပ်



မလိုပါဘူး၊ စိတ်ကူးရုပ်တုလည်း စိတ်ကူးလိုပဲ အထိန်းအချုပ်မဲ့ ဖြစ်သွားရပါတယ်၊ အနုပညာရဲ့ မှတ်ကျောက်ဟာ တကယ့်တကယ် ထင်ရှားရှိတဲ့ အရာဝတ္ထုသာလျှင် ဖြစ်ပါတယ်၊ စိတ်ကူးထဲက အရာဝတ္ထုများရဲ့မှတ်ကျောက်ကတော့ စိတ်ကူးသာလျှင် ဖြစ်ပါတယ်၊ ဆရာအရှင်မြတ် နားလည်သဘောပေါက်ပါလိမ့်မယ် "

အဂ္ဂိဝမ္မာသည် နှစ်ပေါင်းများစွာ စကားမပြောသည့်အကျင့်ကို ကျင့်နေပြီးသည်နောက်မှ အားရပါးရ ပြောချလိုက်သည်နှင့် တူသည်။ မဟာထေရ်၏ ရွှင်ပျသော မျက်နှာအနေအထားသည် အဂ္ဂိဝမ္မာအား ကလေးသူငယ်သဖွယ် ပြုံးမှုဖန်တီးနေသည်။ အဂ္ဂိဝမ္မာကိုယ်တိုင်ပင် မိမိ၏ အာစရိယ္ဆရာကို အံ့ဩနေမိသည်။

" မင်းဘယ်မှာ ပညာသင်ကြားသလဲ " မဟာထေရ်က မေးလိုက်ပြန်သည်။

" ဟုတ်တိ ပတ်တိ၊ ပညာသင်ခဲ့တယ်လို့ မရှိပါဘူး၊ နာသိကမှာ နေ့ရက်အတန်ကြာ ပညာသင်ကြားခဲ့ပါတယ်၊ ပြီး နာသိက အနီးမှာရှိတဲ့ ရွာတစ်ရွာမှာ အလုပ်လုပ်ပါတယ်၊ အဲဒီနောက် ဒီကိုရောက်လာတာပါပဲ "

" ရုပ်တုတွေကတော့ အတော်ကို ကောင်းပါတယ်" မဟာထေရ်က ဆက်ပြောမည်လုပ်စဉ် မဟာထေရ်၏ တပည့်တစ်ဦးက ဆရာ၏ ပြုံးရွှင်နေသည့် မျက်နှာကို တွေ့ရသည်ဖြစ်၍ ဆရာ၏ အယူဝါဒ သဘောတရားထဲက ပါကျတစ်ပိုဒ်ကို ရွတ်လိုက်သည်။

" ဒါပေမယ့် အနိစ္စတရားတွေပဲ မဟုတ်လား "

" အင်း. . . ဟုတ်တယ်၊ အားလုံး အနိစ္စတရားတွေပဲ၊ အနိစ္စသဘောတရားဟာလဲ သူ့အတိုင်းအရှည် သူ့ပမာဏနဲ့ရှိနေကြတယ်၊ တချို့အရာဝတ္ထုများဟာ မြန်မြန်အနိစ္စသဘောရောက်ကုန်ကြတယ်၊ အချို့အရာဝတ္ထုများကတော့ အချိန်အတော်ကြာမှ ပျက်စီးယိုယွင်းကြတယ်၊ ကျောက်ရဲ့အနိစ္စသဘောတရားကတော့ ပိုပြီးအချိန်ကာလရှည်ကြာတယ် " မဟာထေရ်သည် ပြုံးရွှင်သော မျှတ်နှာဖြင့် ဆက်မေးလိုက်သည်။

" အင်း. . . ပြောစမ်းပါဦး၊ ဒီရုပ်တုတွေဟာ စိတ်ကူးရုပ်တုမဟုတ်ရင် ဘယ်သူ့ ရုပ်တုတွေလဲ "

" အဲဒါဆိုရင်တော့ ဇာတ်လမ်းအရှည်ကြီးပြောရမှာပါ "

" ဒါဖြင့်ထားပါတော့၊ ရုပ်တုဆိုတာ ဘုရားသခင်ရုပ်တုကို ပူဇော်ဖို့အတွက်သာ ထုလုပ်ရတယ် မဟုတ်လား "

www.burmeseclassic.com

www.burmeseclassic.com



" မှန်ပါတယ်. . . ပုဇော်အပ် ပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်များရဲ့ရုပ်တုကို ထုလုပ်ရပါတယ်၊ ပူဇော်အပ်ပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်ဟာ ဘုရားသခင်လဲ ဖြစ်နိုင်တယ်၊ လူ့ပုဂ္ဂိုလ်လဲ ဖြစ်နိုင်တယ်၊ ဘုရားသခင်ဆိုတာဟာ စိတ်ကူးတစ်ခုသာ ဖြစ်ပါတယ်၊ အိပ်မက်တစ်ခုသာ ဖြစ်ပါတယ်၊ အနုပညာရှင်မှာလဲ သူ့အိပ်မက်တွေရှိနေပါတယ်၊ သူ့ခံစားချက်ရှိနေပါတယ်၊ တပည့်တော်အဲဒီအိပ်မက် အဲဒီခံစားချက်ကို ရုပ်လုံးရုပ်သွင်ဖော်တာပါပဲ ဘုရား "

" မင်း ဘယ်မှာမှ ပညာမသင်ကြားမဆည်းပူးခဲ့ဘူးဆိုပေမယ့် ရဟန်းပုဂ္ဂိုလ်တွေ နှစ်ပေါင်းများစွာ သင်ကြားဆည်းပူးပြီးတဲ့နောက်တောင်မှ မပြောနိုင်တဲ့ စကားမျိုးကို ပြောနေတယ်၊ မင်းဟာအတွေ့အကြုံအတော်ရင့်ကျက်နေပုံရတယ် "

အဂ္ဂိဝမ္မာသည် မနေတတ်မထိုင်တတ်ဖြစ်နေသည်။ အလွန်ထင်ရှားကျော်ကြားသည့် ပညာရှင် ပုဂ္ဂိုလ်ကြီး၏ နှုတ်ကမ်မိကိုယ်တိုင် မမျှော်လင့်သည့်စကားများ မည်သို့မည်ပုံထွက်လာသည်ဆိုသည်ကို နားမလည်အောင်ဖြစ်နေသည်။

" ဒီလတ်ရာတွေကို ငါသိပ်သဘောကျတယ်၊ ဒီလပ်နေတဲ့နေရာ အချိန်တာသ၊ ပြီးတစ်ဖန်ဇာတိ၊ သူငယ်ဘဝ၊ လုလင်ဘဝ၊ ဇရာ၊ မရဏ၊ လပ်နေတဲ့နေရာ သုညတွင်းဆတ်၊ သုညနောက်ခံ၊ ဒီအရုပ်တွေဟာ အလွန်နက်နဲတဲ့ အရုပ်တွေဖြစ်တယ်၊ အလွန်နက်နဲတဲ့ အဓိပ္ပါယ်ကိုဆောင်နေတဲ့ အရုပ်တွေဖြစ်တယ် "

မဟာထေရ်အရှင်မြတ်သည် သူ့တပည့်ရဟန်းများဘက်လှည့်ပြီး ပြောလိုက်သည်။ ရဟန်းများသည် အရုပ်ကိုစိုက်ပြီး ကြည့်နေကြသည်။

ထိုအခိုက်လှပသော အဝတ်အစားကို ဝတ်ဆင်ထားသည့် ကလေးမလေးတစ်ဦးသည် လက်ထဲက ပန်းတစ်ပွင့်ကိုင်ပြီး မဟာထေရ်၏ရှေ့လာရပ်လိုက်သည်။ " သွားမယ်လေ ဘဘ " ယင်းသို့ပြောပြီး မဟာထေရ်၏ သင်္ကန်းစကိုဆွဲပြီး ခေါ်နေသည်။

" သွားတာပေါ့သမီး၊ ဟိုကလေးမလေးကို ကြည့်စမ်း "

မဟာထေရ်သည် ကလေးမလေးအား ကလေးမလေး၏ ရုပ်တုကို လက်ညှိုးညွှန်ပြလိုက်သည်။ ကလေးမလေးသည် ကလေးမလေး၏ ရုပ်တုအနီး ကပ်သွားပြီး အသေအချာ ကြည့်နေသည်။ အတန်ကြာသောအခါ အဂ္ဂိဝမ္မာဘက်လှည့်ကြည့်သည်။ အဂ္ဂိဝမ္မာကလည်း ကလေးမလေးကို စူးစိုက်ကြည့်နေသည်။ ကလေးမလေးသည် ဘာစိတ်ပေါ်လာသည်မသိ၊ အဂ္ဂိဝမ္မာနားကပ်



ပြီး ပွတ်သီးပွတ်သတ်လုပ်သည်။ အဂ္ဂိဝမ္မာကလည်း ကလေးမလေးကို ချော့မြူလိုက်သည်။ ထို့နောက် ကလေးမလေး အပြင်ဘက်ထွက်သွားသည်။

မဟာထေရ်လည်း ကလေးမလေးနောက် ထလိုက်ဖို့ဟန်ပြင်သည်။ အသက်အရွယ် အိုမင်းနေပြီဖြစ်သည့် မဟာထေရ်သည် အတော်လှမ်းသည့် ခရီးကို ကြွလာခြင်းဖြစ်သည်။ သို့ရာတွင် သူ၏မျက်နှာတွင် မောပန်းသည့် အရိပ်အရောင်တစ်စက်မျှပင် ပေါ်မနေပေ။ အလွန်တရာကျေနပ်အားရနေပုံရသည်။

" သိပ်အံ့သြစရာကောင်းတဲ့ ကြိုးပမ်းအားထုတ်မှုပဲ၊ မင်းနဲ့ပြောစရာတွေရှိသေးတယ်၊ နက်ဖြန်ဖြစ်ဖြစ် တစ်နေ့နေ့ ကျောင်းကို မလာနိုင်ဘူးလား" မဟာထေရ်က အဂ္ဂိဝမ္မာကို မေးလိုက်သည်။

" လာနိုင်ပါတယ်. . . တပည့်တော် ဆက်ဆက်လာခဲ့ပါမယ် "

အဂ္ဂိဝမ္မာသည် မဟာထေရ်အား ဦးညွှတ်ရှိခိုးလိုက်ပြန်သည်။ မဟာထေရ်သည် ရှာဘက်ထွက်သွားသည်။

မဟာထေရ်၏ နောက်မှလိုက်လာသည့် ရဟန်းတစ်ပါးကထိုနေရာမှ ထွက်ခွာမသွားခင် အဂ္ဂိဝမ္မာအား ပြောပြနေသည်။

" သင်ဟာ အလွန်ကုသိုလ်ကံထူးချွန်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်၊ ဆရာ အရှင်မြတ်ကိုယ်တိုင် သင့်လိုဏ်ဂူကို လာကြည့်ရတယ်၊ ဆရာအရှင်မြတ်ဟာ သူ့ကျောင်းတိုက်ထဲက အပြင်ဘယ်တော့မှကြွတာမဟုတ်ဘူး၊ ဘုရင်တွေ ကေရာဇ်တွေသူ့ဆီလာရတယ်၊ သူကတော့ ဘယ်တို့မှ ကြွတာမထုတ်ဘူး "

ရဟန်းများလည်း ထွက်ခွာသွားကြသည်။ အဂ္ဂိဝမ္မာသည် လိုဏ်ဂူထဲတွင် မျက်လုံးစုံမှိတ်ပြီး စဉ်းစားနေသည်။ ပီတိအလွန်ဖြစ်နေသည်။ ပီတိဖြစ်လွန်းမကဖြစ်နေသဖြင့် ရူးသလိုလို နှမ်းသလိုလိုပင်ဖြစ်နေသည်။

အဂ္ဂိဝမ္မာသည် လက်မြှောက်ပြီး ရုတ်တရက် သူ့ဟာသူ ပြောလိုက်သည်။

" ငါဘုရင်နဲ့ တွေ့ရပါမလား "

" မုချတွေ့ရမယ် "

ထို့နောက် အသံကျယ်စွာ ရယ်လိုက်သည်။ သူ့ရုပ်တုများသည် သူ့ကိုအားပေးပြီး သူ့ရယ်သံကို ပဲ့တင်ထပ်အောင် လုပ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



( ၄၂ )

နာဂါဇုနမဟာထေရ် အရှင်မြတ်သည် အင်းဖျဉ်ပေါ်၌ ထိုင်နေသည်။ သူနောက်ဘက်တည့်တည့်၌ နေဝင်တော့မည့် ဆဲဆဲဖြစ်နေသည်။ သူ၏ဦးခေါင်းမှ ရောင်ခြည်များ ဖြာထွက်နေသကဲ့သို့ပင် ထင်နေရသည်။ မဟာထေရ်သည် သမာဓိဝင်စားနေပုံရသည်။

အဂ္ဂိဝမ္ဗာသည် မဟာထေရ်ရှေ့၌ အချိန်အတန်ကြာမျှ ရှိသေလေးစားစွာ လက်အုပ်ချီရပ်နေသည်။ မိမိရောက်နေသည်ဆိုသည့် အကြောင်းကို အသံပြုပြီး မဟာထေရ်အား အသိပေးလိုသည့် စိတ်မရှိပေ။ မနက်မိုးလင်းတတည်းက မဟာထေရ် သူ့အကြောင်းကို မေးသည်ဟု ရဟန်းများက သူ့ကို ပြောပြကြသည်။

မဟာထေရ် မျက်လုံးဖွင့်ကြည့်သည်။ ရှေ့တွင် အဂ္ဂိဝမ္ဗာကို တွေ့ရသည်။

" ဩော် . . . မင်းရောက်နေပြီလား "

အဂ္ဂိဝမ္ဗာက ရှိုးဦးခိုက်လိုက်သည်။

" ဗုဒ္ဓဘာသာရဲ့ ဝါဒသဘောတရားတွေကို မင်းဘယ်လိုမှ ဆန့်ကျင်တန်ဖွက်လိမ့်မည်လို့ မထင်ဘူး၊ ဗုဒ္ဓဘာသာဟာ မွေးဖွားမှုအပေါ်မှာ အခြေခံတဲ့ လူလူချင်းကွဲပြားခြားနားမှုဆိုလျှင် ဘယ်လိုကွဲပြားခြားနားမှုမျိုးကိုမှ လက်မခံဘူး၊ ဗုဒ္ဓဘာသာဟာ ဘုရားသခင်အပေါ်မှာ အခြေမခံဘူး၊ လူသားပေါ်မှာသာ အခြေခံတယ်၊ နီတိကျင့်ဝတ်ပေါ်မှာသာ အခြေခံတယ်၊ ဘာသာထရားရဲ့ ဗဟိုအချက်အချာ နေရာဟာ လူပုဂ္ဂိုလ်တစ်ဦးချင်း ဖြစ်တယ်ဆိုတာ



မှန်တယ်၊ ဒါပေမယ့် ဒီဘာသာတရားကတော့လူ့အဖွဲ့အစည်းရဲ့ အစပ်အစွန်းတစတင်လာခဲ့တာဖြစ်တယ်။ လူပုဂ္ဂိုလ်တစ်ဦးရဲ့ နီတိကျင့်ဝတ်နဲ့ လူ့အဖွဲ့အစည်းရဲ့ နီတိကျင့်ဝတ်မှာ ဒီဘာသာတရားက တူညီမှုကို ရှာဖွေတယ်။ လူပုဂ္ဂိုလ်တစ်ဦးချင်းနဲ့ လူ့အဖွဲ့အစည်းမှာ အကြောင်းနဲ့ အကျိုး ဆက်စပ်မှုမရှိဘူး၊ လူပုဂ္ဂိုလ်တစ်ဦးချင်းနဲ့ လူ့အဖွဲ့အစည်းဟာ တစ်ဦးနဲ့တစ်ဦး အကြောင်းလဲဖြစ်တယ်၊ အကျိုးလဲဖြစ် တယ်၊ ငါဗုဒ္ဓဘာသာရဲ့ အဘိဓမ္မာ သဘောတရားကို ပြောပြနေတာလဲမဟုတ်ဘူး၊ ဗုဒ္ဓဘာသာတွေရဲ့ အစဉ်အလာယူဆလာခဲ့ကြတဲ့အယူအဆကို ပြောပြနေတာလဲ မဟုတ်ဘူး၊ မင်းသိရှိနားလည်ထားလိမ့်မယ်လို့ ထင်ရတဲ့ အကြောင်းအရာကိုသာ ပြောပြနေခြင်းဖြစ်တယ်၊ ဗုဒ္ဓဘာသာရဲ့ ရည်မှန်းချက်ဟာ " ဗဟုဇနသုခါ ယ ဗဟုဇနဟိတာယ" ဖြစ်တယ်၊ အဲဒီရည်မှန်းချက်ကို မင်းလက်ခံလိမ့်မယ်လို့ ယုံကြည်တယ် "

" ဘာဖြစ်လို့ လက်မခံရမှာလဲ ဘုရား၊ ဆရာအရှင်တို့ရဲ့ ဘာသာတရားအရ လူအားလုံးအတူတူပဲ မဟုတ်လား "

" လူအားလုံးဟာ အတူတူတော့ မဟုတ်ဘူး၊ အတူတူလဲ မဖြစ်နိုင်ဘူး၊ အဲဒါ ဒေသနဗေဒအရ မှန်ကန်တဲ့ တရားဖြစ်တယ်၊ မွေးဖွားမှု သို့မဟုတ် ဇာတိပေါ်မှာ အခြေခံတဲ့ အယုတ်အမြတ် သတ်မှတ်ဆုံးဖြတ်ချက်မျိုးတော့ ဗုဒ္ဓဘာသာမှာ မရှိဘူး၊ ဗုဒ္ဓဘာသာဟာ မွေးဖွားမှု သို့မဟုတ် ဇာတိရဲ့ သတ်မှတ်ချက် ပညတ်ချက်တွေက လွတ်မြောက်နေတယ် "

" အဓိပ္ပာယ်က လူဟာ လွတ်လပ်သူဖြစ်တယ်၊ လွတ်လွတ်လပ်လပ်နေနိုင်တယ်၊ ကိုယ့်အယူအဆ၊ ကိုယ့်အတွေးအခေါ်ကို လွတ်လွတ်လပ်လပ် ဖော်ထုတ်နိုင်တယ်လို့ ဆိုလိုတာ မဟုတ်လား" အဂ္ဂိဝမ္ဗာက မေးလျှောက်လိုက်သည်။

မဟာထေရ်သည် အဂ္ဂိဝမ္ဗာအား ခပ်စောစောက ရဟန်းများထိုင်ခဲ့သည့်နေရာ၌ ထိုင်ရန်ညွှန်ကြားပြီး စကားကိုဆက်ပြန်သည်။

" အင်း . . ပြီးတော့ ဗုဒ္ဓဘာသာမှာ [illegible] ဖို့ရန်အတွက်လဲ လမ်းစဉ်ရှစ်မျိုးချမှတ်ထားတယ်၊ အဲဒီလမ်းစဉ်ရှစ်မျိုးဟာ [illegible] နေတဲ့ အကြောင်းအရာတွေနဲ့ သိပ်မပတ်သက်ဘူး၊ ဒါပေမယ့် [illegible] တယ်ဆိုရင်တော့ သိထားနိုင်ပါတယ် "

" တပည့်တော် မေးလျှောက်ချင်တာတစ်ခုရှိနေတယ်၊ ဗုဒ္ဓဘာသာမှာ ပုဂ္ဂိုလ်ကိုးကွယ်မှုရဲ့ အခန်းကဏ္ဍရှိပါသလားဘုရား "

www.burmeseclassic.com

www.burmeseclassic.com



" အယူဝါဒရဲ့အခန်းကဏ္ဍရှိသလို ပုဂ္ဂိုလ်ကိုးကွယ်မှုရဲ့ အခန်းကဏ္ဍလဲ ရှိတာပါပဲ၊ အယူဝါဒအမျိုးမျိုးရှိတယ်၊ အယူဝါဒဆိုတာ လူ့အဆက်တစ်ခုက နောက်လူ့အဆက်တစ်ခုကို လက်ဆင့်ကမ်းခဲ့တာ များတယ်၊ လူ့အဆက်ပေါင်းများစွာ ကျော်လွန်လာပြီးတဲ့ အခါကျတော့ အစဉ်အဆက်ဆင်းသက်လာခဲ့တဲ့ အယူဝါဒဟာ ပုဂ္ဂိုလ်တစ်ဦးရဲ့ အယူဝါဒဖြစ်ပေမဲ့ လူ့လောကက ကျင့်သုံးလိုက်နာတဲ့ အယူဝါဒဖြစ်လာတယ်။ အဲဒီအခါမှာ အဲဒီအယူဝါဒရဲ့ မြစ်ဖျားခံရာဖြစ်တဲ့ ပုဂ္ဂိုလ်ကို ကိုးကွယ်လာကြတယ်၊ လူ့နှလုံးဟာ ချစ်ခင်တတ်တယ်၊ တွယ်တာတတ်တယ်၊ ချစ်ခင်မှု၊ တွယ်တာမှုရဲ့ အသွင်အပြင် အမျိုးမျိုးထဲမှာ ပုဂ္ဂိုလ်ကိုးကွယ်မှုဆိုတာလဲ အသွင်အပြင်တစ်မျိုးဖြစ်တယ် "

" လူတွေ ဘုရားကျောင်းကို ဘာဖြစ်လို့ ဆောက်လုပ်ကြတာလဲ ဘုရား "အဂ္ဂိဝမ္မာက သူသိလိုသည့် အချက်တစ်ချက်ကို မေးလျှောက်လိုက်ပြန်သည်။

" ဘုရားကျောင်းဆောက်လုပ်တဲ့ ကိစ္စမှာ အကြောင်းများစွာရှိတယ်၊ ဟိန္ဒူဘာသာတရားမှာ ပုဂ္ဂိုလ်တစ်ဦးချင်းနဲ့ ဘုရားသခင်ဟာ တသီးတခြားစီဖြစ်တယ်လို့ ယူဆကြတယ်၊ ပုဂ္ဂိုလ်တစ်ဦးချင်းဟာ ဘုရားသခင်နဲ့ တစ်ပေါင်းတည်းဖြစ်ဖို့ စိတ်ဆန္ဒရှိတယ်။ ယင်းစိတ်ဆန္ဒကို ပူဇော်ပသခြင်းနဲ့ ဖော်ပြတယ်။ ဘုရားကျောင်းဆိုတာ အဲဒီစိတ်ဆန္ဒရဲ့ အပြင်အပ အသွင် သဏ္ဌာန်သာဖြစ်တယ်၊ ဟိန္ဒူဘာသာက ဗဟိဒ္ဓကိုကြည့်တယ်၊ ဗုဒ္ဓဘာသာ မှာတော့ တသီးတခြားစီဆိုတဲ့ ပြဿနာမရှိဘူး၊ ဒါကြောင့်မို့ တစ်စုတစ်ပေါင်းတည်းဖြစ်ဖို့လိုတဲ့ စိတ်ဆန္ဒလည်းပေါ်မလာဘူး၊ ဘုရားသခင်ရှိသလား မရှိဘူးလားဆိုတဲ့ ပြဿနာထဲမှာ ငါတို့ ဝင်မပါဘူး၊ ဗုဒ္ဓဘာသာက အဇ္ဈတ္တကို ကြည့်တယ်၊ နီတိကျင့်ဝတ်ကို ဦးစားပေးတယ်၊ ဗုဒ္ဓဘာသာရဲ့ မှီရာဟာ လူသားဖြစ်တယ်၊ ဘုရားသခင်မဟုတ်ဘူး၊ မင်းဒီအကြောင်းအရာနဲ့ ပတ်သက်ပြီးတော့လဲ သိလိုတဲ့ ဆန္ဒရှိတာကို သိရတဲ့အတွက် ငါအများကြီး ဝမ်းသာတယ် "

" ဒီလိုဆိုရင် ဘုရားကျောင်းတွေကို ဘာဖြစ်လို့ ကြီးကြီးမားမားတွေ ဆောက်လုပ်ကြတာလဲ " အဂ္ဂိဝမ္မာ မေးလိုက်ပြန်သည်။

" အဲဒါလည်း အကြောင်းများစွာရှိတယ်၊ အဆောက်အအုံတစ်ခုခုကြီးကျယ်နေတဲ့အတွက် ပုဂ္ဂိုလ်တစ်ဦးဦးကထူးထူးခြားခြား ဂုဏ်သိက္ခာတက်မလာပါဘူး၊ ဘာဖြစ်လို့လဲဆိုရင် ပုဂ္ဂိုလ်တစ်ဦးချင်းအနေနဲ့ အဲဒီလိုအဆောက်အအုံကို မဆောက်နိုင်တဲ့အတွက်ဖြစ်တယ်၊ ဘုရားကျောင်းဆိုတာ လူတစ်ဦးတည်းပိုင်တာမဟုတ်ဘူး၊ ဘုရားကျောင်းဆောက်တဲ့ကိစ္စမှာ လူတိုင်းလူတိုင်းဝင်ပါရ



တယ်၊ ငါတို့ရဲ့စေတီပုထိုးလဲ အဲဒီအတိုင်းပဲ၊ ကိုးကွယ်မှုရဲ့ ရုပ်ဝတ္ထုအသွင်အပြင်ဟာ ဘုရားကျောင်းဖြစ်တယ်၊ စေတီပုထိုးဖြစ်တယ် "

မဟာထေရ်က စိတ်ရှည်လက်ရှည်ရှင်းပြသည်။

အဂ္ဂိဝမ္မာ ငြိမ်သွားသည်။ သူ့စိတ်ထဲတွင် အနှစ်နှစ်အလလက ရှုပ်ထွေးလာခဲ့သည့် ပြဿနာသည် တခဏအတွင်း၌ပင် ရှင်းလင်းသွားသည်။

" မင်းမေးချင်တာတွေ မေးပြီးပြီ မဟုတ်လား၊ ကဲ ငါ့အလှည့်ကျပြီ၊ ငါက မေးရလိမ့်မယ်၊ မင်းဘာဖြစ်လို့ ဒီလိုဏ်ဂူကို ဆောက်လုပ်တာလဲ "

" တပည့်တော် ဘယ်လိုလုပ် အဖြေပေးရပါမလဲ၊ အကြောင်းထူးရှိတယ်လို့တော့ မဟုတ်ပါဘူး။ တစ်ခုတော့ရှိတယ်။ တောင်ရဲ့ ကျောက်ကို ဖြိုခွဲပြီး ဘုရားကျောင်းဆောက်လုပ်နိုင်လို့ရှိရင် တောင်ကိုလဲဘုရားကျောင်းဆောက်လုပ်နိုင်ရမယ်ဆိုတဲ့ အစွဲတော့ တပည့်တော် စိတ်ထဲမှာရှိနေတယ်၊ ကျောက်ကို ဖြိုခွဲပြီး ဆောက်လုပ်ထားတဲ့ ဘုရားကျောင်းတစ်ကျောင်းကို တပည့်တော် ပတိဋ္ဌာနမြို့မှာတွေ့ဖူးပါတယ် "

" ဗုဒ္ဓဘာသာဟာ အဇ္ဈတ္တကိုသာ ကြည့်တယ်ဆိုတဲ့အချက်ရဲ့ အမှတ်သင်္ကေတကို လိုဏ်ဂူကပေးနိုင်တယ်ဆိုတာ မင်းမတွေးမိဘူးထင်တယ်။ အဲဒီအမှတ်သင်္ကေတကို ဘုရားကျောင်းကလဲ မပေးနိုင်ဘူး၊ စေတီပုထိုးကလဲ မပေးနိုင်ဘူး၊ အဲဒါတွေအားလုံး ဗဟိဒ္ဓအသွင်အပြင်တွေသာဖြစ်တယ်။ လိုဏ်ဂူဟာ တွေးခေါ်ခြင်း ၊ ဆင်ခြင်ခြင်း ၊ ကြံဆခြင်းရဲ့ အမှတ်သင်္ကေတဖြစ်တယ်။ ဒီပိတုန်းတောင်နဲ့ ရှရိပဗ္ဗတတောင်မှာ အခုလို လိုဏ်ဂူမျိုးတွေဖြစ်အောင် မင်းမလုပ်နိုင်ဘူးလား "

အဂ္ဂိဝမ္မာက အားရဝမ်းသာ ပြန်လျှောက်ထားသည်။

" အရှင်ဘုရား အမိန့်ပေးရင် တပည့်တော် လုပ်နိုင်ပါတယ် "

" အဲဒီလိုလုပ်ဖို့ မင်းရဟန်းအသွင်တူးပြောင်းဖို့ မလိုပါဘူး "

" တပည့်တော် ဆောက်လုပ်ထားတဲ့ လိုဏ်ဂူတွေကို ရဟန်းတွေက စေတီပုထိုးလို ရှိခိုးပူဇော်ကြပါ့မလား "

" လိုဏ်ဂူဆိုတာ ဘုရားကျောင်းလို စေတီပုထိုးလို ရှိခိုးပူဇော်ရတာ မဟုတ်ဘူး၊ လိုဏ်ဂူထဲမှာ ရဟန်းတွေ နေထိုင်သီတင်းသုံးကြလိမ့်မယ်၊ ရဟန်းတွေဟာ တစ်နှစ်ပတ်လုံးလည့်လည်သွားလာနေကြတယ်၊ မိုးဥတုကာလ သူတို့ နေထိုင်သီတင်းသုံးဖို့အတွက် နေရာဌာနအလုံအလောက်မရှိဘူး။ မိုးရာသီမှာလဲ သစ်ပင်ဝါးပင်များ အောက်မှာပဲ ရေစိုမိုးစိုနဲ့ သူတို့နေကြရတာ မင်း တွေ့ဖူးကြုံဖူးပါလိမ့်မယ်၊ သူတို့ကို ခိုလှုံစရာပေးဖို့လိုတယ်။ လိုဏ်ဂူတွေရှိနေရင်

www.burmeseclassic.com

www.burmeseclassic.com



သူတို့အတွက် ခိုလှုံစရာဖြစ်လာနိုင်တယ်၊ လိုဏ်ဂူတွေ အဆင်သင့်ရှိနေမယ်ဆိုရင် ရဟန်းသံဃာတွေ လိုဏ်ဂူထဲမှာ သီတင်းသုံးနေကြလိမ့်မယ် ”

မဟာထေရ်က အဂ္ဂိဝမ္မာအား မျှော်လင့်ချက်ကြီးစွာဖြင့် ပြန်ပြောနေသည်။

အဂ္ဂိဝမ္မာသည် သူ့ကို ဘုရင်ယဇသိရီထံပို့ပေးရန် မဟာထေရ်အား လျှောက်ထားတောင်းပန်မည်ဟု နဂိုက စိတ်ကူးထားသည်။ သို့ရာတွင် စကားစပ်မလာသဖြင့် ထိုအကြောင်းကို လျှောက်ထားခွင့် မရလိုက်ပေ။

“ တောင်းပြီ၊ မင်းမကြာခဏ ဒီကိုလာပါ၊ လိုဏ်ဂူဆောက်လုပ်ရေးကိစ္စနဲ့ ပက်သက်ပြီး နောက်ထပ် ဆွေးနွေးတိုင်ပင်စရာတွေရှိသေးတယ် ”

အဂ္ဂိဝမ္မာသည် မဟာထေရ်အား ရှိခိုးဝတ်ချပြီး ပြန်ထွက်လာခဲ့သည်။ မဟာထေရ်ကမူ တဖန်တရားအာရုံပြုနေသည်။ အဂ္ဂိဝမ္မာသည် ရေကန်ကြီးအနီးရောက်လာသည်၊ ထိုနေရာတွင် ယမန်နေ့ကမဟာထေရ်အရှင်မြတ်နှင့်အတူ သူ၏လိုဏ်ဂူသို့ ပါလာသည့်ကလေးမလေးကိုတွေ့ရသည်။ ကလေးမလေးသည် ဥဒေါင်းနှင့်တစားနေသည်။

အဂ္ဂိဝမ္မာက ကလေးမကလေးအား သူ့အနီးသို့လာရန်ခေါ်သည်။ ကလေးမကလေးသည် အဂ္ဂိဝမ္မာအနားကပ်လာပြီး အဂ္ဂိဝမ္မာကို မျက်တောင်ခတ်စိုက်ကြည့်နေသည်။ အဂ္ဂိဝမ္မာ၏ မျက်လုံးလည်း ကလေးမလေးဆီကခွာမရအောင်ဖြစ်နေသည်။ ကလေးမလေးကိုတစ်စုံတစ်ခုပြောလိုသည့် စိတ်ရှိနေသည်။ သို့ရာတွင် နှုတ်မှ ထွက်မလာပေ။ ကလေးမလေး၏ မျက်နှာကိုသာ အညို့ခံရသူပမာ ငေးကြည့်နေမိသည်။ ကလေးမလေးသည် အဂ္ဂိဝမ္မာ သူ့ကိုစိုက် ကြည့်နေသည်ကို တွေ့သည့်အခါ မျက်နှာ မထားတတ်အောင်ဖြစ်ပြီး မဟာထေရ်ထံပြေးထွက်သွားသည်။

အဂ္ဂိဝမ္မာသည် ကျောက်တုံးကျောက်ခဲများဖြင့် မပြေမပြစ်အထစ်ထစ်အငေါ့ငေါ့ဖြစ်နေသည့် တောင်ပေါ်လမ်းက လျှောက်လာသည်၊ သို့ရာတွင် သူ့ကိုယ်သူမူ တောင်ပံခတ်ပြီး ပျံသွားနေသလားဟုပင် ထင်နေသည်၊



( ၄၃ )

အဂ္ဂိဝမ္မာသည် သူ၏လိုဏ်ဂူရောက်သွားသည်။ သို့ရာတွင် အေးအေးဆေးဆေးထိုင်မနေနိုင်ပေ၊ ကြောင့်ကြပူပန်နေသည်၊ တောင်များတွင် လိုဏ်ဂူတွေ အသခြေ အနန္တဆောက်လုပ်ပြီးပြီဟု သူ့ကိုယ်သူ ထင်နေသည်၊ သစ်ဝင်များ၏ စိမ်းစိုရောင်ကြားထဲတွင် ရဟန်းများ၏ သင်္ကန်းရောင်အဝါကို တွေ့နေရသလိုထင်နေသည်။

မိမိကိုယ်တိုင် မသိဘဲ သို့မဟုတ် အခြေအနေအရ ထူးခြားမှုရှိသည့် ဘာသာတရားတစ်ခု၏ အမှတ်သင်္ကေတတစ်ခုကို ဖန်တီးပြုလုပ်မိလျက်သားဖြစ်နေသည်ဆိုသည်ကို သူတွေးပင် မတွေးမိခဲ့ပေ၊

အဂ္ဂိဝမ္မာသည် မဟာထေရ်၏ မိန့်ဆိုချက်များကို ပြန်လည်ဆင်ခြင်နေသည်၊ ဘာသာတရားနှင့် ပတ်သက်၍ သူ့ကိုယ်ပိုင် ထူးခြားသည့် အတွေးအခေါ် အယူအဆဟူ၍ မရှိပေ၊ သို့ရာတွင် မဟာထေရ်အမိန့်ရှိသည့် ဘာသာတရားနှင့် ပတ်သက်သည့် အယူအဆများမှာ ဘာသာတရားနှင့် ပက်သတ်၍ သူမြင်ထားသည့် အချက်အလက်များနှင့် အလွန်တရာနီးစပ်မှု ရှိနေသည်၊ သို့ပင်ဖြစ်စေကာမူ ဘာသာတရားနှင့် အရောရောအနှောနှောလည်း မလုပ်လိုပေ၊ တစ်စုံတစ်ရာကို ထူးထူးခြားခြားတွယ်တာမှုလည်း မရှိပေ၊ တွယ်တာမှုမရှိဟုဆိုသဖြင့် သံယောဇဉ်ကင်းပြတ်နေသည် ဟူ၍လည်း ပြော၍မရပေ၊

ထိုကလေးမသည် အဘယ်ကြောင့်မသိ သူ့စိတ်နှလုံးထဲ မကြာခဏဝင်လာသည်၊ ရိုးသားသော၊ လှပသော၊ သွက်လက်ချက်ချာသော ကလေးမလေး၏ ပုံသဏ္ဌာန်သည် သူ့ကို ရုတ်တရက် ပုပ္ဖဝလီအား သတိရစေသည်၊ ပုပ္ဖဝလီနှင့် လုံးလုံး မတွေ့ရသဖြင့် သူစိတ်မကောင်းဖြစ်မိသည်၊ ပုပ္ဖဝလီလည်း တစ်နေရာ၌ မေတ္တေယီဘဝမျိုးရောက်နေမည်လားမသိပေ၊ အခြေအမြစ်မရှိသော သတ္တိနည်းသော မိန်းမသည် များသောအားဖြင့် လမ်းပျောက်သွားတတ်သည်၊

မပြတ်မသားသော အတွေးအခေါ် အကြံအစည်များ၊ မပြတ်သေးသောလိုဏ်ဂူများ၊ နံရံရုပ်တုများသည် သူ၏စိတ်နှလုံးထဲတွင် ခေါ်ထည့်သည်၊ တောင်ခြေတောင်ခါးပန်းများသည် သူ့ကိုလက်ယပ်ခေါ် နေကြသကဲ့သို့ထင်နေရသည်၊ လက်ယားလာသည်၊ အလုပ်မလုပ်ရနေနိုင် ဖြစ်လာသည်၊

အလုပ်မစမီ အမယ်ဒိုအား ပေးထားခဲ့သည့် ကတိကို ဆောက်ရွက်

www.burmeseclassic.com

www.burmeseclassic.com



လိုသည့် စိတ်ဆန္ဒဖြစ်လာ၍ သူ့ကိုဘုရင်မင်းကြီးထံပို့ရန် မဟာထေရ်အရှင်မြတ်အား တောင်းပန်လျှောက်ထားမည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။

ယင်းသို့ဆုံးဖြတ်ပြီး မဟာထေရ်ထံသွားရန်ထွက်လာခဲ့သည်။ နေစောင်းသွားလေပြီ။ ညနေဆည်းဆာအချိန်သို့ပင် ရောက်လာတော့မည်။ မဟာထေရ်သည် ခါတိုင်းကဲ့သို့ သစ်ပင်အောက်ရှိ ခုံပေါ်၌ ရှိမနေပေ။ တဲကျောင်း၏ ရှေ့ဘက်ရှိဆိတ်ငြိမ်သည့်နေရာတစ်ခုတွင်ရောက်နေသည်။ တဲကျောင်း၏ အနောက်ဘက်၌ နေသည်ကွယ်လုနီးနီးဖြစ်နေပြီ။ ရဟန်းများသည် ညနေချမ်းတာဝန်ဝတ္တရားများကိုလုပ်ကိုင်နေကြသည်။ ကလေးမလေးသည် တဲကျောင်းထဲတွင် သစ်သီးသစ်ရွက်များဖြင့် ကလေးဘာဝတစားနေသည်။

" တပည့်တော်ကိုလာခွင့်ပြုပါဘုရား " အဂ္ဂိဝမ္မာကရိုသေလေးစားစွာ လျှောက်ထားလိုက်သည်။

" လာပါ. . . လာပါ၊ ဘယ်လိုကိစ္စများ ပေါ်လာလို့လဲ "

မဟာထေရ်က မေးလိုက်သည်။

အဂ္ဂိဝမ္မာသည် သူ့တိစ္စတို ပြောပြဖို့ရန်ရွံ့တွန့်တွန့်ဖြစ်နေသည်။ မဟာထေရ်နှင့် အဂ္ဂိဝမ္မာ၏အကြား၌ ကြီးမားသော အသိပညာနံရံကြီးခြားထားသည်၊ အသက်အရွယ်အားဖြင့်လည်း မြေးနှင့်အဘိုးလောက်သာရှိသည်။ သို့သော်လည်း မဟာထေရ်သည် အဂ္ဂိဝမ္မာအား အခါခပ်သိမ်းပင် လေးလေးစားစားဆက်ဆံပြောဆိုသည်။ မဟာထေရ်က လေးလေးစားစား ဆက်ဆံလေ အဂ္ဂိဝမ္မာအနေနှင့် ရွံ့တွန့်တွန့် ဖြစ်နေသည်။

" တပည့်တော် ဘုရင်မင်းကြီးနဲ့ တွေ့ဆုံလိုပါတယ် "

အဂ္ဂိဝမ္မာသည် သွယ်ဝိုက်မနေတော့ဘဲ တိုက်ရိုက်တဲ့တိုးပင် ပြောချလိုက်သည်။ ချိန်ဆနေလျှင် ပြောခွင့်မရဘဲနှင့် ပြန်သွားချင် သွားနေရမည်။

" ဘာပြောတယ် "

မဟာထေရ်က တည်ငြိမ်ကျနေရသော အသံဖြင့် မေးလိုက်သည်။ အဂ္ဂိဝမ္မာ နှုတ်ဆိတ်နေသည်၊ ထို့နောက်အတန်ကြာသွားမှ အရဲစွန့်ပြီး လျှောက်ထားသည်။

" တပည့်တော်ကို ဘုရင် ဇယသီရိနဲ့ တွေ့ခွင့်ရအောင် ဆောင်ရွက်ပေးစေချင်ပါတယ် "

" လိုက်ဂူတွေ ဆောက်လုပ်ဖို့အတွက် ဘုရင့်အကူအညီမှချရစေ့မယ်၊ သူကိုယ်တိုင်က ဟိန္ဒူဘာသာတရားကို ယုံကြည်တိုးတွယ်ပေမယ့် ဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားရေးအတွက်လဲ အားပေးအားမြှောက်လုပ်တာပါပဲ၊ သူ့အိမ်ထောင်မိသားစုထဲမှာ ဗုဒ္ဓတရားကို သက်ဝင်ယုံကြည်တဲ့ ပုဂ္ဂိုလ်တွေရှိတယ်၊ ဘာလဲ. . မောင်က လိုဏ်ဂူဆောက်လုပ်ဖို့ ဘုရင်အမိန့်အာဏာကို ရယူချင်သို့လား "

" မဟုတ်ပါဘူး၊ တပည့်တော်အတွက် အရှင်ဘုရားရဲ့ အမိန့်အာဏာရရင် လုံလောက်ပါပြီ၊ တခြားဘယ်သူ့အမိန့်အာဏာကိုမှရယူဖို့မလိုပါဘူး "

" မင်း အရင်က ဘယ်သူမှ မလုပ်ခဲ့တဲ့ အလုပ်ကိုလုပ်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်၊ ဆန်းသစ်တဲ့ အကြံဉာဏ်ကိုအကောင်အထည်ဖော်တဲ့ တီထွင်ဖန်တီးတဲ့ အနုပညာရှင်ဖြစ်တယ်၊ ဇယသီရိ ဘုရင်ကိုယ်တိုင်လာပြီးမင်းကို အလေးပြုရမယ်၊ မင်းလက်ရာကို လာကြည့်ရမယ် "

" ဒါပေမယ့် . . . " အဂ္ဂိဝမ္မာရှိုးတိုးရှန့်တန့်ဖြစ်သွားသည်။ သူ့နှုတ်မှ စကားလုံးများ ထွက်မလာတော့ပေ။

" ဟုတ်တယ်လေ၊ အနုပညာရှင်ဆိုတာ ဘုရင်ထက်ကြီးတယ်၊ ဘုရင်ဆိုတာက အကာအကွယ်ပေးတဲ့ လူလောက်သာဖြစ်တယ်၊ အနုပညာရှင်က ဖန်တီးတည်ဆောက်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်၊ ဘုရင်က လက်နက်အင်အားနဲ့ ကာကွယ်စောင့်ရှောက်တယ်၊ အနုပညာရှင်က သူ့ကိုသွားတွေ့ဖို့မလိုဘူး၊ သူကိုယ်တိုင် မင်းကို လာတွေ့လိမ့်မယ် "

အဂ္ဂိဝမ္မာ ကြက်သေသေပြီးရပ်နေသည်၊ မဟာထေရ်က သူ့ကို ဤအဆင့်အထိ အားပေးအားမြှောက်ပြုလိမ့်မည်ဟု လုံးဝမမျှော်လင့်ပေ။

မဟာထေရ်သည် ရဟန်းသုံးလေးပါးကို ခေါ်လိုက်လေသည်။ ယင်းရဟန်းများထဲတွင် ရဟန်းရေဝတလည်း ပါသည်။ တလွှာတစ်စောင်ရေးပြီး ရဟန်းများကို ညောကရကမြို့ရှိ ဘုရင်ယဇသီရိထံ စေလွှတ်လိုက်သည်။ အဂ္ဂိဝမ္မာ ဝမ်းသာလုံးဆို့သွားသည်။ မဟာထေရ်အား ရှိခိုးဝတ်ချပြီး လိုဏ်ဂူသို့ ပြန်လာခဲ့သည်။

လမ်းတွင် နာသိကမြို့က ယခင်ရှုခင်းတစ်ခုကို အဂ္ဂိဝမ္မာ သတိရလာသည်။ ကျောက်တုံးသက်သက်ကိုမူ ဘယ်သူမှလှည့်မကြည့်ပေ၊ သို့သော် ကျောက်တုံးသည် ရုပ်တုဖြစ်သွားလျှင်ကား လူတွေက ထိုကျောက်တုံးကို ပူဇော်ကြသည်၊ သူရုပ်တုဖြစ်သွားပြီလား၊ သူ၏အဖွဲ့တွင်းသန္တာန်တွင်းမှ အစိတ်အပိုင်းတစ်ခုက မေးခွန်းထုတ်လိုက်သည်၊ တစ်နေရာမှအဖြေပေါ်လာသည်။

" မဖြစ်သေးပါ " ။



www.burmeseclassic.com

www.burmeseclassic.com



( ၄၄ )

နောက်တစ်နေ့တွင် အဂ္ဂိဝမ္မာသည် မဟာထေရ်၏ကျောင်းသို့ သွားပြန်သည်။ ထိုအချိန်၌ ကလေးမလေးသည် လက်ထဲက ပုရပိုက်တစ်ခု ကိုင်ပြီး ရှေ့ကပြေးသည်။ အရိယဒေဝရဟန်းက နောက်မှလိုက်သည်။ ကလေးမလေးသည် အရိယဒေဝရဟန်းကိုစနေသည်။ အနီးသို့ ကပ်လာလိုက် ပြေးထွက်သွားလိုက်လုပ်နေသည်။

အရိယဒေဝ၏ ကျောင်းဆောင်သည် ရေကန်ဘေးရှိ တောင်ကုန်း ပေါ်၌ ရှိသည်။ အရိယဒေဝသည် နာဂါဇုနမဟာထေရ်၏ တပည့်ကြီးများထဲတွင် တစ်ပါးအပါအဝင်ဖြစ်သည်။ သူ့တွင်လည်း တပည့်ရဟန်းများစွာရှိသည်။ သူ၏ကျောင်းဆောင်လွန်သွားပြီးမှ နာဂါဇုနမဟာထေရ်၏ ကျောင်းဆောင်ကို တွေ့ရသည်။ ကလေးမလေးသည် အရိယဒေဝ၏ ကျောင်းဆောင်ဘက် သွားနေခိုက် အောက်ဘက်လှမ်းကြည့်လိုက်သည်တွင် တောင်ကုန်းအောက်၌ အဂ္ဂိဝမ္မာကို သွားတွေ့သည်။

အဂ္ဂိဝမ္မာသည် ကန်ဘောင်ပေါ်၌ ထိုင်ပြီး ပတ်ဝန်းကျင်ကိုငေးကြည့် နေသည်။ ကလေးမလေးသူ့ကိုပြုံးကြည့်သည်ကို တွေ့ရသည့်အခါ သူက သည်းပြုံးပြသည်။ ထို့နောက် ကလေးမလေးကို သူ့ဆီလာရန်လက်ယပ်ခေါ် လိုက်သည်။

ကလေးမလေးသည် သိဂ်ပြာလေးတစ်ကောင်ကဲ့သို့ ခုန်ပေါက်ပြေး လွှားနေသည်။ ခြေထောက်တွင် ခြူတစ်ထားပါက သူခုန်ပေါက်ပြေးလွှားနေ ခြင်းသည် ကနေသကဲ့သို့ပင် ထင်ရလိမ့်မည်။ အဂ္ဂိဝမ္မာသည် ကလေးမလေး အား သံယောဇဉ် ငြိတွယ်လာသည်။ ပွေ့ချီပြီး အားရပါးရချစ်ပစ်လိုက်ချင်သည့် စိတ်ပေါ်လာသည်။

သူ့အနီးကဖြတ်သွားသောအခါ အဂ္ဂိဝမ္မာသည် ကလေးမလေးကို ဖမ်းဆွဲထားလိုက်သည်။ ထို့နောက်ကလေးမလေး၏ လက်ထဲက ပုရပိုက်ကို လုယူပြီးလျှင် အဂ္ဂိဝမ္မာသည်ကလေးများကဲ့သို့ ကန်ဘောင်ရိုးလျှည့်ပတ်ပြေး သည်။ ကလေးမလေးသည် အတန်ကြာမျှ အဂ္ဂိဝမ္မာနောက်မှပြေးလိုက်သေး သည်။ ထို့နောက် မောသွားပြီး တစ်နေရာတွင် ထိုင်လိုက်သည်။

" သူ့ကိုပုရပိုက်ပြန်ပေးလိုက်ပါ " အရိယဒေဝက ပြောသည်။

" သမီးမလိုချင်တော့ဘူး "

" သမီးမယူရင်တို့လဲ မယူတော့ဘူး၊ တို့လဲဒီမှာပဲထိုင်တော့မယ်" အရိယဒေဝလည်း ထိုင်ချလိုက်သည်။



" ကဲ. . ရော့. . ယူ. . " ကလေးမလေးသည် အဂ္ဂိဝမ္မာလက်ထဲက ပုရပိုက်ကိုလုယူပြီး အရိယဒေဝကိုပေးလိုက်သည်။ အရိယဒေဝထသွားသည်။ အရိယဒေဝ၏နောက်က ကလေးမလေးလည်း ဟိုကြည့်သည်ကြည့်နှင့်လိုက် သွားသည်။

အဂ္ဂိဝမ္မာသည် ကလေးမလေးနှင့်အတူ အတော်လှမ်းလှမ်းသို့အထိ လိုက်သွားသည်။ ထို့နောက် ကလေးမလေးအား သူ့အနားလာဖို့ပြောသည်။ ကလေးမလေးသည် ပထမ အင်တင်တင်လုပ်နေသည်။ ထို့နောက်မှခုန်ပေါက် ပြေးလွှားပြီး သူ့အနားကပ်လာသည်။

အဂ္ဂိဝမ္မာသည် ရှေးသီချင်းတစ်ပုဒ်ကို ညည်းနေသည်။ တေးသွားမှာ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက ဟိုကျေးရွာရေကန်ကြီးအနီး၌ လုလင်နှင့် လုံမပျိုများ ပျော်ပျော်ပါးပါး သီချင်းဆိုကြသည်ကို သူကြားခဲ့ဖူးသည့် တေးသီချင်း၏အသွားဖြစ်သည်။ ထိုတေးသွားအလိုက် ကလေးမလေး က နေသည်ကို တွေ့ရသည့်အခါ အဂ္ဂိဝမ္မာ အံ့ဩသွားသည်။

အဂ္ဂိဝမ္မာသည် သီချင်းကို ရပ်လိုက်သည်။ ကလေးမလေး၏ လက်ကို ကိုင်ပြီး သူ့အနီးသို့ အတင်းဆွဲခေါ်သည်။ ကလေးမလေးက ပြုံးပြီးကြည့်နေ သည်။

" ဆိုပါဦးလေ ... ဘာဖြစ်လို့ ရပ်ပစ်လိုက်တာလဲ " ကလေး မလေးက မေးလိုက်သည်။

" ဦးလေး သီချင်းမဆိုတတ်ဘူး သမီး "

" ကျွန်မဦးလေးသမီး မဟုတ်ဘူး၊ ဘဘ ဆရာအရှင်မြတ်ရဲ့သမီး "

" ဪ. . ဟုတ်ပါတယ်၊ သမီးက ဘဘဆရာ အရှင်မြတ်ရဲ့သမီး လည်းဟုတ်ပါတယ်၊ ဦးရဲ့သမီးလေးလဲဟုတ်တယ် "

" ဦးလေးသမီး ဘာဖြစ်လို့ ဟုတ်ရမှာလဲ၊ သီချင်းဆိုပြပါဦး "

" သမီးဦးလေးနားမှာ ထိုင်နေရင် ဦးလေးသမီးကို သီချင်းသင်ပေး မယ် "

" သင်ပေးမယ်လား "

"အင်း သင်ပေးမယ်"

" ဒါဖြင့်လာပါ၊ ဘဘဆီသွားပြီး ခွင့်တောင်းမယ်၊ လိုက်ခဲ့ပါ "

ကလေးမလေးသည် အဂ္ဂိဝမ္မာ၏လက်ကိုဆွဲပြီး မဟာထေရ်၏အထံ သို့ခေါ်သွားသည်။ နာဂါဇုနမဟာထေရ်သည် တစ်ကိုယ်တည်းထိုင်နေသည်။ ဆွမ်းဘုဉ်းပေးပြီးပြီဖြစ်၍ နားနားနေနေထိုင်နေခြင်း ဖြစ်သည်။ ကလေးမလေး

www.burmeseclassic.com

www.burmeseclassic.com



သည် မဟာထေရ်၏ အနီးသို့ တန်းသွားသည်။

" ဘဘ. . သမီးသူ့ဆီမှာ သီချင်းသင်ချင်တယ် "

" မင်းက သီချင်းဂီတနားလည်လို့လား " မဟာထေရ်က အဂ္ဂိဝမ္မာကို မေးလိုက်သည်။

"တပည့်တော်နားမလည်ပါဘူး၊ နည်းနည်းပါးပါးညည်းတာလောက်သာ ရှိပါတယ် "

" သမီး. . သူသီချင်းဂီတနားမလည်ဘူးလို့ ပြောနေတယ် "

" နားလည်ပါတယ်၊ အခုတင်ဆိုနေသေးတယ်၊ သူနားလည်သလောက်ပဲ သင်ပေးနိုင်းပါ "

" သင်ပေးပါလိမ့်မယ်၊ သမီးက သီချင်းသိပ်သင်ချင်သလား "

" သင်ချင်တာပေါ့ "

" ဒီလိုဆိုရင် ဆရာကောင်းကောင်းရှာပေးမယ်၊ သွား. . သမီးစိတ်ချလက်ချကစားနေချေ "

ကလေးမလေးသည် အရိယဒေဝ၏ ကျောင်းဆောင်ဘက် ထွက်သွားသည်၊ အဂ္ဂိဝမ္မာသည် ကလေးမလေးထွက်သွားရာသို့ မျက်စိတစ်ဆုံးကြည့်နေသည်၊ ကလေးမလေး၏ သွားပုံသွားနည်း ဟန်အမူအရာသည် သူ့အားတစ်စုံတစ်ဦးအား သတိရစေသတဲ့သို့ ထင်နေရသည်၊

" နောက်နှစ်ရက်သုံးရက်ကြာရင် ဘုရင်မင်းကြီးဒီလာလိမ့်မယ် " မထောထေရ်က အဂ္ဂိဝမ္မာအား ပြောပြလိုက်သည်၊

" အရှင်ဘုရားရဲ့ ကျေးဇူးကြီးမားလှပေတယ်၊ ဒါထက် ဒီကလေးမလေးက ဘယ်ကပါလဲဘုရား "

" ဒီကပါပဲ၊ ဒီမှာနေတာပဲ "

" သူ့မိဘတွေကကော ဘုရား "

" သိပ်ရှည်တဲ့ ဇာတ်လမ်းတစ်ခုပဲ၊ ငါတို့ဆီရောက်လာတော့ နို့နို့အရွယ်ပဲရှိသေးတယ်၊ အဲဒီအချိန်တစပြေးသူ့ ကိုဒီမှာပဲ မွေးထားရတယ်၊ သိပ်မှိုင်သားတဲ့ကလေးမလေး၊ သနားစရာလဲ အင်မတန်ကောင်းတယ် "

" အရှင်ဘုရားများဆီ သူဘယ်က ရောက်လာတာလဲ ဘုရား "

" ရွာထဲက လူတွေပေးသွားတာပဲ၊ ကလေးကို မြစ်ကမ်းဘေးတစ်နေရာရာမှာ တွေ့တယ်လို့ပြောတယ်၊ ဒီအကြောင်းတွေ ဘာဖြစ်လို့ ထုတ်ဖော်ပြောမိပြီလဲဆိုတာတောင် မပြောတတ်တော့ဘူး၊ ရဟန်းတွေသူ့အကြောင်းတို့ သိကြတယ်၊ ဒါပေမယ့် သူ့ကိုဘယ်သူမှမပြောကြဘူး၊ မင်းလဲသူ့ကိုဒီအကြောင်းတွေ



မပြောပါနဲ့ "

" ရွာထဲက လူတွေ ပေးသွားတာလား ဘုရား "

" ဟုတ်တယ်၊ သူ့အမေက သူ့ကိုမြစ်ကမ်းပါးမှာ ထားခဲ့ပြီး သူကိုယ်တိုင်ကတော့ မြစ်ထဲဆင်းပြီး သူ့ကိုယ်သူ အဆုံးစီရင်သွားတယ်လို့ ပြောတယ်၊ သူ့အဖေအကြောင်းတော့ ငါတို့ဘာမှ မသိဘူး "

" သူ့အမေ. . "

အဂ္ဂိဝမ္မာသည် ဆက်ပြီးမေးလိုသော်လည်း သူ၏နှုတ်မှ စကားထွက်မလာတော့ပေ၊ လည်မျိုတစ်ဆို့နေသည်၊

" ငါတို့သူ့မအေအကြောင်းကိုလဲ နောက်ကျတော့စုံစမ်းလို့ ရတယ်၊ စစ်အတွင်းတုန်းက အနောက်ဘက်က ရောက်လာတဲ့ မိန်းကလေးတဲ့၊ သူနဲ့သူ့လင်ယောကျ်ားဟာ ရွာတစ်ရွာမှာနေကြတယ်၊ မိန်းကလေးရဲ့အသက်က သိပ်ကြီးသေးတာမဟုတ်ဘူး၊ တစ်ခါကျတော့ သူ့ယောကျ်ားကသူ့ကိုပစ်သွားတယ်၊ ဘာကြောင့်ဆိုတာတော့မသိဘူး၊ မယားလုပ်သူက သူ့ကိုယ်သူ သတ်သေသွားတယ်၊ ရွာသူကြီးကတော့ မိန်းကလေးရဲ့ နာမည်ကိုတောင် ပြောပြဖူးတယ်၊ အခုတော့ ကောင်းကောင်းမမှတ်မိတော့ဘူး၊ ပုပ္ပလတာဆိုလားပဲ "

မဟာထေရ် ပြောပြနေစဉ် အဂ္ဂိဝမ္မာ၏ မျက်လုံးထဲတမျက်ရည်စီးကျနေသည်၊ ဦးခေါင်းငုံ့ပြီး ရှိုက်၍လည်း နေသည်၊ ကလေးမလေးသည် သူ့သမီးဖြစ်နေသည်၊ ထိုနေရာ၌သူဆက်မနေနိုင်တော့ပေ၊ ကလေးမလေးဆီသို့လည်း သွား၍မဖြစ်ပေ၊ မဟာထေရ်၏ထံမှ ပြန်ခွင့်ကိုပင် မတောင်း တော့ဘဲ ထိုနေရာမှထလာခဲ့သည်၊ သူဘယ်ဆီခြေလှမ်းနေသည်၊ ဘာကိစ္စနှင့်သွားနေသည်ဆိုသည်ကိုပင် သတိမပြုမိတော့ပေ၊

လိုဏ်ဂူသို့ပင် ပြန်ရောက်လာသည်၊ သို့ရာတွင် လိုဏ်ဂူတွင်လည်း နေ၍မရပေ၊ ကရိရှုနမြစ်ကမ်းပါးသွားသည်၊ မြစ်ကမ်းပါးရှိ သဲသောင်ပြင်တွင် လဲလျောင်းနေမိသည်၊ ငိုရသည်မှာလည်း အမော၊ ထို့နောက်အံကြိတ်ပြီး ထထိုင်သည်၊ ရေထဲကျောက်စရစ်ခဲများ ပစ်လိုက်သည်၊ " ပုပ္ပဝလီ. . ပုပ္ပဝလီ " ဟုဟစ်ခေါ်လိုက်သည်၊ မြစ်ထဲတွင်လှိုင်းထလာသည်၊ လှိုင်းသည် သူ့[illegible] အံကို ကြားသွားသည်ဟုအောက်မေ့ရသည်၊ လှိုင်းလုံးများ ရောသွား[illegible] တစ်ဖန်ထပ်ခေါ်လိုက်သည်၊ " ပုပ္ပဝလီ. . . ပုပ္ပဝလီ "၊ တစ်ခဲနက်သောအသံ၌ သူ၏ဝေဒနာအပြည့်ရှိသော၊ ချစ်ခြင်း အပြည့်ရှိသော၊ နောင်တအပြည့်ရှိသော အသံသည် အချည်းနှီးအလဟဿပင် ပဲ့တင်ညံနေသည်၊

www.burmeseclassic.com

www.burmeseclassic.com



( ၅၅ )

အဂ္ဂိဝမ္မာသည် တစ်ညလုံး လူးလှိမ့်နေသည်။ ညည်းတွားနေသည်။ တိတ်ဆိတ်ငြိမ်သက်သည့် လိုဏ်ဂူတွင်း၌ သူ၏နှုတ်မှဘာတွေထွက်နေသည်၊ ဘာတွေပြောနေသည်မသိပေ။ ပုပ္ဖဝလီ၏ ဘဝတစ်ခုလုံးသည် သူ့ရှေ့မှောက်တွင် တရိပ်ရိပ်မြင်တဲ့သို့ စီးနေသည်။ ဖျတ်တံတံရုပ်တတ်တတ်မိန်းကလေး၊ စိတ်ထဲ ရှိတာ တောတောဖိုင်းဖိုင်း ပြောချတတ်သူ၊ အကျင့်ပျက်နေသူ၊ အရှက်အကြောက်ရှိလာသူ၊ အလိမ္မာဖတ်လာသူ၊ စံပြမယား၊ မိခင်၊ ကိုယ့်ကိုယ်ကို သတ်သေသူ. . ။

မျက်စိမှိတ်လိုက်သည်နှင့် ပုပ္ဖဝလီ၏ရုပ်ပုံပေါ်လာသည်။ သူ့ကို နားချနေသည်၊ အားပေးနေသည်။ "ရှင့်အပြစ်မဟုတ်ပါဘူး၊ ဇာတိအခြေအနေမှာ လင်ယောက်ျားတိုင်းလုပ်မယ့်ဟာမျိုးကိုပဲ ရှင်လဲလုပ်တာပါပဲ၊ သည်းခံရမယ်ဆိုတဲ့ပြဿနာ ပေါ်မလာနိုင်ပါဘူး" ပုပ္ဖဝလီက သူ့ကို ပြောနေသလိုပင် သူထင်နေသည်။

အဂ္ဂိဝမ္မာသည် မျက်တောင်ခတ်ပြီး မျက်လုံးမပ်နာနာမှိတ်ထား လိုက်ပြန်သည်။ ပုပ္ဖဝလီပေါ်လာပြန်သည်။ ကလေးကိုချီလျက် သူ့ကို ထပ်မံပြောနေသကဲ့သို့ပင် ထင်ရပြန်သည်။ " ကျွန်မကရှိတော့တာမဟုတ်ဘူး၊ ကျွန်မတို့မပူပါနဲ့၊ ကျွန်မရောက်နေတဲ့ နေရာမှာ ချမ်းချမ်းသာသာ နေရပါတယ်၊ ရှင့်ကလေးကို သတိရပါ၊ ကလေးရှိနေတယ်၊ တစ်နေရာရာမှာ ရှိနေလိမ့်မယ်၊ ကလေးကို တွေ့အောင်ရှာပါ၊ ကလေးချမ်းသာအောင်ထားပါ၊ နှစ်ပေါင်း



များစွာက ကျွန်မ ဟိုတဲထဲမှာ တွေ့လာခဲ့တဲ့ ရှင့် ကြိုးပမ်းမှုဟာ အောင်မြင်မှု ရရှိပါတော့မယ်၊ ကမ္ဘာတစ်ခုလုံးက တောင်းချီးပေးကြတော့မယ်။"

အဂ္ဂိဝမ္မာသည် သက်ပြင်းရှည်ကြီး ချလိုက်သည်။ လည်မျိုတစ်ဆို့နေသလိုဖြစ်နေသည်။ အသက်ရှူ၍မရသလိုဖြစ်နေသည်၊ မျက်လုံးဖွင့်ကြည့်လိုက်ပြန်သည်၊ ညဉ့်၏အမိုက်မှောင်ထဲ၌ မေတ္တေယီ၏ ရုပ်တုကိုသူ မကြည့်နိုင်ပေ၊ ကြည့်လည်း မကြည့်ချင်ပေ။

ထို့နောက် သူရူးအသွင်ကဲ့သို့ လိုဏ်ဂူထဲမှ ထွက်လာခဲ့သည်။ လိုဏ်ဂူအပြင်ဘက်က ကွတ်လပ်နေရာတွင်သွားထိုင်နေသည်၊ ရွာသည် အိပ်မောကျနေသည်၊ တောင်လည်း အိပ်ပျော်နေသကဲ့သို့ ထင်နေရသည်၊ နာဂါဇုနမဟာထေရ် သီတင်းသုံးသည့် ခပ်လှမ်းလှမ်းတောင်ဆီ၌ တစ်ခဲနက်မှောင်မိုက်နေသည်၊ ကောင်းတင်မြင်၌သာလျှင် ဟိုနေရာ သည်နေရာ၌ ကြယ်တာရာများသည် နိုး နေကြပြီးအိပ်မောကျနေသည့် ကမ္ဘာလောကကြီးကို စောင့်ပေးနေသကဲ့သို့ ထင်နေရသည်။

အဂ္ဂိဝမ္မာသည် ထိုနေရာ၌လည်း ထိုင်မနေနိုင်ပေ၊ လူသွားလမ်းကလေးမှ တဖြည်းဖြည်းလျှောက်လျက် ရွာဆီသို့ ထွက်လာခဲ့သည်၊ ဘယ်အချိန် ရောက်ရှိပြီဆိုသည်ကိုလည်း မသိပေ၊ သိအောင်လည်း အားမထုတ်ပေ၊ သူ့အရှိန်နှင့်သာ သူသွားနေသည်၊ ရွာထဲရောက်သွားသောအခါ ခွေးများဟောင်နေကြသည်၊ ခွေးများသူ့အနီးသို့ပင် တပ်လာကြသည်၊ သူ့မှန်းသိသွားကြ၍ အမြီးနှန့် သွားကြသည်၊

နာဂါဇုန မဟာထေရ်၏ သိမ်းကျောင်းသည် အိပ်ပျော်နေသည်၊ မည်သည့်နေရာ၌မဆို ဖြိုခွင်းဖို့ မလွယ်သည့် တိတ်ဆိတ်ငြိမ်သက်ခြင်းလွှမ်းမိုးကြီးစိုးနေသည်၊ ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းနေသည်၊ အဂ္ဂိဝမ္မာသည် မဟာထေရ်ဆရာအရှင်မြတ်အား နိုးဖို့ မဝံ့မရဲ ဖြစ်နေသည်၊ ကန်ဘောင်မိုးပေါ်၌ လက်ပေါ်ဦးခေါင်းတင်ပြီး တောင်းကင်ကို မော့ကြည့်နေသည်၊

"ကလေးမလေးရဲ့အမည်နာမကို ဆရာအရှင်မြတ်က ဘယ်လိုပေးထားတယ်မသိဘူး၊ ဒီကလေးမလေးဟာ ငါ့သမီးဆိုတာ ဆရာအရှင်မြတ်သိသွားရင် ငါ့ကို ဘယ်လိုများအောက်မေ့မလဲမသိဘူး၊ ငါ့ကို လူညံ့လူယုတ် နှလုံးသားမရှိတဲ့လူ၊ ရက်စက်တဲ့လူ၊ အသိဉာဏ်ခေါင်းပါးတဲ့လူ၊ အမြော်အမြင်မရှိသူလို့ အောက်မေ့ချင် အောက်မေ့မှာပဲ၊ ငါ့ကို အလုပ်လုပ်ခိုင်းချင်မှ ခိုင်းတော့မယ်၊ ဘာပဲဖြစ်ဖြစ် ငါဆရာအရှင်မြတ်ကို အားလုံးပြောပြမယ် ဘယ်လောက်ကြီးကျယ်တဲ့ အပြစ်ဖြစ်ဖြစ် များကြောင်း ဝန်ခံသိုတ်ရင်

www.burmeseclassic.com

www.burmeseclassic.com



ပြေပျောက်သွားတယ်လို့ ပြောတယ် ”

အဂ္ဂိဝမ္မာသည် တမျှော်တခေါ်ကြီး စဉ်းစားနေသည်။

သူ့မျက်လုံးသည် ရေတန်ဆီ ရောက်သွားပြန်သည်။ ဟိုနေရာသည်နေရာ၌ လက်ခနဲပြက်ခနဲဖြစ်နေသည်။ တစ်စုံတစ်ခုရေပြင်ပေါ် ကျသွားသည့်အခါ တိုးတိုးညှင်းညှင်းအသံထွက်ပေါ်လာပြီး ခဏချင်းပင် ပြန်ငြိမ်သက်သွားသည်။ ယင်းကဲ့သို့ ထိတ်လန့်ကြောက်ရွံ့ဖွယ် ပတ်ဝန်းကျင်အခြေအနေ၌ပင် ဖြစ်လင့်ကစား အဂ္ဂိဝမ္မာသည် ကြောက်စိတ်ကင်းနေသည်။

“ ဗုဒ္ဓဘာသာမှာ သာသနာ့ဘောင်ထဲဝင်ရောက်သွားတဲ့ ပုဂ္ဂိုလ်များဟာ အပြစ်ပြောစရာမရှိတဲ့ ဇနီးမယားများကို စွန့်ပစ်သွားကြတယ်၊ အဲဒီပုဂ္ဂိုလ်တွေဟာ မိမိတို့ရဲ့ ရည်ရွယ်ချက်ပြည့်ဝအောင်မြင်နေရေးအတွက် ကိုယ့်သားတိုယ့်မယားကို စွန့်ပစ်သွားကြခြင်းဖြစ်တယ်၊ ငါ့မှာ ဘာရည်ရွယ်ချက်ရှိလို့လဲ၊ ကိုယ့်တာဝန်က တိမ်းရှောင်ထွက်ပြေးခြင်းမျှသာ ဖြစ်တယ်၊ ရည်ရွယ်ချက်မရှိဘဲနဲ့ စွန့်ခွာထွက်ပြေးခြင်းမျှသာဖြစ်တယ်၊ ဘာပဲဖြစ်ဖြစ် ဆရာအရှင်မြတ်ကို ငါ့အကြောင်း ပြောပြမယ်၊ ငါ့ကိုအလုပ်လုပ်နိုင်းဦးမလား၊ မလုပ်နိုင်းတော့ဘူးလားဆိုတာကြည့်ရဦးမယ်၊ မလုပ်နိုင်းတော့ရင်လဲ ကလေးကို ခေါ်သွားပြီး တစ်နေရာရာမှာ အခြေချလိုက်ရုံပဲရှိတယ်၊ ဆရာအရှင်မြတ်က ကလေးကိုကော ထေးမှာလား ဘာလို့ပေးရမှာလဲ၊ တလေးက ငါ့ကလေးပဲ၊ အလုပ်ကောရမှာလား ဘာလုပ်ရမှာလဲ၊ အလုပ်လုပ်တဲ့လူ အလုပ်ရရမှာပေါ့ ”

အဂ္ဂိဝမ္မာသည် ရှည်ရှည်ဝေးဝေးကြီး စဉ်းစားနေသည်။ သူ့စိတ်ထဲတွင် သံသယတွေဝင်လာသည်။ ယင်းသံသယများကို ကြိုးစားပြီးဖျောက်ဖျက်ပစ်သည်။ သို့ရာတွင် နောက်ထပ်ပြီး သံသယများ ဝင်လာသည်။

အဂ္ဂိဝမ္မာသည် နံနက်မိုးလင်းလာမည့် အချိန်ကို စောင့်ရင်းအိပ်ပျော်သွားသည်။ နံနက်မိုးလင်းလာပြီ။ ရေကန်သို့ဆင်းသည့် လှေကားထစ်ပေါ်၌ အိပ်ပျော်နေသော အဂ္ဂိဝမ္မာသည် ယောင်၍ ရွေ့လိုက်ရုံနှင့် လှေကားထစ်များမှလျှောပြီး ရေကန်ထဲကျသွားနိုင်သည်။ သူ့ကိုရဟန်းများက နှိုးယူရသည်။ အိပ်ရာမှ တမန်းကတန်းထပြီး မဟာထေရ်၏ထံသို့တန်းသွားသည်။ ရဟန်းများက သူ၏အမူအရာကို တွေ့ရသည်ဖြစ်၍ အံ့အားသင့်နေကြသည်။

မဟာထေရ်သည် နံနက်ခင်းပြုဖွယ်ကိစ္စများကို ပြုလုပ်ပြီးပြီဖြစ်၍ ထိုင်ခုံပေါ်၌ ထိုင်ပြီး တရားအာရုံပြုနေသည်။ အနီးရှိကျောင်းဆောင်ထဲ၌ တလေးမလေး အိပ်ပျော်နေသည်။ အဂ္ဂိဝမ္မာသည် မဟာထေရ်၏ မျက်နှာကို ကြည့်လိုက်သည်။ သူ မစောင့်နိုင်တော့ပေ။ မဟာထေရ်ကြားသွားအောင်အသံ



ပြုလိုက်သည်။

မဟာထေရ် မျက်လုံးဖွင့်ကြည့်လိုက်သည်။

“ ဩော်. . လာပါ. . လာပါ၊ အစောကြီးပါလား၊ ကိစ္စအထူးရှိလို့လား ”

“ ကိစ္စအထူးရှိလို့တော့ မဟုတ်ပါဘူး၊ ဒါထက်ဆရာအရှင်မြတ် ဘုရား . . . ဟိုကလေးမလေးရဲ့ နာမည် ဘယ်လိုမှည့်ထားပါသလဲ ”

“ ဘာဖြစ်လို့လဲ. . တလေးမလေးရဲ့နာမည် ယသောဓရာလို့ မှည့်ထားတယ် ”

မဟာထေရ်က အံ့ဩသည့် အကြည့်ဖြင့် အဂ္ဂိဝမ္မာကိုကြည့်နေသည်။

“ ဒီကလေးမလေးဟာ တပည့်တော်ရဲ့ သမီးလေးပါ၊ သူ့အဖေဆိုတာ တပည့်တော်ပါပဲဘုရား ”

“ ဟေ. . ဟုတ်လား ”

အဂ္ဂိဝမ္မာသည် သူ့ဇာတ်လမ်းစုံကို မဟာထေရ်အား လျှောက်ထားပြောပြလိုက်သည်။ မဟာထေရ်ကလည်း ယုံကြည်သွားသည်။ ယသောဓရာ၏ ပုံပန်းသဏ္ဌာန်သည် အဂ္ဂိဝမ္မာနှင့် အတော်ပင်ဆင်နေသည်။ သူ့ဇာတ်လမ်းကို လျှောက်ထားပြောပြပြီးသောအခါ အဂ္ဂိဝမ္မာသည် ရှိုက်ရှိုက်ပြီးငိုလေတော့သည်။

“ ငါ ယသောဓရာအတွက် အမြဲမပြတ် ကြောင့်ကြဗျာပါနေတယ်၊ ဒါက ကောင်းသခ်မ်းမဟုတ်လား၊ ငါတို့တစ်တွေဆိုတာကလဲ ရဟန်းသံဃာများသာ ဖြစ်ကြတယ်၊ ကိုယ့်ဂန္ထဓုရ ဝိပဿနာဓုရ အလုပ်နဲ့ပဲ မအားမလပ်ဖြစ်နေကြတဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်၊ ဒီကလေးမလေးဟာ ရသင့် ရထိုက်တဲ့ ချစ်ခင်မှုကြင်နာမှုမျိုးကို မရရှာဘူး၊ အခုတော့ သူ့အဖေတွေ့ရပြီ၊ မင်းကသူ့ကို ကောင်းကောင်းမွန်မွန် မွေးမြူမယ်ဆိုရင် ငါတို့အနေနဲ့ ကန့်ကွက်စရာမရှိပါဘူး၊ ယသောဓရာအနေနဲ့လဲ အကျိုးထိခိုက်စရာမရှိပါဘူး၊ ကောင်းဖို့သာများပါတယ် ”

ယင်းသို့ ပြောရင်း ပြောရင်း မဟာထေရ်၏အသံသည် တိမ်ဝင်သွားသည်၊ တုန်ခါသလိုလည်း ဖြစ်လာသည်။ မဟာထေရ်သည် မျက်လုံးမှိတ်ထားလိုက်သည်၊ အဂ္ဂိဝမ္မာသည် မဟာထေရ်၏မျက်နှာကို လှမ်းကြည့်လိုက်သည်။ သူ့မျက်လုံးမှ မျက်ရည်များစီးကျလာပြန်သည်၊ ပီတိမျက်ရည်များ ဖြစ်သည်ရှိသည်။

အတန်ငယ်ကြာသွားသောအခါတွင်မှ မဟာထေရ်သည် မျက်လုံးဖွင့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

" တပည့်တော် အလုပ်လုပ်ခွင့် ရပါဦးမလား ဘုရား "

" အလုပ်နဲ့ ဒီတိစ္ဆ ဘာဆိုင်လို့လဲ၊ ဒီလိုအဖြစ်အပျက်မျိုးတွေဆိုတာ ဘဝတစ်လျှောက်မှာ ဖြစ်ပျက်နေကြတာပါပဲ၊ တခြားလူတွေ လုပ်သလို မင်းလဲ လုပ်ခဲ့တာပဲ၊ အလုပ်တိစ္ဆအတွက်တော့ မပူပါနဲ့၊ လုပ်ရပါစေ့မယ် "

အဂ္ဂိဝမ္မာသည် မဟာထေရ်၏ ခြေအစုံကို ဦးတိုက်လိုက်သည်။

" တပည့်တော် နောက်တစ်ခု တောင်းပန်လျှောက်ထားပါရစေ၊ တပည့်တော်ကို ယသောဓရာနဲ့အတူ ဒီမှာပဲ နေခွင့်ပြုတော်မူပါ "

" ပြုပါမယ်၊ ပြုပါမယ်၊ မင်းတို့သားအဖ ဒီမှာနေရင် နှစ်ဦးနှစ်ဝ အကျိုးရှိနိုင်ပါတယ်၊ ယသောဓရာလဲ တို့ဆီက အဝေးကိုရောက်မသွားဘူး မင်းလဲသူနဲ့ အတူတကွနေရရော မဟုတ်လား "

မဟာထေရ်သည် အဂ္ဂိဝမ္မာ၏လိုလားချက်ကို ခွင့်ပြုလိုက်သည်။ ထို့နောက် အတန်ကြာစဉ်းစားပြီးလျှင် အမိန့်ရှိပြန်လေသည်။

" မင်း ရက်အတန်ကြာပြီးမှ လာခဲ့ပါ၊ ဒီအတောအတွင်း ငါယသောဓရာကို အကြောင်းစုံပြောပြထားမယ်၊ ဖြစ်နိုင်ရင် တစ်ပတ်လောက်ကြာ မှ သူနဲ့တွေ့ပါ၊ ဘုရင်မင်းကြီး နက်ဖြန်သံတက် ဒီကိုလာလိမ့်မယ်၊ မင်းနေရာမှာပဲ မင်းဘုရင်ကြီးနဲ့ တွေ့ရပါလိမ့်မယ် "

အဂ္ဂိဝမ္မာသည် လိုဏ်ဂူသို့ ပြန်သွားလိုသည့် စိတ်မရှိပေ။ မတွေ့ချင်သည့် အရာနှင့် ခပ်ဝေးဝေးပင်နေလိုသည်ဖြစ်၍ လိုဏ်ဂူသို့ပြန်လိုသည့်စိတ် ပေါ်ပါးသွားခြင်းဖြစ်သည်။

လိုဏ်ဂူသို့ မသွားတော့ဘဲ အဂ္ဂိဝမ္မာသည် ရွာဘက်ထွက်သွားသည်။ ရွာထဲတွင် ပန်းပဲဆရာ၏ပန်းပဲဖိုဌ် သေရည်သောက်ပြီး မူးမူးနှင့် အိပ်ပျော်သွားသည်။



( ၄၆ )

နံနက်မိုးလင်းသည်နှင့်တစ်ပြိုင်နက် လိုဏ်ဂူ၏ ရှေ့၌မင်းမှုထမ်းများ ရှုပ်ယှက်ခတ်နေသည်။ ယာယီတဲမဏ္ဍာပ်တစ်ခု ချက်ချင်းထိုးလိုက်သည်။ ကျောက်တုံးကြီးများကို လမ်းက ဖယ်ပစ်လိုက်ကြသည်။ ဘုရင်မင်းကြီးကို ဖူးတွေ့ရန် ရွာသူရွာသားများလည်း ထိုနေရာသို့ စုရုံးရောက်ရှိလာကြသည်။

ရဟန်းများလည်း တဖြည်းဖြည်းကြွလာကြသည်၊ ရဟန်းများနှင့်အတူ ဧည့်သည်များလည်း အများအပြား ပါလာကြသည်၊ ပန်းပဲဆရာသည်ပင် ပါလာသည်၊ သို့ရာတွင် အဂ္ဂိဝမ္မာကိုမတွေ့ရပေ၊ သူ့ကိုရှာသော်လည်း အယ် နေရာရောက်နေသည် မသိပေ၊ အချိန်ကျသောအခါ နာဂါဇုန မဟာထေရ် သည် ရဟန်းများနှင့်အတူတကွ ကြွလာသည်၊ လိုဏ်ဂူရောက်သောအခါ နာဂါဇုနမဟာထေရ်သည် ထိုင်ခုံတစ်ခုပေါ်၌ ထိုင်နေသည်၊ မဟာထေရ်နှင့် အတူ ကလေးမလေး ယသောဓရာလည်းပါလာသည်၊ ဘုရင်မင်းကြီး ကြွရောက်မည့် အချိန်ကျလာပြီ၊ လူတွေ လှုပ်လှုပ်ရွရွဖြစ်လာကြသည်၊ လူတွေ ရှုတ်ရှုတ်သဲသဲဖြစ်နေသည့်အသံသည် အဂ္ဂိဝမ္မာ၏နားသို့အထိပျံလွင့် ရောက်ရှိလာသည်၊ ကရိရှုနာမြစ်ကမ်းပါးသွားပြီး သူတစ်ကိုယ်တည်း ထိုင်နေသည်၊

လူစုလူဝေးနှင့် နီးနီးကပ်ကပ် သူမနေချင်ပေ၊ ဆိတ်ငြိမ်ရာ၌ တစ်ကိုယ်တည်းသာနေတတ်သည့် အထုံဝါသနာရှိလာသူဖြစ်သည်၊ သို့သော် လိုဏ်ဂူနားတွင် လူတွေရုံးစုရုံးစုဖြစ်နေသည်ကို တွေ့ရသည့်အခါ ဧည့်သည့် အခါ မည်သည့်အရာက သူ့ကိုဆွဲခေါ်လာသည်မသိ၊ သူလည်း လိုဏ်ဂူသို့ ရောက်လာသည်၊

အဂ္ဂိဝမ္မာကိုတွေ့ရသည့်အခါ နာဂါဇုန မဟာထေရ်က သူ့အနီးတွင် အထိုင်ခိုင်းသည်၊ သူ့ဘေးတွင် ကလေးမလေး ယသောဓရာ ထိုင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဂ္ဂိဝမ္မာက ကလေးမလေးကို မျက်တောင်မခတ် ကြည့်နေသော်လည်း ကလေးမလေးကဖက်လှည့်နေသည်။ အဂ္ဂိဝမ္မာက နှစ်ကြိမ် သုံးကြိမ်ပြီး ပြသည်။ သို့ရာတွင် ကလေးမလေးက စကားတစ်ခွန်းမှမပြောပေ။ သူ့အကြောင်းကို ကလေးမလေး သိပုံမရသေးဟုအထင်ရှိနေသည်။ ခဲခဲ ယဉ်းယဉ်း တားဆီးထားသည့်မျက်ရည်သည် ရုတ်တရက် တာကျိုးပေါက်ပြီး စီးထွက်လာသည်။ မျက်နှာတစ်ဖက်လှည့်ပြီး မျက်ရည်ကိုသုတ်ရသည်။ သူငိုနေသည်ကို မြင်သွားကြသည့်လူများသည် အံ့အားသင့်သွားကြသည်။

ဘုရင်မင်းကြီးသည် အနုပညာရှင် တစ်ဦးကို ဂုဏ်ပြုချီးကျူးရန်အတွက် နေပြည်တော်၏ အပြင်အပသို့ ထွက်သည်မှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်သည်။ ယင်းအချက်ကို သိရှိရသည်ဖြစ်၍ လူတွေအားလုံးတအံ့တသြဖြစ်နေသည်။ အနုပညာရှင်ကိုလည်း ရိုးရိုးကလေးတွေ့ရသည့်အတွက် ပိုပြီး တအံ့တသြဖြစ်နေကြသည်။

စည်များ၊ ခရုသင်းများကို တီးမှုတ်ကြသည်။ လူတွေ၏ မျက်စိအာရုံသည် လမ်းဆီသို့ ရောက်သွားသည်။ မင်းမှုထမ်းများ လာနေကြသည်။ မင်းမှုထမ်းများ၏နောက်မှ ရွှေထီး၏အပေါ်ပိုင်းသည် တောက်ပနေသည်။ တဖြည်းဖြည်းနှင့် ဘုရင်မင်းကြီး၏ ကျက်သရေရှိသည့် ရုပ်ဝန်းသဏ္ဌာန်သည် အပေါ်ရောက်လာသည်။ ဘုရင်မင်းကြီးကို တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက်စုဝေး ရောက်ရှိနေသည့် ပရိသတ်ကြီးသည် ဘုရင်မင်းကြီး သက်တော်ရှည်ရာရှည်ကြောင်း တစ်ခဲနက် ဟစ်အော်ကြွေးကြော်လိုက်ကြသည်။ ဘုရင်မင်းကြီးကလည်း ဦးညွှတ်လျက် ပြည်သူကို ပြန်ပြီး အရိုအသေပေးလိုက်သည်။

နာဂါဇုနမဟာထေရ်သည် ကိုယ်အမှုအရာ နှုတ်အမှုအရာဖြင့် ဘုရင်မင်းကြီးအား ကြိုဆိုကြောင်းပြသသည်။ ဘုရင်မင်းကြီးက မဟာထေရ်အား ရှိခိုးဝတ်ပြုလိုက်သည်။ တဲမဏ္ဍပ်အတွင်း၌ အသင့်ပြင်ဆင်ထားသည့် နေရာတွင် ဘုရင်မင်းကြီးထိုင်လိုက်သည်။ မဟာထေရ်သည် ဘုရင်မင်းကြီး၏တဖက်တွင်ရှိနေသည်။ အဂ္ဂိဝမ္မာအတွက်နေရာကို မဟာထေရ်၏အနီး၌ စီစဉ်ပေးထားသည်။ သို့ရာတွင် အဂ္ဂိဝမ္မာသည် သူ့အတွက်ချပေးထားသည့် နေရာတွင် မထိုင်ဘဲ နေရာ၏နောက်တွင် ရှို့ရှို့ကလေး ရပ်နေသည်။

အခမ်းအနားကို စတင်လေပြီ။ နာဂါဇုနမဟာထေရ်ကြတ်ကိုယ်တိုင် အောင်မြင်လေးနက်သော အသံဖြင့် အဂ္ဂိဝမ္မာအကြောင်း မိတ်ဆက်စကား ဆိုသည်။

" ဗုဒ္ဓဘာသာဝင် ရဟန်းသံဃာများဟာ အမြဲမပြတ် ရပ်တကာ



ရွာတကာကို လှည့်လည်နေကြတဲ့ပုဂ္ဂိုလ်များဖြစ်တယ်၊ အရပ်တကာ လှည့်လည်သွားလာနေခြင်းမှာ ရဟန်း ပုဂ္ဂိုလ်များကျင့်သုံးတဲ့ အကျင့်တရားရဲ့ အစိတ်အပိုင်း တစ်ခုဖြစ်တယ်။ ရဟန်းပုဂ္ဂိုလ်များအတွက် နေရာအနှံ့အပြားမှာ ကျောင်းတိုက်တွေရှိကြပါတယ်။ ဒါပေမယ့် အဲဒီကျောင်းတိုက်တွေမှာ အချို့ရဟန်းပုဂ္ဂိုလ်များဟာ နေလိုတဲ့ဆန္ဒမရှိကြဘူး။ လူဝတ်ကြောင်တွေနဲ့ အရောရောအနှောနှော ဖြစ်နေတဲ့ရွာတို့၊ မြို့တို့၊ ဇနပုဒ်တို့မှာ မနေလိုကြဘူး။

" အဂ္ဂိဝမ္မာဟာ ဒီပထမဦးဆုံး လိုဏ်ဂူကို ဖန်တီးဆောက်လုပ်ပြီး ရဟန်းများ မိမိတို့ရဲ့ ခံတဲ့ အကျင့်တရားကို ကျင့်ကြံအားထုတ်ရင်း လိုဏ်ဂူတွေမှာ သီတင်းသုံးနိုင်ကြတယ်ဆိုတဲ့အချက်ကို ပြလိုက်တယ်၊ လိုဏ်ဂူတွေမှာနေတဲ့အတွက် ရဟန်းများဟာ တရားအကျင့်ကို ကျင့်သုံးတဲ့နေရာမှာများစွာ အဆင်ပြေနိုင်စရာ ရှိပါတယ်၊ အဂ္ဂိဝမ္မာဟာ ဒီတိစ္စမှာတော့ လမ်းညွှန်လမ်းပြပုဂ္ဂိုလ်ဖြစ်ပေတယ်။ "

" ကျောင်းတိုက်များဟာလဲ တာရှည်ခံကြပါတယ်၊ ဒါပေမယ့် တောင်လောက်တော့ တာရှည်မခံဘူး၊ ရှေးခေတ်တစပြီး ကျုပ်တို့ရဲ့ အနုပညာရှင်တွေဟာ အနုပညာလက်ရာ တာရှည်ခံစေမယ့် ပစ္စည်းကို စူးစမ်းရှာဖွေလာခဲ့ကြတယ်၊ သူတို့စူးစမ်းရှာဖွေလို့ တွေ့ရှိတဲ့အရာကတော့ ကျောက်တုံးပဲဖြစ်တယ်၊ ဒါပေမယ့် တောင်ကကျောက်တုံးထက်ပိုပြီး တာရှည်ခံတယ်၊ တောင်လဲပဲ အနုပညာရှင်အတွက် သင့်လျော်လျောက်ပတ်တဲ့ တုန်ကြမ်းပစ္စည်းဖြစ်နိုင်တယ်ဆိုတဲ့အကြောင်းကို ကျုပ်တို့ အဂ္ဂိဝမ္မာက အလုပ်နဲ့ပြလိုက်တယ် "

တောင်းမြီးဩဘာသံ ဆူညံသွားသည်။

" ဘုရားကျောင်းဟာ ဟိန္ဒူဘာသာတရားရဲ့ အမှတ်လက္ခဏာဖြစ်တယ်၊ လိုဏ်ဂူကတော့ ဗုဒ္ဓဘာသာတရားရဲ့ အမှတ်လက္ခဏာဖြစ်တယ်၊ ဘုရားကျောင်းဟာ ဗဟိဒ္ဓကိုသာ ရှုလေ့ရှိတဲ့ အတွေးအခေါ်ရဲ့အမှတ်လက္ခဏာဖြစ်တယ်၊ ပုဂ္ဂိုလ်တစ်ဦးချင်းနဲ့ ဘုရားသခင် တစ်သီးတစ်ခြားစီ ကွဲပြားခြားနားနေခြင်းရဲ့ အမှတ်လက္ခဏာဖြစ်တယ်၊ လိုဏ်ဂူကတော့ အဇ္ဈတ္တကိုရှုတဲ့ အတွေးအခေါ် အယူအဆရဲ့ အမှတ်လက္ခဏာဖြစ်တယ်။ လိုဏ်ဂူဟာအမှန်တကယ်ပဲ ဗုဒ္ဓဘာသာတရားကို ကိုယ်စားပြုတဲ့ အမှတ်သင်္ကေတ ဖြစ်ပါတယ် "

မဟာထေရ်၏ စကားအဆုံးသတ်သွားသည်။ မဟာထေရ်၏စကားအပြီးတွင် ဘုရင်မင်းကြီး၏စကား စလေသည်။

" ကျွန်ုပ်အနေနဲ့ အနုအညာရှင်တစ်ယောက်ကို [illegible]

www.burmeseclassic.com

www.burmeseclassic.com



အတွက် နေပြည်တော်အပြင်ဘက်ထွက်တာ ဒီအကြိမ်ဟာ ပထမဆုံးအကြိမ် ဖြစ်ပါတယ်၊ အခုလိုဂုဏ်ပြုချီးကျူးခွင့်ရတဲ့အတွက်လဲ ကျွန်ုပ်များစွာ ကျေနပ် အားရခြင်းဖြစ်မိပါတယ်။ အဂ္ဂိဝမ္မာကို ဂုဏ်ပြုရတဲ့အတွက် ကိုယ့်ကိုယ်ကိုလဲ ဂုဏ်ရှိတယ်လို့ထင်ပါတယ်။ ကျွန်ုပ်ရဲ့ နိုင်ငံမှာ ဒါလောက်ကြီးမြတ်တဲ့ အနုပညာရှင် ရှိတယ်ဆိုတာ ကျွန်ုပ်အနေနဲ့လဲ ဂုဏ်ယူစရာ ဖြစ်နေပါတယ်၊ အခုလို ဖြစ်ရတာဟာ ဆရာအရှင်မြတ်ရဲ့ ကျေးဇူးကြောင့် ဖြစ်ပါတယ်၊ ဆရာအရှင်မြတ်တသာ အကြောင်းမကြားဘူးဆိုရင် ဒီအနုပညာရှင်ရဲ့ အကြောင်းကို ကျွန်ုပ်တို့ သတိပြုမိမယ် မဟုတ်ဘူး။ ”

“ နိုင်ငံမှာ ထွန်းကားပြန့်ပွားတဲ့ ဘာသာတရားတွေကို အားပေးအားမြှောက် ပြုလုပ်ခြင်းဟာ ရာဇဓမ္မမင်းကျင့်တရားဖြစ်ပါတယ်၊ ပြည်သူယုံကြည်တဲ့ ဘာသာတရားကိုလိုက်ပြီး ယုံကြည်ခြင်းဟာလဲ ရာဇဓမ္မမင်းကျင့်တရားဖြစ်ပါတယ်။ ဘာသာတရားကိုအကြောင်းပြုပြီးတော့ ခွဲခြားမှုမပြုရဘူး။ ဘက်မလိုက်ရဘူး၊ ဘုရင်ရဲ့အမြင်မှာ ဘာသာတရားဆိုတာ အားလုံးအတူတူချည်းပဲ၊ ပြည်သူရဲ့ ဘာသာတရားဟာ ဘုရင်ရဲ့ ဘာသာတရားပဲ၊ ဘုရင်ဆိုတာ ဘာသာတရားအားလုံးကို ယုံကြည်ကိုးကွယ်သူဖြစ်ရတယ်၊ ဘုရင်ရဲ့အားပေးကူညီမှုကို ရယူတဲ့နေရာမှာ ဘာသာတရားတွေဟာ အားလုံးတူညီတဲ့ အခွင့်အရေးရှိရတယ် ”

နာဂါဇုန မဟာထေရ်သည် ဘုရင်မင်းကြီးကို စိုက်ကြည့်နေသည်၊ မဟာထေရ်၏နောက်ဘက်၌ ထိုင်နေသည့်ရဟန်းများကလည်း ဘုရင်မင်းကြီး ပြောနေသည့်စကားကို နားစိုက်ထောင်နေကြသည်။

ဘုရင်မင်းကြီးက ဆက်ပြောပြန်သည်။

“ ညေကဋကမြို့မှာ ကျွန်ုပ်တို့ ဘုရားကျောင်း အမြောက်အမြား ဆောက်လုပ်နေကြတယ်၊ ဘုရားကျောင်းအတွက် အနုပညာရှင်တစ်ယောက်ကို တာဝန်ပေးထားတယ်။ အဲဒီအနုပညာရှင်ဟာ မြို့တော်တွင်းမှာရှိတဲ့ သူဌေးတစ်စုအတွက် ဘုရားကျောင်းဆောက်လုပ်ပေးတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်၊ သူ့နာမည်က တိတ္တိဝါနလို့ခေါ်တယ်၊ ဒီတအနုပညာရှင် အဂ္ဂိဝမ္မာ သိကောင်းသိပါလိမ့်မယ်”

ဘုရင်မင်းကြီးပြောနေစဉ် အဂ္ဂိဝမ္မာသည် ဘုရင်မင်းကြီးကို စူးစိုက်ကြည့်ရှုနေသည်၊ ဘုရင်ကြီးကိုလည်း သူနားမလည်အောင် ဖြစ်နေသည်၊ ပုံတူတူးချသည့်လူများသာ လောက၌စားသာနေကြပါသလား၊ အောင်မြင်မှုရရှိနေကြပါကလားဟု မကျေမနပ်ဖြစ်နေမိသည်။ ယင်းသို့ စဉ်းစားနေစဉ်မှာပင်



ဘုရင်မင်းကြီးက ဆက်ပြောသည်။

“ အခုဖြစ်ပေါ်လာတဲ့ ကျွန်ုပ်တို့ရဲ့အကြံကတော့ ဒီနေရာဌာနမှာ တက္ကသိုလ်ကျောင်းတိုက်ကြီးတစ်ခု တည်ဆောက်ဖို့ပဲဖြစ်ပါတယ်၊ အဲဒီ တက္ကသိုလ်ကျောင်းတိုက်ကြီးမှာ ဗုဒ္ဓစာပေနဲ့ ဗုဒ္ဓတရားတော်ကို စနစ်တကျ သင်ကြားပေးတဲ့ အစီအစဉ်တွေကို လုပ်ရပါလိမ့်မယ်။ အခုလဲပဲ ဒီနေရာမှာ ဆရာအရှင်မြတ်ရဲ့ အုပ်ချုပ်မှုအောက်မှာ စာပေပရိယတ္တိ သင်ကြားပို့ချမှု လုပ်နေကြပါတယ်၊ ဒါပေမယ့် ဒီလောက်နဲ့မလုံလောက်သေးပါဘူး၊ အစစအရာရာ အဆင်ပြေဖို့ရန်အတွက် နိုင်ငံအစိုးရရဲ့ အကူအညီလိုပါတယ်၊ နိုင်ငံအစိုးရအနေနဲ့ အကူအညီပေးမယ်ဆိုတာကိုလဲ ကျွန်ုပ်ကတိပြုပါတယ်၊ အနုပညာရှင် အဂ္ဂိဝမ္မာအား ဆရာအရှင်မြတ်ရဲ့ ညွှန်ကြားချက်အရ အဆောက်အဦတွေ တည်ဆောက်ပါ။ လိုဏ်ဂူတွေ ဖန်တီး ဆောက်လုပ်ပါလို့ တိုက်တွန်းလိုက်ပါတယ် ”

ဘုရင်မင်းကြီးသည် စိတ်ပါလက်ပါ ပြောကြားပြီး ထိုင်လိုက်သည်။ ဘုရင်မင်းကြီးနှင့် နာဂါဇုန မဟာထေရ်အရှင်မြတ်က အဂ္ဂိဝမ္မာအား စကားအနည်းငယ်ပြောရန် တိုက်တွန်းကြသည်။

အဂ္ဂိဝမ္မာထိုင်နေရာမှ ထရပ်လိုက်သည်။ သူ့ခမြာ တုန်တုန်ရင်ရင်ဖြစ်နေသည်။ တစ်စုံတစ်ခုပြောပြရန် ဆန္ဒရှိနေသော်လည်း နှုတ်မှထွက်မလာ။ လည်မျိုတစ်ဆို့နေသည်။ မျက်လုံးထဲက မျက်ရည်စီးကျလာသည်။ အလွန်တရာ ခဲယဉ်းစွာဖြင့် အားယူပြီး ပြောလိုက်သည်။

“ ကျေးဇူးတင်ပါတယ် ”

ယင်းသို့ စကားတစ်ခွန်းသာ ပြောပြီး ပြန်ထိုင်လိုက်သည်။ အခမ်းအနားကို ရုတ်သိမ်းလိုက်ကြလေသည်။

* * *

လိုဏ်ဂူကို ကြည့်ရှုလေ့လာပြီးသောအခါ ဘုရင်မင်းကြီးသည် လာယိတဲမဏ္ဍပ်တွင်း၌ခေတ္တနားနေသည်၊ မဟာထေရ်လည်း ဘုရင်မင်းကြီးနှင့်အတူ ရှိနေသည်၊ ခပ်လှမ်းလှမ်းတွင်မူ မင်းမှုထမ်းများ ရပ်နေကြသည်။ အဂ္ဂိဝမ္မာသည် ဘေးပတ်ပတ်လည်တွင် ရှာကြည့်သည်။ နှစ်ပေါင်းများစွာကတည်းက သူ့စိတ်နှလုံးထဲ အသွင်အမျိုးမျိုးဖြင့် ဝင်လာသည့် ထိုမုဆိုးမနှင့် ခင်းမှုထမ်းကို ဘယ်မှာမှ မတွေ့ရပေ။

www.burmeseclassic.com



" ကျွန်ုပ်အရှင်မင်းကြီးကို တစ်ခုလျှောက်ကြားလိုပါတယ် " အဂ္ဂိဝမ္မာက ဘုရင်မင်းကြီးအား ခွင့်ပန်လိုက်သည်။

" ပြောပါ. . ဘာပြောချင်သလဲ၊ ပြောနိုင်ပါတယ် "

" ကျွန်ုပ်ဟာ တစ်ချိန်တစ်ခါတုန်းက ဓညကဋကမှာ အလုပ်လုပ်မယ်ဆိုတဲ့ မျှော်မှန်းချက်နဲ့ အနောက်ဘက်က လာခဲ့ပါတယ်၊ အခုနှစ်ပေါင်းများစွာကြာပြီးတဲ့အခါ ဗုဒ္ဓအမျိုးမျိုး အခက်အခဲအမျိုးမျိုးကို တွေ့ရပြီးတဲ့နောက် ကျွန်ုပ်ရဲ့ မျှော်မှန်းချက် ပြည့်ဝအောင်မြင်သွားပါပြီ "

အဂ္ဂိဝမ္မာသည် သူ့ဘဝနှင့် ပတ်သတ်သမျှ အကြောင်းအရာများကို ဘုရင်မင်းကြီးအား တစ်ခုစီ တစ်ခုစီ အသေးစိတ်ရှင်းလင်းပြောပြသည်။

" ဒါပေမယ့် အလုပ်တစ်ခုကျန်နေပါသေးတယ်၊ အဲဒီအလုပ်ကို အောင်မြင်ပြီးမြောက်အောင် ဆောက်ရွက်ဖို့တာဝန် ကျွန်ုပ်အပေါ်မှာရှိနေပါသေးတယ်၊ အဲဒီအလုပ်တာဝန်ဟာလဲ အရှင်မင်းကြီးရဲ့ ဗုံညာထောက်ထားမှုနဲ့ အောင်မြင်ပြီးစီးသွားမယ်ဆိုရင် ကျွန်ုပ် ကိုယ့်ကိုယ်ကို ကုသိုလ်ကံထူးချွန်သူလို့ အောက်မေ့ရပါလိမ့်ပါလိမ့်မယ် "

အဂ္ဂိဝမ္မာက သူ့အကြောင်းကို နိဂုံးချုပ်လိုက်သည်။

" ပြောပြပါ . . ဘယ်လိုအလုပ်တာဝန်လဲ "

ဘုရင်မင်းကြီးက ခွင့်ပေးလိုက်သည်။

" သူ့နာမည်က ဒေဝဝလ္လဘလို့ခေါ်ပါတယ်၊ သူဟာအရှင်မင်းကြီးရဲ့ ခမည်းတော် ဘိုးတော်တို့လက်ထက်မှာ ပတိဋ္ဌာနမှာရှိတဲ့ နန်းတော်မှာ မင်းမှုထမ်းခဲ့ရတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်၊ အရှင်မင်းကြီး သတိရပါလိမ့်မယ် "

" အင်း. . အင်း. . သတိရတယ်. . သတိရတယ် "

" အဲဒီ ပုဂ္ဂိုလ်ရဲ့ဇနီးကို ကျွန်ုပ်လမ်းခရီးမှာ တွေ့လာခဲ့ပါတယ်၊ သူ အရှင်မင်းကြီးရဲ့ ရှေ့မှောက် ရောက်မလာနိုင်ဘူးထင်တယ် "

" ဟင့်အင်း . . . ရောက်မလာပါဘူး "

" အဲဒီအရွယ်လွန်နေပြီဖြစ်တဲ့၊ ကျွန်ုပ်အတွက် မိခင်ရင်းနဲ့မခြားတဲ့ အမယ်အိုဟာ လင်ယောကျ်ား သစ္စာဖောက်တာကို အရှင်မင်းကြီးဆီမှာ တောင်းပန်မယ်ဆိုတဲ့ ရည်မှန်းချက်နဲ့ ဓညကဋကကိုလာပါတယ်၊ အခြေအနေမပေးတဲ့အတွက် ကျွန်ုပ် သူ့ကို လမ်းခုလပ်မှာ ထားခဲ့ရတယ်၊ ဒါပေမယ့် ဓညကဋကရောက်ရင် ဘုရင့်ရှေ့တော်မှောက်သွားပြီး သူ့ကိုယ်စားခွင့်လွှတ်ရန် တောင်းပန်ပေးပါမယ်လို့ ကျွန်ုပ်ကတိပေးခဲ့ရပါတယ်၊ အဲဒီအမယ်အိုကို အရှင်မင်းကြီး ခွင့်လွှတ်ပါလို့ ကျွန်ုပ်တောင်းပန်ပါတယ် "



အဂ္ဂိဝမ္မာသည် အမယ်အို၏ကိုယ်စား ဘုရင်မင်းကြီးအား အနူးအညွတ်တောင်းပန်လိုက်သည်။

" အမယ်အိုဟာ အပြစ်ရှိတဲ့လူလဲ မဟုတ်ပါဘူး၊ ဒါပေမယ့် ခွင့်လွှတ်စေချင်တယ်ဆိုရင်တော့ ခွင့်လွှတ်ပါတယ်၊ ကျုပ်တို့ဆီက လုယူသွားတဲ့ အောင်ဆုအောင်ပန်းကိုလဲ ဟံကြမ္မာက ကျုပ်တို့လက်ထဲပြန်ထည့်ပြီးပါပြီ၊ ကျုပ် အဲ့ဒီအမယ်အိုကို ခွင့်လွှတ်ပါတယ်၊ သူ့အသက်နဲ့ကိုယ် ထင်ရှားရှိနေနေ၊ ဒါမှမဟုတ် ကွယ်လွန်သွားသွား ကျုပ် သူ့ကို လုံးဝ ခွင့်လွှတ်တယ် "

ဘုရင်မင်းကြီးက အဂ္ဂိဝမ္မာအား စိတ်ရှည်လက်ရှည် ပြောပြနေသည်။ မဟာထေရ်အရှင်မြတ်တမူ အဂ္ဂိဝမ္မာအား ကြည့်ပြီး ပြုံးနေသည်။

အဂ္ဂိဝမ္မာသည် စိတ်ပေါ့ပါးသွားသည်။ ပန်းနှစ်ပွင့် သုံးပွင့်ကို အမယ်အို၏ ရုပ်တုပေါ် ရိုသေလေးစားစွာ ကျေးဇူးတင်ရှိစွာဖြင့် တင်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



( ၃၇ )

အဂ္ဂိဝမ္မာသည် နာဂါဇုန မဟာထေရ်၏ ညွှန်ကြားဦးဆောင်မှုဖြင့် လိုဏ်ဂူများကိုလည်း အများအပြားဆောက်လုပ်သည်၊ အဆောက်အအုံနှင့် စာသင်သားများ နေရာအဆောင်များကိုလည်း အများအပြား ဆောက်လုပ်သည်၊

နာဂါဇုန မဟာထေရ်အရှင်မြတ် ပျံလွန်တော်မူသွားသည်၊ သူတည်ထောင်သွားသည့် တက္ကသိုလ်ကြီးကား ပြည့်တွင်းပြည်ပ ဂုဏ်သတင်း ပျံ့နှံ့ကျော်ကြားနေသည်၊ ယင်းတက္ကသိုလ်ကြီးသည် မဟာထေရ်၏ အထိမ်းအမှတ်အခုတ်အသား ဖြစ်နေသည်၊ ယင်းတက္ကသိုလ်ကြီးကို “ နာဂါဇုနကောဏ္ဍာ ” ဟုခေါ်ကြသည်၊

အဂ္ဂိဝမ္မာသည် သူ့သမီး ယသောဓရာနှင့်အတူ နေထိုင်သည်၊ ယသောဓရာသည် သူ့ခေတ်သူ့အခါတွင် ပြိုင်ဘက်မရှိသည့် အဆိုတော်တစ်ဦးအဖြစ် ကျော်ကြားလာသည်၊

အဂ္ဂိဝမ္မာကိုယ်တိုင် ဆောက်လုပ်သည့် လိုဏ်ဂူများနှင့် အဆောက်အအုံများ၌ ထုလုပ်ထားသော မိန်းမရုပ်များ၏ အသွင်သဏ္ဌာန်သည် နှစ်မျိုးနှစ်စားသာရှိသည်၊ ပုပ္ဖဝလီနှင့် တူလျှင်လည်း တူရမည်၊ သို့မဟုတ်ပါက ယသောဓရာနှင့် တူရမည်၊ အဂ္ဂိဝမ္မာသည် ယင်းနှစ်ဦး၏ ပုံပန်းသဏ္ဌာန်ကို အစွန့်ရှည်အောင် ဖန်တီးထားလိုက်သည်၊

နာဂါဇုန မဟာထေရ်ပျံလွန်တော်မူသွားပြီးသည့်နောက်၌ အဂ္ဂိဝမ္မာသည် နာမည်ကျော် အဂျန္တာနှင့် ဧလိုရာ လိုဏ်ဂူများရှိသည့် တောင်ထွတ်တောင်တန်းများသို့လည်း သွားရောက်သည်၊ ထိုနေရာ ဌာနများ၌လည်း သူပင်ထိုလုပ်ငန်းများကို အစပျိုးခဲ့သည်ဟု အဆိုရှိသည်၊ ထိုနေရာ ဌာနများမှ



နာသိကသို့ တစ်ဖန်သွားသည်၊

အဂ္ဂိဝမ္မာသည် ဘယ်တော့မှ ရဟန်းမဝတ်ပေ၊ ဗုဒ္ဓဝင်အဖြစ်အပျက်များကို ကျောက်တုံးကျောက်ပြားများပေါ်၌ အနုပညာဘာသာစကားဖြင့် ထွင်းထုပြီး သရုပ်ဖော်သူဖြစ်သော်လည်း ဗုဒ္ဓဘာသာဝင်လည်း မဟုတ်ပေ၊ ဟိန္ဒူဘာသာဝင်လည်း မဟုတ်ပေ၊ သူ၏ ပုဂ္ဂိုလ်မကိုးကွယ်မှုသည် ပုဂ္ဂိုလ်ကိုးကွယ်မှုအား နိုင်မာသည့်အခြေခံကိုပေးသည်၊ သူ၏အနုပညာသည် မဟာယာန ဗုဒ္ဓဘာသာအား အားမာန်ပေးခဲ့သည်၊

အဂ္ဂိဝမ္မာသည် လူဝတ်ကြောင်ဟုလည်း မဆိုနိုင်ပေ၊ သူ့ကိုလူတွေက ရဟန်းတစ်ပါးအဖြစ်ဖြင့်သာ အသိအမှတ်ပြုကြသည်၊ သူ၏ထူးချွန်သည့်ဘဝသည် အခြားအနုပညာရှင်များအတွက် ကိုးကွယ်ရာ ဖြစ်လာသည်၊ သူသည် လူရိုးရိုး၏ ဘဝမှ စံပြဖြစ်လာသည်၊ ကျောက်တုံးကျောက်ခဲဘဝမှ ရုပ်တုဖြစ်လာသည်၊

* * *

ထို “ နာဂါဇုနကောဏ္ဍာ ” သည် ရေထဲမြုပ်သွားလေပြီ၊ တစ်ခိုန်က တောင်ရှိခဲ့သည့်နေရာသည် ယခုပင်လယ်ပြင် ဖြစ်နေပြီ၊ နာဂါဇုန ပင်လယ်ပြင်ဖြစ်နေပြီ၊ တောင်သည် မိမိ၏ မူလအသွင် ပြန်ရောက်သွားလေပြီ၊

အိန္ဒိယနိုင်ငံ၏ ကျောက်ဆစ်ပညာ၊ ပန်းတမော့ပညာ ပန်းပုပညာ အစွမ်းကုန်ပြန့်ပွားခဲ့သော ဗုဒ္ဓဘာသာထွန်းကားသည့်ခေတ်က ဝန်းဂုဟတ်ရာ ကျောက်ဆစ်လက်ရာ အကျန်အကြွင်းများသည် ယနေ့ ထိုတစ်စသည်တစ်စနှင့် ပျက်စီးနေသည့် အစိတ်အပိုင်းများအဖြစ်ဖြင့် ကမ္ဘာ့ပြတိုက်ကြီးများတွင် အနှံ့အပြားရောက်ရှိနေကြသည်၊

ဧညာကဋကအမည်ရှိ ထိုမြို့တော်မှာလည်း သမိုင်းစာအုပ်များ၌ အမည်နာမ မတ္တ မျှလောက်သာ ကျန်ရှိတော့သည်၊

ထိုစဉ်က ရှိခဲ့သည့်ကရိရှနာမြစ်မှာမူ ယခုလည်းရှိနေသည်၊ လှိုင်းတလိမ့်လိမ့်စီးဆင်းနေပြီး ပုပ္ဖဝလီနှင့် အဂ္ဂိဝမ္မာတို့၏အဖြစ်အပျက်ကို သတိပေးနေသကဲ့သို့ရှိနေသည်၊

“ နာဂါဇုနကောဏ္ဍာ ”၏ အသက်ရှင်နေသည့် သမိုင်းသည် ယခုအခါ၌ နာဂါဇုန ပင်လယ်ထဲတွင် ချုပ်ငြိမ်းသွားလေပြီ၊

( ပြီးပြီ )

www.burmeseclassic.com